မုံရွာမြို့နယ်

## ဒုတိယ မိုးညှင်း ဆရာတော်ကြီး

စီမံရေးသားတော်မူအပ်သော

နိဗ္ဗာန်ရောက်ကြောင်း

# ပဋ္ဌာန်းပေါင်းချုပ်

ဝိပဿနာအလုပ်ပေး

# ကျင့်စဉ်ကျမ်းကြီး


သုဓမ္မဝတီစာပုံနှိပ်တိုက်

တိုက်နံပါတ် ၅၃၊ စစ်ကဲ မောင်ခိုင်လမ်း၊ ရန်ကုန်မြို့။

၁၃၂၇-၃

မုံရွာမြို့နယ်

မိုးညှင်းတောရ အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဘုရားကြီး၏

အလုပ်အကျွေး ပဌမတပည့်ကြီး ဖြစ်တော်မူသော

ဒုတိယမြောက်

## မိုးညှင်းကိုယ်တော်ကြီး

သည်

ယောဂီအပေါင်း သူတော်ကောင်းတို့ အကျိုးငှာ စိမံရေးသားတော်မူအပ်သော

နိဗ္ဗာန်ရောက်ကြောင်း

# ပဋ္ဌာန်းပေါင်းချုပ်

## ဝိပဿနာအလုပ်ပေး

# ကျင့်စဉ်ကျမ်းကြီး

မိုးညှင်းအကျိုးဆောင်ချုပ် ဦးဘညွန့် က ကြည့်ကြပ်၍

ကျမ်းစာအုပ်ရေ ၁၀၀၀-ပုံနှိပ်သည်။

**သုဓမ္မဝတီစာပုံနှိပ်တိုက်**

ကိုက်နံပါတ် ၅၃၊ စင်ကဲမောင်နိုင်လမ်း၊ ရန်ကုန်မြို့။

ဦးတင်ထူး က ပုံနှိပ်ထုတ်ဝေသည်။

ပုံနှိပ်တိုက်မှတ်ပုံတင် - ၀၀၁၅၊ ထုတ်ဝေသူ - ၀၂၂၀၊

၁၃၂၇-ခု။

ခန္ဓာနာမ်ရုပ်ချုပ်ငြိမ်းတော်မူပြီးသော

# ကျေးဇူးရှင် မိုးညှင်းဆရာတော်ဘုရားကြီး




(မေတ္တာ - ဩဝါဒ)

ဤအမှုကိစ္စနှင့် စပ်သမျှ ချမ်းသာ ကြပါစေ,

ချမ်းသာကြပါစေဟု ပွားများမှု မိမိတို့ကိစ္စအောင်မြင်ရ၏။

သက်တော် ၈၁၊ သိက္ခာတော် ၆၁-၀၂ရ

# ဒုတိယ မိုးညှင်းဆရာတော်ဘုရားကြီး



ဤပဋ္ဌာန်းပေါင်းချုပ် ဝိပဿနာအလုပ်ပေးကျင့်စဉ် ကျမ်းကြီးကိုများစွာသော
လူ့,ရှင့်,ရဟန်း,ရသေ့,သီလရှင်စသော ယောဂီအပေါင်းသူတော်ကောင်း
တို့၏ အကျိုးငှာ ရေးသားပြုပြင်စီရင်တော်မူသော ကျေးဇူးရှင်
ဒုတိယ မိုးညှင်းဆရာတော်ဘုရားကြီးသည် သက္ကရာဇ်
၁၂၄၆ - ခု၊ နယုန်လဆန်း ၆ - ရက်၊ သောကြာနေ့
နံနက်စက် ၈ - နာရီ၃၅ - မိနစ် အချိန်
တွင် ဖွားမြင်တော်မူသည်။

မုံရွာမြို့နယ် မိုးညှင်းတောရတိုက်တွင်
# ဒုတိယ မိုးညှင်းဆရာတော်ဘုရားကြီး
စိုက်ထားသော ဗောဓိပင်



ဗောဓိစိုက်စဉ် - ကမ္ဘည်းတင် - လူရှင်သိကုန်ကြ၊
ပဥ္စနဝါ - ဒွေကော - ကောဇာနှစ်ကိုပြု၊
တော်သလင်းလ - ဆုတ်ဇယျ - နေ့ကြွက်မင်းကျ၊
မွန်းတည့်ရောက်လာ - ချိန်အခါ - စိုက်ရာဗောဓိပ၊
စိုက်သည့်နှစ်ဝယ် - တခါလယ် - နှစ်ဆယ်နှစ်တောင်ရှိ၊
ဗောဓိစိုက်ရ - ကျိုးဖလ - ဗောဓိဉာဏ်ဆုရ။

# နိဒါန်း

## နှင့်

## အဘိယာစကတို့ကို အကျဉ်းမျှ လင်းပြခြင်း

**စိရံ တိဋ္ဌတု ပဋ္ဌာနဓမ္မဒေသနာ။** ပဋ္ဌာနဓမ္မဒေသနာ: မြတ်စွာဘုရားသည် ဟောကြားတော်မူအပ်သော ပဋ္ဌာန်းတရားတော် မြတ်ကြီးသည်။ စိရံ၊ သာသနာငါးထောင် ရှည်မြင့်ကြာအောင်။ တိဋ္ဌတု၊ တည်တော်မူပါစေသတည်း။

မီးရှူးသန့်စင် ဖွားမြင်ရာဇာတိမှာ ကမ်းမြင့်မြို့၏ နယ်အပါ ဒက္ခိဏာတွင် ဝါယာရွာနေမြေပိုင်ရှင် အမိ ဒေါ်ချမ်းပုံ ပုခန်းကြီးဝန်မင်း မင်းနရာကြည်ပြန့်၏ မြေး,အဘ ဦးလူဖေ၏ သားကြီးပုတ္တ ဩရသသည် ကောဇာသက္ကရာဇ် ၁၂၄၆-ခုဒီဃ ၄၉၈၅ ကလိယုဂ် ၁၄၆ ကိန်းပြုရသ သူရိယမာသ ပြိဿရာသီ ဝေါဟာရ စန္ဒြမာသ နယုန်လဆန်း (၆)ရက် သောကြာနေ့ နံနက် (၄)ချက်တီးကျော် (၁)ချက် မတီးမီ (၇)နာရီ (၃)ပါဒ် (၂)ဗိဇနာ (၂)ပြန် (၄)ခရာ မဂ်လာရှိသော အချိန်အခါတွင် အနန္တဂုဏ်အင် မယ်တော်ရှင်သည် ရဟန်းလောင်းသားကို ဖွားသန့်စင်သည်၊ ဘွဲ့မည်သညာ သာသနာတော်ထမ်း ရဟန်းဖြစ်လာခေါ်ဆိုစရာ ဟိတ်အလာကား **အရှင်သုမင်္ဂလသာမိ** ဘွဲ့မည်ရှိ၏။

ပရမတ္ထ သစ္စာနယ်မှာ (၂၄)ပစ္စည်း ပဋ္ဌာန်းတရားကြီးတို့၏ အပေါင်းအစုမျှသာဖြစ်၍ သုမင်္ဂလသာမိဟု ခေါ်ဆိုစရာ အမည်မရှိသော်လည်း သမ္မုတိသစ္စာနယ်မှာ မိဘ, ဆရာ ပညာရှိ သူတော်ကောင်းတို့သည် ခေါ်ဝေါ်ပြောဆို၍ လွယ်စေခြင်းအကျိုးငှါ "သုမင်္ဂလသာမိ"ဟု မှည့်ခေါ်ပညတ် သမုတ်၍ထားအပ်သော ငါမထေရ်သည် မုံရွာမြို့နယ် လယ်တီတောရ ပဌမဆရာတော်ဘုရားကြီး၏ ဝိပဿနာအလုပ် လုပ်နည်း, အားထုတ်နည်းတို့ကို ကြားနာခံယူရသည့်ပြင် ၎င်းလယ်တီတောရ ဆရာတော်ဘုရားကြီးသည် ရေးသားစီရင်အပ်

သော ဒီပနီ အစောင်စောင်တို့ကိုလည်း အခေါက်ခေါက် ကြည့်ရှုသုံးသပ်ပြီး လျှင် ဝါယာရွာ အင်းနားကျောင်းတောရ၌ သီတင်းသုံးနေတော်မူသော လဇ္ဇီပေသလ သိက္ခာကာမနှင့် ပြည့်စုံတော်မူသော ချောင်းဦးမြို့ ဆင်စွယ်ပေါင်းတောရ သုံးဂိုဏ်းချုပ် တံဆိပ်တော်ရ ပဌမ ရွှေကျင်ဆရာတော်ဘုရားကြီး၏ တပည့် ကျေးဇူးတော်ရှင်ဖြစ်သော အရှင်မုနိန္ဒမထေရ်၏ အထံတော်ဟွင် ဖိုးဝင်းတောင် တောရမှာ ခေတ္တမျှနေစဉ်အခါ ရှင်သာမဏေအဖြစ်သို့ ရောက်ပြီးလျှင် ၁၂၆၇-ခုနှစ် နတ်တော်လဆန်း (၆)ရက် သောကြာနေ့တွင် မြင့်မြတ်သော ရဟန်း၏အဖြစ်သို့ ရောက်သဖြင့် သဒ္ဒါနှင့်ဝိနည်း အဘိဓမ္မာ ညဝါများနှင့်တကွ သင်ကြားနာယူ၍ လေးဝါပြည့်မြောက်သောအခါ မုံရွာမြို့ ပဌမ လယ်တီတောရ ဆရာတော်ဘုရားကြီး, ပခုက္ကူမြို့ ပဌမ သုံးဂိုဏ်းချုပ် ဆရာတော်ဘုရားကြီး, ရွှေဘိုမြို့ အသင်းဥက္ကဋ္ဌ ဆရာတော်ဘုရားကြီးတို့၏တပည့် ပဌမစာချဆရာတော် ဦးသုဒဿနအထံ၌လည်း သုံးဝါတိုင်တိုင် သဒ္ဒါ ဝိနည်း အဘိဓမ္မာ ညဝါများနှင့် တကွ သင်ကြားနာယူ၍ (၇)ဝါပြည့်မြောက်အခါ ဝက်ခုတ်ရွာ သံကျတောရ ဆရာတော်ဘုရားကြီး, ပခုက္ကူ ပဌမဆရာတော်ဘုရားကြီး, တလိုင်းကုန်း ပဌမ ဆရာတော်ဘုရားကြီးတို့၏ တပည့် ကြက်သွန်စျေးရွာ ဓမ္မိကာရာမတိုက် ရွှေဝါချောင်တောရ ဆရာတော်ဘုရားကြီး၏ အထံ၌လည်း (၁၃)ဝါတိုင်တိုင် မိမိ၌ ပညာပါရမီ ရှိသည်အားလျော်စွာ သုတ်,ဝိနည်း, အဘိဓမ္မာတို့ကို နေ့ဝါ, ညဝါ နှင့်တကွ ကိုယ်တိုင်လည်း သင်ကြားနာယူ ကိုယ်တိုင်လည်း ချပို့၍ (၂၀)ဝါ ပြည့်မြောက်သောအခါ သံလျင်မြို့ပိုင် အေးရွာဆရာတော်ဘုရားကြီး, ပဌမ လယ်တီတောရ ဆရာတော်ဘုရားကြီးတို့၏ တပည့် မိုးညှင်းမင်းတရားကြီးသည် အရညကင် မုတင်ရစေရန် ရည်သန်တော်မူ၍ မုံရွာမြို့နယ်အပါ မြေနဲ့ရွာနှင့် ကုလလေးတာပြန် (၅၀၀)ကွာဝေးသော အရပ်၌ ရွှေသိမ်တော်ကြီးနှင့်တကွ မိုးညှင်းစေတီတော်ကြီး, မိုးကောင်းစေတီတော်ကြီး, ရွှေကျောင်းတော်ကြီးတို့ကို ခမ်းနားကြီးကျယ်စွာ ဆောက်လုပ်လှူဒါန်း ပူဇော်၍ထားအပ်သော မိုးညှင်းတောရ တိုက်တော်ကြီး၌ ဝသီဓလေ့ တရားမွေ့ခါ (၁၂)ဝါတိုင်တိုင် လူနှင့်မရောနှော

တရားလည်းမဟော စကားလည်းမပြောဘဲ မိမိ၏ အကျိုးစီးပွားကိုသာ အဓိပတိပစ္စည်း ပဋ္ဌာန်းတရားကြီးကို အကြီးအမှူးထားပါ၍ သမထဘာဝနာ, ဝိပဿနာဘာဝနာ တရားတို့ကို နေ့ညဥ့်မယုတ် ပွားများအားထုတ်၍ နေတော်မူသည့်ပြင် ဗင်းမိုးညှင်းတောရ တိုက်တော်ကြီးသို့ တရားအားထုတ်ရန် နည်းနာခံရန်လာကြကုန်သော ရဟန်းရှင်လူ ယောဂီပုဂ္ဂိုလ် ရသေ့အပေါင်း သူတော်ကောင်းတို့အားလည်း ဝိပဿနာတည်းဟူသော တရားရေအေး အမြိုက်ဆေးကို နေ့ညဥ့်မစဲ အမြဲပင် တိုက်ကျွေးတော်မူလေသည်။

ထိုမှတပြာ မိုးညှင်းဝိပဿနာ တရားတော်ကြီးကို နာလိုကြသူ ခပ်သိမ်းကုန်သော ရဟန်းရှင်လူအပေါင်း သူတော်ကောင်းတို့၏ အကျိုးငှါလည်း ငါတို့မြန်မာပြည် တဝှမ်းလုံး၌ တည်ရှိကြကုန်သော မန္တလေးမြို့, ရန်ကုန်မြို့, မော်လမြိုင်မြို့, မေမြို့စသည် မြို့ကြီး, မြို့ငယ်အသွယ်သွယ်သော မြို့အပေါင်းတို့၌လည်း ငါတို့မြန်မာပြည် ဘုရင်ခံအစိုးရမင်းတို့က မြတ်စွာဘုရား၏ သာသနာတော်မြတ်ကြီးကို ချီးမြှင့်ထောက်ပံ့သော အနေအားဖြင့် ဓမ္မယလဒ္ဓ လှူဒါန်း၍ရအပ်သော ရထားတွဲပုဂ္ဂိုလ်ကြီးကို စီးနင်း၍ လှည့်လည်တော်မူပြီးလျှင် ဝိပဿနာပညာတည်းဟူသော အဘိဓမ္မာ ပဋ္ဌာန်းတရားတော်မြတ်ကြီးကို အဘိုးအို့, အမယ်အိုများနှင့် စာတတ်, မတတ်သူအစားစားတို့ပါ မိမိတို့ပညာ ပါရမီရှိသည်အားလျော်စွာ နားလည်၍ ပွားများတတ်ကြလေအောင် ငါတို့မြန်မာစကားကို အဓိကထား၍ ဟောကြားတော် မူလေသည်၊ ဤသို့သော ဂုဏ်တော်ကျေးဇူးတော်တို့ကို ငါတို့မြန်မာ ပြည်တွင်း၌သာလျှင် ထင်ရှားကျော်ကြားသည် မဟုတ်သေး၊ အရှေ့တိုင်းကြီး, အနောက်တိုင်းကြီးတို့မှာလည်း ထင်ရှားကျော်ကြား၍ အရှေ့တိုင်းခွင် တရုပ်ပြည်ကြီးရှင် တရုပ်အစိုးရ အဖွဲ့တို့ကလည်း တရုပ်ပြည်သို့ မိုးညှင်းတောရ ဆရာတော်ဘုရားကြီး သာသနာပြုကြွရောက်တော်မူရန် တရုပ်ပြည်ကိုယ်စားလည်များနှင့် သူဌေးဦးမောင်မောင်တို့လာ၍ ပင့်လျှောက်ခြင်းကို ခံတော်မူရလေသည်။

အနောက်တိုင်းခွင် အင်္ဂလန်ပြည်ကြီးရှင် ဂျော့ဘုရင်မင်းကလည်း မြတ်စွာဘုရား၏ ဝိပဿနာ သာသနာတော်မြတ်ကြီးကို အားပေးကူညီသော အားဖြင့် တံဆိပ်ပြုရထားကြီးနှင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ပေးအပ်လှူဒါန်းပူဇော်ခြင်းကို ခံတော်မူရလေသည်၊ ဤသို့ မြန်မာလူမျိုးများတွင်မက တရုပ်,ကုလား စသည် လူမျိုးခြားတို့ပင် အပူဇော်ခံတော်မူရသော ကျေးဇူးတော်ရှင် မိုးညှင်းတောရ ဆရာတော်ဘုရားကြီး၏ ခြေတော်ရင်း၌ ဝပ်စင်းမြတ်လေး အလုပ်အကျွေး အန္တေဝါသိက တပည့်ကြီးအဖြစ်နှင့် တိုက်တာကြီးကိုလည်း ကြီးပွားသည်ထက် ကြီးပွားလေအောင် အုပ်စီး၍ ဝိပဿနာပညာ အလုပ်ကြီးကိုလည်း နည်းလမ်းကျကျ ခံယူရရှိ၍ ဉာဏ်စွမ်းရှိသမျှ ဟောပြ၍လာခဲ့ရာ (၈)ဝါပြည့်မြောက်သောအခါ ရဟန်းရှင်လူ ယောဂီပြုတို့က တောင်းပန်ကြသဖြင့် စာမျက်နှာနံပါတ် (၆၀၀)ကျော်ရှိသော **မိုးညှင်းဝိပဿနာပေါင်းချုပ် ယောဂီအလုပ်ပေး ညဥ့်ဟောစဉ် ကျမ်းကြီး** ကိုလည်း ရေးသားခဲ့ဘူးလေပြီ။

ယခုတဖန် ကျေးဇူးတော်ရှင် မိုးညှင်းတောရ ဆရာတော်ဘုရားကြီးသည် အကြီး, အငယ်, အရွယ်, အလတ် စာတတ်, မတတ်သူ လူရှင် ရဟန်းတို့ပင် မိမိတို့ပညာ ပါရမီရှိသလောက် လွယ်ကူစွာနှင့် ထင်မြင်ပေါက်ရောက်လေအောင် (၂၄)ပစ္စည်း ပဋ္ဌာန်းတရားတော်ကြီးကို အကြောင်းအကျိုး အသီးအသီးနှင့် တကွ ဝိပဿနာအလုပ်လည်း ရကြလေအောင် ဟောတော်မူအပ်သော နည်းတို့ကို အာစရိယလဒ္ဓမုဋ္ဌိ ဉာဏ်စွမ်းရှိသမျှ လက်ကိုင်ရ၍ တရားအားထုတ်ကြရန် လာကြသော ရဟန်းရှင်လူ ယောဂီပြုအပေါင်း သူတော်ကောင်းတို့အား (၂၄)ပစ္စည်း ပဋ္ဌာန်းနည်းဖြင့် အကြောင်းကို သိမ်းဆည်း၍ ဝိပဿနာအလုပ်တရားကြီးကို ကျေးဇူးရှင် မိုးညှင်းတောရ ဆရာတော်ဘုရားကြီး၏ ကိုယ်စားဟောကြား၍နေရာ ၁၃၀၃-ခုနှစ် အဝါ(၁၆)ဝါပြည့်သော ယခုအခါတွင် အောက်စာရင်းပါ အဘိယာစက သူတော်ကောင်း အပေါင်းတို့က—

ဥဒယဗ္ဗယသင်္ခါရေ၊ နိဗ္ဗိန္ဒိတွာန ပဏ္ဍိတော။
သကိစ္စမနုယုဉ္ဇေယျ၊ မောဃကာလံ န ခိပယေ။
အနုသာသနီဂါထာ

ဥဒယဗ္ဗယသခ်ါရေ၊ဖြစ်တုံပျက်တုံ ဇီဝသည့်သော တေဘူမကသခ်ါရ တရား၌။ နိဗ္ဗိန္ဒိတ္ဝာန၊ ငြီးငွေ့၍။ ပဏ္ဍိတော၊ အကြောင်းအကျိုးကိုသိသော ပညာရှိသည်။ ဝါ-ပဋ္ဌာန်းတရားကိုသိသော ပညာရှိသည်။ သကိစ္စံ၊ သီလ, သမာဓိ, ပညာဟုဆိုအပ်သော မိမိကိစ္စကို။ အနုယုဉ္ဇေယျ၊ အဖန်ဖန်ယှဉ်ရာ၏။ မောဃကာလံ၊ တခါးဆင်မြန်း တဝမ်းဝခါ တသက်လျာမျှ အကျိုးမပြီး အချည်းနှီးသောကာလကို။ န ခီပယေ၊ မကုန်မခန်း မကျွမ်းစေရာ။

## ဆောင်ပုဒ် လင်္ကာ

၁ ဖြစ်, ပျက်ဓလေ့၊ ကြုံလာတွေ့ ငြီးငွေ့ ပဏ္ဍိတာ။

၂ သီလသမာ၊ မိပညာ၊ ယှဉ်ပါ ကိုယ့်ကိစ္စာ။

၃ တခါးဆင်မြန်း၊ တဝမ်းဝခါ၊ တသက်လျာ၊ မောဃာကာလ မကုန်ရာ။

ဤသို့ အနုသာသနီ ဂါထာနှင့်အညီ စီကုံး၍ထားအပ်သော လင်္ကာတို့နှင့် ညီစွာ ဦးထိပ်မှာထားပြီးလျှင် တခါးလုံရုံ, တဝမ်းဝရုံ တသက်လျာကလေးမျှ အကျိုးခံစားရသော သူဌေး, သူကြွယ်, ကုန်သွယ်, လယ်လုပ်စသည် အာရုံငါးပါး ကာမဂုဏ်ခံစားဘို့ အလုပ်များတို့နှင့် အချည်းနှီးသော ကာလကို မကုန်မဖြုန်းလိုမူ၍ ယခုဘဝကစ နိဗ္ဗာန်ကျအောင် ခံစားသွားကြရသော သီလ, သမာဓိ, ပညာဟုဆိုအပ်သော သူတော်ကောင်း အလုပ်ကြီးတို့နှင့်သာလျှင် အချိန်ကာလကို ကုန်စေလိုပါသောကြောင့် သီလ,သမာဓိ အလုပ်ကိုအားထုတ်ပုံ နည်းစံနစ်နှင့်တကွ ပါရမီပညာ ရှိကြသည်အားလျော်စွာ စာတတ်, မတတ်သူတို့ပါ ထိုက်တန်နားလည် လာကြအောင် (၂၄)ပစ္စည်း ပဋ္ဌာန်းနည်းဖြင့် အကြောင်းကို သိမ်းဆည်း၍ အရှင်ဘုရားသည် ယခုဟောကြားတော် မူအပ်သော ဝိပဿနာအလုပ်ပေး ကျင့်စဉ်တရားတော်ကြီးကို လျှောက်ထားသူတပည့် ဒါယကာတို့အား မေတ္တာတော်နှင့် ကရုဏာတော်တရား ရေးရှုထားသည်ကို အကြောင်းပြု၍ ရေးသားပြုပြင် စီရင်တော်မူပါဘုရားဟု အကြိမ်ကြိမ် လျှောက်ထား တောင်းပန်ကြသည်ကို အကြောင်းပြုသဖြင့်ရင်း၊ မိမိသည် ရည်ရွယ်ရင်း

ရှိသော ဆုထူး, ဆုမြတ်ကြီး၏ အကြောင်းရင်း ဖြစ်သော ပညာ ပါရမီကြီးကို ပြည့်စုံပါစေခြင်း အကျိုးငှါရင်း, ပဋ္ဌာန်းနည်းဖြင့် အကြောင်းကို သိမ်းဆည်း၍ ဝိပဿနာအလုပ်ကြီးကို ကျင့်ကြံ ကြိုးကုတ် အားထုတ်လိုကုန်သော နောင်လာ နောက်သား ရဟန်းရှင်လူအများသော ယောဂီဖြူတို့သည် ဤပဋ္ဌာန်းပေါင်းချုပ် ဝိပဿနာအလုပ်ပေး ကျင့်စဉ်ကျမ်း စာအုပ်ကြီးကို လက်ဝါးအပြင် တင်ထား သည့် ပတ္တမြားစင်ကို မြင်ရဘိသကဲ့သို့ ထင်မြင်ပေါက်ရောက်ကြ ပါစေခြင်း အကျိုးငှါရင်း ကျေးဇူးတော်ရှင် မိုးညှင်းတောရ ဆရာတော်ဘုရားကြီးသည် စီရင်ရေးသားတော်မူအပ်သော ပဋ္ဌာန်းဝိပဿနာ ကျင့်စဉ်ကြီးစသည် ပဋ္ဌာန်း နှင့်ဆိုင်ရာ ပါဠိအဋ္ဌကထာ ဋီကာ အဆုံးအဖြတ် သုံးချက်စု အကောက်ဟု ဆိုအပ် သော ကျမ်းအပေါင်းတို့၏ ဝိပဿနာတည်းဟူသော အဆီအနှစ်တို့ကို စီစစ် ညှစ်ထုတ်၍ ယောဂီပုဂ္ဂိုလ်တို့အား ဝိပဿနာ အလုပ်ပေးအပ်သော တရားကြီး ဖြစ်လေသောကြောင့် **ပဋ္ဌာန်းပေါင်းချုပ် ဝိပဿနာအလုပ်ပေး ကျင့်စဉ် ကျမ်းကြီး**”ဟူသော အမည်ဖြင့် ရေးသားစီရင်လိုက်ရပေသတည်း။

အကြောင်းပြနိဒါန်းနှင့် အဘိဃာစကာခဏ်း အရင်းခံမှတို့ကို
အကျဉ်းမျှ ရှင်းပြပုံ ပြီး၏။

# မာတိကာ


| ဦးရေ | အကြောင်းအရာ | | | မျက်နှာနံပါတ် |
|---|---|---|---|---|
| ၁ | နိဒါန်းနှင့် အဘိယာစကတို့ကို အကျဉ်းမျှ လင်းပြခြင်း | | .... | က |
| ၂ | ပဏာမကို ပြခြင်း | .... | .... | ၁ |
| ၃ | ဟေတုပစ္စည်း ပဋ္ဌာန်းတရားတော်ကြီးကို ရွတ်ဆို၍ တရားတောင်းကို ပြခြင်း | .... | .... | ၄ |
| ၄ | ပဋ္ဌာန်း တရားတော်ကြီးကို ရိုသေစွာ နာကြားကြရန် တိုက်တွန်းချက် ဥယျောဇဉ်ကို ပြခြင်း | .... | .... | ၆ |
| ၅ | တရားနာရာ၌ အကျိုးငါးပါး ရသည်ကို ပြခြင်း | .... | .... | ၇ |
| ၆ | တရားနာရ,တရားတောင်းရ,သာဓုခေါ်ရ,တရားဟောရခြင်းတို့၏ အကျိုးကို ပြခြင်း | .... | .... | ၉ |
| ၇ | ယောဂီပုဂ္ဂိုလ်တို့အား နှိပ်စက် ဖျက်ဆီးတတ်သော ရန်သူအကြီးစား မာရ်စစ်သည် (၁၀)ပါးတို့ကို ရှေးဦးစကားအကျဉ်းအားဖြင့် ရေးသား လင်းပြခြင်း | .... | .... | ၁၀ |
| ၈ | ဝိသုဒ္ဓိ (၇)တန်ကို တို့မြန်မာလက်ာနှင့်တကွ အကျဉ်းမျှ လင်းပြခြင်း | .... | .... | ၁၃ |
| ၉ | ဝိပဿနာဉာဏ် (၁၆)တန်တို့ကို တို့မြန်မာလင်္ကာနှင့်တကွ အကျဉ်းမျှ လင်းပြခြင်း | .... | .... | ၁၅ |
| ၁၀ | သစ္စာလေးပါး တရားတို့ကို မသိခြင်းကြောင့် သံသရာဝဋ်ထဲ၌ အမြဲကျင်လည်ရပုံကို အကျဉ်းမျှ လင်းပြခြင်း | | .... | ၁၉ |
| ၁၁ | ဝေါဟာရသစ္စာကို လင်းပြခြင်း | .... | .... | ၂၀ |
| ၁၂ | သဘာဝသစ္စာကို လင်းပြခြင်း | .... | .... | ၂၁ |
| ၁၃ | မဂ္ဂင်ရှစ်ပါးကို အကျဉ်းမျှ လင်းပြခြင်း | .... | .... | ၂၃ |
| ၁၄ | သဘာဝ မဂ္ဂင်ရှစ်ပါးကို အကျဉ်းမျှ လင်းပြခြင်း | .... | .... | ၂၃ |

| ဦးရေ | အကြောင်းအရာ | မျက်နှာနံပါတ် |
|---|---|---|
| ၁၅ | ကိလေသာကို အကျဉ်းမျှ လင်းပြခြင်း .... .... | ၂၄ |
| ၁၆ | ကိလေသာပယ်ပုံကို အကျဉ်းမျှ လင်းပြခြင်း .... .... | ၂၇ |
| ၁၇ | ယောဂီသူ့ရဲကောင်းက သာလွန်၍ မြတ်ပုံကို ပြခြင်း .... | ၃၀ |
| ၁၈ | ဟေတုပစ္စည်း ပဋ္ဌာန်းတရားကြီး၌ သက္ကာယဒိဋ္ဌိ ဖြစ်ပုံကို အကျဉ်းမျှ လင်းပြခြင်း .... .... | ၃၁ |
| ၁၉ | အကုသိုလ်ဟိတ်၌ သက္ကာယဒိဋ္ဌိဖြစ်ပုံ အကျဉ်းမျှလင်းပြခြင်း .... | ၃၃ |
| ၂၀ | ကုသိုလ်ဟိတ် (၃)ပါး၌ သက္ကာယဒိဋ္ဌိ ဖြစ်ပုံကို အကျဉ်းမျှ လင်းပြခြင်း .... .... | ၃၅ |
| ၂၁ | ဟေတုပစ္စည်း၏ ပစ္စယုပ္ပန်တို့၌ သက္ကာယဒိဋ္ဌိ ဖြစ်ပုံကို အကျဉ်းမျှ လင်းပြခြင်း .... .... | ၃၆ |
| ၂၂ | ပရမတ္ထတရားအပေါင်း၌ သက္ကာယမည်၍ ဒိဋ္ဌိဖြစ်ပုံကိုဝိဂ္ဂိုဟ် အမျိုးမျိုးတို့ဖြင့် အကျဉ်းမျှ လင်းပြခြင်း .... .... | ၃၈ |
| ၂၃ | ခန္ဓာငါးပါး၌ သက္ကာယဒိဋ္ဌိဖြစ်ပုံကို အဋ္ဌသာလိနီ အဋ္ဌကထာ ပါဠ်ဖြင့် အကျဉ်းမျှ လင်းပြခြင်း .... .... | ၄၀ |
| ၂၄ | သက္ကာယဒိဋ္ဌိ ဖြစ်တတ်သော ပုဂ္ဂိုလ်ကို အကျဉ်းမျှ ပြခြင်း .... | ၄၀ |
| ၂၅ | ဓမ္မသင်္ဂဏီပါဠိတော်လာ သက္ကာယဒိဋ္ဌိ(၂၀)ဖြစ်ပုံကို ပြခြင်း .... | ၄၂ |
| ၂၆ | ပါဠိ, အဋ္ဌကထာ, ဋီကာစကားရပ် အကိုးပါဠ်တို့၏ လိုရင်း အချုပ် အဓိပ္ပါယ်ကို အကျဉ်းမျှ လင်းပြခြင်း .... .... | ၅၀ |
| ၂၇ | သက္ကာယဒိဋ္ဌိ (၂၀)တို့၏ အကျိုးအပြစ်ကို ပါဠိလက်ာနှင့် တကွ အကျဉ်းမျှလင်း ပြခြင်း .... .... | ၅၃ |
| ၂၈ | သက္ကာယဒိဋ္ဌိ တရားယုတ်ကြီးကို ဝိပဿနာအလုပ်ဖြင့် ပယ်ဖြုတ်ရမည့်ကို အကျဉ်းမျှ လင်းပြခြင်း .... .... | ၅၈ |
| ၂၉ | ပဋ္ဌာန်းနည်းဖြင့် အကြောင်းကို သိမ်းဆည်းရမည်ကို အကျဉ်းမျှ လင်းပြခြင်း .... .... | ၆၀ |

| ဦးရေ | အကြောင်းအရာ | မျက်နှာနံပါတ် |
|---|---|---|
| ၃၀ | ပဋ္ဌာန်းတံရားတော်မြတ်ကြီး၏ တန်ခိုးရှိန်စော် အာနုဘော်ကြီးထွားပုံ သက်သေကို အကျဉ်းမျှ လင်းပြခြင်း .... | ၆၁ |
| ၃၁ | ရောင်ခြည်တော်ဘွင့် ဆောင်ပုဒ် လင်္ကာများ .... .... | ၆၃ |
| ၃၂ | ပဋ္ဌာန်းကျမ်းကြီး ကျယ်ဝန်းပုံကို အကျဉ်းမျှ လင်းပြခြင်း .... | ၆၇ |
| ၃၃ | ပဋ္ဌာန်းကျမ်းတော်ကြီးနှင့် မိမိတို့ ပညာပါရမီရင့်သလောက်နှင့် ဆိုင်ပိုင်သလောက် ဆိုင်ပိုင်၍ မခဲယဉ်းကြပုံကို အကျဉ်းမျှ လင်းပြခြင်း .... .... | ၆၉ |
| ၃၄ | ပါရမီရှင်နှင့် ပဋ္ဌာန်း ( ၃ )မျိုး ဝေဘန်ပုံကို အကျဉ်းမျှ လင်းပြခြင်း .... .... | ၇၄ |
| ၃၅ | ပဋ္ဌာန်းမည်ပုံနှင့် ငါးပဋ္ဌာန်းဟု ဆိုအပ်သော သဘာဝဓမ္မတရား အစားစားတို့ကို ဝေဘန်၍ အကျဉ်းမျှ လင်းပြခြင်း .... | ၇၈ |
| ၃၆ | ကျေးဇူးရှင် မိုးညှင်းတောရဆရာတော်ကြီးရေးသားသော ပဋ္ဌာန်းပဏ္ဏာမကြီးကို ပြခြင်း .... .... | ၈၀ |
| ၃၇ | ငါးပဋ္ဌာန်းဟုဆိုအပ်သော သဘာဝဓမ္မတရား သုံးမျိုးသုံးစားတို့၏ တည်ရာဖြစ်သော လောကကြီး သုံးပါး ဝေဘန်ပုံကို အကျဉ်းမျှ လင်းပြခြင်း .... .... | ၈၇ |
| ၃၈ | ဩကာသလောကကြီးအတွင်း၌ ကလာပ်ရှစ်ပါး ရုပ်ပဋ္ဌာန်းတရားတို့ တည်ရှိပုံကို အကျဉ်းမျှ လင်းပြခြင်း .... | ၉၂ |
| ၃၉ | အရိပ်အရောင်စသည် အဋ္ဌကလာပ်၌ ရုပ်ရှစ်ပါး သဒ္ဒနဝကကလာပ်၌ရုပ်ကိုးပါး တည်ရှိပုံကို အကျဉ်းမျှ လင်းပြခြင်း .... | ၉၆ |
| ၄၀ | အနန္တစကြဝဠာ ဩကာသ လောကကြီး အတွင်း၌ ရုပ်ကလာပ် ပဋ္ဌာန်းတရားတို့ တင်းကြမ်းပြည့် တည်ရှိပုံကို ပြခြင်း .... | ၉၈ |
| ၄၁ | ပဋ္ဌာန်းဘုံ ပဋ္ဌာန်းလောက ဝေဘန်ပုံကို အကျဉ်းမျှ ပြခြင်း .... | ၁၁၁ |

| ဦးရေ | အကြောင်းအရာ | မျက်နှာနံပါတ် |
| --- | --- | --- |
| ၄၂ | ကုသလာဓမ္မာ ကောင်းသည့်သဘောသည် ပဋ္ဌာန်းသဘော သုံးမျိုးသုံးစားတို့ကို ခေါ်ပုံနှင့်တကွ အမျိုးမျိုး အစားစား ပြားပုံတို့ကို အကျဉ်းမျှ လင်းပြခြင်း .... .... | ၁၂၀ |
| ၄၃ | အကုသလာဓမ္မာ မကောင်းသည့် သဘောအရ ဆယ်မျိုး ဆယ်စား ပြားပုံကို လင်းပြခြင်း .... .... | ၁၂၃ |
| ၄၄ | ပုညကြိယာ(၁၀)ပါး လောကီကုသိုလ်တရားတို့သည် ဘုရား အဖြစ်သို့တိုင်အောင် အကျိုးပေးကြီးကျယ်ပုံကို ပြခြင်း .... | ၁၂၅ |
| ၄၅ | ပုညာဘိသင်္ခါရဖြစ်သော ပုညကြိယာ ဆယ်ပါးတို့ကို ဝဋ်မှ ထွက်မြောက်အောင် မပြုမကျင့်တတ်မှု ကြောက်လန့်ဘွယ် ကောင်းပုံကို ပြခြင်း .... .... | ၁၃၃ |
| ၄၆ | ပုညာဘိသင်္ခါရ ကုသိုလ်တို့ကို ဝဋ်မှ ထွက်မြောက်အောင် ပြုတတ်သော ပညာကသာ ကောင်းကျိုးပေးပုံကို ဥပမာဖြင့် ပြခြင်း .... .... | ၁၃၄ |
| ၄၇ | ကုသိုလ်ပြုစဉ်အခါ၌ ဉာဏ်နှင့်ယှဉ်ပုံ မယှဉ်ပုံကို ပြခြင်း .... | ၁၄၁ |
| ၄၈ | သမ္မုတိသစ္စာနယ်က လောကီကုသိုလ်တရားတို့ကို ဟေတု ပစ္စည်း ပဋ္ဌာန်းနည်းဖြင့် အကြောင်းကို သိမ်းဆည်း၍ ဝိပဿနာအလုပ်အားထုတ်ဘို့ရန် အကြောင်းခံ အမျိုးမျိုး တို့တွင် ဟေတုပစ္စည်းမည်ပုံကို ပြခြင်း .... .... | ၁၄၉ |
| ၄၉ | ကုသိုလ်ဟိတ် (၃) ပါး၌ ပစ္စည်းထိုက်သော အကြောင်း သဘာဝတရားတို့ကို အကျဉ်းမျှ လင်းပြခြင်း .... .... | ၁၅၄ |
| ၅၀ | ကုသိုလ်ဟိတ် (၃) ပါး၌ ပစ္စယုပ္ပန်ထိုက်သော အကျိုး သဘာဝတရားတို့ကို အကျဉ်းမျှ လင်းပြခြင်း ... .... | ၁၅၆ |
| ၅၁ | ကုသိုလ်ဟိတ် (၃)ပါး၌ ပစ္စည်း ပစ္စယုပ္ပန် ထိုက်သော သဘာဝတရားတို့ကို ပရမတ်နှင့် ပညတ်ခွဲ၍ဒိဋ္ဌိဝိသုဒ္ဓိဖြစ်ပုံကို အကျဉ်းမျှ လင်းပြခြင်း .... .... | ၁၅၇ |

| ဦးရေ | အကြောင်းအရာ | မျက်နှာနံပါတ် |
| --- | --- | --- |
| ၅၂ | ကုသိုလ်ဟိတ် (၃)ပါး ပဋ္ဌာန်းတရားကြီး၌ ကင်္ခါဝိတရဏ ဝိသုဒ္ဓိဖြစ်ပုံနှင့်တကွ ပစ္စယပရိဂ္ဂဟဉာဏ် ဖြစ်ပုံတို့ကို အကျဉ်းမျှ လင်းပြခြင်း .... .... | ၁၆၄ |
| ၅၃ | စူဠသောတာပန်ဖြစ်ပုံကို ပြခြင်း .... .... | ၁၆၇ |
| ၅၄ | မဟာသောတာပန်ဖြစ်ကြောင်း မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ သမ္မသနဉာဏ် စသည်ဖြစ်ပုံ အမျိုးမျိုးတို့ကို ပြခြင်း .... | ၁၆၈ |
| ၅၅ | မဟာသောတာပန် ဖြစ်လိုသော ယောဂီ ပုဂ္ဂိုလ်တို့အား ကာလ(၃)ပါးတို့၌ ဝိပဿနာတရား ပွားများပုံကို ပြခြင်း .... | ၁၇၀ |
| ၅၆ | မဟာသောတာပန်ဖြစ်ကြောင်းမဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိနှင့် သမ္မသနဉာဏ်,ဥဒယဗ္ဗယဉာဏ်(၂)ပါးတို့ ထက်မြက် ရင့်သန် အောင် ပွားများပုံကို အကျဉ်းမျှ လင်းပြခြင်း .... .... | ၁၇၅ |
| ၅၇ | ကာလ(၃)ပါးကိုအာရုံပြု၍မဟာသောတာပန်ဖြစ်ကြောင်း ဒါနပြုဆဲအခါ၌ ဝိပဿနာတရား ပွားများပုံကို အကျဉ်းမျှ လင်းပြခြင်း .... .... | ၁၇၇ |
| ၅၈ | ယောဂီပုဂ္ဂိုလ်တို့ သတိပြုရန်အထူးမှာထားတိုက်တွန်းချက် | ၁၇၉ |
| ၅၉ | မဟာသောတာပန် ဖြစ်ကြောင်း ၎င်း ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိနှင့် ဘင်္ဂဉာဏ် လျော်ပုံကို အကျဉ်းမျှ ပြခြင်း .... | ၁၈၃ |
| ၆၀ | မဟာသောတာပန်ဖြစ်ကြောင်း ၎င်း ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိနှင့် ဘယဉာဏ် လျော်ကန်ပုံကို ပြခြင်း .... .... | ၁၈၅ |
| ၆၁ | ၎င်း အာဒီနဝဉာဏ် လျော်ကန်ပုံကို ပြခြင်း .... | ၁၈၆ |
| ၆၂ | ၎င်း နိဗ္ဗိန္ဒာဉာဏ် လျော်ကန်ပုံကို ပြခြင်း .... | ၁၈၈ |
| ၆၃ | ၎င်း မုစ္စိတုကမျတာဉာဏ် လျော်ကန်ပုံကို ပြခြင်း .... | ၁၉၀ |

| ဦးရေ | အကြောင်းအရာ | မျက်နှာနံပါတ် |
|---|---|---|
| ၆၄ | မဟာသောတာပန် ဖြစ်ကြောင်း ပဋိပဒါ ဉာဏဒဿန ဝိသုဒ္ဓိနှင့် ပဋိသင်္ခါဉာဏ် လျော်ကန်ပုံကို ပြခြင်း .... | ၁၉၂ |
| ၆၅ | ၎င်း သင်္ခါရုပေက္ခာဉာဏ် လျော်ကန်ပုံကို ပြခြင်း .... | ၁၉၄ |
| ၆၆ | ၎င်း အနုလောမဉာဏ် လျော်ကန်ပုံကို ပြခြင်း .... | ၁၉၇ |
| ၆၇ | မဟာသောတာပန်ဖြစ်ကြောင်းပုထုဇဉ်အနွယ်ကိုဖြတ်လျက် အရိယာအနွယ်ကို ဖြစ်စေတတ်သော ဂေါတြဘူဉာဏ်ကို အကျဉ်းမျှ လင်းပြခြင်း .... .... | ၁၉၉ |
| ၆၈ | မဟာသောတာပန်ပုဂ္ဂိုလ်၏ မဂ်စိတ်အစဉ် ဉာဏ်အစဉ်ကို အကျဉ်းမျှ လင်းပြခြင်း .... .... | ၁၉၉ |
| ၆၉ | မဟာသောတာပန်ပုဂ္ဂိုလ်၏ ဖိုလ်စိတ်အစဉ် ဉာဏ်အစဉ်ကို အကျဉ်းမျှ လင်းပြခြင်း .... .... | ၂၀၁ |
| ၇၀ | မဟာသောတာပန်ပုဂ္ဂိုလ်၏ ပစ္စဝေက္ခဏာဇောအစဉ် ဉာဏ်အစဉ် ဖြစ်ပုံကို အကျဉ်းမျှ လင်းပြခြင်း .... .... | ၂၀၂ |
| ၇၁ | ဒါနပြုဆဲအခါ၌ ဖြစ်သော သုဒ္ဓမနောဒွါရဝီထိ စသော ဝီထိ အသီးသီးဝေဘန်၍ ဇယားပုံဖြင့် အကျဉ်းမျှ ပြခြင်း .... | ၂၀၂ |
| ၇၂ | အထက်မဂ်သုံးတန် ဖိုလ်သုံးတန်သို့တက်ဘို့ရန် ကျင့်ကြံပုံကို အကျဉ်းမျှ လင်းပြခြင်း .... .... | ၂၁၃ |
| ၇၃ | အထူးမှာထား တိုက်တွန်းချက် .... .... | ၂၃၅ |
| ၇၄ | နာမရူပ ပရိစ္ဆေဒဉာဏ်ဖြစ်ပုံနှင့် ပစ္စယပရိဂ္ဂဟဉာဏ် ဖြစ်ပုံကို အကျဉ်းမျှ လင်းပြခြင်း .... .... | ၂၃၆ |
| ၇၅ | မဟာသောတာပန်ဖြစ်ကြောင်း သီလဆောက်တည်ဆဲအခါ၌ သမ္မသနဉာဏ် စသည် ပွားများပုံကို အကျဉ်းမျှ လင်းပြခြင်း | ၂၄၃ |

| ဦးရေ | အကြောင်းအရာ | မျက်နှာနံပါတ် |
|---|---|---|
| ၇၆ | ကာလသုံးပါးကို အာရုံပြု၍ မဟာသောတာပန်ဖြစ်ကြောင်း သီလကုသိုလ် ပြုဆဲအခါ၌ ဝိပဿနာတရား ပွားများပုံကို အကျဉ်းမျှ လင်းပြခြင်း .... .... | ၂၄၇ |
| ၇၇ | အထူးမှာထား တိုက်တွန်းချက် .... .... | ၂၄၉ |
| ၇၈ | မဟာသောတာပန်ဖြစ်ကြောင်း ဘာဝနာပွားဆဲ အခါ၌ ဖြစ်သော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့၌ နာမရူပပရိစ္ဆေဒဉာဏ် ဖြစ်ပုံနှင့် ပစ္စယပရိဂ္ဂဟဉာဏ် ဖြစ်ပုံတို့ကို အကျဉ်းမျှ လင်းပြခြင်း .... .... | ၂၅၀ |
| ၇၉ | အပစာယနစသည် ပုညကြိယာ (၇)ပါးတို့၌ သမ္မသနဉာဏ် စသည် ဉာဏ်အစားစား ပွားများပုံကို ပြခြင်း .... .... | ၂၅၆ |
| ၈၀ | ကာလသုံးပါးကိုအာရုံပြု၍ မဟာသောတာပန်ဖြစ်ကြောင်း အပစာယန ကုသိုလ်ပြုဆဲအခါ၌ ဝိပဿနာတရား ပွားများပုံကို အကျဉ်းမျှ လင်းပြခြင်း .... .... | ၂၆၁ |
| ၈၁ | နိဂုံးအလား မေတ္တာတရား ရှေ့ရှုထား၍ အထူးမှာထား တိုက်တွန်းချက် .... .... | ၂၇၂ |
| ၈၂ | ဆရာမထား၍ ဒုစရိုက်ဆယ်ပါး အကုသိုလ်တရားတို့သည် အပါယ်လေးပါး ဒုက္ခအစားစားတို့၌ ကျရောက် ခံနေကြရသည်တိုင်အောင် အကျိုးပေး ကြီးကျယ်ပုံတို့ကို အကျဉ်းမျှ လင်းပြခြင်း .... .... | ၂၇၃ |
| ၈၃ | ဒုစရိုက် ဆယ်ပါး အကုသိုလ်တရားတို့ကို ပယ်ရှားလို၍ ဝိပဿနာဉာဏ် အစားစားတို့ကို အကျဉ်းမျှ လင်းပြခြင်း .... | ၂၇၆ |

| ဦးခေါင်း | အကြောင်းအရာ | မျက်နှာနံပါတ် |
|---|---|---|
| ၈၄ | ကာလသုံးပါး၌ဖြစ်သော ဝေဒနာ၏ ၆-ပါးတို့ကို အာရုံပြု၍ ဝိပဿနာတရား ပွားများပုံကို အကျဉ်းမျှ လင်းပြခြင်း .... | ၂၈၇ |
| ၈၅ | အနိဋ္ဌာရုံ ၆-ပါးကို အာရုံပြုဆဲ အခါ၌ ဝိပဿနာတရား ပွားများပုံအစားစားတို့ကို အကျဉ်းမျှ လင်းပြခြင်း .... | ၂၈၉ |
| ၈၆ | ကာလသုံးပါး၌ ဖြစ်သော အနိဋ္ဌာရုံ ၆-ပါးကို အာရုံပြု၍ ဝိပဿနာတရား ပွားများပုံကို အကျဉ်းမျှ လင်းပြခြင်း .... | ၂၉၂ |
| ၈၇ | မောဟမူ သက်သက်ဖြင့် အကြောင်းကို သိမ်းဆည်း၍ ဝိပဿနာတရား ပွားများပုံကို အကျဉ်းမျှ လင်းပြခြင်း .... | ၂၉၃ |
| ၈၈ | အထူးမှာထား တိုက်တွန်းချက် .... .... | ၂၉၄ |
| ၈၉ | မိုးညှင်း ပဋ္ဌာန်း ဆောင်ပုဒ် အကျဉ်းချုပ်, ပဋ္ဌာန်းပစ္စည်း ပဏ္ဏာမကြီး .... .... | ၂၉၇ |
| ၉၀ | ဟေတုပါဠိအနက် .... .... | ၂၉၈ |
| ၉၁ | ဆောင်ပုဒ် .... .... | ၂၉၈ |
| ၉၂ | အာရမ္မဏပါဠိအနက် .... .... | ၂၉၉ |
| ၉၃ | ဆောင်ပုဒ် .... .... | ၃၀၁ |
| ၉၄ | အဓိပတိပါဠိအနက် .... .... | ၃၀၂ |
| ၉၅ | သဟဇာတာဓိပတိဆောင်ပုဒ် .... .... | ၃၀၃ |
| ၉၆ | အာရမ္မဏာဓိပတိဆောင်ပုဒ် .... .... | ၃၀၄ |
| ၉၇ | အနန္တရပါဠိအနက် .... .... | ၃၁၀ |
| ၉၈ | သမနန္တရပါဠိအနက် .... .... | ၃၁၁ |
| ၉၉ | သဟဇာတပါဠိအနက် ... .... | ၃၁၂ |
| ၁၀၀ | ဆောင်ပုဒ် .... | ၃၁၃ |

| ဦးရေ | အကြောင်းအရာ | | | မျက်နှာနံပါတ် |
|---|---|---|---|---|
| ၁၁၀ | အညမညပါဠိအနက် | .... | .... | ၃၁၄ |
| ၁၀၂ | နိဿယပါဠိအနက် | .... | .... | ၃၁၄ |
| ၁၀၃ | ဆောင်ပုဒ် | .... | .... | ၃၁၆ |
| ၁၀၄ | ဥပနိဿယပါဠိအနက် | .... | .... | ၃၁၇ |
| ၁၀၅ | ဆောင်ပုဒ် | .... | .... | ၃၁၉ |
| ၁၀၆ | ပုရေဇာတပါဠိအနက် | .... | .... | ၃၂၀ |
| ၁၀၇ | ဆောင်ပုဒ် | .... | .... | ၃၂၃ |
| ၁၀၈ | ပစ္ဆာဇာတပါဠိအနက် | .... | .... | ၃၂၃ |
| ၁၀၉ | ဆောင်ပုဒ် | .... | .... | ၃၂၄ |
| ၁၁၀ | အာသေဝနပါဠိအနက် | .... | .... | ၃၂၄ |
| ၁၁၁ | ဆောင်ပုဒ် | .... | .... | ၃၂၅ |
| ၁၁၂ | ကမ္မပါဠိအနက် | .... | .... | ၃၂၅ |
| ၁၁၃ | ဆောင်ပုဒ် | .... | .... | ၃၂၆ |
| ၁၁၄ | ဝိပါကပါဠိအနက် | .... | .... | ၃၂၇ |
| ၁၁၅ | ဆောင်ပုဒ် | .... | .... | ၃၂၇ |
| ၁၁၆ | အာဟာရပါဠိအနက် | .... | .... | ၃၂၈ |
| ၁၁၇ | ဆောင်ပုဒ် | .... | .... | ၃၂၈ |
| ၁၁၈ | ဣန္ဒြိယပါဠိအနက် | .... | .... | ၁၂၉ |
| ၁၁၉ | ဆောင်ပုဒ် | .... | .... | ၃၃၀ |
| ၁၂၀ | ဈာနပါဠိအနက် | .... | .... | ၃၃၁ |
| ၁၂၁ | ဆောင်ပုဒ် | .... | .... | ၃၃၂ |
| ၁၂၂ | မဂ္ဂပါဠိအနက် | .... | .... | ၃၃၂ |

| ဦးရေ | အကြောင်းအရာ | | | မျက်နှာနံပါတ် |
|---|---|---|---|---|
| ၁၂၃ | ဆောင်ပုဒ် | .... | .... | ၃၃၂ |
| ၁၂၄ | သမ္ဗယုတ္တပါဠိအနက် | .... | .... | ၃၃၃ |
| ၁၂၅ | ဆောင်ပုဒ် | .... | .... | ၃၃၃ |
| ၁၂၆ | ဝိပ္ပယုတ္တပါဠိအနက် | .... | .... | ၃၃၄ |
| ၁၂၇ | ဆောင်ပုဒ် | ... | .... | ၃၃၄ |
| ၁၂၈ | အတ္ထိပါဠိအနက် | .... | .... | ၃၃၅ |
| ၁၂၉ | နတ္ထိပါဠိအနက် | .... | .... | ၃၃၉ |
| ၁၃၀ | ဆောင်ပုဒ် | .... | .... | ၃၃၀ |
| ၁၃၁ | ဝိဂတပါဠိအနက် | .... | .... | ၃၃၇ |
| ၁၃၂ | အဝိဂတပါဠိအနက် | .... | .... | ၃၃၇ |
| ၁၃၃ | ကျမ်းပြီးနိဂုံးနှင့် ဆုတောင်းကြီးများ | .... | .... | ၃၃၉ |


မာတိကာ ပြီး၏။



ပဌာန်းပေါင်းချုပ်

## ဝိပဿနာ အလုပ်ပေး

# ကျင့်စဉ်ကျမ်းကြီး

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ပဏာမကို ပြခြင်း

၁။ ကိလေသ မလဓောဝန္တံ၊ ဝဋ္ဋမူလသမုဒ္ဓတံ။
ပတ္ထိတံ သဗ္ဗလောကေဟိ၊ ဝန္ဒေ သုဒ္ဓဂုဏာကရံ။

၂။ တေနာပိ ဓမ္မရာဇေန၊ လောကေကာစရိယေန ယော။
ပူဇိတော တဥ္စ သဒ္ဓမ္မံ၊ ဝန္ဒေ ဂမ္ဘီရ မုတ္တမံ။

၃။ နဝဂုဏေဟိ သမ္ပုဏ္ဏံ၊ သဇ္ဇနေဟိ သုပူဇိတံ။
တဒေါရသံရိယာသံဃံ၊ နမာမိ သိရသာမဟံ။

၄။ ပဗ္ဗဇ္ဇူပသမ္ပဒံ၊ သာသနမှိ ပဝေသေန္တံ။
ဓုတဂုဏေဟိ သမ္ပန္နံ၊ ပနမေ ပုဗ္ဗမာစေရံ။

၅။ ဝိနယာစာရသံယုတ္တံ၊ ပရိယတ္တိ ဝိသာရဒံ။
ဝန္ဒာမိ ဓမ္မမာစေရံ၊ သိက္ခာကာမေဟိ သေဝိတံ။

၆။ ကုမာရကဿပေါ ဝိယ၊ မိုးညှင်းစေရံ သုစိတ္တရုံ။
ဓမ္မစာရေဟိ သေဝိတံ၊ ဝိပ္ပသန္နေန စေတသာ။

၇။ သဗ္ဗယောဂီဟိ ယာစိတော၊ ပဋ္ဌာန ဘာဝနာနယံ။
ရစယိဿံ သမာသေန၊ တုမှေ သုဏာထ သာဓဝေါ။

## ပဏာမအနက်

အဟံ၊ ဟေတု အစရှိသော (၂၄)ပစ္စည်း ပဋ္ဌာန်းတရားကြီးတို့၏ အပေါင်း အစုမျှဖြစ်သော မိုးညှင်းတောရ ပဌမ တိုက်အုပ် ပြည်တော်မင်းလေးပါး ကိုယ်တော်ကြီးဟု အမည်သညာ သမုတ်ရသော ငါသည်။ ကိလေသမလဓော ဝန္တံ၊ ကိလေသာတည်းဟူသော အညစ်အကြေးကို အရဟတ္တမဂ် တည်းဟူသော ရေစင် ရေအေးဖြင့် ဆေးလျှော်တော်မူတတ်ထသော။ ဝဋ္ဋမူလသမုဒ္ဒတံ၊ ပဋိစ္စ သမုပ္ပါဒ် သံသရာစက်ရဟတ် တည်းဟူသော ဝဋ်မြစ်ကို အရဟတ္တမဂ် တည်းဟူ သော တူးရှင်းဖြင့် အကြွင်းမဲ့ တူးနုတ်တော်မူတတ်ထသော။ သဗ္ဗလောကေဟိ၊ ကြွင်းမဲ့ဉဿုံ အလုံးစုံသော ဘုံအပြင်၌ နေကြကုန်သော ဗြဟ္မာ နတ် လူ သုံးဘုံ သူတို့သည်။ ပတ္ထိတံ၊ တောင့်တအပ်ထသော။ သုဒ္ဓဂုဏာကရံ၊ အလွန်စင်ကြယ် သော ဂုဏ်အပေါင်းတို့၏ တည်ရာဖြစ်တော်မူထသော။ သမ္မာသမ္ဗုဒ္ဓံ၊ မဘောက် မပြန် မှန်သော ပရမတ္ထအတိုင်း သိစွမ်းနိုင်သော ဉာဏ်အားဖြင့် မိန့်ဟမြွက် ဖေါ် ဟောတော်မူသော သုံးဘုံရပ်သူ နတ် လူ ဗြဟ္မာ သတ္တဝါအမျိုးမျိုးတို့၏ ကိုးကွယ်ရာဖြစ်တော်မူသော ဘုရားရှင် ကိုယ်တော်မြတ်ကြီးကို။ ဝန္ဒေ၊ ကာယ ညွှတ်ချိ ဝစီ,မန သုံးပါးသော ဒွါရတို့ဖြင့် ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏။ ဝန္ဒိတွာ၊ ရိုသေမြတ်နိုး ရှိခိုးပြီး၍။

၂။ လောကေ၊ လောကသုံးထပ် ဘုံသုံးရပ်၌။ ကောစရိယေန၊ ပြိုင်ဘက် မပြူ ကိုယ်တော်တဆူတည်းသာ ဖြစ်တော်မူသော။ တေနာပိ ဓမ္မရာဇေန၊ ထိုတရားမင်း ဖြစ်တော်မူသော မြတ်စွာဘုရားသည်လည်း။ ယော ဓမ္မော၊ အကြင်မဂ်လေးခု ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ်ဟု ဆိုအပ်သော ဆယ်ပါးသော တရားတော်မြတ်ကို။ ပူဇိတော၊ ဂေါစရာသေဝန, ဘာဝနာသေဝနတို့ဖြင့် ပူဇော် အပ်တော်မူပြီ။ ဂမ္ဘီရံ၊ လူသာမန်တို့၏ဉာဏ်ဖြင့် မသက်ဝင်နိုင်သည်ဖြစ်၍ နက်နဲ

ထသော။ ဥတ္တမံ၊ မြတ်ထသော။ တဉ္စ သဒ္ဓမ္မံ၊ ထိုမဂ်လေးဝ ဖိုလ်လေးတန် နိဗ္ဗာန် ပရိယတ္တိဟု ဆိုအပ်သော ဆယ်ပါးသော တရားတော်မြတ်ကိုလည်း။ ဝန္ဒေ၊ ရှိခိုးပါ၏။ ဝန္ဒိတွာ၊ ရှိခိုးပြီး၍။

၃။ နဝဂုဏေဟိ၊ သုပ္ပဋိပန္နတာ အစရှိသော ကိုးပါးသော ဂုဏ်တော်တို့နှင့်။ သမ္ပုဏ္ဏံ၊ ကောင်းစွာ ပြည့်စုံတော်မူထသော။ သဇ္ဇနေဟိ၊ ကလျာဏ သီလဝန် ပုထုဇန် သူတော်ကောင်းတို့သည်။ သုပူဇိတံ၊ ကောင်းစွာ ပူဇော် အပ်တော်မူထသော။ တဒေါရသံ- တံ ဩရသံ၊ ထိုမြတ်စွာဘုရား၏ ရွှေရင်တော် နှစ် သားတော်စစ် ဖြစ်တော်မူသော။ အရိယာသံဃဉ္စ၊ ကလျာဏ ပုထုဇန် သီလဝန် ပညာဝန် အရှင်မွန်တို့နှင့်တကွ တထောင့်ငါးရာ ကိလေသာစစ် ရန်သူ ညစ်ကို အချစ်မထား မဝါးမမျို အပိုမမျှ ကိုယ်ကာယမှ ပျို့အန်နှင်ထုတ် ပယ်ဖြုတ် ဖျက်ဆီးတော်မူပြီးသော ရှစ်ပါးအရိယာ သံဃာတော်မြတ်အပေါင်း ကိုလည်း။ သိရသာ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ နမာမိ၊ ၏။ နမိတွာ၊ ၍။

၄။ သာသနမှိ၊ ဘုရားရှင် သာသနာတော်ကြီး၌။ ပဗ္ဗဇ္ဇဉ္စ၊ ရှင်သာမဏေ အဖြစ်သို့ရင်း။ ဥပသမ္ပဒဉ္စ၊ ပဉ္စင်းအဖြစ်သို့ရင်း။ ပဝေသေန္တံ၊ သွတ်သွင်းတော် မူပေထသော။ ဓုတဂုဏေဟိ၊ ဓုတင်ကျေးဇူး ဂုဏ်အထူးတို့နှင့်။ သမ္ပန္နံ၊ ပြည့်စုံ တော်မူပေထသော။ ပုဗ္ဗမာစေရံ၊ ဤသာသနာတော်ကြီး၌ ပဌမမူလ ရှေးဦး အစ ဖြစ်တော်မူသော ကမ်းမြင့်မြို့ ဝါးယာရွာ အင်းနားကျောင်းတော်ရ ဆရာ တော်ဘုရားကြီးကို။ ပနမေ၊ ၏။ ပနမိတွာ၊ ၍။

၅။ ဝိနယာစာရသံယုတ္တံ၊ ဝိနည်းအကျင့်နှင့်လည်း ယှဉ်တော်မူထသော။ ပရိယတ္တိဝိသာရဒံ၊ ပရိယတ်၌ ကင်းသော ရှုံ့ရှားခြင်းလည်း ရှိတော်မူထသော။ သိက္ခာကာမေဟိ၊ သိက္ခာသုံးပါးကို အလိုရှိကြကုန်သော သူတော်ကောင်းတို့ သည်။ သေဝိတံ၊ မှီဝဲအပ်ထသော။ ဓမ္မမာစေရံ၊ ဓမ္မာစရိယ ဖြစ်ကြီး ဖြစ်ကြ ပါပေသော ကြက်သွန်စျေးရွာ ရွှေဝါချောင်တော်ရ ဆရာတော်ကြီးကို။ ဝန္ဒာမိ၊ ၏။ ဝန္ဒိတွာ၊ ၍။

၆။ ဓမ္မစာရေဟိ၊ သမထ,ဝိပဿနာ နှစ်ဖြာသော မှုရကို အားထုတ်၍ ကျင့်ကြကုန်သော ယောဂီပြူအပေါင်း သူတော်ကောင်းတို့သည်။ သေဝိတံ၊

အမြဲမပြတ် မှီဝဲအပ်ထသော။ ကုမာရကဿပေါ် ဝိယ၊ အရှင်ကုမာရကဿပ မထေရ်ကဲ့သို့။ သုစိတ္တရံ၊ အလွန်ဆန်းကြွယ်သော တရားစကားကို ဟောကြား တတ်ထသော။ မိုးညှင်းစေရံ၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ကျေးဇူး တော်ရှင် မိုးညှင်းတောရ ဆရာတော်ဘုရားကြီးကို။ ဝိပ္ပသန္နေန၊ အထူးသဖြင့် ကြည်ညိုစွာသော။ စေတသာ၊ စိတ်ဖြင့်။ နမာမိ၊ ၏။ နမိတွာ၊ ၍။

၇။ သဗ္ဗယောဂီဟိ၊ ခပ်သိမ်းသော ယောဂီဖြူအပေါင်း သူတော်ကောင်း တို့သည်။ ယာစိတော၊ ရွှေရှုညတ်ပျောင်း တောင်းပန်အပ်သည်ဖြစ်၍။ ဝါ- တောင်းပန်အပ်သော။ အဟံ၊ မိုးညှင်းတောရ ပဌမတိုက်အုပ် ပြည်တော်မင်း လေးပါး ကိုယ်တော်ကြီးဟု အမည်ပညတ် သမုတ်အပ်သော ငါသည်။ ပဋ္ဌာန ဘာဝနာနယံ၊ **ပဋ္ဌာန်းပစ္စည်း ဝိပဿနာ ဘာဝနာနည်း**ကို။ သမာသေန၊ အကျဉ်းအားဖြင့်။ ရစယိဿံ၊ ရေးသားတည်ထွင် စီရင်ပေအံ့။ တံ၊ ထိုရေးသား တည်ထွင် စီရင်လတ့ံဖြစ်သော ပဋ္ဌာန်းပစ္စည်း ဝိပဿနာ ဘာဝနာနည်းကို။ သာဓဝေါ၊ ယောဂီဖြူအပေါင်း သူတော်ကောင်းဖြစ်ကုန်သော။ တုမှေ၊ သင်တို့ သည်။ မေ၊ ငါ၏။ သန္တိကာ၊ အထံမှ။ သုဏာထ၊ နာကြကုန်လော။

ပဏာမကို ပြဆိုခဏ်း ပြီး၏။

---

**ပဏာမကို ပြဆိုပြီးသည်၏ အခြားမဲ့၌ ဟေတုပစ္စည်း**
**ပဋ္ဌာန်းတရားတော်ကြီးကို ရွတ်ဆို၍**

## တရားတောင်းကို ပြခြင်း

ဒေဝါတိ ဒေဝေါ ဒေဝါနံ၊ ဒေဝဒါနဝပူဇိတော။
သုရာလယေ စ ဒေသိတော၊ ပဋ္ဌာနံ တံ ဘဏာမ ဟေ။

ဒေဝါတိဒေဝေါ၊ သမ္မုတိနတ် ဥပပတ္တိနတ်တို့ထက် လွန်ကဲထူးမြတ် ဝိသုဒ္ဓိ နတ် ဖြစ်တော်မူထသော။ဒေဝဒါနဝပူဇိတော၊သိကြားအစရှိသောနတ် အသူ န် အစရှိသော အသူရာနတ်တို့သည် ပူဇော်အပ်တော်မူထသော။ ဘဂဝါ၊ မြတ်စွာ ဘုရားသည်။ သုရာလယေ စ၊ တာဝတိံသာမည် နတ်တို့ပြည်၌လည်း။ ဒေဝါနံ၊ မယ်တော်မိနတ်သား အမှူးထားသော နတ်ဗြဟ္မာအများတို့အား။ ပဋ္ဌာနံ၊

ခက်ခဲတင့်ဆန်း ပဋ္ဌာန်းတရားတော်မြတ်ကြီးကို။ ဒေသိတော၊ ဟောကြားတော်မူအပ်ပြီ။ တံ ပဋ္ဌာနံ၊ ထိုခက်ခဲတင့်ဆန်း ပဋ္ဌာန်းတရားတော်မြတ်ကြီးကို။ ဟေ၊ သူတော်ကောင်းတို့။ မယံ၊ ငါတို့သည်။ ဘဏာမ၊ ညီညာဖြဖြ ရွတ်ဆိုကြပါကုန်အံ့။ ဝါ- ရွတ်ဆိုကြပါကုန်စို့။

ပဋ္ဌာန်းတရား ရွတ်ဆိုရန် တိုက်တွန်းချက် ပြီး၏။

---

## ရွတ်ဆိုရန် ပဋ္ဌာန်းတရားကား

ဟေတုပစ္စယောတိ ဟေတူ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော၊ ဣမံ ပဋ္ဌာနံ ဒေသေတု ဘန္တေ၊ ဣမံ ပဋ္ဌာနံ ဒေသေတု ဘန္တေ၊ ဣမံ ပဋ္ဌာနံ ဒေသေတု ဘန္တေ။

ဟေတုပစ္စယောတိ၊ ဟေတုပစ္စည်းဟူသည်ကား။ ဟေတူ၊ ဟိတ်ခြောက်ပါးပစ္စည်းတရားတို့သည်။ ဟေတုသမ္ပယုတ္တကာနံ၊ ဟိတ်နှင့်ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စိတ်, စေတသိက်တရားတို့အားရင်း။ တံ သမုဋ္ဌာနာနံ၊ ထိုဟိတ်ကြောင့်ဖြစ်ကုန်သော။ ရူပါနဉ္စ၊ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့အားရင်း။ ဟေတုပစ္စယေန၊ အကြောင်းရင်းဖြစ်သော ဟေတုသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ခပ်သိမ်းကိစ္စ ခိုင်မြဲကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ (ဘန္တေ၊ ကျေးဇူးတော်ရှင် မိုးညွှင်းတောရ ဆရာတော် အရှင်မြတ်ကြီးဘုရား။ ဣမံ ပဋ္ဌာနံ၊ ဤဟေတုပစ္စည်း ပဋ္ဌာန်းတရားတော်မြတ်ကြီးကို။ ဒေသေတု၊ ကြီးငယ်အများ နားလည်သွားအောင် ဟောကြားတော်မူပါ အရှင်မြတ်ကြီးဘုရား။) ၃-ခေါက်ဆို။

**အမှာ** အာရမ္မဏပစ္စည်း စသည် ကြွင်းသော (၂၃)ပစ္စည်း ပဋ္ဌာန်းတရားကြီးတို့ကို ဟောကြားရန် တောင်းပန်ရာတို့၌လည်း ဟေတုပစ္စည်း ပဋ္ဌာန်းတရားကြီးကို ဟောကြားရန် တောင်းပန်သည့်နည်းကို မှီး၍ဟောပြောမည့် ဓမ္မကထိက ပုဂ္ဂိုလ်တို့၏ ဘွဲ့မည်တို့ကို ထည့်ပြီးလျှင်တရားတောင်းပန်ကြပါလေ ယောဂီ အပေါင်း သူတော်ကောင်းတွေတို့။

တရားတောင်းပန်ပုံကို ပြခဏ်း ပြီး၏။

## ပဋ္ဌာန်းတရားတော်ကြီးကို ရှိခိုးပူဇော်သော နာကြားကြရန် တိုက်တွန်းချက် ဥယျောဇဥ်ကို ပြခြင်း

ပီတိပါမောဇ္ဇဇနနံ၊ သောကသလ္လ ဝိသောဓနံ။
သဗ္ဗသမ္ပတ္တိ ပဋိလာဘံ၊ စိတ္တိကတွာ သုဏာထ မေ။

ဗုဒ္ဓဝံသ ပါဠိတော်

**တို့မြန်မာလို ပြန်ဆိုရန်ကား—** ပီတိပါမောဇ္ဇဇနနံ' နှစ်သက် ရွှင်လန်း မ်ဝး မြောက်ခြင်းကို ဖြစ်စေတတ်သော။ သောကသလ္လဝိသောဓနံ၊ သောကတည်းဟူ သော ငြောင့်တန်သင်းကို ပယ်ရှင်းတော်မူနိုင်ထသော။ သဗ္ဗသမ္ပတ္တိပဋိလာဘံ၊ အလုံးစုံသော သမ္ပတ္တိတရားတို့နှင့် ပြည့်စုံတော်မူထသော။ မေ၊ ငါဘုရား၏။ ဓမ္မံ၊ လေးသင်္ချေနှင့် ကမ္ဘာတသိန်း ကာလပတ်လုံး ပါရမီဆယ်ပါး အပြား သုံးဆယ် တည်းဟူသော မျိုးစေ့ကို စိုက်ပျိုးတော်မူမှ ရအပ်သော ပဋ္ဌာန်း တရားတော်ကြီးကို။ စိတ္တိကတွာ၊ ယုံယုံကြည်ကြည်၊ လေးလေးမြတ်မြတ်ပြု၍။ သုဏာထ၊ ရွှင်ရွှင်ပျပျ နာကြားကြကုန်လော့။

ဤသို့ ဟောတော်မူအပ်သော ဒေသနာတော်မြတ်ဝယ် အဓိပ္ပါယ်သော် ကား နှစ်သက်ရွှင်လန်း ဝမ်းမြောက်ခြင်းကို ဖြစ်စေတတ်သော၊လောဘ,ဒေါသ, မောဟ-စသည် ကိလေသာငြောင့်တန်သင်းကို ပယ်ရှင်းတော်မူနိုင်သော ကာလ သမ္ပတ္တိ, ဂတိသမ္ပတ္တိ, ဥပဓိသမ္ပတ္တိ,ပယောဂသမ္ပတ္တိ တည်းဟူသော အလုံးစုံသော သမ္ပတ္တိတရားတို့နှင့် ပြည့်စုံတော်မူသော ငါဘုရား၏ လေးသင်္ချေနှင့် ကမ္ဘာ တသိန်း ကာလပတ်လုံး ကိုယ်နှင့်အသက် မငဲ့ကွက်ဘဲ ကိုယ်၏ ပင်ပန်းခြင်း စိတ်၏ပင်ပန်းခြင်းကို သည်းခံ၍ ပါရမီဆယ်ပါး အပြားသုံးဆယ် တည်းဟူသော မျိုးစေ့ကို စိုက်ပျိုးတော်မူမှ ရအပ်သော ပဋ္ဌာန်းတရားတော်ကြီးကို ယုံယုံ ကြည်ကြည် လေးလေးမြတ်မြတ်ပြု၍ ရွှင်ရွှင်ပျပျ နားလည်အောင် နာကြပါ ကုန်လော့ဟူ၍ မြတ်စွာဘုရား၏ အလိုတော်အရ အဓိပ္ပါယ်ကျကို ဦးထိပ်အပြင် ပန်ယူဆင်ပြီးလျှင် အလုံးစုံသော နှစ်သက်ရွှင်လန်းခြင်း၊ လောဘ, ဒေါသ, မောဟ-စသော အလုံးစုံသော ငြောင့်တန်သင်းတို့ကို ပယ်နုတ်ခြင်း၊ အလုံးစုံ သော သမ္ပတ္တိတရားတို့နှင့် ပြည့်စုံခြင်းငှါ အလိုရှိကြကုန်သော ယောဂီအပေါင်း

သူတော်ကောင်းတို့သည် မဟာကမ္ဘာ အသချေ ကြာသော်လည်း အလွန်တရာ ကြားနာရခဲလှစွာသော နက်နဲ ခက်ခဲ သိမ်မွေ့လှစွာသော ပဋ္ဌာန်းတရားတော် ကြီးကို နာကြားကြကုန်လော့ဟု မေတ္တာတော်နှင့် ကရုဏာတော်တရား ကြီးကြီးထား၍ တိုက်တွန်းအပ်ပေသတည်း၊ ဤသို့ တိုက်တွန်းသည်အား လျော်စွာ မြတ်စွာဘုရား၏ ဂုဏ်တော် ကျေးဇူးတော်နှင့် ဟောပြောဆုံးမသူ ဆရာသခင် ကျေးဇူးရှင်တို့၏ ကျေးဇူးဂုဏ်တို့ကို ဆပ်သောအားဖြင့် နားမလည် လည်အောင် ယုံယုံကြည်ကြည် လေးလေးမြတ်မြတ်ပြု၍ နာကြားကြကုန်ရာ သည်၊ ဝါ- နာကြားနိုင်ကြပါစေကုန်သတည်း။

## ၎င်း၏ လင်္ကာဆောင်ပုဒ်

၁။ ကိလေသာအရပ်ရပ်၊ ပယ်သတ်တတ်၊ ထွဋ်မြတ် ပဋ္ဌာန်းတော်။

၂။ နှစ်သက်စေတတ်၊ ဝမ်းမြောက်တတ်၊ ထွဋ်မြတ် ပဋ္ဌာန်းတော်။

၃။ စည်းစိမ်အရပ်ရပ်၊ ပေးစေတတ်၊ ထွဋ်မြတ် ပဋ္ဌာန်းတော်။

၄။ ဘေးဘယာမှ၊ ဝေးကွာပ၊ အေးမြ ပဋ္ဌာန်းတော်။

၅။ မြတ်စွာဗုဒ္ဓ၊ ဟောဖော်ပြ၊ နာကြ ပဋ္ဌာန်းတော်။

၆။ ပဋ္ဌာန်းနာမှ၊ နိဗ္ဗာန၊ ရောက်ရ မသွေပျော်။

ပဋ္ဌာန်းတရားတော်ကြီးကို ရိုသေစွာ နာကြားရန်
တိုက်တွန်းချက် ဥယျောဇဉ် ပြီး၏။

---

## တရားနာရာ၌ အကျိုးငါးပါး ရသည်ကို ပြခြင်း

ပဥ္စိမေ ဘိက္ခဝေ အာနိသံသာ ဓမ္မသဝနေ၊ ကတမေ ပဥ္စ၊ အသုတံ သုဏာတိ၊ သုတံ ပရိယောဒါပေတိ၊ ကင်္ခံ ဝိဟနတိ၊ ဒိဋ္ဌိံ ဥဇုံ ကရောတိ၊ စိတ္တမဿ ပသီဒတိ။

**တို့မြန်မာလို ပြန်ဆိုရန်ကား**— ဘိက္ခဝေ၊ ပဋ္ဌာန်းတရားကို နာကြားလိုလား အို-ငါ၏ချစ်သား ရဟန်းများတို့.... ဓမ္မသဝနေ၊ ပဋ္ဌာန်းတရားတော်ကြီးကို

နာကြားရာ၌။ အာနိသံသာ၊ အကျိုးတို့သည်။ ဣမေ ပဉ္စ၊ ဤငါးပါးတို့တည်း။ ပဉ္စ၊ တရားနာရခြင်း အကျိုးငါးပါးတို့ ဟူသည်။ ကတမေ၊ အဘယ်သည်တို့နည်းဟူမူကား။ အသုတံ၊ မကြားမနာရဘူးသော တရားစကားထူးကို။ သုဏာတိ၊ ကြားနာရ၏။ သုတံ၊ ကြားနာရဘူးသော တရားစကားကို။ ပရိယောဒါပေတိ၊ သုတ်သင်ရှင်းလင်းရ၏။ ကင်္ခံ၊ ယုံမှားသံသယ ရှိသမျှကို။ ဝါ- ယုံမှားခြင်း (၁၆)ပါး အစားစားကို။ ဝိဟနတိ၊ ပယ်ဖျောက်ရ၏။ ဒိဋ္ဌိံ၊ မိစ္ဆာဒိဋ္ဌိတည်းဟူသော အယူကို။ ဥဇုံ၊ ဖြောင့်စွာ။ ကရောတိ၊ ပြုရ၏။ အဿ၊ ထိုပဋ္ဌာန်းတရားကို နာကြားရသောသူ၏။ စိတ္တံ၊ ဓမ္မသဝန ကုသိုလ်စိတ်သည်။ ပသီဒတိ၊ ကြည်လင်၏။ ဘိက္ခဝေ၊ ပဋ္ဌာန်းတရားတော်ကြီးကို နာကြားလိုလား အို-ချစ်သား ရဟန်းတို့... ဓမ္မသဝနေ၊ ပဋ္ဌာန်းတရားတော်ကြီးကို နာကြားရာ၌။ အာနိသံသာ၊ အကျိုးတို့သည်။ ဣမေ ပဉ္စ၊ ဤငါးပါးတို့ပေတည်း။

## ရှင်း၏ဆောင်ပုဒ်

**နာရာအထူး၊ နာဘူးစင်ကြယ်၊ ဖျောက်ပယ်ယုံမှား၊ ဖြောင့်ငြားအယူ၊ ကြည်ဖြူစိတ်ထား၊ ဤငါးပါး၊ တရားနာသူအကျိုးတည်း။**

ဤသို့ မြတ်စွာဘုရားသည် ဟောကြားတော် မူအပ်သော ပါဠိတော်နှင့် အညီ လွယ်ကူစွာ မှတ်ယူနိုင်ကြစေခြင်းအကျိုးငှါ စီကုံးထားအပ်သော လင်္ကာတို့၏ အဓိပ္ပါယ် အရတို့ကို ဦးထိပ်အပြင် ပန်ယူဆင်ပြီးလျှင် ငါးအင်သော ကျိုးဖလတို့နှင့် ပြည့်စုံခြင်းကို အလိုရှိကြကုန်သော ယောဂီအပေါင်း သူတော်ကောင်းတို့သည် ယခု ဟောကြားလတ္တံ့သော ပဋ္ဌာန်း တရားတော်ကြီးကို နားလည်လိုသော ဆန္ဒ, ဝီရိယ, စိတ္တ, ဝီမံသ-ဆိုတဲ့ အဓိပတိ တရားကြီးတို့ကို ထက်သန်စွာ ရှေးရှုထားကြပြီးလျှင် နာကြားနိုင်ကြပါစေကုန်သတည်း၊ ဝါ-နာကြားကြပါလေ ယောဂီမြတ်တွေတို့။

တရားနာရာ၌ အကျိုးတရားငါး ၅ါး

ရသည်ကို ပြခဏ်း ပြီး၏။

## တရားနာရ တရားတောင်းရ သာခုခေါ်ရ တရားဟောရခြင်းတို့၏ အကျိုးကို ပြခြင်း

နဝကပ္ပံ သုတမ္မံ၊ အဋ္ဌကပ္ပဋ္ဌ ယာစိတော။
ဇကော ကပ္ပေါ အနုမောဒနာ၊ ဒေသိတော စ အသင်္ချေယျာ။

**တို့မြန်မာလို ပြန်ဆိုရန်ကား—** ဘောဇ္ဇော၊ ပဋ္ဌာန်း တရားတော်ကြီးကို နာကြားလို့မှု အလေးပြု၍ ရှေးရှုခညောင်း တောင်းပန် လျှောက်ထား အို- သူတော်ကောင်း အများတို့ ။ သုတမ္မံ၊ အရိယာန္တယ်ဝင် သူတော်စင်တို့ သွန်သင်ဟောကြား ပဋ္ဌာန်းတရားတော်ကြီးကို မှတ်ယူနာကြားရခြင်းသည်။ နဝကပ္ပံ၊ ကိုးကမ္ဘာပတ်လုံး အပါယ်လေးပါးသို့ မလားရခြင်းသည်။ ဟောတိ၊ မုချပုံသေ ဖြစ်ရလေ၏။ ယာစိတော၊ မြတ်စွာဘုရားသည် ဟောကြားတော်မူအပ်သော ပဋ္ဌာန်းတရားတော်ကြီးကို ကြီးငယ်အများ နားလည်သွားအောင် ဟောကြားတော်မူပါဘုရားဟု လျှောက်ထား တောင်းပန်ရခြင်းသည်။ အဋ္ဌကပ္ပဋ္ဌ၊ ရှစ်ကမ္ဘာပတ်လုံး အပါယ်လေးပါးသို့ မလား မရောက်ရသည်လည်း။ ဟောတိ၊ ဖြစ်ရလေ၏။ အနုမောဒနာ၊ ကောင်းလေစွ ကောင်းလေစွဟု ဝမ်းမြောက်နုမောဲ သာခုခေါ်ရခြင်းသည်။ ဇကော ကပ္ပေါ၊ တကမ္ဘာပတ်လုံး အပါယ်လေးပါးသို့ မလား မရောက်ရသည်။ ဟောတိ၊ ဖြစ်ရလေ၏။ ဒေသိတော စ၊ မြတ်စွာဘုရားသည် ဟောကြားတော်မူအပ်သော ပဋ္ဌာန်းတရားတော်ကြီးကို အဓိပတိတရား အကြီးအမှူးထား၍ ကြီးငယ်အများ နားလည်သွားအောင် ဟောကြားပြသ ဆုံးမသော ပုဂ္ဂိုလ်သည်လည်း။ အသင်္ချေယျာ၊ အတိုင်းမသိ နိုင်းညှိမရ များပြားလှဘိ အကျိုးရှိကုန်သည်။ ဟောန္တိ၊ မုချပုံသေ ဖြစ်ကြရလေကုန်၏။

### ငှင်း၏ ဆောင်ပုဒ်လင်္ကာ

၁။ ကြားနာသူမှာ၊ ကိုးကမ္ဘာ၊ လေးရွာ ပါယ်နှင့်ဝေး။
၂။ တောင်းပန်သူမှာ၊ ရှစ်ကမ္ဘာ၊ လေးရွာ ပါယ်နှင့်ဝေး။
၃။ ဝမ်းမြောက်သူမှာ၊ တစ်ကမ္ဘာ၊ လေးရွာ ပါယ်နှင့်ဝေး။
၄။ ဟောကြားသူမှာ၊ သင်္ချေယျာ၊ များစွာ ကောင်းကျိုးပေး။

ဤ အထက်က ပြဆိုခဲ့အပ်သော ရစနာ ဂါထာနှင့်အညီ လွယ်ကူစွာမှတ်ယူကြစေခြင်းအကျိုးငှါ စီကုံး၍ ပြအပ်သော လင်္ကာတို့ဖြင့် တရားနာသူ တရားတောင်းပန်သူ သာဓု အနုမောဒနာပြုသူ တရားဟောကြားသူတို့၏ ရရှိသော အကျိုးတို့ကို နှစ်လိုသောမန မှတ်ယူကြ၍ ဤသည့်အကျိုး အမျိုးမျိုးတို့နှင့် ပြည့်စုံခြင်းကို အလိုရှိကြကုန်သော ယောဂီအပေါင်း သူတော်ကောင်းတို့သည် ဤဂါထာနှင့် အညီ ကြားနာနိုင်ကြ တောင်းပန်နိုင်ကြ ဝမ်းမြောက်နိုင်ကြ ဟောကြားနိုင်ကြ ပါစေကုန်သတည်း။

တရားနာသူ တရားတောင်းပန်သူ သာဓုခေါ်သူ
တရားဟောသူတို့ အကျိုးပြခဏ်း ပြီး၏။

---

**ပဏာမနှင့် တရားတောင်းကို ပြပြီး၍ ပဋ္ဌာန်းပစ္စည်း ရေးသားလတ္တံ့သော ဝိပဿနာဟောပြောနည်း အသီးသီးတို့တွင် ဟေတုပစ္စည်းစသည် (၂၄)ပစ္စည်း ပဋ္ဌာန်းနည်းဖြင့် ဝိပဿနာ အလုပ်တရားကြီးကို ပွားများ အားထုတ်ကြသော ယောဂီပုဂ္ဂိုလ်တို့အား နှိပ်စက် ဖျက်ဆီးတတ်သော ရန်သူအကြီးစား**

## မာရ်စစ်သည်(၁၀)ပါးတို့ကို ရှေးဦးစကား အကျဉ်းအားဖြင့် ရေးသား လင်းပြခြင်း

မေး ဘာဝနာ ပွားများလိုသော ရဟန်းရှင်လူ ခပ်သိမ်းကုန်သော ယောဂီဖြူအပေါင်း သူတော်ကောင်းတို့က သဒ္ဓါဗိုလ်, ဝီရိယဗိုလ်, သတိဗိုလ်, သမာဓိဗိုလ်, ပညာဗိုလ် တည်းဟူသော ဗိုလ်ကြီးငါးပါး သူရဲကောင်း စစ်သည်တော်သားများနှင့် မနိုင်နိုင်အောင် နေ့ရော ညဉ့်ပါ ဘယ်ခါမနား အပြင်းအထန် တွန်းလှန်တိုက်ခိုက်ရမည့် မာရ်စစ်သည်တရား ရန်သူအကြီးစားတို့ကား အဘယ်နှစ်ပါး ရှိပါသနည်း။

| ပါဠိဘာသာ | တိုမြန်မာဘာသာ |
|---|---|
| ဖြေ ၁ ကာမ | ကိလေသာကာမ၊ |
| ၂ အရတိ | ပျင်းရိခြင်း၊ |
| ၃ ခုပ္ပိပါသ | ဆာလောင်မွတ်သိပ်ခြင်း၊ |

| | | |
|---|---|---|
| ၄ | တဏှာ | ပရိယေသနတဏှာ၊ |
| ၅ | ထိနမိဒ္ဓ | အိပ်ငိုက်ခြင်း၊ |
| ၆ | ဘီရု | ထိတ်လန့် ကြောက်ရွံ့ခြင်း၊ |
| ၇ | ဝိစိကိစ္ဆာ | သို့လောသို့လောတွေးတောယုံမှားခြင်း၊ |
| ၈ | မက္ခထမ္ဘ | သူ့ကျေးဇူးကို ချေဖျက်ခြင်း ခက်ထန်ခိုင်မာခြင်း၊ |
| ၉ | လာဘ, သက္ကာရ, သိလောက မိစ္ဆာယသ | လာဘ်,ပူဇော်သက္ကာရ,အကျော်အစောယုတ်သော အခြွေအရံရှိခြင်း၊ |
| ၁၀ | အတ္တုက္ကံသန ပရဝမ္ဘန | မိမိကိုယ်ကို ချီးမြှောက် သူတပါးကို နှောက်ချခြင်း၊ |

ပေါင်း မာရ်စစ်သည် (၁၀)ပါးတည်း။

ဤသို့လျှင် ၎င်းတွန်းလှန်တိုက်ခိုက်ရမည့် မာရ်စစ်သည်တရား ရန်သူအကြီးစားတို့ကား ဆယ်ပါးရှိပါသည်။

**မေး** ၎င်း ရန်သူအကြီးစား မာရ်စစ်သည် ဆယ်ပါးတို့၏ အကိုးပါဠိကား အဘယ်သည်တို့ပါနည်း။

**ဖြေ** ကာမာ တေ ပဌမာ သေနာ၊ ဒုတိယာ အရတိ ဝုစ္စတိ။
တတိယာ ခုပ္ပိပါသာ တေ၊ စတုတ္ထီ တဏှာ ပဝုစ္စတိ။
ပဉ္စမီ ထိနမိဒ္ဓံ တေ၊ ဆဋ္ဌီ ဘီရု ပဝုစ္စတိ။
သတ္တမီ ဝိစိကိစ္ဆာ တေ၊ မက္ခော ထမ္ဘော စ အဋ္ဌမာ။
လာဘော သိလောကော သက္ကာရော၊ မိစ္ဆာလဒ္ဓေါစ ယော ယသော။
ယော စတ္တာနံ သမုက္ကံသေ၊ ပရေ စ မဝဇာနာတိ။

သုတ္တနိပါတ် ပဓာနသုတ် ပါဠိတော်

**တို့မြန်မာလို ပြန်ဆိုရန်ကား–** နမုစိ၊ ဗြဟ္မာ လူနတ် ရသေ့ရဟန်း စသော ယောဂီပရိသတ်ကို ပဋိစ္စသမုပ္ပါဒ် ရဟတ်စက်ဝင်္ဂ သံသာညွတ်မှ မလွတ်စေမူ

လို့လပြုသည့် ဗိုလ်ထုကြီးမား ဟယ်-မာရ်နတ်သား....။ ကာမာ၊ ကိလေသာ ကာမတို့သည်။ တေ၊ သင်မာရ်နတ်၏။ ပဌမာသေနာ၊ပဌမစစ်သည် တပ်မကြီး ပင်တည်း။ အရတိ၊ ပျင်းရိခြင်းကို။ ဒုတိယာသေနာ၊ ဒုတိယစစ်သည် တပ်မကြီး ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ခုပ္ပိပါသာ၊ ဆာလောင်မွတ်သိပ်ခြင်းသည်။ တေ၊ သင်မာရ်နတ်၏။ တတိယာ၊ တတိယ စစ်သည် တပ်မကြီးပင်တည်း။ တဏှာ၊ ရှာမှီးခြင်း တဏှာကို။ စတုတ္ထီ၊ စတုတ္ထ စစ်သည် တပ်မကြီးဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်၏။

ထိနမိဒ္ဓံ၊ စိတ်, စေတသိက်တို့ မရွှင်မလန်း မခန့်ကျန်းဘဲ တသန်းသန်း တဝေဝေ အိပ်ငိုက်ခြင်း အခြေအနေသည်။ တေ၊ သင်မာရ်နတ်၏။ ပဉ္စမီ၊ ပဉ္စမ စစ်သည် တပ်မကြီးပင်တည်း။ ဘီရု၊ ထိတ်လန့်ကြောက်ရွံ့ခြင်းကို။ ဆဋ္ဌီ၊ ဆဋ္ဌ စစ်သည်တပ်မကြီးဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်၏။ ဝိစိကိစ္ဆာ၊ ငါပြုသည်ကား ဟုတ်လေလား,မဟုတ်လေလား စသောအားဖြင့် တွေးတော ယုံမှားခြင်းသည်။ တေ၊ သင်မာရ်နတ်၏။သတ္တမီ၊ သတ္တမ စစ်သည်တပ်မကြီးပင်တည်း။မက္ခော စ၊ သူ့ကျေးဇူးကို ချေဖျက်ခြင်းသည်ရင်း။ ထမ္ဘော စ၊ ခက်ထန် ခိုင်မာခြင်း သည်ရင်း။ တေ၊ သင်မာရ်နတ်၏။ အဋ္ဌမာ၊ အဋ္ဌမ စစ်သည် တပ်မကြီး ပင်တည်း။

ယော လာဘော စ၊ အကြင်ရအပ်သော လာဘ်ပေါများခြင်းသည်ရင်း။ ယော သိလောကော စ၊ အကြင် အကျော်အစောသည်ရင်း။ယော သက္ကာရော စ၊ အကြင် ပစ္စည်းလေးပါးတို့ဖြင့် ရိုသေကော်ရော် ပူဇော်သက္ကာရ ပြုခြင်းသည် ရင်း။မိစ္ဆာလဒ္ဓေါ၊ မကောင်းသဖြင့် ရအပ်သော။ဝါ- ဓမ္မပဋိရူပကော၊ တရားတု တရားယောင် နားထောင်ဘွယ် အတ္တုပ္ပတ် မဟုတ်မဟတ်လုပ်၍ ဟောပြသဖြင့် ရအပ်သော။ ယော ယသော စ၊ အကြင် စက်ဆုပ်အပ်သော မိစ္ဆာ အခြွေ အရံ အစေခံ ပရိသတ်သည်ရင်း။ အတ္ထိ၊ ရှိ၏။ သော သဗ္ဗော၊ ထိုအလုံးစုံသည်။ တေ၊ သင်မာရ်နတ်၏။ နဝမာ၊ နဝမ စစ်သည် တပ်မကြီးပင်တည်း။ ယော၊ အကြင်သူသည်။ အတ္တာနံ စ၊ မိမိကိုယ်ကိုသာလျှင်။ သမုက္ကံသေ၊ ချီးမြှောက် ၏။ ပရေ စ၊ သူတပါးတို့ကိုကား။ အဝဇာနာတိ၊ မထေမဲ့မြင် မထီလေးစား မခံ့မညား အမှတ်မထား ပြု၏။ ဝါ- အောက်ချ၏။ သော၊ ထိုအတ္တုက္ကံသန

ပရဝမ္ဘန အမှုပြုသောသူသည်။ တေ၊ သင်မာရ်နတ်၏။ ဒသမာ၊ ဒသမ စစ်သည် တပ်မကြီးပင်တည်း။

## ဤသို့လျှင် သုတ္တနိပါတ် ပဓာနသုတ် ပါဠိတော် လာသည်နှင့်ညီစွာ ဆောင်ပုဒ်

**ကာမ, ပျင်းရိ၊ မွတ်သိပ်ဘိနှင့်၊ လိုရှိတဏှာ၊ အိပ်ငိုက်ခါဖြင့်၊ ဘယာဘီရု၊ ယုံမှုကိစ္ဆာ၊ ပယ်ခွါကျေးဇူး၊ ပျော့မြူးခြေရုံ၊ အတ္တုက္ကံသန၊ ဆယ်ပါးပြသည်၊ မှတ်ကြ မာရ်စစ် ဆယ်ပါးတည်း။**

ဟူသော အကျဉ်းချုပ် လင်္ကာအရမှာ ပြဟူ့ာ နတ်လူ ရသေ့ ရဟန်းစသည် ပုဂ္ဂိုလ်အပေါင်း သူတော်ကောင်းတို့အား သဒ္ဓါ,သီလစသည် သူတော်ကောင်း ဥစ္စာခုနစ်ပါးတို့ကို ပျက်စီး ဆုံးရှုံးသွားအောင် အမြဲမပြတ် တိုက်ခိုက် ဖျက်ဆီး တတ်သော ရန်သူအကြီးစား မာရ်စစ်သည်ဆယ်ပါးတို့၏ အကိုးပါဌ်နှင့် လင်္ကာ တို့ကား ဤသည်တို့ပါတည်း။

**အမှာ** ထိုသို့ ဟောပြအပ်သော မာရ်စစ်သည်ဆယ်ပါး ရန်သူအကြီးစားတို့ကို ထင်ရှားစွာ ကြည့်ရှုကြပြီးလျှင် မိမိကိုယ်သန္တာန်သို့ မငင်နိုင်ရန် သဒ္ဓါ ဗိုလ်စသည် ဗိုလ်ငါးပါးတို့ဖြင့် အမြဲ တွန်းလှန် တိုက်ခိုက်ကြပါလေ ယောဂီမြတ်တွေတို့။

**ဟောတုပစ္စည်းစသည် (၂၄)ပစ္စည်း ပဋ္ဌာန်းနည်းတို့ဖြင့် အကြောင်းကို သိမ်းဆည်း၍ ဝိပဿနာအလုပ်ကို အားထုတ်လိုသော ယောဂီပုဂ္ဂိုလ်တို့သည် နှုတ်ငုံရရှိ၍ သိနိုင်ကြစေရန် ဝိသုဒ္ဓိ ၇-တန်ကို**

## တိုမြန်မာလင်္ကာနှင့်တကွ အကျဉ်းမျှ လင်းပြခြင်း

**မေး** သမထ ဘာဝနာ, ဝိပဿနာ ဘာဝနာတို့ကို ပွါးများ အားထုတ်ကြ သော ယောဂီပုဂ္ဂိုလ်တို့သည် ရှေးအဘို့က ကြိုတင်၍ ပြုကျင့်အပ်သော ဝိသုဒ္ဓိ တရား အားထုတ်ဆဲအခါ၌ ဘာဝနာ၏ တန်ခိုးကြောင့် ဖြစ်ပေါ်၍လာတတ် သော ဝိသုဒ္ဓိတရားတို့ကား အဘယ်နှစ်ပါး ရှိပါသနည်း။

| ပါဠိဘာသာ | တို့မြန်မာဘာသာ |
|---|---|
| ဖြေ ၁ သီလဝိသုဒ္ဓိ | သီလ၏ စင်ကြယ်ခြင်း၊ |
| ၂ စိတ္တဝိသုဒ္ဓိ | သမာဓိစိတ်၏ စင်ကြယ်ခြင်း၊ |
| ၃ ဒိဋ္ဌိဝိသုဒ္ဓိ | ရုပ်နာမ်သိမှုကို ပိုင်နိုင်သဖြင့် အယူ၏ စင်ကြယ်ခြင်း၊ |
| ၄ ကင်္ခါဝိတရဏဝိသုဒ္ဓိ | ရုပ်နာမ်၏ အကြောင်းသိမှုကို ပိုင်နိုင်သဖြင့် ယုံမှားခြင်း၏ စင်ကြယ်ခြင်း၊ |
| ၅ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ | မဂ်ဟုတ်သည် မဟုတ်သည်ကို သိသော ဉာဏ်အမြင်၏ စင်ကြယ်ခြင်း၊ |
| ၆ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ | အကျင့်ဖြစ်သော ဝိပဿနာဉာဏ် ကိုးပါးတို့ အမြင်၏ စင်ကြယ်ခြင်း၊ |
| ၇ ဉာဏဒဿနဝိသုဒ္ဓိ | နိဗ္ဗာန်ကို သိနိုင်သော မဂ်ဉာဏ်အမြင်၏ စင်ကြယ်ခြင်း၊ |

ပေါင်း ဝိသုဒ္ဓိ (၇)ပါးတည်း။

ဤသို့လျှင် ဝိသုဒ္ဓိတရားတို့ကား (၇)ပါးရှိပါသည်။

မေး ၎င်း ဝိသုဒ္ဓိတရား ၇-ပါးကို ဉာဏ်နုသူတို့ပါ လွယ်ကူစွာ မှတ်သားနိုင်ကြစေရန် တို့မြန်မာလင်္ကာဖြင့် အဘယ်လို မိန့်ဆိုပါသနည်း။

ဖြေ ၁ စတုပါရိသုဒ္ဓိ တံခွန်၏ အလွန်ဖြူစင် မှုမတင်ခြင်း တည်းဟူသော သီလဝိသုဒ္ဓိ၊

၂ မဟဂ္ဂုတ် အပ္ပနာစျာန်၌သာလျှင် မြဲမြံစွာ လေ့လာခြင်း တည်းဟူသော စိတ္တဝိသုဒ္ဓိ၊

၃ ခြောက်ဆယ့်နှစ်ဖြာသော မိစ္ဆာဝါဒီ ဝိတဏ္ဍိညစ်ကြေးမှ ကင်းဝေးစင်ဖြူလျက် အယူ၏ စင်ကြယ်ခြင်းတည်းဟူသော ဒိဋ္ဌိဝိသုဒ္ဓိ၊

၄ တဆယ့်ခြောက်ပါးသော ယုံမှားသင်္ကာကို ဖြတ်ခွါလွန်မြောက်နိုင်သော ဉာဏ်၏ စင်ကြယ်ခြင်း တည်းဟူသော ကင်္ခါဝိတရဏ ဝိသုဒ္ဓိ၊

၅ မဂ်ဟုတ်သည် မဟုတ်သည်ကို မြင်နိုင်သော ဉာဏ်၏ စင်ကြယ်ခြင်း တည်းဟူသော မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၊
၆ မဂ်သို့ရောက်ကြောင်း အကျင့်ကောင်းကို မြင်နိုင်သော ဉာဏ်၏ စင်ကြယ်ခြင်းတည်းဟူသော ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ၊
၇ မဂ်လေးရပ်နှင့် သဟဇာတ် သမ္ပယုတ်ဖြစ်၍ သစ္စာလေးတန်ကို (၁၆)နက်ဝေဘန်၍ ကေန်သိမြင်နိုင်သော ဉာဏ်၏ စင်ကြယ်ခြင်း တည်းဟူသော ဉာဏဒဿနဝိသုဒ္ဓိ၊

ပေါင်း ဝိသုဒ္ဓိ (၇)ပါးတည်း။

ဤသို့လျှင် ၎င်းဝိသုဒ္ဓိ ၇-ပါးကို ဉာဏ်နုသူတို့ပါ လွယ်ကူစွာ မှတ်သားနိုင်ကြစေရန် တို့မြန်မာလက်ာဖြင့် ဤလိုမိန့်ဆိုပါသည်။

**မှာထား တိုက်တွန်းချက်** ဤဝိသုဒ္ဓိ (၇) ပါး လင်္ကာစကားတို့ကို ထွားထွား ကျေညက် အရကျက်၍ ထားကြပါလေ ယောဂီမြတ်တွေတို့။

**ဟေတုပစ္စည်းစသည် (၂၄)ပစ္စည်း ပဋ္ဌာန်းနည်းဖြင့် အကြောင်းကိုသိမ်းဆည်း၍ ဝိပဿနာအလုပ်ကို အားထုတ်လိုသော ယောဂီပုဂ္ဂိုလ် တို့သည် နှုတ်ငုံရရှိ၍ သိနှင့်ကြစေရန် ဝိပဿနာဉာဏ် ၁၆-တန်တို့ကို**

## တို့မြန်မာလင်္ကာနှင့်တကွ အကျဉ်းမျှ လင်းပြခြင်း

**မေး** သမထ ဘာဝနာ, ဝိပဿနာ ဘာဝနာတို့ကို ပွားများ အားထုတ်ကြသော ယောဂီပုဂ္ဂိုလ်တို့သည် ရှေးအဘို့က ကြိုတင်၍ ပြုကျင့်အပ်သော ဝိသုဒ္ဓိတရားကို အားထုတ်ဆဲအခါ၌ ဘာဝနာ၏တန်ခိုးအားကြောင့် ဖြစ်ပေါ်၍လာသော ဝိသုဒ္ဓိတရားတို့နှင့် အတွဲ အတွဲ အစုံ အစုံ ဖြစ်ပေါ်၍လာတတ်သော ဝိပဿနာဉာဏ်တရားတို့ကား အဘယ်နှစ်ပါးရှိပါသနည်း။

| | ပါဠိဘာသာ | တို့မြန်မာဘာသာ |
|---|---|---|
| **ဖြေ** | ၁ နာမရူပ ပရိစ္ဆေဒဉာဏ် | ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို ပိုင်းခြား၍ သိမြင်သောဉာဏ်၊ |
| | ၂ နာမရူပပစ္စယပရိဂ္ဂဟဉာဏ် | ရုပ်နာမ်တရားတို့၏ အကြောင်းကို သိမ်းဆည်း၍ သိမြင်သောဉာဏ်၊ |

| | | |
|---|---|---|
| ၃ | သမ္မသနဉာဏ် | ရုပ်နာမ်တို့သည် မျက်တောင် တခတ် လျှပ်တပြက်မျှ အသက်ရှည်၍ တည်နေနိုင်သော တရားမျိုးမဟုတ်ဟု ကာလ သုံးပါး၌ အဖန်ဖန် သုံးသပ်၍ ဆုံးဖြတ်သောဉာဏ်၊ |
| ၄ | ဥဒယဗ္ဗယဉာဏ် | ရုပ်နာမ်တို့၏ အဖြစ်အပျက်ကို ရှုသောဉာဏ်၊ |
| ၅ | ဘင်္ဂဉာဏ် | ရုပ်နာမ်တို့၏ အပျက်ကိုသာ ရှုသောဉာဏ်၊ |
| ၆ | ဘယဉာဏ် | ရုပ်နာမ်တို့၏ ဘေးကြီးတွေ ထင်သောဉာဏ်၊ |
| ၇ | အာဒီနဝဉာဏ် | ရုပ်နာမ်တို့၌ အပြစ်ကြီးတွေ ထင်သောဉာဏ်၊ |
| ၈ | နိဗ္ဗိန္ဒဉာဏ် | ရုပ်နာမ်တို့၌ ငြီးငွေ့သောဉာဏ်၊ |
| ၉ | မုစ္စိတုကမျတာဉာဏ် | ရုပ်နာမ်တို့မှ လွတ်လိုသောဉာဏ်၊ |
| ၁၀ | ပဋိသင်္ခါဉာဏ် | အမြန်လွတ်အောင် ရုပ်နာမ်တို့၏ အဖြစ်အပျက်ကို တဖန် ရှုပြန်သောဉာဏ်၊ |
| ၁၁ | သင်္ခါရုပေက္ခာဉာဏ် | ရုပ်နာမ်တို့၌ လျစ်လျူရှုသောဉာဏ်၊ |
| ၁၂ | အနုလောမဉာဏ် | ရှေ့ဝိပဿနာ ၉-ပါး နောက်မဂ်ဉာဏ်များနှင့် လျော်သောဉာဏ်၊ |
| ၁၃ | ဂေါတြဘူဉာဏ် | ပုထုဇန်အနွယ်ကို ဖြတ်သောဉာဏ်၊ |
| ၁၄ | မဂ်ဉာဏ် | သစ္စာလေးပါး နိဗ္ဗာန်တရားကို မြင်သောဉာဏ်၊ |
| ၁၅ | ဖိုလ်ဉာဏ် | မဂ်ဉာဏ်၏ အကျိုးဖြစ်သော ဖိုလ်ဇော နှစ်ကြိမ်, သုံးကြိမ်နှင့် ယှဉ်သောဉာဏ်၊ |
| ၁၆ | ပစ္စဝေက္ခဏာဉာဏ် | မဂ် ဖိုလ် နိဗ္ဗာန် ပယ် ကျန် ကိလေသာကို ဆင်ခြင်နိုင်သောဉာဏ်။ |

ဤသို့လျှင် ဝိပဿနာဉာဏ်တရားတို့ကား (၁၆)ပါး ရှိပါသည်။

မေး ၎င်း ၁၆-ပါးဟု ဆိုအပ်သော ဝိပဿနာဉာဏ်တရားတို့ကို ဉာဏ်နုသူတို့ပါ လွယ်ကူစွာ မှတ်သားနိုင်ကြစေရန် တို့မြန်မာကဗျာဖြင့် အဘယ်လို မိန့်ဆိုပါသနည်း။

ဖြေ ၁ ခန္ဓာငါးပါး၊ ပိုင်းခြားရုပ်နာမ်၊ သိဉာဏ်သဘာဝ၊ ထင်မြင်က၊ နာမရူပ ပရိစ္ဆေဒဉာဏ်။

၂ ခန္ဓာငါးပါး၊ ရခြားရုပ်နာမ်၊ ဖြစ်ရန်အကြောင်း၊ ရှေးဟောင်းအဝိဇ္ဇာ၊ တဏှာဉပါဒါန်၊ ကံ စိတ် ဥတု၊ ဟာရစုနှင့်၊ ဖြစ်မှုကြောင်းပြ၊ ပဋိစ္စတည်း၊ ပဋ္ဌာန်းနည်းဝယ်၊ ၂၄-ဖြာ၊ ပစ္စည်းသာဟု၊ ဖြစ်မှုကြောင်းပြ၊ သိမ်းဆည်းက၊ ပစ္စယပရိဂ္ဂဟဉာဏ်။

၃ ရုပ်နာမ်ဓမ္မ၊ ဟူသမျှတို့၌၊ လက္ခဏာယာဉ်၊ သုံးပါးသို့တင်၍၊ ကာလသုံးပါး၌ ပျက်ပြီး, ပျက်ဆဲ, ပျက်လတ္တံ့ဟု သာမညပျက်ကိုသာ ရှုသော သမ္မသနဉာဏ်။

၄ အကြောင်းတရား၊ ငါးပါးကိုယ်စီ၊ အကုန်ချီလျက်၊ ဖြစ်ခြင်း ပျက်ခြင်း၊ ဤနှစ်ခင်းကို၊ ထင်လင်းစွာ သုံးသပ် ရှုဆင်ခြင်နိုင်သော ဥဒယဗ္ဗယဉာဏ်။

၅ ဖြစ်သည်ဓမ္မ၊ ဟူသမျှတို့၊ ပျက်ရဘို့၌၊ အပျက်သာလျှင်၊ သက်သက်ထင်သော ဘင်္ဂဉာဏ်။

၆ အပျက်လျှင်မြန်၊ အမြင်သန်၍၊ လူ့ဌာန် နတ်ရွာ၊ ဗြဟ္မာအထု၊ ဘုံသုံးခုကို၊ ရှုတိုင်းမျှော်တိုင်း၊ ကြက်သီးလှိုင်း၍၊ ပြိုင်းပြိုင်းထရှိ၊ ကြောက်အားတိသော ဘယဉာဏ်။

၇ ကြောက်အားကိုးနှင့်၊ ခိုကိုးစရာ၊ လိုက်၍ရှာလည်း၊ ဆံလွှာမျှမျှ၊ ခိုကိုးရာရှာမရ၍၊ ရှေးထက်အလွန်၊ အကြောက်သွန်သော အာဒီနဝဉာဏ်။

၈ ကြောက်ဘွယ်လန့်ဘွယ်၊ ဘုံသုံးသွယ်၌၊ ကိုးကွယ်ရာမဲ့၊ ခိုရာမဲ့လျှင်၊ မြင်ပါတုံ၍၊ မမွေ့မလျော်၊ မပျော်နိုင်ဘဲ၊ စိတ်ထဲရေးရေး၊ တဆွေးပူပူ၊ တယူတတ၊ ငြီးငွေ့လှသော နိဗ္ဗိန္ဒဉာဏ်။

၉ ကြောက်စရာ လန့်စရာ၊ ဘုံသုံးဖြာတွင်၊ မီးကျီးတွင်းပမာ၊ ထင်မြင်လာသော်၊ မပျော်မမွေ့၊ လွန်ငြီးငွေ့၍၊ ယနေ့ခုပင်၊ လွတ်ထဲ့ချင်သော မုစ္စိတုကမျတာဉာဏ်။

၁၀ အဆောတလျင်၊ လွတ်ချင်အားကြီး၊ အကြံသည်း၍၊ အနည်းနည်းအနာနာ၊ လွတ်စရာလမ်းတွေကို၊ ရှာဖွေသိမ်းပိုက်၊ အပူတိုက်သော ပဋိသခ်ါဉာဏ်။

၁၁ လမ်းရှိသလောက်၊ အပြီးမြောက်၍၊ အကြောက်လည်းပြေ၊ အနေလည်းမျှ၊ ကြောင့်ကြမပူ၊ လျစ်လျူရှုသော သခ်ါရုပေက္ခာဉာဏ်။

၁၂ ရှေးဝိပဿနာဉာဏ်၊ နောက်မှာ ဖိုလ်မဂ်၊ အဆက်ပြေညောင်း၊ ဂဟောကောင်းနှင့်၊ ရွှေကောင်းပတ္တမြား၊ ဆော်၍ထားသို့၊ အသွားညက်ညော၊ လွန်ချောမောသော သစ္စာနုလောမဉာဏ်။

၁၃ ပုထုဇန်နွယ်၊ ဖြတ်ပယ်၍သာ၊ အရိယာဖြစ်ကြောင်း၊ ကောင်းစွာမဂ်ရှေ့၊ ဝင္ဇန်းဖြစ်၍၊ ကြုံတွေ့နိဗ္ဗာန်၊ အာရုံခံ၊ ဖြစ်ဟန် ဂေါတြဘူဉာဏ်။

၁၄ ပုထုဇန်နွယ်၊ ဖြတ်ပယ်ပြီးခါ၊ သစ္စာလေးချက်၊ (၁၆)နက်ကို၊ အလိုလိုသိ၊ မဂ်ရောက်ဘိ၍၊ ရောက်သည့် နိဗ္ဗာန်၊ အာရုံခံ၊ ဖြစ်ဟန်သောမဂ်ဉာဏ်။

၁၅ ဉာဏ်နှ ဉာဏ်ထက်၊ သောတာမဂ်နောက်၊ ဖိုလ်ရောက် ဒွေး, တိ၊ ဉာဏ်စဉ်ရှိ၊ မှတ်ဘိ သောဖိုလ်ဉာဏ်။

၁၆ ဖိုလ်ဉာဏ်နောက်မှာ၊ မဂ်ပါ ဖိုလ်စွက်၊ နိဗ္ဗာန်ဘက်၍၊ ပယ်ဖျက်ကိလေ၊ ကျန်ကိလေပါ၊ ငါးဖြာသဘာဝ၊ ဆင်ခြင်က၊ ပစ္စဝေက္ခဏာဉာဏ်။

ဤသို့လျှင် ၎င်း (၁၆)ပါးသော ဝိပဿနာဉာဏ် တရားတို့ကို ဉာဏ်နုသူတို့ပါ လွယ်ကူစွာ မှတ်သားနိုင်ကြစေရန် တို့မြန်မာလင်္ကာဖြင့် ဤလို မိန့်ဆိုပါသည်။

**အထူး မှာထား တိုက်တွန်းချက်** ဤသို့ မိန့်ဆိုအပ်ရာ ၁၆ ဖြာသော လင်္ကာတို့ကို ဝိပဿနာအရာ၌ လိမ္မာပွန်းတည်း ပညာရှိကြီးတဆူ တံခွန်

ထူ၍ ဝိပဿနာမူ နည်းယူလိုသော ယောဂီဖြူတို့အား ဟောကြားပြသ နည်းပေးတတ်ကြလေအောင် အရဆောင်ကြပါလေ ယောဂီအပေါင်း သူတော်ကောင်းတွေတို့။

## သစ္စာလေးပါး တရားတို့ကို မသိခြင်းကြောင့် သံသရာဝဋ်ထဲ၌ အမြဲကျင်လည်ရပုံကို အကျဉ်းမျှ လင်းပြခြင်း

**မေး** ကာမ, ရူပ, အရူပဟု ဆိုအပ်သော (၃၁) ဘုံ တည်းဟူသော ဩကာသ လောကကြီး၏ အတွင်း၌ တည်ရှိကြကုန်သော အပါယ်ဘုံသားနှင့် လူနတ်အများ သတ္တဝါအစားစားတို့သည် မအိုချင်ဘဲလျက် အိုရခြင်း၊ မနာချင်ဘဲလျက် နာရချင်း၊ မသေချင်ဘဲလျက် သေရခြင်း၊ အပါယ်လေးပါးသို့ မလားချင်ဘဲလျက် လားရခြင်း တည်းဟူသော သံသရာဝဋ်ဒုက္ခ အမျိုးမျိုးတို့၌ ရှည်လျားမြဲမြံ တပြောင်းပြန်ပြန် ခံနေရခြင်းသည် အဘယ်တရားတို့ကို မသိခြင်းကြောင့် ဖြစ်ရပါသနည်း။

**ဖြေ** စတုန္နံ ဘိက္ခဝေ အရိယသစ္စာနံ ယထာဘူတံ အဒဿနာ အနနုဗောဓာ အပ္ပဋိဝေဓာ ဧဝမိဒံ ဒီဃမဒ္ဓါနံ သန္ဓာဝိတံ သံသရိတံ မမဉ္စေဝ တုမှာကဉ္စ။

သုတ်မဟာဝါ ပါဠိတော်

**တို့မြန်မာဘာသာလို ပြန်ဆိုရန်ကား** ဘိက္ခဝေ၊ ရဟန်းတို့။ စတုန္နံ၊ လေးပါးကုန်သော။ အရိယသစ္စာနံ၊ အရိယာသစ္စာတို့ကို။ ယထာဘူတံ၊ ဟုတ်မှန်သည့်အတိုင်း။ အဒဿနာ၊ ဉာတပရိညာဖြင့် မမြင်ခြင်းကြောင့်။ အနနုဗောဓာ၊ တီရဏပရိညာဖြင့် လျှောက်ပတ်စွာ မသိခြင်းကြောင့်။ အပ္ပဋိဝေဓာ၊ ပဟာနပရိညာဖြင့် ထိုးထွင်း၍ မသိခြင်းကြောင့်။ မမဉ္စေဝ၊ ငါဘုရားသည်၎င်း။ တုမှာကဉ္စ၊ သင်ချစ်သားတို့သည်၎င်း။ ဧဝံ၊ ဤသို့။ ဣဒံ ဒီဃမဒ္ဓါနံ၊ ဤရှည်မြင့်စွာသော သံသရာပတ်လုံး။ သန္ဓာဝိတံ၊ ကျင်လည်အပ်လှလေပြီ။ သံသရိတံ၊ တပြောင်းပြန်ပြန် အဖန်တလဲလဲ အမြဲဒုက္ခ ခံနေအပ်လှလေပြီ။

## ဤသို့ မြတ်စွာဘုရား ဟောကြားတော်မူအပ်သော သုတ်မဟာဝါ ပါဠိတော်အလာ ဆောင်ပုဒ်

**၁။ သစ္စာတရား၊ မသိငြား၊ ရှည်လျား သံသရာ။**

**၂။ သစ္စာတရား၊ ဉာဏ်လုံးထွား၊ ရောက်ငြား နိဗ္ဗူတာ။**

ဟူသော တို့မြန်မာလင်္ကာနှင့်ညီစွာ (၃၁)ဘုံ၌ ကျင်လည်ကုန်သော သတ္တဝါတို့သည် သံသရာဝဋ္ဋဒုက္ခ၌ ရှည်လျားစွာ တပြောင်းပြန်ပြန် အဖန်တလဲလဲ ဆင်းရဲအမျိုးမျိုးတို့နှင့် တွေ့ကြုံ ခံနေရခြင်းသည်ကား သစ္စာလေးပါး တရားတို့ကို ဉာတပရိညာ, တီရဏပရိညာ, ပဟာနပရိညာတို့ဖြင့် မသိမမြင်ခြင်းကြောင့်ဖြစ်ပါသည်။

**မေး** ၎င်း မသိမမြင်ကြရသော သစ္စာလေးပါး တရားသည် ဘယ်မှာရှိပါသနည်း။

**ဖြေ** စတုသစ္စဝိနိမုတ္တော ဓမ္မော နာမ နတ္ထိ။

**တို့မြန်မာလို ပြန်ဆိုရန်ကား—** စတုသစ္စဝိနိမုတ္တော၊ သစ္စာလေးပါးမှ လွတ်သော။ ဓမ္မော နာမ၊ တရားမည်သည်။ နတ္ထိ၊ မရှိ။

**တနည်း** စတုသစ္စဝိနိမုတ္တော ဒေသနာ နာမ နတ္ထိ (သီလက္ခန္ဓ အဋ္ဌကထာ) စတုသစ္စဝိနိမုတ္တော၊ ဒု-သ-နိ-မဂ် သဘောနက်မှ လွတ်သော။ ဒေသနာ နာမ၊ ဘုရား တရား စကားတော်မည်သည်။ နတ္ထိ၊ မရှိ။

ဤသို့ ဟောတော်မူအပ်သော ဒေသနာတော်နှင့်အညီ မြတ်စွာဘုရားသည် ဟောကြားတော်မူအပ်သော သုတ်,ဝိနည်း, အဘိဓမ္မာဟု ဆိုအပ်သော သုံးတန်သော တရားတော်မြတ်ဝယ် အဘယ်တရား၌မဆို သစ္စာလေးပါးထိုက်သော တရားတို့မှလွတ်သော တရားမည်သည်မရှိဟု ဟောကြားတော်မူသည် ဖြစ်လေသောကြောင့် မြတ်စွာဘုရားသည် ဟောကြားတော်မူသော တရားတော်တိုင်းမှာပင် သစ္စာလေးပါး တရားရှိပါသည်။

## ဝေါဟာရသစ္စာကို လင်းပြခြင်း

**မေး** မြတ်စွာဘုရား ဟောကြားတော်မူအပ်သော တရားတိုင်းမှာ ပါရှိသည့် သစ္စာလေးပါးတရားတို့ကို ပါဠိဘာသာ မြန်မာဘာသာတို့ဖြင့် ခေါ်ဝေါ်ပြောဆို

ခြင်း ဝေါဟာရသစ္စာ (ဝါ-ဝိဇ္ဇမာန သဒ္ဒပညတ်) တို့ကား အဘယ်သည်တို့ပါနည်း။

| | ပါဠိဘာသာ | တို့မြန်မာဘာသာ |
|---|---|---|
| ဖြေ | ၁ ဒုက္ခသစ္စာ | ဆင်းရဲတာအမှန် (အကျိုးတရား) |
| | ၂ သမုဒယသစ္စာ | ဆင်းရဲကြောင်းအမှန် (အကြောင်းတရား) |
| | ၃ နိရောဓသစ္စာ | ဆင်းရဲနှင့် ဆင်းရဲကြောင်းတို့ ချုပ်ငြိမ်းရာ အမှန် (အကျိုးတရား) |
| | ၄ မဂ္ဂသစ္စာ | ဆင်းရဲနှင့် ဆင်းရဲကြောင်းတို့ ချုပ်ငြိမ်းရာသို့ ရောက်ကြောင်းအမှန် (အကြောင်းတရား) |

ပေါင်း ဝေါဟာရသစ္စာ လေးမျိုးတည်း

ဟူသော ဆိုရိုးအရ မြတ်စွာဘုရား ဟောကြားတော်မူအပ်သော တရားတော်တိုင်းမှာ ပါရှိသည့် သစ္စာလေးပါးတရားတို့ကို ပါဠိဘာသာ မြန်မာဘာသာတို့ဖြင့် ခေါ်ဝေါ်ပြောဆိုခြင်း ဝေါဟာရသစ္စာ(ဝါ-ဝိဇ္ဇမာန သဒ္ဒပညတ်)တို့ကား ဤသည်တို့ပါတည်း။

## သဘာဝသစ္စာကို လင်းပြခြင်း

**မေး** ၎င်း ပါဠိဘာသာ မြန်မာဘာသာတို့ဖြင့် ခေါ်ဝေါ် ပြောဆိုခြင်း ဝေါဟာရသစ္စာ ဝိဇ္ဇမာနသဒ္ဒပညတ်ဖြင့် ခေါ်ဝေါ်ပြောဆိုအပ်သော ပရမတ်ဆတ်ဆတ်ဖြစ်သည့် သဘာဝသစ္စာတရားတို့ကား အဘယ်သည်တို့ပါနည်း။

**ဖြေ** ၁ ဒွါရခြောက်ပါး အာရုံ ၆-ပါးတို့နှင့် တကွ ဒွါရခြောက်ပါးတို့၌ဖြစ်သော (လောဘမှ တပါး) ကောင်း,မကောင်း နှစ်စား စသည် နာမ်ရုပ်တရား ဝဋ်ဆိုးသုံးပါးတို့ကား ဒုက္ခသစ္စာ၊

၂ ဤဝဋ်ဆိုးတရားသုံးပါး ဒုက္ခသစ္စာ အစားစားတို့ကို ခင်မင် သာယာ တွယ်တာ ကပ်ငြိခြင်းတဏှာကား သမုဒယသစ္စာ၊

၃ ဤဒုက္ခ, သမုဒယ သစ္စာနှစ်ပါးတို့ ချုပ်ငြိမ်းရာနိဗ္ဗာန်ကား နိရောဓသစ္စာ၊

၄ ဤဒုက္ခ, သမုဒယသစ္စာ နှစ်ပါးတို့ ချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း ကောင်းမြတ်သော မဂ္ဂင်ရှစ်ပါး အကျင့်မြတ်တရားကား မဂ္ဂသစ္စာ။

ပေါင်း သဘာဝသစ္စာ လေးမျိုးတည်း

ဟူသော ဆိုရိုးအရ ဝေါဟာရသစ္စာ ဝိဇ္ဇမာန သဒ္ဒပညတ်ဖြင့် ခေါ်ဝေါ်ပြောဆိုအပ်သော ပရမတ် ဆတ်ဆတ်ဖြစ်သည့် သဘာဝသစ္စာတရားတို့ကား ဤသည်တို့ပါတည်း။

## သဘာဝသစ္စာလေးပါးတို့ကို ကိစ္စလေးပါးတို့နှင့် ယှဉ်စပ်၍ ပြခြင်း

**မေး** "သိပယ်ဆိုက်ပွား၊ လေးပါးကိစ္စ၊ အပိုင်ရ၊ မုချပရမတ်" ဟူသော ပရမတ္ထသံခိပ် လင်္ကာအရ ပရမတ္ထတရားတို့၌ ရသင့်ရထိုက်သော ကိစ္စလေးပါးတို့ကို ပါဠိဘာသာအားဖြင့် အဘယ်သို့ သိအပ်သနည်း။

**ဖြေ** ပရမတ္ထ တရားတို့၌ ရသင့် ရထိုက်သော ကိစ္စလေးပါး တို့ကား....
(၁) ပရိညေယျကိစ္စ (၂) ပဟာတဗ္ဗကိစ္စ (၃) သစ္ဆိကာတဗ္ဗကိစ္စ (၄) ဘာဝေတဗ္ဗကိစ္စဟူ၍ ပါဠိဘာသာအားဖြင့် ဤသို့ သိအပ်ပါသည်။

**မေး** ပရမတ်ဆတ်ဆတ်ဖြစ်သည့် သဘာဝသစ္စာတရား လေးပါးတို့ကို ကိစ္စလေးပါးတို့နှင့် ရသင့်သည်အတိုင်း အဘယ်သို့ ယှဉ်စပ်၍ သိအပ်ပါသနည်း။

**ဖြေ** ၁ ဒုက္ခသစ္စာသည် ပိုင်းခြား၍ သိအပ်သော ပရိညေယျကိစ္စ ရှိပါသည်။

၂ သမုဒယသစ္စာသည် ပယ်အပ်သော ပဟာတဗ္ဗကိစ္စ ရှိပါသည်။

၃ နိရောဓသစ္စာသည် မျက်မှောက်ပြုအပ်သော သစ္ဆိကာတဗ္ဗကိစ္စ ရှိပါသည်။

၄ မဂ္ဂသစ္စာသည် ပွားများအပ်သော ဘာဝေတဗ္ဗကိစ္စ ရှိပါသည်။

ဤသို့ ယှဉ်စပ်၍ သိအပ်ပါသည်။

သစ္စာလေးပါး၌ ကိစ္စလေးပါး ဖြစ်ပုံတည်း။

## မဂ္ဂင်ရှစ်ပါးကို အကျဉ်းမျှ လင်းပြခြင်း

**မေး** သစ္စာလေးပါးတို့တွင် ပွားများအပ်သော ဘာဝေတဗ္ဗကိစ္စရှိသော မဂ္ဂသစ္စာ၌ ပါဠိဘာသာ မြန်မာဘာသာဖြင့် ခေါ်ဝေါ် ပြောဆိုခြင်း ဝေါဟာရ မဂ္ဂင်သည် အဘယ်နှစ်ပါး ရှိပါသနည်း။

| ပါဠိဘာသာ | တို့မြန်မာဘာသာ |
|---|---|
| **ဖြေ** ၁ သမ္မာဝါစာ | ကောင်းသောစကားကို ပြောဆိုခြင်း၊ |
| ၂ သမ္မာကမ္မန္တ | ကောင်းသောအမှုကို ပြုလုပ်ခြင်း၊ |
| ၃ သမ္မာအာဇီဝ | ကောင်းသော အသက်မွေးခြင်း |

အားဖြင့် သီလက္ခန္ဓမဂ္ဂင် ၃-ပါး။

| | |
|---|---|
| ၁ သမ္မာဝါယာမ | ကောင်းသော အားထုတ်ခြင်း၊ |
| ၂ သမ္မာသတိ | ကောင်းသော အောက်မေ့ခြင်း၊ |
| ၃ သမ္မာသမာဓိ | ကောင်းသော တည်ကြည်ခြင်း |

အားဖြင့် သမာဓိက္ခန္ဓမဂ္ဂင် ၃-ပါး။

| | |
|---|---|
| ၁ သမ္မာဒိဋ္ဌိ | ကောင်းသော ဉာဏ်မြင်ခြင်း၊ |
| ၂ သမ္မာသင်္ကပ္ပ | ကောင်းသော ကြံစည်ခြင်း |

အားဖြင့် ပညာက္ခန္ဓ မဂ္ဂင် ၂-ပါး။

ပေါင်း မဂ္ဂင်ရှစ်ပါးဘည်း၊ ဤသို့လျှင် ပါဠိဘာသာ မြန်မာဘာသာဖြင့် ခေါ်ဝေါ်ပြောဆိုခြင်း ဝေါဟာရမဂ္ဂင်သည် ရှစ်ပါးရှိပါသည်။

## သဘာဝမဂ္ဂင်ရှစ်ပါးကို အကျဉ်းမျှ လင်းပြခြင်း

**မေး** ပါဠိဘာသာ မြန်မာဘာသာဖြင့် ခေါ်ဝေါ်ပြောဆိုခြင်း ဝေါဟာရမဂ္ဂင်ရှစ်ပါးတို့၏အရ သဘာဝမဂ္ဂင်တို့ကား အဘယ်သည်တို့ပါနည်း။

**ဖြေ** ၁ မဂ်စိတ် ၄-ခု၌ရှိသော သမ္မာဝါစာစေတသိက်သည် သမ္မာဝါစာမဂ္ဂင်၊

၂ မဂ်စိတ် ၄-ခု၌ရှိသော သမ္မာကမ္မန္တ စေတသိက်သည် သမ္မာကမ္မန္တ မဂ္ဂင်၊

၃ မဂ်စိတ် ၄-ခု၌ရှိသော သမ္မာအာဇီဝစေတသိက်သည် သမ္မာအာဇီဝ မဂ္ဂင်

အားဖြင့် သီလက္ခန္ဓမဂ္ဂင် ၃-ပါး။

၁ မဂ်စိတ် ၄-ခု၌ရှိသော ဝီရိယစေတသိက်သည် သမ္မာဝါယာမမဂ္ဂင်၊
၂ မဂ်စိတ် ၄-ခု၌ရှိသော သတိစေတသိက်သည် သမ္မာသတိမဂ္ဂင်၊
၃ မဂ်စိတ် ၄-ခု၌ရှိသော ဧကဂ္ဂတာ စေတသိက်သည် သမ္မာသမာဓိ မဂ္ဂင်

အာ ဖြင့် သမာဓိက္ခန္ဓမဂ္ဂင် ၃-ပါး။

၁ မဂ်စိတ် ၄-ခု၌ရှိသော ပညာစေတသိက်သည် သမ္မာဒိဋ္ဌိမဂ္ဂင်၊
၂ မဂ်စိတ် ၄-ခု၌ရှိသော ဝိတက်စေတသိက်သည် သမ္မာသင်္ကပ္ပမဂ္ဂင်

အားဖြင့် ပညာက္ခန္ဓမဂ္ဂင် ၂-ပါး။

ပေါင်း သဘာဝမဂ္ဂင် ရှစ်ပါးတည်း၊ ဤသို့လျှင် ဝေါဟာရမဂ္ဂင် ရှစ်ပါး တို့၏အရ သဘာဝမဂ္ဂင်တို့ကား ဤသည်တို့ပါတည်း။

မေး ၎င်း သမ္မာဝါစာ စသည် သဘာဝရှစ်ပါး မဂ္ဂင်တရားတို့ကို အဘယ့် ကြောင့် မဂ္ဂင်ခေါ်ပါသနည်း။

ဖြေ "ကိလေသေ မာရေန္တော ဂစ္ဆတီတိ မဂ္ဂေါ" (ဋီကာကျော်ပါဌ်)

**တိုမြန်မာလို ပြန်ဆိုရန်ကား—** ကိလေသေ၊ လောဘ, ဒေါသ, မောဟ စသော ကိလေသာတို့ကို။ မာရေန္တော၊ သတ်လျက်။ ဂစ္ဆတိ၊ နိဗ္ဗာန်သို့သွား တတ်၏။ ဣတိ-တသ္မာ၊ ထို့ကြောင့်။ မဂ္ဂေါ၊ မဂ်မည်၏။

ဤသို့ မိန့်ဆိုအပ်သော ဝစနတ္ထနှင့်လျော်ညီစွာ လောဘ, ဒေါသ, မောဟ စသော ကိလေသာတို့ကို ပယ်သတ်လျက် နိဗ္ဗာန်သို့ ဆန်တက်သွားတတ်သော ကြောင့် မဂ်ခေါ်ပါသည်။

## ကိလေသာကို အကျဉ်းမျှ လင်းပြခြင်း

မေး မဂ်ဖြင့် ပယ်သတ်အပ်သော ကိလေသာသည် အဘယ်မျှ အပြားရှိပါ သနည်း။

**ဖြေ ၁ နာမ်, နိပ်, လက် ကို ခံ၊ ကိ,သန္တာန်နှင့်မြှောက်။**
**၂ တထောင့်ငါးရာ၊ ကိလေသာ၊ ထိုခါအပြီးမြှောက်။**

ဟူသော တို့မြန်မာလင်္ကာနှင့်ညီစွာ စိတ်, စေတသိက်ဟု ဆိုအပ်သော နာမ်ခန္ဓာ ၅၃-ပါး၊ နိပ္ဖန္နရုပ် ၁၈-ပါး၊ လက္ခဏာရုပ် ၄-ပါး ပေါင်း (၇၅)ပါးကို တည်၍ ရှေးဦးစွာ ကိလေသာ ၁၀-ပါးနှင့်မြှောက် (၇၅၀)ဖြစ်၏၊ ၎င်းကို သန္တာန် ၂-ပါးနှင့်မြှောက် (၁၅၀၀)ဖြစ်၏၊ သို့ဖြစ်၍ မဂ်ဖြင့် ပယ်အပ်သော ကိလေသာသည် ၁၅၀၀-ရှိပါသည်။

**မေး** ၎င်း ထောင့်ငါးရာ ကိလေသာတို့ကို အကျဉ်းချုံးလိုက်သည်ရှိသော် အဘယ်နှစ်ပါး ရှိပါသနည်း။

| | | **ပါဠိဘာသာ** | **တို့မြန်မာဘာသာ** |
|---|---|---|---|
| **ဖြေ** | ၁ | လောဘကိလေသာ | လိုချင်သည်ဖြစ်၍ ပူပန်ခြင်း၊ |
| | ၂ | ဒေါသကိလေသာ | ပြစ်မှားသည်ဖြစ်၍ ပူပန်ခြင်း၊ |
| | ၃ | မောဟကိလေသာ | တွေဝေသည်ဖြစ်၍ ပူပန်ခြင်း၊ |
| | ၄ | မာနကိလေသာ | ထောင်လွှားသည်ဖြစ်၍ ပူပန်ခြင်း၊ |
| | ၅ | ဒိဋ္ဌိကိလေသာ | အယူမှားသည်ဖြစ်၍ ပူပန်ခြင်း၊ |
| | ၆ | ဝိစိကိစ္ဆာကိလေသာ | ယုံမှားသည်ဖြစ်၍ ပူပန်ခြင်း၊ |
| | ၇ | ထိနကိလေသာ | စိတ်၏မခန့်သည်ဖြစ်၍ ပူပန်ခြင်း၊ |
| | ၈ | ဥဒ္ဓစ္စကိလေသာ | ပြန့်လွင့်သည်ဖြစ်၍ ပူပန်ခြင်း၊ |
| | ၉ | အဟိရိကကိလေသာ | ဒုစရိုက်မှ အရှက်မရှိသည်ဖြစ်၍ ပူပန်ခြင်း၊ |
| | ၁၀ | အနောတ္တပ္ပကိလေသာ | ဒုစရိုက်မှ အကြောက်မရှိသည်ဖြစ်၍ ပူပန်ခြင်း၊ |

ပေါင်း ကိလေသာ ဆယ်ပါးတည်း၊ သို့ဖြစ်၍ ၎င်း ၁၅၀၀ ကိလေသာတို့ကို အကျဉ်းချုံးလိုက်သည်ရှိသော် ဆယ်ပါးရှိပါသည်။

**မေး** ၎င်း ကိလေသာ ဆယ်ပါးတို့ကို တဖန် အကျဉ်းချုံးပြန်သည်ရှိသော် အဘယ်နှစ်မျိုး ရှိပါသနည်း။

**ပါဠိဘာသာ** **တို့မြန်မာဘာသာ**

"လွန်ကျူးဆူပွက်၊ မျိုးမပျက်၊ သုံးချက် ကိလေသာ" ဟူသော တို့မြန်မာ လင်္ကာနှင့်ညီစွာ—

| | | |
|---|---|---|
| ဖြေ | ၁ ဝီတိက္ကမကိလေသာ | ကိုယ်နှုတ်တို့ဖြင့် လွန်ကျူးသည် ဖြစ်၍ ပူပန်ခြင်း (အကြမ်းမျိုး) |
| | ၂ ပရိယုဋ္ဌာနကိလေသာ | စိတ်ထဲတွင်သာ ထကြွ ဆူပွက်သည် ဖြစ်၍ ပူပန်ခြင်း (အလတ်မျိုး) |
| | ၃ အနုသယကိလေသာ | ခန္ဓာအစဉ်တွင် အစဉ်မပြတ် ကိန်းဝပ်သည်ဖြစ်၍ ပူပန်ခြင်း (အနုမျိုး) |

ပေါင်း ကိလေသာ သုံးမျိုးတည်း၊ ဤသို့လျှင် ၎င်းကိလေသာ (၁၀)ပါး တို့ကို တဖန် အကျဉ်းချုံးလိုက်သည်ရှိသော် သုံးမျိုးရှိပါသည်။

**မေး** လောဘ-အစရှိသော တရားတို့ကို အဘယ်ကြောင့် ကိလေသာ ခေါ်ပါ သနည်း။

**ဖြေ** ကိလေသေန္တီတိ ကိလေသာ။

**တို့မြန်မာဘာသာလို ပြန်ဆိုရန်ကား—** ယေ ဓမ္မာ၊ အကြင် လောဘ-အစရှိသော သဘောတရားတို့သည်။ ကိလေသေန္တိ၊ ပူပန်စေတတ် နှိပ်စက်တတ်ကုန်၏။ ဣတိ တသ္မာ၊ ထိုသို့ ပူပန်စေတတ်, နှိပ်စက်တတ်သော သတ္တိကြောင့်။ တေ ဓမ္မာ၊ ထိုလောဘ-အစရှိသော သဘောတရားတို့သည်။ ကိလေသာ၊ ကိလေသာတို့ မည်ကုန်၏ ဟူသော ဝစနတ္ထနှင့် အညီ လောဘ-အစရှိသော သဘောတရားတို့ကို ပူပန်စေတတ်, နှိပ်စက်တတ်သောကြောင့် ကိလေသာဟု ခေါ်ပါသည်။

ကိလေသာကို အကျဉ်းမျှပြခြင်း ပြီး၏။

# သီလက္ခန္ဓမဂ္ဂင်ဖြင့် ဝီတိက္ကမကိလေသာ ပယ်ပုံကို အကျဉ်းမျှ လင်းပြခြင်း

**မေး** ရှေး၌ ကိလေသာတို့ကို သတ်လျက် နိဗ္ဗာန်သို့ သွားတတ်သောကြောင့် မဂ်မည်၏ဟု ဆိုသော် ပူပန်စေတတ်, နှိပ်စက်တတ်သော ဝီတိက္ကမကိလေသာ, ပရိယုဋ္ဌာနကိလေသာ, အနုသယကိလေသာ သုံးမျိုးတို့တွင်—

၁ သူ့အသက်ကို သတ်ခြင်း၊
၂ သူ့ဥစ္စာကို ခိုးယူခြင်း၊
၃ သူ့သားအိမ်ရာကို ပြစ်မှားခြင်းဟု ဆိုအပ်သော ကာယကံ ၃-ပါး။

၁ မဟုတ်မမှန်သောစကားကို ပြောဆိုခြင်း၊
၂ သူနှစ်ဦးတို့၏ အချစ်ကိုပျက်အောင် ဂုံးတိုက်ပြောဆိုခြင်း၊
၃ လှကဲ့သို့ ကြမ်းကြုတ်သောစကားကို ပြောဆိုခြင်း၊
၄ ပြိန်ဖျင်းသောစကားကို ပြောဆိုခြင်းဟု ဆိုအပ်သော ဝစီကံ ၄-ပါး။

၎င်း ကာယကံ ၃-ပါး, ဝစီကံ ၄-ပါးတို့၏ ထကြွသောင်းကျန်းမှုဟု ဆိုအပ်သော ဝီတိက္ကမကိလေသာကို သီလက္ခန္ဓမဂ္ဂင်, သမာဓိက္ခန္ဓမဂ္ဂင်, ပညာက္ခန္ဓမဂ္ဂင် သုံးပါးတို့တွင် အဘယ်မဂ္ဂင်ဖြင့် ပယ်သတ်ရပါသနည်း။

**ဖြေ** ၎င်း ဝီတိက္ကမကိလေသာကို အသက်မွေးခြင်းလျှင် အကြောင်းမရှိသော ဝစီဒုစရိုက် လေးပါးမှ ရှောင်ကြဉ်ခြင်း သမ္မာဝါစာ, အသက်မွေးခြင်းလျှင် အကြောင်းမရှိသော ကာယဒုစရိုက် သုံးပါးမှ ရှောင်ကြဉ်ခြင်း သမ္မာကမ္မန္တ, အသက်မွေးခြင်းလျှင် အကြောင်းရှိသော ကာယဒုစရိုက် သုံးပါး, ဝစီဒုစရိုက် လေးပါးမှ ရှောင်ကြဉ်ခြင်း သမ္မာအာဇီဝဟု ဆိုအပ်သော အာဇီဝဋ္ဌမကသီလနှင့်ပြည့်စုံသဖြင့် သီလဝိသုဒ္ဓိအဖြစ်သို့ ရောက်သော သီလက္ခန္ဓမဂ္ဂင်ဖြင့် ပယ်သတ်ရပါသည်။

**မေး** ၎င်း သီလက္ခန္ဓမဂ္ဂင်ဖြင့် ပယ်သတ်၍ ဝီတိက္ကမ ကိလေသာတို့သည် စင်ကြယ်သောအခါ ဘာဝိသုဒ္ဓိ ဖြစ်ပါသနည်း။

**ဖြေ** (က) စတုပါရိသုဒ္ဓိတံခွန်၏ အလွန်ဖြူစင် မြူမတင်ခြင်း တည်းဟူသော သီလဝိသုဒ္ဓိ ဟူသော တို့မြန်မာလက်ာ လာသည်နှင့်ညီစွာ သမ္မာဝါစာ, သမ္မာ

ကမ္မန္တ, သမ္မာအာဇီဝဟု ဆိုအပ်သော သီလက္ခန္ဓမဂ္ဂင် သုံးပါးဖြင့် လုံခြုံစွာ စောင့်ရှောက်သဖြင့် ဝီတိက္ကမကိလေသာတို့သည် စင်ကြယ်သောအခါ အလျော် အားဖြင့် သီလဝိသုဒ္ဓိ ဖြစ်ပါသည်။

သီလဝိသုဒ္ဓိဖြစ်ပုံ အကျဉ်းမျှ ပြီး၏။

---

## သမာဓိက္ခန္ဓမဂ္ဂင်ဖြင့် ပရိယုဋ္ဌာနကိလေသာ ပယ်ပုံကို အကျဉ်းမျှ လင်းပြခြင်း

**မေး** တနည်း (၁)မိမိသည် အလိုရှိအပ်သော ဣဋ္ဌာရုံနှင့် တွေ့ကြုံသောအခါ မနောဒွါရမှာ စိတ်ထဲတွင်သာ သူတပါး၏ စည်းစိမ်ဥစ္စာကို မိမိစည်းစိမ်ဥစ္စာ ဖြစ်လိုလျက် ရှေးရှုနှစ်သက် တပ်မက်၍ လောင်ကျွမ်း ဆူပွက်ခြင်း အဘိဇ္ဈာ၊ (၂) မိမိသည် အလိုမရှိအပ်သော အနိဋ္ဌာရုံနှင့် တွေ့ကြုံသောအခါ မနောဒွါရ မှာ စိတ်ထဲတွင်သာ သူတပါးတို့၏ စည်းစိမ်ဥစ္စာနှင့် အင်္ဂါခြေလက် ကိုယ် အသက်တို့ကိုပါ ဖျက်ဆီးလိုလျက် လောင်ကျွမ်း ဆူပွက်ခြင်း ဗျာပါဒ, အဘိဇ္ဈာ, ဗျာပါဒဟု ဆိုအပ်သော ပရိယုဋ္ဌာန ကိလေသာတို့ကို အဘယ် မဂ္ဂင်ဖြင့် ပယ်သတ်ရပါသနည်း။

**ဖြေ** ၎င်း ပရိယုဋ္ဌာန ကိလေသာကို ကသိုဏ်း ၁၀-ပါးအစရှိသော ကမ္မဋ္ဌာန်း လေးဆယ်တို့တွင် မိမိနှင့်လျော်ပတ်သော ကမ္မဋ္ဌာန်းအာရုံကို ယူပြီးလျှင် တအာရုံတည်း၌ တည်အောင်အားထုတ်ရာ၏။

၁ ထိုယူပြီးသော ကမ္မဋ္ဌာန်းအာရုံကို မနားမနေ ကောင်းမွန်ထက်သန် စွာ ပွားများအားထုတ်ခြင်း သမ္မာဝါယာမ မဂ္ဂင်၊

၂ ၎င်း ကမ္မဋ္ဌာန်းအာရုံကို အမြဲမပြတ် ကောင်းစွာ အောက်မေ့ခြင်း သမ္မာသတိ မဂ္ဂင်၊

၃ ၎င်း အာရုံမှ အခြားသို့ စိတ်မထွက်ရအောင် ကောင်းမွန်တည်ကြည် စွာထားခြင်း သမ္မာသမာဓိ မဂ္ဂင်၊

ဤ မဂ္ဂင်သုံးပါးနှင့် ပြည့်စုံသဖြင့် စိတ္တဝိသုဒ္ဓိ အဖြစ်သို့ ရောက်သော သမာဓိက္ခန္ဓမဂ္ဂင်ဖြင့် ပယ်သတ်ရပါသည်။

**မေး** ၎င်း သမာဓိက္ခန္ဓမဂ္ဂင်ဖြင့် ပယ်သတ်၍ ဤ ပရိယုဋ္ဌာန ကိလေသာတို့ စင်ကြယ်သောအခါ ဘာဝိသုဒ္ဓိ ဖြစ်ပါသနည်း။

**ဖြေ** (ခ) မဟာဂ္ဂုတ် အပ္ပနာဈာန်၌သာလျှင် မြဲမြံစွာ လေ့လာခြင်းတည်းဟူသော စိတ္တဝိသုဒ္ဓိဟူသော တို့မြန်မာလက်ာနှင့်ညီစွာ ပရိယုဋ္ဌာန ကိလေသာတို့ စင်ကြယ်သောအခါ အလျော်အားဖြင့် စိတ္တဝိသုဒ္ဓိ ဖြစ်ပါသည်။

စိတ္တဝိသုဒ္ဓိ အကျဉ်းမျှပြပုံ ပြီး၏။

---

**မေး** တနည်း မိခြစ်ဆံ ကန့်၏အတွင်းမှာ ယခုပင် မီးထ၍မတောက်လောင်သေးငြားသော်လည်း ယမ်းဖတ်နှင့် ဆိခိုက်သောအခါ တောက်လောင်ဘို့ရန် မီးခြစ်ဆန်၏ ကန့်ထည်းမှာ မီးသတ္တိကလေး အမြဲပါရှိဘိသကဲ့သို့ သမာဓိရ၍ စိတ္တဝိသုဒ္ဓိအလုပ်ကို ပေါက်ရောက်ပြီးသော ယောဂီပုဂ္ဂိုလ်တို့၏အတွင်း၌ ယခု သမာဓိရဆဲပင် လောဘစသည် ကိလေသာမီးတို့သည် ထကြွ သောင်းကျန်း၍ မလောင်ကျွမ်းငြားသေးသော်လည်း ရူပါရုံစသည် ကောင်း,မကောင်း အာရုံတို့နှင့် တိုက်ခိုက် တွေ့ကြုံသောအခါ ထကြွ တောက်လောင် ဆူပွက်ဘို့ရန် ၎င်းပုဂ္ဂိုလ်တို့၏ခန္ဓာအစဉ်၌ မပြတ်မစဲ အမြဲကပ်လျက်ပါရှိသော လောဘစသည် အနုသယကိလေသာတို့ကို အဘယ်မဂ္ဂင်ဖြင့် ပယ်သတ်ရပါသနည်း။

**ဖြေ** ကမ္မဋ္ဌာနဝိနိမုတ္တော ဓမ္မော နာမ နတ္ထိ။ ကမ္မဋ္ဌာနဝိနိမုတ္တော၊ ကမ္မဋ္ဌာန်းမှလွတ်သော။ ဓမ္မောနာမ၊ တရားမည်သည်။ နတ္ထိ၊ မရှိ။ ဤသို့ မိန့်ဆိုအပ်သော ဒေသနာနှင့်အညီ ၎င်း အနုသယကိလေသာတို့ကို မြတ်စွာဘုရားသည် ဟောကြားအပ်သော တရားတော်တို့၌ ကမ္မဋ္ဌာန်းမှ လွတ်သော တရားမည်သည် မရှိလေသောကြောင့် မြတ်စွာဘုရားသည် ဟောကြားတော်မူအပ်သော တရားတို့တွင် ပဋ္ဌာန်းတရားတော်၌ ဟေတုပစ္စည်းစသည် ၂၄-ပစ္စည်း ပဋ္ဌာန်းနည်းဖြင့် ကမ္မဋ္ဌာန်းတရားကို ပွားများအားထုတ်ရသဖြင့် ပရမတ္ထသစ္စာနယ်မှာ ဖြစ်ပေါ်၍လာသော ခန္ဓာငါးပါး ရုပ်နာမ်တရားဟုဆိုအပ်သော ဓာတ် ပရမတ်တရားတို့ကိုသိခြင်း၊ သမ္မုတိသစ္စာနယ်မှာ ပညာရှိတို့ သမုတ်အပ်သော သဏ္ဌာနပညတ်, သန္တတိပညတ်, သဒ္ဒပညတ် စသည် ပညတ်အမျိုးမျိုးတို့ကိုပါ သိကြားနားလည်ခြင်း၊ ပရမတ်နှင့် ပညတ်ကို ခွဲခြားပြီးလျှင် အကြောင်းအကျိုးနှင့် အဖြစ်အပျက်

တို့ကိုပါ ထင်မြင်ခြင်း စသော ဝိပဿနာဉာဏ်သည် သမ္မာဒိဋ္ဌိမဂ္ဂင်၊ ၎င်းဝိပဿနာဉာဏ် ၁၆-ပါး တရားတို့ကို သိကြွားနားလည် ထင်မြင် ပေါက်ရောက်အောင် ကောင်းစွာကြံစည်ခြင်း သမ္မာသင်္ကပ္ပမဂ္ဂင်၊ ဤသမ္မာဒိဋ္ဌိ,သမ္မာသင်္ကပ္ပ ပညာက္ခန္ဓ မဂ္ဂင် ၂-ပါးနှင့် နာမ်ရုပ်တို့၏ ဖြစ်မှု ပျက်မှုတို့ကို သိအောင် အားထုတ်ခြင်း ဝီရိယ၊ ၎င်းတို့ကို အောက်မေ့ခြင်းသတိ, ၎င်းတို့၌ အာရုံတည်ခြင်း ဧကဂ္ဂတာ ဤလောကီမဂ္ဂင် ၅-ပါးဖြင့် တဒင်္ဂပဟာန်အားဖြင့် ပယ်ပြီး၍ သမ္မာဒိဋ္ဌိစသည် လောကုတ္တရာ ဂ-ပါးဖြင့် အလင်းပြတ် ပယ်သတ်ရပါသည်။

## ယောဂီသူရဲကောင်းက သာလွန်၍ မြတ်ပုံကိုပြခြင်း

**မေး** စစ်မြေပြင်တွင် ရင်ဆိုင်၍ ပြင်းထန်စွာ ခုခံတိုက်ခိုက်လျက် ရှိသော တသိန်း တသန်းမျှလောက်သော စစ်သည် ရန်သူတပ်မကြီးကို အောင်မြင်သော သူရဲကောင်း, မိမိ၏အတွင်းမှာ အမြဲနှိပ်စက် ပူပန်စေတတ်သော လောဘ စသည် ၁၅၀၀-ကိလေသာဆိုး ရန်သူအမျိုးမျိုးတို့ကို တကြိမ်တခါမျှ အောင်မြင်သော ယောဂီသူရဲကောင်း၊ဤသူရဲကောင်းနှစ်ဦးတို့တွင် အဘယ်သူရဲကောင်းက သာလွန်၍ မြတ်ပါသနည်း။

**ဖြေ** ယော သဟဿံ သဟဿေန၊ သင်္ဂါမေ မာနုသေ ဇိနေ။
ဧကဉ္စ ဇေယျ မတ္တာနံ၊ သ ဝေ သင်္ဂါမဇုတ္တမော။

ဓမ္မပဒ ပါဠိတော်

**တို့မြန်မာဘာသာလို ပြန်ဆိုရန်ကား—** ယော၊ အကြင်သူရဲကောင်းသည်။ သင်္ဂါမေ၊စစ်မြေပြင်၌။ သဟဿေန၊ တထောင်ဖြင့်။ ဂုဏိတေ၊ မြှောက်အပ်ကုန်သော။ သဟဿမာနုသေ၊ တထောင်သောလူတို့ကို။ ဝါ-သဟဿေန သဟဿံ၊ တသန်းအရေအတွက်ရှိသော။ မာနုသေ၊ လူတို့ကို။ ဇိနေ၊ အောင်စွမ်းနိုင်ရာ၏။ ယော စ၊ အကြင်ယောဂီ သူရဲကောင်းသည်လည်း။ အတ္တာနံ၊ ကိုယ်တွင်းပူဆာ ၁၅၀၀-သော ကိလေသာကို။ ဧကံ၊ တကြိမ်တခါမျှ။ ဇေယျ၊ အောင်စွမ်းနိုင်ရာ၏။ တေသု၊ ထိုသူရဲကောင်းနှစ်ဦးတို့တွင်။ သ-သော အတ္တဇိနော၊ ထိုကိုယ်တွင်းပူဆာ ၁၅၀၀-သောကိလေသာကို တကြိမ်တခါမျှ အောင်နိုင်သော ယောဂီ

သူရဲကောင်းသည်သာလျှင်။ ဝေ၊ စင်စစ်။ သင်္ဂါမဇုတ္တမော၊ အောင်သူတကာ တို့ထက် မြတ်သည်။ ဟောတိ၊ ဖြစ်၏။

ဤသို့ ဟောတော်မူအပ်သော ဓမ္မပဒ ပါဠိတော်နှင့် ညီစွာ စစ်မြေပြင်၌ တသန်းသော ရန်သူစစ်သည်တို့ကို အောင်စွမ်းနိုင်သော စစ်သည် သူရဲကောင်း, မိမိကိုယ်တွင်းမှာ အမြဲပါလျက်နေသော တထောင့်ငါးရာ ကိလေသာ ရန်သူ စစ်သည်တို့ကို အောင်စွမ်းနိုင်သော ယောဂီစစ်သည် သူရဲကောင်း၊ ထိုသူရဲ ကောင်း နှစ်ဦးတို့တွင် တထောင့်ငါးရာ ကိလေသာကို တကြိမ်တခါမျှ အောင် မြင်သော ယောဂီစစ်သည် သူရဲကောင်းက သာလွန်၍ မြတ်ပါသည်။

## ဟေတုပစ္စည်း ပဋ္ဌာန်းတရားကြီး၌ သက္ကာယဒိဋ္ဌိ ဖြစ်ပုံကို အကျဉ်းမျှ လင်းပြခြင်း

**မေး** အနုသယ ကိလေသာတို့ကို ပညာက္ခန္ဓမဂ္ဂင်ဖြင့် ပယ်သတ်ရမည်ဟု ဖြေဆိုသည်နှင့်အညီ ဝိပဿနာပညာက္ခန္ဓမဂ္ဂင်တရားကြီးကို ပွားများအားထုတ် လိုသော ယောဂီပုဂ္ဂိုလ်သည် ဘာဝိသုဒ္ဓိဖြစ်အောင် အားထုတ်ရပါသနည်း။

**ဖြေ** အနုသယ ကိလေသာတို့ကို ပယ်သတ်ရန် ဝိပဿနာ ပညာက္ခန္ဓမဂ္ဂင် တရားကြီးကို ပွားများလိုသော ယောဂီပုဂ္ဂိုလ်သည် ဒိဋ္ဌိဝိသုဒ္ဓိဖြစ်အောင် အားထုတ်ရပါသည်၊ ဝါ-အမှားစင်ကြယ်အောင် အားထုတ်ရပါသည်။

**မေး** ဝိပဿနာ အလုပ်ကြီးကို ပွားများအားထုတ်လိုသော ယောဂီပုဂ္ဂိုလ် များထိုထိုတို့သည် ဒိဋ္ဌိဝိသုဒ္ဓိဖြစ်အောင် အားထုတ်ရမည်၊ ဝါ-အမှားစင်ကြယ် အောင် အားထုတ်ရမည်ဟု ဆိုရာ၌ ဘာဒိဋ္ဌိဖြစ်၍နေသောကြောင့်၊ ဝါ-ဘာမှား မှား၍နေသောကြောင့် ဒိဋ္ဌိဝိသုဒ္ဓိဖြစ်အောင် အားထုတ်ရပါသနည်း၊ ဝါ-အမှား စင်ကြယ်အောင် အားထုတ်ရပါသနည်း။

**ဖြေ** သက္ကာယဒိဋ္ဌိ ဖြစ်၍နေသောကြောင့် ဝါ-ပရမတ်မှား မှား၍နေသော ကြောင့်၊ ၎င်း သက္ကာယဒိဋ္ဌိ ပရမတ်မှား အယူဆိုးကြီးကို လွန်မြောက် စင်ကြယ် အောင် အားထုတ်ရပါသည်။

**မေး** ဘယ်တရားအပေါင်း၌ ဘယ်လိုအထင်အမြင်မှား၍နေသော အယူကို သက္ကာယဒိဋ္ဌိ ပရမတ်မှား အယူဆိုးဟု ခေါ်ဆိုအပ်ပါသနည်း။

**ဖြေ** သန္တော ကာယော သက္ကာယော၊ သက္ကာယေ ဒိဋ္ဌိ သက္ကာယဒိဋ္ဌိ။
(အင်္ဂုတ္တိုရ်စသည် အဋ္ဌကထာ ဋီကာပါဠိ)

သန္တော၊ ပရမတ္ထအားဖြင့် ထင်ရှားရှိသော။ ကာယော၊ တရားအပေါင်းတည်း။ သက္ကာယော၊ ပရမတ္ထတရားအပေါင်း။ သက္ကာယေ၊ ပရမတ္ထတရားအပေါင်း၌။ ဒိဋ္ဌိ၊ အထည်ခံ, အမာခံ, အနှစ်သာရ, အတ္တဟု မှားသောအားဖြင့် စွဲယူ ထင်မြင်ခြင်းတည်း။ ဝါ-ပုဂ္ဂိုလ်, သတ္တဝါ, အတ္တ, ဇီဝဟု မှားသောအားဖြင့် စွဲယူ ထင်မြင်ခြင်းတည်း။သက္ကာယဒိဋ္ဌိ၊ ပရမတ္ထတရားအပေါင်း၌ အထည်ခံ, အမာခံ, အနှစ်သာရ, အတ္တ,ဇီဝဟု မှားသောအားဖြင့် စွဲယူထင်မြင်ခြင်း။ ဝါ-ပုဂ္ဂိုလ်, သတ္တဝါ, အတ္တ, ဇီဝဟု မှားသောအားဖြင့် စွဲယူ ထင်မြင်ခြင်း။ ဤသို့မိန့်ဆိုအပ်သော ဒေသနာနှင့်အညီ ပရမတ္ထတရားအပေါင်း၌ ပုဂ္ဂိုလ်, သတ္တဝါ, အတ္တ, ဇီဝဟု အထင်မှား အမြင်မှား၍နေသော အယူကို သက္ကာယဒိဋ္ဌိ ပရမတ် မှား အယူဆိုးကြီးဟု ခေါ်ဆိုအပ်ပါသည်။

**မေး** အဘယ် ပရမတ္ထ တရားအပေါင်း၌ ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောကျ်ား, မိန်းမ, အတ္တ, ဇီဝဟု အထင်အမြင်မှား၍နေသော အယူဆိုးကြီးကို သက္ကာယဒိဋ္ဌိ ပရမတ်မှားဟူ၍ ခေါ်ဆိုအပ်ပါသနည်း။

**ဖြေ** ဟေတုပစ္စည်း စသည်(၂၄)ပစ္စည်း ပဋ္ဌာန်းတရားကြီးတို့တွင် ဟေတုပစ္စည်း ပဋ္ဌာန်းတရားကြီး၌ လောဘဟိတ်, လိုချင်သည့်အကြောင်း၊ ဒေါသဟိတ်, ပြစ်မှားသည့်အကြောင်း၊ မောဟဟိတ်, တွေဝေသည့်အကြောင်း၊ အလောဘဟိတ်, မလိုချင်သည့်အကြောင်း၊ အဒေါသဟိတ်, မပြစ်မှားသည့်အကြောင်း၊ အမောဟဟိတ်, မတွေဝေသည့်အကြောင်းဟု ဆိုအပ်သော ဟိတ်ခြောက်ပါး ပရမတ္ထတရားအပေါင်းသည် ရှိ၏၊ ၎င်း ဟိတ်ခြောက်ပါး ပစ္စည်းထိုက်သော ပရမတ္ထ တရားအပေါင်း၌၎င်း၊ ပစ္စယုပ္ပန်ထိုက်သော ခန္ဓာငါးပါး ပရမတ္ထတရားအပေါင်း၌၎င်း၊ ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောကျ်ား,မိန်းမ, အတ္တ, ဇီဝဟု အထင်အမြင် မှား၍နေသော အယူဆိုးကြီးကို သက္ကာယဒိဋ္ဌိ ပရမတ်မှားဟူ၍ ခေါ်ဆိုအပ်ပါသည်။

**မှတ်ထားချက်** ဟေတုပစ္စည်း ပဋ္ဌာန်းတရားကြီး၌ လောဘဟိတ်, လိုချင်သည့် အကြောင်း စသည် ဟိတ် ၆-ပါး ပစ္စည်းထိုက်သော ပရမတ္ထ တရား

အပေါင်းသည် ရှိ၏၊ ထိုအကြောင်းပစ္စည်းထိုက်သော ဟိတ်ခြောက်ပါး ပရမတ္ထတရားအပေါင်း၌ရင်း၊ ခန္ဓာငါးပါး အကျိုးပစ္စယုပ္ပန်ထိုက်သော ပရမတ္ထတရားအပေါင်း၌ရင်းဟု ပြောဆိုအပ်သောစကားသည်ကား ဟေတုပစ္စည်းပဋ္ဌာန်းတရားကြီးဖြင့် အကြောင်းကို သိမ်းဆည်း၍ ဝိပဿနာပညာအလုပ်ကြီးကို ဟောပြသည့်အရာဖြစ်၍ ပြောဆိုအပ်ပေသည်၊ အာရမ္မဏပစ္စည်းစသည် ကျန်(၂၃)ပစ္စည်း ပဋ္ဌာန်းတရားကြီးတို့ဖြင့် အသီးအသီး သူ့ပစ္စည်းနှင့်သူ လျော်အောင် အကြောင်းကိုသိမ်းဆည်း၍ ဝိပဿနာပညာ အလုပ်တရားကြီးကို ပြောဟောရာတို့၌လည်း ဤနည်းကိုမှီ၍ သိကြ ပြောဟောကြပါလေ ယောဂီမြတ်တွေတို့။

## အကုသိုလ်ဟိတ်၌ သက္ကာယဒိဋ္ဌိဖြစ်ပုံကို အကျဉ်းမျှ လင်းပြခြင်း

**မေး** ဟေတုပစ္စည်း ပဋ္ဌာန်းတရားကြီးဟု ဆိုအပ်သော ဟိတ် ၆-ပါး ပစ္စည်းပစ္စယုပ္ပန်ထိုက်သော ပရမတ္ထတရားအပေါင်း၌ ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောကျ်ား, မိန်းမ, အတ္တ, ဇီဝဟု အထင်အမြင်မှား၍ သက္ကာယဒိဋ္ဌိ ဖြစ်၏ ဆိုသော် ဘယ်လိုအထင်အမြင်မှား၍ သက္ကာယဒိဋ္ဌိ ဖြစ်ပါသနည်း။

**ဖြေ** အန္ဓပုထုဇန်, ဗာလပုထုဇန်တို့အား မိမိတို့သည် အလိုရှိအပ်သော ဣဋ္ဌာရုံဖြစ်သော ရူပါရုံစသည် အာရုံ ၆-ပါးတို့တွင် တပါးပါးနှင့်တွေ့ကြုံ၍ ဆိုင်ရာဒွါရတို့၌ ရှေ့ရှုဆုံမိကြသောအခါ ခင်မင်သာယာ တွယ်တာကပ်ငြိမှု လိုချင်သည့်အကြောင်းဟု ဆိုအပ်သော လောဘဟိတ်တို့သည် ဖြစ်ပေါ်၍ လာကြကုန်၏။

မိမိတို့သည် အလိုမရှိအပ်သော အနိဋ္ဌာရုံဖြစ်သော ရူပါရုံစသည် အာရုံ ၆-ပါးတို့တွင် တပါးပါးနှင့် တွေ့ကြုံ၍ ဆိုင်ရာဒွါရတို့၌ ရှေ့ရှုဆုံမိကြသောအခါ အမျက်ထွက်မှု ပြစ်မှားသည့် အကြောင်းဟု ဆိုအပ်သော ဒေါသဟိတ်တို့သည် ဖြစ်ပေါ်၍ လာကြကုန်၏။

မိမိတို့သည် အလိုရှိအပ်, မရှိအပ်, အလိုရှိအပ်သည်, မရှိအပ်သည်လည်း မဟုတ်သော ဣဋ္ဌ, အနိဋ္ဌ, ဣဋ္ဌမဇ္ဈတ္တာရုံဖြစ်သော ရူပါရုံစသည် အာရုံ ၆-ပါးတို့တွင် တပါးပါးနှင့်တွေ့ကြုံ၍ ဆိုင်ရာဒွါရတို့၌ ရှေ့ရှုဆုံမိကြသောအခါ လိုချင်မှု,

လောဘ၊ ပြစ်မှားမှု, ဒေါသ ဖြစ်ကြသော် အန္ဓ,ဗာလ ပုထုဇန်တို့သည် မိမိတို့၌ ဖြစ်သော လောဘ၏အပြစ် ဒေါသ၏အပြစ်တို့ကို မသိမှုနှင့် ရုပ်ပရမတ်, နာမ် ပရမတ်တို့ကို မသိမှု တွေဝေသည့်အကြောင်းဟု ဆိုအပ်သော မောဟဟိတ်တို့ သည် ဖြစ်ပေါ်၍ လာကြကုန်၏။

**မှတ်ချက်** အာရုံနှင့်ဒွါရ ဆုံမိကြသောအခါ ဟူရာ၌ မှန်ကြည့်သော သူ၏ မျက်နှာရိပ်သည် မှန်ပြင်တွင် ထင်သကဲ့သို့၊ အဆင်းအာရုံ အသံအာရုံတို့ သည် မျက်စိအကြည်, နားအကြည်တွင် ထင်သတည်း။

ထိုသို့ ဖြစ်ပေါ်၍လာကြကုန်သော အကုသိုလ်ဟိတ် သုံးပါးတို့တွင် လိုချင်မှု နှစ်သက်မှုဟု ဆိုအပ်သော လောဘဟိတ် ပရမတ္ထတရား၌ လိုချင်တာဘဲ ပုဂ္ဂိုလ်, ပုဂ္ဂိုလ်ဘဲ လိုချင်တာ, လိုချင်တာဘဲ သတ္တဝါ, သတ္တဝါဘဲ လိုချင်တာ, လိုချင် တာဘဲ ငါ, ငါဘဲ လိုချင်တာ, လိုချင်တာဘဲ သူတပါး, သူတပါးဘဲ လိုချင်တာ, လိုချင်တာဘဲ ယောကျ်ား, ယောကျ်ားဘဲ လိုချင်တာ, လိုချင်တာဘဲ မိန်းမ, မိန်းမဘဲ လိုချင်တာ, လိုချင်တာဘဲ အတ္တ, အတ္တဘဲ လိုချင်တာ, လိုချင်တာဘဲ ဇီဝ, ဇီဝဘဲ လိုချင်တာဟု လိုချင်မှု လောဘဟိတ် ပရမတ်နှင့် ပုဂ္ဂိုလ်,သတ္တဝါ, ငါ,သူတပါး, ယောကျ်ား, မိန်းမ, အတ္တ,ဇီဝ ပညတ်နှင့် နှစ်မျိုး နှစ်စား ခွဲခြား၍ မသိဘဲ တပေါင်းတည်းဘဲ, တသဘောတည်းဘဲ, အတူတူဘဲဟု ထင်မြင်၍ နေကြကုန်၏။

ထို့အတူ ပြစ်မှားမှု ဒေါသဟိတ် ပရမတ္ထတရား၌လည်း ပြစ်မှားတာဘဲ ပုဂ္ဂိုလ်,သတ္တဝါ, ငါ, သူတပါး, ယောကျ်ား,မိန်းမ, အတ္တ,ဇီဝ၊ပုဂ္ဂိုလ် ။လ။ အတ္တ, ဇီဝဘဲ ပြစ်မှားတာဟု ပြစ်မှားမှု ဒေါသဟိတ် ပရမတ်နှင့် ပုဂ္ဂိုလ်,သတ္တဝါ ။လ။ အတ္တ, ဇီဝ ပညတ်နှင့် နှစ်မျိုးနှစ်စား ခွဲခြား၍ မသိဘဲ, တပေါင်းတည်းဘဲ, တသဘောတည်းဘဲ, အတူတူဘဲဟု ထင်မြင်၍ နေကြကုန်၏။

ထို့အတူ တွေဝေမှု မောဟဟိတ် ပရမတ္ထတရား၌လည်း တွေဝေမှုဘဲ ပုဂ္ဂိုလ်, သတ္တဝါ ။လ။ အတ္တ,ဇီဝ၊ ပုဂ္ဂိုလ်,သတ္တဝါ ။လ။ အတ္တ,ဇီဝဘဲ တွေဝေမှု မောဟဟိတ်ဟု တွေဝေမှု မောဟဟိတ်ပရမတ်နှင့် ပုဂ္ဂိုလ်,သတ္တဝါ။လ။အတ္တ,ဇီဝ ပညတ်နှင့် နှစ်မျိုးနှစ်စားခွဲခြား၍မသိဘဲ တပေါင်းတည်းဘဲ တသဘောတည်းဘဲ အတူတူဘဲဟု ထင်မြင်၍နေကြကုန်၏၊ ဤသို့ ထင်မြင်၍နေခြင်းသည် အကုသိုလ်

ဟိတ် ၃-ပါး ပရမတ္ထတရားအပေါင်း၌ ပုဂ္ဂိုလ်,သတ္တဝါ ။လ။ အတ္တ,ဇီဝဟု အထင်အမြင်မှား၍နေသော သက္ကာယဒိဋ္ဌိ ဖြစ်ပုံပါတည်း။

အကုသိုလ်ဟိတ် ၃-ပါး၌ သက္ကာယဒိဋ္ဌိ ဖြစ်ပုံကို
အကျဉ်းမျှ လင်းပြခြင်း ပြီး၏။

---

## ကုသိုလ်ဟိတ် ၃-ပါး၌ သက္ကာယဒိဋ္ဌိဖြစ်ပုံကို အကျဉ်းမျှ လင်းပြခြင်း

ထိုမှတပါး ကုသိုလ်ဟိတ်သုံးပါး၌ ပုဂ္ဂိုလ်, သတ္တဝါ,ငါ,သူတပါး,ယောကျ်ား, မိန်းမ, အတ္တ, ဇီဝဟု အထင်မှားမှု သက္ကာယဒိဋ္ဌိဟု ဆိုအပ်သော ပရမတ်မှား ဖြစ်ပုံကို ပြလိုရကား—

ဒါန, သီလ, ဘာဝနာ, အပစာယန, ဝေယျာဝစ္စ, ပတ္တိဒါန, ပတ္တာနုမောဒန, ဓမ္မဿဝန, ဓမ္မဒေသနာ ,ဒိဋ္ဌိဇုကမ္မဟု ဆိုအပ်သော ပုညကြိယာ ဆယ်ပါးတို့တွင် မိမိပြုလိုရာ ပုညကြိယာတပါးပါးကို လူနတ်ဗြဟ္မာတို့၏ စည်းစိမ်ချမ်းသာတို့ကို မလိုချင် မတောင့်တဘဲ နိဗ္ဗာန်ကိုသာ အာရုံစိုက်၍ ပြုကြသောအခါ မလိုချင်တဲ့ အကြောင်းဟု ဆိုအပ်သော အလောဘဟိတ်တို့သည် ဖြစ်ပေါ်၍ လာကြကုန်၏။

ထိုမှတပါး ၎င်းပုညကြိယာဆယ်ပါးတို့တွင် မိမိပြုလိုရာ တပါးပါးကို ပြုကြသောအခါ အလှူခံပုဂ္ဂိုလ်ဖြစ်သော ရတနာသုံးပါးနှင့် ဆရာသမား စသည်တို့အား မပြစ်မှားဘဲ ဤကုသိုလ်နှင့် စပ်သမျှ ချမ်းသာကြပါစေဟု မေတ္တာနှင့် တွဲ၍ ပြုကြသူတို့မှာ မပြစ်မှားတဲ့ အကြောင်းဟု ဆိုအပ်သော အဒေါသဟိတ်တို့သည် ဖြစ်ပေါ်၍ လာကြကုန်၏။

ထိုမှတပါး ပုညကြိယာ ဆယ်ပါးတို့တွင် တပါးပါးကို ကောင်းတာပြုလျှင် ကောင်းတဲ့ကံဖြစ်၍ ကောင်းသောအကျိုးကို ကေန်မုချ ပေးမှာဘဲဟု အညွှံဆိုး ကံ-ကံ၏အကျိုးကို သိမှု ကမ္မဿကတ ဉာဏ်ကိုမျှ ရှေ့ရှုထား၍ မတွေမဝေဘဲ ပြုကြသော သူတို့မှာပင် မတွေဝေတဲ့ အကြောင်းဟု ဆိုအပ်သော အမောဟ ဟိတ်တို့သည် ဖြစ်ပေါ်၍ လာကြကုန်၏၊ ထိုသို့ ဖြစ်ပေါ်၍ လာကြကုန်သော

ဟ်တဲ ပရမတ္ထတရားအပေါင်း၌ မလိုချင်တာဘဲ ပုဂ္ဂိုလ် ။လ။ ဇီဝ၊ ပုဂ္ဂိုလ် ။လ။ ဇီဝဘဲ မလိုချင်တာဟု မလိုချင်မှု အလောဘဟိတ်ပရမတ်နှင့် ပုဂ္ဂိုလ် ။လ။ ဇီဝ ပညတ်နှင့် နှစ်မျိုးနှစ်စား ခွဲခြား၍ မသိဘဲ တပေါင်းတည်းဘဲ တသဘောတည်းဘဲ အတူတူဘဲဟု ထင်မြင်၍ နေကြကုန်၏။

ထို့အတူ မပြစ်မှားမှု အဒေါသဟိတ် ပရမတ်တရား၌လည်း မပြစ်မှားတာဘဲ ပုဂ္ဂိုလ် ။လ။ ဇီဝ၊ ပုဂ္ဂိုလ် ။လ။ ဇီဝဘဲ မပြစ်မှားတာဟု မပြစ်မှားမှု အဒေါသဟိတ် ပရမတ်နှင့် ပုဂ္ဂိုလ် ။လ။ အတ္တ, ဇီဝ ပညတ်နှင့် နှစ်မျိုးနှစ်စား ခွဲခြား၍ မသိဘဲ တပေါင်းတည်းဘဲ တသဘောတည်းဘဲ အတူတူဘဲဟု ထင်မြင်၍ နေကြကုန်၏။

ထို့အတူ မတွေဝေမှု အမောဟဟိတ် ပရမတ်၌လည်း မတွေဝေမှုဘဲ ပုဂ္ဂိုလ်, သတ္တဝါ ။လ။ အတ္တ, ဇီဝ၊ ပုဂ္ဂိုလ်, သတ္တဝါ ။လ။ အတ္တ, ဇီဝဘဲ မတွေမဝေတာဟု မတွေဝေမှု အမောဟဟိတ်ပရမတ်နှင့် ပုဂ္ဂိုလ်,သတ္တဝါ ။လ။ အတ္တ, ဇီဝ ပညတ်နှင့် နှစ်မျိုးနှစ်စား ခွဲခြား၍ မသိဘဲ တပေါင်းတည်းဘဲ တသဘောတည်းဘဲ အတူတူဘဲဟု ထင်မြင်၍ နေကြကုန်၏၊ ဤသို့ ထင်မြင်၍ နေခြင်းသည် ကုသိုလ်ဟိတ် ၃-ပါး ပရမတ္ထ တရားအပေါင်း၌ ပုဂ္ဂိုလ်,သတ္တဝါ ။လ။ အတ္တ,ဇီဝဟု အထင်အမြင်မှား၍နေသော သက္ကာယဒိဋ္ဌိ ဖြစ်ပုံပါတည်း။

ကုသိုလ်ဟိတ် သုံးပါး၌ သက္ကာယဒိဋ္ဌိဖြစ်ပုံကို
အကျဉ်းမျှ လင်းပြခြင်း ပြီး၏။

---

## ဟေတုပစ္စည်း၏ ပစ္စယုပ္ပန်တရားတို့၌ သက္ကာယဒိဋ္ဌိဖြစ်ပုံကို အကျဉ်းမျှ လင်းပြခြင်း

ထိုမှတပါး ဟေတုပစ္စည်း၏ ပစ္စယုပ္ပန်ထိုက်သော ပရမတ္ထတရားအပေါင်း၌ ပုဂ္ဂိုလ်, သတ္တဝါ ။လ။ အတ္တ, ဇီဝဟု အထင်အမြင်မှား၍ သက္ကာယဒိဋ္ဌိ ဖြစ်ပုံကို အကျဉ်းမျှ လင်းပြလိုရကား.... သူ့အသက်သတ်ခြင်း, သူ့ဥစ္စာခိုးခြင်း စသည် ဒုစရိုက်ဆယ်ပါး အကုသိုလ် အစားစား၊ အလှူပေးခြင်း, ဥပုသ်သီလ

ဆောက်တည်ခြင်း စသည် ပုညကြိယာဆယ်ပါး ကုသိုလ်အစားစားတို့ကို ပြုကြသော ပုဂ္ဂိုလ်တို့၏သန္တာန်၌ လောဘဟိတ်-စသည် ဟိတ်ခြောက်ပါးတို့ကြောင့် ဖြစ်ပေါ်လာသော အကုသိုလ်စိတ်အစု, ကုသိုလ်စိတ်အစုသည် ဝိညာဏက္ခန္ဓာ၊ ၎င်းစိတ်အစုနှင့်တကွဖြစ်သော ကောင်းလုံး, မကောင်းလုံး, ကောင်း-မကောင်းလုံး ခံစားမှု ဝေဒနာအစုသည် ဝေဒနာက္ခန္ဓာ၊ အာရုံ၌ မှတ်သားမှု သညာအစုသည် သညာက္ခန္ဓာ၊ အာရုံ၌ သမ္ပယုတ်တရားတို့ကို စေ့ဆော် ကြောင့်ကြမှု စေတနာအစုသည် သင်္ခါရက္ခန္ဓာ၊ ထိုနာမ်ခန္ဓာလေးပါးကြောင့်ဖြစ်သော စိတ္တဇရုပ်အစုသည် ရူပက္ခန္ဓာ၊ ဤခန္ဓာငါးပါးတို့သည် တပြိုင်နက် ဖြစ်ပေါ်၍လာကြကုန်၏၊ ထိုသို့ ဖြစ်ပေါ်၍လာကြကုန်သော ခန္ဓာငါးပါး ပရမတ္ထတရားအပေါင်းတို့တွင် ရုပ်အစုဖြစ်သော ရူပက္ခန္ဓာ၌ ရုပ်အစုဟာ ပုဂ္ဂိုလ်, သတ္တဝါ ။လ။ အတ္တ, ဇီဝဘဲ၊ ပုဂ္ဂိုလ်, သတ္တဝါ ။လ။ အတ္တ, ဇီဝဟာ ရုပ်အစုဘဲဟု ရုပ်အစု ပရမတ်နှင့် ပုဂ္ဂိုလ်, သတ္တဝါ ။လ။ အတ္တ, ဇီဝပညတ်နှင့် နှစ်မျိုးနှစ်စား ခွဲခြား၍ မသိဘဲ တပေါင်းတည်းဘဲ တသဘောတည်းဘဲ အတူတူဘဲဟု ထင်မြင်၍နေကြကုန်၏။

ထို့အတူ ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ဟု ဆိုအပ်သော နာမ်ခန္ဓာလေးပါးတို့၌လည်း ခံစားမှုဝေဒနာဟာ ပုဂ္ဂိုလ်, သတ္တဝါ ။လ။ အတ္တ, ဇီဝဘဲ၊ ပုဂ္ဂိုလ်, သတ္တဝါ ။လ။ အတ္တ, ဇီဝဟာ ခံစားမှု ဝေဒနာဘဲ၊ မှတ်သားမှု သညာက္ခန္ဓာဟာ ပုဂ္ဂိုလ်, သတ္တဝါ ။လ။ အတ္တ, ဇီဝဘဲ၊ ပုဂ္ဂိုလ်, သတ္တဝါ ။လ။ အတ္တ,ဇီဝဟာ မှတ်သားမှု သညာက္ခန္ဓာဘဲ၊ စေ့ဆော်ကြောင့်ကြမှု သင်္ခါရက္ခန္ဓာဟာ ပုဂ္ဂိုလ်, သတ္တဝါ ။လ။ အတ္တ, ဇီဝဘဲ၊ ပုဂ္ဂိုလ်, သတ္တဝါ ။လ။ အတ္တ, ဇီဝဟာ စေ့ဆော်ကြောင့်ကြမှု သင်္ခါရက္ခန္ဓာဘဲ၊ သိမှု ကုသိုလ် အကုသိုလ် စိတ်အစု ဝိညာဏက္ခန္ဓာဟာ ပုဂ္ဂိုလ်, သတ္တဝါ ။လ။ အတ္တ, ဇီဝဘဲ၊ ပုဂ္ဂိုလ်, သတ္တဝါ ။လ။ အတ္တ,ဇီဝဟာ သိမှုကုသိုလ် အကုသိုလ် စိတ်အစု ဝိညာဏက္ခန္ဓာဘဲဟု ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာဟု ဆိုအပ်သော နာမ်ခန္ဓာလေးပါးပရမတ်နှင့် ပုဂ္ဂိုလ်,သတ္တဝါ ။လ။ အတ္တ, ဇီဝပညတ်နှင့် နှစ်မျိုးနှစ်စား ခွဲခြား၍ မသိဘဲ တပေါင်းတည်းဘဲ တသဘောတည်းဘဲ အတူတူဘဲဟု ထင်မြင်၍ နေကြကုန်၏၊ ဤသို့ ထင်မြင်၍ နေခြင်းသည် ဟေတုပစ္စည်း၏

ပစ္စယုပ္ပန်ထိုက်သော ခန္ဓာငါးပါး ပရမတ္ထတရားအပေါင်း၌ ပုဂ္ဂိုလ်, သတ္တဝါ ။လ။ အတ္တ, ဇီဝဟု အထင်အမြင်မှား၍နေသော သက္ကာယဒိဋ္ဌိ ဖြစ်ပုံပါတည်း။

ဟေတုပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော ခန္ဓာငါးပါး၌ သက္ကာယဒိဋ္ဌိ
ဖြစ်ပုံကို အကျဉ်းမျှ လင်းပြခြင်း ပြီး၏။

---

**အထူးမှာထားချက်** ဟေတုပစ္စည်း ပဋ္ဌာန်းတရားကြီး၌ ပစ္စည်း, ပစ္စယုပ္ပန် ထိုက်သော ပရမတ္ထတရားအပေါင်း၌ သက္ကာယဒိဋ္ဌိဖြစ်ပုံကို စာတတ်သူ ပညာရှိ သဘောဖြူတို့နှင့် စာမတတ်သူ အဘိုးအို, အမယ်အိုတို့ပါ နားလည် ကျေနပ်ကြစေခြင်း အကျိုးငှါရင်း၊ နောင်ရေးသား ဟောပြလတ့်သော အာရမ္မဏပစ္စည်း စသည် ပစ္စည်းအစားစား ပဋ္ဌာန်းတရားကြီးတို့၌ သက္ကာယ ဒိဋ္ဌိ ဖြစ်ပုံတို့ကို အကျဉ်းအားဖြင့် ရေးသား ဟောပြောကာမျှဖြင့် အလွယ် တကူ သိကြား နားလည်ကြစေခြင်းအကျိုးငှါရင်း၊ "ထပ်သာထပ် အလပ် မရှိစေရ" ဟူသော ရှေးပေါရာဏစကား လာသည်နှင့်လျော်ညီစွာ အထပ် ထပ် ရေးပြလိုက်ပေ၏၊ ဤသို့ အထပ်ထပ် ရေးပြအပ်သည်ကို မငြီးမငြင် မပင်မပန်းမူ၍ နောင်ရေးသား ဟောပြမည့်ပစ္စည်း ပဋ္ဌာန်းတရားကြီးတို့၌ လွယ်ကူစွာ သိ, ကြား, နားလည်ကြလေအောင် ယခုရေးသား ဟောပြအပ် ပြီးသော ဟေတုပစ္စည်း ပဋ္ဌာန်းတရားကြီး၌ သက္ကာယဒိဋ္ဌိ ဖြစ်ပုံနည်းကို အထပ်ထပ် အခါခါ မကြာ မကြာ ကြည့်ရှု နိုင်ကြပါစေကုန်သတည်း၊ ဝါ-ကြည့်ရှုကြပါလေ ယောဂီမြတ်အပေါင်း သူတော်ကောင်းတွေတို့။

ဟေတုပစ္စည်း ပဋ္ဌာန်းတရားကြီး၏ ပစ္စည်း,ပစ္စယုပ္ပန်ထိုက်သော ခန္ဓာငါးပါး
ပရမတ္ထတရားအပေါင်း၌ မြန်မာဘာသာစကားဖြင့် သက္ကာယဒိဋ္ဌိ
ဖြစ်ပုံကို အကျဉ်းမျှ လင်းပြခြင်း ပြီး၏။

---

## ပရမတ္ထတရားအပေါင်း၌ သက္ကာယမည်၍ ဒိဋ္ဌိဖြစ်ပုံကို ဝိဂြိုဟ်အမျိုးမျိုးတို့ဖြင့် အကျဉ်းမျှ လင်းပြခြင်း

**မေး** ပရမတ္ထတရားအပေါင်း၌ သက္ကာယမည်၍ ဒိဋ္ဌိဖြစ်ခြင်း၏ အကြောင်း ကို ရှေးရှေးသော ကျမ်းပြုအကျော် ဆရာတော် အရှင်မြတ်တို့သည် ဘယ်လို ဝိဂြိုဟ်ဆို၍ ပြပါသနည်း။

**ဖြေ** "သန္တော ကာယော သက္ကာယော၊ သက္ကာယေ ဒိဋ္ဌိ သက္ကာယဒိဋ္ဌိ" သမာသ်ဝိဂ္ဂြိုဟ်။

**တို့မြန်မာဘာသာလို ပြန်ဆိုရန်ကား—** သန္တော၊ ပရမတ္ထအားဖြင့် ထင်ရှားရှိသော။ ကာယော၊ တရားအပေါင်းတည်း။ သက္ကာယော၊ ပရမတ္ထအားဖြင့် ထင်ရှားရှိသော တရားအပေါင်း။ သက္ကာယေ၊ ပရမတ္ထအားဖြင့် ထင်ရှားရှိသော တရားအပေါင်း၌။ ဒိဋ္ဌိ၊ အထည်ခံ, အမာခံ, အနှစ်သာရ, အတ္တဟု၊ ဝါ-ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောကျ်ား, မိန်းမ, အတ္တ, ဇီဝဟု မှားသော အားဖြင့် စွဲယူ ထင်မြင်ခြင်းတည်း။ သက္ကာယဒိဋ္ဌိ၊ ပရမတ္ထအားဖြင့် ထင်ရှားရှိသော တရားအပေါင်း၌ အထည်ခံ,အမာခံ, အနှစ်သာရ, အတ္တဟု၊ ဝါ-ပုဂ္ဂိုလ်, သတ္တဝါ ။လ။ အတ္တ,ဇီဝဟု မှားသောအားဖြင့် စွဲယူထင်မြင်ခြင်း။

**တနည်း** "ကာယေ ဒိဋ္ဌိ ကာယဒိဋ္ဌိ၊ သတိ ကာယဒိဋ္ဌိ သက္ကာယဒိဋ္ဌိ"သမာသ် ဝိဂ္ဂြိုဟ်။

**တို့မြန်မာဘာသာလို ပြန်ဆိုရန်ကား—** ကာယေ၊ ပရမတ္ထ တရားအပေါင်း၌။ ပဝတ္တာ၊ ဖြစ်သော။ ဒိဋ္ဌိ၊ အထည်ခံ, အမာခံ, အနှစ်သာရ, အတ္တဟု၊ ဝါ-ပုဂ္ဂိုလ် သတ္တဝါ ။လ။ အတ္တ, ဇီဝဟု မှားသောအယူတည်း။ ကာယဒိဋ္ဌိ၊ ပရမတ္ထ တရားအပေါင်း၌ ဖြစ်ပွားသော အထည်ခံ, အမာခံ, အနှစ်သာရ, အတ္တဟု၊ ဝါ-ပုဂ္ဂိုလ်,သတ္တဝါ ။လ။ အတ္တ, ဇီဝဟု မှားသောအယူ။ သတိ၊ ထင်ရှားရှိသော။ ကာယဒိဋ္ဌိ၊ ပရမတ္ထတရားအပေါင်း၌ အထည်ခံ, အမာခံ, အနှစ်သာရ အတ္တဟု၊ ဝါ-ပုဂ္ဂိုလ်, သတ္တဝါ ။လ။ အတ္တ, ဇီဝဟု မှားသောအယူတည်း။ သက္ကာယဒိဋ္ဌိ၊ ထင်ရှားရှိသော ပရမတ္ထတရားအပေါင်း၌ ဖြစ်ပွားသော အထည်ခံ, အမာခံ, အနှစ်သာရ,အတ္တဟု၊ဝါ-ပုဂ္ဂိုလ်, သတ္တဝါ ။လ။ အတ္တ, ဇီဝဟု မှားသောအယူ။

အင်္ဂုတ္တိုရ် အဋ္ဌကထာ ဋီကာ-စသည် ရှေးရှေးသော ကျမ်းပြုအကျော် ဆရာတော် အရှင်မြတ်ကြီးတို့သည် ထင်ရှားရှိသော ပရမတ္ထတရား အပေါင်း၌ သက္ကာယဒိဋ္ဌိ ဖြစ်ကြောင်းကို ဤလို ဝိဂ္ဂြိုဟ်ဆို၍ ပြတော်မူပါသည်။

ပရမတ္ထတရားအပေါင်း၌ သက္ကာယဒိဋ္ဌိ ဖြစ်ပုံကို ဝိဂ္ဂြိုဟ်
အမျိုးမျိုးတို့ဖြင့် အကျဉ်းမျှ လင်းပြခြင်း ပြီး၏။

### ခန္ဓာငါးပါး တည်းဟူသော ပရမတ္ထတရားအပေါင်း၌ပုဂ္ဂိုလ် ။လ။ အတ္တ, ဇီဝဟု အထင်အမြင်မှားမှုသည် သက္ကာယဒိဋ္ဌိ ဖြစ်ကြောင်း
## အဋ္ဌသာလိနီ အဋ္ဌကထာပါဠိဖြင့်
## အကျဉ်းမျှ လင်းပြခြင်း

မေး ထင်ရှားရှိသော ခန္ဓာငါးပါးဟု ဆိုအပ်သော ပရမတ္ထတရားအပေါင်း၌ ပုဂ္ဂိုလ်, သတ္တဝါ ။လ။ အတ္တ, ဇီဝဟု ထင်မှု မြင်မှုသည် သက္ကာယဒိဋ္ဌိ ဖြစ်၏ဟု အထက်က မြန်မာလို ရေးသားဟောပြခဲ့အပ်သော စကားရပ်၏ အကိုးပါဠိကား အဘယ်ပါနည်း။

ဖြေ သက္ကာယဒိဋ္ဌီတိ ဝိဇ္ဇမာနဋ္ဌေန သတိ ခန္ဓပဉ္စကသင်္ခါတေ ကာယေ ဒိဋ္ဌီတိ သက္ကာယဒိဋ္ဌိ။

အဋ္ဌသာလိနီ အဋ္ဌကထာပါဠိ

**တို့မြန်မာဘာသာလို ပြန်ဆိုရန်ကား—** သက္ကာယဒိဋ္ဌီတိ၊ သက္ကာယဒိဋ္ဌိဟု ဆိုအပ်သော ပါဠိဘာသာ စကားရပ်သည်ကား။ ဝိဇ္ဇမာနဋ္ဌေန၊ ထင်ရှားရှိသော အနက်သဘောကြောင့်။ သတိ၊ ထင်ရှားရှိသော။ ခန္ဓပဉ္စကသင်္ခါတေ၊ ခန္ဓာငါးပါးဟု ဆိုအပ်သော။ ကာယေ၊ ပရမတ္ထတရားအပေါင်း၌။ ဒိဋ္ဌိ၊ အထည်ခံ ။လ။ မှားသောအယူတည်း။ ဝါ-ပုဂ္ဂိုလ် ။လ။ အတ္တ, ဇီဝဟု မှားသောအယူတည်း။ ဣတိ တသ္မာ၊ ထိုသို့ ထင်ရှားရှိသော ခန္ဓာငါးပါးဟု ဆိုအပ်သော ပရမတ္ထတရားအပေါင်း၌ ပုဂ္ဂိုလ်,သတ္တဝါ ။လ။ အတ္တ, ဇီဝဟု မှားသောအယူ၏ အဖြစ်ကြောင့်။ သက္ကာယဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိမည်၏။ ဝါ-ပရမတ်မှားမည်၏။ အဋ္ဌသာလိနီအနက် အထက်က မြန်မာလို ဟောပြရေးသားအပ်သော စကားရပ်၏ အကိုးပါဠိကား..... ဤသို့ပါတည်း။

ခန္ဓာငါးပါး၌ သက္ကာယဒိဋ္ဌိဖြစ်ပုံကို အဋ္ဌသာလိနီ အဋ္ဌကထာပါဠိဖြင့် အကျဉ်းမျှ လင်းပြခြင်း ပြီး၏။

---

## သက္ကာယဒိဋ္ဌိ ဖြစ်တတ်သော ပုဂ္ဂိုလ်ကို အကျဉ်းမျှ လင်းပြခြင်း

မေး ခန္ဓာငါးပါးဟု ဆိုအပ်သော ပရမတ္ထတရားအပေါင်း၌ အထင်အမြင်မှား၍ သက္ကာယဒိဋ္ဌိ ဖြစ်တတ်သော ပုဂ္ဂိုလ်သည် အဘယ်ပုဂ္ဂိုလ်ဖြစ်ပါသနည်း။

ဖြေ ဣဓ အသုတဝါ ပုထုဇ္ဇနော အရိယာနံ အဒဿာဝီ အရိယဓမ္မဿ အကောဝိဒေါ အရိယဓမ္မေ အဝိနီတော. သပ္ပုရိသာနံ အဒဿာဝီ သပ္ပုရိသ ဓမ္မဿ အကောဝိဒေါ သပ္ပုရိသဓမ္မေ အဝိနီတော။

ဓမ္မသင်္ဂဏီ ပါဠိတော်

**တိုမြန်မာဘာသာလို ပြန်ဆိုရန်ကား—** ဣဓ၊ ဤလောက၌။ အသုတဝါ၊ အကြားအမြင်မရှိသော။ အရိယာနံ၊ အရိယာမြတ်တို့ကို။ အဒဿာဝီ၊ ပညာ မျက်စိဖြင့် မြင်လေ့မရှိသော။ အရိယဓမ္မဿ၊ အရိယာမြတ်တို့၏ တရား၌။ အကောဝိဒေါ၊ မလိမ္မာသော။ အရိယဓမ္မေ၊ အရိယာမြတ်တို့၏ တရား၌။ အဝိနီတော၊ မဆုံးမအပ်သော။ ဝါ-အဆုံးအမကို မရသော။ သပ္ပုရိသာနံ၊ သူတော်ကောင်းတို့ကို။ အဒဿာဝီ၊ သော။ သပ္ပုရိသဓမ္မဿ၊ သူတော်ကောင်း တို့၏ တရား၌။ အကောဝိဒေါ၊ သော။ သပ္ပုရိသဓမ္မေ၊ သူတော်ကောင်းတို့၏ တရား၌။ အဝိနီတော၊ မဆုံးမအပ်သော။ ဝါ-အဆုံးအမကို မရသော။ ပုထုဇ္ဇနော၊ ပုထုဇန်တည်း။ "၎င်းပါဠိတော် မြန်မာဘာသာပြန်"

## မြန်မာလင်္ကာ ဆောင်ပုဒ်

**နည်းပါးကြားမြင်၊ ပုထုဇန်၊ ဖြစ်အင် သက္ကာယ။**
**အရိယာဓမ္မ၊ မမြင်က၊ ဖြစ်ထ သက္ကာယ။**
**အရိယာဓမ္မ၊ မသိက၊ ဖြစ်ထ သက္ကာယ။**
**အရိယာဓမ္မ၊ မဆုံးမ၊ ဖြစ်ထ သက္ကာယ။**

ဤသို့ ဟောတော်မူအပ်သော ပါဠိတော်အလာ လွယ်ကူစွာ ကျက်ယူပါ စေခြင်းအကျိုးငှါ ရေးသားအပ်သော တိုမြန်မာလင်္ကာနှင့် အညီ ခန္ဓာငါးပါး တည်းဟူသော ပရမတ္ထတရား၌ အထင်အမြင်မှား၍ သက္ကာယဒိဋ္ဌိဖြစ်တတ်သော ပုဂ္ဂိုလ်အား အရိယာသူတော်ကောင်းကို မဆည်းကပ် မဖူးမျှော် အရိယာ သူတော်ကောင်းတရား၌ ပညာမျက်စိဖြင့် အကြားအမြင်မရှိ မသိ မလိမ္မာ, အဆုံးအမ, မရသော အန္ဓပုထုဇန်ပုဂ္ဂိုလ် ဖြစ်ပါသည်။

သက္ကာယဒိဋ္ဌိဖြစ်တတ်သော ပုဂ္ဂိုလ်ကို လင်းပြခြင်း ပြီး၏။

## ဓမ္မသင်္ဂဏီပါဠိတော်လာ သက္ကာယဒိဋ္ဌိ (၂၀) ဖြစ်ပုံကို လင်းပြခြင်း

**မေး** ခန္ဓာငါးပါးဟုဆိုအပ်သော ပရမတ္ထအပေါင်း၌ အန္ဓပုထုဇန်တို့သည်သာ သက္ကာယဒိဋ္ဌိ ဖြစ်တတ်၏ဟု ဆိုသော် ၎င်းခန္ဓာငါးပါးဟု ဆိုအပ်သော ပရမတ္ထ တရားအပေါင်း၌ သက္ကာယဒိဋ္ဌိမည်မျှ ဖြစ်ပါသနည်း။

**ဖြေ** ၁ ရူပံ အတ္တတော သမနုပဿတိ။
၂ ရူပဝန္တံ ဝါ အတ္တာနံ။
၃ အတ္တနိ ဝါ ရူပံ။
၄ ရူပသ္မိံ ဝါ အတ္တာနံ။

၁ ဝေဒနံ အတ္တတော-သမနုပဿတိ။
၂ ဝေဒနာဝန္တံ ဝါ အတ္တာနံ။
၃ အတ္တနိ ဝါ ဝေဒနံ။
၄ ဝေဒနာယ ဝါ အတ္တာနံ။

၁ သညံ အတ္တတော သမနုပဿတိ။
၂ သညာဝန္တံ ဝါ အတ္တာနံ။
၃ အတ္တနိ ဝါ သညံ။
၄ သညာယ ဝါ အတ္တာနံ။

၁ သင်္ခါရေ အတ္တတော သမနုပဿတိ။
၂ သင်္ခါရဝန္တံ ဝါ အတ္တာနံ။
၃ အတ္တနိ ဝါ သင်္ခါရေ။
၄ သင်္ခါရေသု ဝါ အတ္တာနံ။

၁ ဝိညာဏံ အတ္တတော သမနုပဿတိ။
၂ ဝိညာဏဝန္တံ ဝါ အတ္တာနံ။
၃ အတ္တနိ ဝါ ဝိညာဏံ။
၄ ဝိညာဏသ္မိံ ဝါ အတ္တာနံ ။ပ။ အယံ ဝုစ္စတိ သက္ကာယဒိဋ္ဌိ။

ဓမ္မသင်္ဂဏီ ပါဠိတော်

## တို့မြန်မာဘာသာလို ပြန်ဆိုရန်ကား

၁ ရူပံ၊ ရူပက္ခန္ဓာကို။ အတ္တတော၊ အတ္တ ဟူ၍။ ဝါ-ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောကျ်ား,မိန်းမ, အတ္တ, ဇီဝဟူ၍။ သမနုပဿတိ၊ ကောင်းစွာ အဖန်ဖန်ရှု၏။ ဝါ-စွဲယူထင်မြင်၏။

၂ ဝါ-ရှုပုံ စွဲယူထင်မြင်ပုံ တနည်းကား။ ရူပဝန္တံ၊ ရူပက္ခန္ဓာရှိသော။ အတ္တာနံ၊ အတ္တကို။ ဝါ-ပုဂ္ဂိုလ်, သတ္တဝါ ။လ။ အတ္တ, ဇီဝကို။ သမနုပဿတိ၊ ကောင်းစွာအဖန်ဖန် ရှု၏။ ဝါ-စွဲယူထင်မြင်၏။

၃ ဝါ-ရှုပုံ စွဲယူထင်မြင်ပုံ တနည်းကား။ အတ္တနိ၊ အတ္တ၌။ ဝါ-ပုဂ္ဂိုလ်, သတ္တဝါ ။လ။ အတ္တ,ဇီဝ၌။ ရူပံ၊ရူပက္ခန္ဓာကို။ သမနုပဿတိ၊ ကောင်းစွာ အဖန်ဖန်ရှု၏။ ဝါ-စွဲယူထင်မြင်၏။

၄ ဝါ-ရှုပုံ စွဲယူထင်မြင်ပုံ တနည်းကား။ ရူပသ္မိံ၊ ရူပက္ခန္ဓာ၌။ အတ္တာနံ၊ အတ္တကို။ ဝါ-ပုဂ္ဂိုလ်,သတ္တဝါ။လ။ အတ္တ,ဇီဝကို။သမနုပဿတိ၊ ကောင်း စွာအဖန်ဖန်ရှု၏။ ဝါ-စွဲယူထင်မြင်၏။

ဤသို့ ရူပက္ခန္ဓာ၌ သက္ကာယဒိဋ္ဌိ ဖြစ်ပုံ (၄) ပါး။

၁ ဝေဒနံ၊ ဝေဒနာက္ခန္ဓာကို။ အတ္တတော၊ အတ္တဟူ၍။ ဝါ-ပုဂ္ဂိုလ်, သတ္တဝါ ။လ။ အတ္တ,ဇီဝဟူ၍။ သမနုပဿတိ၊ ကောင်းစွာ အဖန်ဖန်ရှု၏။ ဝါ-စွဲယူထင်မြင်၏။

၂ ဝါ-ရှုပုံ စွဲယူထင်မြင်ပုံတနည်းကား။ဝေဒနာဝန္တံ၊ ဝေဒနာက္ခန္ဓာရှိသော။ အတ္တာနံ၊အတ္တကို။ ဝါ-ပုဂ္ဂိုလ်,သတ္တဝါ။လ။ အတ္တ,ဇီဝကို။ သမနုပဿတိ၊ ကောင်းစွာ အဖန်ဖန်ရှု၏။ ဝါ-စွဲယူထင်မြင်၏။

၃ ဝါ-ရှုပုံ စွဲယူထင်မြင်ပုံတနည်းကား။ အတ္တနိ၊ အတ္တ၌။ဝါ-ပုဂ္ဂိုလ်,သတ္တဝါ ။လ။အတ္တ,ဇီဝ၌။ ဝေဒနံ၊ ဝေဒနာက္ခန္ဓာကို။ သမနုပဿတိ၊ ကောင်းစွာ အဖန်ဖန် ရှု၏။ ဝါ-စွဲယူထင်မြင်၏။

၄ ဝါ-ရှုပုံ စွဲယူထင်မြင်ပုံ တနည်းကား။ ဝေဒနာယ၊ ဝေဒနာက္ခန္ဓာ၌။ အတ္တာနံ၊ အတ္တကို။,ဝါ-ပုဂ္ဂိုလ်သတ္တဝါ။လ။ အတ္တ,ဇီဝကို။သမနုပဿတိ၊ ကောင်းစွာ အဖန်ဖန် ရှု၏။ ဝါ- စွဲယူထင်မြင်၏။

ဤသို့ ဝေဒနာက္ခန္ဓာ၌ သက္ကာယဒိဋ္ဌိဖြစ်ပုံ (၄) ပါး။

၁ သညာ၊ သညာက္ခန္ဓာကို။ အတ္တတော၊ အတ္တဟူ၍။ ဝါ-ပုဂ္ဂိုလ်, သတ္တဝါ ။လ။ အတ္တ,ဇီဝဟူ၍။ သမနုပဿတိ၊ ကောင်းစွာ အဖန်ဖန် ရှု၏။ ဝါ-စွဲယူထင်မြင်၏။

၂ ဝါ-ကား။ သညာဝန္တံ၊ သညာက္ခန္ဓာရှိသော။ အတ္တာနံ၊ အတ္တကို။ ဝါ-ပုဂ္ဂိုလ်,သတ္တဝါ။လ။ အတ္တ,ဇီဝကို။ သမနုပဿတိ၊ ကောင်းစွာ အဖန်ဖန် ရှု၏။ ဝါ-စွဲယူထင်မြင်၏။

၃ ဝါ-ကား။ အတ္တနိ၊ အတ္တ၌။ ဝါ-ပုဂ္ဂိုလ်,သတ္တဝါ။လ။ အတ္တ,ဇီဝ၌။သညံ၊ သညာက္ခန္ဓာကို။ သမနုပဿတိ၊ ကောင်းစွာအဖန်ဖန် ရှု၏။ ဝါ-စွဲယူထင်မြင်၏။

၄ ဝါ-ကား။ သညာယ၊ သညာက္ခန္ဓာ၌။ အတ္တာနံ၊ အတ္တကို။ ဝါ-ပုဂ္ဂိုလ်, သတ္တဝါ။လ။ အတ္တ ဇီဝကို။ သမနုပဿတိ၊ ကောင်းစွာ အဖန်ဖန်ရှု၏။ ဝါ-စွဲယူထင်မြင်၏။

ဤသို့ သညာက္ခန္ဓာ၌ သက္ကာယဒိဋ္ဌိဖြစ်ပုံ (၄)ပါး။

၁ သင်္ခါရေ၊ သင်္ခါရက္ခန္ဓာတို့ကို။ အတ္တတော၊ အတ္တဟူ၍။ သမနုပဿတိ၊ ကောင်းစွာ အဖန်ဖန် ရှု၏။

၂ ဝါ-ကား။ သင်္ခါရဝန္တံ၊ သင်္ခါရက္ခန္ဓာရှိသော။ အတ္တာနံ၊ အတ္တကို။ သမနုပဿတိ၊ ကောင်းစွာ အဖန်ဖန် ရှု၏။

၃ ဝါ-ကား။အတ္တနိ၊ အတ္တ၌။ သင်္ခါရေ၊ သင်္ခါရက္ခန္ဓာတို့ကို။သမနုပဿတိ၊ ကောင်းစွာ အဖန်ဖန် ရှု၏။

၄ ဝါ-ကား။ သင်္ခါရေသု၊ သင်္ခါရက္ခန္ဓာတို့၌။ အတ္တာနံ၊ အတ္တကို။ သမနုပဿတိ၊ ကောင်းစွာ အဖန်ဖန် ရှု၏။

ဤသို့ သင်္ခါရက္ခန္ဓာ၌ သက္ကာယဒိဋ္ဌိဖြစ်ပုံ (၄)ပါး။

၁ ဝိညာဏံ၊ ဝိညာဏက္ခန္ဓာကို။ အတ္တတော၊ အတ္တဟူ၍။ သမနုပဿတိ၊ ကောင်းစွာ အဖန်ဖန် ရှု၏။

၂ ဝါ-ကား။ ဝိညာဏဝန္တံ၊ ဝိညာဏက္ခန္ဓာရှိသော။ အတ္တာနံ၊ အတ္တကို။ သမနုပဿတိ၊ ကောင်းစွာ အဖန်ဖန် ရှု၏။

၃ ဝါ-ကား။ အတ္တာနံ၊ အတ္တာ၌။ ဝိညာဏံ၊ ဝိညာဏက္ခန္ဓာကို။သမနုပဿတိ၊ ကောင်းစွာ အဖန်ဖန် ရှု၏။

၄ ဝါ-ကား။ ဝိညာဏသ္မိံ၊ ဝိညာဏက္ခန္ဓာ၌။ အတ္တာနံ၊ အတ္တာကို။ သမနုပဿတိ၊ ကောင်းစွာ အဖန်ဖန် ရှု၏။

ဤသို့ ဝိညာဏက္ခန္ဓာ၌ သက္ကာယဒိဋ္ဌိဖြစ်ပုံ (၄)ပါး။

။ပ။ အယံ၊ ဤအယူတရားဆိုးကြီးကို။ သက္ကာယဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ(၂၀)ဟူ၍။ ဝါ-ခန္ဓာငါးပါး တည်းဟူသော ပရမတ္ထ တရားအပေါင်း၌ ပုဂ္ဂိုလ်,သတ္တဝါ, ငါ, သူတပါး, ယောကျ်ား, မိန်းမ, အတ္တ, ဇီဝဟု စွဲယူထင်မြင်မှားသဖြင့် ပရမတ်မှား (၂၀)ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဓမ္မသင်္ဂဏီပါဠိတော်အလာ သက္ကာယဒိဋ္ဌိ (၂၀)ဖြစ်ပုံကို
လင်းပြခြင်း ပြီး၏။

---

## ဉာဏ်နုကြသူတို့ပါ လွယ်ကူစွာ သိကြရလေအောင် တို့မြန်မာဘာသာစစ်စစ်ဖြင့် သက္ကာယဒိဋ္ဌိ(၂၀) ဖြစ်ပုံကို လင်းပြခြင်း

**မေး** ဘုရားဟောပါဠိအရ အောက်က ဟောပြခဲ့ပြီးသော အန္ဓပုထုဇန်တို့၏ သန္တာန်၌ မှားသော သက္ကာယဒိဋ္ဌိ (၂၀)ဖြစ်ပုံကို ဉာဏ်နုကြသူ ယောဂီဖြူတို့ပါ လွယ်ကူစွာ သိကြရလေအောင် တို့မြန်မာဘာသာ စစ်စစ်ဖြင့် ဘယ်လိုဟောပြ ပါသနည်း။

**ဖြေ** "ခန္ဓာငါးမှာ၊ လေးစီဖြာ၊ သက္ကာ နှစ်ဆယ်ဖြစ်" ဟူသော ဆောင်ပုဒ် လင်္ကာအရ—

| | |
|---|---|
| ၁ ရုပ်ကောင်ကြီးဟာ ငါဘဲ၊ | ၃ ငါ၌ ရုပ်တည်သည်၊ |
| ၂ ငါ့မှာ ရုပ်ရှိသည်၊ | ၄ ရုပ်၌ ငါတည်သည်၊ |

ဤကား ရူပက္ခန္ဓာ၌ ပရမတ်မှား သက္ကာယဒိဋ္ဌိ (၄)ပါး ဖြစ်ပုံတည်း။

၁ ထိုထိုအာရုံ၏အရသာကို ငါခံစားသည်၊ ၃ ငါ၌ ခံစားမှုတည်သည်၊
၂ ငါ့မှာ ခံစားမှုရှိသည်၊ ၄ ခံစားမှု၌ ငါတည်သည်၊

ဤကား ဝေဒနာက္ခန္ဓာ၌ ပရမတ်မှား သက္ကာယဒိဋ္ဌိ (၄)ပါး ဖြစ်ပုံတည်း။

၁ ထိုထိုအာရုံကို ငါမှတ်မိသည်၊ ၃ ငါ၌ အမှတ်တည်သည်၊
၂ ငါ့မှာ မှတ်မှုရှိသည်၊ ၄ အမှတ်၌ ငါတည်သည်၊

ဤကား သညာက္ခန္ဓာ၌ ပရမတ်မှား သက္ကာယဒိဋ္ဌိ (၄)ပါး ဖြစ်ပုံတည်း။

၁ ထိုထိုအမှုကိစ္စကို ငါစေ့ဆော်ကြောင့်ကြ ဗျာပါရပြုသည်။ ၃ ငါ၌ ဗျာပါရတည်သည်၊
၂ ငါ့မှာ ဗျာပါရရှိသည်။ ၄ ဗျာပါရ၌ ငါတည်သည်၊

ဤကား သင်္ခါရက္ခန္ဓာ၌ ပရမတ်မှား သက္ကာယဒိဋ္ဌိ (၄)ပါး ဖြစ်ပုံတည်း။

၁ ထိုထိုအာရုံကို ငါသိသည်၊ ၃ ငါ၌ သိမှုတည်သည်၊
၂ ငါ့မှာ သိမှုရှိသည်၊ ၄ သိမှု၌ ငါတည်သည်၊

ဤကား ဝိညာဏက္ခန္ဓာ၌ ပရမတ်မှား သက္ကာယဒိဋ္ဌိ (၄)ပါး ဖြစ်ပုံတည်း၊ ပါဠိတော်အရ ဟောပြအပ်သော ပရမတ်မှား သက္ကာယဒိဋ္ဌိဖြစ်ပုံ (၂၀)ကို ဉာဏ်နုကြသူ ယောဂီဖြူတို့ လွယ်ကူစွာ သိကြရလေအောင် တို့မြန်မာဘာသာ စစ်စစ်ဖြင့် ဤလို ဟောပြပါသည်။

မြန်မာဘာသာစစ်စစ်ဖြင့် သက္ကာယဒိဋ္ဌိ (၂၀)ဖြစ်ပုံ လင်းပြခြင်း ပြီး၏။

---

## ပရမတ်တရားနှင့် ပညတ်တရားကို မကွဲမပြားမူ၍ အတူတူဘဲဟု ထင်မှတ် စွဲယူခြင်းသည် သက္ကာယဒိဋ္ဌိ ပရမတ်မှား ဖြစ်ကြောင်း အကိုးနှင့်တကွ လင်းပြခြင်း

မေး (အတူထင်လတ် ပရမတ်မှား သက္ကာယဒိဋ္ဌိမှတ်) ဤသို့ ကျေးဇူးတော်ရှင် မိုးညှင်းတောရ ဆရာတော်ဘုရားကြီး မိန့်ကြားတော်မူအပ်သော လင်္ကာနှင့်ညီစွာ ခန္ဓာငါးပါး တည်းဟူသော ပရမတ်တရားနှင့် ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောကျ်ား, မိန်းမ, အတ္တ, ဇီဝဟု ဆိုအပ်သော ပညတ်တရားတို့နှင့်

နှစ်မျိုးနှစ်စား မကွဲမပြားဘဲ တသားတည်းဘဲ တသဘောတည်းဘဲဟု ထင်မြင်၍ နေမှုသဘောသည် သက္ကာယဒိဋ္ဌိ ပရမတ်မှား ဖြစ်၏ဟု အောက်၌ ရေးသားဟောပြခဲ့ပြီးသော စကားရပ်၏ အကိုးပါဠိကား အဘယ်နည်း။

ဖြေ  ရူပံ အတ္တတော သမနုပဿတီတိ ဣဓေကစ္စော ရူပံ အတ္တတော သမနုပဿတိ၊ ယံ ရူပံ သော အဟံ ယော အဟံ တံ ရူပန္တိ ရူပဉ္စ အတ္တာနဉ္စ အဒ္ဒယံ သမနုပဿတိ၊ သေယျထာပိ နာမ တေလပဒီပဿ ဈာယတော ယာ အစ္စိ သော ဝဏ္ဏော၊ ယော ဝဏ္ဏော သာ အစ္စီတိ၊ အစ္စိဉ္စ ဝဏ္ဏဉ္စ အဒ္ဒယံ သမနုပဿတိ၊ ဧဝမေဝံ ဣဓေကစ္စော ရူပံ အတ္တတော (ပေ) သမနုပဿတီတိ ဧဝံ ရူပံ အတ္တာတိ ဒိဋ္ဌိပဿနာယ ပဿတိ၊ ရူပဝန္တံ ဝါ အတ္တာနန္တိ အရူပံ အတ္တာတိ ဂဟေတွာ ဆာယာဝန္တံ ရုက္ခံ ဝိယ တံ ရူပဝန္တံ သမနုပဿတိ၊ အတ္တနိ ဝါ ရူပန္တိ အရူပမေဝ အတ္တာတိ ဂဟေတွာ ပုပ္ဖမှိ ဂန္ဓံ ဝိယ အတ္တနိ ရူပံ သမနုပဿတိ၊ ရူပသ္မိံ ဝါ အတ္တာနန္တိ အရူပမေဝ အတ္တာတိ ဂဟေတွာ ကရဏ္ဍကေ မဏိံ ဝိယ အတ္တာနံ ရူပသ္မိံ သမနုပဿတိ၊ ဝေဒနာဒီသုပိ ဧသေဝ နယော။

မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာပါဠိ

**တို့မြန်မာဘာသာလို ပြန်ဆိုရန်ကား—** ရူပံ အတ္တတော သမနုပဿတီတိ၊ ဟူသည်ကား။ ဣဓ၊ ဤလောက၌။ ဧကစ္စော၊ အချို့သော အန္ဓပုထုဇန်သည်။ ရူပံ၊ ရူပက္ခန္ဓာကို။ အတ္တတော၊ အတ္တဟူ၍။ ဝါ-ပုဂ္ဂိုလ်,သတ္တဝါ ။လ။ အတ္တ,ဇီဝဟူ၍။သမနုပဿတိ၊ ကောင်းစွာ အဖန်ဖန် ရှု၏။ ဝါ-စွဲယူထင်မြင်၏။ယံ ရူပံ၊ အကြင်ရူပက္ခန္ဓာသည်။အတ္ထိ၊ ရှိ၏။ သော၊ ထိုရူပက္ခန္ဓာသည်သာလျှင်။ အဟံ၊ ငါတည်း။ ယော အဟံ၊ အကြင်ငါသည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုငါသည်ပင်။ ရူပံ၊ ရူပက္ခန္ဓာတည်း။ဣတိ၊ ဤသို့။ ရူပဉ္စ၊ ရူပက္ခန္ဓာကိုရင်း။အတ္တာနဉ္စ၊ ကိုယ်ကိုရင်း။ ဝါ-ပုဂ္ဂိုလ်, သတ္တဝါ ။လ။ အတ္တ,ဇီဝကိုရင်း။ အဒ္ဒယံ၊ နှစ်ပါးအဖြစ်မှ ကင်းသည်ကို။ ဝါ-တခုတည်းကို။ သမနုပဿတိ၊ ကောင်းစွာ အဖန်ဖန် ရှု၏။ ဝါ-စွဲယူထင်မြင်၏။ သေယျထာပိ နာမ၊ ပညာရှိတို့ နှိုင်းဆ၍ သိရာ ဥပမာသည်ကား။ ဈာယတော၊ တောက်လောင်ထွန်းပသော။ တေလပဒီပဿ၊ဆီမီး၏။ ယာ အစ္စိ၊ အကြင် မီးတောက် မီးလျှံသည်။ အတ္ထိ၊ ရှိ၏။ သော၊ ထိုမီးတောက် မီးလျှံ

သည်ပင်။ ဝဏ္ဏော၊ အရောင်အလင်း အဆင်းရူပါရုံ မည်၏။ ယော ဝဏ္ဏော၊ အကြင် အရောင်အလင်း အဆင်းရူပါရုံသည်။ အတ္ထိ၊ ရှိ၏။ သော၊ ထိုအရောင်အလင်း အဆင်းရူပါရုံသည်ပင်။ အစ္စိ၊ မီးတောက်မီးလျှံတည်း။ ဣတိ၊ ဤသို့။ အစ္စိဥ္စ၊ မီးတောက်မီးလျှံကိုငင်း။ ဝဏ္ဏဥ္စ၊ အရောင်အလင်း အဆင်း ရူပါရုံကိုငင်း။ အဒ္ဒယံ၊ နှစ်ပါးမရှု တခုတည်းသာပြု၍။ သမနုပဿတိ သေယျထာပိ၊ ကောင်းစွာအဖန်ဖန် ရှုသကဲ့သို့။ ဝါ-စွဲယူထင်မြင်သကဲ့သို့။ ဧဝံ၊ ဤအတူ။ ဣဓ၊ ဤလောက၌။ ဧကစ္စော၊ အချို့သော အန္ဓပုထုဇန်သည်။ တေံ ရူပံ၊ ထိုသို့သဘောရှိသော ရူပက္ခန္ဓာကို။အတ္တတော၊ အတ္တဟူ၍။ ဝါ-ပုဂ္ဂိုလ်,သတ္တဝါ ။လ။ အတ္တ,ဇီဝဟူ၍။ သမနုပဿတိ၊ ကောင်းစွာအဖန်ဖန် ရှု၏။ ဝါ-စွဲယူထင်မြင်၏။ ဣတိ ဧဝံ၊ ဤသို့။ ရူပံ၊ ရူပက္ခန္ဓာကို။အတ္တာတိ၊ အတ္တဟူ၍။ဝါ-ပုဂ္ဂိုလ်, သတ္တဝါ ။လ။ အတ္တ,ဇီဝဟူ၍။ ဒိဋ္ဌိပဿနာယ၊ ဒိဋ္ဌိ၏ ရှုခြင်းဖြင့်။ ပဿတိ၊ ရှု၏။

ရူပဝန္တံ ဝါ အတ္တာနန္တိ၊ ဟူသည်ကား။ အရူပံ၊ ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ဟု ဆိုအပ်သော နာမက္ခန္ဓာကို။ အတ္တာတိ၊ အတ္တဟူ၍။ ဝါ-ပုဂ္ဂိုလ်, သတ္တဝါ ။လ။ အတ္တ, ဇီဝဟူ၍။ ဂဟေတွာ၊ ယူ၍။ ဆာယာဝန္တံ၊ အရိပ်ရှိသော။ ရုက္ခံ ဝိယ၊ သစ်ပင်ကဲ့သို့။ တံ၊ ထိုအတ္တကို။ ဝါ-အတ္တ,ဇီဝကို။ ရူပဝန္တံ၊ ရူပက္ခန္ဓာရှိ၏ဟူ၍။ သမနုပဿတိ၊ ကောင်းစွာအဖန်ဖန်ရှု၏။ဝါ-စွဲယူထင်မြင်၏။

အတ္တနိ ဝါ ရူပန္တိ၊ ဟူသည်ကား။ အရူပမေဝ၊ နာမက္ခန္ဓာကိုသာလျှင်။ အတ္တာတိ၊ အတ္တဟူ၍။ ဝါ-ပုဂ္ဂိုလ်,သတ္တဝါ ။လ။ အတ္တ,ဇီဝဟူ၍။ ဂဟေတွာ၊ ယူ၍။ ပုပ္ဖမိ၊ ပန်းပွင့်၌။ ဂန္ဓံ ဝိယ၊ အနံ့ကဲ့သို့။ အတ္တနိ၊ အတ္တ၌။ ရူပံ၊ ရူပက္ခန္ဓာကို။ သမနုပဿတိ၊ ကောင်းစွာအဖန်ဖန်ရှု၏။ ဝါ-စွဲယူထင်မြင်၏။

ရူပသ္မိံ ဝါ အတ္တာနန္တိ၊ ဟူသည်ကား။ အရူပမေဝ၊ နာမက္ခန္ဓာကိုသာလျှင်။ အတ္တာတိ၊ အတ္တဟူ၍။ ဝါ-ပုဂ္ဂိုလ်, သတ္တဝါ ။လ။ အတ္တ, ဇီဝဟူ၍။ ဂဟေတွာ၊ ယူ၍။ ကရဏ္ဍကေ၊ ကြုတ်၌။ မဏိံ ဝိယ၊ ပတ္တမြားကဲ့သို့။ အတ္တာနံ၊ အတ္တကို။ ဝါ-ပုဂ္ဂိုလ်, သတ္တဝါ ။လ။ အတ္တ, ဇီဝကို။ ရူပသ္မိံ၊ ရူပက္ခန္ဓာ၌။ သမနုပဿတိ၊ ကောင်းစွာအဖန်ဖန်ရှု၏။ ဝါ-စွဲယူထင်မြင်၏။ ဝေဒနာဒီသုပိ၊ ဝေဒနာက္ခန္ဓာ အစရှိသည်တို့၌လည်း။ ဝါ-ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာတို့၌လည်း။ ဧသေဝ နယော၊ ဤနည်းလျှင် နည်းရှိ၏။

ဤသို့ မိန့်ဆိုတော်မူအပ်သော ဓမ္မသင်္ဂဏီ အဋ္ဌကထာပါဠိသည် အောက်၌ ရေးသား ဟောပြခဲ့ပြီးသော စကားရပ်တို့၏ အကိုးပါဠိပါတည်း။

## တနည်း ၎င်းအဋ္ဌကထာ၏ အဖွင့်ဖြစ်သော မူလဋီကာပါဠိ

အဒ္ဒယန္တိ ဒွယတာယ ရဟိတံ ဝဏ္ဏမေဝ အစ္စိတိ ဂဟေတွာ အစ္စိ ဝါ ဝဏ္ဏော ဝေါတိ တေသံ ကေဝ္တံ ပဿန္တော ဝိယ၊ ယထာ တက္ကိတံ အတ္တာနံ ရူပန္တိ ယထာဒိဋ္ဌံ ဝါ ရူပံ အတ္တာတိ ဂဟေတွာ တေသံ ကေဝ္တံ ပဿန္တော ဒဋ္ဌဗ္ဗော။

မ္မသင်္ဂဏီ အဋ္ဌကထာအဖွင့် မူလဋီကာ

**တိုမြန်မာဘာသာလို ပြန်ဆိုရန်ကား—** အဒ္ဒယန္တိ၊ အဒ္ဒယဟူသည်ကား။ ဒွယတာယ၊ ပရမတ်,ပညတ်နှစ်ခု၏ အဖြစ်မှ။ ရဟိတံ၊ ကင်းသည်ကို။ဝါ-ပရမတ် နှင့်ပညတ် တပေါင်းတည်းပြုသည်ကို (ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ ဒိဋ္ဌိကထာ အဖွင့်၌ကား အဒ္ဒယန္တိ ကေမေဝ ဖွင့်၏) ဝဏ္ဏမေဝ၊ အဆင်းရောင်ကိုသာလျှင်။ အစ္စိတိ၊ မီးတောက်မီးလျှံဟူ၍။ ဂဟေတွာ၊ ယူ၍။ အစ္စိ ဝါ၊ မီးတောက်မီးလျှံ ဟူသည်လည်း။ ဝဏ္ဏော ဝေါ၊ အဆင်းအရောင်သာတည်း။ ဣတိ၊ ဤသို့ဟူ၍။ တေသံ၊ ထိုမီးတောက်မီးလျှံ အဆင်းအရောင်တို့၏။ ကေဝ္တံ၊ တခုတည်း၏ အဖြစ်ကို။ ပဿန္တော ဝိယ၊ ရှုသောသူကဲ့သို့။ ယထာတက္ကိတံ၊ အကြင် အကြင် တိတ္ထိတို့သည် ကြံဆအပ်သော။ အတ္တာနံ၊ အတ္တကို။ ဝါ-ပုဂ္ဂိုလ်, သတ္တဝါ ။လ။ အတ္တ, ဇီဝကို။ ရူပန္တိ၊ ရူပက္ခန္ဓာဟူ၍။ ဂဟေတွာ၊ ယူ၍။ ဝါ-တနည်းကား။ ယထာဒိဋ္ဌံ၊ အကြင် အကြင် တိတ္ထိတို့သည် ထင်မြင်အပ်သော။ ရူပံ၊ ရူပက္ခန္ဓာ ကို။အတ္တာတိ၊ အတ္တဟူ၍။ ဝါ-ပုဂ္ဂိုလ်,သတ္တဝါ ။လ။ အတ္တ,ဇီဝဟူ၍။ ဂဟေတွာ၊ ယူ၍။ တေသံ၊ ထိုရူပက္ခန္ဓာ အတ္တတို့၏။ ဝါ-ပရမတ်နှင့် ပညတ်တို့၏။ ကေဝ္တံ၊ တခုတည်း၏ အဖြစ်ကို။ ပဿန္တော၊ ရှုသောပုဂ္ဂိုလ်ကို။ ဝါ-စွဲယူထင်မြင်သော ပုဂ္ဂိုလ်ကို။ ဒိဋ္ဌီတိ၊ ဒိဋ္ဌိဟူ၍။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။

မူလဋီကာပါဠိ မြန်မာပြန် ပြီး၏။

---

ယခု ပြဆိုအပ်ပြီးသော ဓမ္မသင်္ဂဏီ အဋ္ဌကထာစကားရပ်, မူလဋီကာ စကား ရပ်တို့သည် ပရမတ်တရားနှင့် ပညတ်တရား နှစ်မျိုးနှစ်စား မကွဲပြားဘဲ

ဝါ-ခွဲခြား၍မသိဘဲ တသားတည်းဘဲ တသဘောတည်းဘဲဟု ထင်မှတ်စွဲယူမှုသည် သက္ကာယဒိဋ္ဌိ ပရမတ်မှားဖြစ်၏ဟု အောက်၌ ရေးသား ဟောပြခဲ့သည့်စကား အရပ်ရပ်တို့၏ အကိုးပါဠိကား ဤသည်တို့ပါတည်း။

ပရမတ်တရားနှင့် ပညတ်တရားတို့ မကွဲမပြားမူ၍ တသဘောတည်းဘဲဟု ထင်မှတ်စွဲယူခြင်းသည် သက္ကာယဒိဋ္ဌိ ပရမတ်မှားဖြစ်ကြောင်း အကိုးပါဠိကို လင်းပြခြင်း ပြီး၏။

---

## ပါဠိ, အဋ္ဌကထာ, ဋီကာ စကားရပ် အကိုးပါဠိတို့၏ လိုရင်းအချုပ် အဓိပ္ပါယ်ကို အကျဉ်းမျှ လင်းပြခြင်း

**မေး** အောက်၌ ရေးသားဟောပြခဲ့ပြီးသော အကိုးပါဠိတို့၏ လိုရင်းအချုပ် အကျဉ်းချုပ် အဓိပ္ပါယ်ကား အဘယ်သည်တို့ပါနည်း။

**ဖြေ** အောက်၌ ရေးသားဟောပြခဲ့ပြီးသော ပါဠိတော်, အဋ္ဌကထာ, ဋီကာ စကားရပ် အကိုးပါဠိတို့၏ အတိုချုပ် အဓိပ္ပါယ်မှာ— ဆရာကောင်း အထံက နည်းအမှန်ကို မခံယူရ၍ ပရမတ်နှင့် ပညတ်ကို ခွဲခြား၍ မသိသော အန္ဓပုထုဇန်သည် ရုပ်ပရမတ်သည်ပင်လျှင် ပုဂ္ဂိုလ် ။လ။ အတ္တ, ဇီဝပညတ်တည်း၊ ပုဂ္ဂိုလ် ။လ။ အတ္တ, ဇီဝ ပညတ်သည်ပင်လျှင် ရုပ်ပရမတ်တည်း၊ ဤသို့ ပရမတ်နှင့် ပညတ်ကို အကွဲအပြားမရှိ တခုတည်းရှုခြင်း စွဲယူထင်မြင်ခြင်းသည် သက္ကာယဒိဋ္ဌိဖြစ်၏၊ ဥပမာကား တောက်လောင်သောမီး၏ မီးတောက်မီးလျှံ၏ ပုံသဏ္ဌာန်သည်ပင်လျှင် အရောင်အလင်း အဆင်းဖြစ်၏၊ အရောင်အလင်း အဆင်းသည်ပင်လျှင် မီးတောက်မီးလျှံ ပုံသဏ္ဌာန်ဖြစ်၏ဟု မီးတောက်မီးလျှံဟူသော အစွဲနှင့် အရောင်အလင်း အဆင်းဟူသော ဝဏ္ဏကို မကွဲမပြားမူ၍၊ ဝါ-ခွဲခြား၍မသိဘဲ တခုတည်းဟု ယူသကဲ့သို့ ပရမတ်နှင့် ပညတ်ကို မကွဲမပြားဘဲ တသားတည်း တခုတည်းဟု ရှုခြင်း စွဲယူ ထင်မြင်ခြင်းသည် ဖြစ်၏။ (၁)

**တနည်း** နာမက္ခန္ဓာတည်းဟူသော ပရမတ်ကို အတ္တ,ဇီဝ တည်းဟူသော ပညတ်ဟု ယူမှတ်ပြီးလျှင် အရိပ်ရှိသော သစ်ပင်ကဲ့သို့ ငါဟူသော အတ္တပညတ်

သည် ရုပ်ပရမတ်ရှိ၏ဟူ၍ ရှုခြင်း စွဲယူ ထင်မြင်ခြင်းသည် သက္ကာယဒိဋ္ဌိ ဖြစ်၏၊ သစ်ပင်ရိပ်သည် သစ်ပင်၏ ဥစ္စာဖြစ်သကဲ့သို့ ရုပ်ပရမတ်သည် ငါဟူသော အတ္တ, ဇီဝ ပုဂ္ဂိုလ်၏ ဥစ္စာသာ ဖြစ်သည်ဟု ရှုခြင်း စွဲယူ ထင်မြင်ခြင်းသည် ဖြစ်၏။ (၂)

**တနည်း** နာမက္ခန္ဓာတည်းဟူသော ပရမတ်ကိုသာ အတ္တ, ဇီဝတည်းဟူသော ပုဂ္ဂိုလ်ဟု မှတ်ပြီးလျှင် ပန်းပွင့်၌ အနံ့ကိုသာ ရှုသကဲ့သို့ ငါဟူသော အတ္တ, ဇီဝပုဂ္ဂိုလ်၌ ရုပ်ပရမတ်ကို ရှုခြင်းသည် သက္ကာယဒိဋ္ဌိမည်၏၊ ငါဟူသော အတ္တ,ဇီဝပုဂ္ဂိုလ်ကား တည်ရာ၊ ရုပ်ပရမတ်ကား ငါဟူသော အတ္တ,ဇီဝပုဂ္ဂိုလ်၌ တည်၏ဟု ရှုခြင်း စွဲယူ ထင်မြင်ခြင်းသည် ဖြစ်၏။ (၃)

**တနည်း** နာမက္ခန္ဓာတည်းဟူသော ပရမတ်ကိုသာ ငါဟူသော အတ္တ, ဇီဝပုဂ္ဂိုလ်ဟု ယူပြီးလျှင် ကြုတ်၌ ပတ္တမြားကဲ့သို့ ရုပ်ပရမတ်၌ ငါဟူသော အတ္တ, ဇီဝ ပုဂ္ဂိုလ်ဟု ရှုခြင်းသည် သက္ကာယဒိဋ္ဌိ ဖြစ်၏၊ ရုပ်ပရမတ်ကား တည်ရာ၊ ငါဟူသော အတ္တ,ဇီဝပုဂ္ဂိုလ်ကား ရုပ်ပရမတ်၌ တည်၏ဟု ရှုခြင်း စွဲယူ ထင်မြင်ခြင်းသည် ဖြစ်၏။ (၄)

ဤသို့ ရူပက္ခန္ဓာ၌ သက္ကာယဒိဋ္ဌိ (၄)ပါးဖြစ်ပုံကို အကျဉ်းအားဖြင့် သိအပ်၏ဟု ဆိုလိုသည်၊ ဤအတူ ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာတို့၌လည်း သက္ကာယဒိဋ္ဌိ လေးပါးစီ ဖြစ်ပုံကို ဝေဘန်၍ သိအပ်ကုန်ရာသည်၊ ဤသည်ကား ပါဠိ,အဋ္ဌကထာ, ဋီကာ စကားရပ် အကိုးပါဌ်တို့၏ တိုတိုတုတ်တုတ် အကျဉ်းချုပ် လိုရင်း အဓိပ္ပါယ်တို့ပါတည်း။

ပါဠိ, အဋ္ဌကထာ, ဋီကာ စကားရပ် အကိုးပါဌ်တို့၏ အကျဉ်းချုပ် လိုရင်း အဓိပ္ပါယ်ကို လင်းပြခြင်း ပြီး၏။

---

**အထူးမှာထားချက်** သက္ကာယဒိဋ္ဌိ ၂၀-ဖြစ်ပုံကို ငါတို့ ရေးထုတ်အပ်ပြီးသော ဝိပဿနာပေါင်းချုပ် ယောဂီအလုပ်ပေး ညွှန်ဟောစဉ်ကျမ်းကြီး၌ အကျဉ်းအားဖြင့် ရေးသား ဟောပြခဲ့ပြီး ဖြစ်ငြားသော်လည်း ယခု ရေးထုတ်ဟောပြအပ်သော ပဋ္ဌာန်းပေါင်းချုပ် ဝိပဿနာအလုပ်ပေး ကျင့်စဉ်ကျမ်းကြီးကို ရွတ်ဘတ် ကြည့်ရှုကြသော ယောဂီအပေါင်း သူတော်ကောင်း

တို့တွင် ဉာဏ်နုကြသူ ယောဂီဖြူတို့ဖြစ်ဘိမူကား ကျမ်းစာနှစ်ရပ် အဆက် အစပ် ဝေးပြတ်၍ နေသဖြင့် အသိဉာဏ် မှေးကပ်၍ နေမည်ကို စိုးသော ကြောင့်ရင်း၊ ပဋ္ဌာန်းပေါင်းချုပ် ဝိပဿနာအလုပ်ပေး ကျင့်စဉ်ကျမ်းကြီး ကို ကြည့်ကာမျှဖြင့် ပရမတ္ထသဘာဝ, ပညတ္တသဘာဝတို့ကို မိမိတို့ အလို အလျောက် ဝိပဿနာအသိဉာဏ် ပေါက်ရောက်ကြသူ ယောဂီဖြူတို့ဖြစ်ပြီး လျှင် ပရမတ္ထတရားနှင့် ပညတ်တရားနှစ်ပါးတို့ကို တွေ့မြင်သောအခါ ဤ ပရမတ္ထတရားသည် ပရမတ္ထသစ္စာနယ်က မုချဆတ်ဆတ် ပရမတ်ရှိရှိ၊ ပညတ် တရားသည် သမ္မုတိသစ္စာနယ်က ပညာရှိတို့ ခေါ်ဝေါ်ပညတ် သမုတ်အပ်၍ သမုတ်ရှိရှိ၊ ဤသို့ အရှိနှစ်မျိုး ရှိကြသည်၏ အဖြစ်ကို ကိုယ်ပိုင်ရှိသော ဉာဏ်ဖြင့် ကိုယ်တိုင် သိကြစေခြင်း အကျိုးငှါရင်း၊ ဆင်းရဲသည်ကို ပဓာန မထားမူ၍ မေတ္တာတော်နှင့် ကရုဏာတော်တရား ရှေ့ရှုထားပြီးလျှင် ဤ ပဋ္ဌာန်းပေါင်းချုပ် ဝိပဿနာအလုပ်ပေး ကျင့်စဉ်ကျမ်းကြီးတွင် သက္ကာယ ဒိဋ္ဌိဖြစ်အင်(၂၀)ကို အနည်းငယ်မျှ ထပ်မံချဲ့ထွင်၍ ရေးသား ဟောပြလိုက် ပေ၏။

## သတိပေး တောင်းပန်ချက်

ဤသို့ ရေးသားဟောပြအပ်သည်ကို မိမိသည် လူရိုးလူဖြောင့်ပင် ဖြစ်လင့် ကစား အလွန်တရာ ဆိုးဝါးလှသော သူခိုးထားပြတို့ကို လက်ခံ၍ ထားမိခဲ့သော် မိမိတို့ကိုပါ လူဆိုးအရာ၌ ပါဝင်လျက် လက်ခံအဖြစ် ရောက်ဘိသကဲ့သို့ မရောက် ကြရလေအောင် မိမိသည် ယောဂီဖြူ သူတော်ကောင်း ဖြစ်လင့်ကစား သူတပါး ၏ အဖြစ်ကို အသင့်အတင့် ကုသိုလ်ဖြစ်အောင် နှလုံးမသွင်းတတ်သော စိတ်ဆိုး စိတ်ဝါး ထားပြကြီးကို လက်သင့်မခံထားမူ၍ မေတ္တာတရား ကရုဏာတရား ကြီးကြီးထားကာ သူတော်ကောင်းဖြစ်သည်အားလျော်စွာ ဝိပဿနာအလုပ် ပေါက်အောင် ရှုစား ပွားများနိုင်ကြပါစေကုန်သတည်း၊ ဝါ-ပေါက်ရောက် အောင် ရှုစား ပွားများကြပါလေ ယောဂီအပေါင်း သူတော်ကောင်းတွေတို့။

ဟေတုပစ္စည်း ပဋ္ဌာန်းတရားကြီး၌ သက္ကာယဒိဋ္ဌိ (၂၀)ဖြစ်ပုံနှင့်တကွ
အကိုးပါဌ်တို့ကို အကျဉ်းမျှ လင်းပြခြင်း ပြီး၏။

## သက္ကာယဒိဋ္ဌိ ရှိသူ၏အပြစ် ကင်းသူ၏အကျိုးကို အကျဉ်းမျှ လင်းပြခြင်း

**မေး** ပရမတ်တရားနှင့် ပညတ်တရားတို့ကို နှစ်မျိုးနှစ်စား ခွဲခြား၍ မသိကြသောကြောင့် သက္ကာယဒိဋ္ဌိဖြစ်ကြသော အန္ဓပုထုဇန်တို့မှာ ဘယ်အပြစ်ရောက်ပါသနည်း။

**ဖြေ** "သက္ကာယဒိဋ္ဌိပမုခါနိ ဒွါသဋ္ဌိဒိဋ္ဌိဂတာနိ" (ပဋိသမ္ဘိဒါမဂ် ပါဠိတော်)

**တို့မြန်မာဘာသာလို ပြန်ဆိုရန်ကား—** ဒွါသဋ္ဌိ ဒိဋ္ဌိဂတာနိ၊ (၆၂)ဖြာသော မိစ္ဆာဒိဋ္ဌိ အယူတို့သည်။ သက္ကာယဒိဋ္ဌိပမုခါနိ၊ (၂၀)သော သက္ကာယဒိဋ္ဌိလျှင် အဦးအစ ဖြစ်ရာပဘဝ အကြောင်းရင်း ရှိကြကုန်၏။ "၎င်း ပါဠိတော်အနက် မြန်မာဘာသာပြန်"

**မြန်မာဆောင်ပုဒ် လင်္ကာကား—** "ခြောက်ဆဲ့နှစ်ဖြာ၊ ယူမိစ္ဆာ၊ သက္ကာ ကြောင်းရင်းပြ" ၎င်း ပါဠိတော်အလာ လွယ်ကူစွာ မှတ်ယူကြဘို့ ဆောင်ပုဒ်လင်္ကာတို့နှင့်ညီစွာ လိုရင်းအတိုချုပ် အဓိပ္ပါယ်မှာ မိစ္ဆာဒိဋ္ဌိ (၆၂) ပါးသည် သက္ကာယဒိဋ္ဌိ (၂၀)လျှင် အကြောင်းရှိ၏၊ ဝါ-သက္ကာယဒိဋ္ဌိ (၂၀) ကြောင့် ဖြစ်၏ဟူလို။

**တနည်း** အယံ ဝုစ္စတိ ဘိက္ခဝေ အသုတဝါ ပုထုဇ္ဇနော ရူပဗန္ဓနဗဒ္ဓော အန္တရဗာဟိရ ဗန္ဓနဗဒ္ဓော အတီရဒဿီ အပါရဒဿီ ဗဒ္ဓော ဇီယျတိ ဗဒ္ဓော မီယျတိ ဗဒ္ဓော အသ္မာ လောကာ ပရလောကံ ဂစ္ဆတိ။

ခန္ဓဝဂ္ဂ သံယုတ်ပါဠိတော်

**တို့မြန်မာဘာသာလို ပြန်ဆိုရန်ကား—** ဘိက္ခဝေ၊ သက္ကာယဒိဋ္ဌိကြီးကို လျင်မြန်စွာ ဖြုတ်လိုသော ယောဂီအများ အို-ချစ်သားတို့။ အသုတဝါ၊ ပရမတ် ပညတ်တည်းဟူသော သူတော်ကောင်းတရား၌ အကြားအမြင်မရှိသော။ အယံ ပုထုဇ္ဇနော၊ ဤရူပက္ခန္ဓာကို ပုဂ္ဂိုလ်, သတ္တဝါ ။လ။ အတ္တ,ဇီဝဟု ရှုခြင်းစသော သက္ကာယဒိဋ္ဌိအယူရှိသော ပုထုဇန်ကို။ ရူပဗန္ဓနဗဒ္ဓော၊ ဖေါက်ပြန် ပျက်စီးတတ်သော ရူပက္ခန္ဓာတည်းဟူသော အနှောင်အဖွဲ့ အချုပ်အထိန်းသည် ကိန်းအောင်း ရှည်ကြာ သံသရာနှောင်အိမ်မှ မကျွတ်ရအောင် ဖွဲ့နှောင် ချုပ်ထိန်းထားအပ်၏။

အန္တရဗာဟိရ ဗန္ဓန ဗန္ဓော၊ ကိုယ်တွင်း ကိုယ်ပ နှစ်ဝသော အနှောင်အဖွဲ့သည် ဖွဲ့ချည် တုပ်နှောင်အပ်၏။ ဝါ-အတွင်းဖြစ်သော ကာမတဏှာ, အပဖြစ်သော အာရုံခြောက်ရပ် ဋ္ဌဌာရုံခါတ် တည်းဟူသော အနှောင်အဖွဲ့သည် ဖွဲ့ချည် တုပ်နှောင်အပ်၏။ အတီရဒဿီ၊ ခန္ဓာ,အာယတန, ဓာတ်ပရမတ်တို့၏ မပြတ်ဖြစ်သော သံသရာဝဋ်တည်းဟူသော ဤမှာဘက်ကမ်းကိုလည်းမမြင်။ အပါရဒဿီ၊ မအိုရာ, မနာရာ, မသေရာ နိဗ္ဗာန်တည်းဟူသော ထိုမှာဘက်ကမ်းကိုလည်း မမြင်။ ဗန္ဓော၊ လိုချင်မှု လောဘ, ပြစ်မှားမှု ဒေါသ, တွေဝေမှု မောဟ စသည် ကိလေသာအမျိုးမျိုးသည် ဖွဲ့ချည် တုပ်နှောင်လျက်။ ဇီယျတိ၊ အိုရ၏။ ဗန္ဓော၊ လျက်။ မိယျတိ၊ သေရ၏။ ဗန္ဓော၊ လျက်။ အသ္မာ လောကာ၊ ဤဘဝမှ။ ပရလောကံ၊ တမလွန်လောကသို့။ဝါ-တမလွန်ဘဝသို့။ဂစ္ဆတိ၊ သွားရ၏။ ဋ္ဌတိ၊ ဤသို့။ ဝုစ္စတိ၊ ဆိုအပ်၏။ "ဋ္ဌင်းပါဠိတော် မြန်မာဘာသာပြန်"

## မြန်မာကဗျာ ဆောင်ပုဒ်

၁ ခြောက်ဆယ်နှစ်ဖြာ၊ ယူမိစ္ဆာ၊ သက္ကာ ကြောင်းရင်းပြု။
၂ သက္ကာယစွဲ၊ ချုပ်နှောင်တဲ၊ ဝဋ်ထဲ မလွတ်ရ။
၃ သက္ကာယယှဉ်၊ ကမ်းမမြင်၊ ဖြစ်အင် မှတ်ကုန်ကြ။
၄ ကိလေဖွဲ့လျက်၊ အိုရချက်၊ ကြောင်းဆက် သက္ကာယ။
၅ ကိလေဖွဲ့လျက်၊ နာရချက်၊ ကြောင်းဆက် သက္ကာယ။
၆ ကိလေဖွဲ့လျက်၊ သေရချက်၊ ကြောင်းဆက် သက္ကာယ။
၇ ကိလေဖွဲ့လျက်၊ တမလွန်ထွက်၊ ကြောင်းဆက် သက္ကာယ။

ဋ္ဌင်း ပါဠိတော်အလာ လွယ်ကူစွာ မှတ်ယူကြရန် စီမံ၍ ပြအပ်သော မြန်မာကဗျာတို့၏ လိုရင်းအချုပ် တိုတိုတုတ်တုတ် အဓိပ္ပါယ်ကား— အကြားအမြင် မရှိသော သက္ကာယဒိဋ္ဌိ အယူရှိသော ပုထုဇန်ကို ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ စသည် ခန္ဓာငါးပါးတည်းဟူသော အနှောင်အဖွဲ့ အချုပ်အထိန်းသည် သံသရာ နှောင်အိမ်ကြီးမှ မကျွတ်ရအောင် ဖွဲ့နှောင်၍ ထားအပ်၏၊ အတွင်းအပဖြစ်သော ဝတ္ထုကာမ, ကိလေသာကာမတို့သည် ဖွဲ့ချည် တုပ်နှောင်အပ်၏၊ သံသရာဝဋ်ဒုက္ခ တည်းဟူသော ဤမှာဘက်ကမ်းကိုလည်း မမြင်၊ ဝဋ်ဒုက္ခတို့၏ ချုပ်ရာ နိဗ္ဗာန်တည်းဟူသော ထိုမှာဘက်ကမ်းကိုလည်း မမြင်၊ လောဘ,ဒေါသ, မောဟ

စသည် ကိလေသာ အမျိုးမျိုးတို့ဖြင့် ဖွဲ့ချည် တုပ်နှောင်လျက် အိုကြရ,နာကြရ, သေကြရ တမလွန်ဘဝသို့ ကူးသွားကြရကုန်၏ ဟူလိုသတည်း။

ဤကား အပြင်ပြ စကားရပ်တည်း။

**အကျိုးပြ ပါဠိတော်** အယံ ဝုစ္စတိ ဘိက္ခဝေ သုတဝါ အရိယသာဝကော န ရူပဗန္ဓနဗန္ဓော န အန္တရဗာဟိရဗန္ဓနဗန္ဓော တီရဒဿီ ပါရဒဿီ ပရိမုတ္တော သော ဒုက္ခသ္မာတိ ဝဒါမိ။

ငင်းပါဠိတော်

**တို့မြန်မာဘာသာလို ပြန်ဆိုရန်ကား—** ဘိက္ခဝေ၊ သက္ကာယဒိဋ္ဌိ တရားယုတ်ကို လျင်မြန်စွာ ဖြုတ်လိုသော ယောဂီအပေါင်း သူတော်ကောင်းတို့။ သုတဝါ၊ သူတော်ကောင်းတရားကို အကြားအမြင်ရှိသော။ အယံ အရိယသာဝကော၊ ဤသက္ကာယဒိဋ္ဌိကို ပယ်ရှားပြီးသော အရိယာတပည့်သားသည်။ န ရူပဗန္ဓနဗန္ဓော၊ရူပက္ခန္ဓာတည်းဟူသော အနှောင်အဖွဲ့ အချုပ်အထိန်းသည် ကိန်းအောင်းရှည်ကြာ သံသရာနှောင်အိမ်ကြီးမှ မကျွာရအောင် မဖွဲ့မနှောင် မချုပ်မထိန်းအပ်။ န အန္တရဗာဟိရဗန္ဓနဗန္ဓော၊ ကိုယ်တွင်း ကိုယ်ပ နှစ်ဌာနက ဝတ္ထုကာမ, ကိလေသာကာမ မြဲလှသော အနှောင်အဖွဲ့သည် မဖွဲ့မချည်အပ်။ တီရဒဿီ၊ ခန္ဓာ, အာယတန, ဓာတ်ပရမတ်တို့၏ မပြတ်ဖြစ်ခြင်း ချုပ်ခြင်းတည်းဟူသော သံသရာဝဋ္ဋဒုက္ခ တည်းဟူသော ဤမှာဘက်ကမ်းကိုလည်း မြင်၏။ ပါရဒဿီ၊ မအိုရာ, မနာရာ, မသေရာ နိဗ္ဗာန်တည်းဟူသော ထိုမှာဘက်ကမ်းကိုလည်း မြင်၏။ သော၊ ထိုသက္ကာယဒိဋ္ဌိကို ပယ်ရှားပြီးသော အရိယာတပည့်သားသည်။ ဒုက္ခသ္မာ၊ သံသရာဝဋ္ဋဆင်းရဲမှ။ ပရိမုတ္တောတိ၊ လွတ်ပြီဟူ၍။ ဝဒါမိ၊ ငါဘုရား ဟောတော်မူ၏။ ဣတိ၊ ဤသို့။ ဝုစ္စတိ၊ ဆိုအပ်၏။ "ငင်းပါဠိတော် မြန်မာဘာသာပြန်"

## တို့မြန်မာလက်ာ ဆောင်ပုဒ်

၁ အရိယာတရား၊ ကြားမြင်များ၊ ပယ်ရှား သက္ကာယ။
၂ ပယ်ရှားသက္ကာ၊ ပုဂ္ဂလာ၊ လွတ်ကွာ နှောင်ဖွဲ့က။
၃ နှောင်ဖွဲ့လွတ်လျှင်၊ ကမ်းကိုမြင်၊ ဖြစ်အင် အရိယ။
၄ အရိယာဖြစ်၊ လွတ်ဝဋ်မြစ်၊ ဟောလစ် မြတ်ဗုဒ္ဓ။

ဋင်းပါဠိ မြန်မာနှစ်ဘာသာတို့၏ လိုရင်းတုတ်တုတ် အတိုချုပ် အဓိပ္ပါယ်ကား—သက္ကာယဒိဋ္ဌိ အယူဆိုးကြီးကို တဒင်္ဂပဟာန်, ဝိက္ခမ္ဘနပဟာန်, သမုစ္ဆေဒပဟာန်တို့ဖြင့် စွန့်ခွါ ပယ်ချိုးအပ်ပြီးသော အရိယာ တပည့်သားသည် ရုပ်, ဝေဒနာ, သညာ, သင်္ခါရစသည် နှောင်ဖွဲ့မှု အမျိုးမျိုးတို့ဖြင့် မနှောင်မဖွဲ့ မချုပ် မချည် မတည်းအပ်သည်ဖြစ်သောကြောင့် အောက်က ပြဆိုခဲ့ပြီးသော အပြစ်ဟူသမျှတို့မှ ကင်းလွတ်ကြသဖြင့် သံသရာဝဋ်ဒုက္ခမှ ထွက်မြောက်နိုင်၏ဟု မြတ်စွာဘုရားသည် ဟောတော်မူ၏ ဟူလို။

ဤကား အကျိုးပြ စကားရပ်တည်း။

**တနည်း** သက္ကာယဒိဋ္ဌိကြောင့် ခန္ဓာ,အာယတန,ဓာတ်ပရမတ်တို့၏ အမြဲဖြစ်ပျက်နေသော သံသရာဝဋ်ဆင်းရဲမှ မလွတ်နိုင်ရှိသာ မဟုတ်သေး၊ အပါယ်ငရဲသို့ ကျစေတတ်ကြောင်းကိုလည်း ဇေဂုတ္တရ ပါဠိတော်၌—

နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယေန သတ္တာ ကာယဿ ဘေဒါ ပရမ္မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပ္ပဇ္ဇန္တိ၊ ယထာယိဒံ ဘိက္ခဝေ မိစ္ဆာဒိဋ္ဌိ မိစ္ဆာဒိဋ္ဌိယာ ဘိက္ခဝေ သမန္နာဂတာ သတ္တာ ကာယဿ ဘေဒါ ပရမ္မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပ္ပဇ္ဇန္တိ။

**တို့မြန်မာဘာသာလို ပြန်ဆိုရန်ကား—** ဘိက္ခဝေ၊ သက္ကာယမျိုး တရားဆိုးကြီးကို ပယ်ချိုးလိုကြငြား အို-ချစ်သားတို့....။ ဣဒံ သော မိစ္ဆာဒိဋ္ဌိ ယထာ၊ ဤမိစ္ဆာဒိဋ္ဌိကဲ့သို့။ တထာ၊ ထို့အတူ။ (ထည့်)ယေန၊ အကြင် မိစ္ဆာဒိဋ္ဌိမှ တပါးသော တရားကြောင့်။ သတ္တာ၊ သတ္တဝါတို့သည်။ ကာယဿ၊ ခန္ဓာကိုယ်၏။ ဘေဒါ၊ ပျက်စီးသည်မှ။ ပရမ္မရဏာ၊ သေသည်မှ နောက်၌။ အပါယံ၊ ချမ်းသာကင်းရာဖြစ်သော။ ဒုဂ္ဂတိံ၊ ဆင်းရဲသောသူတို့၏ လားရာဖြစ်သော။ ဝိနိပါတံ၊ ပျက်စီး၍ ကျရာဖြစ်သော။ နိရယံ၊ ငရဲ၌။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ရကုန်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အညံ၊ မိစ္ဆာဒိဋ္ဌိမှ တပါးသော။ တံ ဧကဓမ္မမ္ပိ၊ အပါယ်ငရဲသို့ ကျစေတတ်သော ထိုတခုသော တရားကိုလည်း။အဟံ၊ငါဘုရားသည်။န သမနုပဿာမိ၊ မြင်တော် မမူ။ ဘိက္ခဝေ၊ ရဟန်းတို့။ မိစ္ဆာဒိဋ္ဌိယာ၊ သက္ကာယဒိဋ္ဌိစသော မိစ္ဆာအယူနှင့်။ သမန္နာဂတာ၊ ပြည့်စုံကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။

ကာယဿ၊ ၏။ဘေဒါ၊ မှ။ ပရမ္မရဏာ၊ ၌။ အပါယံ၊ သော။ ဒုဂ္ဂတိံ၊ သော။ ဝိနိပါတံ၊ သော။ နိရယံ၊ ငရဲဘုံ၌။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ရကုန်၏။ "၎င်းပါဠိတော်၏ မြန်မာဘာသာပြန်"

## မြန်မာလင်္ကာ ဆောင်ပုဒ်

၁ ဒိဋ္ဌိသက္ကာ၊ယူမိစ္ဆာကြောင့်၊ချမ်းသာကင်းကွာ၊ ပျက်စီးရာ၊လေးရွာပါယ်သို့ကျ။

၂ ဒိဋ္ဌိပြင်မှာ၊ တပါးသာတုံ၊ ပါယ်လေးဘုံအား၊လားကြောင်းကား၊ဘုရားမမြင်ရ။

အင်္ဂုတ္တိုရ် ပါဠိတော်အလာ သိကုံး၍ ထားအပ်သော မြန်မာလင်္ကာတို့နှင့် ညီစွာ သဘာဝ အတိုချုပ် အဓိပ္ပါယ်ကား သက္ကာယဒိဋ္ဌိစသော မိစ္ဆာဒိဋ္ဌိအယူနှင့် ပြည့်စုံကုန်သော သတ္တဝါတို့သည် ချမ်းသာကင်းသော မကောင်းမှုကို ပြုသောသူတို့၏ လားရာဖြစ်သော ပျက်စီး၍ ကျရာဖြစ်သော ငရဲ၌ ဖြစ်ကြရကုန်၏၊ ဒိဋ္ဌိမှတပါး အပါယ်ငရဲသို့ ကျရာ ကျကြောင်းကား ငါဘုရား မြင်တော်မမူ ဟူလို၊ ဤကား အပြစ်ပြ စကားရပ်တည်း။

**တနည်း** ဒိဋ္ဌိယာ ဇာယတေ သောကော၊ ဒိဋ္ဌိယာ ဇာယတေ ဘယံ။
ဒိဋ္ဌိယာ ဝိပ္ပမုတ္တဿ၊ နတ္ထိ သောကော ကုတော ဘယံ။
ပါဠိတော်ကိုမှီ၍ သိသော ရစနာဂါထာ

**တို့မြန်မာဘာသာလို ပြန်ဆိုရန်ကား—** ဒိဋ္ဌိယာ၊ ခန္ဓာငါးပါး ပရမတ္ထတရားအပေါင်း၌ ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောကျ်ား, မိန်းမ, အတ္တ, ဇီဝဟု အထင်မှား၍နေသော သက္ကာယဒိဋ္ဌိကြီးကြောင့်။ သောကော၊ စိုးရိမ်ကြောင့်ကြ ဗျာပါရသည်။ ဇာယတေ၊ ဖြစ်၏။ ဒိဋ္ဌိယာ၊ ကြောင့်။ ဘယံ၊ အိုရ,နာရ, သေရ, အပါယ်လေးပါးသို့ ကျရသော ဘေးဒုက္ခသည်။ ဇာယတေ၊ ဖြစ်၏။ ဒိဋ္ဌိယာ၊ ဒိဋ္ဌိမှ။ ဝိပ္ပမုတ္တဿ၊ လွတ်သောသူအား။ သောကော၊ သည်။ နတ္ထိ၊ မရှိ။ ဘယံ၊ ဘေးသည်။ ကုတော အတ္ထိ၊ အဘယ်မှာရှိတော့အံ့နည်း။ နတ္ထိ ဧဝ၊ မရှိသည်သာလျှင်တည်း။ "၎င်းဂါထာ၏ မြန်မာဘာသာပြန်"

## မြန်မာလင်္ကာ ဆောင်ပုဒ်

၁ ဒိဋ္ဌိကြောင့်ပ၊ များသတ္တ၊ ဒုက္ခတွေ့ရကြုံ။

၂ ဒိဋ္ဌိလွတ်မှ၊ များသတ္တ၊ ဒုက္ခလွတ်ရကုန်။

ဤဂါထာ မြန်မာကဗျာတို့နှင့် ညီစွာ သဘာဝ လိုရင်း အဓိပ္ပါယ်တို့ကား သက္ကာယဒိဋ္ဌိကြောင့်သာ သောကစသည် ဒုက္ခအမျိုးမျိုး တွေ့ကြုံ ဖြစ်ပေါ်ရ၏၊ သက္ကာယဒိဋ္ဌိကြီးမှ ကင်းလွတ်ပါမူ ဝါ-ကင်းလွတ်သောသူအား အဘယ်မှာ သောကစသည် ဘေးဒုက္ခ ရှိတော့အံ့နည်း၊ ဝါ-မရှိတော့ပြီဟူလို၊ ဤကား သက္ကာယဒိဋ္ဌိ၏ အကျိုးအပြစ်တည်း။

**အထူးမှာထား တိုက်တွန်းချက်** သက္ကာယဒိဋ္ဌိနှင့် သက်ဆိုင်သမျှ အောက်၌ ရေးပြအပ်ပြီးသော စကားအရပ်ရပ်တို့ကို အထပ်ထပ်ကြည့်ရှုကာ ဝိပဿနာ ပညာဖြင့် ဆင်ခြင်၍ သုံးသပ်ကြသည်ရှိသော် စွဲယူ ထင်မြင်လွဲ၍နေသော သက္ကာယဒိဋ္ဌိမျိုး အယူဆိုးကြီးကို ပယ်ချိုး စွန့်ပစ်ခြင်း၏အကျိုး၊ စွဲယူ ထင်မြင်လွဲ၍နေသော သက္ကာယဒိဋ္ဌိမျိုး အယူဆိုးကြီးတို့ တန်းလန်းရှိနေကြသော သူတို့၏အပြစ်၊ ၎င်းအကျိုးအပြစ် နှစ်ပါးတို့ကို ကိုယ်ပိုင်ရှိသော ဉာဏ်ဖြင့် ကိုယ်တိုင်သိမြင်ကြသော ယောဂီအပေါင်း သူတော်ကောင်းတို့သည် ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ်ဟု ဆိုအပ်သော အသွယ်သွယ်သော ဆင်းရဲမျိုး မကောင်းသောအကျိုးတို့ကို ဖြစ်စေတတ်သော သံသရာ ကမ္ဘာနှင့်အမျှ ထင်မြင် စွဲယူ၍လာခဲ့သော သက္ကာယဒိဋ္ဌိ အယူဆိုးကြီး လုံးမကြီးကို ဤပဋ္ဌာန်းပေါင်းချုပ် ဝိပဿနာအလုပ်ပေး ကျင့်စဉ်တရားကြီးကို ကြည့်ရှုပွားများ အားထုတ်၍ စွန့်ပစ် ပယ်နုတ်နိုင်ကြပါစေကုန်သတည်း၊ ဝါ-စွန့်ပစ် ပယ်နုတ်ကြပါလေ၊ ယောဂီအပေါင်း သူတော်ကောင်းတွေတို့။

သက္ကာယဒိဋ္ဌိ ရှိသူ,မရှိသူတို့၏ အကျိုးအပြစ်တို့ကို
အကျဉ်းမျှ လင်းပြခြင်း ပြီး၏။

ဒိဋ္ဌိနှင့် စပ်သမျှ အကျဉ်းအားဖြင့် ဟောကြား, ပြသ, ရေးသားအပ်သော စကားအရပ်ရပ်တို့သည် ဤတွင် အပြီးသတ်လိုက်ပေသတည်း။

---

**ဒုက္ခအမျိုးမျိုးတို့မှ လွတ်လိုကြကုန်သော ယောဂီပုဂ္ဂိုလ်တို့သည်**
**သက္ကာယဒိဋ္ဌိတရားယုတ်ကြီးကို ဝိပဿနာအလုပ်ဖြင့်**
## ပယ်ဖြုတ်ရမည်ကို အကျဉ်းမျှ လင်းပြခြင်း

**မေး** သက္ကာယဒိဋ္ဌိ အယူမှားကြီးကို မပယ်မရှားရသေးသော သတ္တဝါမှန်သမျှတို့မှာ မအိုချင်ဘဲလျက် အိုရသည့်ဒုက္ခ,မနာချင်ဘဲလျက် နာရသည့်ဒုက္ခ, မသေ

ချင်ဘဲလျက် သေရသည့်ဒုက္ခ, အပါယ်လေးပါးသို့ မလားချင်ဘဲလျက် လားကြရသည့်ဒုက္ခ အမျိုးမျိုးတို့နှင့် တွေ့ကြုံ၍ ယခုထက်တိုင် ဆင်းရဲကြီးစွာ ခံနေကြရကုန်၏၊ ၎င်း ဆင်းရဲကြီးစွာ ခံနေကြရကုန်သော ဘေးဒုက္ခ အမျိုးမျိုးတို့မှ လွတ်ချင်ကြပါကုန်၏လော။

**ဖြေ** ၎င်း ဆင်းရဲကြီးစွာ ခံနေကြရသော ဘေးဒုက္ခအမျိုးမျိုးတို့မှ လွတ်လိုကြပါကုန်၏။

**မေး** လွတ်လိုကြကုန်လို့ရှိလျှင် ဘယ်အယူဆိုးကြီးကို ပယ်ဖြုတ်မှ ဘေးဒုက္ခ အမျိုးမျိုးတို့မှ ကင်းလွတ်ကြကုန်မည်နည်း။

**ဖြေ** ပရမတ္ထတရားအပေါင်း၌ ပုဂ္ဂိုလ်, သတ္တဝါ ။လ။ အတ္တ, ဇီဝဟု အထင်အမြင် မှား၍နေသော သက္ကာယဒိဋ္ဌိ အယူဆိုးကြီးမှ လွတ်သောသူအား သောက, ပရိဒေဝ စသော ဒုက္ခဟူသမျှတို့သည် အဘယ်မှာ ရှိတော့အံ့နည်းဟူ၍ ဟောတော်မူအပ်သော ဒေသနာတော်ကို ထောက်စာသဖြင့် သက္ကာယဒိဋ္ဌိ အယူဆိုးကြီးကို ပယ်ဖြုတ် နုတ်ပစ်မှ ဒုက္ခအမျိုးမျိုးတို့မှ ကင်းလွတ်ကြပါမည်။

**မေး** သက္ကာယဒိဋ္ဌိ အယူဆိုးကြီးကို ဘယ်တရားကို ပွားများအားထုတ်ပြီး သကာလ ပယ်ဖြုတ် နုတ်ပစ်ရကုန်မည်နည်း။

**ဖြေ** အထ ဝါ ဒိဋ္ဌိယော နာမ ဝိပဿနာယဝေ ပဟီနာ၊ ဣဒံ ပန ဥပရိ ဝိပဿနာယ စတ္တာရော မဂ္ဂေ ဒဿေတုံ အာရဒ္ဓံ။

ခန္ဓဝဂ္ဂသံယုတ် အဋ္ဌကထာပါဠ်

**တို့မြန်မာဘာသာလို ပြန်ဆိုရန်ကား—** အထ ဝါ၊ တနည်းသော်ကား။ ဒိဋ္ဌိယော နာမ၊ မိစ္ဆာဒိဋ္ဌိ မည်သည်တို့ကို။ ဝိပဿနာယ ဧဝ၊ ဝိပဿနာဖြင့်သာလျှင်။ ပဟီနာ၊ တဒင်္ဂပဟာန်ဖြင့် ပယ်အပ်ကုန်ပြီ။ ဣဒံ ပန၊ ဤ"ရူပသ္မိံ" အစရှိသော စကားကိုကား။ ဝိပဿနာယ၊ ဝိပဿနာမှ။ ဥပရိ၊ အထက်၌။ စတ္တာရော မဂ္ဂေ၊ လေးပါးသော မဂ်တို့ကို။ ဒဿေတုံ၊ ပြခြင်းငှါ။ အာရဒ္ဓံ၊ မြတ်စွာဘုရား အားထုတ်တော်မူအပ်ပြီ။ "၎င်းပါဠ်၏ မြန်မာဘာသာပြန်"

ဤသို့ မိန့်ဆိုတော်မူအပ်သော ခန္ဓဝဂ္ဂသံယုတ် အဋ္ဌကထာပါဌ် လာသည်နှင့် ညီစွာ “သက္ကာယမျိုး၊ ဒိဋ္ဌိဆိုး၊ ပယ်ချိုးဝိပဿနာ” ဟူသော တို့မြန်မာလင်္ကာ အလိုမှာကား— ခန္ဓာငါးပါး ရုပ်နာမ်အစားစား တည်းဟူသော ပဋ္ဌာန်းတရား အပေါင်း၌ အကြားအမြင်မရှိ မသိမလိမ္မာခြင်းကြောင့် ငါ-ငါ၏ကိုယ် စသည် ကေန်စင်စစ် ရှိ၏၊ အနှစ်သာရသာ ဖြစ်၏၊ အမြဲတည်၏၊ ပြုတတ်, ကြံတတ်, ခံစားတတ်၏ဟု စွဲယူ ထင်မြင်မှားခြင်း သက္ကာယဒိဋ္ဌိကို ပယ်ခွါ၍ ငါ-ငါ၏ကိုယ် စသည် ကေန်စင်စစ်မရှိ၊ ခန္ဓာငါးပါး ရုပ်နာမ်အစားစား တည်းဟူသော ပဋ္ဌာန်း တရားကြီးကို သမ္မုတိသစ္စာနယ်က ပညတ်ခြင်းမျှသာ ဖြစ်၏ဟု ရှုမြင်သိရှိသော ပုထုဇန် ယောဂီပုဂ္ဂိုလ်သည် ဝိပဿနာအလုပ်ကို အားထုတ်ဆဲခဏ၌ သက္ကာယ ဒိဋ္ဌိကို တဒင်္ဂပဟာန်ဖြင့် ပယ်ခွါ စွန့်ပစ်၏၊ သောတာပန်ပုဂ္ဂိုလ်သည် သောတာ ပတ္တိမဂ်ခဏ၌ သမုစ္ဆေဒပဟာန်ဖြင့် အကုန်အစင် ပယ်ခွါ စွန့်ပစ်၏၊ အထက် အရိယာ ပုဂ္ဂိုလ် ၇-ယောက်တို့သည် ပယ်ခွါ စွန့်ပစ်ပြီးဖြစ်ကုန်၏ ဟူသော အဓိပ္ပါယ်လာသည်နှင့် ညီစွာ သက္ကာယဒိဋ္ဌိ အယူဆိုးကြီးကို ဝိပဿနာပညာ တရားအလုပ်ကြီးကို အားထုတ်ပြီးလျှင် ပယ်နုတ် စွန့်ပစ်ရပါသည်။

သက္ကာယဒိဋ္ဌိ အယုတ်တရားကြီးကို ဝိပဿနာအလုပ်ဖြင့်
ပယ်နုတ်ရမည်ကို အကျဉ်းမျှ လင်းပြခြင်း ပြီး၏။

---

## ပဋ္ဌာန်းနည်းဖြင့် အကြောင်းကို သိမ်းဆည်းရမည်ကို အကျဉ်းမျှ လင်းပြခြင်း

**မေး** ဝိပဿနာ ပညာ အလုပ်ကြီးကို အားထုတ်၍ သက္ကာယဒိဋ္ဌိကြီးကို ပယ်နုတ် စွန့်ပစ်ရမည်ဆိုသော် ဝိပဿနာ ပညာ အလုပ်ကြီးကို အားထုတ်လို သော ယောဂီပုဂ္ဂိုလ်တို့တွင် နာမရူပ ပရိစ္ဆေဒဉာဏ်ကို ရပြီးသော ပုဂ္ဂိုလ်တို့မှာ ပဋိစ္စသမုပ္ပါဒ်နည်း, ပဋ္ဌာန်းနည်း, သုတ္တန်နည်း စသည်ဖြင့် အကြောင်းကို သိမ်းဆည်းပုံ အနည်းနည်းတို့တွင် တနည်းနည်းဖြင့် အကြောင်းကိုသိမ်းဆည်း၍ ဝိပဿနာအလုပ်ကို အားထုတ်ရမြဲ ဓမ္မတာ အာစိဏ္ဏ ဖြစ်လေသောကြောင့် ဘယ်နည်းဖြင့် အကြောင်းကိုသိမ်းဆည်း၍ ဝိပဿနာအလုပ်ကို အားထုတ်ရ မည်နည်း။

ဖြေ ဝိပဿနာအလုပ်ကို အားထုတ်လိုသော ယောဂီပုဂ္ဂိုလ်တို့၌ ပစ္စယပရိဂ္ဂဟ ဉာဏ် ရခြင်း၏ အကြောင်းဖြစ်သော ပဋိစ္စသမုပ္ပါဒ်နည်း စသည်ဖြင့် အကြောင်းကို သိမ်းဆည်းပုံနည်းအမျိုးမျိုးတို့တွင် ဘယ်နည်းနှင့်မဆို အကြောင်းအကျိုးကို ကိုယ်ပိုင်ရှိသောဉာဏ်ဖြင့် ကိုယ်တိုင်သိအောင် ရှုစား ပွားများကြသော ယောဂီပုဂ္ဂိုလ်တို့မှာ ဤအကြောင်းကြောင့် ဤအကျိုးဖြစ်၏ဟု သိမှုသဘာဝဟု ဆိုအပ်သော ပစ္စယပရိဂ္ဂဟဉာဏ်သည် ဖြစ်ပေါ်၍လာကြကုန်၏၊ သို့ပင်ဖြစ်ပေါ်၍ လာကြသော်လည်း ယခုအခါမှာ ပဋ္ဌာန်းတရားတော်ကြီးကို ဟောကြား၍ ဝိပဿနာ အလုပ်ပေးမည် ဖြစ်သည်လည်း တကြောင်း၊ ပဋ္ဌာန်းနည်းဖြင့် အကြောင်းအကျိုးကို သိမ်းဆည်း၍ ဝိပဿနာ ဉာဏ်မိအောင် နှလုံးသွင်း ပွားများ အားထုတ်ကြသော ပုဂ္ဂိုလ်တို့မှသာလျှင် အခြားသော ယောဂီပုဂ္ဂိုလ်တို့ထက် သာလွန်၍ တန်ခိုးရှိန်စော် အာနုဘော် ကြီးထွားသည်လည်း တကြောင်း၊ ထိုအကြောင်းတို့ကြောင့် ပဋ္ဌာန်းနည်းဖြင့် အကြောင်းကို သိမ်းဆည်း၍ ဝိပဿနာအလုပ်ကို အားထုတ်ရပါသည်။

ပဋ္ဌာန်းနည်းဖြင့် အကြောင်းကို သိမ်းဆည်းရမည်ကို
အကျဉ်းမျှ လင်းပြခြင်း ပြီး၏။

---

## ပဋ္ဌာန်းတရားတော်ကြီး၏ တန်ခိုးရှိန်စော် အာနုဘော် ကြီးထွားပုံ သက်သေကို အကျဉ်းမျှ လင်းပြခြင်း

**မေး** အကြောင်းအကျိုးဟု ဆိုအပ်သော ပဋ္ဌာန်းတရားတော်ကြီးကို ထင်မြင် ပေါက်ရောက်အောင် ရှုစား ပွားများ အားထုတ်၍ ဝိပဿနာ အလုပ်ကြီးကို ထင်မြင် ပေါက်ရောက်ကုန်သော ယောဂီပုဂ္ဂိုလ်တို့သည် အခြားသောသူတို့နှင့် မနိုင်းယှဉ်လောက်အောင် တန်ခိုးရှိန်စော် အာနုဘော် ကြီးထွား မြင့်မြတ်၏ဟု ဆိုအပ်သော စကားရပ်၏ သက်သေကား အဘယ် ကိုယ်တော်မြတ် ဖြစ်ပါသနည်း။

**ဖြေ** မြတ်စွာဘုရားကိုယ်တော်မြတ်ကြီး ဖြစ်ပါသည်။

**မေး** တန်ခိုးရှိန်စော် အာနုဘော်ကြီးထွားပုံ သက်သေတို့ကား အဘယ် ပါနည်း။

မြေ တန်ခိုးရှိန်စော် အာနုဘော်ကြီးထွားပုံ သက်သေကား အခြားမဟုတ် ငါတို့၏ဘဘွား သဗ္ဗညုရှင်တော်ဘုရားကြီးသည် ဘုရားအဖြစ်သို့ ရောက်လတ်သောအခါ တန်ခိုးတေဇာ ရောင်ခြည်တော် အဖြာဖြာတို့သည် လေးခုမြောက်သော ရတနာဃရသတ္တာဟ၌ စံနေတော်မူသောအခါ အဘိဓမ္မာ (၇) ကျမ်းတရား အစားစားတို့ကို ဆင်ခြင်ပွားများ နှလုံးထားသောအခါတို့တွင် ဓမ္မသင်္ဂဏီ, ဝိဘင်း,ဓာတုကထာ,ပုဂ္ဂလပညတ်,ကထာဝတ္ထု,ယမိုက် ဤ (၆)ကျမ်းလာ ပရမတ္ထတရား အဖြာဖြာတို့ကို အားထုတ်သောအခါတို့၌ တန်ခိုးရှိန်စော် အာနုဘော်ဟု ဆိုအပ်သော ရောင်ခြည်တော်များ မထွက်ကြချေ၊ ယခုဟောပြမည့် ပဋ္ဌာန်းတရားတော်ကြီးကို စတင်ပွားများ နှလုံးထားသောအခါကျမှ အရှေ့, အနောက်, တောင်, မြောက်, အထက်, အောက်, အရပ်လေးမျက်နှာ အရပ်ခြောက်မျက်နှာ အဆုံးအပိုင်းအခြားမရှိသော အနန္တစကြဝဠာ ဖီလာထုတ်ခြင်းနှင့် အထက်အောက်တို့မှာ အဆုံးအပိုင်းအခြားမရှိသော အဇဋ္ဌာပြင် ကောင်းကင် ဟင်းလင်း အနန္တအာကာသအဟာင်းတို့သို့ ယခုတိုင် ပြေးသွားနေကြသော ရောင်ခြည်တော်တို့ကား—

၁ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး၏ မျက်နက်တော် ဆံတော်ဟု ဆိုအပ်သော ညိုရာ ညိုရာ အရပ်တော်တို့မှ ဝန်းကျင်ပျံ့ဝဲ ဖြန့်မြောက် ကြဲအပ်သော အောင်မဲညို ကြာညို မျက်စဉ်းညိုကဲ့သို့ရင်း၊ တလျှပ်လျှပ် တငြိမ့်ငြိမ့် တအိမ့်အိမ့် တန္ဒဲ့န္ဒဲ့ တလွဲ့လွဲ့ ခပ်အပ်သော ပတ္တမြားယပ်ညို ပုဆိုးညိုကဲ့သို့ရင်း၊ ထိုထိုရပ်ခွင် ဝန်းကျင်ပတ်ခွေ မိုဃ်းနှင့်မြေကို လွှမ်းအုပ်ညိုစေလျက် မည်းနက်ရောင်တွဲ့ ပြာလဲ့စိမ်းစို ညိုသောအဆင်းရှိသော နီလ ရောင်ခြည်တော်။

၂ မြတ်စွာဘုရား၏ ရွှန်းအိကိုယ်ရေ ဝါရွှေရာရာ အရပ်တော်တို့မှ ပတ်လည်ဝန်းကျင် ရွှေရည်ရင်ဆန်း ရွှေပုဆိုးကို ဖြန့်လွှန်းသကဲ့သို့ရင်း၊ ကြိုကျူမှန်ရွှေဝါ မြင်းသီလာဆေးဒန်း ပွင့်မဟာလှေကားပန်းတို့သည် ကောင်းကင် ပြည့်ပြွမ်းသကဲ့သို့ရင်း၊ ဖုံးလွှမ်းမိုးကာ ဆယ်မျက်နှာရပ်ခွင်ကို ဝါလွှင်ထိန်လင်းစေလျက် ဝါဝင်းထိန်ပြေ ရွှေသောအဆင်းရှိသော ပီတ ရောင်ခြည်တော်။

၃ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီး၏ မျက်စိသားသွေး နီးတွေးရာရာ အရပ်တော်တို့မှ ပတ္တမြားကျောက်စီ ဟင်းရိုင်းနီ တပ်စွဲ ရဲနီသောချိပ်ရည်

ကမ္ဗလာနီမြန်း ခေါင်ရမ်းမိုးယံးစွေ ပန်းကသစ်အနေလို ရေမြေရော ကောင်းကင် ပါ အာကာသ အဇင္ဈာမှာ တိမ်မိန်လာပြေးသကဲ့သို့ နီတွေးတိန်ကျင် လွင်သော အဆင်းရှိသော လောဟိတ ရောင်ခြည်တော်။

၄ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီး၏ အရိုးတော် သွားတော် မျက်ဖြူ တော်ဟု ဆိုအပ်သော ဖြူရာရာ အရပ်တော်တို့မှ ပတ်လည်ဝန်းကျင် ငွေအိုးမှ သွန်အပ်သော ငွေရည်အယဉ် နို့ရည်အယဉ် ကောင်းကင်ပြည့် ငွေပြတာန် ဝေဟာသံ တိမ်မြင့်က တဝင့်ဝင့် တန့်နွဲ့ တလွဲ့လွဲ့ ခပ်အပ်သော ငွေပြားယပ် ငွေစလွယ် သင်းခွေနွယ် ကြာဖြူ မြတ်လေးဖြူ ကြက်ရိုးတို့ အုပ်ဖုံးကာယှက် ဖွဲ့လျက် ထွေးသကဲ့သို့ ဖြူဖွေးသပ္ပါယ် စင်ကြယ်သန့်ရှင်းသော အဆင်းရှိသော ဩဒါတ ရောင်ခြည်တော်။

၅ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီး၏ မည်းရာ နီရာ ညိုရာ အရပ်တော် တို့မှ ထွက်သော မည်း, နီ, ညိုလောင်း ရောယှက်ပေါင်းသဖြင့် မောင်းမှည့် မှိုင်းအုံ မှုံရည်သော အဆင်းရှိသော မဉ္ဇိဋ္ဌ ရောင်ခြည်တော်။

၆ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး၏ တကိုယ်လုံးမှ ထွက်သော လ,ကဆုန်ဝယ် အဇင္ဈာပြင်ကျယ် ကောင်းကင်လည်က လျှပ်နွယ်ယှက်ကူး ပိုးရေ မြူးစံ မီးပေါက်လျှံ ထ,သကဲ့သို့ ဝါ, ပျံ, တက်, သက် ပြိုးပြိုးပြက်သောအားဖြင့် တခဲနက် အဆင်းရှိသော ပဘဿရ ရောင်ခြည်တော်။

## မြန်မာဆောင်ပုဒ် လက်ာများ

၁ ဆံမုတ်ဆိတ်မှ၊ ညိုရောင်ကြွ၊ နီလ ရောင်ခြည်တော်။
၂ မျက်နက်တော်မှ၊ ညိုရောင်ကြွ၊ နီလ ရောင်ခြည်တော်။
၃ မျက်တောင်တော်မှ၊ ညိုရောင်ကြွ၊ နီလ ရောင်ခြည်တော်။
၄ မျက်ခုံးတော်မှ၊ ညိုရောင်ကြွ၊ နီလ ရောင်ခြည်တော်။
၅ ရွှေကိုယ်တော်မှ၊ ရွှေရောင်ကြွ၊ ပီတ ရောင်ခြည်တော်။
၆ အသားတော်မှ၊ ရွှေရောင်ကြွ၊ ပီတ ရောင်ခြည်တော်။
၇ အရေတော်မှ၊ ရွှေရောင်ကြွ၊ ပီတ ရောင်ခြည်တော်။
၈ နှုတ်ခမ်းတော်မှ၊ နီရောင်ကြွ၊ လောဟိတ ရောင်ခြည်တော်။
၉ လျှာတော်မှ၊ နီရောင်ကြွ၊ လောဟိတ ရောင်ခြည်တော်။

၁၀ အသွေးတော်မှ၊ နီရောင်ကြွ၊ လောဟိတ ရောင်ခြည်တော်။
၁၁ မျက်ဖြူတော်မှ၊ ငွေရောင်ကြွ၊ ဩဒါတ ရောင်ခြည်တော်။
၁၂ သွားတော်ခေတ်မှ၊ ငွေရောင်ကြွ၊ ဩဒါတ ရောင်ခြည်တော်။
၁၃ အရိုးတော်မှ၊ ငွေရောင်ကြွ၊ ဩဒါတ ရောင်ခြည်တော်။
၁၄ အစိပ်စိပ်မှ၊ တဖိတ်ဖိတ်ကြွ၊ မဉ္ဇိဋ္ဌ ရောင်ခြည်တော်။
၁၅ မည်းနီညိုပ၊ ရောယှက်ကြွ၊ မဉ္ဇိဋ္ဌ ရောင်ခြည်တော်။
၁၆ ကိုယ်တော်လုံးမှ၊ ပြိုးပြိုးကြွ၊ ပဘဿရ ရောင်ခြည်တော်။
၁၇ ရောင်မျိုးစုံမှ၊ ပြိုးပြိုးကြွ၊ ပဘဿရ ရောင်ခြည်တော်။

ဤသို့ ပြဆိုခဲ့ပြီးသော ညို, ရွှေ, ဖြူ, နီ, မောင်းရီ, ပြိုးပြက် တခဲနက်သော အားဖြင့် ၆-ပါးသော အဆင်းရှိသော ရောင်ခြည်တော်တို့သည် ပဋ္ဌာန်းတရားတော်မြတ်ကြီးကို ဆင်ခြင်တော်မူသည့်နေ့က ယခုညဥ့် ယခုနေ့တိုင်အောင် အရောင်ရှိန်ရှိန် ထိန်ထိန်ပြောင်ပြောင် တောင်လုံး အိမ်လုံးခန့် ပမာဏ ကြွကြွ ဝင်းဝင်း ထွန်းလင်းတောက်ပလျက် ထွက်ခွါဝေးခြား ရပ်ဆယ်ပါးသို့ ပြေးသွားလျက် နေတော်မူခြင်းသည် ပဋ္ဌာန်းတရားတော်မြတ်ကြီး၏ တန်ခိုးရှိန်စော် အာနုဘော် ကြီးထွားပုံ သက်သေတို့ပါတည်း။

မေး ငင်းစကားရပ်၏ အားထားရန် အကိုးပါဠိကား အဘယ်ပါနည်း။

ဖြေ တံဒိဝသံ စ ပန ဘဂဝတော သရီရာ နိက္ခန္တာ ယာဝဇ္ဇဒိဝသာပိ တာ ရသ္မိယော အနန္တလောကဓာတုယော ဂစ္ဆန္တိယေဝ။

မူလပဏ္ဏာသ ပါရာဇိသုတ်ပါဠိ

**တို့မြန်မာဘာသာလို ပြန်ဆိုရန်ကား—** ပန-ဆက်၍ဆိုဦးအံ့။ တံဒိဝသံ စ၊ ရတနာဃရ ဘွဲ့မည်ရသော စတုတ္ထ သတ္တာဟဝယ် အနန္တနယ သမန္တပဋ္ဌာန်း ဒေသနာတော်ကို အနန္တသဗ္ဗညုရွှေဉာဏ်တော်ဖြင့် ဝေဘန် ဆုံးဖြတ်တော်မူရာ ထိုနေ့အခါ၌ကား။ ဘဂဝတော၊ ဘုန်းတော်ရော ကြီးမားစွာသော မြတ်စွာဘုရား၏။ သရီရာ၊ ခြောက်ဖြာသော ကိုယ်တော်အစိပ်စိပ်မှ။ နိက္ခန္တာ၊ တဖိတ်ဖိတ် တလက်လက် ထွက်ကြွက္ခန့်မြူး အဖူးအမျှော် ခံတော်မူကုန်သော။ တာ ရသ္မိယော၊ ထို နီလ,ပီတ,လောဟိတ, ဩဒါတ, မဉ္ဇိဋ္ဌ, ပဘဿရတည်းဟူသော ရောင်ခြည်တော် ၆-သွယ်တို့သည်။ အနန္တလောကဓာတုယော၊ အဆုံး အပိုင်း

အခြားမရှိသော ဩကာသ လောကဓာတ်တို့သို့။ ယာဝဇ္ဇဒိဝသာပိ၊ ပဋ္ဌာန်း တရားတော်တို့ကို ဆင်ခြင် အောက်မေ့တော်မူသည့် နေ့က ယခုနေ့ထက်တိုင် အောင်လည်း။ ဂစ္ဆန္တိယေဝ၊ အရောင်ရှိန်ရှိန် တထိန်ထိန်နှင့် အိမ်လုံး တောင်လုံး ခန့်ပမာဏ ကြွကြွဝင်းဝင်း ထွန်းလင်း တောက်ပလျက် ထွက်ခွါ ဝေးခြား ရပ်ဆယ်ပါးသို့ ပြေးသွားတော်မူကြကုန်ဆဲ သာလျှင်တည်း။

ဤသို့ ဆိုအပ်ခဲ့ပြီးသော စကားရပ်ကား အားထားရန်
အကိုးပါဋ္ဌိတို့ပါတည်း။

---

### ဘုရားမှတပါး ပဋ္ဌာန်းတရား၏ အာနုဘော်ကြောင့် တန်ခိုးရှိန်စော် အာနုဘော်ကြီးထွားသော သာဝကသက်သေကို

## အကျဉ်းမျှ လင်းပြခြင်း

**မေး** မြတ်စွာဘုရားမှ တပါး တန်ခိုးရှိန်စော် အာနုဘော် ကြီးထွားသည့် အကျိုး အမျိုးမျိုးတို့ကို ပေးစွမ်းနိုင်သော ပဋ္ဌာန်းနည်းဖြင့် အကြောင်းကို သိမ်းဆည်း၍ ဝိပဿနာ အလုပ်ကို အားထုတ်၍ ရကြသော သာဝကတို့၏ သက်သေကား အဘယ်ပါနည်း။

**ဖြေ** မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးသည် ဘုရားအဖြစ်သို့ ရောက်ပြီး၍ (၇)ဝါမြောက် ရောက်သောကာလ မယ်တော် မိနတ်သားကို အမှူးထား၍ တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာ ပဋ္ဌာန်းတရားကြီးကို ဟောတော်မူစဉ်အခါ တသောင်းသော စကြဝဠာတိုက်မှ လာရောက်စည်းဝေး နာကြားကြသော—

(က) နတ်ဗြဟ္မာအပေါင်းတို့တွင် ကုဋေပေါင်း (၈၀၀၀၀) ရှစ်သောင်းသော နတ်ဗြဟ္မာအများတို့သည် အကျွတ်တရားကို ရကြ၍ တန်ခိုးရှိန်စော် အာနုဘော်အကျိုး အမျိုးမျိုးတို့ကို များစွာထွန်းကား ကြီးကျယ်စွာ ရရှိဘူးသော သာဝကတို့ကား ဤသည်တို့ပါတည်း။

(ခ) ထိုမှတပါး ပဋ္ဌာန်း အဘိဓမ္မာတရားကြီးကို နာကြား ပွားများကြရ၍ အကျိုးထူး တရားများကို ရရှိကြသော သာဝကတို့ကား— ကဿပ မြတ်စွာဘုရား၏ ရှေးလက်ထက်တော်အခါက ပဋ္ဌာန်း အဘိဓမ္မာတရား ကြီးကို နာကြားခဲ့ကြဘူးသော ဥပနိဿယ သတ္တိကြောင့် လင်းနို့သား

ငါးရာတို့သည် တာဝတိံသာနတ်ပြည်၌ နတ်တို့၏ စည်းစိမ်ကို ခံစားခဲ့ပြီးမှ ငါတို့မြတ်စွာဘုရား ရှေ့လက်ထက်တော်အခါ၌ အရှင်သာရိပုတ္တရာ အရှင်မြတ်၏ အထံတွင် အဘိဓမ္မာ ပဋ္ဌာန်းတရားကို ထပ်မံ၍ နာကြားရသဖြင့် (၅၀၀)ငါးရာသော ရဟန်းတို့သည် အရဟတ္တမဂ်, အရဟတ္တဖိုလ်တည်းဟူသော တန်ခိုးရှိန်စော် အာနုဘော်တည်းဟူသော အကျိုးအမျိုးမျိုးတို့ကို ခံစားရလေပြီ။

(ဂ) ထိုမှတပါး မဟာဂမိယတိဿဒတ္တ အမည်ရှိသော ရဟန်းတော် အရှင်မြတ်ကြီးသည် တနေ့သ၌ သီဟိုဠ်ကျွန်းမှ သင်္ဘောကို စီးနင်းလာ၍ မဇ္ဈိမဒေသသို့ ဘုရားပွင့်ရာ မဟာဗောဓိပင်ကြီးကို ဖူးမြင်ဘိုရာ ကြွသွားရင်းပင် ပဋ္ဌာန်းကျမ်းကြီး၏ အခက်ကြီးခက် အကျယ်ကြီးကျယ်ဝန်းလှသည်၌ မိမိဉာဏ်ပါရမီ ရှိသည့်အားလျော်စွာ အကြောင်းအကျိုးတို့ကို ထင်မြင်လာအောင် သုံးသပ်ဆင်ခြင် ရှုမြင်တော်မူရာ ပဋ္ဌာန်းဉာဏ်သွားလွန်ထင်ရှား၍ ကိလေသာ အာသဝေါတရားတို့သည် ခွါလျှောသွားပြီး ရဟန္တာ အဖြစ်သို့ ရောက်တော်မူလေပြီ၊ ဤသည်တို့ကား ဘုရားကိုယ်တော်မြတ်ကြီးမှ တပါး ပဋ္ဌာန်း တရားတော်မြတ်ကြီးကို ရှုစားပွားများ နာကြားကြရ၍ တန်ခိုးရှိန်စော် အာနုဘော်ကြီးထွားသော သာဝကတို့၏ သက်သေကား ဤသည်တို့ပါတည်း။

ပဋ္ဌာန်းအာနုဘော်တော်ကြောင့် တန်ခိုးရှိန်စော် အာနုဘော် ကြီးထွားကြသော သာဝက သက်သေတို့ကို အကျဉ်းမျှ လင်းပြခြင်း ပြီး၏။

---

**အထူးမှာထား တိုက်တွန်းချက်** ဤသို့ ယခု အကျဉ်းမျှ ဖေါ်ပြခဲ့သော ပဋ္ဌာန်းတရားတော်မြတ်ကြီး၏ တန်ခိုးရှိန်စော် အာနုဘော် ကြီးထွားပုံ သက်သေတို့ကို နှလုံးနှစ်ခြိုက် အတုလိုက်၍ ပဋ္ဌာန်းတရားတော်မြတ်ကြီးကို ပွားများအားထုတ်ကြ နှလုံးသွင်းကြကုန်သော ရသေ့ယောဂီ သီလရှင်နှင့် ရဟန်းရှင်လူ မည်သူမဆို ထိုထိုကျွတ်ထိုက်သော ပုဂ္ဂိုလ်တို့မှာလည်း ယခုဘဝက နိဗ္ဗာန်ကျအောင် တဆင့်ထက်တဆင့် မြင့်မြတ်တိုးတက်၍ တန်ခိုးရှိန်စော်

အာနုဘော်အကျိုး အမျိုးမျိုးတို့ ကေန်မုချ ရကြမည်မလွဲတည်းဟု ဆန္ဒ, ဝီရိယ, စိတ္တ, ဝီမံသဟု ဆိုအပ်သော အဓိပတိပစ္စည်း ပဋ္ဌာန်းတရားတော်ကြီးကို ဦးစီးထားပြီးလျှင် ပျင်းရိခြင်းမရှိဘဲ သဲသဲ, မဲမဲ, ခဲခဲ, ကြိတ်ကြိတ် အနည်းဆုံး ဟေတုပစ္စည်း, အာရမ္မဏပစ္စည်း စသည် (၂၄)ပစ္စည်း ပဋ္ဌာန်းတရားတော် မြတ်ကြီးတို့၏ ပစ္စယုဒ္ဒေသ ပါဠိ အနက်တို့ကို နှုတ်တက်ရမိ ဉာဏ်နှင့်သိရှိ၍ ဝိပဿနာ အလုပ်ကြီးကို အားထုတ်တတ်အောင် ဆောင်ရွက် အားသစ်နိုင်ကြပါစေကုန်သတည်း၊ ဝါ-အားသစ်ကြပါလေ ယောဂီမြတ်တွေတို့။

ပဋ္ဌာန်းတရားတော်မြတ်ကြီး၏ တန်ခိုးရှိန်စော် အာနုဘော် ကြီးထွားပုံ သက်သေအမျိုးမျိုးတို့ကို အကျဉ်းမျှ လင်းပြခြင်း ပြီး၏။

---

## ပဋ္ဌာန်းကျမ်းကြီး ကျယ်ဝန်းပုံကို အကျဉ်းမျှ လင်းပြခြင်း

**မေး** ပဋ္ဌာန်းနည်းဖြင့် အကြောင်းကို သိမ်းဆည်း၍ ဝိပဿနာအလုပ်တရားကြီးကို ပေါက်ရောက်ထင်မြင်ကြသော ယောဂီပုဂ္ဂိုလ်တို့အား တန်ခိုးရှိန်စော် အာနုဘော်အကျိုး အမျိုးမျိုးတို့ကို ပေးစွမ်းနိုင်သော ပဋ္ဌာန်းကျမ်းတော်ကြီးသည် အကျဉ်းအားဖြင့် ပဋ္ဌာန်းကျမ်းပေါင်း မည်မျှရှိပါသနည်း။

**ဖြေ** ပဋ္ဌာန်းကျမ်းကြီးသည် အကျဉ်းအားဖြင့် သာမညပြုရမူ တကျမ်းတည်းဟူ၍ ဆိုရငြားသော်လည်း ဝိသေသအားဖြင့်မူကား (၂၄)ကျမ်း ရှိပါသည်။

**မေး** (၂၄) ကျမ်းဟူသည် အဘယ်သည်တို့ပါနည်း။

**ဖြေ**
(က) တိကပဋ္ဌာန်းကျမ်း၊ (ခ) ဒုကပဋ္ဌာန်းကျမ်း၊
(ဂ) တိကဒုကပဋ္ဌာန်းကျမ်း၊ (ဃ) ဒုကတိကပဋ္ဌာန်းကျမ်း၊
(င) တိကတိကပဋ္ဌာန်းကျမ်း၊ (စ) ဒုကဒုက ပဋ္ဌာန်းကျမ်း

ဟူ၍ ဓမ္မအနုလောမဥ္ဇ ပဋ္ဌာန်း (၆)ကျမ်း အပြားရှိ၏။

(က) ဤဓမ္မအနုလောမအတူ ဓမ္မပစ္စနိက်၌ ၆-ကျမ်း၊
(ခ) ဓမ္မအနုလောမ ပစ္စနိက်၌ ၆-ကျမ်း၊
(ဂ) ဓမ္မပစ္စနိယာ အနုလောမ၌ ၆-ကျမ်း၊

ဤ ၆-ကျမ်းလေးလီကို ပေါင်းသော် ပဋ္ဌာန်းကျမ်းတော်ကြီးသည် အကျဉ်း အားဖြင့် (၂၄)ကျမ်းဟူသည် ဤသည်တို့ပါတည်း။

**အထူးမှတ်သားချက်** အကျဉ်းအားဖြင့် ပဋ္ဌာန်းတရားတော်ကြီးသည် (၂၄) ကျမ်းရှိ၏ဟု ဆိုရာ၌ ဟေတုပစ္စည်း,အာရမ္မဏပစ္စည်း စသည် (၂၄)ပစ္စည်း တို့ကို ဆိုလိုသည်မဟုတ်၊ တိက်,ဒုက်တို့ကို မူလ, မူလီ လှည့်လည်၍ ဟောပြ ပုံကို အကျဉ်းအားဖြင့် (၂၄)ကျမ်းဟု ခေါ်ဆိုရလေသည်ဟု သိကြပါလေ ယောဂီမြတ်တွေတို့။

**မေး** ၎င်း ပဋ္ဌာန်း (၂၄)ကျမ်းတို့ကို အမေးပုစ္ဆာထုတ်၍ အကျယ်ဝေဘန်ပြီး မြတ်စွာဘုရားသည် ဟောကြားတော်မူအပ်သော ပုစ္ဆာဝါရကျမ်းပေါင်း အဘယ် မျှ ကျယ်ဝန်းပါသနည်း။

**ဖြေ** ဤ (၂၄)ကျမ်း၌ ပုစ္ဆာဝါရ ကျမ်းပေါင်း (၃ဂဂ, ၇၇ဂ, ၇၁၃, ၃၄၄) ကုဋေသုံးသောင်း, ကုဋေရှစ်ထောင်, ကုဋေရှစ်ရာ, ကုဋေခုနစ်ဆယ်, ခုနစ်ကုဋေ, ရှစ်သန်း, ခုနစ်သိန်း, တသောင်း, သုံးထောင်, သုံးရာ, လေးဆဲ့လေးပါး အပြား ရှိပါသည်။

**အထူးမှတ်သားချက်** ယခုအကျဉ်းမျှ လင်းပြအပ်ပြီးသော ပဋ္ဌာန်းကျမ်းတော် ကြီး၏ ကျယ်ဝန်းပုံတို့သည် အနန္တနယ မဟာပကရဏ သမန္တပဋ္ဌာန်းကြီးဟု ခေါ်ဆိုအပ်သော အမည်နှင့် ညီညွတ်လိုက်လျောစွာ အဆုံးအဆမရှိပါသော နည်းအမျိုးမျိုးတို့နှင့် ပြည့်စုံသော ပဋ္ဌာန်းကျမ်းတော်ကြီးပါ တကားဟု လွယ်ကူစွာ သိစေခြင်းအကျိုးငှါ ဂဏန်းသင်္ချာမျှကိုသာ ရေးသားလိုက်ရ ပေသတည်း၊ သင်္ချာ သင်္ချေနှင့်တကွ အကျယ်ကို သိလိုပါမူ ငါတို့၏ကျေးဇူး တော်ရှင် မိုးညှင်းတောရ ဆရာတော်ဘုရားကြီး ရေးသားတော်မူသော ပဋ္ဌာန်းဝိပဿနာ ကျင့်စဉ်တရားတော်ကြီး, တောင်မြို့ မင်္ဂလာတိုက်သစ် နာယကဆရာတော် အရှင်ဓမ္မသာမိမထေရ် ရေးသားတော်မူသော ညဥ္စဝါ တံခွန်ကျမ်း, အဘိဓမ္မာညဉ္စ ဂါဆရာကြီး ဦးအုန်းရေးသားသော အဘိဓမ္မာ တံခွန်ကျမ်း စသည့် ပဋ္ဌာန်းနှင့်ဆိုင်ရာ ကျမ်းအစောင်စောင်တို့ကို ကြည့်ရှု ကြပါလေ ယောဂီမြတ်အပေါင်း သူတော်ကောင်းတွေတို့။

ပဋ္ဌာန်းကျမ်းတော်ကြီး ကျယ်ဝန်းပုံကို အကျဉ်းမျှ လင်းပြခြင်း ပြီး၏။

## ပဋ္ဌာန်းကျမ်းတော်ကြီးနှင့် မိမိတို့ ပညာပါရမီ ရင့်သလောက်နှင့် ဆိုင်ပိုင်သလောက် ဆိုင်ပိုင်, တန်ရာသလောက် တန်ရာ၍

## မခဲယဉ်းလှပုံတို့ကို အကျဉ်းမျှ လင်းပြခြင်း

**မေး** အဆုံး အပိုင်းအခြားမရှိသော နည်းအမျိုးမျိုးတို့ဖြင့် ထက်ဝန်းကျင် ကျယ်ဝန်းလှစွာသော အနန္တနယ မဟာပကရဏ သမန္တအမည်ရှိသော ပဋ္ဌာန်း ကျမ်းတော်ကြီးကို သာဝကတို့သည် တဘဝ, နှစ်ဘဝ, တသက်, နှစ်သက်ကို မဆိုထားနှင့်ဦး၊ တကမ္ဘာလုံးပင် ဆက်လက်၍ သင်ယူ ဆောင်ရွက် လေ့ကျက် ပြောဟော ရွတ်ဘတ် သရဇ္ဈာယ် ပွားများ အားထုတ်ကြငြားသော်လည်း ၎င်း ပဋ္ဌာန်းကျမ်းတော်ကြီး၏ သဘာဝမမှုဟု ဆိုအပ်သော ငါပဋ္ဌာန်းတရား တို့နှင့် သာဝကတို့နှင့် အကုန်အစင် ပေါက်ရောက်အောင် တတ်မြောက်ကြ၍ ဆိုင်ပိုင်ကြ တန်ရာကြပါမည်လော။

**ဖြေ** အဆုံးအပိုင်းအခြားမရှိအောင် အလွန့်အလွန် ကျယ်ဝန်းနက်နဲ ခက်ခဲ လှစွာသော ပဋ္ဌာန်းတရားတော်မြတ်ကြီးနှင့် သဗ္ဗညုတ ဉာဏ်တော်ကြီးသခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးမှတပါး အခြားသောသာဝကတို့နှင့် အကုန်အစင် ပေါက်ရောက်အောင် တတ်မြောက်ကြ၍ ဆိုင်ပိုင်တန်ရာကြဘို့ကား အလွန်မှပင် ဝေးကွာကြရ၏၊ သို့ပင် ဝေးကွာကြငြားသော်လည်း မိမိတို့ ပညာပါရမီ ရှိကြ သည်အားလျော်စွာ တတ်မြောက်သလောက် တတ်မြောက်, ဆိုင်ပိုင်သလောက် ဆိုင်ပိုင်, တန်ရာသလောက် တန်ရာကြပါသည်။

**မေး** မိမိတို့ ပညာပါရမီ ရှိကြသည့်အားလျော်စွာ တတ်မြောက်သလောက် တတ်မြောက်, ဆိုင်ပိုင်သလောက် ဆိုင်ပိုင်, တန်ရာသလောက် တန်ရာပုံတို့ကို ဘယ်လိုဥပမာဆောင်၍ သိကြပါမည်နည်း။

**ဖြေ** ယူဇနာ (၈၄၀၀၀)ရှစ်သောင်း လေးထောင် နက်ဆောင် ကျယ်ဝန်း သော မဟာသမုဒ္ဒရာ ပင်လယ်ကြီးသည် အလျားယူဇနာ (၅၀၀)ငါးရာရှိသော တိမိရ,တိပိင်္ဂလမည်သော ငါးကြီး, အလျား ယူဇနာတထောင်ရှိသော အာနန္ဒာ ငါးကြီးတို့သည် ရွှင်မြူး နှစ်ခြိုက် ပျော်ပိုက် ကျက်စားရာဖြစ်၍ အလွန့်အလွန် နက်နဲ ကျယ်ဝန်းလှသောကြောင့် လူသာမန်တို့သည် အမှီ ထောက်ကြဘို့ အပေါက်ကူးကြဘို့ အကုန်သောက်ကြဘို့ကား အတိုင်းမသိ နှိုင်းညှိ၍မရအောင်

ခဲယဉ်းလှဘိသကဲ့သို့၊ ထို့အတူ ပုစ္ဆာဝါရ ကျမ်းပေါင်း (၃၀၀,၇၇၁,၇၁၃,၃၄၄) ကုဋေ သုံးသောင်း, ရှစ်ထောင်, ရှစ်ရာ, ခုနစ်ဆယ်, ခုနစ်ကုဋေ, ရှစ်သန်း, ခုနစ်သိန်း, တသောင်း, သုံးထောင်, သုံးရာ, လေးဆဲ့လေးပါး အပြားရှိသော အလွန်မှုပင် ခက်ခဲ နက်နဲ ကျယ်ဝန်းလှသော အနန္တနယ မဟာပကရဏ သမန္တ အမည်ရှိသော အဘိဓမ္မာ ပဋ္ဌာန်းကျမ်းတော်ကြီးသည် သဗ္ဗညုတရွှေဉာဏ်တော် ကြီးသခင် ဘုရားရှင် ကိုယ်တော်မြတ်ကြီး၏ ဆင်ခြင် သုံးသင်ရာ လေ့လာ ကျက်စားရာ ပျော်ရွှင်မြူးထူးရာ ဖြစ်လေသောကြောင့် မြတ်စွာဘုရားမှတပါး အခြားသော သာဝက အစားစားတို့သည် ၎င်းပဋ္ဌာန်းတရားတော်မြတ်ကြီး၏ သဘာဝဓမ္မဟု ဆိုအပ်သော ငါးပဋ္ဌာန်းတရားတို့ကို အကုန်အစင် တတ်မြောက် ပေါက်ရောက်ကြဘို့ရန် ဆိုင်ပိုင်ကြဘို့ရန် တန်ရာကြဘို့ရန် အတိုင်းမသိ နှိုင်းညှိ၍ မရနိုင်အောင် ခက်ခဲလှ နက်နဲလှ ကျယ်ဝန်းလှပါ၏။

သို့ကလောက်ပင် ခက်ခဲလှ နက်နဲလှ ပါသော်လည်း ၎င်း မဟာသမုဒ္ဒရာ ပင်လယ်ကြီး၌ တိမိရ, တိပိင်္ဂလ, အာနန္ဒာ ငါးကြီးတို့သာလျှင် ကျက်စားမြူးထူး ပျော်ပါးသည်သာ မဟုတ်ချေသေး၊ အလွန်တရာ သေးငယ်လှသော ငါး,ပုဇွန်, ဂဏန်း, မိကျောင်း, လိပ်စသည် ရေသတ္တဝါ အမျိုးမျိုးတို့ပင်သော်လည်း မိမိတို့ အင်အားရှိသည်အားလျော်စွာ ၎င်း မဟာသမုဒ္ဒရာ ပင်လယ်ကြီး၏ အတွင်း၌ မိမိတို့ စွမ်းအားသတ္တိ ရှိသလောက်နှင့် ပိုင်ဆိုင်တန်ရာသော အရပ်ဌာနသို့တိုင် အောင် ကူးခတ်၍ မြူးထူးပျော်ပါး ကစားသွားလာနိုင်ကြဘိသကဲ့သို့၎င်း၊ အလွန် တရာ နက်နဲ ကျယ်ဝန်းလှသော မဟာသမုဒ္ဒရာ ပင်လယ်ကြီး၏ တစင်းလုံးရှိ ရေ၏အရသာကို သိလိုကြသော သာမညလူစား ၄,ပါမွှားတို့သည် ၎င်းမဟာ သမုဒ္ဒရာ ပင်လယ်ကြီး၏ ခက်ခဲ နက်နဲ ကျယ်ဝန်းသလောက် မကူးမထောက် မရပ် မသောက်နိုင်သော်လည်း မိမိတို့ အင်အားရှိသည်အားလျော်စွာ မိမိတို့၏ အင်အားနှင့် ဆိုင်ပိုင်သလောက် တန်ရာသလောက်သော အရပ်ကနေ၍ ကူးခတ် ထောက်ရပ်၍ သောက်ချိုးလိုက်သည်ရှိသော် ကူးခတ်နိုင် ထောက်ရပ်နိုင် သောက်ချိုးနိုင်၍ ၎င်းမဟာသမုဒ္ဒရာ တစင်းလုံး ရေ၏အရသာသည် ငန်သော အရသာရှိ၏ဟု အသိဉာဏ်ရှိမှုတို့ကား မခက်ခဲလှ မနက်နဲလှ မကျယ်ဝန်းလှဘိ သကဲ့သို့၎င်း၊ ထိုသို့ ပြဆိုခဲ့ပြီးသော ဥပမာအတူ အလွန့်အလွန်မှုပင် ခက်ခဲလှ

နက်နဲလှ ကျယ်ဝန်းလှသော အနန္တနယ မဟာပကရဏ သမန္တအမည်ရှိသော အဘိဓမ္မာ ပဋ္ဌာန်းကျမ်းတော်ကြီး၌လည်း သဗ္ဗညုမြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးသည်သာလျှင် ဆင်ခြင် သုံးသပ်ရာ လေ့လာ ကျက်စားရာ ပွားများအားထုတ်ရာ ပျော်ရွှင်မြူးထူးရာ မဟုတ်ချေသေး၊ မြတ်စွာဘုရားမှတပါး တပည့်သား သာဝက အစားစားတို့ပင် ဖြစ်သော်လည်း မိမိတို့ ပညာပါရမီ ရှိကြသည်အားလျော်စွာ ကျမ်းပေါင်းများစွာတို့နှင့် ပြည့်စုံလှပါသော ၎င်း ပဋ္ဌာန်းကျမ်းတော်ကြီး၏ အဘွင်း၌ မိမိတို့၏ ပညာပါရမီနှင့် ဆိုင်ပိုင်သလောက် တန်ရာသလောက်သော ပဋ္ဌာန်းကျမ်းသို့ တိုင်အောင် အမှီပြု၍ ကြားနာ အံသင်ဆင်ခြင် သုံးသပ် ပွားများအားထုတ် လေ့လာကျက်စား ပျော်ပါး မြူးထူးနိုင်ကြဘို့ကား မခက်ခဲလှ မနက်နဲလှ မကျယ်ဝန်းလှချေ။

အလွန်တရာ ခက်ခဲ နက်နဲ ကျယ်ဝန်းလှသော ပဋ္ဌာန်းကျမ်းတော်ကြီး၏ အကြောင်းအကျိုးဟု ဆိုအပ်သော သဘာဝဓမ္မ တရားတို့ကို အသိဉာဏ်ပေါက်ရောက်လိုကြကုန်သော ဘုရားမှတပါး သာဝက အစားစားတို့သည် ၎င်းပဋ္ဌာန်းကျမ်းတော်ကြီး ခက်ခဲ နက်နဲ ကျယ်ဝန်းသလောက် ကုန်ဆုံးအောင် သင်ကြားနာယူ ပြန်အံ လေ့ကျက် ဆောင်ရွက် ကျင့်ကြံ၍ အသိဉာဏ်ပေါက်ရောက်အောင် မတတ်မြောက်နိုင်ကြသော်လည်း မိမိတို့ ပညာပါရမီ ရှိသည်အားလျော်စွာ မိမိတို့ ဖြည့်ဆည်းပူးသော ပညာပါရမီနှင့် ဆိုင်ပိုင်တန်ရာသော ပဋ္ဌာန်းကျမ်းတော်ကြီး၌တည်၍ သင်ကြား နာယူ ပြန်အံ လေ့ကျက် ဆောင်ရွက် ကျင့်ကြံလိုက်ကြသည်ရှိသော် သင်ကြား နာယူနိုင်ကြ ပြန်အံ လေ့ကျက်နိုင်ကြ ဆောင်ရွက် ကျင့်ကြံနိုင်ကြ၍ ၎င်း ပဋ္ဌာန်းကျမ်းတော်ကြီး၏ အကြောင်းအကျိုးဟု ဆိုအပ်သော သဘာဝဓမ္မတည်းဟူသော အရသာ အစားစားတို့ကို ခံစားရရှိဘို့ကား မခက်ခဲလှ မနက်နဲလှ မကျယ်ဝန်းလှချေ။

**တနည်း** အလွန်တရာ တန်ခိုးရှိန်စော် အာနုဘော်ကြီးလှသော ယူဇနာ (၅၀)ငါးဆယ်စီ နက်နဲ ကျယ်ဝန်းလှသော အနောတတ္တ ရေအိုင်ကြီးမှ ရေတို့ကို သောက်ချိုးပါက သမင်ဖြူ၊ သမင်နက်၊ အကွက်၊ အတူ၊ အနာ၊ အနူအစရှိသော နူနာအမျိုး (၁၀)ပါးသော အနာဆိုးတို့သည် ညှိုးပိန်လျော့ကျ ကင်းစင်ပ၍ လှပရုပ်သွင် ကြန်အင်လက္ခဏာ ကောင်းမျိုးစုံ အဖြာဖြာတို့နှင့် ပြည့်စုံကြရ

မည်ဖြစ်၍ သောက်ချိုးလိုကြပါသော်လည်း ၎င်း အနေ့ာတတ္တ ရေအိုင်ကြီး၌ တန်ခိုး ရှိန်စော် အာနုဘော် ကြီးထွားသော နတ်,နဂါးကြီးများတို့သည် ကာကွယ်စောင့်ရှောက်မှု အမျိုးမျိုးတို့ဖြင့် စောင့်ရှောက် ကာကွယ်လျက် နေသည် ဖြစ်လေသောကြောင့် လူသာမန်အစားစားတို့သည် သောက်ချိုးကြ ဘို့ရန် အတိုင်းထက်အလွန် ခဲယဉ်းလှပေ၏၊ သို့ပင် ခဲယဉ်းခြင်းဖြစ်သော်လည်း ဘုန်းတန်ခိုး အာနုဘော် ကြီးမားသော နတ်,နဂါးစသည် အစားစားတို့နှင့် ရဟန္တာသခင် အရိယာ သူတော်စင်တို့သည် ဆောင်ယူ၍ တိုက်ကျွေးကြပါမူ မိမိတို့မှာ စွဲကပ်သည့် နူနာ ရောဂါမျိုး အဖြာဖြာတို့သည် ကင်းကွာ ရုပ်သိမ်း၍ ချုပ်ငြိမ်းလေအောင် သောက်ချိုးဘို့ရန် မခဲယဉ်းကြပါသကဲ့သို့၊ ထို့အတူ အလွန်တရာ တန်ခိုးရှိန်စော် အာနုဘော် ကြီးမားမြင့်မြတ်သော နည်းအမျိုးမျိုး တို့နှင့် ပြည့်စုံသော အနန္တနယ မဟာပကရဏ သမန္တအမည်ရှိသော ပဋ္ဌာန်း ကျမ်းတော်ကြီး၏ အကြောင်းအကျိုးဟု ဆိုအပ်သော သဘာဝဓမ္မတရားတို့ကို သင်ကြား နားလည်၍ ပစ္စယပရိဂ္ဂဟဉာဏ်တို့ကို အမြင်သန်အောင် သင်အံ လေ့ ကျက် ဆောင်ရွက် ရှုစား ပွားများ အားထုတ်ကြပါက လောဘ,ဒေါသ,မောဟ- အစရှိသော (၁၅၀၀) ကိလေသာမျိုး အနာဆိုးတို့သည် ပိန်ညှိုးလျော့ကျ ကင်းစင်ပ၍ အရဟတ္တမဂ်, အရဟတ္တဖိုလ် တည်းဟူသော အကျိုးထူးတရား အစားစားတို့ကို ခံစား စံစားရခြင်း၏ အကြောင်းရင်းဖြစ်၍ ကုန်စင် တတ် မြောက်အောင် သင်အံ လေ့ကျက် ဆောင်ရွက် ရှုစား ပွားများ အားထုတ် လိုကြပါသော်လည်း ၎င်း ပဋ္ဌာန်းကျမ်းတော်ကြီးသည် သဗ္ဗညုတ ရွှေဉာဏ်တော် ကြီး၏ အရာဖြစ်လေသောကြောင့် ပါရမီ နည်းပါးကုန်သော မြတ်စွာဘုရား၏ တပည့်သား သာဝက အစားစားတို့သည် ၎င်း ပဋ္ဌာန်းကျမ်းတော်ကြီးကို ကုန်စင်တတ်မြောက်အောင် သင်အံ လေ့ကျက် ဆောင်ရွက် ရှုစား ပွားများ အားထုတ်ကြဘို့ရန် အလွန့်အလွန်ကြီး နက်နဲ ခက်ခဲကြပါ၏။

သို့ပင် နက်နဲ ခက်ခဲလှပါသော်လည်း ဘုန်းရှင် ကံရှင် ပါရမီရှင် ဖြစ်တော်မူကြသော အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလာန်စသည် ပေါက်ရောက်ကြသူ အရိယာ အစားစား ပညာရှိ အရှင်မြတ်များတို့က ယောဂီဖြူ ပုဂ္ဂိုလ်အများ တို့အား ပညာပါရမီ ရှိသလောက် တတ်မြောက်ကြအောင် ဟောပြော, ပြသ နည်းပေးကြပါမူ မိမိတို့မှာ သံသရာ ကမ္ဘာနှင့်အမျှ စွဲကပ်၍ လာခဲ့ကြသော

လောဘ, ဒေါသ, မောဟစသည် (၁၅၀၀)ကိလေသာဟူ အနာနူတို့ကို ပျောက်ကင်းဘို့ရန် တဒင်္ဂပဟာန်, ဝိက္ခမ္ဘနပဟာန်, သမုစ္ဆေဒပဟာန်ဟု ဆိုအပ်သော ပဟာန် ၃-မျိုးတို့တွင် ဉာဏ်အဆင့်ဆင့် မိမိတို့ ပါရမီ ရှိသည်အားလျော်စွာ ပယ်ခွါ စွန့်ပစ်ကြဘို့ရန် ပဋ္ဌာန်းတရားတော်မြတ်ကြီးကို သင်အံ လေ့ကျက်ဆောင်ရွက် ပွားများ ကျင့်ကြံ၍ သွားကြပါမူ မနက်နဲလှ မခက်ခဲလှ မကျယ်ဝန်းလှပါ၊ မိမိတို့ ပညာပါရမီနှင့် ဆိုင်ပိုင်တန်ရာသလောက်ကိုတော့ လွယ်ကူစွာ သင်ယူနိုင်ကြပါ၏၊ ယခု ဟောကြား ပြဆိုခဲ့ပြီးသော စကားရပ်တို့သည် မိမိတို့ ပညာပါရမီ ရှိကြသည်အားလျော်စွာ သင်အံ လေ့ကျက် ဆောင်ရွက် ကျင့်ကြံပါမူ တတ်မြောက်သလောက် တတ်မြောက်, ဆိုင်ပိုင်သလောက် ဆိုင်ပိုင်, တန်ရာသလောက် တန်ရာကြပုံကို ဤလို ဥပမာကိုဆောင်၍ သိကြရပါသည်။

**အထူးမှာထား တိုက်တွန်းချက်** အလွန်တရာ နက်နဲ ခက်ခဲ ကျယ်ဝန်းလှသော အဘိဓမ္မာ ပဋ္ဌာန်းကျမ်းတော်ကြီးသည် သဗ္ဗညုတဉာဏ်တော်ကြီးရှင် ဘုရားသခင် ကိုယ်တော်မြတ်ကြီး၏ ဆင်ခြင်သုံးသပ်ရာ ပွားများအားထုတ်ရာ လေ့လာကျက်စားရာ ပျော်ရွှင် နှစ်ခြိုက်ရာဖြစ်၍ ၎င်း ပဋ္ဌာန်းကျမ်းတော်ကြီးနှင့် ငါတို့ပုထုဇန် လူ ၄,ပါမွှား လူနုံစားတို့နှင့် လားလားမျှ မဆိုင် မပိုင် မတန် မရာပါတကားဟု ထင်မှားမှု ရှိနေသည့်အတွက်ကြောင့် မြတ်စွာဘုရား၏ သာသနာတော် တွင်းမှာ လူဖြစ်ပါလျက် ပဋ္ဌာန်းနည်းဖြင့် အကြောင်းကို သိမ်းဆည်း၍ ဝိပဿနာ အလုပ်ကို အားမထုတ်ကြဘဲ ရှောင်လွှဲကာ နောက်ဆုတ်လျက် ခေါင်းကုတ်၍ နေကြသော ပုထုဇ္ဇန ဥမ္မတ္တကဖြစ်သော သူတို့သည် သည်မိ သည်ဘ၏ သားမြေး ဖြစ်ပါလျက် သည်မိ သည်ဘ၏ လယ်, ယာ, ရွှေ, ငွေစသည် အမွေအနှစ်တို့ကို ငါနှင့် မဆိုင် မပိုင် မတန် မရာဟု ထင်မှတ်မှု ရှိနေသည့်အတွက်ကြောင့် အမွေ ဆက်ပြတ်၍ နေကြရသော ရူးသွပ်သူ သားမြေးတို့မှာ များစွာနစ်နာ ဝမ်းနည်းဘွယ်ရာ ကောင်းသည်ထက် အဆအရာ အဆအထောင်မက သာလွန်ပိုကဲ၍ နစ်နာ ဝမ်းနည်းဘွယ်ကောင်းကြ၏၊ ထိုသို့ နစ်နာဝမ်းနည်းဘွယ်ရာကောင်းလှသည်၏ အဖြစ်သို့ မရောက်ကြရလေအောင် အောက်၌ ရေးသား ပြဆိုခဲ့ပြီးသော ဥပမာ အစားစားတို့ကို အပျင်းအရိ မကပ်ငြိဘဲ

အဓိပတိပစ္စည်း ပဋ္ဌာန်းတရားတော်ကြီးကို ဦးစီးဦးကိုင်ထားပြီးလျှင် မိမိတို့နှင့် ဆိုင်ပိုင်တန်ရာသည်၏ အဖြစ်ကို ထင်မြင်လာအောင် ထပ်ခါ ထပ်ခါ မကြာ မကြာ ကြည့်ရှုနိုင်ကြပါစေကုန်သတည်း၊ ဝါ-ကြည့်ရှုကြပါလေ ယောဂီမြတ်တွေတို့။

ပဋ္ဌာန်းကျမ်းတော်ကြီးနှင့် မိမိတို့ ရင့်သန်သလောက် ပါရမီနှင့် ဆိုင်ပိုင်
သလောက်ဆိုင်ပိုင် တန်ရာသလောက် တန်ရာ၍ မခဲယဉ်းလှပုံ
တို့ကို ဥပမာအစားစားတို့ဖြင့် အကျဉ်းမျှ လင်းပြခြင်း ပြီး၏။

---

## ပဋ္ဌာန်း ကျမ်းတော်ကြီးကို ပါရမီ ရှိကြသည့်အလျောက် တတ်မြောက် ဆိုင်ပိုင်တန်ရာအောင် အလွယ်ဆုံးနည်းဖြင့် ဟောပြတတ်သော

# ပါရမီရှင်နှင့် ပဋ္ဌာန်း၃-မျိုး ဝေဘန်ပုံကို အကျဉ်းမျှ လင်းပြခြင်း

**မေး** အလွန်တရာ နက်နဲ ခက်ခဲ ကျယ်ဝန်းလှစွာသော ပဋ္ဌာန်းကျမ်းတော်ကြီးကို ကုန်စင် တတ်မြောက်အောင် သင်အံ လေ့ကျက် ဆောင်ရွက်ကြဘို့ရန် အင်မတန်မှ ခဲယဉ်းလှငြားသော်လည်း ဘုန်းရှင် ပါရမီရှင် ဖြစ်ကြကုန်သော အရှင်သာရိပုတ္တရာစသည် ပေါက်ရောက်သူအစားစား ပညာရှိကြီးများတို့သည် ဟောပြော ပြသ အလုပ်ပေးကြပါမူ တတ်မြောက်သလောက် တတ်မြောက်၊ ဆိုင်ပိုင်သလောက် ဆိုင်ပိုင်၊ တန်ရာသလောက် တန်ရာကြ၏ဟု ဆိုအပ်သော စကားရပ်၏အရ ယောဂီပုဂ္ဂိုလ်တို့အား ပါရမီ ရင့်သန်သည့်အလျောက် အလွယ်ဆုံးနည်းဖြင့် တတ်မြောက် ဆိုင်ပိုင် တန်ရာအောင် ဘယ်ပညာပါရမီရှင်သည် ဟောပြော ပြသ ပဋ္ဌာန်းနည်းဖြင့် ဝိပဿနာ အလုပ်ကြီးကို ဩဝါဒ ပေးပါသနည်း။

**ဖြေ** ပဋ္ဌာန်းကျမ်းတော်ကြီးကို မိမိတို့ ပညာပါရမီ ရင့်သန်သည့်အလျောက် တတ်မြောက် ဆိုင်ပိုင် တန်ရာ သိရှိကြလေအောင် သင်ကြားဆုံးမ ဩဝါဒ ပေးတတ်သော ဝိပဿနာ ပါရမီရှင် ထိပ်ခေါင်တင် အသီးသီးတို့တွင် တပါး အပါအဝင် ဖြစ်တော်မူသော မိုးညှင်းတောရတိုက်တော်ကြီး၌ ကြီးငယ်မရွေး ရသေ့, ရဟန်းစသော ယောဂီအပေါင်းတို့အား နေ့ညဉ့်မနား ဝိပဿနာ

တရား အစားစားတို့ကို ဟောကြား၍ နေတော်မူပါသော ဝိပဿနာပါရမီရှင် ထိပ်ခေါင်တင် ဖြစ်တော်မူသော ကျေးဇူးတော်ရှင် မိုးညှင်းတောရ ဆရာတော် မြတ်ကြီးသည် ဟောပြော ပြသ ပဋ္ဌာန်းနည်းဖြင့် ဝိပဿနာ အလုပ်ကြီးကို သြဝါဒ ပေးပါသည်။

**မေး** အလွန့်အလွန် ခက်ခဲ နက်နဲလှသော ပဋ္ဌာန်းကျမ်းတော်ကြီးကို အဘိုး အို အမယ်အိုတို့နှင့် စာတတ်သူ မတတ်သူတို့ကိုပါ မိမိတို့ ပါရမီရှိသလောက်နှင့် တတ်မြောက် ဆိုင်ပိုင် တန်ရာ နားလည် ကျေနပ်အောင် ဘယ်လိုဝေဘန်၍ ဟောပြပါသနည်း။

**ဖြေ** (၁) စာပဋ္ဌာန်း (၂) ရွာပဋ္ဌာန်း (၃) ငါပဋ္ဌာန်း ပေါင်း ပဋ္ဌာန်း တရား ၃-မျိုးတည်း၊ ပဋ္ဌာန်းတရားကြီးကို ဤလိုဝေဘန်၍ ဟောပြ ပါသည်။

**မေး** တနည်း ကြားနာသူ ပညာရှိ သဘောဖြူတို့ လေးနက်ရန် ဘယ်လို ဝေဘန်၍ ဟောပြပါသေးသနည်း။

**ဖြေ** (၁) ပါဠိဘာသာလိုပဋ္ဌာန်း (၂) မြန်မာဘာသာလိုပဋ္ဌာန်း (၃) သဘာဝဓမ္မပဋ္ဌာန်း ပေါင်း ပဋ္ဌာန်းတရား ၃-မျိုးသည် တနည်းအားဖြင့် ကြားနာ သူတို့ လေးနက်ရန် ပဋ္ဌာန်းတရားတော်ကြီးကို ဤလိုဝေဘန်၍ ဟောပြပါ သေးသည်။

**မေး** ဘယ်ဘာသာလို ပြောဆို ဟောကြားသော တရားစကားကို စာပဋ္ဌာန်း ဟူ၍ ခေါ်ဆိုအပ်ပါသနည်း။

**ဖြေ** ပါဠိဘာသာလို ပြောဆို ဟောကြားသော စကားကို စာပဋ္ဌာန်းဟု ခေါ်ဆိုအပ်ပါသည်။

**မေး** ဟေတုပစ္စည်း စသည် (၂၄)ပစ္စည်းတို့တွင် ဟေတုပစ္စည်း၌ ဥဒ္ဒေသ, နိဒ္ဒေသအားဖြင့် ၂-ပါးရှိသည်တို့တွင် ဥဒ္ဒေသ၌ စာပဋ္ဌာန်းဟု ဆိုအပ်သော ပါဠိဘာသာ စကားရပ်ကား အဘယ်သည်တို့ပါနည်း။

**ဖြေ** "ဟေတုပစ္စယော" ဤသည်တို့ကား ဥဒ္ဒေသ၌ စာပဋ္ဌာန်းဟု ဆိုအပ် သော ပါဠိဘာသာ စကားရပ်တို့ပါတည်း။

မေး နိဒ္ဒေသဥ္ဒ် စာပဋ္ဌာန်းဟု ဆိုအပ်သော ပါဠိဘာသာစကားရပ်တို့ကား အဘယ်သည်တို့ပါနည်း။

ဖြေ "ဟေတုပစ္စယောတိ ဟေတူ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော" ဤသည်တို့ကား နိဒ္ဒေသဥ္ဒ် စာပဋ္ဌာန်းဟု ဆိုအပ်သော ပါဠိစကားရပ်တို့ပါတည်း။

စာပဋ္ဌာန်းဟု ဆိုအပ်သော ပါဠိဘာသာစကားရပ်ကို
အကျဉ်းမျှ လင်းပြခြင်း ပြီး၏။

---

မေး ဟေတုပစ္စည်း၏ ပစ္စယုဒ္ဒေသဥ္ဒ် ရွာပဋ္ဌာန်းဟု ဆိုအပ်သော မြန်မာဘာသာ စကားရပ်ကား အဘယ်သည်တို့ပါနည်း။

ဖြေ ဟေတုပစ္စယော၊ အကြောင်းရင်း မူလဖြစ်၍ ကျေးဇူးပြုတတ်သော တရားဟု ဆိုအပ်သော စကားရပ်သည် ဟေတုပစ္စည်း၏ ပစ္စယုဒ္ဒေသဥ္ဒ် ရွာပဋ္ဌာန်းဟု ဆိုအပ်သော မြန်မာဘာသာစကားတို့ကား ဤသည်တို့ပါတည်း။

မေး ဟေတုပစ္စည်း၏ ပစ္စယနိဒ္ဒေသဥ္ဒ် ရွာပဋ္ဌာန်းဟု ဆိုအပ်သော မြန်မာဘာသာ စကားရပ်တို့ကား အဘယ်သည်တို့ပါနည်း။

ဖြေ ဟေတုပစ္စယောတိ၊ ဟေတုပစ္စည်းဟူသည်ကား။ ဟေတူ၊ ဟိတ် ၆-ပါး ပစ္စည်းတရားတို့သည်။ ဟေတုသမ္ပယုတ္တကာနံ၊ ဟိတ်နှင့်ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စိတ် စေတသိက် တရားတို့အားရင်း။ တံ သမုဋ္ဌာနာနံ၊ ထိုဟိတ်ကြောင့် ဖြစ်ကုန်သော။ ရူပါနဉ္စ၊ စိတ္တဇရုပ်, ပဋိသန္ဓေ ကမ္မဇရုပ်တို့အားရင်း။ ဟေတုပစ္စယေန၊ အကြောင်းရင်းဖြစ်သော ဟေတုသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ခပ်သိမ်းကိစ္စ ခိုင်မြဲကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏ဟု ဆိုအပ်သော စကားသည် ဟေတုပစ္စည်း၏ ပစ္စယနိဒ္ဒေသဥ္ဒ် ရွာပဋ္ဌာန်းဟု ဆိုအပ်သော မြန်မာဘာသာစကားရပ်တို့ကား ဤသည်တို့ပါတည်း။

မေး ထို့ထက် လွယ်ကူစွာ နားလည် သိကြား ပေါက်ရောက်ကြစေခြင်းငှါ သတ္တဝါအများတို့အား ချစ်သနား၍ မေတ္တာ, ကရုဏာ ရှင်ဖြစ်တော်မူသော မိုးညှင်းတောရ ဆရာတော်ဘုရားကြီးသည် ရေးသား စီရင်တော်မူအပ်သော ဆောင်ပုဒ်လင်္ကာတို့ကား အဘယ်သည်တို့ပါနည်း။

ဖြေ ၁ လော့ ဒေါ့ မောဟော၊ မိုက်မှားနော၊ မှတ်လေဟောတု ကြောင်းရင်းစု။
၂ အလော အဒေါ၊ အမောသုံးထွေ၊ ကောင်းမြတ်နေ၊ မှတ်လေဟောတု ကြောင်းရင်းစု။
၃ ဟေတုပစ္စယ၊ ဖြစ်ပျက်ကြ၊ အနိစ္စစု မြင်အောင်ရှု။
ဤသည်တို့ကား ဆောင်ပုဒ်လင်္ကာတို့ပါတည်း။

မေး ထို့ထက် လွယ်ကူစွာ နားလည် ပေါက်ရောက်ကြစေခြင်း အကျိုးငှါ မေတ္တာ, ကရုဏာရှင် ဖြစ်တော်မူသော ကျေးဇူးတော်ရှင် မိုးညှင်းတောရ ဆရာတော်ဘုရားကြီးသည် ဟိတ် ၆-ပါး တရားကြီးကို ပါဠိဘာသာလို သက်သက် တမျိုး, မြန်မာဘာသာလို သက်သက်တမျိုး ၎င်း ၂ မျိုးတို့ဖြင့် ဟောပြအပ် သော စကားရပ်တို့ကား အဘယ်သည်တို့ပါနည်း။

ဖြေ (၁) လောဘဟိတ် (၂) ဒေါသဟိတ် (၃) မောဟဟိတ် (၄) အလောဘဟိတ် (၅) အဒေါသဟိတ် (၆) အမောဟဟိတ် ပေါင်း ပါဠိ ဘာသာလို ဟိတ် ၆-ပါးတည်း။

(၁) လိုချင်သည့်အကြောင်း (၂) ပြစ်မှားသည့်အကြောင်း (၃) တွေဝေသည့်အကြောင်း (၄) မလိုချင်သည့်အကြောင်း (၅) မပြစ်မှားသည့် အကြောင်း (၆) မတွေဝေသည့်အကြောင်း ပေါင်း မြန်မာဘာသာလို ဟိတ် ၆-ပါးတည်း။

ဤသည်တို့ကား ပါဠိဘာသာသက်သက် မြန်မာဘာသာ သက်သက်ဖြင့် ဟောပြအပ်သော စကားတို့ပါတည်း။

ရှာပဋ္ဌာန်းဟု ဆိုအပ်သော မြန်မာဘာသာစကားရပ်တို့ကို
အကျဉ်းမျှ လင်းပြခြင်း ပြီး၏။

---

မေး ဘယ်လိုဖြစ်ပေါ်လာသော ရုပ်နာမ်အစားစား ပဋ္ဌာန်းတရားတို့ကို ဝါ ပဋ္ဌာန်းဟု ခေါ်ဆိုအပ်ပါသနည်း၊ ဝါ-သဘာဝဓမ္မပဋ္ဌာန်းဟု ခေါ်ဆိုအပ်ပါ သနည်း။

ဖြေ ထာဝရဘုရား သိကြား ဗြဟ္မာ မဟာပိန္နဲစသည် တန်ခိုးကြီးသော သူတို့တွင် မည်သူတဦးတယောက်မျှ မဖန်ဆင်းရဘဲ သူငါတို့၏ အတွင်းသား

ထည်းမှာ သူ့သဘောအတိုင်း သူဖြစ်ပေါ်၍လာသော ရုပ်နာမ်အစားစား ပဋ္ဌာန်းတရားတို့ကို ငါပဋ္ဌာန်းဟူ၍ ခေါ်ဆိုအပ်ပါသည်၊ ဝါ-သဘာဝဓမ္မပဋ္ဌာန်း ဟူ၍ ခေါ်ဆိုအပ်ပါသည်။

သဘာဝဓမ္မဟု ဆိုအပ်သော ငါပဋ္ဌာန်းတရားကို အကျဉ်းမျှ
လင်းပြခြင်း ပြီး၏။

---

**အထူးမှတ်ချက်** အလွန်တရာ ခက်ခဲ နက်နဲ ကျယ်ဝန်းလှသော ပဋ္ဌာန်းတရားတော်မြတ်ကြီးကို မိမိတို့ပါရမီဉာဏ် ရင့်သန်ကြသလောက်ဖြင့် လွယ်ကူစွာ တတ်မြောက်အောင် မိုးညှင်းတောရ ဆရာတော်ဘုရားကြီးသည် ကြံဆောင်၍ ဟောတော်မူတိုင်း ယခုရေးသား ဟောကြားခဲ့ပြီးသော နည်းအမျိုးမျိုးတို့ကို တွေ့မြင်ကြရသဖြင့် ကျေးဇူးတော်ရှင် မိုးညှင်းတောရ ဆရာတော်ဘုရားကြီးသည် သံသရာဝဋ်ဒုက္ခမှာ ကမ္ဘာနှင့်အမျှ နစ်မြုပ်၍ လာခဲ့ကြကုန်သော သတ္တဝါတို့၏အပေါ်၌ အလွန်တရာ ချမ်းသာစေလိုသော မေတ္တာတော်ရှင်ကြီး, အလွန်တရာ သနားတော်မူသော မဟာကရုဏာတော်ရှင်ကြီး, မြင်းမိုရ်တောင်မျှမက ဂုဏ်ထူး ကျေးဇူးကြီးလှသော ကျေးဇူးတော်ရှင်ကြီးဟု မျက်မြင်ရော ဉာဏ်နှင့်ပါ ဆင်ခြင်၍ သိထိုက်ယှ၏၊ ဝါ-သိကြပါလေ ယောဂီအပေါင်း သူတော်ကောင်းတွေတို့။

ပဋ္ဌာန်းကျမ်းတော်ကြီးကို မိမိတို့ပါရမီ ရှိကြသည့်အလျောက် လွယ်ကူစွာ
တတ်မြောက်အောင် သင်ပေးတတ်သော ပါရမီရှင်ကြီးနှင့်
စာပဋ္ဌာန်း ရွာပဋ္ဌာန်း ငါပဋ္ဌာန်းဟု ဆိုအပ်သော ပဋ္ဌာန်း
၃-မျိုး ဝေဘန်ပုံကို အကျဉ်းမျှ လင်းပြခြင်း ပြီး၏။

---

## ပဋ္ဌာန်းမည်ပုံနှင့် ငါပဋ္ဌာန်းဟု ဆိုအပ်သော သဘာဝဓမ္မတရား အစားစားတို့ကို ဝေဘန်၍ အကျဉ်းမျှ လင်းပြခြင်း

**မေး** အလွန့်အလွန် တန်ခိုးရှိန်စော် အာနုဘော်ကြီးထွားစေနိုင်သော အလွန့်အလွန် ကျယ်ဝန်းလှ ခက်ခဲလှ သိမ်မွေ့ နူးညံ့လှသော ပဋ္ဌာန်းကျမ်းတော်ကြီးဟု ဆိုရာ၌ အဘယ်သို့သော အနက်သဘောကြောင့် ပဋ္ဌာန်းမည်ပါသနည်း။

ဖြေ "ကေနဋ္ဌေန ပဋ္ဌာနန္တိ နာနပ္ပကာရပစ္စယဋ္ဌေန" ပဋ္ဌာနအဋ္ဌကထာပါဠိ။

**တို့မြန်မာဘာသာလို ပြန်ဆိုရန်ကား—** ကေနဋ္ဌေန၊ အဘယ်အနက်သဘော ကြောင့်။ ပဋ္ဌာနံ၊ ပဋ္ဌာန်းမည်သနည်း။ ဣတိ စေ၊ ဤသို့မေးငြားအံ့။ နာနပ္ပ ကာရပစ္စယဋ္ဌေန၊အထူးထူး အပြားပြားသော အကြောင်းပစ္စည်း တည်းဟူသော အနက်သဘောကြောင့်။ ပဋ္ဌာနံ၊ပဋ္ဌာန်းမည်၏။ ဤသို့ မိန့်ဆိုတော်မူအပ်သော ပဋ္ဌာန်း အဋ္ဌကထာပါဠိနှင့်အညီ ခန္ဓာ ၅ ပါး အကျိုးတရားတို့၏ တည်ရာဖြစ် သော ဟေတုပစ္စည်း,အာရမ္မဏပစ္စည်း စသည် ၂၄-ပါးသော အကြောင်းပစ္စည်း တည်းဟူသော အနက်သဘောကြောင့် ပဋ္ဌာန်းမည်ပါသည်။

**မေး** ၎င်း "ပဋ္ဌာန" ဟူသော ပါဠ်၌ ပါသော ပ-အက္ခရာသည် အဘယ်အနက် ကို ပြပါသနည်း။

**ဖြေ** "ပကာရော ဟိ နာနာပကာရတ္ထံ ဒီပေတိ" ၎င်း အဋ္ဌကထာပါဠိ။

**တို့မြန်မာဘာသာလို ပြန်ဆိုရန်ကား—** ဟိ-ထိုစကားကို အကျယ်ပြဦးအံ့။ ပကာရော၊ ပဋ္ဌာနဟူသော ပုဒ်မှာပါသော ပ-အက္ခရာသည်။ နာနာပကာရတ္ထံ၊ အထူးထူးအပြားပြားဟူသော အနက်ကို။ ဒီပေတိ၊ ပြ၏။ ဤသို့ မိန့်ဆိုတော် မူအပ်သော အဋ္ဌကထာပါဠိနှင့်အညီ ပဋ္ဌာနဟူသော ပုဒ်၌ပါသော ပ-အက္ခရာ သည် အထူးထူးအပြားပြားဟူသော အနက်ကို ပြပါသည်။

**မေး** ၎င်း "ပဋ္ဌာန" ဟူသော ပုဒ်၌ပါသော ဌာန-သဒ္ဒါသည် အဘယ်အနက် ကို ပြပါသနည်း။

**ဖြေ** "ဌာနသဒ္ဒေါ ပစ္စယတ္ထံ ဒီပေတိ" ၎င်း အဋ္ဌကထာပါဠိ။

**တို့မြန်မာဘာသာလို ပြန်ဆိုရန်ကား—** ဌာနသဒ္ဒေါ၊ ဌာနသဒ္ဒါသည်။ ပစ္စယတ္ထံ၊ အကြောင်းပစ္စည်းဟူသော အနက်ကို။ ဒီပေတိ၊ ပြ၏။ ဤသို့ မိန့်ဆို တော်မူအပ်သော အဋ္ဌကထာပါဠိနှင့်အညီ ဌာနသဒ္ဒါသည် အကြောင်းပစ္စည်း တည်းဟူသော အနက်ကို ပြသည်။

**အထူးမှာထားချက်** ယခုအခါ ပဋ္ဌာန-ဟူသောပုဒ်ကို အသီးအသီး ဝေဘန်၍ ရေးသား ဟောကြားခဲ့အပ်ပြီးသော စကားရပ်တို့ကို တွေ့မြင်ကြရသူ ယောဂီဖြူတို့သည် ပါဠိဘာသာလို ပဋ္ဌာန-ဟူသောပုဒ်ကို မြန်မာဘာသာလို

အကျိုးတရားတို့၏ တည်ရာဖြစ်သော အထူးထူး အပြားပြားသော အကြောင်းတရားဟု ပြန်ဆိုကြပါလေ ယောဂီမြတ်တွေတို့။

ပဋ္ဌာန်းမည်ပုံကို အကျဉ်းမျှ လင်းပြခြင်း ပြီး၏။

---

**ကျေးဇူးတော်ရှင် မိုးညှင်းတောရ ဆရာတော်ဘုရားကြီး စီရင်ရေးသား အပ်သော ပဋ္ဌာန်းပဏ္ဏာမကြီးတို့ဖြင့် အကြောင်းပစ္စည်းဟု ဆိုအပ်သော တရားတို့သည်**

## ၂၄-ပါးထူးပုံ ၂၄-ပါး ပြားပုံတို့ကို အကျဉ်းမျှ လင်းပြခြင်း

**မေး** အကျိုးတရားတို့၏ တည်ရာဖြစ်သော အထူးထူး အပြားပြားသော အကြောင်းပစ္စည်း တည်းဟူသော အနက်သဘောကြောင့် ပဋ္ဌာန်းမည်၏ဟု ဆိုအပ်သော စကားရပ်တို့ဟွင် အထူးထူး အပြားပြားဟူသော အကြောင်း ပစ္စည်းတရားသည် အဘယ်မျှလောက်ထူး၍ အဘယ်မျှလောက် ပြားပါသနည်း။

**ဖြေ** (၁) ဟေတုပစ္စယော (၂) အာရမ္မဏပစ္စယော (၃) အဓိပတိပစ္စယော (၄) အနန္တရပစ္စယော (၅) သမနန္တရပစ္စယော (၆) သဟဇာတပစ္စယော (၇) အညမညပစ္စယော (၈) နိဿယပစ္စယော (၉) ဥပနိဿယပစ္စယော (၁၀) ပုရေဇာတပစ္စယော (၁၁) ပစ္ဆာဇာတပစ္စယော (၁၂) အာသေဝန ပစ္စယော (၁၃) ကမ္မပစ္စယော (၁၄) ဝိပါကပစ္စယော (၁၅) အာဟာရ ပစ္စယော (၁၆) ဣန္ဒြိယပစ္စယော (၁၇) ဈာနပစ္စယော (၁၈) မဂ္ဂပစ္စယော (၁၉) သမ္ပယုတ္တပစ္စယော (၂၀) ဝိပ္ပယုတ္တပစ္စယော (၂၁) အတ္ထိပစ္စယော (၂၂) နတ္ထိပစ္စယော (၂၃) ဝိဂတပစ္စယော (၂၄) အဝိဂတပစ္စယောတိ ဣမံ ပဋ္ဌာနတ္ထံ ဒေသေန္တံ ဗုဒ္ဓံ အဟံ ဝန္ဒာမိ။

ပဋ္ဌာန်းပဏ္ဏာမ ပါဠိတော်

**တို့မြန်မာဘာသာလို ပြန်ဆိုရန်ကား—** (၁) ဟေတုပစ္စယော၊ ဟိတ် ၆-ပါး ဖြစ်၍ ကျေးဇူးပြုတတ်သော တရားရင်း။ (၂) အာရမ္မဏပစ္စယော၊ အာရုံ ၆-ပါးဖြစ်၍ ကျေးဇူးပြုတတ်သော တရားရင်း။ (၃) အဓိပတိပစ္စယော၊ အကြီး အမှူးဖြစ်၍ ကျေးဇူးပြုတတ်သော တရားရင်း။ (၄) အနန္တရပစ္စယော၊

နာမ်တရားတို့ကိုသာ အခြားမဲ့ဖြစ်၍ ကျေးဇူးပြုတတ်သောတရားရင်း။ (၅) သမနန္တရပစ္စယော၊ နာမ်တရားတို့ကိုသာ ကောင်းစွာ အခြားမဲ့ဖြစ်၍ ကျေးဇူးပြုတတ်သော တရားရင်း။ (၆) သဟဇာတပစ္စယော၊ နာမ်ရုပ်တရားတို့က တကွဖြစ်၍ ကျေးဇူးပြုတတ်သော တရားရင်း။ (၇) အညမညပစ္စယော၊ နာမ်ရုပ်အချင်းချင်းဖြစ်၍ ကျေးဇူးပြုတတ်သော တရားရင်း။ (၈) နိဿယပစ္စယော၊ မှီရာဖြစ်၍ ကျေးဇူးပြုတတ်သော တရားရင်း။ (၉) ဥပနိဿယပစ္စယော၊ အားကြီးသောမှီရာဖြစ်၍ ကျေးဇူးပြုတတ်သော တရားရင်း။ (၁၀) ပုရေဇာတပစ္စယော၊ ရှေး၌ဖြစ်၍ ကျေးဇူးပြုတတ်သော တရားရင်း။ (၁၁) ပစ္ဆာဇာတပစ္စယော၊ နောက်မှဖြစ်၍ ကျေးဇူးပြုတတ်သော တရားရင်း။ (၁၂) အာသေဝနပစ္စယော၊ အဖန်တလဲလဲ မှီဝဲထုံအပ်သည်ဖြစ်၍၊ ဝါ-မှီဝဲထုံတတ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားရင်း။ (၁၃) ကမ္မပစ္စယော၊ မျိုးစေ့ဖြစ်၍ ကျေးဇူးပြုတတ်သော တရားရင်း။ (၁၄) ဝိပါကပစ္စယော၊ အကျိုးဖြစ်၍ ကျေးဇူးပြုတတ်သော တရားရင်း။ (၁၅) အာဟာရပစ္စယော၊ ထောက်ပံ့ခိုင်စေတတ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားရင်း။ (၁၆) ဣန္ဒြိယပစ္စယော၊ အစိုးရသည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားရင်း။ (၁၇) ဈာနပစ္စယော၊ ကပ်၍ ရှုတတ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရားရင်း။ (၁၈) မဂ္ဂပစ္စယော၊ အကြောင်းဖြစ်၍ ကျေးဇူးပြုတတ်သော တရားရင်း၊ ဝါ-ထွက်မြောက်ကြောင်းဖြစ်၍ ကျေးဇူးပြုတတ်သော တရားရင်း။ (၁၉) သမ္ပယုတ္တပစ္စယော၊ ယှဉ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားရင်း။ (၂၀) ဝိပ္ပယုတ္တပစ္စယော၊ မယှဉ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားရင်း။ (၂၁) အတ္ထိပစ္စယော၊ ရှိသည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားရင်း။ (၂၂) နတ္ထိပစ္စယော၊ မရှိသည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားရင်း။ (၂၃) ဝိဂတပစ္စယော၊ ကင်းသည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားရင်း။ (၂၄) အဝိဂတပစ္စယော၊ မကင်းသည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားရင်း။ ဣတိ၊ ဤသို့။ စတုဝီသတိပစ္စယာ၊ ၂၄-ပစ္စည်းတို့သည်၊ ဝါ-၂၄ ပါး အကြောင်းတရားတို့သည်။ မဟာပကရဏေ၊ အနန္တနယဖြစ်သော သမန္တပဋ္ဌာန်းကျမ်းကြီး၌။ ဌိတာ၊ တည်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣမံ ပဋ္ဌာနတ္ထံ၊ သတ္တဝါတွေနှင့်တကွ အနန္တလောကကြီးအတွင်းမှာ တင်းကြမ်းအပြည့် တည်ရှိ၍နေပါသော ပဋ္ဌာန်းအနက်

ပစ္စည်းတွေအဆက်ဆက်ကို။ဒေသေန္တံ၊ ဝေနေယျအများ နားလည်သွားအောင် ဟောကြားတော် မူတတ်လှပါပေသော။ ဗုဒ္ဓံ၊ ကိုယ်တော်မြတ်အစား ရုပ်ပွား စေတီတော်မြတ်နှင့်တကွ သက်တော်ထင်ရှား သဗ္ဗညုမြတ်စွာဘုရား ကိုယ်တော် မြတ်ကြီးကို။ အဟံ၊ သံသရာဝဋ်ဆိုး ပဋ္ဌာန်းအကြောင်းအကျိုး အမျိုးမျိုးတို့က နှိပ်စက်သမျှ ခံနေရသော အကျွန်ုပ်သည်။ ဝန္ဒာမိ၊ ပဋ္ဌာန်းပစ္စည်း ဆင်းရဲ ကြောင်း အနည်းနည်းတို့အထဲမှ အပြီးလွတ်ကင်းလိုငြား ရှိညွတ်တွားကာ ရှိခိုးကန်တော့ပါ၏ အရှင်မြတ်ကြီးဘုရား။

ဤသို့ စီရင်အပ်သော ပဋ္ဌာန်းပဏ္ဏာမ ပါဠိတော် လာသည်နှင့်ညီစွာ အထူးထူးအပြားပြားဟု ဆိုအပ်သော အကြောင်းပစ္စည်းတရားသည် ၂၄-ပါးမျှ ထူး၍ ၂၄-ပါးမျှ ပြားပါသည်။

**အထူးမှာထား တိုက်တွန်းချက်** ကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်,မထုတ်သော သူတို့သည် ဘေးအန္တရာယ် ရန်စွယ်ကင်းပ လိုတိုင်းပြည့်ကြ၍ တောင့်တ တိုင်း ရကြလေအောင် ပဋ္ဌာန်းပဏ္ဏာမ ပစ္စယုဒ္ဒေသ ပါဠိ အနက်တို့ကို အာဂုံနှုတ်တက် အရကျက်၍ အနည်းဆုံး ညဥ့်,နံနက်တိုင်းတို့မှာ ဝတ်တက် ဝတ်ကပ်ပြု၍ ရွတ်ဆို ပွားများ ပဋ္ဌာန်းတရား ဟောကြားတော်မူသည့် ဘုရားကို ကြည်ညိုကြပါလေ ယောဂီအပေါင်း သူတော်ကောင်းတွေတို့။

ကျေးဇူးတော်ရှင် မိုးညှင်းတောရ ဆရာတော်ဘုရားကြီး၏ စီရင်အပ်သော
ပဋ္ဌာန်းပဏ္ဏာမကြီးဖြင့် အကြောင်းပစ္စည်းဟု ဆိုအပ်သော
တရားတို့သည် ၂၄-ပါး ထူးပုံ ပြားပုံကို အကျဉ်းမျှ
လင်းပြခြင်း ပြီး၏။

---

**ဟေတုပစ္စည်း စသည် ၂၄-ပါးသော ပစ္စည်းတရားကြီးတို့တွင်**
**ဟေတုပစ္စည်း ပဋ္ဌာန်းတရားကြီး၌ ငါပဋ္ဌာန်းဟု**
**ဆိုအပ်သော သရုပ်သဘာဝ**

## တရားသုံးမျိုး ပြားပုံကို အကျဉ်းမျှ လင်းပြခြင်း

**မေး** သူငါတို့၏ အတွင်းသားထည်းမှာ သူ့သဘောအတိုင်း သူဖြစ်ပေါ်၍ လာကြကုန်သော ရုပ်နာမ်အစားစား ငါပဋ္ဌာန်းတရားတို့ကို ၂၄-ပါး ပစ္စည်း

တရား ထိုက်၏ဟု ဝေဘန်ရာ၌ ဟေတု-ပစ္စည်း အစရှိသော ၂၄-ပစ္စည်း ပဋ္ဌာန်း တရားကြီးတို့တွင် အဘယ်ပစ္စည်း ပဋ္ဌာန်းတရားကြီး၌ ရထိုက်သော ငါပဋ္ဌာန်းဟု ဆိုအပ်သော သရုပ် သဘာဝတရားတို့ကို ရှေးဦးစွာ ဝေဘန်၍ ပြအပ်ပါသနည်း။

**ဖြေ** ဟေတုပစ္စည်း ပဋ္ဌာန်းတရားကြီး၌ ရထိုက်သော ငါပဋ္ဌာန်းဟု ဆိုအပ်သော သရုပ် သဘာဝတရားတို့ကို ရှေးဦးစွာ ဝေဘန်၍ ပြအပ်ပါသည်။

**မေး** ဟေတုပစ္စည်း ပဋ္ဌာန်းတရားကြီး၌ ရထိုက်သော သရုပ် သဘာဝတရား တို့ကား ဘယ်နှစ်မျိုး ဘယ်နှစ်စား ပြားပါသနည်း။

**ဖြေ** ပစ္စည်း, ပစ္စယုပ္ပန်, ပစ္စနိက်ဟူ၍ သရုပ် သဘာဝတရားတို့သည် သုံးမျိုး သုံးစား ပြားပါသည်။

**မေး** ၎င်း သရုပ် သဘာဝတရား သုံးမျိုး သုံးစားတို့တွင် ပစ္စည်းဟု ဆိုအပ် သော သရုပ် သဘာဝတရားတို့သည် အဘယ်ကြောင့် ပစ္စည်းမည်ပါ သနည်း။

**ဖြေ** "ပဋိစ္စ ဖလံ ဧတိ အယတိ ဧတသ္မာတိ ပစ္စယော"အပဒါနသာဓနဝိဂ္ဂဟ်။

**တို့မြန်မာဘာသာလို ပြန်ဆိုရန်ကား—** ဧတသ္မာ၊ ထိုဟေတု စသော အကြောင်းတရားကြောင့်။ ဖလံ၊ အကျိုးတရားသည်။ ပဋိစ္စ ကေဋန္တေန၊ စင်စစ် အားဖြင့်။ ဧတိ အယတိ၊ ဖြစ်တတ်၏။ ဣတိ တသ္မာ၊ ထိုသို့ ဖြစ်ရာသော သတ္တိ ကြောင့်။ သော သဘာဝေါ၊ ထိုဟေတု-စသော သဘောတရားသည်။ ပစ္စယော၊ ပစ္စည်းမည်၏။

ဤသို့ မိန့်ဆိုအပ်သော ဝစနတ္ထနှင့်အညီ သဘာဝအကျိုးတရားတို့၏ စင်စစ် အားဖြင့် ဖြစ်ရာဖြစ်သော သတ္တိကြောင့် ထိုဟေတု-စသော သဘာဝတရား သည် ပစ္စည်းမည်ပါသည်။

**အထူးမှာထားချက်** ဤသို့ မိန့်ဆိုအပ်သော ဝစနတ္ထကို သိမြင်ရသဖြင့် ပါဠိ ဘာသာလို "ပစ္စယော" ဟူသောပုဒ်ကို မြန်မာဘာသာလို အကြောင်း ဖြစ်၍ ကျေးဇူးပြုတတ်သော တရားဟူ၍ ပြန်ဆိုကြပါလေ ယောဂီမြတ် တွေတို့။

ပစ္စည်းမည်ပုံကို အကျဉ်းမျှ လင်းပြခြင်း ပြီး၏။

**မေး** ၎င်း သရုပ်သဘာဝတရား သုံးမျိုး သုံးစားတို့တွင် ပစ္စယုပ္ပန်ဟု ဆိုအပ်သော သရုပ် သဘာဝတရားသည် အဘယ့်ကြောင့် ပစ္စယုပ္ပန်မည်ပါသနည်း။

**ဖြေ** "ပစ္စယတော ဥပ္ပန္နံ ပစ္စယုပ္ပန္နံ" တပ္ပုရိသ်သမာသ်။

**တို့မြန်မာဘာသာလို ပြန်ဆိုရန်ကား—** ပစ္စယတော၊ အကြောင်းတရားကြောင့်။ ဥပ္ပန္နံ၊ ဖြစ်သော အကျိုးတရားတည်း။ ပစ္စယုပ္ပန္နံ၊ အကြောင်းတရားကြောင့်ဖြစ်သော အကျိုးတရား။

ဤသို့သော ဝစနတ္ထနှင့်အညီ အကြောင်းတရားကြောင့် အကျိုးတရားဖြစ်သည်၏ အဖြစ်ကြောင့် ၎င်း အကျိုးတရားဟု ဆိုအပ်သော သရုပ် သဘာဝတရားသည် ပစ္စယုပ္ပန် မည်ပါသည်။

**အထူးမှာထား တိုက်တွန်းချက်** ဤသို့ မိန့်ဆိုအပ်သော ဝစနတ္ထကို သိမြင်သဖြင့် ပါဠိဘာသာလို ပစ္စယုပ္ပန္န၊ မြန်မာဘာသာလို အကျိုးဖြစ်၍ ကျေးဇူးပြုခံရတဲ့တရားဟု ပြန်ဆိုကြပါလေ ယောဂီမြတ်တွေတို့။

ပစ္စယုပ္ပန် မည်သည်ကို အကျဉ်းမျှ လင်းပြခြင်း ပြီး၏။

---

**မေး** ၎င်း သရုပ်သဘာဝ သုံးမျိုးသုံးစားတို့တွင် ပစ္စနိက်ဟု ဆိုအပ်သော သဘာဝသည် အဘယ့်ကြောင့် ပစ္စနိက်မည်ပါသနည်း။

**ဖြေ** "ပတိဝိရုဒ္ဓံ အနိကံ ပစ္စနိကံ" ပါဒိပဒ အာဝဓာရဏကမ္မဓာရယ်။

**တို့မြန်မာဘာသာလို ပြန်ဆိုရန်ကား—** ပတိဝိရုဒ္ဓံ၊ ပစ္စည်းတရားတို့၏ ဆန့်ကျင်ဘက်ဖြစ်သော၊ ဝါ-အကျိုးပစ္စယုပ္ပန် မထိုက်သော။ အနိကံ၊ တရားအပေါင်းတည်း။ ပစ္စနိကံ၊ ပစ္စည်းတရားတို့၏ ဆန့်ကျင်ဘက်ဖြစ်သော တရားအပေါင်း၊ ဝါ-အကျိုးပစ္စယုပ္ပန် မထိုက်သော တရားအပေါင်း။ ဤသို့သောဝစနတ္ထနှင့်ညီစွာ ပစ္စည်းတရားတို့၏ ဆန့်ကျင်ဘက်ဖြစ်သောကြောင့်၊ ဝါ-ပစ္စယုပ္ပန် မထိုက်သောကြောင့် ၎င်းသရုပ် သဘာဝတရားသည် ပစ္စနိက်မည်ပါသည်။

**အထူးမှာထားချက်** ယခု ပြဆိုအပ်ခဲ့ပြီးသော ဝစနတ္ထကို တွေ့မြင်ကြရသဖြင့် ပါဠိဘာသာလို ပစ္စနိက၊ မြန်မာဘာသာလို အကြောင်းတရားနှင့် ဆန့်ကျင်ဘက်ဖြစ်၍၊ ဝါ-အကျိုးတရားမထိုက်၍ ကျေးဇူးပြု မခံရတဲ့တရားဟူ၍ ပြန်ဆိုကြပါလေ ယောဂီမြတ်တွေတို့။

ပစ္စနိက်မည်ပုံကို အကျဉ်းမျှ လင်းပြခြင်း ပြီး၏။

---

## သရုပ်သဘာဝ သုံးမျိုးသုံးစားတို့တွင် ပစ္စည်းဟု ဆိုအပ်သော သရုပ် သဘာဝတရားကို အကျဉ်းမျှ လင်းပြခြင်း

**မေး** ဟေတုပစ္စည်း ပဋ္ဌာန်းကြီး၌ ပစ္စည်း, ပစ္စယုပ္ပန်, ပစ္စနိက်ဟု ဆိုအပ်သော သရုပ် သဘာဝတရား သုံးမျိုးတို့တွင် ပစ္စည်းဟု ဆိုအပ်သော သရုပ် သဘာဝ တရားဟူသည် အဘယ်တို့ပါနည်း။

**ဖြေ** လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသ, အမောဟ ဤဟိတ် ၆-ပါး ပစ္စည်းတရားတို့သည် ဟေတုပစ္စည်း ပဋ္ဌာန်းတရားကြီး၌ ပစ္စည်းဟု ဆိုအပ်သော သရုပ် သဘာဝတရားတို့ပါတည်း၊ ဝါ-ငါပဋ္ဌာန်းတရားတော်တို့ ပါတည်း။

## ပစ္စယုပ္ပန်ဟု ဆိုအပ်သော သရုပ် သဘာဝဓမ္မကို အကျဉ်းမျှ လင်းပြခြင်း

**မေး** ဟေတုပစ္စည်း ပဋ္ဌာန်းတရားကြီး၌ ၎င်း သရုပ် သဘာဝဓမ္မ သုံးမျိုးတို့ တွင် ပစ္စယုပ္ပန်ဟု ဆိုအပ်သော သရုပ် သဘာဝဓမ္မတရားတို့ ဟူသည် အဘယ်တို့ ပါနည်း။

**ဖြေ** သဟိတ်စိတ် ဧကသတ္တတိ, မောဟမူဒွေ၌ မောဟကြဉ်သော စေတသိက် ဒွေပညာသ, သဟိတ်စိတ္တဇရုပ်, သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ် ဤတရားတို့သည် ဟေတုပစ္စည်း ပဋ္ဌာန်းတရားကြီး၌ ပစ္စယုပ္ပန်ဟု ဆိုအပ်သော သရုပ် သဘာဝဓမ္မ တရားတို့ပါတည်း၊ ဝါ-ငါပဋ္ဌာန်းတရားတို့ပါတည်း။

## ပစ္စနိက်ဟု ဆိုအပ်သော သရုပ် သဘာဝဓမ္မကို အကျဉ်းမျှ လင်းပြခြင်း

**မေး** ၎င်း သရုပ်သဘာဝဓမ္မ သုံးမျိုးတို့တွင် ပစ္စနိက်ဟု ဆိုအပ်သော သရုပ်သဘာဝဓမ္မတို့ဟူသည် အဘယ်တို့ပါနည်း။

**ဖြေ** အဟိတ်စိတ် အဋ္ဌာရသ, ဆန္ဒကြဉ်သော အညသမာန်းဒွါဒသ, မောဟမူဒွေ၌ မောဟ, အဟိတ်စိတ္တဇရုပ်, အဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်, ဗာဟိရရုပ်, အာဟာရဇရုပ်, ဥတုဇရုပ်, အသညသတ်ကမ္မဇရုပ်, ပဝတ္တိကမ္မဇရုပ် ဤတရားတို့သည် ဟေတုပစ္စည်း၌ ပစ္စနိက်ဟု ဆိုအပ်သော သရုပ်သဘာဝဓမ္မ တရားတို့ပါတည်း၊ ဝါ-ငါပဋ္ဌာန်းတရားတို့ပါတည်း။

**အထူးမှာထားချက်** ကာမ်ဂါဝိတရဏဝိသုဒ္ဓိဟု ဆိုအပ်သော ပစ္စယပရိဂ္ဂဟဉာဏ်တို့ကို အမြင်သန်လိုကြကုန်သော ဝိပဿနာအလုပ်ကို အားထုတ်ကုန်သော ယောဂီပုဂ္ဂိုလ်တို့အတွက် ပဋ္ဌာန်းပစ္စယုဒ္ဒေသ ပါဠိတော်နှင့်ညီစွာ ပစ္စည်းနှင့် ပစ္စယုပ္ပန်မျှကိုသာ၊ ဝါ-အကြောင်းနှင့်အကျိုး နှစ်ပါးမျှကိုသာ ရေးသားဟောကြားအပ်ပါလျက် ယခုအခါမှာ ပစ္စနိက်ကိုပါ ဖြည့်စွက်၍ သုံးချက်စုဖြစ်အောင် ရေးသား ဟောကြားခြင်းသည် အဘယ်အကျိုးငှါ ရေးသားဟောကြားပါသနည်းဟု အမေးပုစ္ဆာ ထုတ်ခဲ့သည်ရှိသော် သုံးချက်စုဆရာတော်ဘုရားကြီး၏ အလိုတော်အတိုင်း သိနားလည်လိုကြကုန်သော ယောဂီပုဂ္ဂိုလ်တို့ ဖြစ်ခဲ့ပါမူ ၎င်းပုဂ္ဂိုလ်တို့သည် ပစ္စည်း,ပစ္စယုပ္ပန်, ပစ္စနိက်ဟု ဆိုအပ်သော သရုပ် သဘာဝသုံးမျိုးတို့ကိုလည်း သိနားလည်ကြပါစေခြင်းအကျိုးငှါ၎င်း၊ ဝိပဿနာအလုပ်ကြီးကိုလည်း ပဋ္ဌာန်းနည်းဖြင့် အားထုတ်တတ်ကြပါစေခြင်း အကျိုးငှါ၎င်း၊ ဟေတု-ပစ္စည်း စသည် ၂၄-ပစ္စည်းတို့တွင် ဘယ်နည်းနှင့်မဆို အဆုံးအပိုင်းအခြားမရှိသော သတ္တလောက, သင်္ခါရလောက, ဩကာသလောကဟု ဆိုအပ်သော လောကကြီးသုံးပါးကို သုံးချက်ကောက်၍ ဝေဘန်လိုက်သည်ရှိသော် လောကကြီးသုံးပါးအကုန်လုံးတို့သည် ပဋ္ဌာန်းလောကကြီးတွေ ဖြစ်နေကြသည်၏ အဖြစ်ကို ကိုယ်ပိုင်ရှိသောဉာဏ်ဖြင့် ကိုယ်တိုင် သိကြပါစေခြင်းအကျိုးငှါ၎င်း ပစ္စနိက်ကိုပါ ထည့်သွင်း၍ သုံးချက်စုဖြစ်အောင် ဟောကြားလိုက်ပေသတည်း၊

ဤသို့ ထည့်သွင်း ရေးသား ဟောကြားအပ်သည်ကို တွေ့မြင် ဘတ်ရှုကြရသူ ပညာရှိ သဘောဖြူတို့သည် လောကကြီးသုံးပါး အကုန်လုံးတို့၌ ပဋ္ဌာန်း လောကကြီးတွေ ဖြစ်နေသည်ဟု ထင်မြင်ပေါက်ရောက်အောင် အကြိမ်ကြိမ် အထပ်ထပ် သုံးသပ်ကြပါလေ ယောဂီမြတ်တွေတို့။

ဟေတုပစ္စည်း ပဋ္ဌာန်းတရားကြီး၌ သရုပ် သဘာဝတရား သုံးမျိုး
သုံးစား ပြားပုံကို အကျဉ်းမျှ လင်းပြခြင်း ပြီး၏။

---

## ငါ့ပဋ္ဌာန်းဟု ဆိုအပ်သော သဘာဝဓမ္မတရား သုံးမျိုးသုံးစားတို့၏ တည်ရာဖြစ်သော လောကကြီးသုံးပါး ဝေဘန်ပုံကို

## အကျဉ်းမျှ လင်းပြခြင်း

**မေး** ဟေတု-ပစ္စည်း ပဋ္ဌာန်းတရားကြီး၌ ရေးသား ဟောပြခဲ့ပြီးသော ငါ့ပဋ္ဌာန်းတရားဟု ဆိုအပ်သော ပစ္စည်း, ပစ္စယုပ္ပန်,ပစ္စနိက်ထိုက်သော သဘာဝ ဓမ္မတရား သုံးမျိုး သုံးစားတို့သည် ဘယ်မှာရှိပါသနည်း။

**ဖြေ** မိမိအတွင်း သူတပါးအတွင်း ထိုထိုလောကဓာတ်အတွင်းမှာ ရှိပါသည်။

**မေး** ၎င်း အဖြေစကားရပ်၌ မိမိအတွင်း သူတပါးအတွင်းဟု ဆိုအပ်သော စကားရပ်သည် ဇီဝိတိန္ဒြေနှင့် စပ်ယှဉ်ခြင်းရှိကုန်သော၊ ဝါ-ရုပ်သက် နာမ်သက် ရှိကုန်သော ခန္ဓာတို့၏ အပေါင်း, ခန္ဓာတို့၏ အစဉ်ဖြစ်ကုန်သော ငရဲ,တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်တို့နှင့် လူ,နတ်,ဗြဟ္မာဟု ဆိုအပ်သော အသက်ရှိသော သတ္တဝါဟူသမျှတို့ကို ရ၏၊ ၎င်းအသက်ရှိသော သတ္တဝါတို့သည် သတ္တလောက, သင်္ခါရလောက, ဩကာသလောကဟု ဆိုအပ်သော လောကကြီးသုံးပါးတို့တွင် အဘယ်လောက မည်ပါသနည်း။

**ဖြေ** တတ္ထ ဣန္ဒြိယဗဒ္ဓါနံ ခန္ဓာနံ၊ သမူဟော သန္တာနော စ။
သတ္တလောကော ရူပါဒီသု၊ သတ္တဝိသတ္တာယ သတ္တော။
တွေ့ ကုသလာကုသလံ၊ တဗ္ဗိပါကော စာတိ လောကောတိ။
ဝိသုဒ္ဓိမဂ် မဟာဋီကာပါဠိ

**တို့မြန်မာဘာသာလို ပြန်ဆိုရန်ကား—** တတ္ထ ဝစနေ၊ ထို "တယော လောကာ" အစရှိသော စကားရပ်၌၊ ဝါ-သတ္တလောကစသည် သုံးပါးသော

လောကအစရှိသော စကားရပ်၌။ အတ္တော၊ အနက်ကို။ ဝေဝံ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ဣန္ဒြိယဗဒ္ဓါနံ၊ ဇီဝိတိန္ဒြေနှင့် စပ်ခြင်းရှိကုန်သော၊ ဝါ-ရုပ်သက်,နာမ်သက် ရှိကုန်သော။ ခန္ဓာနံ၊ ရူပက္ခန္ဓာ,ဝေဒနာက္ခန္ဓာ,သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာတို့၏။ သမူဟော စ၊ သဏ္ဍာနပညတ်ဟု ဆိုအပ်သော အပေါင်းသည်လည်းကောင်း။ သန္တာနော စ၊ သန္တတိပညတ်ဟု ဆိုအပ်သော အစဉ်သည်လည်းကောင်း။ သတ္တလောကော၊ သတ္တလောကမည်သည်။ ဟောတိ၊ ဖြစ်၏။ ကသ္မာ၊ အဘယ့်ကြောင့်။ သတ္တလောကော၊ သတ္တလောက မည်သည်။ ဟောတိ၊ ဖြစ်သနည်း။ ရူပါဒီသု၊ ရူပါရုံ အစရှိသည်တို့၌။ သတ္တဝိသတ္တာယ၊ ငြိကပ် အလွန် ငြိကပ် တတ်သည်၏အဖြစ်ကြောင့်။ သတ္တော၊ သတ္တ မည်သည်။ ဟောတိ၊ ဖြစ်၏။ တ္တေခန္ဓသမူဟော၊ ဤခန္ဓာငါးပါးအပေါင်း၌။

**တနည်း** တ္တေ ခန္ဓသန္တာနေ၊ ဤခန္ဓာငါးပါးအစဉ်၌။ ကုသလာကုသလဥ္စ၊ ကုသိုလ်, အကုသိုလ်သည်လည်းကောင်း။တဗ္ဗိပါကော စ၊ ထိုကုသိုလ်,အကုသိုလ်တို့၏ အကျိုးသည်လည်းကောင်း။ လောကိယန္တိ ပတိဋ္ဌဟန္တိ၊ တည်တတ်ကုန်၏။ ဣတိ တသ္မာ၊ ထိုသို့ ကုသိုလ်, အကုသိုလ်, ထိုကုသိုလ် အကုသိုလ်တို့၏ အကျိုးတရားတို့၏ တည်ရာဖြစ်သော သတ္တိကြောင့်။ လောကော၊ လောက မည်သည်။ ဟောတိ၊ ဖြစ်၏။

ဤသို့ မိန့်ဆိုတော်မူအပ်သော ဝိသုဒ္ဓိမဂ် မဟာဋီကာ လာသည်နှင့်ညီစွာ ဇီဝိတိန္ဒြေနှင့် စပ်ယှဉ်ခြင်းရှိကုန်သော ခန္ဓာငါးပါး, ခန္ဓာလေးပါး, ခန္ဓာတပါးတို့၏ အပေါင်း၊ ခန္ဓာငါးပါး, ခန္ဓာလေးပါး, ခန္ဓာတပါးတို့၏ အစဉ်ဖြစ်သော လူ,နတ်,ဗြဟ္မာ စသည် အသက်ရှိသော သတ္တဝါတို့သည် လောကကြီးသုံးပါးတို့တွင် သတ္တလောက မည်ပါသည်။

**မေး** ရုပ်သက် နာမ်သက်တို့၏ တည်ရာ သတ္တဝါ ဟူသမျှကို ဘာပဋ္ဌာန်းလောက ခေါ်ပါသနည်း။

**ဖြေ** ရုပ်သက် နာမ်သက်တို့၏တည်ရာ သတ္တဝါ ဟူသမျှကို သတ္တပဋ္ဌာန်းလောက ခေါ်ပါသည်။

သတ္တလောကနှင့် သတ္တပဋ္ဌာန်းလောက မည်ပုံကို အကျဉ်းမျှ လင်းပြခြင်း ပြီး၏။

**မေး** ရှေး၌ အမေးပုစ္ဆာထုတ်သော စကားရပ်၌ ငါပဋ္ဌာန်းတရား တည်းဟူသော ပစ္စည်း, ပစ္စယုပ္ပန်, ပစ္စနိက်ထိုက်သော သဘာဝဓမ္မတရား သုံးမျိုးသုံးစားဟု ဆိုအပ်သော စကားရပ်သည် ဟေတု-ပစ္စည်း စသည် အကြောင်းတရား အစားစားတို့သည် ပြုပြင်၍လည်းဖြစ်၊ နှိပ်စက်၍လည်း ပျက်စီးတတ်သော ဥပါဒိန္နကက္ခန္ဓာ, အနုပါဒိန္နကက္ခန္ဓာဟု ဆိုအပ်သော လောကီ, လောကုတ္တရာ ဖြစ်သော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို ရ၏၊ ၎င်း ခန္ဓာငါးပါး ရုပ်နာမ် တရားတို့သည် အဘယ်လောက မည်ပါသနည်း။

**ဖြေ** ဥဘယေပိ ခန္ဓာ သင်္ခါရလောကော၊ ပစ္စယေဟိ သင်္ခါရိယန္တိ လုဇ္ဇန္တိ ပလုဇ္ဇန္တိစာတိ။

ဝိသုဒ္ဓိမဂ် မဟာဋီကာပါဠိ

**တို့မြန်မာဘာသာလို ပြန်ဆိုရန်ကား—** ဥဘယေပိ၊ နှစ်မျိုးနှစ်စား နှစ်ပါးလည်း ဖြစ်ကုန်သော။ခန္ဓာ၊ ဥပါဒိန္နကက္ခန္ဓာ အနုပါဒိန္နကက္ခန္ဓာတို့သည်၊ ဝါ-ဥပါဒိန်၏ အာရုံဖြစ်သော လောကီခန္ဓာ, ဥပါဒိန်၏ အာရုံမဟုတ်သော လောကုတ္တရာ ခန္ဓာတို့သည်။သင်္ခါရလောကော၊ သင်္ခါရလောကမည်သည်။ဟောတိ၊ ဖြစ်၏။ ကသ္မာ၊ အဘယ့်ကြောင့်။ သင်္ခါရလောကော၊ သင်္ခါရလောကမည်သည်။ ဟောတိ၊ ဖြစ်သနည်း။ ပစ္စယေဟိ၊ ဟေတု-ပစ္စည်းစသော အကြောင်းတရား တို့သည်။ သင်္ခါရိယန္တိ စ၊ ပြုလည်း ပြုစီရင်အပ်ကုန်၏။ လုဇ္ဇန္တိ ပလုဇ္ဇန္တိ စ၊ ပျက်လည်း ပျက်တတ် အလွန့်အလွန် ပျက်တတ်ကုန်၏။ ဣတိ တသ္မာ၊ ထို နှစ်ပါးသော သတ္တိကြောင့်။ သင်္ခါရလောကော၊ သင်္ခါရလောကမည်သည်။ ဟောတိ၊ ဖြစ်၏။

ဤသို့ မိန့်ဆိုတော်မူအပ်သော ဝိသုဒ္ဓိမဂ်မဟာဋီကာ လာသည်နှင့်အညီ ဟေတု-ပစ္စည်းစသည် အကြောင်းတရားတို့သည် ပြုပြင်၍ ဖြစ်ကုန်သော ဥပါဒိန္နကက္ခန္ဓာ, အနုပါဒိန္နကက္ခန္ဓာဟု ဆိုအပ်သော လောကီ, လောကုတ္တရာဖြစ်သော ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာတို့သည် သင်္ခါရလောက မည်ပါသည်။

**မေး** ၎င်း ပြုပြင်အပ် ပျက်စီးတတ်သော ခန္ဓာဟူသမျှကို ဘာပဋ္ဌာန်းလောက ခေါ်ပါသနည်း။

ဖြေ ၎င်း ပြုပြင်အပ် ပျက်စီးတတ်သော ခန္ဓာဟူသမျှကို သခ်ါရပဋ္ဌာန်းလောက ခေါ်ပါသည်။

သခ်ါရလောကနှင့် သခ်ါရပဋ္ဌာန်းလောက မည်ပုံကို အကျဉ်းမျှ လင်းပြခြင်း ပြီး၏။

---

**မေး** ရှေး၌ ဖြေဆိုခဲ့ပြီးသော စကားရပ်၌ ထိုထိုလောကဓာတ်ဟု ဆိုအပ်သော စကားရပ်သည် ရုပ်သက်, နာမ်သက်မရှိသော ရုပ်ပါရုံ အစရှိသည်တို့၏ အပေါင်းဖြစ်သော အရှေ့, အနောက်, တောင်, မြောက်, အထက်, အောက်, အဆုံးအပိုင်းအခြားမရှိသော အကြီး, အငယ်, အရှည်, အလတ်, ဒြဗ်ပုံသွင် အရှင် အသေစသည် အထည်ဝတ္ထုတို့၏ တည်ရာမှီရာဖြစ်သော လေးကျွန်းနှင့် တမြင်းမိုရ်စီ တည်ရှိသော အနန္တစကြဝဠာ ဟူသမျှတို့ကို ရ၏၊ ၎င်း အနန္တစကြဝဠာ ဟူသမျှတို့သည် အဘယ်လောက မည်ပါသနည်း။

ဖြေ အနိန္ဒြိယ ဗဒ္ဓါဒီနံ ရူပါဒီနံ သမူဟော သန္တာနော စ ဩကာသ လောကော၊ လောကိယန္တိ ဧတ္ထ တသာ ထာဝရာ စ တေသံ ဩကာသဘူတောတိ။

ဝိသုဒ္ဓိမဂ် မဟာဋီကာပါဠိ

**တို့မြန်မာဘာသာလို ပြန်ဆိုရန်ကား—** အနိန္ဒြိယဗဒ္ဓါဒီနံ၊ ဇီဝိတိန္ဒြေနှင့် စပ်ခြင်းမရှိကုန်သော၊ ဝါ-ရုပ်သက်, နာမ်သက် မရှိကုန်သော။ ရူပါဒီနံ၊ ရူပါရုံ အစရှိသည်တို့၏။ သမူဟော စ၊ သဏ္ဍာနပညတ်ဟု ဆိုအပ်သော အပေါင်းသည်လည်းကောင်း။ သန္တာနော စ၊ သန္တတိပညတ်ဟု ဆိုအပ်သော အစဉ်သည်လည်းကောင်း။ ဩကာသလောကော၊ ဩကာသလောက မည်သည်။ ဟောတိ၊ ဖြစ်၏။ ဧတ္ထ အနိန္ဒြိယ ဗဒ္ဓရူပါဒိသမူဟေ၊ ဤအနိန္ဒြိယဗဒ္ဓဖြစ်သော ရူပါရုံ အစရှိသည်တို့၏ အပေါင်း၌၊ ဝါ-ရုပ်သက်, နာမ်သက်မရှိသော ရူပါရုံ အစရှိသည်တို့၏ အပေါင်း၌။ တသာ စ၊ တော, တောင်, အိမ်, ကျောင်း, ဘုံနန်း, ဗိမာန်စသည် ကြီးကြီးငယ်ငယ် အရှယ်အစားစား အထည်ဝတ္ထုအများသည်လည်းကောင်း။ ထာဝရာ စ၊ အမြဲခိုင်ခံ့ တည်တံ့ကြသော တော, တောင်, မြေထု စသည် အထည်ဝတ္ထု အများသည်လည်းကောင်း။ လောကိယန္တိ ပတိဋ္ဌ

ဟန္တိ၊ တည်ရှိကြကုန်၏။ တေသံ၊ ထိုတော, တောင်, အိမ်, ကျောင်း, ဘုံနန်း, ဗိမာန် စသည် ကြီးကြီး ငယ်ငယ် အရှယ်အစားစား အထည်ဝတ္ထုအများတို့၏၊ ဝါ-အမြဲခိုင်ခံ့ တည်တံ့ကြသော တော, တောင်, မြေထု စသည် အထည်ဝတ္ထုအများတို့၏။ ဩကာသဘူတော၊ မှီရာ တည်ရာဖြစ်၍ ဖြစ်သည်။ဟောတိ၊ ဖြစ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ဩကာသလောကော၊ ဩကာသလောက မည်သည်။ ဟောတိ၊ ဖြစ်၏။

ဤသို့ ဝိသုဒ္ဓိမဂ် မဟာဋီကာ ဆရာတော်ဘုရား မိန့်ကြားတော်မူသည်နှင့် အညီ ရုပ်သက်, နာမ်သက်မရှိသော ရူပါရုံ စသည်တို့၏ အပေါင်းဖြစ်သော၊ ဝါ-ရူပါရုံစသည် ရုပ်ရှစ်ပါး ရုပ်ကိုးပါးတို့၏ အပေါင်းဖြစ်သော အရှေ့,အနောက်, တောင်, မြောက်, အထက်, အောက် အဆုံး အပိုင်းအခြားမရှိသော အကြီး, အငယ်, အရှယ်, အလတ်, ဒြပ်အထည် စသည် ဝတ္ထုအမျိုးမျိုးတို့၏ တည်ရာ မှီရာဖြစ်သော လေးကျွန်းတမြင်းမိုရ် တည်ရှိသော အနန္တစကြဝဠာ ဟူသမျှတို့သည် ဩကာသလောက မည်ပါသည်။

**မေး** ၎င်း ရုပ်ရှစ်ပါး ရုပ်ကိုးပါးတို့၏ တည်ရာ စကြဝဠာ ဟူသမျှကို ဘာပဏ္ဏာန်းလောက ခေါ်ပါသနည်း။

**ဖြေ** ၎င်း ရုပ်ရှစ်ပါး ရုပ်ကိုးပါးတို့၏ တည်ရာ စကြဝဠာဟူသမျှကို ဩကာသပဏ္ဏာန်းလောက ခေါ်ပါသည်။

ဩကာသလောကနှင့် ဩကာသပဏ္ဏာန်းလောက မည်ပုံကို
အကျဉ်းမျှ လင်းပြခြင်း ပြီး၏။

---

**မေး** ရှေး၌ ရေးသား ဟောကြားခဲ့ပြီးသော သတ္တလောက, သင်္ခါရလောက, ဩကာသလောကဟု ဆိုအပ်သော လောကကြီးသုံးပါးတို့သည် အဘယ့်ကြောင့် လောက မည်ပါကုန်သနည်း။

**ဖြေ** လုဇ္ဇတိ ပလုဇ္ဇတီတိ လောကော။

**တို့မြန်မာဘာသာလို ပြန်ဆိုရန်ကား—** ယော သဘာဝေါ၊ အကြင်တရားသဘောသည်။ လုဇ္ဇတိ ပလုဇ္ဇတိ၊ ဖရိုဖရဲ ပြိုကွဲ ပျက်စီးတတ်၏။ ဣတိ တသ္မာ၊

ထို့ကြောင့်။ သော သဘာဝေါ၊ ထိုတရားသဘောသည်။ လောကော၊လောက မည်၏။

ဤသို့ မိန့်ဆိုတော်မူအပ်သော ဝစနတ္ထနှင့်အညီ ၎င်း သတ္တလောက,သင်္ခါရလောက, ဩကာသလောကဟု ဆိုအပ်သော လောကကြီးသုံးပါး သဘောတရားတို့သည် ဖရိုဖရဲ ပြိုကွဲ ပျက်စီးတတ်သောကြောင့် လောက မည်ပါသည်။

သတ္တလောကစသည် လောကကြီးသုံးပါး၌ လောကမည်ပုံကို
အကျဉ်းမျှ လင်းပြခြင်း ပြီး၏။

---

**အထူးမှတ်သားချက်** ဟေတု-ပစ္စည်း ပဋ္ဌာန်းတရားကြီး၏ ပစ္စည်း, ပစ္စယုပ္ပန်, ပစ္စနိက်ဟု ဆိုအပ်သော သဘာဝဓမ္မတရား သုံးမျိုးသုံးစားတို့၏ တည်ရာဖြစ်သော သတ္တလောက, သင်္ခါရလောက, ဩကာသလောကဟု ဆိုအပ်သော လောကကြီးသုံးပါးတို့၏ ဖြစ်ပုံကို ကျမ်းလေးမည်စိုး၍ ဝိသုဒ္ဓိမဂ်မဟာဋီကာလာ အကျဉ်းမျှသာ ရေးသား ဟောကြားလိုက်ရပေသတည်း။ အကျယ်ကို သိလိုကြသူ ပညာရှိ ယောဂီဖြူတို့သည် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ၎င်း မဟာဋီကာကြီးကို ကြည့်ရှုကြပါလေ ယောဂီမြတ်တွေတို့။

ငါပဋ္ဌာန်းဟု ဆိုအပ်သော သဘာဝဓမ္မတရား သုံးမျိုး သုံးစားတို့၏
တည်ရာဖြစ်သော သတ္တလောကစသည် လောကကြီးသုံးပါး
ဝေဘန်ပုံကို အကျဉ်းမျှ လင်းပြခြင်း ပြီး၏။

---

## ဩကာသလောကကြီးအတွင်း၌ ကလာပ်ရှစ်ပါး ရုပ်ပဋ္ဌာန်း တရားတို့ တည်ရှိပုံကို အကျဉ်းမျှ လင်းပြခြင်း

**မေး** သတ္တလောကစသည် လောကကြီး သုံးပါးတို့တွင် ဩကာသလောကကြီးအတွင်း၌ ရုပ်ပဋ္ဌာန်း, နာမ်ပဋ္ဌာန်း နှစ်မျိုးတို့တွင် အဘယ်ပဋ္ဌာန်းတွေ တင်းကျမ်းပြည့် ဆက်စပ်လျက် ကွက်လပ်မရှိ တည်ရှိပါသနည်း။

**ဖြေ** ရုပ်ပဋ္ဌာန်းတွေ တင်းကျမ်းပြည့် ဆက်စပ်လျက် ကွက်လပ်မရှိ တည်ရှိပါသည်။

**မေး** ရုပ်ပဋ္ဌာန်းတွေ တင်းကျမ်းပြည့် ဆက်စပ်လျက် ကွက်လပ်မရှိ တည်ရှိခဲ့လို့ရှိလျှင် ၎င်း ဩကာသလောကကြီးအတွင်း၌ ကလာပ်မှုန့် ဘယ်နှစ်မျိုး တည်ရှိပါသနည်း။

**ဖြေ** နူးညံ့မှုသဘောရှိသော ကလာပ်မှုန့် ၇-မျိုး, ခက်မာမှုသဘောရှိသော အဖတ်ကလာပ်မှုန့်တမျိုး ပေါင်း ကလာပ်မှုန့် ၈-မျိုး ရှိပါသည်။

**မေး** နူးညံ့မှုသဘောရှိသော ကလာပ်မှုန့် ၇-မျိုးဟူသည် အဘယ်သည်တို့ပါနည်း။

**ဖြေ** "အရိပ်, အရောင်၊ မှောင်, အသံ, လေ၊ ရေနှင့်အနံ့၊ နူးညံ့ဟုစွာ၊ ခတ်တိုမှာ၊ ရှစ်ဖြာရုပ်စု ပေါ်အောင်ရှု" ဟူသော လင်္ကာနှင့်ညီစွာ (၁) အရိပ်ကလာပ် (၂) အရောင်ကလာပ် (၃) အမှောင်ကလာပ် (၄) အသံကလာပ် (၅) လေကလာပ် (၆) အရေကလာပ် (၇) အနံ့ကလာပ်ဟု ဆိုအပ်သော နူးညံ့မှုသဘောရှိသော ကလာပ် ၇-မျိုးတို့ဟူသည် ဤသည်တို့ပါတည်း။

**မေး** ဤအရိပ်, အရောင်, မှောင်,အသံ, လေ အစရှိသည်တို့သည် ရုပ်ကလာပ်တို့မှ ဟုတ်မှ ဟုတ်ကြပါလေလားဟု တွေးတောမှု ယုံမှားခြင်းရှိကြသောသူ ပညာရှိ သဘောဖြူတို့ပါ ကျေနပ်ကြလေအောင် ဟောပြအပ်သော ပါဠိအကိုးပါဌ်ကား အဘယ်သည်တို့ပါနည်း။

**ဖြေ** ဆာယာ အာတပေါ အာလောကော အန္ဓကာရော အဗ္ဘော မဟိ ဓူမော ရဇော စန္ဒမဏ္ဍလဿ ဝဏ္ဏနိဘာ သူရိယမဏ္ဍလဿ ဝဏ္ဏနိဘာ တာရကရူပါနံ ဝဏ္ဏနိဘာ အာဒါသမဏ္ဍလဿ ဝဏ္ဏနိဘာ မဏိ သင်္ခ မုတ္တာ ဝေဠုရိယဿ ဝဏ္ဏနိဘာ ဇာတရူပ ရဇတဿ ဝဏ္ဏနိဘာ။

ဓမ္မသင်္ဂဏီ ပါဠိတော်

**တိုမြန်မာဘာသာလို ပြန်ဆိုရန်ကား—** ဆာယာ၊ အရိပ်တည်းဟူသော ရုပ်ရုံရင်း။ အာတပေါ၊ နေပူရောင်တည်းဟူသော ရုပ်ရုံရင်း။ အာလောကော၊ အလင်းရောင် တည်းဟူသော ရုပ်ရုံရင်း။ အန္ဓကာရော၊ အမိုက်မှောင် တည်းဟူသော ရုပ်ရုံရင်း။အဗ္ဘော၊ တိမ်တိုက် တည်းဟူသော ရုပ်ရုံရင်း။မဟိ၊ ဆီးနှင်း တည်းဟူသော ရုပ်ရုံရင်း။ ဓူမော၊ အခိုးတည်းဟူသော ရုပ်ရုံရင်း။ ရဇော၊ မြူတည်းဟူသော ရုပ်ရုံရင်း။ စန္ဒမဏ္ဍလဿ၊ လဝန်း၏။ ဝဏ္ဏနိဘာ၊ အဆင်း

ရောင် တည်းဟူသော ရူပါရုံရှင်း။ သူရိယမဏ္ဍလသည်၊ နေဝန်း၏။ ဝဏ္ဏနိဘာ၊ အဆင်းရောင် တည်းဟူသော ရူပါရုံရှင်း။ တာရကရူပါနံ၊ ကြယ်အပေါင်းတို့၏။ ဝဏ္ဏနိဘာ၊ အဆင်းရောင် တည်းဟူသော ရူပါရုံရှင်း။ အာဒါသ မဏ္ဍလသည်၊ ကြေးမုံဝန်း၏။ ဝဏ္ဏနိဘာ၊ အဆင်းရောင် တည်းဟူသော ရူပါရုံရှင်း။ မဏိ သင်္ခ မုတ္တာ ဝေဠုရိယသည်၊ ပတ္တမြား, ခရုသင်း, ပုလဲ, ကျောက်မျက်ရွဲ၏။ ဝဏ္ဏနိဘာ၊ အဆင်းရောင် တည်းဟူသော ရူပါရုံရှင်း။ ဇာတရူပ ရဇတသည်၊ ရွှေငွေ၏။ ဝဏ္ဏနိဘာ၊ အဆင်းရောင် တည်းဟူသော ရူပါရုံရှင်း။

ဤသို့ ဟောကြားတော်မူအပ်သော ဓမ္မသင်္ဂဏီ ပါဠိတော်သည် ပညာရှိ သဘောဖြူတို့ပါ ကျေနပ်ကြအောင် ဟောပြအပ်သော အကိုးပါဠ်တို့ကား ဤသည်တို့ပါတည်း။

**မေး** ခက်မာမှု သဘောရှိသော အဖတ်ကလာပ်မှုန့် တမျိုးဟူသည် အဘယ်သည်တို့ပါနည်း။

**ဖြေ** "တော, တောင် မြေထု၊ သံ သတ္တုနှင့်၊ သတ္တုများစွာ၊ ဓတ်တို့မှာ၊ ရှစ်ဖြာရုပ်စု ပေါ်အောင်ရှု" ဟူသော မြန်မာကဗျာနှင့်ညီစွာ ဩကာသလောက ကြီးအတွင်း၌ ရှိသော တောအထု ဟူသမျှ, တောင်အထု ဟူသမျှ, မြေအထု ဟူသမျှ, သံသတ္တု, ကြေးသတ္တု, ရွှေသတ္တု, ငွေသတ္တု, ဒန်သတ္တု စသည် သတ္တု အမျိုးမျိုးတို့ကို ဉာဏ်ဝိဇ္ဇာဖြင့် ကြိတ်ချေလိုက်သည်ရှိသော် မျက်စိပေါက်မှ အစဉ်လျှောက်၍ မနောပေါက်ကပါ မြင်ကြသည့်အတိုင်း အလုံး အခဲ အတွဲ အပြားတို့သည် စင်စစ် မဟုတ်ကြကုန်မူ၍ ပထဝီလွန်ကဲသော အဖတ်မှုန့်တွေ တို့သည်သာ အကုန်လုံး ဖြစ်ကြကုန်၏၊ ၎င်း အဖတ်မှုန့်တို့သည် ခက်မာမှု သဘောရှိသော အဖတ်ကလာပ်မှုန့် တမျိုးပါတည်း။

**အမှာ** ခက်မာ ပထဝီလွန်ကဲသည်ကို ဉာဏ်နုသူတို့ပါ သိစေလို၍ အဖတ်မှုန့် ဟု ရေးလိုက်ပေသတည်း။

## မြူလေးမျိုး ဝေဘန်ပုံကို အကျဉ်းမျှ လင်းပြခြင်း

**မေး** ၎င်း နူးညံ့မှု သဘောရှိသော ကလာပ်မှုန့် ၇-မျိုး ခက်မာမှု သဘော ရှိသော ကလာပ်မှုန့် တမျိုး ဤကလာပ်မှုန့် ရှစ်မျိုးတို့သည် အဘယ်မျှလောက် ပမာဏရှိပါသနည်း။

**ဖြေ** လှည်းရထားသွား၍ လွင့်ထသော မြူတို့ကို ရထရေဏုမြူခေါ်၏၊ ၎င်း ရထရေဏုမြူတို့တွင် တလုံးသော မြူကိုယူ၍ ၃၆-စိပ် စိပ်လိုက်သည်ရှိသော် ဤအစိပ်အပိုင်းတခုသည် တဇ္ဇာရီဏုမြူ တလုံးဖြစ်၏၊ ၎င်း တဇ္ဇာရီဏုမြူ တလုံးကို ၃၆-စိပ် စိပ်လိုက်သည်ရှိသော် ဤ အစိပ်အပိုင်းတခုသည် အဏုမြူတလုံးဖြစ်၏၊ ၎င်း အဏုမြူတလုံးကို ၃၆-စိပ် စိပ်လိုက်သည်ရှိသော် ဤ အစိပ်အပိုင်းတခုသည် ပရမာဏုမြူတလုံးဖြစ်၏၊ ဤသို့ ပြဆိုအပ်သော မြူလေးမျိုးတို့တွင် အသေးဆုံး ဖြစ်သော ပရမာဏုမြူမျှလောက် ပမာဏရှိပါသည်။

**မေး** ၎င်း မြူလေးမျိုး ဝေဘန်ပုံကို လွယ်ကူစွာ မှတ်ယူရန် မြန်မာလင်္ကာ ဆောင်ပုဒ်ကား အဘယ်ပါနည်း။

**ဖြေ** "ကေရထာ၊ တဇ္ဇာ သုံးဆယ့်ခြောက်၊ ထောင့်နှစ်ရာ ကိုးဆယ့်ခြောက် အဏု၊ လေးသောင်း ခြောက်ထောင် ခြောက်ရာ ငါးဆယ့်ခြောက်ခု ပရမာ၊ ဆင့်ဆင့်မှာ၊ သုံးဆယ့်ခြောက်သာပွား" ဟူသော စကားရပ်သည် လွယ်ကူစွာ မှတ်သားရန် မြန်မာလင်္ကာ ဆောင်ပုဒ်ပါတည်း။

မြူလေးမျိုး ဝေဘန်ပုံကို အကျဉ်းမျှ လင်းပြခြင်း ပြီး၏။

---

**အထူးမှတ်သားချက်** အရှေ့, အနောက်, တောင်, မြောက်, အထက်, အောက် အဆုံးအပိုင်းအခြားမရှိသော လေးကျွန်းနှင့် တမြင်းမိုရ်ရှိသော စကြဝဠာ အနန္တတည်းဟူသော ဤ ဩကာသလောကကြီးအတွင်း၌ အသက်ဝိညာဏ် မရှိသော တော, တောင်, ကျောက်စောင်း, အိမ်, ကျောင်း, လှည်း, လှေ, မီး, ရေ, မိုးယံ, မြေ, ရွှေ, ငွေ, ကျောက်သံ, ဗိမာန်, ဘုံနန်းစသည် အကြီး, အငယ်, အရှယ်, အလတ်, ဒြပ်သဏ္ဍာန် တည်းဟူသော အရာဝတ္ထုဟူသမျှ တို့သည် မျက်စိပေါက်က အစဉ်လျှောက်၍ မနောပေါက်ကပါ ထင်မြင် ကြသည့်အတိုင်း စင်စစ်အားဖြင့် တခဲတည်း တသားတည်း ဖြစ်သော အထည်ပုံသဏ္ဍာန်ကြီးတွေ မဟုတ်ကုန်၊ ပရမာဏုမြူ ပမာဏမျှလောက် သေးငယ်လှစွာသော ဓာတ်ကြည် ကလာပ်ကြည် ပရမတ်ကလေးတွေတို့၏ အစုအဝေးမျှသာ ရှိနေကြသည်၏ အဖြစ်ကို အာကာသဓာတ်ပေါက်၍ ပဋ္ဌာန်းပေါင်းချုပ် ဝိပဿနာအလုပ်ပေး ကျင့်စဉ်ကျမ်းကြီး၌ အကျယ်

တဝင့် ရေးသားခြင်းငှါ သင့်လျော်သော်လည်း ကျေးဇူးရှင် မိုးညှင်းတောရ ဆရာတော်ဘုရားကြီး ရေးသားတော်မူအပ်သော ဝိပဿနာ အလုပ်ပေး ကျင့်စဉ်တရားကြီး, လက်တွေ့ပဋ္ဌာန်း ဘုံဆိုင်ကျမ်းကြီး, ငါတို့ ရေးသားအပ် ပြီးသော မိုးညှင်း ဝိပဿနာပေါင်းချုပ်, ယောဂီအလုပ်ပေး ညွှန်ပြဟောစဉ် ကျမ်းကြီး ဤကျမ်းကြီးများတို့၌ ဥပမာ အစားစားတို့ကိုပြ၍ အကျယ် အားဖြင့် ရေးသားပြီးဖြစ်လေသောကြောင့် အကျယ်ချဲ့၍ မရေးသားတော့ ဘဲ အကျဉ်းအားဖြင့် ရေးသားလိုက်ရပေသတည်း၊ အကျယ်ကို သိလိုကြမူ ယခု ညွှန်ပြအပ်သော ကျမ်းကြီးများ၌ ကြည့်ရှုကြပါလေ ယောဂီအပေါင်း သူတော်ကောင်းတွေတို့။

ဩကာသလောကကြီး အတွင်း၌ ကလာပ်ရှစ်ပါး ရုပ်ပဋ္ဌာန်းတရားတို့ တည်ရှိပုံကို အကျဉ်းမျှ လင်းပြခြင်း ပြီး၏။

---

## အရိပ်အရောင်စသည် အဋ္ဌကလာပ်၌ ရုပ်ရှစ်ပါး သဒ္ဒနဝက ကလာပ်၌ ရုပ်ကိုးပါး တည်ရှိပုံကို အကျဉ်းမျှ လင်းပြခြင်း

**မေး** ထက်ဝန်းကျင် အဆုံးအပိုင်းအခြားမရှိသော ဩကာသ လောကကြီး၏ အတွင်း၌ တော, တောင်, အိမ်, ကျောင်း စသည် အထည်ဒြပ် လုံးရပ်သဏ္ဌာန် ပုံဟန်အခဲ အတွဲ အပြား မရှိကုန်၊ ပရမာ ဏုမြူမျှလောက် သေးသိမ်သော အရိပ်ကလာပ်မှုန့် စသည် ကလာပ်ရှစ်မျိုးသာ ရှိကုန်၏ဟုဆိုသော် ၎င်းကလာပ် မှုန့်ရှစ်မျိုးတို့တွင် အသံကလာပ်မှုန့်ကို ကြဉ်ဖယ်၍ ကြွင်းကျန်သော ကလာပ်မှုန့် ခုနစ်မျိုးတို့၌ ရုပ်ပေါင်း မည်မျှစီ ရှိပါသနည်း။

**ဖြေ** ဝဏ္ဏော ဂန္ဓော ရသော ဩဇာ၊ စတဿော စာပိ ဓာတုယော။
အဋ္ဌဓမ္မသမောဓာနာ၊ ဟောတိ ကေသာဒိသမ္မုတိ။
တေသံယေဝ ဝိနိဗ္ဘောဂါ၊ နတ္ထိ ကေသာဒိသမ္မုတိ။
ဝိသုဒ္ဓိမဂ် အဋ္ဌကထာပါဠိ

**တို့မြန်မာဘာသာလို ပြန်ဆိုရန်ကား—** ဝဏ္ဏော စ၊ အဆင်းဟု ဆိုအပ် သော ရူပါရုံရင်း။ ဂန္ဓော စ၊ အနံ့ဟု ဆိုအပ်သော ဂန္ဓာရုံရင်း။ ရသော စ၊

အရသာဟု ဆိုအပ်သော ရသာရုံရင်း။ ဩဇာ စ၊ အာဟာရဓာတ်ဆီဟု ဆိုအပ်သော ဩဇာရင်း။ စတဿော ပိ၊ လေးပါးလည်းဖြစ်ကုန်သော။ ဓာတုယော စ၊ ပထဝီဓာတ်, အာပေါဓာတ်, တေဇောဓာတ်, ဝါယောဓာတ်တို့ရင်း။ ဣတိ၊ ဤသို့။ အဋ္ဌဓမ္မသမောဓာနာ၊ ရှစ်ပါး ရှစ်ပါးသော ဓာတ်ပရမတ်အများတို့ ပေါင်းဆုံကြခြင်းသောကြောင့်၊ ဝါ-ပထဝီ, အာပေါ, တေဇော, ဝါယော, ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာဟု ဆိုအပ်သော ဓာတ်ရှစ်ပါး ကလာပ်အများတို့ ပေါင်းဆုံကြခြင်းသောကြောင့်။ ကေသာဒိသမ္မုတိ၊ ဆံပင် အစရှိသော သမ္မုတိပညတ်သည်။ ဟောတိ၊ သမ္မုတိသစ္စာနယ်မှာ ထင်ရှားစွာ ဖြစ်ပေါ်၍လာ၏။ တေသံ ယေဝ၊ ထိုပညတ် အစားစားတို့ကိုသာလျှင်။ ဝိနိဗ္ဘောဂါ၊ ဓာတ်ပရမတ်ဆိုက်အောင် ခွဲခြမ်းလိုက်သည်ရှိသော်၊ ဝါ-အရေကလာပ်, အဖတ်ကလာပ်မှုန့်ဆိုက်အောင် ခွဲခြမ်းလိုက်သည်ရှိသော်၊ ဝါ-ပထဝီ, အာပေါ, တေဇော, ဝါယော, ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာဟု ဆိုအပ်သော ဓာတ်ရှစ်ပါး ကလာပ်အများတို့ဆိုက်အောင် ခွဲခြမ်းလိုက်သည်ရှိသော်။ ကေသာဒိသမ္မုတိ၊ ဆံပင်အစရှိသော သမ္မုတိပညတ်သည်။ နတ္ထိ၊ ဓာတ်အစု၌ ဘာတခုမျှမရှိ၊ ဝါ-အရေအဖတ်ကလာပ်ထဲမှာ နံနဲမျှမရှိ၊ ဝါ-ပထဝီ, အာပေါ အစရှိသော ရုပ်ရှစ်ပါး ကလာပ်သားထဲမှာ နံနဲမျှမရှိ။

ဤသို့ မိန့်ဆိုတော်မူအပ်သော ဝိသုဒ္ဓိမဂ် အဋ္ဌကထာပါဌ်နှင့်အညီ အသံကလာပ်မှုန့်မှ ကြွင်းသော ကလာပ် ၇-မျိုးတို့၏ အတွင်း၌ ပထဝီ, အာပေါ, တေဇော, ဝါယော, ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာပေါင်း ရုပ်ရှစ်ပါးစီ ရှိပါသည်။

**မေး** အသံကလာပ်မှုန့်၌ ရုပ်ပေါင်း အဘယ်မျှ ရှိပါသနည်း။

**ဖြေ** အသံကလာပ်မှုန့်၌ သဒ္ဒနဝက ကလာပ်ဖြစ်၍ ပထဝီ,အာပေါ, တေဇော, ဝါယော, ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာ, သဒ္ဒ ပေါင်း ရုပ်ကိုးပါးစီ ရှိပါသည်။

အရိပ်စသည် အဋ္ဌကလာပ်မှုန့် သဒ္ဒနဝက ကလာပ်မှုန့်တို့၌ ရုပ်ရှစ်ပါး ရုပ်ကိုးပါးရှိပုံကို အကျဉ်းမျှ လင်းပြခြင်း ပြီး၏။

### အနန္တစကြဝဠာဟု ဆိုအပ်သော ဩကာသ လောကကြီး၏ အတွင်း၌ အပေါင်းဖြစ်သော ရုပ်ကလာပ် ပဋ္ဌာန်းတရားတို့၏ ကွက်လပ်မရှိ

## တင်းကျမ်းပြည့် တည်ရှိပုံကို အကျဉ်းမျှ လင်းပြခြင်း

**မေး** ၎င်း ရုပ်ရှစ်ပါး, ရုပ်ကိုးပါးရှိသော အရိပ်ကလာပ်မှုနှင့် အရောင်ကလာပ်မှုနှင့် စသည် ကလာပ်မှုနှင့်အစားစား ရုပ်ပဋ္ဌာန်းတရားတို့သည် အနန္တစကြဝဠာဟု ဆိုအပ်သော ဩကာသလောကကြီး၏အတွင်း၌ အစိတ်အပိုင်းကလေးမျှကိုသာ တည်ရှိပါသလော၊ သို့မဟုတ် ၎င်း ဩကာသလောကကြီးအတွင်း၌ ရုပ်ကလာပ် တခုနှင့် ရုပ်ကလာပ်တခု ထိစပ်၍ ကွက်လပ်မရှိဘဲ တင်းကျမ်းပြည့် ဆက်စပ် တည်ရှိပါသလော။

**ဖြေ** ၎င်း ဩကာသလောကကြီး၏ အတွင်း၌ အစိတ်အပိုင်းအခြားကလေးမျှ မဟုတ်ပါ၊ ရုပ်ကလာပ် တခုနှင့်တခု ထိစပ်လျက် ကွက်လပ်မရှိဘဲ တင်းကျမ်း ပြည့် ဆက်စပ်လျက် တည်ရှိကြပါသည်။

**မေး** ၎င်း ရုပ်ရှစ်ပါး,ရုပ်ကိုးပါး ကလာပ်အစားစားဟု ဆိုအပ်သော ပဋ္ဌာန်း တရားတို့သည် တခုနှင့်တခု ထိစပ်လျက် ကွက်လပ်မရှိဘဲ တင်းကျမ်းပြည့် ဆက်စပ် တည်ရှိကြကုန်၏ဟု ဆိုသော် ၎င်း တည်ရှိပုံကို ဘယ်လို ဥပမာဆောင် ၍ သိရပါမည်နည်း။

**ဖြေ** အရှေ့, အနောက်, တောင်, မြောက်, အထက်, အောက်, အလျား, အနံ, စောက်အားဖြင့် ပေ (၁၀၀) ရှိသော နှမ်းစေ့တိုက်ကြီး၏ အတွင်း၌ နှမ်းစေ့တွေကို အပြည့်ထည့်လိုက်သည်ရှိသော် ၎င်း နှမ်းစေ့တိုက်ကြီး၏ အတွင်း ၌ နှမ်း တစေ့နှင့်တစေ့ ထိစပ်လျက် ကွက်လပ်မရှိ တင်းကျမ်းပြည့် ဆက်စပ် လျက် တည်ရှိကြဘိသကဲ့သို့ ထို့အတူ ၎င်း ရုပ်ရှစ်ပါး, ရုပ်ကိုးပါး ကလာပ် အစားစားဟု ဆိုအပ်သော ပဋ္ဌာန်းတရားတို့သည် ဤ ဩကာသလောကကြီး ၏ အတွင်း၌ ရုပ်ကလာပ်တခုနှင့် ရုပ်ကလာပ်တခုတို့သည် ထိစပ်လျက် ကွက်လပ် မရှိ တင်းကျမ်းပြည့် ဆက်စပ်တည်ရှိပုံတို့ကို ဤလိုဥပမာဆောင်၍ သိရပါသည်။

**တနည်း** အရှေ့, အနောက်, တောင်, မြောက်, အထက်, အောက်, အလျား, အနံ, စောက်အားဖြင့် ပေ (၁၀၀) ရှိသော ရေနံဆီကို အစာကျွေး

၍ မောင်းသော ခါတ်မီးစက်ရုံ အုဋ္ဌတိုက်ကြီး၏ အတွင်း၌ တတိုက်လုံးကို လင်းစေနိုင် မှိတ်စေနိုင်သော မှိတ်တုတ် ခါတ်မီးခေါင်းကိုလည်း တပ်ဆင်, လေယပ် ပန်ကာကိုလည်း တပ်ဆင်, ရေစုတ်မိုတာကိုလည်း တပ်ဆင်၍ မောင်းလိုက်သည်ရှိသော် ၎င်း ခါတ်မီးစက်ရုံ အုဋ္ဌတိုက်ကြီးအတွင်း၌ အရိပ်, အရောင်, မှောင်, အသံ, လေ, အရေ, အနံ့, အဖတ်တို့သည် အချင်းချင်း ထိစပ်လျက် အပြည့်အနှက် ကွက်လပ်မရှိ တင်းကျမ်းပြည့် ဆက်စပ် တည်ရှိကြဘိသကဲ့သို့ ထို့အတူ အရှေ့, အနောက်, တောင်, မြောက်, အထက်, အောက်, အဆုံး အပိုင်းအခြားမရှိသော အမိုက်အလင်းကို ဖြစ်စေနိုင်သော နေမင်း, လမင်း တစင်းစီ တည်ရှိသော အနန္တစကြဝဠာဟု ဆိုအပ်သော ဩကာသလောကကြီး၏ အတွင်း၌ အရိပ် ရုပ်ကလာပ်, အရောင် ရုပ်ကလာပ်, မှောင် ရုပ်ကလာပ်, အသံ ရုပ်ကလာပ်, လေ ရုပ်ကလာပ်, အရေ ရုပ်ကလာပ်, အနံ့ ရုပ်ကလာပ်, အဖတ် ရုပ်ကလာပ် ၎င်း ရှစ်မျိုးသော ရုပ်ကလာပ်တို့သည် အချင်းချင်း ထိစပ်လျက် အပြည့်အနှက် ကွက်လပ်မရှိ တင်းကျမ်းပြည့် ဆက်စပ် တည်ရှိပုံတို့ကို ဤလို ဥပမာဆောင်၍ သိရပါသည်။

အနန္တစကြဝဠာဟု ဆိုအပ်သော ဩကာသလောကကြီး၏ အတွင်း၌
အပေါင်းဖြစ်သော ရုပ်ကလာပ် ပဋ္ဌာန်းတရားတို့၏ ကွက်လပ်
မရှိ တင်းကျမ်းပြည့် ဆက်စပ် တည်ရှိနေပုံတို့ကို
အကျဉ်းမျှ လင်းပြခြင်း ပြီး၏။

---

### ပထဝီ ဖောဋ္ဌဗ္ဗာရုံ တည်းဟူသော အစိတ်အပိုင်းဖြစ်သော သဘာဝ အစားစား ရုပ်ပဋ္ဌာန်းတရားတို့၏ ကွက်လပ်မရှိ တင်းကျမ်းပြည့်

## ဆက်စပ်လျက် တည်ရှိပုံကို အကျဉ်းမျှ လင်းပြခြင်း

**မေး** ဤသို့ ရေးသား ဟောကြားခဲ့ပြီးသော ဥပမာဖြင့် အနန္တစကြဝဠာဟု ဆိုအပ်သော ဤကမ္ဘာလောကကြီး၏ အတွင်း၌ ပထဝီစသည် ရုပ်ရှစ်ပါး, ရုပ်ကိုးပါး သဘာဝ အစားစားဟု ဆိုအပ်သော ရုပ်ပဋ္ဌာန်းတရားတို့သည် ကွက်လပ်မရှိ တင်းကျမ်းပြည့် ဆက်စပ် တည်ရှိကြကုန်၏ဟု ဆိုအပ်သော စကားရပ်တို့တွင် ပထဝီဖောဋ္ဌဗ္ဗာရုံ တည်းဟူသော သဘာဝအစားစား ရုပ်ပဋ္ဌာန်း

တရားတို့၏ ကွက်လပ်မရှိ တင်းကျမ်းပြည့် ဆက်စပ် တည်ရှိပုံတို့ကို ကိုယ်တွေ့ရော ဉာဏ်နှင့်ပါ ထင်မြင်ပေါက်ရောက်လာအောင် ဘယ်လိုဆင်ခြင် ပွားများရှုစားကြရပါမည်နည်း။

ဖြေ ကက္ခဠကြိယာ၊ ခက်မာသော အမှုသည်ရင်း။ မုဒုကြိယာ၊ နူးညံ့သော အမှုသည်ရင်း။ အယံ၊ ဤအခြင်းအရာ ကြိယာမျှသည်။ ပထဝီ၊ ပရမတ်အနှစ်မြေအစစ်ပေတည်း။ ဒဗ္ဗ၊ အဏုမြူနှယ် အနည်းငယ်မျှ အထည်ဒြဗ်ဟူ၍။ နတ္ထိ၊ မရှိ။ နဒိဋ္ဌာ၊ နတ်မျက်စိသော်မှလည်း မြင်ရသောဓာတ်မဟုတ်။ကာယမနေဟိ ဝေ၊ ကာယဒွါရ, မနောဒွါရတို့ဖြင့်သာလျှင်။ ဂယှတိ၊ ယူအပ် သိအပ်၏။

ဤသို့ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး မိန့်ကြားတော်မူအပ်သော လက္ခဏာဒီပနီကျမ်းနှင့်အညီ "နူးညံ့ခက်မာ ကြိယာ နှစ်ဖြာမြေဓာတ်စစ်" ဟူ၍ လွယ်ကူစွာ သိကြား နားလည်ကြစေရန် စီမံ၍ပြအပ်သော လင်္ကာနှင့်ညီစွာ မိမိ၏ ကိုယ်ခန္ဓာကြီးနှင့်တကွနက် ဆက်စပ်လျက် တည်ရှိကြသော ကလာပ်မှုန့်တို့ကို အစပြု၍ ယခုအခါ မိမိမှ ဝဲ,ယာ ရှေ့,နောက်,အထက်, အောက် အဆုံးအပိုင်းအခြားမရှိသော အနန္တစကြဝဠာဟု ဆိုအပ်သော ဤ ဩကာသလောကကြီး၏ အတွင်း၌ တည်ရှိကြကုန်သော အရုပ်ကလာပ်စသည် ကလာပ်ရှစ်မျိုးတို့၏ အတွင်းရှိ ပထဝီတွေ ဖောဋ္ဌဗ္ဗာရုံတို့ကို အကုန်လုံးနှံ့အောင် ကိုယ်ဖြင့်သုံးသပ် ဉာဏ်ဖြင့် ဆင်ခြင်ပွားများ၍ ကြည့်လိုက်စမ်းပါ၊ ဝါ-ကြည့်လိုက်သည်ရှိသော် အနန္တစကြဝဠာဟု ဆိုအပ်သော ဤဩကာသလောကကြီး အတွင်း၌ တောတောင် အိမ်ကျောင်း စသည် အထည်ဝတ္ထုဖြစ်သော ပုံသဏ္ဌာန်တို့ကို မတွေ့ရှိကြရဘဲ အရုပ် ကလာပ်, အရောင် ကလာပ်, အမှောင် ကလာပ်, အသံကလာပ်, လေကလာပ်, အနံ့ကလာပ်တို့၏ အတွင်း၌ နူးညံ့မှုအတွေ့ရှိသော ပထဝီဖောဋ္ဌဗ္ဗာရုံ တောတောင် စသည် အဖတ်ကလာပ်မှုန့်တို့၏ အတွင်း၌ ခက်မာမှု အတွေ့ရှိသော ပထဝီဖောဋ္ဌဗ္ဗာရုံဟု ဆိုအပ်သော ပထဝီသဘာဝ အစားစား ရုပ်ပဋ္ဌာန်းတရားတို့ကိုသာလျှင် တွေ့မြင်ကြရကုန်၏၊ ဝါ-တွေ့မြင်ကြရလိမ့်မည်၊ ဤသို့ တွေ့မြင်ခြင်းကို အလိုရှိကြကုန်သော ယောဂီအပေါင်း သူတော်ကောင်းတို့သည် ယခုရေးသား ဟောကြားသည့်အတိုင်း၊ ဝါ-ရေးသား ဟောကြားတာလို ဆင်ခြင်ပွားများ ရှုစားကြရပါသည်။

**အထူးမှာထားချက်** ယခုရေးသား ဟောကြားအပ်ပြီးသော စကားရပ်၌ ကိုယ်တွေ့ရော ဉာဏ်နှင့်ပါဟု ရေးသား ဟောကြားရခြင်းသည် ပထဝီ ဖောဋ္ဌဗ္ဗာရုံသည် ကာယဝိညာဏ်စိတ်၏ အာရုံအရာဖြစ်၍ ရေးသား ဟောကြားလိုက်ပေသတည်း။

---

**အာပေါဓာတ်ဓမ္မာရုံဟု ဆိုအပ်သော အစိတ်အပိုင်းဖြစ်သော သဘာဝ အစားစား ရုပ်ပဋ္ဌာန်းတရားတို့၏ ကွက်လပ်မရှိ တင်းကျမ်းပြည့်**

## ဆက်စပ်လျက် တည်ရှိပုံကို အကျဉ်းမျှ လင်းပြခြင်း

**မေး** ပထဝီစသည် သဘာဝကိုးပါး ရုပ်ပဋ္ဌာန်းတရားတို့တွင် အာပေါဓမ္မာရုံဟု ဆိုအပ်သော သဘာဝအစားစား ရုပ်ပဋ္ဌာန်းတရားတို့၏ ကွက်လပ်မရှိ တင်းကျမ်းပြည့် ဆက်စပ်လျက် တည်ရှိပုံတို့ကို မနောတွေ့ ဉာဏ်နှင့်ပါ ထင်မြင် ပေါက်ရောက်လာအောင် ဘယ်လို ဆင်ခြင်ပွားများ ရှုစားကြရပါမည်နည်း။

**ဖြေ** အာဗန္ဓနံ၊ ဖွဲ့စေးမှုသည်ငှင်း။ ပဂ္ဃရဏံ၊ ယိုစီးမှုသည်ငှင်း။ အာပေါ၊ ပရမတ်အနှစ် ရေအစစ်ပေတည်း။ ဒဗ္ဗံ၊ အဏုမြူနှယ် အနည်းငယ်မျှ အထည် ဒြဗ်ဟူ၍။ နတ္ထိ၊ မရှိ။ န ဒိဋ္ဌော၊ နတ်မျက်စိသော်မှလည်း မြင်ရသောဓာတ် မဟုတ်။ န ဖုဋ္ဌော၊ တို့၍ ထိ၍သော်လည်း ရသောဓာတ်မဟုတ်။ မနေန ဧဝ၊ မနောဒွါရအားဖြင့်သာလျှင်။ ဂယှတိ၊ ယူအပ် သိအပ်၏။

ဤသို့ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး မိန့်ကြားတော် မူအပ်သော လက္ခဏာဒီပနီကျမ်းနှင့် အညီ“ ဖွဲ့စေး, စီးယို နှစ်ပါးကို ခေါ်ဆို ရေဓာတ်စစ်” ဟူ၍ လွယ်ကူစွာ သိကြား နားလည်ကြစေရန် စီမံ၍ ပြအပ်သော လက်ာနှင့်ညီစွာ မိမိ၏ ကိုယ်ခန္ဓာကြီးနှင့်တကွ ဆက်စပ်လျက် တည်ရှိကြသော ကလာပ်မှုန့်တို့ကို အစပြု၍ ယခုအခါ မိမိမှ ဝဲ,ယာ ရှေ့နောက် အထက်အောက် အဆုံးအပိုင်းအခြား မရှိသော အနန္တစကြဝဠာဟု ဆိုအပ်သော ဩကာသ လောကကြီး၏ အတွင်း၌ တည်ရှိကြကုန်သော အရိပ်ကလာပ် စသည် ငှင်း ကလာပ်ရှစ်မျိုးတို့၏ အတွင်းသို့ မနောတွေ့ ဉာဏ်အမြင် ဆင်ခြင်ပွားများ၍

ကြည့်လိုက်စမ်းပါ၊ ဝါ-ကြည့်လိုက်သည်ရှိသော် အနန္တစကြဝဠာဟု ဆိုအပ်သော ဤသြကာသလောကကြီး အတွင်း၌ တော, တောင်, အိမ်, ကျောင်း စသည် အထည်ဝတ္ထုဖြစ်သော ပုံသဏ္ဌာန်တို့ကို မတွေ့မမြင်ကြရဘဲ အရေကလာပ်မှ ကြွင်းသော အရိပ်, အရောင်, မှောင်, အသံ, လေ, အနံ့ အဖတ်ကလာပ်တို့၏ အတွင်း၌ ဖွဲ့စေးမှု သဘောရှိသော အာပေါဓာတ်ဓမ္မာရုံ၊ သမုဒ္ဒရာရေ, မြစ်ရေ, ချောင်းရေ, မိုးရေနှင့် ကန်ရေအစရှိသော အရေကလာပ်မှုန့်တို့၏ အတွင်း၌ စီးယိုမှု သဘောရှိသော အာပေါဓာတ်ဓမ္မာရုံ၊ ဤဓမ္မာရုံအစားစား ရုပ်ပဋ္ဌာန်း တရားတို့ကိုသာလျှင် ထင်မြင်ကြရကုန်၏၊ ဝါ-ထင်မြင်ကြရလိမ့်မည်၊ ဤသို့ ထင်မြင်ခြင်းကို အလိုရှိကြကုန်သော ယောဂီအပေါင်း သူတော်ကောင်းတို့သည် ယခုရေးသား ဟောကြားခဲ့ပြီးသည့်အတိုင်း၊ ဝါ-ရေးသား ဟောကြားခဲ့တာလို ထင်မြင်အောင် ဆင်ခြင်ပွားများ ရှုစားကြရပါသည်။

**အထူးမှတ်ချက်** ယခုရေးသား ဟောကြားခဲ့ပြီးသော စကားရပ်၌ မနောတွေ့ ဉာဏ်အမြင်ဟု ရေးသားရခြင်းသည် အာပေါဓာတ် ဓမ္မာရုံသည် မနော ဝိညာဏ်စိတ်၏ အာရုံအရာဖြစ်၍ ရေးသား ဟောကြားလိုက်ရပေသတည်း။

---

**တေဇော ဖောဋ္ဌဗ္ဗာရုံတည်းဟူသော အစိတ်အပိုင်းဖြစ်သော သဘာဝ အစားစား ရုပ်ပဋ္ဌာန်းတရားတို့၏ ကွက်လပ်မရှိ တင်းကျမ်းပြည့်**

## တည်ရှိပုံတို့ကို အကျဉ်းမျှ လင်းပြခြင်း

**မေး** ပထဝီစသည် သဘာဝကိုးပါး ရုပ်ပဋ္ဌာန်းတရားတို့တွင် တေဇောဓာတ် ဖောဋ္ဌဗ္ဗာရုံဟု ဆိုအပ်သော သဘာဝအစားစား ရုပ်ပဋ္ဌာန်းတရားတို့၏ ကွက်လပ်မရှိ တင်းကျမ်းပြည့် ဆက်စပ်တည်ရှိပုံတို့ကို ကိုယ်တွေ့ရေ ဉာဏ်နှင့်ပါ ထင်မြင် ပေါက်ရောက်လာအောင် ဘယ်လို ဆင်ခြင်ပွားများ ရှုစားကြရပါမည်နည်း။

**ဖြေ** ဥဏှတာ၊ ပူသောအမှု။ သီတတာ၊ အေးသောအမှု။ အယံ၊ ဤအမှု သည်ပင်။ တေဇော၊ ပရမတ်အနှစ် မီးအစစ်ပေတည်း။ ဒဗ္ဗံ၊ အဏုမြူနှယ် အနည်းငယ်မျှ အထည်ဒြပ်ဟူ၍။ နတ္ထိ၊ မရှိ။ န ဒိဋ္ဌော၊ နတ်မျက်စိသော်မှလည်း

မြင်ရသောခေတ်မဟုတ်။ ကာယမနေဟိ ဝေ၊ ကာယဒွါရ, မနောဒွါရတို့ဖြင့် သာလျှင်။ ဂယှတိ၊ ယူအပ် သိအပ်၏။

ဤသို့ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးသည် မိန့်ကြားတော်မူအပ်သော လက္ခဏာဒီပနီကျမ်းနှင့်အညီ "ပူမှု အေးမှု၊ ဤနှစ်ခု၊ ခေါ်မူမီးဓာတ်စစ်" ဟူ၍ လွယ်ကူစွာ သိကြား နားလည်ကြစေရန် စီမံ၍ပြအပ်သော လင်္ကာနှင့်ညီစွာ မိမိတို့၏ ကိုယ်ခန္ဓာကြီးနှင့်တကွ ဆက်စပ်လျက် တည်ရှိကြသော ကလာပ်မှုန့်တို့ကို အစပြု၍ ယခုအခါ မိမိမှ ဝဲ ယာ,ရှေ့ နောက်,အထက် အောက်, အဆုံးအပိုင်းအခြား မရှိသော အနန္တစကြဝဠာဟု ဆိုအပ်သော ဩကာသလောကကြီးအတွင်း၌ တည်ရှိကြကုန်သော အရိပ်ကလာပ်စသည့် ရုင်းကလာပ်ရှစ်မျိုးတို့၏ အတွင်း၌ရှိသော တေဇောတွေ့ ဖောဋ္ဌဗ္ဗာရုံတို့ကို အကုန်လုံးနှံ့အောင် ကိုယ်ဖြင့်သုံးသပ် ဉာဏ်ဖြင့် ဆင်ခြင်ပွားများ၍ ကြည့်လိုက်စမ်းပါ၊ ဝါ-ကြည့်လိုက်သည်ရှိသော် အနန္တစကြဝဠာဟု ဆိုအပ်သော ဤဩကာသလောကကြီး၏ အတွင်း၌ တော, တောင်, အိမ်, ကျောင်း စသည့် အထည်ဝတ္ထုဖြစ်သော ပုံသဏ္ဌာန်တို့ကို မတွေ့မမြင်ကြရဘဲ ပူမှုကို ဖြစ်စေတတ်သော နေအရှိန်တန်ခိုး, မီး၏အရှိန်တန်ခိုး, ဥတု၏အရှိန်တန်ခိုး စသည်တို့နှင့် တွေ့ကြုံကြရသော ကလာပ်ဟူသမျှတို့၌ ပူမှုအတွေ့ရှိသော ဥဏှတေဇော ဖောဋ္ဌဗ္ဗာရုံ၊ ပူမှုကို ဖြစ်စေတတ်သော နေ၏အရှိန်တန်ခိုး မီး၏အရှိန်တန်ခိုး စသည်တို့နှင့် မတွေ့မကြုံကြရသော ကလာပ်ဟူသမျှတို့၌ အေးမှုအတွေ့ရှိသော သီတတေဇော ဖောဋ္ဌဗ္ဗာရုံဟု ဆိုအပ်သော တေဇော၏ သဘာဝအစားစား ရုပ်ပဋ္ဌာန်းတရားတို့ကိုသာလျှင် တွေ့မြင်ကြရကုန်၏၊ ဝါ-တွေ့မြင်ကြရလိမ့်မည်၊ ဤသို့ တွေ့မြင်ခြင်းကို အလိုရှိကြကုန်သော ယောဂီအပေါင်း သူတော်ကောင်းတို့သည် ယခုဟောကြားခဲ့ပြီးသည့်အတိုင်း၊ ဝါ-ရေးသား ဟောကြားတာလို ထင်မြင်အောင် ဆင်ခြင်ပွားများ ရှုစားကြရပါသည်။

**အထူးမှတ်ချက်** ယခုရေးသား ဟောကြားခဲ့ပြီးသော စကားရပ်၌ ကိုယ်တွေ့ရော ဉာဏ်နှင့်ပါဟု ရေးသား ဟောကြားရခြင်းသည် တေဇောဖောဋ္ဌဗ္ဗာရုံသည် ကာယဝိညာဏ်စိတ်၏ အာရုံအရာဖြစ်၍ ရေးသား ဟောကြားလိုက်ရပေသတည်း။

## ဝါယော ဖောဋ္ဌဗ္ဗာရုံ တည်းဟူသော အစိတ်အပိုင်းဖြစ်သော သဘာဝ အစားစား ရုပ်ပဋ္ဌာန်းတရားတို့၏ ကွက်လပ်မရှိ တင်းကျမ်းပြည့် တည်ရှိပုံတို့ကို အကျဉ်းမျှ လင်းပြခြင်း

**မေး** ပထဝီစသည့် သဘာဝကိုးပါး ရုပ်ပဋ္ဌာန်းတရားတို့တွင် ဝါယောဓာတ် ဖောဋ္ဌဗ္ဗာရုံဟု ဆိုအပ်သော သဘာဝအစားစား ရုပ်ပဋ္ဌာန်းတရားတို့၏ ကွက်လပ် မရှိ တင်းကျမ်းပြည့် ဆက်စပ်တည်ရှိပုံတို့ကို ကိုယ်တွေ့ရော ဉာဏ်နှင့်ပါ ထင်မြင် ပေါက်ရောက်လာအောင် ဘယ်လိုပွားများ ဆင်ခြင် ရှုစားကြရပါမည်နည်း။

**ဖြေ** ဝိတ္ထမ္ဘနံ၊ ထောက်ကန် တောင့်တင်းမှုသည်ဇင်း။ သမုဒီရဏံ၊ လှုပ်ကြွ ရွေ့လျားမှုသည်ဇင်း။ အယံ၊ ဤအမှုသည်။ ဝါယော၊ ပရမတ်အနှစ် လေအစစ် ပေတည်း။ ဒဗ္ဗံ၊ အဏုမြူနှယ် အနည်းငယ်မျှ အထည်ဒြဗ်ဟူ၍။ နတ္ထိ၊ မရှိ။ န ဒိဋ္ဌော၊ နတ်မျက်စိသော်မှလည်း မြင်ရသော ဓာတ်မဟုတ်။ ကာယမနေဟိ ဝေ၊ ကာယဒွါရ, မနောဒွါရတို့ဖြင့်သာလျှင်။ ဂယှတိ၊ ယူအပ် သိအပ်၏။

ဤသို့ ကျေးဇူးတော်ရှင် လယ်တီတောရ ဆရာတော်ဘုရားကြီးသည် မိန့်ကြားတော်မူအပ်သော လက္ခဏာဒီပနီကျမ်းနှင့်အညီ "ထောက်ကန်လှုပ်ရှား၊ ဤနှစ်ပါး၊ ခေါ်ငြားလေဓာတ်စစ်" ဟူ၍ လွယ်ကူစွာ သိကြားနားလည်ကြ စေရန် စီမံ၍ ပြအပ်သော လင်္ကာနှင့်ညီစွာ မိမိ၏ ကိုယ်ခန္ဓာကြီးနှင့် တကွနက် ဆက်စပ်လျက် တည်ရှိကြသော ကလာပ်မှုန့်တို့ကို အစပြု၍ ယခုအခါ မိမိမှ ဝဲ ယာ, ရှေ့နောက်,အထက်အောက်,အဆုံးအပိုင်းအခြားမရှိသော ဤဩကာသ လောကကြီး၏ အတွင်း၌ တည်ရှိကြကုန်သော အရိပ်ကလာပ်စသည် ကလာပ် ရှစ်မျိုးတို့၏ အတွင်းရှိ ဝါယော ဖောဋ္ဌဗ္ဗာရုံတို့ကို အကုန်လုံးနှံ့အောင် ကိုယ်ဖြင့် သုံးသပ် ဉာဏ်ဖြင့် ဆင်ခြင်၍ ကြည့်လိုက်စမ်းပါ၊ ဝါ-ကြည့်လိုက်သည်ရှိသော် အနန္တစကြဝဠာဟု ဆိုအပ်သော ဤဩကာသလောကကြီး အတွင်း၌ တော, တောင်, အိမ်, ကျောင်း စသည် အထည်ဝတ္ထုဖြစ်သော ပုံသဏ္ဌာန်တို့ကို မတွေ့ မမြင်ကြရဘဲ လှုပ်ရှားမှုကို ဖြစ်စေတတ်သော လေျင်၏ အရှိန်တန်ခိုး ကမ္ဘာ ပျက်လေ, ထွက်သက်လေ, ဝင်သက်လေ, တောင်လေ, မြောက်လေ စသည် လေတို့၏ အရှိန်တန်ခိုးတို့နှင့် မတွေ့မကြုံကြရသော ကလာပ်ဟူသမျှတို့၌ ထောက်ကန်မှု အတွေ့ရှိသော ဝါယော ဖောဋ္ဌဗ္ဗာရုံ လှုပ်မှုကို ဖြစ်စေတတ်သော

လျှော်၏ အရှိန်တန်ခိုး ကမ္ဘာပျက်လေ,ထွက်သက်လေ, တောင်လေ,မြောက်လေ စသည် လေ၏ အရှိန်တန်ခိုးတို့ဖြင့် တွေ့ကြုံကြရသော ကလာပ်ဟူသမျှတို့၌ လှုပ်ရှားမှု အတွေ့ရှိသော ဝါယော ဖောဋ္ဌဗ္ဗာရုံဟု ဆိုအပ်သော သဘာဝ အစားစား ရုပ်ပဋ္ဌာန်းတရားတို့ကို တွေ့မြင်ကြရကုန်၏၊ ဝါ-တွေ့မြင်ကြရလိမ့် မည်၊ ဤသို့ တွေ့မြင်ခြင်းကို အလိုရှိကုန်သော ယောဂီအပေါင်း သူတော် ကောင်းတို့သည် ယခုရေးသား ဟောကြားသည့်အတိုင်း၊ ဝါ-ရေးသား ဟော ကြားတာလို ဆင်ခြင်ပွားများ ရှုစားကြရပါသည်။

**အထူးမှတ်ချက်** ယခု ရေးသား ဟောကြားခဲ့ပြီးသော စကားရပ်၌ ကိုယ်တွေ့ ရော ဉာဏ်နှင့်ပါဟု ရေးသား ဟောကြားရခြင်းသည် ဝါယောဖောဋ္ဌဗ္ဗာရုံ အရာဖြစ်၍ ရေးသား ဟောကြားလိုက်ရပေသတည်း။

---

**ဝဏ္ဏဓာတ် အဆင်းရူပါရုံ တည်းဟူသော အစိတ်အပိုင်းဖြစ်သော သဘာဝ အစားစား ရုပ်ပဋ္ဌာန်းတရားတို့၏ ကွက်လပ်မရှိ တင်းကျမ်းပြည့်**

## တည်ရှိပုံတို့ကို အကျဉ်းမျှ လင်းပြခြင်း

**မေး** ပထဝီစသည် သဘာဝကိုးပါး ရုပ်ပဋ္ဌာန်းတရားတို့တွင် ဝဏ္ဏဓာတ် ရူပါရုံ ဟု ဆိုအပ်သော သဘာဝအစားစား ရုပ်ပဋ္ဌာန်းတရားတို့၏ ကွက်လပ်မရှိ တင်းကျမ်းပြည့် ဆက်စပ်လျက် တည်ရှိပုံတို့ကို မျက်စိတွေ့ရော ဉာဏ်နှင့်ပါ ထင်မြင် ပေါက်ရောက်လာအောင် ဘယ်လို ခြင်ဆင်ပွားများ ရှုစားကြရ ပါအံ့နည်း။

**ဖြေ** "နက် နီ ဖြူ ဝါ၊ အစိမ်း ပြာ၊ ခြောက်ဖြာအဆင်းရူ" ဤသို့ မိန့်ဆိုတော် မူသော လက်ာနှင့်ညီစွာ မိမိ၏ ကိုယ်ခန္ဓာကြီးနှင့် ဆက်စပ်လျက် တည်ရှိကြ သော ကလာပ်မှုန့်တို့ကို အစပြု၍ ယခုအခါ မိမိမှ ဝဲ ယာ, ရှေ့ နောက်,အထက် အောက် အဆုံးအပိုင်းအခြားမရှိသော ဤသြကာသလောကကြီး၏ အတွင်း၌ တည်ရှိကြကုန်သော အရိပ်ကလာပ်, အရောင်ကလာပ်, အမှောင်ကလာပ်, အသံကလာပ်, လေကလာပ်, ရေကလာပ်, အနံ့ကလာပ်, အဖတ်ကလာပ် ၎င်း ကလာပ်ရှစ်မျိုးတို့၏ အတွင်းရှိ ဝဏ္ဏဓာတ် အဆင်းရူပါရုံတို့ကို အကုန်လုံး နှံ့အောင် မျက်စိဖြင့် ရှုမြင် ဉာဏ်ဖြင့်ဆင်ခြင်၍ ကြည့်လိုက်စမ်းပါ၊ ဝါ-ကြည့်

လိုက်သည်ရှိသော် အနန္တစကြဝဠာဟု ဆိုအပ်သော ဤသြကာသလောကကြီး၏ အတွင်း၌ တော, တောင်, အိမ် ကျောင်း စသည် အထည်ဝတ္ထုဟု ဆိုအပ်သော ပုံသဏ္ဌာန်တို့ကို မတွေ့မမြင်ကြရဘဲ အရိပ်ကလာပ်, အရောင်ကလာပ် စသည် ၎င်း ရှစ်မျိုးသော ကလာပ်တို့၏ အတွင်း၌ နက်မှုသဘော,နီမှုသဘော, ဖြူမှုသဘော, ဝါမှုသဘော, စိမ်းမှုသဘော, ပြာမှုသဘောရှိသော ဝဏ္ဏဓာတ် အဆင်းရူပါရုံဟု ဆိုအပ်သော သဘာဝ အစားစား ရုပ်ပဋ္ဌာန်းတရားတို့ကို သာလျှင် ထင်မြင်ကြရကုန်၏၊ ဝါ-ထင်မြင်ကြရလိမ့်မည်၊ ဤသို့ ထင်မြင်ခြင်းကို အလိုရှိကြကုန်သော ယောဂီအပေါင်း သူတော်ကောင်းတို့သည် ယခု ရေးသား ဟောကြားခဲ့သည့်အတိုင်း၊ ဝါ-ရေးသား ဟောကြားတာလို ဆင်ခြင်ပွားများ ရှုစားကြရပါသည်။

**အထူးမှတ်ချက်** ယခုရေးသား ဟောကြားခဲ့ပြီးသော စကားရပ်၌ မျက်စိရောဉာဏ်နှင့်ပါဟု ရေးသား ဟောကြားရခြင်းသည် ရူပါရုံသည် စက္ခုဝိညာဏ်စိတ်၏ အာရုံအရာဖြစ်၍ ရေးသား ဟောကြားလိုက်ရပေသတည်း။

---

အနန္တဓာတ်ဂန္ဓာရုံဟု ဆိုအပ်သော အစိတ်အပိုင်းဖြစ်သော သဘာဝအစားစား ရုပ်ပဋ္ဌာန်းတရားတို့၏ ကွက်လပ်မရှိ တင်းကျမ်းပြည့်

## ဆက်စပ် တည်ရှိပုံတို့ကို အကျဉ်းမျှ လင်းပြခြင်း

**မေး** ပထဝီစသည် သဘာဝ အစားစား ရုပ်ကိုးပါး ပဋ္ဌာန်းတရားတို့တွင် အနံ့ဓာတ် ဂန္ဓာရုံဟု ဆိုအပ်သော သဘာဝအစားစား ရုပ်ပဋ္ဌာန်းတရားတို့၏ ကွက်လပ်မရှိ တင်းကျမ်းပြည့် ဆက်စပ်လျက် တည်ရှိပုံတို့ကို နှာခေါင်းတွေ့ရောဉာဏ်နှင့်ပါ ထင်မြင်ပေါက်ရောက်လာအောင် ဘယ်လို ဆင်ခြင်ပွားများ ရှုစားကြရပါမည်နည်း။

**ဖြေ** "ပုပ်သိုး မွှေးကြိုင်၊ နံ့ သင်းလှိုင်၊ ဆုံးတိုင်အနံ့ရှ" ဤသို့ မိန့်ဆိုတော်မူအပ်သော လင်္ကာနှင့်ညီစွာ မိမိ၏ ကိုယ်ခန္ဓာကြီးနှင့် ဆက်စပ်လျက် တည်ရှိကြသော ကလာပ်မှုန့်တို့ကို အစပြု၍ ယခုအခါ မိမိမှ ဝဲ ယာ, ရှေ့ နောက်, အထက် အောက် အဆုံးအပိုင်းအခြားမရှိသော အနန္တစကြဝဠာဟု ဆိုအပ်သော ဤ သြကာသလောကကြီး၏ အတွင်း၌ တည်ရှိကြကုန်သော အရိပ်ကလာပ်,

အရောင်ကလာပ်, အမှောင်ကလာပ်, အသံကလာပ်, လေကလာပ်, ရေကလာပ်, အနံ့ကလာပ်, အဖတ်ကလာပ် ၎င်းကလာပ်ရှစ်မျိုးတို့၏ အတွင်းရှိ အနံ့ခေတ် ဂန္ဓာရုံတို့ကို အကုန်လုံးနှံ့အောင် နှာခေါင်းဖြင့် နမ်းရှုပ် ဉာဏ်ဖြင့်ရှု ဆင်ခြင် လိုက်စမ်းပါ၊ ဝါ-ရှုဆင်ခြင်လိုက်သည်ရှိသော် အနန္တစကြဝဠာဟု ဆိုအပ်သော ဤ ဩကာသလောကကြီး၏ အတွင်း၌ တော, တောင်, အိမ် ကျောင်းစသည် အထည်ဝတ္ထုဖြစ်သော ပုံသဏ္ဌာန်တို့ကို မတွေ့မမြင်ကြရဘဲ အရိပ်ကလာပ်, အရောင်ကလာပ် စသည် ၎င်း ကလာပ်ရှစ်မျိုးတို့၏ အတွင်း၌ ပုပ်မှုသဘော, သိုးမှုသဘော, မွှေးမှုသဘော, ကြိုင်မှုသဘော, သင်းနံ့မှု သဘောရှိသော ဂန္ဓခေတ် အနံ့ဂန္ဓာရုံဟု ဆိုအပ်သော သဘာဝအစားစား ရုပ်ပဋ္ဌာန်းတရားတို့ ကိုသာလျှင် ထင်မြင်ကြရကုန်၏၊ ဝါ-ထင်မြင်ကြရလိမ့်မည်၊ ဤသို့ ထင်မြင်ခြင်း ကို အလိုရှိကြကုန်သော ယောဂီအပေါင်း သူတော်ကောင်းတို့သည် ယခု ရေးသား ဟောကြားသည့်အတိုင်း၊ ဝါ-ရေးသား ဟောကြားတာလို ဆင်ခြင် ပွားများ ရှုစားကြရပါသည်။

**အထူးမှတ်ချက်** ယခုရေးသား ဟောကြားခဲ့ပြီးသော စကားရပ်၌ နှာခေါင်း တွေ့ရော ဉာဏ်နှင့်ပါဟု ရေးသား ဟောကြားရခြင်းသည် ဂန္ဓာရုံသည် ဃာနဝိညာဏ်စိတ်၏ အာရုံအရာဖြစ်၍ ရေးသား ဟောကြားလိုက်ရပေ သတည်း။

---

### ရသခေတ် ရသာရုံတည်းဟူသော အစိတ်အပိုင်းဖြစ်သော သဘာဝအစားစား ရုပ်ပဋ္ဌာန်းတရားတို့၏ ကွက်လပ်မရှိ တင်းကျမ်းပြည့်

## တည်ရှိပုံတို့ကို အကျဉ်းမျှ လင်းပြခြင်း

**မေး** ပထဝီစသည် သဘာဝအစားစား ရုပ်ကိုးပါး ပဋ္ဌာန်းတရားတို့တွင် ရသခေတ် ရသာရုံဟု ဆိုအပ်သော သဘာဝအစားစား ရုပ်ပဋ္ဌာန်းတရားတို့၏ ကွက်လပ်မရှိ တင်းကျမ်းပြည့် ဆက်စပ်လျက် တည်ရှိကြပုံတို့ကို လျှာတွေ့ရော ဉာဏ်နှင့်ပါ ထင်မြင်ပေါက်ရောက်လာအောင် ဘယ်လို ဆင်ခြင်ပွားများ ရှုစား ကြရပါမည်နည်း။

**ဖြေ** "ချို စပ် ချဉ် ခါး၊ ငန် ဖန်ပြား၊ ခြောက်ပါးရသာရှု" ဤသို့ မိန့်ဆိုတော်မူအပ်သော လက်ာနှင့်ညီစွာ မိမိ၏ ကိုယ်ခန္ဓာကြီးနှင့် ဆက်စပ်လျက် တည်ရှိကြသော ကလာပ်မှုန့်တို့ကို အစပြု၍ ယခုအခါ မိမိမှ ဝဲ ယာ, ရှေ့ နောက်, အထက် အောက် အဆုံးအပိုင်းအခြားမရှိသော အနန္တစကြဝဠာဟု ဆိုအပ်သော ဤသြကာသလောကကြီး၏ အတွင်း၌ တည်ရှိကြကုန်သော အရိပ်ကလာပ်, အရောင်ကလာပ်, အမှောင်ကလာပ်, အသံကလာပ်, လေကလာပ်, ရေကလာပ်, အနံ့ကလာပ်, အဖတ်ကလာပ် ၎င်း ကလာပ်ရှစ်မျိုးတို့၏ အတွင်းရှိ ရသဓာတ်-ရသာရုံတို့ကို အကုန်လုံးနှံ့အောင် လျှာဖြင့်စားလျက် ဉာဏ်ဖြင့် သက်ငင် ဆင်ခြင်လိုက်စမ်းပါ၊ ဝါ-ဆင်ခြင်လိုက်သည်ရှိသော် အနန္တစကြဝဠာဟု ဆိုအပ်သော ဤသြကာသလောကကြီး၏ အတွင်း၌ တော, တောင်, အိမ် ကျောင်း စသည် အထည်ဝတ္ထု ဖြစ်သော ပုံသဏ္ဌာန်တို့ကို မတွေ့မမြင်ကြရဘဲ အရိပ်ကလာပ်, အရောင်ကလာပ် စသည် ကလာပ်ရှစ်မျိုး၊ကလာပ်တို့၏ အတွင်း၌ ချိုမှုသဘော, စပ်မှုသဘော, ချဉ်မှုသဘော, ခါးမှုသဘော, ငန်မှုသဘော, ဖန်မှုသဘော ရှိသော ရသဓာတ်-ရသာရုံဟု ဆိုအပ်သော သဘာဝ အစားစား ရုပ်ပဋ္ဌာန်းတရားတို့ကိုသာလျှင် ထင်မြင်ကြရကုန်၏၊ ဝါ-ထင်မြင်ကြရလိမ့်မည်၊ ထိုသို့ ထင်မြင်ခြင်းကို အလိုရှိကြကုန်သော ယောဂီအပေါင်း သူတော်ကောင်းတို့သည် ယခုရေးသား ဟောကြားသည့်အတိုင်း ဆင်ခြင်ပွားများ ရှုစားကြရပါသည်။

**အထူးမှတ်ချက်** ယခုရေးသား ဟောကြားခဲ့ပြီးသော စကားရပ်၌ လျှာတွေ့ရော ဉာဏ်နှင့်ပါဟု ရေးသား ဟောကြားရခြင်းသည် ရသာရုံသည် ဇိဝှါဝိညာဏ်စိတ်၏ အာရုံအရာဖြစ်၍ ရေးသား ဟောကြားလိုက်ရပေသတည်း။

---

### သြဇာဓာတ်ဓမ္မာရုံဟု ဆိုအပ်သော အစိတ်အပိုင်းဖြစ်သော သဘာဝ အစားစား ရုပ်ပဋ္ဌာန်းတရားတို့၏ ကွက်လပ်မရှိ တင်းကျပ်းပြည့်

## ဆက်စပ် တည်ရှိပုံတို့ကို အကျဉ်းမျှ လင်းပြခြင်း

**မေး** ပထဝီစသည့် သဘာဝ အစားစား ရုပ်ကိုးပါး ပဋ္ဌာန်းတရားတို့တွင် သြဇာဓာတ်ဓမ္မာရုံဟု ဆိုအပ်သော သဘာဝ အစားစား ရုပ်ပဋ္ဌာန်းတရားတို့၏ ကွက်လပ်မရှိ တင်းကျပ်းပြည့် ဆက်စပ် တည်ရှိပုံတို့ကို မနောတွေ့ရော ဉာဏ်နှင့်

ပါ ထင်မြင် ပေါက်ရောက်လာအောင် ဘယ်လို ဆင်ခြင်ပွားများ ရှုစားကြရပါမည်နည်း။

**ဖြေ** "တက် သက်နှစ်ဖြာ၊ ရုပ်ဩဇာ၊ မှတ်ပါဓမ္မာရုံ" ဤသို့ မိန့်ဆိုတော်မူအပ်သော လက်ာနှင့်ညီစွာ မိမိတို့၏ ကိုယ်ခန္ဓာကြီးနှင့်တကွ ဆက်စပ်လျက် တည်ရှိကြသော ကလာပ်မှုန့်တို့ကို အစပြု၍ ယခုအခါ မိမိမှ ဝဲယာ, ရှေ့နောက်, အထက် အောက် အဆုံးအပိုင်းအခြားမရှိသော အနန္တစကြဝဠာဟုဆိုအပ်သော ဤဩကာသလောကကြီး၏ အတွင်း၌ တည်ရှိကြကုန်သော အရိပ်ကလာပ်စသည် ကလာပ်ရစ်မျိုးတို့၏ အတွင်းသို့ မနောတွေ့ ဉာဏ်အမြင် ဆင်ခြင်ပွားများ၍ ကြည့်လိုက်စမ်းပါ,ဝါ-ကြည့်လိုက်သည်ရှိသော် အနန္တစကြဝဠာဟု ဆိုအပ်သော ဤဩကာသလောကကြီး၏ အတွင်း၌ တော, တောင်,အိမ် ကျောင်းစသည် အထည်ဝတ္ထုဖြစ်သော ပုံသဏ္ဌာန်ကြီးကို မတွေ့မမြင်ကြရဘဲ ၎င်းအရိပ်ကလာပ်, အရောင်ကလာပ် စသည် ကလာပ်ရစ်မျိုးတို့၏ အတွင်း၌ တက်မှုသဘော, သက်မှုသဘောရှိသော ဩဇာဓာတ်ဓမ္မာရုံဟု ဆိုအပ်သော သဘာဝအစားစား ရုပ်ပဋ္ဌာန်းတရားတို့ကိုသာလျှင် ထင်မြင်ကြရကုန်၏၊ ဝါ-ထင်မြင်ကြရလိမ့်မည်၊ ဤသို့ ထင်မြင်ခြင်းကို အလိုရှိကြကုန်သော ယောဂီအပေါင်းသူတော်ကောင်းတို့သည် ယခုရေးသား ဟောကြားသည့်အတိုင်း၊ ဝါ-ရေးသားဟောကြားတာလို ဆင်ခြင်ပွားများ ရှုစားကြရပါသည်။

**အထူးမှတ်ချက်** ဩဇာဓာတ် ဓမ္မာရုံသည် မနောဝိညာဏ်စိတ်၏ အာရုံအရာဖြစ်၍ မနောတွေ့ရော ဉာဏ်နှင့်ပါဟု ရေးသား ဟောကြားလိုက်ရပေသတည်း။

---

**အသံဓာတ် သဒ္ဒါရုံတည်းဟူသော အစိတ်အပိုင်းဖြစ်သော သဘာဝ အစားစား ရုပ်ပဋ္ဌာန်းတရားတို့၏ ကွက်လပ်မရှိ**

## တင်းကျမ်းပြည့်ဆက်စပ်လျက် တည်ရှိပုံတို့ကို အကျဉ်းမျှ လင်းပြခြင်း

**မေး** ပထဝီစသည် သဘာဝကိုးပါး ရုပ်ပဋ္ဌာန်းတရားတို့၏ အတွင်း၌ အသံဓာတ်သဒ္ဒါရုံဟုဆိုအပ်သော သဘာဝအစားစားရုပ်ပဋ္ဌာန်းတရားတို့၏ ကွက်လပ်

မရှိ တင်းကျမ်းပြည့်ဆက်စပ်လျက် တည်ရှိပုံတို့ကို နားတွေ့ရော ဉာဏ်နှင့်ပါ ထင်မြင်ပေါက်ရောက် လာအောင် ဘယ်လိုဆင်ခြင်ပွားများ ရှုစားကြရပါ မည်နည်း။

မေး “နက် တိမ် စူးသာ၊ ပြန့်မသာ၊ များစွာအသံရှု” ဤသို့မိန့်ဆိုတော်မူအပ် သော လက်ာနှင့်ညီစွာ မိမိ၏ကိုယ်ခန္ဓာကြီးနှင့် တကွနက် ဆက်စပ်လျက်တည်ရှိ ကြသော ကလာပ်မှုန့်တို့ကအစပြု၍ ယခုအခါ မိမိမှ ဝဲ ယာ ရှေ့ နောက် အထက် အောက် အဆုံးအပိုင်း အခြား မရှိသော အနန္တစကြာဝဠာဟု ဆိုအပ်သော ဩကာသလောကကြီး၏အတွင်း၌ တည်ရှိကြကုန်သော အရိပ်ကလာပ်,အရောင် ကလာပ်, မှောင်ကလာပ်, အသံကလာပ်, လေကလာပ်, အရေကလာပ်, အနံ့ ကလာပ်, အဖတ်ကလာပ် ၎င်းကလာပ်ရှစ်မျိုးတို့၏အတွင်းရှိ အသံဓာတ်သဒ္ဒါရုံ တို့ကို အကုန်လုံးနှံ့အောင် နားဖြင့်နားထောင် ဉာဏ်ဖြင့် ဆင်ခြင်လိုက်စမ်းပါ၊ ဝါ-ဆင်ခြင်လိုက်သည်ရှိသော် အနန္တစကြာဝဠာဟု ဆိုအပ်သော ဤဩကာသ လောကကြီး၏အတွင်း၌ တော, တောင်, အိမ် ကျောင်းစသည် အထည်ဝတ္ထု ဖြစ်သော ပုံသဏ္ဍာန်တို့ကို မတွေ့မမြင်ကြရဘဲ အရိပ်ကလာပ်, အရောင်ကလာပ်, အမှောင်ကလာပ်, အသံကလာပ်, လေကလာပ်, ရေကလာပ်, အနံ့ကလာပ်, အဖတ်ကလာပ်, ၎င်းကလာပ်ရှစ်မျိုးတို့၏ အတွင်း၌ မိုးသံကြိုးပစ်ခြင်း, မိုးသံ ချုန်းခြင်း, တော်လည်းခြင်း, လျှင်လှုပ်ခြင်း, အမြောက် သေနတ်ပစ်ခြင်း ကမ်းပါးပြိုခြင်း, ထန်းပင်, ပေပင်လဲခြင်း, ရေဒီယိုမှအသံလွှင့်ခြင်း စသည်တို့ ကြောင့်ဖြစ်သော ဥတုဇသဒ္ဒဟုဆိုအပ်သော နက်မှုသဘော, တိမ်မှုသဘော, စူးရှမှုသဘော, သာယာမှုသဘော, ပြန့်နှံ့မှုသဘော, မသာယာမှုသဘောရှိသော အသံသဒ္ဒါရုံ၊ အသက်ရှိသော လူ နတ် ဗြဟ္မာစသည် သတ္တဝါတို့၏ ပြောဆို တွန်ကျူး မြည်ထူးဟစ်အော် ကြွေးကြော်ငိုရိုခြင်းစသည်တို့ကြောင့် ဖြစ်ပေါ် သော စိတ္တဇသဒ္ဒဟုဆိုအပ်သော နက်မှုသဘော, တိမ်မှုသဘော, စူးရှမှုသဘော, သာယာမှုသဘော, ပြန့်နှံ့မှုသဘော မသာယာမှုသဘောရှိသော အသံဓာတ် သဒ္ဒါရုံဟုဆိုအပ်သော သဘာဝအစားစား ရုပ်ပဋ္ဌာန်း တရားတို့ကိုသာလျှင် ထင်မြင်ကြရကုန်၏၊ ဝါ-ထင်မြင်ကြရလိမ့်မည်၊ ဤသို့ထင်မြင်ခြင်းကို အလိုရှိကြ ကုန်သော ယောဂီအပေါင်း သူတော်ကောင်းတို့သည် ယခုရေးသားဟောကြား

သည့်အတိုင်း၊ ဝါ-ရေးသား ဟောကြားတာလို ဆင်ခြင်ပွားများ ရှုစားကြရပါသည်။

**အထူးမှတ်ချက်** ယခုရေးသား ဟောကြားအပ်ပြီးသောစကားရပ်၌ နားတွေ့ရော ဉာဏ်နှင့်ပါဟု ရေးသား ဟောကြား ရခြင်းသည် အသံ သဒ္ဒါရုံသည်သောတ ဝိညာဏ်စိတ်၏ အာရုံဖြစ်၍ ရေးသားဟောကြားရ ပေသတည်း၊ ဤသို့ ပထဝီစသည် ရုပ်ကိုးပါး သဘာဝ အစားစားတို့ကို ဉာဏ်နုကြသူ ယောဂီဖြူတို့ပါ လွယ်ကူစွာဖြင့် နားလည်ကျေနပ်ကြ မှတ်မိကြလေအောင် မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးသည် သတ္တဝါ အများတို့အား ရာဟုလာမခြား သနားတော်မူသောအားဖြင့် သုတ်ဝိနည်း အဘိဓမ္မာတရားတို့ကို ပေယျာလ မထားမူ၍ ဟောကြားတော်မူဘိသကဲ့သို့ ၎င်းတရားတော်ကြီးကို ရေးသားဟောကြားဆဲအခါ၌ ကိုယ်၏ဆင်းရဲခြင်း စိတ်၏ဆင်းရဲခြင်းတို့ကို ပမာနမထားမူ၍ ကရုဏာနှင့် မေတ္တာတရား ရှေ့ရှုထား၍ ရေးသား ဟောကြားအပ်ပေသည်တို့ကို ဤကျမ်းစာအုပ်ကြီးကို ကြည့်ရှုကြသူ ယောဂီဖြူတို့သည် အဓိပတိပစ္စည်း ဝီရိယပဋ္ဌာန်း တရားကြီးကို ဦးစီးနာယကပြုပြီးလျှင် အထပ်ထပ် အခါခါ မကြာမကြာ ကြည့်ရှု နိုင်ကြပါစေသတည်း၊ ဝါ-ကြည့်ရှုကြပါလေ ယောဂီမြတ်တွေတို့။

အနန္တစကြဝဠာဟု ဆိုအပ်သော ဩကာသလောကကြီး၏ အတွင်း၌
ပထဝီစသည် ရုပ်ကိုးပါး ပဋ္ဌာန်းတရားတို့သည် အသီးအသီး
ကွက်လပ်မရှိ တင်းကျမ်းပြည့် ဆပ်စပ်တည်ရှိပုံတို့ကို
အကျဉ်းမျှ လင်းပြခြင်း ပြီး၏။

---

## ပဋ္ဌာန်းဘုံ ပဋ္ဌာန်းလောက ဝေဘန်ပုံကို အကျဉ်းမျှလင်းပြခြင်း

**မေး** ပထဝီစသည် သဘာဝ အစားစား ရုပ်ပဋ္ဌာန်းတရားတို့သည် တင်းကျမ်းပြည့် ဆက်စပ်လျက်တည်ရှိကြသော အနန္တစကြဝဠာဟု ဆိုအပ်သော ဩကာသလောကကြီးကို ဘုံဌာနနှင့်တွဲ၍ ပြောရပါမူ ပဋ္ဌာန်းဘုံပေါင်း ဘယ်နှစ်မျိုး ရှိပါသနည်း။

ဖြေ ၁-ကာမပဋ္ဌာန်းဘုံ၊ ၂-ရူပပဋ္ဌာန်းဘုံ၊ ၃-အရူပပဋ္ဌာန်းဘုံ၊ ပေါင်းပဋ္ဌာန်းဘုံ ၃-မျိုးရှိပါသည်။

မေး ၎င်းဩကာသလောကကြီး၏ အတွင်း၌ ပဋ္ဌာန်းဘုံ ၃-မျိုး ရှိရာတို့တွင် ကာမပဋ္ဌာန်းဘုံပေါင်း မည်မျှ ရူပပဋ္ဌာန်းဘုံပေါင်း မည်မျှ အရူပပဋ္ဌာန်းဘုံပေါင်း မည်မျှစီ ရှိပါသနည်း။

ဖြေ ၎င်းဩကာသလောကကြီး၏အတွင်း၌ စကြဝဠာပေါင်း အနန္တဖြစ်လေသောကြောင့် ၎င်းစကြဝဠာအနန္တ၏အတွင်း၌ဘည်ရှိကြကုန်သော ဘုံ ၃-မျိုးတို့တွင် ကာမပဋ္ဌာန်းဘုံလည်း အနန္တ ရူပပဋ္ဌာန်းဘုံလည်း အနန္တ အရူပပဋ္ဌာန်းဘုံလည်း အနန္တ စီ ဖြစ်ပါသည်။

ဩကာသလောကကြီးကို ဘုံဌာနနှင့်တွဲ၍ ဝေဘန်ပုံကို
အကျဉ်းမျှ လင်းပြခြင်း ပြီး၏။

---

မေး ၎င်းဩကာသလောကကြီးကို ဝေါကာရနှင့်တွဲ၍ ပြောရပါမူ ပဋ္ဌာန်းဘုံပေါင်း မည်မျှရှိပါသနည်း။

ဖြေ ပဉ္စဝေါကာရပဋ္ဌာန်းဘုံ၊စတုဝေါကာရပဋ္ဌာန်းဘုံ၊ဧကဝေါကာရပဋ္ဌာန်းဘုံပေါင်း ဝေါကာရပဋ္ဌာန်းဘုံပေါင်း ၃-မျိုးရှိပါသည်။

မေး အဘယ့်ကြောင့် ပဉ္စဝေါကာရ ပဋ္ဌာန်းဘုံဟု ခေါ်ပါသနည်း။

ဖြေ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ဟု ဆိုအပ်သော ခန္ဓာငါးပါး ပဋ္ဌာန်းတရားတို့ဖြင့် ပဋိသန္ဓေနေသော သတ္တဝါတို့၏ တည်မှီရာဖြစ်သောကြောင့် ပဉ္စဝေါကာရ ပဋ္ဌာန်းဘုံဟု ခေါ်ပါသည်။

မေး အဘယ့်ကြောင့် စတုဝေါကာရ ပဋ္ဌာန်းဘုံဟု ခေါ်ပါသနည်း။

ဖြေ ဝေဒနာ,သညာ, သင်္ခါရ, ဝိညာဏ်ဟု ဆိုအပ်သော နာမက္ခန္ဓာလေးပါး ပဋ္ဌာန်းတရားတို့ဖြင့် ပဋိသန္ဓေနေသော သတ္တဝါတို့၏ တည်မှီရာဖြစ်သောကြောင့် စတုဝေါကာရပဋ္ဌာန်းဘုံဟု ခေါ်ပါသည်။

မေး အဘယ့်ကြောင့် ဧကဝေါကာရ ပဋ္ဌာန်းဘုံဟု ခေါ်ပါသနည်း။

ဖြေ ရုပ်ဟုဆိုအပ်သော ခန္ဓာတပါး ပဋ္ဌာန်းတရားဖြင့်သာ ပဋိသန္ဓေနေသော သတ္တဝါတို့၏ တည်မှီရာ ဖြစ်သောကြောင့် ဧကဝေါကာရ ပဋ္ဌာန်းဘုံဟု ခေါ်ပါသည်။

မေး ခန္ဓာငါးပါး ပဋ္ဌာန်းတရားတို့ဖြင့် ပဋိသန္ဓေနေသော သတ္တဝါတို့၏ တည်မှီရာဖြစ်သော ပဥ္စဝေါကာရ ပဋ္ဌာန်းဘုံသည် မည်မျှရှိပါသနည်း။

ဖြေ ကာမတဆဲ့တဘုံ အသညသတ်ကြဉ်သော ရူပတဆဲ့ငါးဘုံ့ပေါင်း ပဥ္စဝေါကာရပဋ္ဌာန်း ဘုံသည် နှစ်ဆဲ့ခြောက်ဘုံ ရှိပါသည်။

မေး နာမက္ခန္ဓာလေးပါး ပဋ္ဌာန်းတရားတို့ဖြင့် ပဋိသန္ဓေနေသောသတ္တဝါတို့၏ တည်မှီရာဖြစ်သော စတုဝေါကာရ ပဋ္ဌာန်းဘုံသည် မည်မျှရှိပါသနည်း။

ဖြေ အရူပလေးဘုံ့ပေါင်း စတုဝေါကာရ ပဋ္ဌာန်းဘုံသည် လေးဘုံရှိပါသည်။

မေး ခန္ဓာတပါး ရုပ်ပဋ္ဌာန်းတရားဖြင့် ပဋိသန္ဓေနေသော သတ္တဝါတို့၏ တည်မှီရာဖြစ်သော ဧကဝေါကာရ ပဋ္ဌာန်းဘုံသည် မည်မျှရှိပါသနည်း။

ဖြေ အသညသတ် တဘုံ့ ပေါင်း ဧကဝေါကာရ ပဋ္ဌာန်းဘုံသည် တဘုံသာ ရှိပါသည်။

သြကာသလောကကြီးကို ဝေါကာရနှင့်တွဲ၍ ဝေဘန်ပုံကို
အကျဉ်းမျှလင်းပြခြင်း ပြီး၏။

---

မေး တနည်း ပဋ္ဌာန်းဘုံသုံးမျိုးတို့ကို လောကနှင့်တွဲ၍ ပြောကြပါမူ ပဋ္ဌာန်းလောက ဘယ်နှစ်မျိုး ရှိပါသနည်း။

ဖြေ ၁-ကာမ ပဋ္ဌာန်းလောက၊ ၂-ရူပ ပဋ္ဌာန်းလောက၊ ၃-အရူပ ပဋ္ဌာန်းလောက၊ ပေါင်း ပဋ္ဌာန်းလောက သုံးမျိုး ရှိပါသည်။

မေး ၎င်း ကာမဘုံ, ရူပဘုံ, အရူပဘုံတို့၌၊ ဝါ-ကာမလောက, ရူပလောက, အရူပလောကတို့၌ ဘယ်ပဋ္ဌာန်းတွေ တင်းကျမ်းပြည့် ဆက်စပ်လျက် ကွက်လပ်မရှိ တည်ရှိကြသောကြောင့် ပဋ္ဌာန်းဘုံ ပဋ္ဌာန်းလောကဟု ခေါ်ဆိုပါသနည်း။

**ဖြေ** ပထဝီစသည် သဘာဝ အစားစား ရုပ်ကိုးပါး ပဋ္ဌာန်းတရားတို့သည် တင်းကျမ်းပြည့် ဆက်စပ်လျက် ကွက်လပ်မရှိ တည်ရှိကြသောကြောင့် ပဋ္ဌာန်းဘုံ, ပဋ္ဌာန်းလောကဟု ခေါ်ဆိုပါသည်။

**မေး** ပထဝီစသည် သဘာဝ အစားစား ရုပ်ပဋ္ဌာန်းတရားတို့သည် တင်းကျမ်းပြည့် ဆက်စပ်လျက် ကွက်လပ်မရှိ တည်ရှိကြသောကြောင့် ပဋ္ဌာန်းဘုံ, ပဋ္ဌာန်းလောကဟု ခေါ်ဆိုခဲ့လို့ရှိလျှင် အရှေ့, အနောက်, တောင်, မြောက်, အထက်, အောက် အဆုံးအပိုင်းအခြား မရှိသော အနန္တစကြဝဠာဟု ဆိုအပ်သော သြကာသလောကကြီးသည် ဘာဘုံ, ဘာလောကကြီးဖြစ်၍ နေပါသနည်း။

**ဖြေ** ပဋ္ဌာန်းဘုံ ပဋ္ဌာန်းလောကကြီးဖြစ်၍ နေပါသည်။

ပဋ္ဌာန်းဘုံ ပဋ္ဌာန်းလောက ဝေဘန်ပုံကို အကျဉ်းမျှ
လင်းပြခြင်း ပြီး၏။

---

**အထူးမှာထား တိုက်တွန်းချက်** ပထဝီစသည် သဘာဝအစားစား ရုပ်ပဋ္ဌာန်းတရားတို့သည် အရှေ့, အနောက်, တောင်, မြောက်, အထက်, အောက်, အဆုံး အပိုင်းအခြား မရှိသော အနန္တစကြဝဠာဟု ဆိုအပ်သော သြကာသလောကကြီး၏ အတွင်း၌ တင်းကျမ်းပြည့် ဆက်စပ်လျက် ကွက်လပ်မရှိ တည်ရှိပုံတို့ကို ဟေတုပစ္စည်း ပဋ္ဌာန်းတရားကြီး၌ ရေးသား ဟောကြားစဉ်အခါက နားလည်ကြအောင် အပြည့်အစုံ ရေးသား ဟောကြားခဲ့ပြီးဖြစ်၍ နောင်ရေးသား ဟောကြားလတ္တံ့သော အာရမ္မဏပစ္စည်း စသည်ကြွင်းကျန်သော ပစ္စည်းတို့၌ အကျဉ်းမျှသာ ရေးသား ဟောကြားတော့မည်ဖြစ်၍ ယခုရေးသား ဟောကြားပြီးသော ဟေတုပစ္စည်း ပဋ္ဌာန်းတရားကြီးကို မှတ်မိကြသည်ထက် မှတ်မိကြလေအောင် အကြိမ်ကြိမ် အဖန်ဖန် အပြန်ပြန် အထပ်ထပ် ကြည့်ရှုနိုင်ကြပါစေသတည်း၊ ဝါ ကြည့်ရှုနိုင်ကြပါစေ ယောဂီမြတ်တွေတို့။

အနန္တစကြဝဠာဟု ဆိုအပ်သော သြကာသလောကကြီး အတွင်း၌
ရုပ်ပဋ္ဌာန်းတရားတို့ဖြင့် တင်းကျမ်းပြည့် ဆက်စပ်လျက်
ကွက်လပ်မရှိ တည်ရှိပုံ စကားအရပ်ရပ်တို့သည်ဤမှာ
အပြီးသတ် လိုက်ပေသတည်း။

## ဩကာသ ပဋ္ဌာန်းလောကကြီး၏ အတွင်း၌ သတ္တပဋ္ဌာန်းလောကကြီး အမျိုးမျိုးတို့ တည်ရှိကြပုံကို အကျဉ်းမျှ လင်းပြခြင်း

**မေး** ရှေး၌ အရှေ့, အနောက်, တောင်, မြောက်, အထက်, အောက် အဆုံး အပိုင်းအခြားမရှိသော အနိန္ဒြိယဗဒ္ဓဖြစ်သော၊ ဝါ-အသက်မရှိသော လေးကျွန်း တမြင်းမိုရ်စီ တည်ရှိသော အနန္တစကြဝဠာတို့သည် ဩကာသ လောကကြီး မည်ကြောင်းကို ရေးသား ဟောကြားခဲ့၏၊ ၎င်း ရေးသား ဟောကြားခဲ့ပြီး သော ဩကာသ ပဋ္ဌာန်းလောကကြီး၏ အတွင်း၌ အဘယ်ပဋ္ဌာန်းလောက ရှိပါသနည်း။

**ဖြေ** ဣန္ဒြိယဗဒ္ဓဖြစ်သော၊ ဝါ-ရုပ်သက် နာမ်သက်ရှိသော ခန္ဓာတို့၏ အပေါင်း ခန္ဓာတို့၏ အစဉ်ဖြစ်သော လူ, နတ်, ဗြဟ္မာ အစရှိသော သတ္တဝါတို့သည် သတ္တပဋ္ဌာန်းလောက ဖြစ်၏၊၎င်း သတ္တပဋ္ဌာန်းလောကကြီး တည်ရှိပါသည်။

**မေး** ဩကာသလောကကြီး အတွင်း၌ တည်ရှိကြကုန်သော သတ္တပဋ္ဌာန်း လောကဟု ဆိုအပ်သော ပဋ္ဌာန်းသတ္တဝါတို့သည် ဘယ်နှစ်မျိုးရှိပါ သနည်း။

**ဖြေ** ကာမပဋ္ဌာန်း သတ္တဝါ, ရူပပဋ္ဌာန်း သတ္တဝါ, အရူပပဋ္ဌာန်း သတ္တဝါ ပေါင်း ပဋ္ဌာန်းသတ္တဝါ သုံးမျိုး ရှိပါသည်။

**မေး** ပဌမနည်း၌ ကာမပဋ္ဌာန်း သတ္တဝါ, ရူပပဋ္ဌာန်း သတ္တဝါ, အရူပပဋ္ဌာန်း သတ္တဝါဟု ဆိုအပ်သော ပဋ္ဌာန်းသတ္တဝါသုံးမျိုးတို့တွင် အဘယ့်ကြောင့် ကာမ ပဋ္ဌာန်းသတ္တဝါဟု ခေါ်ပါသနည်း။

**ဖြေ** ကာမပဋ္ဌာန်းဘုံ ကာမပဋ္ဌာန်းလောကထည်း၌ ပဋိသန္ဓေတည်နေသော သတ္တဝါဖြစ်သောကြောင့် ကာမပဋ္ဌာန်းသတ္တဝါ ခေါ်ပါသည်။

**မေး** အဘယ့်ကြောင့် ရူပပဋ္ဌာန်းသတ္တဝါဟု ခေါ်ပါသနည်း။

**ဖြေ** ရူပပဋ္ဌာန်းဘုံ ရူပပဋ္ဌာန်း လောကထည်း၌ ပဋိသန္ဓေ တည်နေသော သတ္တဝါ ဖြစ်သောကြောင့် ရူပပဋ္ဌာန်း သတ္တဝါခေါ်ပါသည်။

**မေး** အဘယ်ကြောင့် အရူပပဋ္ဌာန်းသတ္တဝါဟု ခေါ်ပါသနည်း။

ဖြေ အရူပပဋ္ဌာန်းဘုံ အရူပပဋ္ဌာန်းလောကထည်း၌ ပဋိသန္ဓေတည်နေသော သတ္တဝါဖြစ်သောကြောင့် အရူပပဋ္ဌာန်းသတ္တဝါဟု ခေါ်ပါသည်။

ပဌမနည်း၌ ပဋ္ဌာန်းသတ္တဝါ ၃-မျိုး ဝေဘန်ပုံကို အကျဉ်းမျှ လင်းပြခြင်း ပြီး၏။

မေး ဒုတိယနည်း၌ ပဉ္စဝေါကာရ ပဋ္ဌာန်းသတ္တဝါ စတုဝေါကာရပဋ္ဌာန်း သတ္တဝါ ဧကဝေါကာရ ပဋ္ဌာန်းသတ္တဝါ ဟု ဆိုအပ်သော ပဋ္ဌာန်းသတ္တဝါ ၃-မျိုး တို့တွင် အဘယ့်ကြောင့် ပဉ္စဝေါကာရ ပဋ္ဌာန်းသတ္တဝါ ခေါ်ပါသနည်း။

ဖြေ ပဋိသန္ဓေအခါ၌ ရုပ်, ဝေဒနာ, သညာ,သင်္ခါရ, ဝိညာဏ်ဟုဆိုအပ်သော ခန္ဓာငါးပါး ပဋ္ဌာန်းတရားတို့ကို ရရှိသော သတ္တဝါဖြစ်ခြင်းကြောင့် ပဉ္စဝေါကာရ ပဋ္ဌာန်းသတ္တဝါဟု ခေါ်ပါသည်။

မေး အဘယ့်ကြောင့် စတုဝေါကာရပဋ္ဌာန်းသတ္တဝါဟု ခေါ်ပါသနည်း။

ဖြေ ပဋိသန္ဓေအခါ၌ နာမက္ခန္ဓာလေးပါး ပဋ္ဌာန်းတရားတို့ကို ရရှိသော သတ္တဝါ ဖြစ်ခြင်းကြောင့် စတုဝေါကာရပဋ္ဌာန်းသတ္တဝါဟုခေါ်ပါသည်။

မေး အဘယ့်ကြောင့် ဧကဝေါကာရ ပဋ္ဌာန်းသတ္တဝါဟု ခေါ်ပါသနည်း။

ဖြေ ပဋိသန္ဓေအခါ၌ ရူပက္ခန္ဓာတပါး ပဋ္ဌာန်းတရားကိုသာ ရရှိသောသတ္တဝါ ဖြစ်ခြင်းကြောင့် ဧကဝေါကာရပဋ္ဌာန်း သတ္တဝါဟု ခေါ်ပါသည်။

မေး ပဋိသန္ဓေအခါ၌ ခန္ဓာငါးပါး ပဋ္ဌာန်းတရားတို့ကိုရရှိသော ပဉ္စဝေါကာရ ပဋ္ဌာန်းသတ္တဝါတို့သည် အဘယ်ဘုံတို့မှာ ဖြစ်ရပါသနည်း။

ဖြေ ကာမတဆဲ့တဘုံ အသညသတ်ကြဉ်သော ရူပတဆဲ့ငါးဘုံ ပေါင်း(၂၆) ဘုံ တို့မှာ ဖြစ်ရပါသည်။

မေး ပဋိသန္ဓေအခါ၌ နာမက္ခန္ဓာလေးပါး ပဋ္ဌာန်းတရားတို့ကို ရရှိသော စတုဝေါကာရ ပဋ္ဌာန်းသတ္တဝါတို့သည် အဘယ်ဘုံတို့မှာ ဖြစ်ရပါသနည်း။

ဖြေ အရူပလေးဘုံတို့မှာ ဖြစ်ရပါသည်။

မေး ပဋိသန္ဓေအခါ၌ ရူပက္ခန္ဓာတပါး ပဋ္ဌာန်းတရားကိုသာ ရရှိသော ဧကဝေါကာရ ပဋ္ဌာန်းသတ္တဝါတို့သည် အဘယ်ဘုံမှာ ဖြစ်ရပါသနည်း။

ဖြေ အသညသတ်ဘုံမှာ ဖြစ်ရပါသည်။

မေး ကာမ ၁၁-ဘုံ၊ ရူပ ၁၆-ဘုံ၊ အရူပ ၄-ဘုံ၌ ဖြစ်သော ပဋ္ဌာန်းသတ္တဝါ အမျိုးမျိုးတို့သည် အဘယ်လောကမည်ပါသနည်း။

ဖြေ ၎င်း ပဋ္ဌာန်းသတ္တဝါ အမျိုးမျိုးတို့သည် သတ္တပဋ္ဌာန်းလောက မည်ပါသည်။

ဒုတိယနည်း ပဋ္ဌာန်းသတ္တဝါ ၃-မျိုး ဝေဘန်ပုံကို အကျဉ်းမျှ လင်းပြခြင်း ပြီး၏။

---

**အထူးမှာထားတိုက်တွန်းချက်** နောင်ရေးသားလတ္တံ့သော အာရမ္မဏပစ္စည်းစသည် ၂၃-ပစ္စည်းတို့၌ သတ္တပဋ္ဌာန်းလောကကြီး ၃-ပါး ဝေဘန်ပုံကို မရေးသား မဟောကြားတော့ပြီဖြစ်၍ ယခုရေးသား ဟောကြားခဲ့ပြီးသည်တို့ကို အသိဉာဏ်ပေါက်ရောက်သည်ထက် ပေါက်ရောက်ကြလိုသူ ပညာရှိသဘောဖြူတို့သည် အကြိမ်ကြိမ် အထပ်ထပ် မပြတ် ကြည့်ရှုနိုင်ကြပါစေသတည်း၊ ဝါ-ကြည့်ရှုနိုင်ကြပါလေ ယောဂီမြတ်တွေတို့။

ဩကာသပဋ္ဌာန်းလောကကြီးအတွင်း၌ သတ္တပဋ္ဌာန်းလောကကြီး အမျိုးမျိုးတို့ တည်ရှိကြပုံကို အကျဉ်းမျှ လင်းပြခြင်း ပြီး၏။

---

**ကာမပဋ္ဌာန်းသတ္တဝါစသည် သတ္တပဋ္ဌာန်းလောကကြီး၏ အတွင်း၌ ခန္ဓာငါးပါး ရုပ်နာမ်တရား တည်းဟူသော သင်္ခါရပဋ္ဌာန်းလောကကြီး**

## တည်ရှိပုံကို အကျဉ်းမျှ လင်းပြခြင်း

မေး ရှေး၌ ဣန္ဒြိယဗဒ္ဓဖြစ်သော ရုပ်သက် နာမ်သက်ရှိသော ခန္ဓာတို့၏ အပေါင်း ခန္ဓာတို့၏ အစဉ်ဖြစ်သော ကာမပဋ္ဌာန်းသတ္တဝါ ရူပပဋ္ဌာန်း သတ္တဝါ စသည် ပဋ္ဌာန်းသတ္တဝါ အမျိုးမျိုးတို့သည် သတ္တပဋ္ဌာန်းလောက မည်၏ဟု ရေးသား ဟောကြားခဲ့၏၊ ၎င်းရေးသား ဟောကြားခဲ့ပြီးသော သတ္တပဋ္ဌာန်း လောကကြီး၏ အတွင်း၌ အဘယ်ပဋ္ဌာန်း လောကကြီး တည်ရှိပါသနည်း။

ဖြေ ဟေတုပစ္စည်းစသည် အကြောင်းတရားတို့သည် ပြုပြင်၍ ဖြစ်ခြင်း ပျက်ခြင်း ရှိသော ခန္ဓာငါးပါး ရုပ်နာမ်အစားစား ပဋ္ဌာန်းတရားဟုဆိုအပ်သော သင်္ခါရပဋ္ဌာန်းလောကကြီး တည်ရှိပါသည်။

**မေး** သင်္ခါရလောကကြီး တည်ရှိသော သတ္တလောကဟုဆိုအပ်သော ကာမပဋ္ဌာန်း သတ္တဝါ၊ ရူပပဋ္ဌာန်းသတ္တဝါ၊ အရူပပဋ္ဌာန်းသတ္တဝါ အမျိုးမျိုးတို့တွင် သင်ယောဂီပုဂ္ဂိုလ်တို့သည် အဘယ်ပဋ္ဌာန်းသတ္တဝါကောင်မကြီး အဘယ်ပဋ္ဌာန်း သတ္တဝါကောင်ထီးကြီးတို့ ဖြစ်ကြပါသနည်း။

**ဖြေ** သတ္တဝါတို့၏ မှီရာတည်ရာဖြစ်သော ဘုံဌာနကိုစွဲ၍ ဖြေဆိုရပါမူ ကာမပဋ္ဌာန်းသတ္တဝါကောင်မကြီး ကာမပဋ္ဌာန်းသတ္တဝါကောင် ထီးကြီး၊သတ္တဝါတို့၏ ပဋိသန္ဓေအခါ၌ ရရှိသော ခန္ဓာတို့ကိုစွဲ၍ ဖြေဆိုရပါမူ ပဥ္စဝေါကာရပဋ္ဌာန်း သတ္တဝါကောင်မကြီး ပဥ္စဝေါကာရပဋ္ဌာန်းသတ္တဝါ ကောင်ထီးကြီးတို့ ဖြစ်ပါသည်။

**မေး** သင်ယောဂီပုဂ္ဂိုလ်တို့သည် သင်္ခါရပဋ္ဌာန်းလောကကြီး၏ တည်ရာမှီရာဖြစ်သော ပဥ္စဝေါကာရ ကာမပဋ္ဌာန်းသတ္တဝါတို့ ဖြစ်ခဲ့လို့ရှိလျှင် အဘယ်သင်္ခါရ လောကတွေ တည်ရှိပါသနည်း။

**ဖြေ** ခန္ဓာငါးပါး ရုပ်နာမ်တရား အစားစားဟုဆိုအပ်သော သင်္ခါရပဋ္ဌာန်း လောကကြီးတွေ တည်ရှိပါသည်။

**မေး** ရုပ်ပဋ္ဌာန်း နာမ်ပဋ္ဌာန်းဟုဆိုအပ်သော သင်္ခါရပဋ္ဌာန်း လောကကြီးတွေ တည်ရှိခဲ့လို့ရှိလျှင် သင်ယောဂီပုဂ္ဂိုလ်တို့၏ ကိုယ်ခန္ဓာကြီး၌ ၎င်းသင်္ခါရပဋ္ဌာန်း လောကကြီးတို့၏ ထွက်ရာ ဝင်ရာဒွါရ၊ ဝါ-ထွက်ရာ ဝင်ရာပဋ္ဌာန်းပေါက် ဘယ်နှစ်မျိုးရှိပါသနည်း၊ ပါဠိဘာသာ မြန်မာဘာသာ နှစ်ဘာသာတွဲ၍ ဖြေဆိုစမ်းပါ။

**ဖြေ** စက္ခုဒွါရ- မျက်စိပဋ္ဌာန်းပေါက်၊ သောတဒွါရ-နားပဋ္ဌာန်းပေါက်၊ ဃာနဒွါရ-နှာခေါင်းပဋ္ဌာန်းပေါက်၊ ဇိဝှါဒွါရ- လျှာပဋ္ဌာန်းပေါက်၊ ကာယဒွါရ- ကိုယ်ပဋ္ဌာန်းပေါက်၊ မနောဒွါရ- မနောပဋ္ဌာန်းပေါက်, ပေါင်း ပဋ္ဌာန်းပေါက် ၆-မျိုးတည်း၊ ဤသို့လျှင် ယောဂီပုဂ္ဂိုလ်တို့၏ ကိုယ်ခန္ဓာကြီး၌ ပဋ္ဌာန်းပေါက် ၆-မျိုး ရှိပါသည်။

**မေး** ၎င်း ပဋ္ဌာန်းပေါက် ၆-မျိုးတို့တွင် တိကပဋ္ဌာန်း တရားတော်ကြီးကို ဟောကြားမည့်အရာဖြစ်၍ တပေါက် တပေါက်မှာ ပဋ္ဌာန်းသဘော ဘယ်နှစ်မျိုးစီ ရှိပါသနည်း၊ ပါဠိဘာသာ မြန်မာဘာသာတို့ကို ရောစပ်၍ ဖြေဆိုစမ်းပါ။

ဖြေ ကုသလာဓမ္မာ,ကောင်းသည့်သဘော၊ အကုသလာဓမ္မာ,မကောင်းသည့် သဘော၊ အဗျာကတာဓမ္မာ, ကောင်း မကောင်း မဆိုအပ်သည့်သဘော၊ ပေါင်း ပဋ္ဌာန်းသဘော ၃-မျိုးတည်း၊ဤသို့လျှင် ပဋ္ဌာန်းသဘော သုံးမျိုးစီရှိပါသည်။

မေး ၎င်းပဋ္ဌာန်းသဘော သုံးမျိုး သုံးစားတို့သည် ပဋ္ဌာန်းလောကကြီး ၃ - ပါးတို့တွင် အဘယ်ပဋ္ဌာန်း လောကမည်ပါသနည်း။

ဖြေ ၎င်း ပဋ္ဌာန်းသဘော သုံးမျိုး သုံးစားတို့သည် သခ်ၤါရလောကမည် ပါသည်။

**အထူးမှာထားချက်** ယခုရေးသား ဟောကြားအပ်ပြီးသော ဩကာသ လောကစသည် စကားအရပ်ရပ်၌ အလွန်တရာ ကျယ်ဝန်းနက်နဲ ခက်ခဲနူးညံ့ သိမ်မွေ့လှ မြင့်မြတ်လှ၍ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး၏ သဗ္ဗညုတရွှေ ဉာဏ်တော်အရာဖြစ်သော ပရမတ်အစားစား ပဋ္ဌာန်းတရားတော်ကြီးများ သည် ပဋ္ဌာန်းဘုံ ပဋ္ဌာန်းလောက ပဋ္ဌာန်းသတ္တဝါ ပဋ္ဌာန်းမိန်းမ ပဋ္ဌာန်း ယောကျ်ားဟူ၍ ပရမတ္ထသစ္စာနယ်မှာ ကေန်မုချ ဧရှိငြားသော်လည်း မိမိမှ ဝဲ ယာ, ရှေ့ နောက်,အထက်အောက် အဆုံးအပိုင်းအခြား မရှိသော အရပ် ဌာနတို့၌ မည်သည့်အရပ်ဌာန၌မဆို ရုပ်ပဋ္ဌာန်း နာမ်ပဋ္ဌာန်းတို့သည် အရာ အားလျော်စွာ တင်းကျမ်းပြည့် ဆက်စပ်လျက် ကွက်လပ်မရှိ တည်ရှိနေကြ သည်၏အဖြစ်ကို မယုံကြည်ကြသူ ယောဂီဖူးတို့ဖြစ်ခဲ့ပါမူ ယုံကြည်ကြစေခြင်း အကျိုးငှါ၎င်း၊ ဣတ္ထိသဒ္ဒေါ- မိန်းမ၏အသံ။ ဣတ္ထိဂန္ဓော- မိန်းမ၏အနံ့ဟူ၍ ဟောကြားဘိသကဲ့သို့ ပဋ္ဌာန်းဘုံ ပဋ္ဌာန်းလောက ပဋ္ဌာန်းသတ္တဝါ ပဋ္ဌာန်း မိန်းမ ပဋ္ဌာန်းယောကျ်ားဟူ၍ သမုတိသစ္စာနယ်နှင့် ပရမတ္ထသစ္စာနယ် နှစ်နယ်တို့ကို တွဲစပ်၍ ရေးသားဟောကြားအပ်ပေသတည်း၊ ဤသို့ရေးသား ဟောကြားအပ်ပြီးသော စကားရပ်တို့ကို ယုံကြည်ကျေနပ်ကြ လွယ်ကူစွာ ထင်မြင်ကြလေအောင် အထပ်ထပ် အခါခါ ကြည့်ရှု ဆင်ခြင်ကြပါလေ ယောဂီမြတ်တွေတို့။

သတ္တပဋ္ဌာန်း လောကကြီး၏အတွင်း၌ ရုပ်နာမ်တရားတည်းဟူသော

သခ်ၤါရပဋ္ဌာန်း လောကကြီးသည် အပေါင်းအားဖြင့် တည်ရှိပုံ

တို့ကို အကျဉ်းမျှ လင်းပြခြင်း ပြီး၏။

### ကုသလာဓမ္မာ ကောင်းသည့် သဘောစသည် ပဋ္ဌာန်းသဘော သုံးမျိုး သုံးစားတို့ကို ခေါ်ပုံနှင့်တကွ အမျိုးမျိုး အစားစား

## ပြားပုံတို့ကို အကျဉ်းမျှ လင်းပြခြင်း

**မေး** ရှေး၌ ရေးသားဟောကြား ခဲ့ပြီးသော မျက်စိ ပဋ္ဌာန်းပေါက်စသည် ပဋ္ဌာန်းပေါက် ၆-ပေါက်တို့တွင် တပေါက် တပေါက်၌ ကုသလာဓမ္မာ ကောင်းတဲ့ သဘောစသည် ပဋ္ဌာန်းသဘော သုံးမျိုး သုံးစားတို့တွင် ကုသလာဓမ္မာ ကောင်းတဲ့သဘောဟု ဆိုအပ်သော စကားအရ အဘယ်တရားကို ခေါ်ဆို ပါသနည်း။

**ဖြေ** ကုသလာဓမ္မာ-ကောင်းတဲ့သဘောဟု ဆိုအပ်သောစကားအရ ပညာဘိ သင်္ခါရဖြစ်သော ပုညကြိယာတရားကို ခေါ်ဆိုပါသည်။

**မေး** ပုညာဘိသင်္ခါရဖြစ်သော ပုညကြိယာတရားသည် ဘယ်နှစ်မျိုး ဘယ် နှစ်စား ပြားပါသနည်း၊ လေးနက်စွာ မှတ်သားကြရန် ပါဠိဘာသာဖြင့် ဖြေဆို စမ်းပါ။

**ဖြေ** ၁-ဒါန, ၂-သီလ, ၃-ဘာဝနာ, ၄-အပစာယန, ၅-ဝေယျာဝစ္စ, ၆-ပတ္တိဒါန, ၇-ပတ္တာနုမောဒန, ၈-ဓမ္မသဝန, ၉-ဓမ္မဒေသနာ, ၁၀-ဒိဋ္ဌိဇုကမ္မ ပေါင်း ပုညာဘိ သင်္ခါရဖြစ်သော ပုညကြိယာ တရားသည် ဆယ်မျိုး ဆယ်စား ပြားပါသည်။

**မေး** ၎င်းဆယ်မျိုး ဆယ်စားသော တရားတို့ကို လွယ်ကူစွာ မှတ်သားကြရန် ပါဠိဘာသာ မြန်မာဘာသာ နှစ်ဘာသာတို့ကို တွဲဖက်၍ ဖြေဆိုစမ်းပါ။

**ဖြေ** ၁-ကုသလာဓမ္မာ- ဒါနဖြစ်၍ ကောင်းသည့်သဘော၊ ၂-ကုသလာဓမ္မာ- သီလဖြစ်၍ ကောင်းသည့်သဘော၊ ၃-ကုသလာဓမ္မာ- ဘာဝနာဖြစ်၍ ကောင်း သည့်သဘော၊ ၄-ကုသလာဓမ္မာ- အပစာယနဖြစ်၍ ကောင်းသည့် သဘော၊ ၅-ကုသလာဓမ္မာ- ဝေယျာဝစ္စဖြစ်၍ ကောင်းသည့်သဘော၊ ၆-ကုသလာဓမ္မာ- ပတ္တိဒါနဖြစ်၍ ကောင်းသည့်သဘော၊ ၇-ကုသလာဓမ္မာ- ပတ္တာနုမောဒန ဖြစ်၍ ကောင်းသည့်သဘော၊ ၈-ကုသလာဓမ္မာ-ဓမ္မသဝနဖြစ်၍ ကောင်းသည့်သဘော၊ ၉-ကုသလာဓမ္မာ-ဓမ္မဒေသနာဖြစ်၍ ကောင်းသည့်သဘော၊ ၁၀-ကုသလာဓမ္မာ- ဒိဋ္ဌိဇုကမ္မဖြစ်၍ ကောင်းသည့် သဘော၊ပေါင်း ပုညကြိယာတရား ဆယ်မျိုးဆယ် စား ပြားပါသည်၊ ဝါ-ကောင်းသည့်သဘော ဆယ်မျိုး ဆယ်စား ပြားပါသည်။

ရင်း ဆယ်မျိုး ဆယ်စားသော တရားတို့ကို လွယ်ကူစွာ မှတ်သားကြရန် ပါဠိဘာသာ မြန်မာဘာသာ နှစ်ဘာသာတို့ကို တွဲဖက်၍ ဖြေဆိုပါသည်။

ကုသလာဓမ္မာ

ကောင်းသည့်သဘော ဆယ်မျိုး ဆယ်စား ပြားပုံကို
အကျဉ်းမျှ လင်းပြခြင်း ပြီး၏။

---

## ကုသိုလ်ကမ္မပထတရားကို ပွားများသောသူ, မပွားများသောသူတို့၏ အကျိုး အပြစ်ကို အကျဉ်းမျှ လင်းပြခြင်း

**မေး** ကုသလာဓမ္မာ ကောင်းသော သဘောဟု ဆိုအပ်သော ဒါန စသည် ကုသိုလ်ကမ္မပထ တရားတို့ကို ကြီးပွားကြောင်းဖြစ်၏ဟု ယုံကြည်၍ ပွားများအားထုတ်သူ မယုံကြည်၍ မကျင့်မသုံး မုန်းကြီးမုန်းသောသူ ဤသူနှစ်ယောက်တို့သည် အဘယ်အကျိုး အပြစ်သို့ ရောက်ပါမည်နည်း။

**ဖြေ** သုဝိဇာနော ဘဝံ ဟောတိ၊ သုဝိဇာနော ပရာဘဝေါ။
ဓမ္မကာမော ဘဝံ ဟောတိ၊ ဓမ္မဒေဿီ ပရာဘဝေါ။
ပရာဘဝသုတ် ပါဠိတော်

**တို့မြန်မာဘာသာလို ပြန်ဆိုရန်ကား—** ဒေဝပုတ္တ၊ သိလိုရေးနှင့် မေးလျှောက်လာငြား မောင်နတ်သား။ ယောပုရိသော၊ အကြင်ယောကျ်ားသည်။ ဘဝံ၊ လောကီ လောကုတ် မယုတ်မညှိုး တက်တိုး ကြီးပွားသည်။ ဟောတိ၊ ဖြစ်၏။ သောပုရိသော၊ ထိုယောကျ်ားသည်။ သုဝိဇာနော၊ ဤသို့သော အကျင့်ကို ကျင့်သဖြင့် ကြီးပွားသတည်းဟု သိလွယ်သည်။ ဟောတိ၊ ဖြစ်၏။ ယောပုရိသော၊ အကြင်ယောကျ်ားသည်။ ပရာဘဝေါ၊ ပစ္စုပ္ပန် သံသရာ နှစ်ဖြာအကျိုး မပွားတိုးဘဲ နွမ်းညှိုးပျက်စီးသည်။ ဟောတိ၊ ဖြစ်၏။ သောပုရိသော၊ ထိုယောကျ်ားသည်။ သုဝိဇာနော၊ ဤသို့သော အကျင့်ကို ကျင့်သဖြင့် ဆုတ်ယုတ်ပျက်စီးသတည်းဟု သိလွယ်သည်။ ဟောတိ၊ ဖြစ်၏။ ယောပုရိသော၊ အကြင်ယောကျ်ားသည်။ ဓမ္မကာမော၊ ကုသိုလ်ကမ္မပထတရားကို လိုလား တောင့်တသည်။ ဟောတိ၊ ဖြစ်၏။ သောပုရိသော၊ ထိုယောကျ်ားသည်။ ဘဝံ၊ လောကီ

လောကုတ် မယုတ်မညှိုး တက်တိုးကြီးပွားသည်။ ဟောတိ၊ ဖြစ်၏။ ယောပုရိသော၊ အကြင်ယောကျ်ားသည်။ ဓမ္မဒေသီ၊ ကုသိုလ်ကမ္မပထတရားကို မပွားပယ်ပစ် မချစ်လုံးလုံး မုန်းကြီးမုန်းသည်။ ဟောတိ၊ ဖြစ်၏။ သောပုရိသော၊ ထိုယောကျ်ားသည်။ ပရာဘဝေါ၊ ပစ္စုပ္ပန် သံသရာ နှစ်ဖြာအကျိုး မပွားတိုးဘဲ နွမ်းညှိုး ပျက်စီးသည်။ ဟောတိ၊ ဖြစ်၏။ ဤမြန်မာပြန်ကား သပြေကန် မဟာဓမ္မိကာရာမ ဆရာတော်ဘုရားကြီး မူအတိုင်း ပြန်ဆိုသည်။

**ဆောင်ပုဒ်**

**၁ ကမ္မပထတရား ချစ်လိုလား နှစ်ပါး ကီ၊ ကုတ်၊ ကြီးပွားသည်။**
**၂ ကမ္မပထတရား စွန့်မုန်းငြား နှစ်ပါး ကီ၊ ကုတ်၊ ပျက်စီးသည်။**
**၃ ဗုဒ္ဓမြတ်စွာ ဟောမိန့်မှာ ပရာဘဝသုတ် မှတ်ရမည်။**

ဤသို့ ဟောတော်မူအပ်သော ပါဠိတော်အလာ စီကုံး၍ ထားအပ်သော တို့မြန်မာလက်ာနှင့်ညီစွာ အဓိပ္ပါယ်အရမှာ—

ကုသိုလ်ကမ္မပထတရား ဆယ်ပါးကို ချစ်ကြည်ညို၍ ကိုယ်အကျိုးငှါ ဝဋ္ဋဒုက္ခမှ လွတ်လိုပါ၍ ပွားများ အားထုတ်သောသူမှာ လောကီ လောကုတ္တရာ နှစ်ဖြာအကျိုး တက်တိုး ကြီးပွားခြင်း အဖြစ်သို့ ရောက်ပါသည်၊ ကုသိုလ်ကမ္မပထတရား ဆယ်ပါးကို မပွားပယ်ပစ် မချစ်လုံးလုံး မုန်းကြီးမုန်းသောသူသည် ပစ္စုပ္ပန် သံသရာ နှစ်ဖြာအကျိုး မပွားတိုးဘဲ နွမ်းညှိုးပျက်စီးခြင်းသို့ရောက်ပါသည် ဤသူနှစ်ယောက်တို့ ဤလို အကျိုးအပြစ် ရောက်ပါသည်။

**အထူးသတိပေး မှာထားချက်** လောကီ လောကုတ္တရာနှင့် ပစ္စုပ္ပန် သံသရာမှာ ကြီးပွား တိုးတက်ခြင်းကို အလိုရှိ၍ တနေ့တခြား နွမ်းညှိုး ပျက်စီးခြင်းများကို ကြောက်လန့်ကြကုန်သော ယောဂီအပေါင်း သူတော်ကောင်းတို့သည် ယခု ဖြေဆိုအပ်ခဲ့ပြီးသော ပါဠိတော်ကို နှလုံးသွင်းကြပြီးလျှင် ကုသိုလ်ကမ္မပထတရား ဆယ်ပါးကို မမုန်းမပစ်ဘဲ လုံးလုံးကြီး ချစ်မြတ်နိုး၍ ပွားတိုး အားထုတ်နိုင်ကြပါစေကုန်သတည်း၊ ဝါ-ပွားတိုး အားထုတ်ကြပါလေ၊ ဆရာမှီး၍ အလိမ္မာကြီးကြသူ ပညာရှိ သဘောဖြူတွေ့တို့။

ကုသိုလ်ကမ္မပထတရားကို လိုလားသူ ပစ်ပယ်သူတို့၏ အကျိုး
အပြစ်ကို အကျဉ်းမျှ လင်းပြခြင်း ပြီး၏။

# အကုသလာဓမ္မာ မကောင်းသည့် သဘောအရ ဆယ်မျိုးဆယ်စား ပြားပုံကို လင်းပြခြင်း

**မေး** ရှေး၌ ရေးသား ဟောကြားခဲ့ပြီးသော ကုသလာဓမ္မာ ကောင်းသည့် သဘော စသည် ပဋ္ဌာန်းသဘော သုံးမျိုး သုံးစားတို့တွင် အကုသလာဓမ္မာ မကောင်းသည့်သဘောဟု ဆိုအပ်သော စကား၏အရ အဘယ်တရားကို ခေါ်ပါသနည်း။

**ဖြေ** အကုသလာဓမ္မာ မကောင်းသည့် သဘောဟု ဆိုအပ်သော စကား၏ အရ အပုညာဘိသင်္ခါရဖြစ်သော ဒုစရိုက်တရားကို ခေါ်ပါသည်။

**မေး** အပုညာဘိသင်္ခါရဖြစ်သော ဒုစရိုက်တရားသည် ဘယ်နှစ်မျိုး ဘယ်နှစ်စား ပြားပါသနည်း လေးနက်စွာ မှတ်သားကြရန် ပါဠိဘာသာဖြင့် ဖြေဆိုစမ်းပါ။

**ဖြေ** ၁-ပါဏာတိပါတ၊ ၂-အဒိန္နာဒါန၊ ၃-ကာမေသုမိစ္ဆာစာရ၊ ၄-မုသာဝါဒ၊ ၅-ပိသုဏဝါစာ၊ ၆-ဖရုသဝါစာ၊ ၇-သမ္ဖပ္ပလာပ၊ ၈-အဘိဇ္ဈာ၊ ၉-ဗျာပါဒ၊ ၁၀-မိစ္ဆာဒိဋ္ဌိ ပေါင်း ပုညာဘိသင်္ခါရ ဖြစ်သော ဒုစရိုက်တရားသည် ဆယ်မျိုး ဆယ်စား ပြားပါသည်။

**မေး** ၎င်း ဆယ်မျိုး ဆယ်စား တရားတို့ကို လွယ်ကူစွာ မှတ်သားကြရန် ပါဠိဘာသာ မြန်မာဘာသာ နှစ်ဘာသာကို တွဲဖက်၍ ဖြေဆိုစမ်းပါ။

**ဖြေ** ၁-အကုသလာဓမ္မာ, သူ့အသက်ကို သတ်သည်ဖြစ်၍ မကောင်းသည့် သဘော၊ ၂-အကုသလာဓမ္မာ, သူ့ဥစ္စာကို ခိုးသည်ဖြစ်၍ မကောင်းသည့် သဘော၊ ၃-အကုသလာဓမ္မာ, သူ့သားအိမ်ရာကို ပြစ်မှားသည်ဖြစ်၍ မကောင်း သည့် သဘော၊ ၄-အကုသလာဓမ္မာ, မဟုတ်မမှန်သော စကားကိုပြောဆိုသည် ဖြစ်၍ မကောင်းသည့် သဘော၊ ၅-အကုသလာဓမ္မာ, တဦးနှင့်တဦး အချစ် ပျက်အောင် ချောပစ် ဂုံးတိုက်သော စကားကို ပြောဆိုသည်ဖြစ်၍ မကောင်း သည့် သဘော၊ ၆-အကုသလာဓမ္မာ, ကြမ်းတန်းသော စကားကို ပြောဆိုသည်

ဖြစ်၍ မကောင်းသည့် သဘော၊ ၇-အကုသလာဓမ္မာ, ပြိန်ဖျင်းသော စကားကို ပြောဆိုသည်ဖြစ်၍ မကောင်းသည့် သဘော၊ ၈-အကုသလာဓမ္မာ, အဘိဇ္ဈာဖြစ်၍ မကောင်းသည့် သဘော၊ ၉-အကုသလာဓမ္မာ, ဗျာပါဒဖြစ်၍ မကောင်းသည့် သဘော၊ ၁၀-အကုသလာဓမ္မာ, မိစ္ဆာဒိဋ္ဌိဖြစ်၍ မကောင်းသည့် သဘော၊ ပေါင်း အပုညာဘိသင်္ခါရဟု ဆိုအပ်သော ဒုစရိုက်တရား ဆယ်မျိုး ဆယ်စား ရှိပါသည်၊ ဝါ-မကောင်းသည့် သဘော ဆယ်မျိုး ဆယ်စား ရှိပါသည်။

မကောင်းသည့်သဘော ဆယ်မျိုး ဆယ်စား ပြားပုံကို
အကျဉ်းမျှ လင်းပြခြင်း ပြီး၏။

---

**မေး** ရှေး၌ ရေးသား ဟောကြားခဲ့ပြီးသော ကုသလာဓမ္မာ ကောင်းသည့် သဘောစသည် ပဋ္ဌာန်းသဘော သုံးမျိုး သုံးစားတို့တွင် အဗျာကတာဓမ္မာ ကောင်း, မကောင်း မဆိုအပ်သည့် သဘောဟု ဆိုအပ်သော စကား၏အရ အဘယ်တရားကို ခေါ်ပါသနည်း။

**ဖြေ** အဗျာကတာဓမ္မာ- ကောင်း, မကောင်း မဆိုအပ်သည့် သဘောဟု ဆိုအပ်သော စကား၏အရ ရုပ်နာမ်ဖြစ်သော အဗျာကတတရားကို ခေါ်ပါသည်။

**မေး** ရုပ်နာမ်ဖြစ်သော အဗျာကတ တရားသည် ဘယ်နှစ်မျိုး ဘယ်နှစ်စား ပြားပါသနည်း၊ လေးနက်လွယ်ကူစွာ မှတ်သားကြရန် ပါဠိဘာသာ မြန်မာဘာသာ နှစ်ဘာသာတို့ကို တွဲဖက်၍ ဖြေဆိုစမ်းပါ။

**ဖြေ** ၁-အဗျာကတာဓမ္မာ၊ ရုပ်အဗျာကတဖြစ်၍ ကောင်း,မကောင်း မဆိုအပ်သည့်သဘော၊ ၂-အဗျာကတာဓမ္မာ၊ ဝိပါက်အဗျာကတဖြစ်၍ ကောင်း,မကောင်း မဆိုအပ်သည့် သဘော၊ ၃-အဗျာကတာဓမ္မာ၊ ကြိယာအဗျာကတဖြစ်၍ ကောင်း, မကောင်း မဆိုအပ်သည့် သဘော၊ ပေါင်း ရုပ်နာမ်ဖြစ်သော အဗျာကတ တရားသည် သုံးမျိုး သုံးစား ပြားပါသည်။

ကောင်း, မကောင်း မဆိုအပ်သည့် သဘော၌ သုံးမျိုး သုံးစား
ပြားပုံကို အကျဉ်းမျှ လင်းပြခြင်း ပြီး၏။

**အထူးမှာထားချက်** အာရမ္မဏ ပစ္စည်းစသည် နှောင် ရေးသားလတ္တံ့သော ပစ္စည်းတို့၌ ကုသိုလ် အကုသိုလ် အဗျာကတဟု ဆိုအပ်သော သခ်ါရ ပဋ္ဌာန်းလောကကြီးကို သာမညအားဖြင့် ရေးသား ဟောကြားတော့မည် ဖြစ်၍ ယခုအခါ ဟေတုပစ္စည်း ပဋ္ဌာန်းတရားကြီး၌ ဝိသေသအားဖြင့် ရေးသား ဟောကြားခဲ့ပြီးသည်တို့ကို မှတ်မိကြသည်ထက် မှတ်မိကြလေ အောင် အထပ်ထပ် အခါခါ ကြည့်ရှုကြပါလေ ယောဂီအပေါင်း သူတော် ကောင်းတွေတို့။

ကုသလာဓမ္မာ ကောင်းသည့်သဘောစသည် ပဋ္ဌာန်းသဘော သုံးမျိုး သုံးစားတို့ကို ခေါ်ပုံနှင့်တကွ အမျိုးမျိုး အစားစား ပြားပုံတို့ကို အကျဉ်းမျှ လင်းပြခြင်း ပြီး၏။

---

### ဆရာမှိုး၍ အလိမ္မာကြီးသူတို့မှာ ပုညကြိယာ ဆယ်ပါး လောကီကုသိုလ် တရားတို့သည် ဘုရားအဖြစ်သို့ တိုင်အောင်

## အကျိုးပေး ကြီးကျယ်ပုံကို အကျဉ်းမျှ လင်းပြခြင်း

**မေး** ယခု ရေးသား ဟောကြားခဲ့ပြီးသော ပဋ္ဌာန်းပေါက် ၆-ပေါက်တို့တွင် တပေါက် တပေါက်၌ဖြစ်သော ပဋ္ဌာန်းသဘော သုံးမျိုးသုံးစားသော တရားတို့ တွင် ကုသလာဓမ္မာ ကောင်းသည့်သဘောဟု ဆိုအပ်သော စကား၏အရ ပုညာဘိသင်္ခါရဖြစ်သော ပုညကြိယာ ၁၀-ပါးတို့ကို ရ၏ဆိုသော် ၎င်း ပုည ကြိယာ ၁၀-ပါးတို့သည် အဘယ်လက္ခဏာ အဘယ်သဘော ရှိပါသနည်း။

**ဖြေ** ကုသလာဓမ္မာ။ ဓမ္မသင်္ဂဏီ ပါဠိတော်။

**တို့မြန်မာဘာသာလို ပြန်ဆိုရန်ကား—** ကုသလာ အနဝဇ္ဇ သုခဝိပါက လက္ခဏာ၊ အပြစ်မရှိခြင်း ကောင်းသောအကျိုးကိုပေးခြင်း လက္ခဏာရှိကုန် သော။ ဓမ္မာ နိသတ္တ နိဇ္ဇီဝသဘာဝါ၊ သတ္တလည်းမဟုတ် ဇီဝလည်းမဟုတ်ကုန် သော သဘောတရားတို့သည်။ သံဝိဇ္ဇန္တိ၊ ရှိကုန်၏။ ဤသို့ ရေးသား ဟော ကြားတော်မူအပ်သော ဓမ္မသင်္ဂဏီပါဠိတော်နှင့်အညီ ၎င်း ပုညကြိယာ ၁၀-ပါး ကုသိုလ်တရားတို့သည် အပြစ်မရှိ ကောင်းသောအကျိုးကို ပေးခြင်းလက္ခဏာ ရှိသည်ဖြစ်၍ သတ္တလည်းမဟုတ် ဇီဝလည်းမဟုတ်ခြင်း သဘောရှိပါသည်။

**မေး** ကောင်းသော အကျိုးကိုပေးခြင်း လက္ခဏာရှိသော ပုဂ္ဂိုလ်သတ္တဝါ အတ္တဇီဝမဟုတ်သော ဒါန သီလ ဘာဝနာ အစရှိသော ပုညကြိယာ ဆယ်ပါး ကုသိုလ်တရားတို့ကို ပြုကြရာ၌ သမုတိသစ္စာနယ် ပရမတ္ထသစ္စာနယ် ဤနှစ်နယ်တို့တွင် အဘယ်သစ္စာနယ်က ဖြစ်ပါသနည်း။

**ဖြေ** အပြစ်မရှိ ကောင်းသော အကျိုးကို ပေးခြင်းလက္ခဏာရှိသော ဒါန သီလ ဘာဝနာစသည် ပုညကြိယာဆယ်ပါး ကုသိုလ်တရားတို့ကို ပြုကြရာ၌ ၎င်း သစ္စာနယ် နှစ်နယ်တို့တွင် သမုတိသစ္စာနယ်က ဖြစ်ပါသည်။

**မေး** သမုတိသစ္စာနယ်က ပြု၍ဖြစ်သော ဒါန သီလ ဘာဝနာ စသည် ပုညကြိယာဆယ်ပါးတို့သည် အပြစ်မရှိ ကောင်းသောအကျိုးကို ပေးခြင်းလက္ခဏာရှိ၏ဟုဆိုသော် ၎င်း သမုတိသစ္စာနယ်၌တည်၍ ဒါန, သီလ, ဘာဝနာ စသည် ပုညကြိယာ ဆယ်ပါးတို့ကို ဝိပဿနာပညာဉာဏ် ဝိဇ္ဇာတို့ဖြင့် ကောင်းစွာယှဉ်ကုန်သည်ဖြစ်၍ ပြုကျင့် အားထုတ်ကြကုန်သော ပုဂ္ဂိုလ်တို့အား အဘယ်မျှလောက် ကြီးကျယ် မြင့်မြတ်အောင်သော ကောင်းကျိုးတို့သို့ တိုင်အောင် ပေးစွမ်းနိုင်ပါကုန်သနည်း။

**ဖြေ** သပ္ပုရိသသံသေဝ-ဆရာကောင်းကို အမှီရ၍ သဒ္ဓမ္မသဝန-ခေတ်ပရမတ်တည်းဟူသော သူတော်ကောင်းတရားကို ကြားနာရသဖြင့် ယောနိသောမနသိကာရ-ရုပ်နာမ်ကိုမြင်သဖြင့် သင့်တင့်စွာ နှလုံးသွင်းကြပြီးလျှင် ဝိပဿနာပညာ ဉာဏ်ဝိဇ္ဇာတို့ကို ကောင်းစွာ ယှဉ်စေလျက် ဒါန, သီလ, ဘာဝနာ စသည် ပုညကြိယာ ဆယ်ပါးတို့ကို ပြုကြသောအခါ လူ့စည်းစိမ်, နတ်စည်းစိမ်, ဗြဟ္မာ့စည်းစိမ်ဟု ဆိုအပ်သော လောကီစည်းစိမ်ချမ်းသာတို့ကို ငရဲမီး ငရဲအိမ်ကြီးတွေတမျှ ပူပြင်းလှသည့် အပြစ်ဒေါသ အာဒီနဝတို့ကို ထင်မြင်၍ ပြုကြရကုန်သော ပုဂ္ဂိုလ်တို့အား အနည်းဆုံးအားဖြင့် လူ့စည်းစိမ်, နတ်စည်းစိမ်, ဗြဟ္မာ့စည်းစိမ်ဟု ဆိုအပ်သော လောကီစည်းစိမ်ချမ်းသာတို့ကို ကြီးကျယ်ခမ်းနားစွာ ခံစား စံစားကြရသည့်အပြင် ၎င်း ပါရမီရှင်တို့သည် လိုအင်ဆန္ဒ ရှိကြသည့်အားလျော်စွာ သမ္မာသမ္ဗောဓိ,ပစ္စေကဗောဓိ,သာဝကဗောဓိဆုတို့၏ အဆောက်အဦးဖြစ်သော၊ ဝါ-ထိုထိုဗောဓိဆုတို့၏ ပြည့်စုံခြင်း၏ အကြောင်းဖြစ်သော

ပါရမီ ဒါန, ပါရမီ သီလ, ပါရမီ ဘာဝနာ စသည် ပုညကြိယာဆယ်ပါးတို့သည် ဘုရားအဖြစ်ကိုရခြင်း, ပစ္စေကဗုဒ္ဓါအဖြစ်ကိုရခြင်း, ပကတိသာဝက အဖြစ်ကို ရခြင်း, မဟာသာဝကအဖြစ်ကိုရခြင်း, အဂ္ဂသာဝကအဖြစ်ကိုရခြင်းဟု ဆိုအပ်သော ဤမျှလောက် ကြီးကျယ် မြင့်မြတ်သော ကောင်းကျိုးချမ်းသာတို့သို့ တိုင်အောင် ပေးစွမ်းနိုင်ပါသည်။

**မေး** ယခုရေးသား ဖြေကြားအပ်ပြီးသော စကားရပ်နှင့်အညီ လောကီ ကုသိုလ်ဖြစ်သော ဒါန်, သီလ, ဘာဝနာစသည် ပုညကြိယာ ဆယ်ပါးတို့သည် ဘုရား,ပစ္စေကဗုဒ္ဓါ, ရှင်သာရိပုတ္တရာ, ရှင်မဟာမောဂ္ဂလာန်စသည် အဂ္ဂသာဝက, မဟာသာဝက, ပကတိသာဝကတို့၏ ဗောဓိဉာဏ် တည်းဟူသော ကြီးကျယ် မြင့်မြတ်သော အကျိုးထူးတရားတို့ကို ပြီးစေနိုင်၏ဟု သဒ္ဓါဗလဝ ယုံကြည်လှ၍ ပြုကျင့်အားထုတ်ကြသူ ပညာရှိသဘောဖြူတို့သည် ၎င်းကျမ်းကြီးကို ရှုကြည့် ရလျှင် ယုံကြည်ကြသည်ထက် ယုံကြည်ကြရလေအောင် ထုတ်ဆောင်၍ ပြအပ် သော အကိုးပါဠိကား အဘယ်သည်တို့ပါနည်း။

**ဖြေ** တသ္မိံ သမ္မုတိသစ္စေ ဌတွာ သမ္မာပဋိပဇ္ဇန္တာ သဗ္ဗလောကိယ သမ္ပတ္တိ ယော တံ တံ ဗောဓိသမ္ဘာရခမ္မေ စ အာရာဓေန္တိ၊ မိစ္ဆာပဋိပဇ္ဇန္တာ အပါယပူရကာ ဟောန္တိ၊ ဧဝံ မဟတ္တံ ဟိ သမ္မုတိသစ္စန္တိ။
ပရမတ္ထဒီပနီဋီကာ စိတ်ပိုင်း ၁၄-နံပါတ်

**တို့မြန်မာဘာသာလို ပြန်ဆိုရန်ကား—** တသ္မိံသမ္မုတိသစ္စေ၊ ဒါန သီလ ဘာဝနာ စသည် ပုညကြိယာ ဆယ်ပါးဟု ဆိုအပ်သော ထိုသမုတိသစ္စာ၌။ ဌတွာ၊ တည်၍။ သမ္မာပဋိပဇ္ဇန္တာ၊ မုဥ္စစေတနာအခါ ဉာဏ်ယှဉ်လာ၍ ရှေ့ နောက်တို့မှာ အကုသိုလ်မရှိလှဘဲ ကောင်းစွာ ကျင့်ကြကုန်သောသူ ပညာရှိ သဘောဖြူတို့သည်။ သဗ္ဗလောကိယသမ္ပတ္တိယော၊ လူ နတ် ဗြဟ္မာ တည်းဟူ သော အလုံးစုံသော လောကီစည်းစိမ်ချမ်းသာတို့ကိုရင်း။ တံ တံ ဗောဓိသမ္ဘာရ ဓမ္မေ စ၊ သမ္မာသမ္ဗောဓိ ပစ္စေကဗောဓိ သာဝကဗောဓိဟု ဆိုအပ်သော ထိုထို ဗောဓိ၏ အဆောက်အဦးဖြစ်သော ဒါန သီလ ဘာဝနာစသော ပုညကြိယာ ဆယ်ပါး လောကီကုသိုလ်တရားတို့ကိုရင်း။ အာရာဓေန္တိ၊ ပြီးစေကုန်၏။

မိစ္ဆာပဋိပဇ္ဇန္တာ၊ သူ့အသက်ကို သတ်ခြင်း၊ သူ့ဥစ္စာကို ခိုးယူခြင်း၊ သူ့သား အိမ်ရာကို ပြစ်မှား ကျူးလွန်ခြင်း စသော ဒုစရိုက်ဆယ်ပါး အကုသိုလ်တရား တို့ကို ဘောက်ပြန်စွာ ကျင့်ကြကုန်သော သူတို့သည်။ အပါယပူရကာ၊ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်ဟု ဆိုအပ်သော အပါယ်လေးပါးတို့၌ ပြည့်ကြ ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဟိ သစ္စံ၊ မှန်၏။ သမ္မုတိသစ္စံ၊ ပုညကြိယာ ဆယ်ပါး ဒုစရိုက်ဆယ်ပါးဟု ဆိုအပ်သော သမုတိသစ္စာသည်။ ဧဝံ မဟန္တံ၊ ဤမျှလောက်ကြီးကျယ်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိသင့် သိထိုက် သိအပ် လှ၏။ ဤသို့ ကျေးဇူးတော်ရှင် မုံရွာမြို့ လယ်တီတောရ ဆရာတော်ဘုရားကြီး ရေးသား စီရင်တော်မူအပ်သော ပရမတ္ထဒီပနီ ဋီကာကြီးမှ ယုံကြည်သည်ထက် ယုံကြည်ကြရလေအောင် ထုတ်ဆောင်၍ ပြအပ်သော အကိုးပါဌ်ကား ဤသည် တို့ပါတည်း။

**မေး** ၎င်းပြင် အကြောင်းဖြစ်သော အဝိဇ္ဇာတရားကိုပင် ဝိပဿနာပညာဖြင့် ဆင်ခြင်၍ ဒါန,သီလ, ဘာဝနာ စသည် ပုညကြိယာဆယ်ပါးတို့ကို ပြုကြသော လောကီဝိပဿနာ ကုသိုလ်တရားတို့သည်လည်းကောင်း ၎င်းအဝိဇ္ဇာကိုပင် အပြစ်မြင်၍ ထိုအဝိဇ္ဇာမှ လွန်မြောက်ခြင်းငှါ ဒါန,သီလ, ဘာဝနာစသည် ပုည ကြိယာ ဆယ်ပါး လောကီကုသိုလ်တရားတို့ကို ပြုကြသောအခါတို့၌ ဤကောင်း မှုတို့ကြောင့် အိုဘေးဆိုးကြီး နာဘေးဆိုးကြီး သေဘေးဆိုးကြီးတို့မှ လျင်မြန် စွာ ကင်းလွတ်ရပါလို၏ဟု ဝိဝဋ္ဋနိဿိတဆုတောင်းကြီးကို တောင့်တ၍ ပြုကြ ကုန်သော လောကီကုသိုလ်ကြီးတို့သည် သံသရာဝဋ္ဋဒုက္ခမှ ထွက်မြောက်ကြောင်း အစစ် ကေန်ဖြစ်သော ပုညာဘိသင်္ခါရကုသိုလ် ဖြစ်၏ဟု အာရုံပြု၍ ပြုကျင့်ကြ သူ ပညာရှိ သဘောဖြူတို့သည် ထို့ထက် သာလွန်ပိုကဲ၍ အထူးသဖြင့် ယုံကြည် ကြရလေအောင် ထုတ်ဆောင်၍ ပြအပ်သော အကိုးပါဌ်ကား အဘယ်သည်တို့ ပါနည်း။

**ဖြေ** သာ ဟိ အဝိဇ္ဇ ခယတော ဝယတော သမ္မသနကာလေ ကာမာဝစရာနံ ပုညာဘိသင်္ခါရာနံ အာရမ္မဏပစ္စယေန ပစ္စယော ဟောတိ၊ အဘိညာ စိတ္တေန သံမောဟစိတ္တဘာဝနကာလေ ရူပါဝစရာနံ အဝိဇ္ဇာ သမတိက္က

မတ္ထာယ ပန ဒါနာဒီနိစေဝ ကာမာဝစရ ပုညကြိယာဝတ္ထူနိ ပုရေဇာတ္တ ရူပါဝစရဇ္ဈာနာနိ စ၊ ဥပ္ပါဒေန္တဿ ဒိဋ္ဌမ္မိ တေသံ ဥပနိဿယပစ္စယေန ပစ္စယော ဟောတိ။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာပါဠ်

**တို့မြန်မာဘာသာလို ပြန်ဆိုရန်ကား**— ဟိ ဝိတ္ထာရေမိ၊ မသိတတ်သည့် အဝိဇ္ဇာက ဝိဝဋ္ဋကုသိုလ်ကြီးများကို ပဋ္ဌာန်းပစ္စည်းနှစ်ပါးကြောင့် ထင်ရှားဖြစ်ရသည် ဟူသော ရှေ့စကားကို ထင်ရှားအောင် ချဲ့ဆိုဦးအံ့။ အဝိဇ္ဇံ၊ မသိမှု အဝိဇ္ဇာကို။ ခယတော၊ ကုန်တတ်သော အနိစ္စအားဖြင့်။ ဝယတော၊ ပျက်တတ်သော အနိစ္စအားဖြင့်။ သမ္မသနကာလေ၊ ဝိပဿနာဉာဏ်အရပ်ရပ်ဖြင့် သုံးသပ်သောအခါ၌။ ကာမာဝစရာနံ၊ ကာမာဝစရဖြစ်ကုန်သော။ ပုညာဘိသင်္ခါရာနံ၊ ဝိပဿနာအစစ်ဟာ ပုညာဘိသင်္ခါရဖြစ်ပါသော ကုသိုလ်စေတနာတို့အားရင်း။ အဘိညာစိတ္တေန၊ စေတောပရိယ ပုဗ္ဗေနိဝါသ အနာဂတံသ အဘိညာဉ်စိတ်ဖြင့်။ သံမောဟစိတ္တဇာနနကာလေ၊ မိမိ သူတပါးတို့၏ သံမောဟနှင့်တကွ ဖြစ်သော စိတ်ကိုသိသောအခါ၌။ရူပါဝစရာနံ၊ရူပါဝစရဖြစ်ကုန်သော။ပုညာဘိသင်္ခါရာနံ၊ အဘိညာဉ် ပုညာဘိသင်္ခါရ ကုသိုလ်စေတနာတို့အားရင်း။ သာ အဝိဇ္ဇာ၊ ထိုအာရုံအပြုခံငြား မသိတတ်သော အဝိဇ္ဇာတရားသည်။ အာရမ္မဏပစ္စယေန၊ ပဋ္ဌာန်းကြီးက အာရမ္မဏပစ္စည်းအရဖြင့်။ ပစ္စယော၊ ဖြစ်ပေါ်လာအောင် ကျေးဇူးဆောင်သည်။ ဟောတိ၊ စင်စစ်မသွေ ဖြစ်ရလေ၏။ ပန၊ ပဋ္ဌာန်းပစ္စည်းတပါးကို ထင်ရှားအောင် ဆိုဦးအံ့။ အဝိဇ္ဇာသမတိက္ကမတ္ထာယ၊ အဝိဇ္ဇာ၏အပြစ်ကို မြင်သဖြင့် ထိုအဝိဇ္ဇာကို လွန်မြောက်ခြင်းငှါ။ ဝိဝဋ္ဋပတ္ထနာယ၊ နိဗ္ဗာန်မဂ်ဖိုလ်ကို တောင့်တသော၊ ဝါ-ဤကောင်းမှုတို့ကြောင့် အိုဘေးဆိုးကြီး နာဘေးဆိုးကြီး သေဘေးဆိုးကြီးတို့မှ လျင်မြန်စွာ ကင်းလွတ်ရပါလို၏ဟု တောင့်တသော ဝိဝဋ္ဋဆုတောင်းကြီးဖြင့်။ (ဤကား မဟာဋီကာနှင့်အညီ အနက်သမ္ဗန်လိုက်၏) ဒါနာဒီနိ၊ ဒါနအစရှိကုန်သော၊ ဝါ-ဒါန သီလ ဘာဝနာ အပစာယန ဝေယျာဝစ္စ ပတ္တိဒါန ပတ္တာနုမောဒန ဓမ္မဿဝန ဓမ္မဒေသနာ ဒိဋ္ဌုဇုကမ္မတာဟု ဆိုအပ်ကုန်သော။ ကာမာဝစရပုညကြိယာဝတ္ထူနိ၊ ကာမာဝစရပါရမီ အစဖြစ်သော ပုညကြိယာဆယ်ပါး ကုသိုလ်တရားတို့ကို။ ပုရေန္တဿစေဝ၊

ဖြည့်ကျင့်သောသူအားရင်း။ရူပါဝစရဈာနာနှိ၊ ရူပါဝစရစျာန်တို့ကို။ ဥပ္ပါဒေန္တ-ဿ စ၊ဖြစ်စေသော သူအားရင်း။ ဒိန္နမ္ပိ၊ နှစ်ပါးလည်း ဖြစ်ကုန်သော။ တေဘူမကပုညာဘိသင်္ခါရာနံ၊ထိုဝိဝဋ္ဋပုညာဘိသင်္ခါရကုသိုလ်စေတနာတို့အား။ဥပနိဿယပစ္စယေန၊ ပဋ္ဌာန်းနည်းက အားကြီးသည့်အကြောင်းဖြစ်သော ဥပနိဿယပစ္စည်းဖြင့်။ ပစ္စယော၊ ဖြစ်ပေါ်လာအောင် ကျေးဇူးဆောင်သည်။ ဟောတိ၊ စင်စစ် မသွေ ဖြစ်ရလေ၏။ ဤသို့ ဝိသုဒ္ဓိမဂ်အဋ္ဌကထာမှ ယုံကြည်သည်ထက် ယုံကြည်ကြလေအောင် ထုတ်ဆောင်၍ ပြအပ်သော အကိုးပါဌ်ကား ဤသည်တို့ပါတည်း။

**မေး** ယခု ထုတ်ဆောင်၍ ပြအပ်သော အကိုးပါဌ်၏ လိုရင်းအချုပ် ကျေးဇူးတော်ရှင် မိုးညှင်းတောရ ဆရာတော်ဘုရားကြီး ရေးသားတော်မူအပ်သော တိုတိုတုတ်တုတ် အကျဉ်းချုပ် အဓိပ္ပါယ်ကား အဘယ်သည်တို့ပါနည်း။

**ဖြေ** ဤသို့ ရေးသားအပ်ပြီးသော ဝိသုဒ္ဓိမဂ် မိန့်တော်ချက်နှင့်အညီ အဝိဇ္ဇာနှင့်တကွ သံသရာ၏ အပြစ်ကြီးများကို ကြောက်ရွံ့လှ၍ ထိုအပြစ်ကြီးတို့မှ လျင်မြန်စွာ လွတ်တည့်ကြရန် ထိုအဝိဇ္ဇာ အမိုက်အမှား အယုတ်တရားကြီးတို့၏ ကုန်ဆုံးပျက်ပြားခြင်း အနိစ္စတရားတို့ကို ဉာဏ်နှင့် မိမိပြူးပြူးကြည့်ကာ ရှုစားပါသော ဝိပဿနာကုသိုလ်တို့သည်ရင်း၊ ထိုထိုအပြစ်ဒေါသ ကြီးမားလှသော အဝိဇ္ဇာဟူသမျှတို့ကို စေတောပရိယ,ပုဗ္ဗေနိဝါသ,အနာဂတံသ အဘိညာဉ်တို့ဖြင့် ဆင်ခြင်ပွားများသော ရူပကုသိုလ် အစစ်တို့သည်လည်းကောင်း၊မသိတတ်သော အဝိဇ္ဇာက အာရမ္မဏ ဥပနိဿယ ပဋ္ဌာန်းပစ္စည်း အရတို့ဖြင့် အကြောင်းပြု၍ ဖြစ်ကြရ၏၊ ထိုမှတပါး ဝိဝဋ္ဋဓမ္မဒုက္ခသစ္စာ အသိဉာဏ်တရားတို့နှင့်တကွ ပြုအပ်သော ဒါန, သီလ, ဘာဝနာ, အပစာယန, ဝေယျာဝစ္စ, ပတ္တိဒါန, ပတ္တာနုမောဒန, ဓမ္မသဝန, ဓမ္မဒေသနာ, ဒိဋ္ဌိဇုကမ္မတာဟု ဆိုအပ်သော ပုညာဘိသင်္ခါရ ဖြစ်သော ကာမကုသိုလ်, ရူပကုသိုလ်, အရူပကုသိုလ်တရားတို့သည်ရင်း၊ မသိတတ်သည့် အဝိဇ္ဇာက ထိုက်သည်အားလျော်စွာ အာရမ္မဏ ဥပနိဿယပစ္စည်း ပဋ္ဌာန်းနည်းအရတို့ဖြင့် အကြောင်းပြု၍ ဖြစ်ကြရ၏ဟု ဖြေကြားလိုက်၏၊ ၎င်းအဖြေစကားစုကို သိရှိရသဖြင့် ဝိဝဋ္ဋဖြစ်သော ဒါန, သီလ, သမထ ဘာဝနာ, ဝိပဿနာ ဘာဝနာ အစဖြာသော ကာမ ရူပ လောကီကုသိုလ် ဟူသမျှတို့သည်

မသိမိုက်မှား အဝိဇ္ဇာတရားတို့က အကြောင်းပြု၍ ဖြစ်ကြရသောကြောင့် ပုညာဘိသင်္ခါရမည်၏ဟု ဤသို့ ပြဆိုခဲ့ပြီးသော ဝိသုဒ္ဓိမဂ် အဋ္ဌကထာပါဠိကို အထူးသတိမမူကြသူတို့ကား လူ့စည်းစိမ်, နတ်စည်းစိမ်ကိုငဲ့၍ ပြုကြသော ဒါန,သီလ, သမထကုသိုလ်တို့သည်သာ ပုညာဘိသင်္ခါရ မည်ပါသည်၊ ဒုက္ခသစ္စာကုန်မှု လောကုတ္တရာပါရမီကိုငဲ့၍ ပြုကြသည့်ကုသိုလ်တို့မှာကား ပုညာဘိသင်္ခါရမဟုတ်ဟု ထင်မှတ်ကြ၍ ဘုရားတည်သည် ကျောင်းဆောက်ပါသည်ဟုဆိုလျှင် "မင်းတို့ ပုညာဘိကလေး မင်းတို့ ပုညာဘိကလေးနှင့်" ဟု ပြောဟောကြကာ အသေးအနုပ်ကယ်လို့ အရေးမလုပ်ဘဲ ရှိနေကြသည် ၎င်း ပုညာဘိသင်္ခါရ,အာနေဉ္ဇာဘိသင်္ခါရများတို့ကို သေးနုပ်တယ်လို့ အားမထုတ်ဘဲ ရှောင်လွှဲနေကြပါမူ ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာအစစ် အရိယာသာဝက အဖြစ်တို့သို့ ကေန္တ မဖြစ်နိုင်ဟု သိကြပါလေ၊ အဘယ့်ကြောင့်ဆိုသော် မဂ္ဂင်ထိမှာ မဂ်၏ရှေ့က ဂေါတြဘူသို့ ကျအောင် လောကီကုသိုလ်ဟာပုညာဘိသင်္ခါရတို့ချည်း ဖြစ်ကြ၍ မသိမိုက်မှား အဝိဇ္ဇာတရားတို့က ကျေးဇူးပြုကြသောကြောင့်ပါတည်း၊ သို့ပင် ကျေးဇူးပြုသော်လည်း ၎င်းမသိလုံး မိုက်လုံး မှားလုံးတို့နှင့်ချည်း အကြောင်းခံသည် မဟုတ်၊ စင်စစ်မူကား မသိမိုက်မှား အဝိဇ္ဇာတရားတို့ကို မဖယ်ရှားနိုင်သေးကြ၍ သတ္တဝါတို့၏ ခန္ဓာအစဉ်တွေမှာ အနုသယကိန်းနှင့် တည်ရှိနေကြသည့် အတွက်ကြောင့်သာ ပြုပြုသမျှသော ကောင်းမှုတွေဟာ သင်္ခါရကုသိုလ်တို့ချည်း ဖြစ်နေကြသည်၊ အကယ်၍ "အနုသယကိန်းနှင့် မကိန်းရအောင်" ပယ်နိုင်သူတို့မှာ ပြုပြုသမျှ ကောင်းမှုတို့သည် သင်္ခါရကုသိုလ် မဖြစ်ကြကုန်ဘဲ ကြိယာဇောတွေမျှသာ ဖြစ်ကြကုန်၏ဟု ထိုထိုပုဂ္ဂိုလ်တို့မှာ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်ကြမှု ထိုထိုပုဂ္ဂိုလ်တို့မှာ အဝိဇ္ဇာအနုသယကိန်း မရှိကြမှု သင်္ခါရကုသိုလ်လည်း မဖြစ်ကြမှုတို့ကို သေချာစွာ မှတ်သားကြပါလေ သူတော်ကောင်းတွေတို့။

ဤသည်တို့ကား ဝိသုဒ္ဓိမဂ်အဋ္ဌကထာမှ ထုတ်ဆောင်၍ ပြအပ်သော အကိုးပါဠိ၏ လိုရင်းအချုပ် တိုတိုတုတ်တုတ် အကျဉ်းချုပ် အဓိပ္ပါယ်တို့ ပါတည်း။

မေး ပရမတ္ထဒီပနီဋီကာနှင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ လာသည်နှင့်အညီ ပုညာဘိသင်္ခါရဖြစ်သော ပုညကြိယာဆယ်ပါး ကုသိုလ်တရားတို့ကို အာဒီနဝဉာဏ်,

ဝိပဿနာဉာဏ်တို့နှင့်ယှဉ်၍ ဝိဝဋ္ဋကုသိုလ်ဖြစ်အောင် အဘယ်ပုဂ္ဂိုလ်တို့သည် ကျင့်တတ်ပါသနည်း။

**ဖြေ** ဆရာဆည်းကပ်၊ မြတ်တရားနာ၊ သင့်ရာစိတ်ထား၊ ရှက်မှုကားရှိ၊ အကြောက်ရှိ၍၊ စောင့်စည်းလည်းပြု၊ ဤခြောက်ခု၊ ကောင်းမှုဖြစ်ကြောင်း တည်း၊ ဟူသော မြန်မာကဗျာနှင့်အညီ—

| | |
|---|---|
| ၁ - သပ္ပုရိသသံသေဝ | သူတော်ကောင်းဖြစ်သော ဆရာကို မှီဝဲဆည်းကပ်ခြင်း။ |
| ၂ - သဒ္ဓမ္မသဝန | ဓာတ်ပရမတ် တည်းဟူသော သူတော်ကောင်းတရားကို ကြားနာရခြင်း။ |
| ၃ - ယောနိသော မနသိကာရ | ဓာတ်ဉာဏ် ပရမတ်ဉာဏ်ပိုင်အောင် သင့်တင့်စွာ နှလုံးသွင်းခြင်း။ |
| ၄ - ဟိရီ | ကာယဒုစရိုက် စသည်ကိုပြုက သူတော်ကောင်းတို့ ကြားမည် မြင်မည် သိမည်ကို ရှက်ခြင်း။ |
| ၅ - ဩတ္တပ္ပ | ကာယဒုစရိုက် စသည်ကိုပြုက အပါယ်သို့ ကျမည်ကို ကြောက်ခြင်း။ |
| ၆ - သံဝရ | ကိုယ်နှုတ်နှလုံး သုံးပါးလုံးကို စောင့်စည်းခြင်း။ |

ဤအင်္ဂါ ၆-ပါးနှင့် ပြည့်စုံသော ယောဂီပုဂ္ဂိုလ် သူမြတ်တို့သည်သာ ဝဋ်သုံးပါးမှ ထွက်မြောက်ကြောင်းဖြစ်သော ဝိဝဋ္ဋကုသိုလ်ကြီးကိုဖြစ်အောင် ပြုကျင့်တတ်သော ပုဂ္ဂိုလ်ဖြစ်ပါသည်။

**တနည်း** "သူတော်ဆည်းကပ်၊ မြတ်တရားနာ၊ လွန်စွာအားထုတ်၊ နာမ်နှင့်ရုပ်ကို၊ဖြစ်ချုပ်ဉာဏ်မြင်၊ ဤငါးအင်၊ မှန်ပင်မဂ်ရကြောင်း" ဟူသော လင်္ကာနှင့် အညီအားထုတ်ပါကလည်း ဝိဝဋ္ဋကုသိုလ် ဖြစ်ပါသည်။

ပုညာဘိသင်္ခါရဖြစ်သော ပုညကြိယာဆယ်ပါးတို့ကို ဝဋ်မှထွက်မြောက်အောင် ပြုကျင့်တတ်သော ပုဂ္ဂိုလ်တို့၏ အင်္ဂါကို အကျဉ်းမျှ လင်းပြခြင်း ပြီး၏။

## ပုညာဘိသင်္ခါရဖြစ်သော ပုညကြိယာ ဆယ်ပါးတို့ကို ဝဋ်မှ ထွက်မြောက်အောင် မပြုမကျင့်တတ်မှုကို ကြောက်လန့်ဘွယ် ကောင်းပုံကို အကျဉ်းမျှ လင်းပြခြင်း

**မေး** ပုညာဘိသင်္ခါရဖြစ်သော ပုညကြိယာ ဆယ်ပါးတို့သည် ဝဋ်မှ ထွက်မြောက်အောင် မပြုမကျင့်တတ်၍ ဝဋ်သုံးပါး၌သာလျှင် လောဘ စသည် လောင်မီးကျ၍ အိုခါ, နာခါ, သေခါ အပါယ်လေးပါးသို့ လားခါနှင့် ကျင်လည် မျောပါးရာ ဖြစ်လေသောကြောင့် ၎င်း ပုညကြိယာဆယ်ပါးတို့ကို ကြောက်ရွံ့ ထိတ်လန့်ဘွယ် ကောင်းလှသော ပုဂ္ဂိုလ်တို့ကား အဘယ်သည်တို့ ·ဖြစ်ပါသနည်း။

**ဖြေ** ပဋိစ္စသမုပ္ပါဒ် ပါဠိတော်၏အရ ကျေးဇူးကော်ရှင် လယ်တီဆရာတော်ဘုရားကြီး၏ အလိုတော်ကျ လင်္ကာနှင့်ဖြေဆိုရမူ "အမှန်လေးချက်၊သဘောနက်ကို၊ဖုံးဝှက်ကွယ်ကာ၊ အဝိဇ္ဇာဟု၊မဟာတမ၊မှောင်ကြီးကျ၍၊ဘဝနှောင်ခါ၊ သံသရာ၌၊လူ့ရွာနတ်ပြမ်း၊စည်းစိမ်သွမ်းကို၊ချမ်းသာအတိ၊အထင်ငြိလျက်၊ဂတိနှောင်ကို၊ ကောင်းစေလို၍၊ကုသိုလ်အရိုး၊အမျိုးမျိုးကို၊ကြိုးကြိုးစားစား၊ ပြုတုံငြားက၊ ဆယ်ပါးပုည၊အာနေဉ္ဇဟု၊ ဘဝနှိုးရင်း၊ ပွားတုံလျှင်းသည်၊ ဝဋ်ခင်းဝဋ်နွယ် ရှည်သတည်း" ဤသို့ မိန့်ဆိုတော်မူအပ်သော လင်္ကာနှင့်ညီစွာ သစ္စာလေးပါး တရားတို့ကို မသိမမြင်ရအောင် ဖုံးလွှမ်း ကွယ်ကာ၍ထားသော အဝိဇ္ဇာကြောင့် လူ့ဘဝ လူ့စည်းစိမ်,နတ်ဘဝ နတ်စည်းစိမ်,ဗြဟ္မာ့ဘဝ ဗြဟ္မာ့စည်းစိမ်တို့ကို ငါတို့၏ ချမ်းသာရာအစစ် ကေန်ဖြစ်၏ဟု အထင်ရှိ၍ လိုချင်တောင့်တ တွယ်တာကပ်ငြိလျက် နှောင် ဂတိကို ကောင်းစေလို၍ ဒါန, သီလ, ဘာဝနာစသည် ပုညကြိယာဆယ်ပါး ကုသိုလ်တရားတို့ကို ပြုကြကုန်၏၊ ၎င်း ပြုကြကုန်သော သူတို့သည် ဝဋ်သုံးပါး တရားတို့၌ လောဘစသည် လောင်မီးကျ၍ အိုခါ နာခါ သေခါ အပါယ်လေးပါးသို့ လားခါနှင့် ရှည်လျားစွာ ကျင်လည် မျောပါးရာ ဖြစ်သောကြောင့် ၎င်း ပုညကြိယာ ဆယ်ပါးတို့ကို မသိမိုက်မှား အဝိဇ္ဇာဖုံးလွှမ်း ကွယ်ကာ၍ ထားသောကြောင့် လူ့ဘဝ လူ့စည်းစိမ် စသည် လောကီ စည်းစိမ်

ချမ်းသာကို လိုချင်တောင့်တလျက် ရှိကြသော ပုဂ္ဂိုလ်တို့သည်သာလျှင် ထိတ်လန့် ကြောက်ရွံ့ဘွယ်ကောင်းသော ပုဂ္ဂိုလ်တို့ဖြစ်ပါသည်။

ပုညာဘိသင်္ခါရဖြစ်သော ပုညကြိယာ ဆယ်ပါးတို့ကို ဝဋ်မှထွက်မြောက်
အောင် မပြုမကျင့်တတ်သော ပုဂ္ဂိုလ်တို့ဖြစ်၍ ကြောက်လန့်
ဘွယ်ကောင်းပုံကို အကျဉ်းမျှ လင်းပြခြင်း ပြီး၏။

---

**ပုညာဘိသင်္ခါရကုသိုလ်တို့ကို ဝဋ်ဒုက္ခမှ ထွက်မြောက်အောင် ပြုတတ်သော ပညာရှိ ပုဂ္ဂိုလ်တို့အား မိမိတို့ပညာကသာ ကောင်းကျိုးပေးပုံ**

## ဥပမာဖြင့် အကျဉ်းမျှ လင်းပြခြင်း

**မေး** ပုညာဘိသင်္ခါရကုသိုလ် ဖြစ်သော ဒါန, သီလ စသည် ပုညကြိယာ ဆယ်ပါးတို့ကို သံသရာဝဋ်ဒုက္ခမှ ထွက်မြောက်ရလေအောင် ပြုတတ်သောသူ မပြုတတ်သောသူဟူ၍ ၂-မျိုး ၂-စားရှိ၏ဟု ရေးသားခဲ့ရာတို့တွင် ဝဋ်ဒုက္ခမှ လွတ်မြောက်အောင် ပြုတတ်သောသူ ယောဂီဖြူ ပုဂ္ဂိုလ်တို့အား မိမိတို့၏ ဝိပဿနာ အတတ်ပညာ ဉာဏ်ဝိဇ္ဇာကသာ မိမိတို့ကို အကျိုးပေး ကြီးကျယ် အောင် ကျေးဇူးပြုပုံကို အဘယ်လို ဥပမာဆောင်၍ သိရပါမည်နည်း။

**ဖြေ** စစ်မော်တော်ကားမောင်း အတတ်နှင့် စစ်လေယာဉ်ပျံမောင်းအတတ် စသည် အတတ်အမျိုးမျိုးတို့ကို တဘက်ကမ်းခတ်အောင် ကျွမ်းကျင်လိမ္မာသော ဘုရင်မင်းမြတ်အား အလွန်တရာ ကောင်းမြတ်သော စစ်မော်တော်ကား စစ်လေယာဉ်ပျံတို့ကို မိမိတို့တိုင်းပြည်မှာ ပြုလုပ်၍ ရသည်ဖြစ်စေ,တိုင်းတပါးက လက်ဆောင်ပဏ္ဏာ ဆက်သလာ၍ ရသည်ဖြစ်စေ မိမိအထံရောက်ရှိခဲ့သည်ရှိသော် ၎င်း စစ်မော်တော်ကား စစ်လေယာဉ်ပျံတို့ကို ဤမော်တော်ကား ဤလေယာဉ် ပျံတို့သည် ၎င်းတို့အား ဘေးရန်ပြုလိမ့်မည်ဟု အနည်းငယ်မျှ ကြောက်ရွံ့ ထိတ်လန့်ခြင်းမရှိမူ၍ ဤစစ်မော်တော်ကား စစ်လေယာဉ်ပျံတို့ကို ယူပြီးလျှင် မိမိတို့၏ ကျွမ်းကျင်လိမ္မာသော မော်တော်ကားမောင်းအတတ်ပညာ လေယာဉ် ပျံမောင်း အတတ်ပညာတို့ဖြင့် အစွမ်းကုန် စီးနင်း မောင်းနှင်ပြီးလျှင် တပါး သော ရန်သူတို့ကို ကွင်းလုံးကျွတ် အောင်မြင်အောင် တိုက်ခိုက်ဖျက်ဆီး

သိမ်းယူပြီး၍ ထီးဖြူအုပ်ချုပ် မင်းအလုပ်ကို လုပ်ပြီးလျှင် ကြီးကျယ်သော မင်းစည်းစိမ်ကို ခံစားရသည်တိုင်အောင် မိမိ၏ မော်တော်ကားမောင်း အတတ်ပညာ လေယာဉ်ပျံမောင်း အတတ်ပညာတို့က ကျေးဇူးပြုခြင်းကို ခံစားရရှိသော ဘုရင်မင်းမြတ်များကဲ့သို့ ထို့အတူ သံသရာဝဋ်ဒုက္ခမှ ထွက်မြောက်ရာ ထွက်မြောက်ကြောင်း ဖြစ်သော နာမရူပပရိစ္ဆေဒဉာဏ်, ပစ္စယပရိဂ္ဂဟဉာဏ်, သမ္မသနဉာဏ်စသည် ဝိပဿနာပညာဉာဏ် ဝိဇ္ဇာအမျိုးမျိုးတို့ကို ဆရာကောင်းထံမှာ နည်းနာခံ၍ တတ်မြောက်ကြပြီးသော ယောဂီပုဂ္ဂိုလ် များထိုထိုတို့အား အခြားတပါးသောသူတို့က တိုက်တွန်း နှိုးဆော်လို့ဖြစ်စေ, မိမိအလိုအလျောက် သဒ္ဓါပေါက်၍ဖြစ်စေ ပုညာဘိသင်္ခါရကုသိုလ်ဖြစ်သော ဒါန, သီလ, ဘာဝနာ စသည် ပုညကြိယာ ဆယ်ပါးတို့ကို ပြုကြဘို့ရန် အခွင့်ဆိုက်၍ ပြုကြကုန်သည် ရှိသော် အိုရခြင်း ဆင်းရဲ, နာရခြင်း ဆင်းရဲ, သေရခြင်း ဆင်းရဲ အစရှိသော ဆင်းရဲများစွာ သံသရာဝဋ်ဒုက္ခတို့မှာ တာရှည်စွာ ကျင်လည်၍ နေကြလိမ့်မည်၊ အလွန်တရာ ကြောက်ရွံ့ ထိတ်လန့်ဘို့ ကောင်းလှသည့် တရားကြီးတွေဟု အနည်းငယ်မျှ ကြောက်ရွံ့ ထိတ်လန့်ခြင်းမရှိမူ၍ မိမိတို့သည် ဆရာ့အထံမှ နည်းနာယူ၍ ရအပ်ခဲ့ပြီးသော နာမရူပပရိစ္ဆေဒဉာဏ်, ပစ္စယပရိဂ္ဂဟဉာဏ်, သမ္မသနဉာဏ်စသည် ဝိပဿနာဉာဏ် အမျိုးမျိုးတို့ဖြင့် ပုညာဘိသင်္ခါရကုသိုလ်ဖြစ်သော ပုညကြိယာ ဆယ်ပါးတို့ကို အစွမ်းကုန်အားထုတ်ပြီးလျှင် လောဘ, ဒေါသ, မောဟစသည် ဆယ်ဖြာသော ကိလေသာ, တထောင့်ငါးရာသော ကိလေသာဆိုး ရန်သူမျိုးတို့ကို တစိုးတစိမျှ အကြွင်းအကျန် မရှိရအောင် တွန်းလှန်တိုက်ခိုက် ချိုးဖွဲ့ဖျက်ဆီး၍ အောင်မြင်ခြင်းသို့ ရောက်သဖြင့် အရဟတ္တမဂ် အရဟတ္တဖိုလ် တည်းဟူသော ထီးဖြူတော်ကြီးကို မိုးကာပြီးလျှင် နိဗ္ဗာန် တည်းဟူသော ရွှေမြို့တော်ကြီးသို့တိုင်အောင် မိမိတို့၏ အသိအလိမ္မာ ဝိပဿနာပညာ ဉာဏ်ဝိဇ္ဇာတို့က ဤမျှလောက် ကြီးကျယ်အောင် ကျေးဇူးဆောင်၍ ခံစား စံစားရဘူးသော ရဟန္တာအရှင်မြတ်တို့သည် များလှလေပြီ၊ ဤသို့ များပြားလှသော ရဟန္တာအရှင်မြတ်တို့ကို ဥပမာဆောင်၍ သိရပါသည်။

**မေး** နိဗ္ဗာန်တည်းဟူသော ရွှေမြို့တော်ကြီးသို့တိုင်အောင် မိမိတို့၏ အသိအလိမ္မာ ဝိပဿနာပညာ ဉာဏ်ဝိဇ္ဇာတို့က ကျေးဇူးဆောင်၍ ခံစား စံစားရဘူးသော ရဟန္တာအရှင်မြတ်တို့ကား အဘယ်အရှင်မြတ်တို့ ဖြစ်ပါသနည်း။

ဖြေ အရှင်သာရိပုတ္တရာ အရှင်မဟာမောဂ္ဂလာန် အစရှိသော ရဟန္တာအရှင်မြတ်ကြီးတို့ ဖြစ်ပါသည်။

ပုညာဘိသင်္ခါရ ကုသိုလ်တို့ကို ဝဋ္ဋဒုက္ခမှ ထွက်မြောက်အောင်
ပြုတတ်သော ပညာရှိပုဂ္ဂိုလ်တို့အား မိမိတို့ပညာ
ကသာ ကောင်းကျိုးပေးပုံတို့ကို ဥပမာဖြင့်
အကျဉ်းမျှ လင်းပြခြင်း ပြီး၏။

---

**အထူးမှတ်ထားချက်** ယခုထုတ်သော အမေးပုစ္ဆာ၏ အဖြေစကားရပ်၌ အရှင်သာရိပုတ္တရာ အရှင်မဟာမောဂ္ဂလာန် အစရှိသော ရဟန္တာအရှင်မြတ်ကြီးတို့ပါတည်းဟု ဖြေဆိုအပ်သော စကားရပ်သည် နိဗ္ဗာန်တည်းဟူသော ရွှေမြို့တော်ကြီးသို့ ပရိနိဗ္ဗာန် စံဝင်ကြပြီးသော ရဟန္တာအရှင်မြတ်တို့ကို အကုန်လုံးရ၏၊ ဤသို့ အကုန်လုံးရအောင် ဖြေဆိုရခြင်းသည် အဘယ့်ကြောင့် ဖြေဆိုရပါသနည်းဟုဆိုသော် ပရိနိဗ္ဗာန် စံလွန်တော်မူကြပြီးသော ရဟန္တာအရှင်မြတ်ကြီး ဟူသမျှတို့သည် အရဟတ္တမဂ် အရဟတ္တဖိုလ်သို့ မရောက်မီ သောတာပတ္တိမဂ်, သောတာပတ္တိဖိုလ်၊ သကဒါဂါမိမဂ်, သကဒါဂါမိဖိုလ်၊ အနာဂါမိမဂ်, အနာဂါမိဖိုလ်တို့ကို ကလျာဏပုထုဇန်,သောတာပန်, သကဒါဂါမ်ပုဂ္ဂိုလ်တို့၏ အဖြစ်နှင့် မရလျှင် မနေရဟု ဒါန သီလ ဘာဝနာစသည် ပုညကြိယာ ဆယ်ပါးတို့ကို နာမရူပပရိစ္ဆေဒဉာဏ်, ပစ္စယပရိဂ္ဂဟဉာဏ်အစ ဂေါတြဘူဉာဏ် အဆုံးရှိသော ဝိပဿနာပညာ ဉာဏ်ဝိဇ္ဇာတို့ကို ယှဉ်စေပြီး၍ ပြုကျင့် ပွားများ အားထုတ်ကြကုန်သော လောကီ ကုသိုလ်တို့ကို မဆိုထားနှင့်ဦး, အရဟတ္တမဂ်, အရဟတ္တဖိုလ်တို့ကို အနာဂါမ်အဖြစ်မှနေ၍ မရလျှင် မနေရဟု ဒါနစသည် ပုညကြိယာ ဆယ်ပါးတို့ကို ဝိပဿနာပညာ ဉာဏ်ဝိဇ္ဇာဖြင့် ကောင်းစွာယှဉ်၍ ပြုကျင့် ပွားများ အားထုတ်ကြကုန်သော လောကီကုသိုလ်တို့ပင်သော်လည်း ပုညာဘိသင်္ခါရကုသိုလ်တို့ချည်းသာ ဖြစ်ကြလေကုန်၏၊ ထိုသို့ ဖြစ်ကြလေသောကြောင့် ပရိနိဗ္ဗာန် စံလွန်တော်မူကြလေပြီးသော ရဟန္တာအရှင်မြတ်ကြီးတို့သည် မဂ်ဖိုလ်ကိုမရမီ ရှေးအဘို့က မဂ်ရလောက်အောင် ဖိုလ်ရလောက်

အောင် ဝိပဿနာပညာ ဉာဏ်ဝိဇ္ဇာဖြင့် ကောင်းစွာယှဉ်၍ ပြုကျင့်ကြကုန်သော ဒါန သီလ ဘာဝနာ အစရှိသော ပုညကြိယာဆယ်ပါး ပုညာဘိသင်္ခါရကုသိုလ်ဖြစ်သော ဂေါတြဘူဉာဏ်,ဝေါဒါန်ဟု ဆိုအပ်သော စိတ္တက္ခဏတို့ ဖြစ်ပြီးမှ ပုညာဘိသင်္ခါရအဖြစ်မှ လွတ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့သည် ဖြစ်ပေါ်လာကြပြီး ရဟန္တာအရှင်မြတ်ကြီးတို့၏ အဖြစ်သို့ ရောက်ကြရသော ပုဂ္ဂိုလ်တို့ချည်း ဖြစ်ကြရလေသောကြောင့် ပရိနိဗ္ဗာန် ဝင်စံကြပြီးသော ရဟန္တာအရှင်မြတ်ကြီးတို့ကို အကုန်လုံးရအောင် ဖြေဆို ဟောကြားလိုက်ပေသတည်း၊ ဤသို့ ဖြေဆိုအပ်သည်တို့ကို တွေ့မြင် ကြည့်ရှုကြရသူ ပညာရှိ သဘောဖြူတို့သည် လောကီဖြစ်သော ဤပုညာဘိသင်္ခါရကုသိုလ်တို့သည် ပညာရှိကြသော ကုသိုလ်ရှင်တို့ဖြစ်လျှင် ဖြစ်သလို အကျိုးပေးကြီးကျယ် မြင့်မြတ်၏၊ ပညာမရှိသော ကုသိုလ်ရှင်တို့ဖြစ်လျှင် ဖြစ်သလို အကျိုးပေး သေးသိမ် မှေးမှိန်သည်၊ စင်စစ်အားဖြင့် လောကီပုညာဘိသင်္ခါရကုသိုလ်တို့သည် ကြောက်လန့်ဘွယ်ရာ ပဓာနမဟုတ်၊ လောကီပုညာဘိသင်္ခါရကို ပြုကြသော ကုသိုလ်ရှင်တို့ ပညာမရှိမှုသည်သာလျှင် ကြောက်လန့်ဘွယ်ရာ ပဓာနဖြစ်ပါတကားဟု အထပ်ထပ် ကြည့်ရှု၍ သိကြပါလေ ယောဂီအပေါင်း သူတော်ကောင်းတွေတို့။

အထူးမှာထားချက် ပြီး၏။

---

### ပုညာဘိသင်္ခါရဖြစ်သော ပုညကြိယာဆယ်ပါးတို့ကို ဝဋ်မှထွက်မြောက်အောင် မပြုမကျင့်တတ်သော အမှုတို့ကို ကြောက်လန့်ဘွယ်

## ကောင်းကြောင်း ဥပမာဖြင့် အကျဉ်းမျှ လင်းပြခြင်း

**မေး** ပုညကြိယာဆယ်ပါးတို့ကို ပြုကြသောအခါတို့၌ ဝဋ္ဋဒုက္ခမှ ထွက်မြောက်အောင် ပြုတတ်သူ မပြုတတ်သူဟူ၍ နှစ်မျိုးနှစ်စား ရှိရာတို့တွင် မပြုတတ်သောသူတို့သည် ၎င်း ပုညကြိယာဆယ်ပါးတို့ကို အလွန်တရာ ကြောက်ရွံ့ ထိတ်လန့်ဘွယ် ကောင်းလှ၏ဟု ဖြေဆို ရေးသားခဲ့ပြီးသော စကားရပ်၌ ပေါ်လွင်

ထင်ရှားသည်ထက် ပေါ်လွင် ထင်ရှားလေအောင် ဘယ်လို ဥပမာဆောင်၍ သိရပါမည်နည်း။

**ဖြေ** စစ်မော်တော်ကား စစ်လေယာဉ်ပျံမောင်းအတတ် စသည် အတတ်အမျိုးမျိုးတို့ကို မကျွမ်းကျင် မလိမ္မာသော ဘုရင်ကြီးအား အလွန်တရာကောင်းမြတ်သော စစ်မော်တော်ကား စစ်လေယာဉ်ပျံတို့ကို မိမိတို့တိုင်းပြည်မှာ ပြုလုပ်၍ဖြစ်စေ, တိုင်းတပါးမှ လက်ဆောင်ပဏ္ဏာ ဆက်သလာ၍ဖြစ်စေ ရောက်ရှိခဲ့သည်ရှိသော် ၎င်း ရောက်ရှိသော မော်တော်ကား လေယာဉ်ပျံတို့ကို လက်ခံ သိမ်းပိုက်ပြီးလျှင် ငါတို့သည် စီးနင်းမောင်းနှင်၍ ရန်သူတို့ကို အောင်မြင်ရန် စစ်မြေပြင်သို့ ချီတက်၍ တိုက်ခိုက်ခဲ့သည်ရှိသော် ရန်သူတို့ကို အောင်မြင်ရမည်မှာဝေးစွ စစ်မြေပြင်သို့ မရောက်မီကပင် သစ်ပင် တုံး တိုင် ချောက် ကျင်း စသည် တခုခုသို့ တိုက်ခိုက် တိုးဝှေ့ လျှောကျပြီးလျှင် ၎င်း မော်တော်ကား လေယာဉ်ပျံပေါ်၌ ပါရှိသမျှသော သူတို့သည် သေကြေပျက်စီးခြင်းဟု ဆိုအပ်သော ဘေးဒုက္ခတို့နှင့်သော်၎င်း သေလောက်အောင်သော ဘေးဒုက္ခအမျိုးမျိုးတို့နှင့်သော်၎င်း တွေ့ကြုံကြရ၍ ကေန်မုချ စစ်ရှုံးကြပြီးလျှင် ရန်သူတို့၏ လက်တွင်းသို့ သက်ဆင်းရမည်ကား မလွဲတည်းဟု မိမိတို့မှာ အတတ်ပညာ မရှိတာကိုသိ၍ ၎င်း မော်တော်ကား လေယာဉ်ပျံတို့ကို အူအသည်း ပြောင်းပြန်လန်အောင် ကြောက်ရွံ့ ထိတ်လန့်သော ဘုရင်မင်းကြီးကဲ့သို့ ထို့အတူ ကုသိုလ်ပြုကြသောအခါတို့၌ ဝိပဿနာပညာဉာဏ် ဝိဇ္ဇာတို့နှင့်ယှဉ်၍ မပြုနိုင်ကြသော သူတို့သည် ပုညကြိယာဆယ်ပါးတို့ကို ပြုလုပ်ကြရန် သူတပါးတို့က တိုက်တွန်းနှိုးဆော်၍ဖြစ်စေ, မိမိတို့အလိုအကြိုက် အတုလိုက်၍ဖြစ်စေ, လူ့စည်းစိမ်, နတ်စည်းစိမ်, ဗြဟ္မာ့စည်းစိမ်တို့ကို အလိုရှိ၍ဖြစ်စေ ပြုကျင့်ခဲ့သည်ရှိသော် ကေန်မုချ လူ နတ် ဗြဟ္မာတို့၏ အိုရမည်ဒုက္ခ, နာရမည်ဒုက္ခ, သေရမည်ဒုက္ခ စသည် ဝဋ္ဋဒုက္ခအမျိုးမျိုးတို့နှင့် တွေ့ကြုံကြရမည်ကားမလွဲတည်းဟု မိမိတို့မှာ ဝိပဿနာပညာဉာဏ်ဝိဇ္ဇာ မရှိတာကိုသိပြီး ၎င်း ပုညကြိယာဆယ်ပါးတို့ကို မပြုမကျင့်ဝံ့လောက်အောင် အလွန်တရာ ကြောက်ရွံ့ ထိတ်လန့်ဘွယ်ကောင်းလှ၏၊ ဤသို့ ကြောက်ရွံ့ ထိတ်လန့်ဘွယ်ကောင်းလှသည်၏ အဖြစ်ကို ပေါ်လွင် ထင်ရှားလေအောင် မော်တော်ကား လေယာဉ်ပျံအတတ်ကို မတတ်၍ ကြောက်ရွံ့သော မင်းကြီးကို ဥပမာဆောင်၍ သိရပါသည်။

**မေး** ၎င်း ဥပမာ၌ စင်စစ် ကြောက်ရွံ့ ထိတ်လန့်ဘွယ် ကောင်းသည်တို့ကို ရွေးချယ် စီစစ်လိုက်သည် ရှိသော် အလွန်တရာ အဘိုးထိုက်တန်လှသော မော်တော်ကား လေယာဉ်ပျံတို့နှင့် ၎င်း ဘုရင်ကြီးမှာ ၎င်းတို့၏အတတ်ကို မကျွမ်းကျင် မလိမ္မာမှုနှင့် ဘယ်အမှုက သာလွန်ပိုကဲ၍ စင်စစ် ကြောက်ရွံ့ ထိတ်လန့်ဘွယ် ကောင်းပါသနည်း။

**ဖြေ** အဘိုးထိုက်တန်လှသော မော်တော်ကား လေယာဉ်ပျံတို့သည် စင်စစ် ကြောက်လန့်ဘွယ်ရာ မဟုတ်ချေ၊ ၎င်းဘုရင်ကြီးမှာ မော်တော်ကား လေယာဉ်ပျံတို့၏ အတတ်ကို မတတ်မှု မကျွမ်းကျင်မှု မလိမ္မာမှုသာလျှင် စင်စစ် ကြောက်ရွံ့ ထိတ်လန့်ဘွယ်ကောင်းလှ၏၊ အဘယ့်ကြောင့်ဆိုသော် ၎င်း မော်တော်ကား လေယာဉ်ပျံတို့သည် အဝိဇ္ဇာဏကဖြစ်၍ မည်မျှလောက် အဘိုးထိုက်တန်သော်လည်း ၎င်း၏ ပစ္စည်းရှင်တို့ကို အကျိုးမဲ့မှု အကျိုးဖြစ်ထွန်းမှုတို့ကို ပြုတတ်သည့် အကြောင်းရင်းကား စင်စစ် မဟုတ်ချေ၊ ၎င်းဘုရင်ကြီး၌ အတတ်ပညာ ရှိ, မရှိသာလျှင် အကြောင်းရင်းဖြစ်ချေသည်၊ သို့ဖြစ်လေသောကြောင့် မော်တော်ကား လေယာဉ်ပျံတို့ထက် ၎င်းတို့၏ အတတ်ကို မကျွမ်းကျင်မှု မလိမ္မာမှုတို့သာလျှင် အဆအရာ, အဆအထောင်မက သာလွန်ပိုကဲ၍ စင်စစ် ကြောက်ရွံ့ ထိတ်လန့်ဘွယ် ကောင်းလှပါသည်။

**မေး** ၎င်း ဥပမေယျ၌လည်း စင်စစ် ထိတ်လန့် ကြောက်ရွံ့ဘွယ်ရာ ကောင်းသည်တို့ကို ရွေးချယ် စီစစ်လိုက်သည်ရှိသော် ဒါန, သီလ, ဘာဝနာစသည် ပုညကြိယာ ဆယ်ပါးနှင့် ၎င်းတို့ကို ပြုကျင့်သောသူတို့၌ ဝဋ်မှ ထွက်မြောက်အောင် ဝိပဿနာပညာဉာဏ်ဝိဇ္ဇာမရှိမှုနှင့် အဘယ်အမှုတို့က သာလွန်ပိုကဲ၍ စင်စစ် ကြောက်ရွံ့ ထိတ်လန့်ဘွယ် ကောင်းပါသနည်း။

**ဖြေ** ဒါန, သီလ, ဘာဝနာစသည် ပုညကြိယာ ဆယ်ပါးတို့သည် စင်စစ် ကြောက်ရွံ့ ထိတ်လန့်ဘွယ်ရာမဟုတ်ချေ၊ ၎င်းဆယ်ပါးတို့ကို ပြုကြသောသူတို့မှာ ဆရာကောင်းအထံက နည်းအမှန်ကို မရ၍ ဝဋ်မှ ထွက်မြောက်ကြောင်းဖြစ်သော အတတ်ပညာ ဉာဏ်ဝိဇ္ဇာ၌ မတတ်မှု မကျွမ်းကျင်မှု မလိမ္မာမှုသည်သာလျှင် စင်စစ် ထိတ်လန့် ကြောက်ရွံ့ဘွယ် ကောင်းလှချေ၏၊ အဘယ့်ကြောင့်

ဆိုသော် ၎င်း ပုညကြိယာ ဆယ်ပါးတို့သည် ပြုကျင့်သူတို့၏ အာရုံပြုရာ ဝတ္ထု အာရုံမျှသာဖြစ်၍ ၎င်း ပုညကြိယာ ဆယ်ပါးတို့ကို ပြုကြသော ကုသိုလ်ရှင်တို့အား ဝဋ္ဋဒုက္ခတို့၌ ကျင်လည်မျောပါးခြင်းဟု ဆိုအပ်သော အကျိုးပေးသေးသိမ်မှေးမှိန်မှု ဝဋ္ဋဒုက္ခမှ ထွက်မြောက်ခြင်းဟု ဆိုအပ်သော အကျိုးပေး ကြီးကျယ်မြင့်မြတ်မှုတို့ကို ဖြစ်စေတတ်သော အကြောင်းရင်းအစစ် မဟုတ်ချေ၊ ၎င်း ပုညကြိယာ ဆယ်ပါးတို့ကို ပြုကျင့်ကြသော ကုသိုလ်ရှင်တို့၏ သန္တာန်၌ ဝဋ္ဋဒုက္ခတို့မှ ထွက်မြောက်ရာ ထွက်မြောက်ကြောင်းဖြစ်သော ဝိပဿနာပညာ ဉာဏ်ဝိဇ္ဇာ ရှိမှု, မရှိမှုသည်သာလျှင် အကြောင်းအစစ် ဧကန် ဖြစ်ချေသည် ထို့ကြောင့်—

တိလမတ္တံ ကတံ ပုညံ၊ ဉာဏေန သမ္ပယုတ္တကံ။
မေရုပမာဏံ တံ ဖလံ၊ နိဂြောဓမိဝ ဗီဇကံ။

**တို့မြန်မာဘာသာလို ပြန်ဆိုရန်ကား—** ဉာဏေန၊ ဝိပဿနာပညာဉာဏ်ဝိဇ္ဇာဖြင့်။ သမ္ပယုတ္တကံ၊ ယှဉ်သည်ဖြစ်၍။ ကတံ၊ ပြုအပ်သော။ တိလမတ္တံ၊ နှမ်းစေ့ခန့်မျှ ပမာဏရှိသော။ ယံပုညံ၊ အကြင်ကုသိုလ်ကောင်းမှုသည်၊ ဝါ-အကြင်ပုညကြိယာဆယ်ပါး ကုသိုလ်တရားသည်။ အတ္ထိ၊ ရှိ၏။ တံပုညံ၊ ထိုကုသိုလ်ကောင်းမှုသည်၊ ဝါ-ထိုပုညကြိယာဆယ်ပါး ကုသိုလ်တရားသည်။ မေရုပမာဏံ၊ မြင်းမိုရ်တောင်မျှ ပမာဏရှိသော။ ဖလံ၊ ကောင်းကျိုးများစွာ အပြာပြာကို။ ပဝတ္တေတိ၊ ဖြစ်စေနိုင်၏။ ကိမိဝ၊ ဥပမာပုံဆို အဘယ်လိုနည်းဟူမူကား။ နိဂြောဓဗီဇကံ၊ ပညောင်ပင်၏ မျိုးစေ့သည်။ နိဂြောဓံ၊ ပညောင်ပင်ကြီးကို။ ပဝတ္တေတိ ဣဝ၊ ဖြစ်စေနိုင်သကဲ့သို့။ မေရုပမာဏံ၊ မြင်းမိုရ်တောင်မျှ ပမာဏရှိသော။ ဖလံ၊ ကောင်းကျိုးကို။ ပဝတ္တေတိ၊ ဖြစ်စေ၏။ ဤသို့ မိန့်ဆိုတော်မူအပ်သော ဂါထာလာသည်နှင့်အညီ အကျိုးပေး ကြီးကျယ် မြင့်မြတ်ဘို့ရာ အကြောင်းရင်းကို ရှာဖွေ စိစစ်လိုက်သည်ရှိသော် ကုသိုလ်ရှင်တို့မှာ ဝိပဿနာပညာ ဉာဏ်ဝိဇ္ဇာတို့သည်သာလျှင် အကြောင်းရင်း အစစ်ဧကန်ဖြစ်သဖြင့် ဒါန, သီလ, ဘာဝနာစသည် ပုညကြိယာဆယ်ပါး ကုသိုလ်တရားတို့သည် ကြောက်ရွံ့ ထိတ်လန့်ဘွယ်ရာ အစစ်မဟုတ်ပါ၊ မိမိတို့မှာ ပုညကြိယာ ဆယ်ပါး ကုသိုလ်တရားတို့ကို ပြုကျင့်သောအခါတို့၌ ဝိပဿနာပညာ ဉာဏ်ဝိဇ္ဇာမရှိမှု

မသိမှု မလိမ္မာမှုသည်သာလျှင် ကေန်စင်စစ် ကြောက်ရွံ့ ထိတ်လန့်ဘွယ်ကောင်းပါသည်။

ပုညာဘိသင်္ခါရဖြစ်သော ပုညကြိယာ ဆယ်ပါးတို့ကို ငွေ့မှ ထွက်မြောက်အောင် မပြုမကျင့်တတ်မှုတို့ကို သာလွန်၍ ကြောက်ရွံ့ ထိတ်လန့်ဘွယ်ကောင်းကြောင်း ဥပမာဖြင့် အကျဉ်းမျှ လင်းပြခြင်း ပြီး၏။

---

## ကုသိုလ်ပြုစဉ်အခါ၌ ဉာဏ်နှင့်ယှဉ်ပုံ မယှဉ်ပုံ အကျဉ်းမျှ လင်းပြခြင်း

**မေး** အကျိုးပေး ကြီးကျယ်မြင့်မြတ်ဘို့ရာ အကြောင်းရင်းကို ရှာဖွေ စိစစ်လိုက်သည်ရှိသော် ကုသိုလ်ရှင်တို့မှာ ဝိပဿနာ ပညာဉာဏ်ဝိဇ္ဇာနှင့် ယှဉ်မှုသည်သာလျှင် အကြောင်းရင်းအစစ် ကေန်ဖြစ်သဖြင့် ဒါန, သီလ, ဘာဝနာ စသည် ပုညကြိယာဆယ်ပါး ကုသိုလ်တရားတို့သည် ကြောက်ရွံ့ ထိတ်လန့်ဘွယ်ရာ အစစ်မဟုတ်ပါ၊ မိမိတို့မှာ ပုညာဘိကုသိုလ်ကို ပြုကျင့်ကြသော အခါတို့၌သာလျှင် ဝိပဿနာ-ပညာ ဉာဏ်ဝိဇ္ဇာနှင့် မယှဉ်မှု မသိမှု မလိမ္မာမှုသည်သာ ကေန်စင်စစ် ကြောက်ရွံ့ ထိတ်လန့်ဘွယ်ကောင်းပါသည်ဟု ဖြေဆိုအပ်သော စကားအရပ်ရပ်တို့တွင် ကုသိုလ်ပြုစဉ်အခါ ဉာဏ်နှင့်ယှဉ်မှု မယှဉ်မှုဟု ဆိုအပ်သော စကားရပ်၌ ဉာဏ်နှင့်ယှဉ်ပုံ မယှဉ်ပုံကို အဘယ်လို သိရပါမည်နည်း။

**ဖြေ** ကမ္မဉ္စ ဖလဉ္စ သဒ္ဒဟိတွာ ကတံ သမ္ပဇာန ကတံနာမ၊ ကမ္မဖလမ္ပိ အဇာနိတွာ ကတံ အသမ္ပဇာန ကတံ နာမ၊ သမ္ပဇာနကရဏံ ပန စတူဟိ ဉာဏသမ္ပယုတ္တေဟိ ဟောတိ၊ အသမ္ပဇာနကရဏံ စတူဟိ ဉာဏဝိပ္ပယုတ္တေဟိ။

အဋ္ဌသာလိနီ အဋ္ဌကထာပါဠိ

**တို့မြန်မာဘာသာလို ပြန်ဆိုရန်ကား—** ကမ္မဉ္စ၊ ကံကိုငင်း။ ဖလဉ္စ၊ ကံ၏ အကျိုးကိုငင်း။ သဒ္ဒဟိတွာ၊ ယုံကြည်၍။ ကတံ၊ ပြုခြင်းသည်။ သမ္ပဇာန

ကတံနာမ၊ ပညာဖြင့် ဆင်ခြင်၍ ပြုခြင်းမည်၏။ ကမ္မံ၊ ကံကိုဋ်း။ ဖလမ္ပိ၊ ကံ၏ အကျိုးကိုဋ်း။ အဇာနိတွာ၊ မသိမူ၍။ ကတံ၊ ပြုခြင်းသည်။ အသမ္ပဇာန ကတံ နာမ၊ ပညာဖြင့် မဆင်ခြင်မူ၍ ပြုခြင်းမည်၏။ သမ္ပဇာန ကရဏံ ပန၊ ပညာဖြင့် ဆင်ခြင်၍ ပြုခြင်းမည်သည်ကား။ စတူဟိ ဉာဏသမ္ပယုတ္တေဟိ၊ ဉာဏ သမ္ပယုတ် လေးပါးတို့ကြောင့်။ ဟောတိ၊ ဖြစ်၏။ အသမ္ပဇာန ကရဏံ၊ ပညာဖြင့် မဆင်ခြင်ဘဲ ပြုခြင်းသည်။ စတူဟိ ဉာဏဝိပ္ပယုတ္တေဟိ၊ ဉာဏဝိပ္ပယုတ် လေးပါးတို့ကြောင့်။ ဟောတိ၊ ဖြစ်၏။ ဤသို့ မိန့်ဆိုတော်မူအပ်သော အဋ္ဌ သာလိနီ အဋ္ဌကထာပါဌ်နှင့်ညီစွာ—

၁ အကျိုးနှင့်ကံ၊ သိသူမှန်၊ ဖြစ်ရန် ဉာဏသမ္ပယုတ္တ။
၂ အကျိုးနှင့်ကံ၊ မသိမှန်၊ ဖြစ်ရန် ဉာဏဝိပ္ပယုတ္တ။

ဟူ၍ ကျေးဇူးတော်ရှင် မိုးညှင်းတောရ ဆရာတော်ဘုရားကြီး မိန့်ကြား တော်မူသည့် တို့မြန်မာကဗျာ၏အလိုမှာ ကုသိုလ်ပြုကြစဉ်အခါ၌ အနည်းဆုံး ကုသိုလ်ပြုလျှင် ကုသိုလ်ကံဖြစ်၏၊ ကောင်းသောအကျိုးကိုပေး၏၊ အကုသိုလ် ပြုလျှင် အကုသိုလ်ဖြစ်၏၊ မကောင်းသောအကျိုးကို ပေး၏ဟု ကံ-ကံ၏အကျိုး ကို သိမှုရှိလျှင် ဉာဏသမ္ပယုတ်ဖြစ်၏၊ ကံ-ကံ၏အကျိုးကိုမျှ သိမှုမရှိလျှင် ဉာဏ ဝိပ္ပယုတ်ဖြစ်၏၊ သို့ဖြစ်၍ ကုသိုလ်ပြုသောအခါ၌ ဉာဏ်နှင့်ယှဉ်ပုံ မယှဉ်ပုံကို ဤအဋ္ဌကထာဆရာတော် မိန့်ဆိုတော်မူအပ်သော အလိုဖြင့် သိရပါသည်။

ဒါန စသည် ကုသိုပြုစဉ်အခါ၌ ဉာဏ်နှင့်ယှဉ်ပုံ မယှဉ်ပုံကို
အကျဉ်းမျှ လင်းပြခြင်း ပြီး၏။

---

## ဉာဏသမ္ပယုတ် ဖြစ်ပွားရန် အကြောင်းကံ လေးပါးကို အကျဉ်းမျှ လင်းပြခြင်း

**မေး** ဒါန စသည် ကုသိုလ်ဆယ်ပါး ပုညကြိယာတရားတို့ကို ပြုကြရာတို့၌ အနည်းဆုံးအားဖြင့် ကံ-ကံ၏အကျိုးကို သိခဲ့လို့ရှိလျှင် ဉာဏ်နှင့်ယှဉ်၍ပြုသော ကုသိုလ်ဖြစ်၏ဟုဆိုသော် ၎င်း ကံ-ကံ၏ အကျိုးကို သိစွမ်းနိုင်သော အသိ

အလိမ္မာ ဉာဏ်ဝိဇ္ဇာ၏ ဖြစ်ပွားဘို့ရန် အကြောင်းကံကား အဘယ်နှစ်ပါးဖြစ်ပါသနည်း။

ဖြေ ယော ဟိ ပရေသံ ဒေသေတိ၊ အနဝဇ္ဇာနိ သိပ္ပါယတနကမ္မာယတန ဝိဇ္ဇာဌာနာနိ သိက္ခာပေတိ၊ ဓမ္မကထိကံ သက္ကာရံ ကတွာ ဓမ္မံ ကထာ-ပေတိ၊ အာယတိံ ပညဝါ ဘဝိဿာမီတိ ပတ္ထနံ ပဋ္ဌပေတွာ နာနပ္ပ-ကာရံ ဒါနံ ဒေတိ၊ တဿ ဧဝရူပံ ကမ္မံ ဥပနိဿာယ ကုသလံ ဥပ္ပဇ္ဇမာနံ ဉာဏသမ္ပယုတ္တံ ဥပ္ပဇ္ဇတိ။

အဋ္ဌသာလိနီ အဋ္ဌကထာပါဠ်

**တို့မြန်မာဘာသာလို ပြန်ဆိုရန်ကား—** ဟိ၊ မှန်၏။ ယော၊ အကြင် ဓမ္မ-ကထိက စာချ, စာသင်စသော ပုဂ္ဂိုလ်သည်။ ပရေသံ၊ သူတပါးတို့အား။ ဓမ္မံ၊ တရားကို။ဒေသေတိ၊ ဟောပြော ပြသ ဆုံးမပဲ့ပြင် သွန်သင်ပို့ချ၏။အနဝဇ္ဇာနိ၊ အပြစ်မရှိကုန်သော။ သိပ္ပါယတန ကမ္မာယတန ဝိဇ္ဇာဌာနာနိ၊ အသက်မွေး ကြောင်းဖြစ်ကုန်သော အတတ် အမှု ပညာတို့ကို။ သိက္ခာပေတိ၊သင်စေတတ်၏။ ဓမ္မကထိကံ၊ တရားဟောပုဂ္ဂိုလ်စသည်ကို။ သက္ကာရံ၊ ကောင်းစွာပြုအပ်ပူဇော်သက္ကာရ အရပ်ရပ်ကို။ ကတွာ၊ ပြု၍။ ဓမ္မံ၊ တရားကို။ ကထာပေတိ၊ ဟောပြောပို့ချ ဆုံးမပဲ့ပြင် သွန်သင်စေ၏။အာယတိံ၊ နောင်အခါ၌။ ပညဝါ၊ ပညာရှိသောသူသည်။ ဘဝိဿာမိ၊ ဖြစ်ရလို၏။ ဝါ၊ ဖြစ်ရပါလတ္တံ့။ ဣတိ ဤသို့။ ပတ္ထနံ၊ တောင့်တခြင်းကို။ ပဋ္ဌပေတွာ၊ ဖြစ်စေ၍။ နာနပ္ပကာရံ၊ အထူးထူး အပြားပြား များစွာသော။ ဒါနံ၊ အလှူကို။ ဒေတိ၊ ပေးလှူ၏။ တဿ၊ ထိုသူ၏။ ဝါ၊ ထိုသူအား။ ဧဝရူပံ၊ ဤသို့ သဘောရှိသော။ ကမ္မံ၊ အမှုကို။ ဥပနိဿာယ၊ မှီ၍။ ကုသလံ၊ ဒါနစသော ကုသိုလ်သည်။ ဝါ၊ ပုည ကြိယာ ဆယ်ပါး ကုသိုလ်တရားသည်။ ဥပ္ပဇ္ဇမာနံ၊ ဖြစ်သည်ရှိသော်။ ဉာဏ-သမ္ပယုတ္တံ၊ ဉာဏ်နှင့်ယှဉ်သော ကုသိုလ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြင်၏။ ဤသို့ မိန့်ဆိုတော်မူအပ်သော အဋ္ဌကထာ လာသည်နှင့်ညီစွာ—

**၃ ပြောဟောသင်စေ၊ ဟောကြားစေနှင့်၊ တထွေဆုတောင်း၊**
**လေးပါးပေါင်း၊ ကြီးကြောင်းဉာဏ၊ မှတ်ကုန်ကြ။**

ဟူသော ကျေးဇူးတော်ရှင် မိုးညှင်းတောရ ဆရာတော်ဘုရားကြီး မိန့်ကြားတော်မူအပ်သော တို့မြန်မာလကာ၏ လိုရင်းပဓာန အဓိပ္ပါယ်အရမှာ (၁) မိမိတို့ ကိုယ်တိုင် သူတပါးတို့အား မကောင်းသည်ကို မြစ်တား ကောင်းသည်ကို ညွှန်ကြား၍ တရားသဖြင့် ဟောပြော ပြသ ဆုံးမပဲ့ပြင် သွန်သင်ပို့ချခြင်း၊ (၂) အပြစ်မရှိသော အသက်မွေးကြောင်း ကောင်းမြတ်သော အတတ်များ အမှုများ ပညာများကို သင်ပေးစေခြင်း၊ (၃) ထိုထို ဓမ္မကထိကတို့အား ကောင်းနိုးရာရာ ကျောင်းအိပ်ရာ စသည်တို့ကို ပူဇော်သက္ကာရကိုပြု၍ တရားဓမ္မကို ဟောပြောပို့ချ ဆုံးမပဲ့ပြင် သွန်သင်စေခြင်း၊ (၄) ဒါန စသည် ကုသိုလ်ကောင်းမှု အစုစုတို့ကို ပြုကြတိုင်းတို့မှာ အတတ်ပညာ ဉာဏ်ဝိဇ္ဇာကို ကြီးပွားရပါလိုကုန်၏ဟု ဆုတောင်း၍ပြုခြင်း၊ ဤလေးပါးသော အကြောင်းကံသည် ဒါန စသည် ကုသိုလ်ပြုဆဲအခါ၌ ဉာဏသမ္ပယုတ်ဖြစ်ကြောင်း ဖြစ်၏၊ သို့ဖြစ်၍ ကံ-ကံ၏အကျိုးကို သိစွမ်းနိုင်သော အတတ်ပညာ ဉာဏ်ဝိဇ္ဇာဖြစ်ပွားရန်အကြောင်း ကံကား ဤလေးပါးဖြစ်ပါသည်။

ဉာဏသမ္ပယုတ်ဖြစ်ပွားရန် အကြောင်းကံ လေးပါးကို
အကျဉ်းမျှ လင်းပြခြင်း ပြီး၏။

---

## ဉာဏသမ္ပယုတ် တိဟိတ်ကုသိုလ်၌ ဥက္ကဋ္ဌ ဩမက နှစ်ပါး ပြားပုံကို အကျဉ်းမျှ လင်းပြခြင်း

မေး ယခု ပြဆိုအပ်ခဲ့ပြီးသော အကြောင်းကံ လေးပါးတို့တွင် တပါးပါးနှင့် ပြည့်စုံလျှင် ဉာဏသမ္ပယုတ် တိဟိတ်ကုသိုလ်ဖြစ်၏ဟု ဆိုရာ၌ ၎င်းဉာဏသမ္ပယုတ် တိဟိတ်ကုသိုလ်သည် အဘယ်နှစ်ပါး အပြားရှိပါသနည်း။

ဖြေ ၎င်းဉာဏသမ္ပယုတ် တိဟိတ်ကုသိုလ်သည် ဥက္ကဋ္ဌကုသိုလ်,ဩမကကုသိုလ် ဟူ၍ နှစ်ပါး အပြားရှိပါသည်။

မေး ဉာဏသမ္ပယုတ် တိဟိတ်ကုသိုလ်သည် တိဟိတ်ဥက္ကဋ္ဌကုသိုလ်, တိဟိတ်ဩမကကုသိုလ်ဟူ၍ နှစ်ပါး အပြားရှိသည်၏အဖြစ်ကို အဘယ်ဒေသနာနှင့်အညီ သိရပါမည်နည်း။

ခ၉ ဥက္ကဋ္ဌန္တိ ကုသလပရိဝါရလာဘတော ပစ္ဆာ အာသေဝနပ္ပဝတ္တိယာ ယံဝါ ဝိသိဋ္ဌံ၊ယံ ဟိ ကမ္မံ အတ္တနော ပဝတ္တိကာလေ ပုရိမပစ္ဆာဘာဂပ္ပဝတ္တေဟိ ကုသလကမ္မေဟိ ပရိဝါရိတံ ပစ္ဆာဝါ အာသေဝနလာဘေန သမုဒါ- စိဏ္ဏ ဥက္ကဋ္ဌံ။

ဝိဘာဝနီ ဋီကာပါဠ်

**တို့မြန်မာဘာသာလို ပြန်ဆိုရန်ကား—** ဥက္ကဋ္ဌန္တိ၊ ဥက္ကဋ္ဌဟူသည်ကား။ ကုသလပရိဝါရ လာဘတော၊ ကုသိုလ်ခြံရံခြင်းကို ရသောကြောင့်။ ဝိသိဋ္ဌံ ဝါ၊ ထူးမြတ်သော ကုသိုလ်သည်ရင်း။ ပစ္ဆာ၊ နောက်မှ။ အာသေဝနပ္ပဝတ္တိယာ၊ အဖန်ဖန် လွန်စွာမှီဝဲထုံခြင်း၏ ဖြစ်ခြင်းကြောင့်။ ဝိသိဋ္ဌံ ဝါ၊ ထူးမြတ်သော ကုသိုလ်သည်ရင်း။ ဥက္ကဋ္ဌံ၊ ဥက္ကဋ္ဌကုသိုလ်မည်၏။ ဟိ၊ မှန်၏။ ယံကမ္မံ၊ အကြင် ကုသိုလ်ကံကို။ အတ္တနော၊ မိမိ၏။ ပဝတ္တိကာလေ၊ ဖြစ်ဆဲအခါ၌။ ပုရိမပစ္ဆာ- ဘာဂပ္ပဝတ္တေဟိ၊ ရှေ့အဘို့ နောက်အဘို့၌ ဖြစ်ကုန်သော။ ကုသလကမ္မေဟိ၊ ကုသိုလ်ကံတို့ဖြင့်။ ဝါ၊ ကုသိုလ်ကံတို့သည်။ ပရိဝါရိတံ၊ ထက်ဝန်းကျင် ခြံရံအပ် ၏။ ဝါ၊ တနည်းကား။ ပစ္ဆာ၊ နောက်မှ။ ဝါ၊ နောက်၌။အာသေဝန လာဘေန၊ အာသေဝနပစ္စည်း ပဋ္ဌာန်းနည်းကိုရသဖြင့်။ ဝါ၊ အဖန်ဖန် လွန်စွာ မှီဝဲ ထုံအပ် ခြင်းကို ရသဖြင့်။ သမုဒါစိဏ္ဏံ၊ ပြုအပ် ကျင့်အပ် လေ့လာဆည်းပူးအပ်၏။ တံ၊ ထိုကုသိုလ်နှစ်ပါးသည်။ ဥက္ကဋ္ဌံ၊ မြတ်သော ဥက္ကဋ္ဌကုသိုလ် မည်၏။

ယံ ပန ကရဏကာလေ အကုသလကမ္မေဟိ ပရိဝါရိတံ၊ ပစ္ဆာဝါ ဒုက္ကဋ္ဌ မေတံ၊ မယာတိ ဝိပ္ပဋိသာရုပ္ပါဒနေန ပရိဘာဝိတံ၊ တံ ဩမကန္တိ ဒဋ္ဌဗ္ဗံ။

ဝိဘာဝနီဋီကာပါဠ်

**တို့မြန်မာဘာသာလို ပြန်ဆိုရန်ကား—** ယံ ပန၊ အကြင် ကုသိုလ်ကံကို ကား။ ကရဏကာလေ၊ ပြုဆဲအခါ၌။ အကုသလကမ္မေဟိ၊ အကုသိုလ်ကံတို့ ဖြင့်။ ဝါ၊ အကုသိုလ်ကံတို့သည်။ ပရိဝါရိတံ၊ ရှေ့နောက် ခြံရံ ဝိုင်းဝန်းအပ်၏။ ဝါ၊ တနည်းတဖုံ တပါးတုံ။ ပစ္ဆာ၊ ပြုပြီးသည်နောက်မှ။ ဝါ၊ နောက်၌။ မယာ၊ ငါသည်။ ဧတံ၊ ထိုကုသိုလ်ကို။ ဒုက္ကဋံ၊ မကောင်းသဖြင့် ပြုအပ်၏။ ဣတိ၊ ဤသို့။ ဝိပ္ပဋိသာရုပ္ပါဒနေန၊ သဒ္ဓါကင်းပျက် မနှစ်သက်ခြင်းဖြစ်သော ဒေါမနဿ

စိတ်သည်။ ပရိဘာဝိတံ၊ ထုံအပ်၏။ တံ၊ ထိုကုသိုလ်နှစ်ပါးကို။ ဩမကန္တိ၊ ယုတ်ညံ့သောကြောင့် ဩမကကုသိုလ် မည်၏ဟူ၍။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

ဤသို့ မိန့်ဆိုအပ်သော ဝိဘာဝနီဋီကာ ဒေသနာ လာသည်နှင့်အညီ ဒါန, သီလ စသည် ပုညကြိယာဆယ်ပါး ဉာဏသမ္ပယုတ် တိဟိတ်ကုသိုလ်တရားတို့ကို ပြုကြဆဲအခါတို့၌ ရှေးအဘို့ နောက်အဘို့တို့မှာ အကုသိုလ် မခြံရံပါဘဲ ကုသိုလ်ဇောတွေသာ ဝမ်းမြောက်ဝမ်းသာစွာ ခြံရံ၍ ပြုခြင်း၊ ၎င်းကုသိုလ်တို့ကို ပြုပြီးသောအခါတို့မှာလည်း ဤပြုပြီးသော ကုသိုလ်တို့ကို စာဂါနုဿတိ အဖန်ဖန်လေ့လာ ပွားများ နှလုံးထား၍ ရှုစားခြင်းရှိပါက ဉာဏသမ္ပယုတ် တိဟိတ်ဥက္ကဋ္ဌကုသိုလ်ဖြစ်၏၊ (၁) ထိုမှတပါး ဒါနစသည် ပုညကြိယာဆယ်ပါး ကုသိုလ်တရားတို့ကို ပြုကြဆဲအခါတို့မှာ ရှေးအဘို့ နောက်အဘို့တို့၌ လောဘ, ဒေါသ, မောဟစသည် အကုသိုလ်တရားတို့ကို ခြံရံ၍ပြုခြင်း၊ ၎င်း ကုသိုလ်တို့ကို ပြုပြီးသောအခါတို့မှာလည်း ဤကုသိုလ်တို့ကို အာရုံပြု၍ နှလုံးမသာငြား ပြုမိသည်ကား မှားလေခြင်းဟု ဒေါမနဿပွားခြင်း စသည်တို့ကို ပြုပါက ဉာဏသမ္ပယုတ် တိဟိတ် ဩမကကုသိုလ်ဖြစ်၏ (၂) သို့ဖြစ်၍ ဉာဏသမ္ပယုတ် တိဟိတ်ဥက္ကဋ္ဌကုသိုလ်,တိဟိတ်ဩမကကုသိုလ် နှစ်ပါး အပြားရှိသည်၏အဖြစ်ကို ဤဝိဘာဝနီဋီကာ ဒေသနာလာသည်နှင့်အညီ သိရပါသည်။

**မေး** ဤဝိဘာဝနီဋီကာ ဒေသနာလာသည်နှင့်ညီစွာ သိအပ်၏ဟု ဆိုသော် ၎င်း ဒေသနာတော်နှင့်အညီ ကျေးဇူးရှင် မိုးညှင်းတောရ ဆရာတော်ဘုရားကြီးသည် ဉာဏ်နုသူတို့အား လွယ်ကူစွာ မှတ်သားကြစေရန် စီမံ၍ ထားအပ်သော တိုမြန်မာလင်္ကာကား အဘယ်သည်တို့ပါနည်း။

**ဖြေ ၄ ကုသိုလ်ခြံရံ၊ အဖန်ဖန်ပွား၊ ဤနှစ်ပါး၊ မှတ်သား ဥက္ကဋ္ဌ ။**
**၅ အကုခြံရံ၊ ဒေါသမာန်ပွား၊ ဤနှစ်ပါး၊ မှတ်သား ဩမက။**

ဟူ၍ ကျေးဇူးတော်ရှင် မိုးညှင်းတောရ ဆရာတော်ဘုရားကြီးသည် လွယ်ကူစွာ မှတ်သားကြစေရန် စီမံ၍ ထားအပ်သော တိုမြန်မာလင်္ကာတို့ကား ဤသည်တို့ပါတည်း။

ဉာဏသမ္ပယုတ် တိဟိတ်ကုသိုလ်၌ ဥက္ကဋ္ဌဩမကနှစ်ပါး ပြားပုံကို
အကျဉ်းမျှ လင်းပြခြင်း ပြီး၏။

## ဉာဏသမ္ပယုတ်တိဟိတ်ဥက္ကဋ္ဌ တိဟိတ်ဩမကကုသိုလ်တို့၏ ပဋိသန္ဓေ အကျိုးပေးပုံကို အကျဉ်းမျှ လင်းပြခြင်း

**မေး** ယခု ရေးသား ဟောကြားခဲ့ပြီးသော ကုသိုလ်နှစ်ပါးတို့သည် အဘယ်၌ ပဋိသန္ဓေအကျိုးကို ပေးစွမ်းနိုင်ပါကုန်သနည်း။

**ဖြေ** ၎င်း ကုသိုလ် နှစ်ပါးတို့တွင် တိဟိတ်ဥက္ကဋ္ဌ ကုသိုလ်သည် တိဟိတ် ပဋိသန္ဓေအကျိုးကို ပေးစွမ်းနိုင်ပါသည်၊ တိဟိတ်ဩမက ကုသိုလ်သည် ဒွိဟိတ် ပဋိသန္ဓေ အကျိုးကို ပေးစွမ်းနိုင်ပါသည်။

**မေး** ၎င်း စကားနှစ်ရပ်တို့၏ အကိုးပါဠိကား အဘယ်သည်တို့ပါနည်း။

**ဖြေ** (၁) တတ္ထာပိ တိဟေတုကမုက္ကဋ္ဌံ ကုသလံ တိဟေတုကံ ပဋိသန္ဓိံ ဒတွာ ပဝတ္တေ သောဠသဝိပါကာနိ ဝိပစ္စတိ။

(၂) တိဟေတုကမောမကံ ဒွိဟေတုကမုက္ကဋ္ဌဉ္စ ကုသလံ ဒွိဟေတုကံ ပဋိသန္ဓိံ ဒတွာ ပဝတ္တေ တိဟေတုကရဟိတာနိ ဒွါဒသဝိပါကာနိ ဝိပစ္စတိ။

လက်သန်း အဋ္ဌကထာပါဠိ

**တို့မြန်မာဘာသာလို ပြန်ဆိုရန်ကား—** (၁) တတ္ထာပိ၊ ထိုကာမာဝစရ ကုသိုလ်ကံတို့တွင်လည်း။ တိဟေတုကမုက္ကဋ္ဌံ၊ တိဟိတ်ဥက္ကဋ္ဌဖြစ်သော။ စတုဗ္ဗိခံ၊ လေးပါး အပြားရှိသော။ ကုသလံ၊ ကုသိုလ်ကံသည်။ တိဟေတုကံ၊ တိဟိတ် ဖြစ်သော။ စတုဗ္ဗိခံ၊ လေးပါး အပြားရှိသော။ ပဋိသန္ဓိံ၊ ပဋိသန္ဓေကို။ ဒတွာ၊ ပေး၍။ ပဝတ္တေ၊ ပဝတ္တိအခါ၌။ သောဠသဝိပါကာနိ၊ တဆယ့်ခြောက်ပါးသော ဝိပါက်တို့ကို။ ဝိပစ္စတိ၊ ဖြစ်စေ၏။

(၂) တိဟေတုကမောမကံ၊ တိဟိတ်ဩမကဖြစ်သော။ စတုဗ္ဗိခံ၊ လေးပါး အပြားရှိသော။ ကုသလဉ္စ၊ ကုသိုလ်ကံသည်၎င်း။ ဒွိဟေတုကမုက္ကဋ္ဌံ၊ ဒွိဟိတ် ဥက္ကဋ္ဌဖြစ်သော။ စတုဗ္ဗိခံ၊ လေးပါး အပြားရှိသော။ ကုသလဉ္စ၊ ကုသိုလ်ကံသည် ၎င်း။ ဒွိဟေတုကံ၊ ဒွိဟိတ်ဖြစ်သော။ စတုဗ္ဗိခံ၊ လေးပါး အပြားရှိသော။ ပဋိ- သန္ဓိံ၊ ပဋိသန္ဓေကို။ ဒတွာ၊ ပေး၍။ ပဝတ္တေ၊ ပဝတ္တိအခါ၌။ တိဟေတုကရဟိ-

တာနို၊ တိဟိတ်ဝိပါက်စိတ် လေးခုသည် ကြဉ်အပ်ကုန်သော။ ဒွိဒသဝိပါကာနို၊ တဆယ့်နှစ်ပါးသော ဝိပါက်စိတ်တို့ကို။ ဝိပစ္စတိ၊ ဖြစ်စေ၏။ ၎င်း စကားနှစ်ရပ်တို့၏ အကိုးပါဠိကား ဤသည်တို့ပါတည်း။

**မေး** ၎င်း စကားနှစ်ရပ်တို့၏ အကိုးပါဠိနှင့်အညီ ဉာဏ်နည်းသူတို့မှာ လွယ်ကူစွာ မှတ်သားနိုင်ကြစေရန် စီမံ၍ထားအပ်သော တို့မြန်မာလင်္ကာတို့ကား အဘယ်သည်တို့ပါနည်း။

**ဖြေ ၆ ဉာဏသမ္ပယုတ်၊တိဟိတ်ဥဋ္ဌမူ၊သန္ဓေယူငြား၊ပုဂ္ဂိုလ်အား၊မှတ်သား၊တိဟိတ်ပင်။**
**၇ ဉာဏသမ္ပယော၊ တိဟိတ်ဩမူ၊ သန္ဓေယူငြား၊ပုဂ္ဂိုလ်အား၊မှတ်သားဒွိဟိတ်ပင်။**
**၈ ဉာဏဝိပ္ပယုတ်၊ ဒွိဟိတ်ဥဋ္ဌမူ၊သန္ဓေယူငြား၊ ပုဂ္ဂိုလ်အား၊ မှတ်သားဒွိဟိတ်ပင်။**

၎င်း စကားနှစ်ရပ်တို့၏ အကိုးပါဠိနှင့်အညီ ဉာဏ်နည်းသူတို့မှာ လွယ်ကူစွာ မှတ်သားကြစေရန် စီမံ၍ ထားအပ်သော တို့မြန်မာလင်္ကာကား ဤသည်တို့ပါတည်း။

ဉာဏသမ္ပယုတ် တိဟိတ်ဥက္ကဋ္ဌ တိဟိတ်ဩမကကုသိုလ်တို့၏
ပဋိသန္ဓေအကျိုးပေးပုံကို အကျဉ်းမျှ
လင်းပြခြင်း ပြီး၏။

---

**အထူးမှာထား တိုက်တွန်းချက်** အိုကြရသည့်ဒုက္ခ၊နာကြရသည့်ဒုက္ခ၊ သေကြရသည့်ဒုက္ခ၊ အပါယ်လေးပါးသို့ လားကြရသည့်ဒုက္ခ စသည် ဒုက္ခအမျိုးမျိုးတို့မှ လွတ်ခြင်း၏ အကြောင်းရင်းဖြစ်သော ဒါန၊ သီလ၊ ဘာဝနာ စသည် ပုညကြိယာ ဆယ်ပါးတို့ကို နာမရူပပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ် စသည် ဝိပဿနာပညာ ဉာဏ်ဝိဇ္ဇာတို့နှင့် ကောင်းစွာယှဉ်၍ ပြုကျင့်ခြင်းငှါ အလိုရှိကြသူ ပညာရှိ သဘောဖြူတို့သည် ကိုယ်စိတ်နှစ်ပါး ဆင်းရဲမည်များကို ပမာန မထားဘဲ ငါတို့သည် ယခု ရေးသားအပ်ခဲ့ပြီးသော လောကီတရား ပုညကြိယာ ဆယ်ပါးတို့၏ ကြီးကျယ် မြင့်မြတ်ပုံနှင့် သေးသိမ်မှေးမှိန်ပုံတို့ကို ဝီမံသာဓိပတိပညာဖြင့် ဆင်ခြင်၍ ကြည့်ပြီးလျှင် ကြီးကျယ်မြင့်မြတ်သော ဗောဓိသုံးပါးတို့တွင် မိမိတို့ အလိုရှိအပ်သော ဗောဓိဆုတို့

နှင့် ပြည့်စုံကြရအောင် ပုညကြိယာဆယ်ပါး လောကီကုသိုလ်တရားတို့ကို ဟေတုပစ္စည်း ပဋ္ဌာန်းနည်းဖြင့် အကြောင်းကို သိမ်းဆည်း၍"သေက္ခာဝါ ပုထုဇ္ဇနာဝါ ကုသလံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ"သေက္ခာ ဝါ၊ သေက္ခပုဂ္ဂိုလ်တို့သည်လည်းကောင်း။ ပုထုဇ္ဇနာ ဝါ၊ ပုထုဇန်ပုဂ္ဂိုလ်တို့ သည်လည်းကောင်း။ကုသလံ၊ ပုညကြိယာကုသိုလ်ကို။ အနိစ္စတော၊ အနိစ္စ အားဖြင့်။ ဒုက္ခတော၊ ဒုက္ခအားဖြင့်။ အနတ္တတော၊ အနတ္တအားဖြင့်။ ဝိပဿန္တိ၊ ဝိပဿနာရှုကြကုန်၏။ ဤပဋ္ဌာန်းပဋ္ဌာဝါဝါရ ပါဠိတော်နှင့်အညီ ဤဝိပဿနာ ပညာအလုပ်ကြီးကို ကောင်းစွာယှဉ်စေ၍ ကျင့်ကြံနိုင်ကြ ပါစေကုန်သတည်း၊ဝါ-ကျင့်ကြံကြပါလေ ယောဂီအပေါင်း သူတော်ကောင်း တွေတို့။

ဆရာမိုး၍ အလိမ္မာကြီးထွားသူတို့မှာ ပုညကြိယာဆယ်ပါး လောကီ ကုသိုလ်တရားတို့သည် ဘုရားအဖြစ်သို့တိုင်အောင် အကျိုးပေး ကြီးကျယ်ပုံစသည် စကားအရပ်ရပ်တို့သည် ဤတွင် အပြီးသတ်လိုက်ပေသတည်း။

---

**သမ္မုတိသစ္စာနယ်က ပုညကြိယာဆယ်ပါး လောကီ ကုသိုလ်တရားတို့ကို ဟေတုပစ္စည်း ပဋ္ဌာန်းနည်းဖြင့် အကြောင်းကို သိမ်းဆည်း၍ ဝိပဿနာအလုပ် အားထုတ်ဘို့ရန် အကြောင်းခံ အမျိုးမျိုးတို့တွင်**

## ဟေတုပစ္စည်းမည်ပုံကို အကျဉ်းမျှ လင်းပြခြင်း

**မေး** အလွန်တရာ ကြီးကျယ် မြင့်မြတ်သော မိမိတို့သည် အလိုရှိအပ်သော ဗောဓိဆုတို့နှင့် ပြည့်စုံကြလိုသူ ပညာရှိ သဘောဖြူတို့သည် သမုတိသစ္စာနယ်က ပုညကြိယာဆယ်ပါး လောကီကုသိုလ်တရားတို့ကို ဟေတုပစ္စည်း ပဋ္ဌာန်းနည်း ဖြင့် အကြောင်းကို သိမ်းဆည်း၍ ဝိပဿနာအလုပ်ကို အားထုတ်ရမည်ဟု ဆိုအပ်သော စကားအရပ်ရပ်တို့တွင် ဟေတုပစ္စည်းဟု ဆိုအပ်သော စကားရပ် သည် အဘယ့်ကြောင့် ဟေတုပစ္စည်း မည်ပါသနည်း။

ဖြေ ဟေတုစ သော ပစ္စယောစာတိ ဟေတုပစ္စယော။ ကမ္မဓာရယ် သမာသ် ဝိဂ္ဂြိုဟ်။

**တို့မြန်မာဘာသာလို ပြန်ဆိုရန်ကား—** ဟေတုစ၊ ဟိတ်လည်းဟုတ်တည်း။ သော၊ ထိုဟိတ်ဟူသည်။ ပစ္စယောစ၊ ပစ္စည်းလည်းဟုတ်တည်း။ ဣတိတသ္မာ၊ ထိုနှစ်ပါးသော သတ္တိကြောင့်။ ဟေတုပစ္စယော၊ ဟေတုပစ္စည်းမည်၏။ ဤသို့ သမာသ်ဝိဂ္ဂြိုဟ် မိန့်ဆိုအပ်သည်နှင့်အညီ ဟိတ်လည်းဖြစ် ပစ္စည်းလည်းဖြစ်၍ ဤနှစ်ပါးသော သတ္တိကြောင့် ဟေတုပစ္စည်း မည်ပါသည်။

မေး ဤနှစ်ပါးသော သတ္တိကြောင့် ဟေတုပစ္စည်း မည်၏ဆိုသော် အဘယ် တရားသည် ဟေတုပစ္စည်း မည်ပါသနည်း။

ဖြေ ကတမေ ဟေတုပစ္စယော၊ လောဘော ဟေတုပစ္စယော, ဒေါသော မောဟော အလောဘော အဒေါသော အမောဟော ဟေတုပစ္စယော။

ပဋ္ဌာနုဒ္ဒေသ ဒီပနီပါဠိ

**တို့မြန်မာဘာသာလို ပြန်ဆိုရန်ကား—** ကတမေ၊ အဘယ်တရားသည်။ ဟေတုပစ္စယော၊ ဟေတုပစ္စည်း မည်ပါသနည်း။ လောဘော၊ လောဘတရား သည်၊ ဝါ-လိုချင်သည့် သဘောတရားသည်။ ဟေတုပစ္စယော၊ ဟေတုပစ္စည်း မည်၏။ ဒေါသော၊ ဒေါသတရားသည်၊ ဝါ-ပြစ်မှားသည့် သဘောတရားသည်။ ဟေတုပစ္စယော၊ ဟေတုပစ္စည်းမည်၏။ မောဟော၊ မောဟတရားသည်၊ ဝါ-တွေဝေသည့် သဘောတရားသည်။ ဟေတုပစ္စယော၊ ဟေတုပစ္စည်းမည်၏။ အလောဘော၊ အလောဘတရားသည်၊ ဝါ-မလိုချင်သည့် သဘောတရားသည်။ ဟေတုပစ္စယော၊ ဟေတုပစ္စည်းမည်၏။ အဒေါသော၊ အဒေါသတရားသည်၊ ဝါ-မပြစ်မှားသည့် သဘောတရားသည်။ ဟေတုပစ္စယော၊ ဟေတုပစ္စည်းမည် ၏။ အမောဟော၊ အမောဟတရားသည်၊ ဝါ-မတွေဝေသည့် သဘောတရား သည်။ ဟေတုပစ္စယော၊ ဟေတုပစ္စည်းမည်၏။

ဤသို့ ကျေးဇူးတော်ရှင် လယ်တီတောရ ဆရာတော်ဘုရားကြီး ရေးသား စီရင်တော်မူအပ်သော ပဋ္ဌာနုဒ္ဒေသဒီပနီ လာသည်နှင့်အညီ လောဘဟိတ် စသည် ဟိတ်ခြောက်ပါး သဘောတရားတို့သည် ဟေတုပစ္စည်း မည်ပါသည်။

**မေး** ၎င်း ဟိတ်ခြောက်ပါး ပစ္စည်းတရားတို့တွင် အကုသိုလ် ဟိတ်သည် အဘယ်နှစ်ပါး ဖြစ်ပါသနည်း။

**ဖြေ** လောဘော ဒေါသောစ မောဟောစ ဟေတူ အကုသလာ တယော။

သက်သန်း အဋ္ဌကထာပါဠိ

**တို့မြန်မာဘာသာလို ပြန်ဆိုရန်ကား—** အကုသလာ၊ အကုသိုလ် ဖြစ်ကုန်သော၊ ဝါ-မကောင်းသည့်အကြောင်း ဖြစ်ကုန်သော။ ဟေတူ၊ ဟိတ်တို့သည်။ လောဘော စ၊ လောဘဟိတ်၎င်း။ ဒေါသော စ၊ ဒေါသဟိတ်၎င်း။ မောဟော စ၊ မောဟဟိတ်၎င်း။ ဣတိ၊ ဤသို့။ တယော၊ သုံးပါး အပြားရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဤသို့ မိန့်ဆိုတော်မူအပ်သော လက်သန်းအဋ္ဌကထာပါဠိနှင့်အညီ ၎င်း ဟိတ် ၆-ပါးတို့တွင် လောဘဟိတ်, ဒေါသဟိတ်, မောဟဟိတ်ဟု ဆိုအပ်သော အကုသိုလ်ဟိတ်သည် ၃-ပါးဖြစ်ပါသည်။

**မေး** ၎င်း ၆-ပါးသော ပစ္စည်းတရားတို့တွင် ကုသိုလ်ဟိတ်, အဗျာကတဟိတ်တို့သည် အဘယ်နှစ်ပါး ဖြစ်ပါသနည်း။

**ဖြေ** အလောဘာ ဒေါသာ မောဟော စ ကုသလာ ဗျာကတာ တထာ။

လက်သန်း အဋ္ဌကထာပါဠိ

**တို့မြန်မာဘာသာလို ပြန်ဆိုရန်ကား—** ကုသလာဗျာကတာ၊ ကုသိုလ် အဗျာကတ ဖြစ်ကုန်သော၊ ဝါ-ကောင်းသည့်အကြောင်း ကောင်းမကောင်းသည့်အကြောင်း ဖြစ်ကုန်သော။ ဟေတူ၊ ဟိတ်တို့သည်။ အလောဘော စ၊ အလောဘဟိတ်၎င်း။ အဒေါသော စ၊ အဒေါသဟိတ်၎င်း။ အမောဟော စ၊ အမောဟဟိတ်၎င်း။ ဣတိ၊ ဤသို့။ တထာ၊ ထိုအကုသိုလ်ဟိတ်အတူ။တယော၊ သုံးပါး အပြားရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဤသို့ မိန့်ဆိုတော်မူအပ်သော လက်သန်း အဋ္ဌကထာပါဠိနှင့်အညီ အလောဘဟိတ်, အဒေါသဟိတ်, အမောဟဟိတ်အားဖြင့် ကုသိုလ်ဟိတ် အဗျာကတဟိတ်တို့သည် သုံးပါးစီ ဖြစ်ပါသည်။

**မေး** ၎င်းအကုသိုလ်ဟိတ်သုံးပါး, ကုသိုလ်ဟိတ်သုံးပါး, အဗျာကတဟိတ် သုံးပါးတို့တွင် အဘယ်ဟိတ်သုံးပါး ပစ္စည်းတရားတို့ဖြင့် အကြောင်းကို သိမ်း

ဆည်း၍ ပုညကြိယာဆယ်ပါး ကုသိုလ်တရားတို့၌ ဝိပဿနာအလုပ်ကို ပွားများ အားထုတ်ရပါမည်နည်း။

**ဖြေ** ပုညကြိယာဆယ်ပါး ဟောပြမည့်အရာဖြစ်၍ အလောဘ, အဒေါသ, အမောဟဟု ဆိုအပ်သော ကုသိုလ်ဟိတ်သုံးပါး ပစ္စည်းတရားတို့ဖြင့် အကြောင်းကိုသိမ်းဆည်း၍ ပုညကြိယာဆယ်ပါး ကုသိုလ်တရားတို့၌ ဝိပဿနာအလုပ်ကို ပွားများ အားထုတ်ရပါသည်။

ဟေတုပစ္စည်း မည်ပုံနှင့် ဟေတုပစ္စည်း မည်သော တရားတို့ကို
အကျဉ်းမျှ လင်းပြခြင်း ပြီး၏။

---

## ကုသိုလ်ဟေတုပစ္စည်းနှင့် သစ်ပင်၏ အမြစ်နှင့်တူပုံကို ဥပမာဖြင့် အကျဉ်းမျှ လင်းပြခြင်း

**မေး** ၎င်း ကုသိုလ်ဟိတ် သုံးပါးတို့တွင် အကြောင်းကို သိမ်းဆည်း၍ ဝိပဿနာအလုပ်ကို ပွားများ အားထုတ်ရမည်ဆိုသော် ၎င်း ကုသိုလ်ဟိတ် သုံးပါး ပစ္စည်းတရားတို့သည် ဘာနှင့် ဥပမာတူပါကုန်သနည်း။

**ဖြေ** တတ္ထ ရုက္ခမူလာနိဝိယ အလောဘော လောဘနေယျဝတ္ထုသု လောဘံ ပဟာယ လောဘဝိဝေကသုခရသံ ဝဍ္ဍေတွာ တေန သုခေန သမ္ပယုတ္တဓမ္မေ မောဒမာနေ ပမောဒမာနေ ကရောန္တောဝိယ ယာဝစျာန သမာပတ္တိသုခါဝါ ယာဝမဂ္ဂဖလသုခါဝါ ဝဍ္ဍာပေတိ၊ တထာ အဒေါ-သော စ ဒေါသနေယျဝတ္ထုသု ဒေါသဝိဝေကသုခရသံ ဝဍ္ဍေတွာ အမောဟော စ မောဟနေယျဝတ္ထုသု မောဟဝိဝေကသုခရသံ ဝဍ္ဍေတွာတိ ဝတ္တဗ္ဗံ၊ ဧဝံ ဝဍ္ဍာပေန္တော တယောဓမ္မာ ကုသလေသု ဓမ္မေသု သမ္ပယုတ္တဓမ္မေ မောဒမာနေ ပမောဒမာနေ ကရောန္တောဝိယ စိရကာလံပိ ပဝတ္တေန္တိ၊ သမ္ပယုတ္တဓမ္မေ စ၊ တထာ ပဝတ္တန္တိ သမ္ပယုတ္တဓမ္မေသု စ တထာ ပဝတ္တမာနေသု သဟဇာတရူပကလာပါပိ တထာ၊ ပဝတ္တန္တိယေဝ။

ပဋ္ဌာနုဒ္ဒေသ ဒီပနီပါဠိ

**တို့မြန်မာဘာသာလို ပြန်ဆိုရန်ကား—** တတ္ထ ဝစနေ၊ ထိုစကားရပ်၌။ ရုက္ခမူလာနိဝိယ၊ သစ်ပင်၏ အမြစ်တို့ကဲ့သို့။ အလောဘော၊ အလောဘသည်။ လောဘနေယျဝတ္ထူသု၊ လောဘနေယျဝတ္ထုတို့၌။ လောဘံ၊ လောဘကို။ ပဟာယ၊ပယ်၍။လောဘဝိဝေကသုခရသံ၊လောဘ၏ ကင်းခြင်းကိုစွဲ၍ ဖြစ်သော ချမ်းသာတည်းဟူသော အဆီအရသာကို။ ဝဍ္ဎေတွာ၊ ပွားစေ၍။ တေနသုခေန၊ ထိုလောဘဝိဝေကသုခဖြင့်။ သမ္ပယုတ္တဓမ္မေ၊ သမ္ပယုတ်တရားတို့ကို။ မောဒမာ-နေ၊ ရွှင်စေသည်တို့ကို။ ပမောဒမာနေ၊ အလွန်ရွှင်စေသည်တို့ကို။ ကရောန္တော ဝိယ ပြုသကဲ့သို့။ဟုတွာ၊ ဖြစ်၍။ယာဝစျာနသမာပတ္တိသုခါဝါ၊ စျာန်သမာပတ်သုခ ဖြစ်သည့်တိုင်အောင်ငရင်း။ယာဝမဂ္ဂဖလသုခါဝါ၊ မဂ်ဖိုလ်ချမ်းသာ ဖြစ်သည့်တိုင်အောင်ငရင်း။ ဝဍ္ဎာပေတိ၊ ပွားစေ၏။ တထာ၊ ထို့အတူ။ အဒေါသော စ၊ အဒေါသသည်လည်း။ ဒေါသနေယျဝတ္ထူသု၊ ဒေါသနေယျဝတ္ထုတို့၌။ ဒေါသဝိဝေကသုခရသံ၊ ဒေါသ၏ ကင်းခြင်းကို စွဲ၍ဖြစ်သော ချမ်းသာတည်းဟူသော အဆီအရသာကို။ ဝဍ္ဎေတွာ၊ပွားစေ၍။အမောဟော စ၊ အမောဟသည်လည်း။ မောဟနေယျဝတ္ထူသု၊ မောဟနေယျဝတ္ထုတို့၌။မောဟဝိဝေကသုခရသံ၊မောဟ၏ ကင်းခြင်းကို စွဲ၍ဖြစ်သော ချမ်းသာတည်းဟူသော အဆီအရသာကို။ ဝဍ္ဎေ-တွာ၊ ပွားစေ၍။ ဉာတိအာဒိနာ၊ ဤသို့ အစရှိသည်ဖြင့်။ ဝတ္တဗ္ဗံ၊ ဆိုအပ်၏။ ဧဝံ၊ ဤသို့။ဝဍ္ဎာပေန္တာ၊ ပွားစေတတ်ကုန်သော။ တယော၊ သုံးပါးကုန်သော။ဓမ္မာ၊ တရားတို့သည်။ ကုသလေသု၊ ကုသိုလ်ဖြစ်ကုန်သော။ ဓမ္မေသု၊ တရားတို့၌။ သမ္ပယုတ္တဓမ္မေ၊ သမ္ပယုတ်တရားတို့ကို။ မောဒမာနေ၊ ရွှင်စေသည်တို့ကို။ပမော-ဒမာနေ၊ အလွန်ရွှင်စေသည်တို့ကို။ ကရောန္တော ဝိယ၊ ပြုသကဲ့သို့။ ဟုတွာ၊ ဖြစ်၍။ စိရကာလံပိ၊ ရှည်မြင့်စွာသော ကာလပတ်လုံးလည်း။ ပဝတ္တေန္တိ၊ ဖြစ်စေကုန်၏။ သမ္ပယုတ္တဓမ္မေ စ၊ သမ္ပယုတ်တရားတို့သည်လည်း။ တထာ၊ထိုသို့သော အခြင်းအရာအားဖြင့်။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။ သမ္ပယုတ္တဓမ္မေသု စ၊ သမ္ပယုတ်တရားတို့သည်လည်း။ တထာ၊ ထိုသို့သော အခြင်းအရာအားဖြင့်။ ပဝတ္တမာနေသု၊ ဖြစ်ကုန်သည်ရှိသော်။ သဟဇာတရူပကလာပါပိ၊ သဟဇာတ်ဖြစ်ကုန်သော ရုပ်ကလာပ်တို့သည်လည်း။ တထာ၊ ထိုသို့သော အခြင်းအရာအားဖြင့်။ ပဝတ္တန္တိယေဝ၊ ဖြစ်ကုန်သည် သာလျှင်တည်း။

ဤသို့ ကျေးဇူးတော်ရှင် လယ်တီတောရ ဆရာတော်ဘုရားကြီး ရေးသား စီရင်တော်မူသော ပဋ္ဌာနုဒ္ဒေသဒီပနီ လာသည်နှင့်အညီ ကုသိုလ်ဟိတ်သုံးပါး ပစ္စည်းတရားတို့သည် သစ်ပင်၏အမြစ်နှင့် ဥပမာ တူပါသည်။

ကုသိုလ်ဟိတ်သုံးပါးနှင့် သစ်ပင်၏အမြစ်နှင့် တူပုံကို ဥပမာဖြင့်
အကျဉ်းမျှ လင်းပြခြင်း ပြီး၏။

---

## ကုသိုလ်ဟိတ်သုံးပါး၌ ပစ္စည်းထိုက်သော အကြောင်း
## သဘာဝတရားတို့ကို အကျဉ်းမျှ လင်းပြခြင်း

**မေး** သူတော်ကောင်းဖြစ်သော ပညာရှိကြီးတို့အထံက နည်းမှန် လမ်းမှန်ကို ခံယူရမိ၍ ပုညကြိယာဆယ်ပါး ကုသိုလ်တရားတို့ကို ပြုကြရာ၌ ဝိပဿနာအလုပ် တရားကြီးကို ပွားများ အားထုတ်လိုသူ ပညာရှိ သဘောဖြူတို့သည် ယခု ပြဆို ခဲ့ပြီးသော ဥပမာနှင့်အညီ အလောဘ, အဒေါသ, အမောဟဟု ဆိုအပ်သော ကုသိုလ်ဟိတ်သုံးပါး ပစ္စည်းတရားတို့ဖြင့် ပုညကြိယာဆယ်ပါး ကုသိုလ်တရား တို့အား ကျေးဇူးပြု၍ ပစ္စည်း ပစ္စယုပ္ပန်ဖြစ်ပုံ၊ ဝါ-အကြောင်းအကျိုး ဖြစ်ပုံတို့ကို သိလိုကြပါကုန်၏လော။

**ဖြေ** ပစ္စည်း ပစ္စယုပ္ပန်ဖြစ်ပုံ၊ ဝါ-အကြောင်းအကျိုး ဖြစ်ပုံတို့ကို ကိုယ်ပိုင်ရှိ သောဉာဏ်ဖြင့် ကိုယ်တိုင် သိလိုကြပါကုန်၏ ဘုရား။

**မေး** ၎င်းတရားတို့ကို ကိုယ်ပိုင်ရှိသောဉာဏ်ဖြင့် ကိုယ်တိုင်သိလိုကြခဲ့လို့ရှိလျှင် ရှင်လန်း ဝမ်းမြောက်သော သောမနဿ ဝေဒနာဖြင့် လူ့ဘဝ လူ့စည်းစိမ်, နတ်ဘဝ နတ်စည်းစိမ်, ဗြဟ္မာ့ဘဝ ဗြဟ္မာ့စည်းစိမ်တို့ကို မလိုချင် မသာယာ မတွယ်တာ မကပ်ငြိမူ၍၊ ဝါ-ယခုလူသော ဝဋ္ဋုပစ္စည်းကို မလိုချင် မနှစ်သက် မူ၍ အလှူပေး အလှူခံဖြင့် ခြံရံဝန်းဝိုင်း၍ ကူညီစောင့်ရှောက် စားသောက်သော သူတို့ကိုပါ အာရုံပြု၍ ဤကုသိုလ်နှင့်စပ်သမျှ ချမ်းသာကြပါစေ, ချမ်းသာကြ ပါစေဟု မေတ္တာပွားပြီးလျှင် ကံ-ကံ၏ အကျိုးကို သိခြင်းဟု ဆိုအပ်သော ကမ္မဿကတဉာဏ်, ရုပ်နာမ်ကို သိခြင်းဟု ဆိုအပ်သော နာမရူပပရိစ္ဆေဒဉာဏ်, အကြောင်းအကျိုးဖြစ်သော ပဋ္ဌာန်းတရားကိုသိသော ပစ္စယပရိဂ္ဂဟဉာဏ်,

လက္ခဏာယာဉ် သုံးပါးကိုသိသော ဝိပဿနာဉာဏ်စသည် ဉာဏ်တပါးပါးနှင့် ယှဉ်၍ ပုညကြိယာဆယ်ပါး ကုသိုလ်တရားတို့တွင် အစစွာဖြစ်သော ဒါနကုသိုလ် အရာတို့၌ မိမိတို့သည် မြတ်နိုး နှစ်ခြိုက်ရာဖြစ်သော ဝိနည်းဒေသနာတော်အလို အားဖြင့် ဆွမ်း,သင်္ကန်း,ကျောင်း,ဆေး လေးပါးသောဒါန၊အဘိဓမ္မာ ဒေသနာ တော်အလိုအားဖြင့် ရူပ, သဒ္ဒ, ဂန္ဓ,ရသ, ဖောဋ္ဌဗ္ဗ, ဓမ္မ ၆-ပါးသောဒါန၊ သုတ္တန် ဒေသနာတော်အလိုအားဖြင့် ထမင်း, အဖျော်, အဝတ်, ဘိနပ် စသည် ယာဉ်, ပန်း, နံ့သာ, နံ့သာပျောင်း, အိပ်ရာနေရာ, ကျောင်း, ဆီမီး ၁၀-ပါးသော ဒါန ဤဒါနအစု တခုခုတို့ကို ရှေးအဘို့ နောက်အဘို့တို့၌ လောဘ, ဒေါသ, မောဟ စသော အကုသိုလ်တရားတို့ကို မခြံရံစေမူ၍ ပြုလိုက်ကြစမ်းပါ၊ ဝါ-ပြုလိုက်သည် ရှိသော် ၎င်း ဒါနပြုသောအခါ၌ လူ, နတ်, ဗြဟ္မာတို့၏ စည်းစိမ် ချမ်းသာတို့ကို မလိုချင် မနှစ်သက်သည့် သဘောတရားတို့သည် ဖြစ်ပေါ်၍လာကြကုန်၏၊ ၎င်း ဖြစ်ပေါ်၍ လာကြကုန်သော သဘောတရားတို့သည် ပါဠိဘာသာလို ဘာဟိတ်, မြန်မာဘာသာလို ဘာအကြောင်း ဖြစ်ပါသနည်း။

**ဖြေ** ၎င်း ဒါနပြုသောအခါ၌ ဖြစ်ပေါ်လာသော လူ့စည်းစိမ် စသည်တို့ကို မလိုချင်မှု သဘောအမျိုးမျိုးတို့သည် ပါဠိဘာသာလို အလောဘဟိတ်, မြန်မာဘာသာလို မလိုချင်သည့်အကြောင်း ဖြစ်ပါသည်။

**မေး** ၎င်း ဒါနပြုသောအခါ၌ အလှူပေး အလှူခံစသည် ပုဂ္ဂိုလ်တို့အား ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစေလိုသော မေတ္တာ သဘောတရား ဖြစ်ပေါ်လာခြင်းသည် ပါဠိဘာသာလို ဘာဟိတ် မြန်မာဘာသာလို ဘာအကြောင်း ဖြစ်ပါသနည်း။

**ဖြေ** ၎င်း ဒါနပြုဆဲအခါ၌ ဖြစ်ပေါ်လာသော မေတ္တာသဘောတရားသည် ပါဠိဘာသာလို အဒေါသဟိတ်, မြန်မာဘာသာလို မပြစ်မှားသည့် အကြောင်း ဖြစ်ပါသည်။

**မေး** ၎င်း ဒါနပြုဆဲအခါ၌ ကံ-ကံ၏အကျိုးကို ရုပ်ကို နာမ်ကို ရုပ်နာမ်နှစ်ပါးကို အကြောင်းအကျိုးဖြစ်သော ပဋ္ဌာန်းတရားကို လက္ခဏာယာဉ်သုံးပါး စသည်တို့ကို သိမှုသဘောတရား ဖြစ်ပေါ်လာခြင်းသည် ပါဠိဘာသာလို ဘာဟိတ် မြန်မာဘာသာလို ဘာအကြောင်း ဖြစ်ပါသနည်း။

**ဖြေ** ၎င်း ဒါနပြုဆဲအခါ၌ ဖြစ်ပေါ်လာသော သိမှုသဘောတရားတို့သည် ပါဠိဘာသာလို အမောဟဟိတ်, မြန်မာဘာသာလို မတွေဝေသည့် အကြောင်း ဖြစ်ပါသည်။

**မေး** ၎င်းဒါနပြုဆဲအခါ၌ ဖြစ်ပေါ်လာသော အလောဘ,အဒေါသ,အမောဟ ဟု ဆိုအပ်သော ဟိတ်သုံးပါးတို့သည် ဟေတုပစ္စည်း၌ ဘာ သဘာဝတရား မည်ပါသနည်း။

**ဖြေ** ၎င်း ဟိတ်သုံးပါးတို့သည် ဟေတုပစ္စည်း၌ ပစ္စည်းဟု ဆိုအပ်သော ကုသိုလ်သဘာဝ အကြောင်းတရား မည်ပါသည်။

ပစ္စည်းဖြစ်သော ကုသိုလ်ဟိတ်သုံးပါး အကြောင်းတရားကို အကျဉ်းမျှ လင်းပြခြင်း ပြီး၏။

---

## ကုသိုလ်ဟိတ်သုံးပါး၌ ပစ္စယုပ္ပန်ထိုက်သော အကျိုးသဘာဝ တရားတို့ကို အကျဉ်းမျှ လင်းပြခြင်း

**မေး** ၎င်း ကုသိုလ်ဟိတ် သုံးပါးတို့ကြောင့် ဒါနပြုဆဲအခါ၌ ဖြစ်ပေါ်လာသော စိတ်, စေတသိက်, စိတ္တဇရုပ်တို့တွင် သိမှုသဘောရှိသော ဒါနကုသိုလ်စိတ် အစုသည် ဘာခန္ဓာ ဖြစ်ပါသနည်း။

**ဖြေ** ၎င်း ကုသိုလ်စိတ်အစုသည် ဝိညာဏက္ခန္ဓာ ဖြစ်ပါသည်။

**မေး** ဒါနပြုဆဲအခါ၌ ကုသိုလ်စိတ်နှင့်တကွဖြစ်သော စေတသိက် အဋ္ဌတိံသ တို့တွင် ကောင်းလုံး, မကောင်းလုံး, ကောင်း,မကောင်းလုံးစသည် အာရုံ၏ အရသာကို ခံစားမှု သဘောရှိသော ဝေဒနာအစုသည် ဘာခန္ဓာဖြစ်ပါသနည်း။

**ဖြေ** ၎င်း ခံစားမှု သဘောရှိသော ဝေဒနာ အစုသည် ဝေဒနာက္ခန္ဓာ ဖြစ်ပါသည်။

**မေး** ဒါနပြုဆဲအခါ၌ဖြစ်သော အာရုံ၏သဘောကို ကောင်း, မကောင်း စသည် မှတ်သားမှုသဘောရှိသော သညာအစုသည် ဘာခန္ဓာ ဖြစ်ပါသနည်း။

ဖြေ ၎င်း မှတ်သားမှု သဘောရှိသော သညာအစုသည် သညာက္ခန္ဓာ ဖြစ်ပါသည်။

မေး ဒါနပြုဆဲအခါ၌ဖြစ်သော အာရုံ၌ သမ္ပယုတ်တရားတို့ကို စေ့ဆော်ကြောင့်ကြမှု သဘောရှိသော စေတနာ စေတသိက်စသည် ဝိရတီအပ္ပမညာဒွေ ကြဉ်သော သုံးဆယ့်တပါးသော စေတသိက်တို့သည် ဘာခန္ဓာဖြစ်ပါသနည်း။

ဖြေ ၎င်း စေတနာ စေတသိက်စသည် ဝိရတီ အပ္ပမညာဒွေ ကြဉ်သော သုံးဆယ့်တပါးသော စေတသိက်အစုသည် သင်္ခါရက္ခန္ဓာ ဖြစ်ပါသည်။

မေး ၎င်း ဒါနပြုဆဲအခါ၌ဖြစ်သော စိတ်, စေတသိက်တို့ကြောင့် ဖြစ်သော ပြုံးရယ်ခြင်း, ပြောဆိုခြင်း, လှုပ်ရှား ကွေးဆန့်ခြင်း, ထိုင် ထ ရပ် သွားခြင်း စသော သဘောရှိသော စိတ္တဇရုပ်အစုသည် ဘာခန္ဓာ ဖြစ်ပါသနည်း။

ဖြေ ၎င်း သဘောရှိသော စိတ္တဇရုပ်အစုသည် ရူပက္ခန္ဓာ ဖြစ်ပါသည်။

မေး ၎င်း ဒါနပြုဆဲအခါ၌ ကုသိုလ်ဟိတ်သုံးပါးတို့ကြောင့် ဖြစ်သော ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ဟု ဆိုအပ်သော ခန္ဓာငါးပါးတို့သည် ဟေတုပစ္စည်း၌ အဘယ်သဘာဝတရား မည်ပါသနည်း။

ဖြေ ၎င်း ခန္ဓာငါးပါးတို့သည် ဟေတုပစ္စည်း၌ ပစ္စယုပ္ပန်ဟု ဆိုအပ်သော အကျိုးသဘာဝတရား မည်ပါသည်။

ပစ္စယုပ္ပန်ဖြစ်သော ကုသိုလ်ဟိတ်သုံးပါး၏ အကျိုးသဘာဝ
တရားကို အကျဉ်းမျှ လင်းပြခြင်း ပြီး၏။

---

**ကုသိုလ်ဟိတ် သုံးပါး၌ ပစ္စည်းပစ္စယုပ္ပန်ထိုက်သော သဘာဝ
တရားတို့ကို ပရမတ်နှင့် ပညတ်ခွဲ၍ ဒိဋ္ဌိဝိသုဒ္ဓိ**

## ဖြစ်ပုံကို အကျဉ်းမျှ လင်းပြခြင်း

မေး ၎င်း ဒါနပြုဆဲအခါ၌ ဖြစ်သော အကြောင်းအကျိုးဟု ဆိုအပ်သော ကုသိုလ်ဟိတ်သုံးပါး ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့သည် ပုဂ္ဂိုလ်, သတ္တဝါ, ငါ,သူတပါး, ယောကျ်ား, မိန်းမ, အတ္တ, ဇီဝ ဟုတ်ပါ၏လော၊ အဘယ်တရားတို့သာ ဟုတ်ပါကုန်သနည်း။

ဖြေ ၎င်း အကြောင်းအကျိုးဖြစ်သော ကုသိုလ်ဟိတ်သုံးပါး ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့သည် ပုဂ္ဂိုလ်,သတ္တဝါ,ငါ, သူတပါး,ယောကျ်ား, မိန်းမ မဟုတ်ပါ ပဋ္ဌာန်းတရားတို့သာ ဟုတ်ကုန်ပါသည်။

မေး ၎င်း ပဋ္ဌာန်းတရားတို့သည် ပရမတ်,ပညတ် နှစ်ပါးတို့တွင် အဘယ်တရား ဖြစ်ပါသနည်း။

ဖြေ ၎င်း ပဋ္ဌာန်းတရားတို့သည် ပရမတ်တရား ဖြစ်ပါသည်။

မေး ၎င်း ပဋ္ဌာန်းတရားတို့ကို ဘာကြောင့် ပရမတ် ခေါ်ပါသနည်း။

ဖြေ ပရမော ဥတ္တမော အဝိပရိတော အတ္ထော ပရမတ္ထော။

ပရမော ဥတ္တမော အဝိပရိတော၊ မဘောက်မပြန်သော။ အတ္ထော၊ အနက် သဘောတည်း။ ပရမတ္ထော၊ မဘောက်မပြန်သော အနက်သဘော။ ဤသို့ သော ဝစနတ္ထနှင့်အညီ မဘောက်မပြန်သော အနက်သဘောကြောင့် ပရမတ် ခေါ်ပါသည်။

မေး ၎င်း ပရမတ်တရားသည် မည်သူတို့ဉာဏ်၏ ကျက်စားရာအာရုံ ဖြစ်ပါ သနည်း။

ဖြေ ပရမဿ ဥတ္တမဿ ဉာဏဿ အတ္ထော ဂေါစရော ပရမတ္ထော။
ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝိဂြိုဟ်

**တို့မြန်မာဘာသာလို ပြန်ဆိုရန်ကား—** ပရမဿ ဥတ္တမဿ ဉာဏဿ၊ မြတ်သော ဘုရား ပစ္စေကဗုဒ္ဓါ အရိယာသာဝကတို့ဉာဏ်၏။ အတ္ထော ဂေါစရော၊ ကျက်စားရာ အာရုံတည်း။ ပရမတ္ထော၊ မြတ်သော ဘုရား ပစ္စေကဗုဒ္ဓါ အရိယာ သာဝကတို့ဉာဏ်၏ ကျက်စားရာအာရုံ။ ဤသို့ မိန့်ဆိုအပ်သော ဝစနတ္ထနှင့်အညီ ၎င်း ပဋ္ဌာန်းတရားဟုဆိုအပ်သော ပရမတ္ထတရားသည် မြတ်သော ဘုရား ပစ္စေက ဗုဒ္ဓါ အရိယာသာဝကတို့ဉာဏ်၏ ကျက်စားရာအာရုံ ဖြစ်ပါသည်။

မေး မြတ်သော ဘုရား ပစ္စေကဗုဒ္ဓါ အရိယာသာဝကတို့ဉာဏ်၏ ကျက်စားရာ အာရုံဖြစ်သော ပရမတ္ထတရားကို ပရမတ္ထတရားအတိုင်း ဟုတ်မှန်သောအား ဖြင့် သိခြင်းသည် ဘာ မှန်ကို သိပါသနည်း။

**ဖြေ** ၎င်း ပရမတ္ထတရားကို ပရမတ္ထတရားအတိုင်း ဟုတ်မှန်သောအားဖြင့် သိခြင်းသည် ပရမတ်မှန်ကို သိပါသည်။

ဟေတုပစ္စည်း၌ ပရမတ်ခွဲပုံကို အကျဉ်းမျှ လင်းပြခြင်း ပြီး၏။

---

**မေး** ၎င်း ပရမတ္ထတရားတို့သည် အချင်းချင်း ပေါင်းစပ်လျက် အပေါ်ရံ အပြင်စပ်တွင် ပညတ်နယ်မှာ မနောဒွါရတွင် ထင်မြင်ရသော လူပုံသဏ္ဌာန် နတ်ပုံသဏ္ဌာန် ဗြဟ္မာပုံသဏ္ဌာန် ကျွဲ, နွား, ဆင်, မြင်းစသည် ပုံသဏ္ဌာန် အပိန်, အဝ, အဝိုင်း, လေးထောင့်စသည် ပုံသဏ္ဌာန်အမျိုးမျိုးတို့သည် ဘာပညတ် ဖြစ်ပါသနည်း။

**ဖြေ** ကိသော ထူလော ပရိမဏ္ဍလော စတုရသောတိ အာဒိကာ သဏ္ဌာန ဝသေန ပညာပနာ သဏ္ဌာနပညတ္တိ နာမ။

ပုဂ္ဂလပညတ် အဋ္ဌကထာ မာတိကာအဖွင့်

**တို့မြန်မာဘာသာလို ပြန်ဆိုရန်ကား—** ကိသော၊ ကြုံ၏။ ဝါ-ပိန်၏။ ထူလော၊ ဆူဖြိုး၏။ ဝါ-ဝ၏။ ပရိမဏ္ဍလော၊ အဝန်းအဝိုင်း။ စတုရသော၊ လေးထောင့်။ ဣတိ အာဒိကာ၊ ဤသို့ အစရှိသော။ သဏ္ဌာနဝသေန၊ ပုံသဏ္ဌာန်၏ အစွမ်းဖြင့်။ ပညာပနာ၊ အပြားအားဖြင့် သိစေခြင်းသည်။ ဝါ-ခေါ်ဝေါ် ပညတ် သမုတ်အပ်ခြင်းသည်။ သဏ္ဌာနပညတ္တိ နာမ၊ သဏ္ဌာနပညတ်မည်၏။ ဝါ-ပုံသဏ္ဌာန်ပညတ်မည်၏။ ဤသို့ မိန့်ဆိုအပ်သော အဋ္ဌကထာပါဠိနှင့်အညီ ၎င်း အပေါ်ရံ အပြင်စပ်တွင် ပညတ်နယ်က မနောဒွါရတွင် ထင်မြင်ရသော ပုံသဏ္ဌာန်အမျိုးမျိုးတို့သည် သဏ္ဌာနပညတ် ဖြစ်ပါသည်။

**မေး** ၎င်း ပုံသဏ္ဌာန် အမျိုးမျိုးတို့သည် တရက်, နှစ်ရက်, တလ, နှစ်လ, တနှစ်, နှစ်နှစ်, တဆယ်, နှစ်ဆယ်, ရှစ်ဆယ်, ကိုးဆယ်စသည် ကာလရှည်မြင့် လာအောင် အစဉ်မပြတ် ဆက်စပ်လျက် ဖြစ်ပေါ်ခြင်းသည် ဘာပညတ် ဖြစ်ပါ သနည်း။

**ဖြေ** ယာ ပန သန္တတိ ဝိစ္ဆေဒါဘာဝံ အပေက္ခိတ္วာ အာသီတိကော နဝုတိ ကောတိ အာဒိကာ ပညာပနာ အယံ သန္တတိ ပညတ္တိ နာမ။

ပုဂ္ဂလပညတ် အဋ္ဌကထာ မာတိကာပဒအဖွင့်

**တို့မြန်မာဘာသာလို ပြန်ဆိုရန်ကား—** သန္တတိ ဝိစ္ဆေဒါဘာဝံ၊ အစဉ်သန္တတိပြတ်ခြင်း၏ မရှိခြင်းကို။ အပေက္ခိတွာ၊ ငဲ့၍။ အာသီတိကော၊ အနှစ်ရှစ်ဆယ်ရှိ၏။ ဝါ-အနှစ်ရှစ်ဆယ်ရှိသောသူ။ နဝုတိကော၊ အနှစ်ကိုးဆယ်ရှိ၏။ ဝါ- အနှစ်ကိုးဆယ်ရှိသောသူ။ ဣတိအာဒိကာ၊ ဤသို့ အစရှိသော။ယာ ပညာပနာ၊ အကြင် အပြားအားဖြင့် သိစေခြင်းသည်။ ဝါ-အကြင် ပညတ်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤသို့ ပညတ်ခြင်းသည်။ သန္တတိပညတ္တိ နာမ၊ သန္တတိပညတ်မည်၏။

ဤသို့ မိန့်ဆိုတော်မူအပ်သော အဋ္ဌကထာပါဌ်နှင့်အညီ ၎င်း ကာလရှည်ကြာလာအောင် အစဉ်မပြတ် ဆက်စပ်လျက် ဖြစ်ပေါ်လာခြင်းသည် သန္တတိပညတ် ဖြစ်ပါသည်။

သဏ္ဌာနပညတ်နှင့် သန္တတိပညတ်ကို အကျဉ်းမျှ လင်းပြခြင်း ပြီး၏။

---

**မေး** ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်, ပုဂ္ဂိုလ်, သတ္တဝါ, အတ္တ, ဇီဝ, ငါ, သူတပါး, ယောကျ်ား, မိန်းမ စသည်ဖြင့် ခေါ်ဝေါ်ပညတ်သောစကားသည် ဘာပညတ် ဖြစ်ပါသနည်း။

**ဖြေ** ၎င်း ခေါ်ဝေါ်ပြောဆိုသော စကားသည် သဒ္ဒပညတ်ဖြစ်ပါသည်။

**မေး** ၎င်း သဒ္ဒပညတ်သည် ဘယ်နှစ်မျိုး အပြားရှိပါသနည်း။

**ဖြေ** (၁)ဝိဇ္ဇမာန သဒ္ဒပညတ်၊ (၂)အဝိဇ္ဇမာန သဒ္ဒပညတ်၊ (၃)ဝိဇ္ဇမာနေန အဝိဇ္ဇမာန သဒ္ဒပညတ်၊(၄)အဝိဇ္ဇမာနေန ဝိဇ္ဇမာန သဒ္ဒပညတ်၊(၅)ဝိဇ္ဇမာနေန ဝိဇ္ဇမာန သဒ္ဒပညတ်၊ (၆)အဝိဇ္ဇမာနေန အဝိဇ္ဇမာန သဒ္ဒပညတ် ပေါင်း ၆-မျိုး အပြားရှိပါသည်။

**မေး** ၎င်း သဒ္ဒပညတ် ၆-ပါးတို့တွင် ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် စသည် ပရမတ္ထ သစ္စာနယ်၌ ထင်ရှားရှိသော တရားတို့ကို တပါးစီ တပါးစီခွဲ၍ ဥပမာ- ရုပ်နှင့်ဆိုင်ရာ၌ ပထဝီလို့, အာပေါလို့, တေဇောလို့, ဝါယောလို့ စသည်ဖြင့်၊ ဝေဒနာနှင့်ဆိုင်ရာ၌ သုခလို့, ဒုက္ခလို့စသည်ဖြင့်၊ သညာနှင့်ဆိုင်ရာ၌ ရူပါရုံပါတကားလို့, သဒ္ဒါရုံပါတကားလို့ စသည်ဖြင့်၊ သင်္ခါရနှင့်ဆိုင်ရာ၌ ဖဿလို့,

စေတနာလို့, ကေဂ္ဂတာလို့ စသည်ဖြင့်၊ဝိညာဏ်နှင့်ဆိုင်ရာ၌ ကုသိုလ်စိတ်လို့, အကုသိုလ်စိတ်လို့ စသည်ဖြင့် ပြောဆိုသောစကားသည် ဘာပညတ်ဖြစ်ပါသနည်း။

**ဖြေ** ၎င်း ပြောဆိုသော စကားသည် ဝိဇ္ဇမာန သဒ္ဒပညတ် ဖြစ်ပါသည်။

**မေး** ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောကျ်ား, မိန်းမ, အတ္တ, ဇီဝ စသည် ပရမတ္ထနယ်မှာ ထင်ရှား မရှိသော်လည်း သမ္မုတိသစ္စာ နယ်မှာသာ ထင်ရှား ရှိသော ပညတ်တရား အစားစားတို့ကို တပါးစီ တပါးစီခွဲ၍ ဥပမာ- လူလို့, နတ်လို့, ကျွဲလို့, နွားလို့, ယောကျ်ားလို့, မိန်းမလို့ စသည်ဖြင့် ပြောဆိုသော စကားသည် ဘာပညတ် ဖြစ်ပါသနည်း။

**ဖြေ** ၎င်း ပြောဆိုသော စကားသည် အဝိဇ္ဇမာန သဒ္ဒပညတ် ဖြစ်ပါသည်။

**မေး** ပရမတ်ကိုရှေ့ ပညတ်ကိုနောက်သားပြီးလျှင် ဥပမာ-ရုပ်ရှိသော ပုဂ္ဂိုလ်, ဝေဒနာရှိသောပုဂ္ဂိုလ်, သညာရှိသောပုဂ္ဂိုလ်, သင်္ခါရရှိသောပုဂ္ဂိုလ်, ဝိညာဏ်ရှိသောပုဂ္ဂိုလ် ဤသို့စသည်ဖြင့် ပရမတ်နှင့် ပညတ် နှစ်ပါးတွဲ၍ ပြောဆိုသော စကားသည် ဘာပညတ် ဖြစ်ပါသနည်း။

**ဖြေ** ဤကဲ့သို့ ပြောဆိုသောစကားသည် ဝိဇ္ဇမာနေန အဝိဇ္ဇမာန သဒ္ဒပညတ် ဖြစ်ပါသည်။

**မေး** ပညတ်ကိုရှေ့ ပရမတ်ကို နောက်ထားပြီးလျှင် ဥပမာ-ပုဂ္ဂိုလ်၌ဖြစ်သော ရုပ်,သတ္တဝါ၌ဖြစ်သောရုပ်, ငါ၌ဖြစ်သောရုပ်ရှိ၏၊ သူတပါး၌ရုပ်ရှိ၏၊ ယောကျ်ား၌ ရုပ်ရှိ၏၊ မိန်းမ၌ ရုပ်ရှိ၏၊ အတ္တ၌ ရုပ်ရှိ၏၊ ဇီဝ၌ ရုပ်ရှိ၏၊ ဤသို့စသည်ဖြင့် ပညတ်နှင့်ပရမတ်ကို နှစ်ပါးတွဲ၍ ပြောဆိုသော စကားသည် ဘာပညတ် ဖြစ်ပါသနည်း။

**ဖြေ** ဤကဲ့သို့ ပြောဆိုသောစကားသည် အဝိဇ္ဇမာနေန ဝိဇ္ဇမာန သဒ္ဒပညတ် ဖြစ်ပါသည်။

**မေး** ပရမတ် ပရမတ်အချင်းချင်း ရှေ့နောက်ထားပြီးလျှင် ဥပမာ- ကြမ်းတဲ့ရုပ်, နူးတဲ့ရုပ်, ပူတဲ့ရုပ်, အေးတဲ့ရုပ်, ရုပ်နှင့်နာမ် ဝေဒနာနှင့်သညာ သင်္ခါရနှင့် ဝိညာဏ် ဤကဲ့သို့စသည်ဖြင့် ပရမတ်နှင့်ပရမတ်အချင်းချင်း နှစ်ပါးတွဲ၍ ပြောဆိုသော စကားသည် ဘာပညတ် ဖြစ်ပါသနည်း။

ဖြေ ဤကဲ့သို့ ပြောဆိုသော စကားသည် ဝိဇ္ဇမာနေန ဝိဇ္ဇမာန သဒ္ဒပညတ် ဖြစ်ပါသည်။

မေး ပညတ် ပညတ်အချင်းချင်း ရှေ့နောက်ထားပြီးလျှင် ဥပမာ-ပုဂ္ဂိုလ်သည် ဝ၏၊သတ္တဝါသည် ပိန်၏၊ ငါသည် ရှည်၏၊ သူတပါးသည် တို၏၊ ယောကျ်ားသည် တုပ်၏၊ မိန်းမသည် သေး၏၊ အတ္တသည် ကိုယ်ဖြစ်၏၊ ဇီဝသည် အသက်ဖြစ်၏၊ ဤကဲ့သို့ စသည်ဖြင့် ပညတ်နှင့် ပညတ်အချင်းချင်း နှစ်ပါးတွဲ၍ ပြောဆိုသော စကားသည် ဘာပညတ် ဖြစ်ပါသနည်း။

ဖြေ ဤကဲ့သို့ ပြောဆိုသော စကားသည် အဝိဇ္ဇမာနေန အဝိဇ္ဇမာန သဒ္ဒပညတ် ဖြစ်ပါသည်။

သဒ္ဒပညတ် ခြောက်ပါးကို အကျဉ်းမျှ လင်းပြခြင်း ပြီး၏။

---

မေး ဤသို့သောနည်းဖြင့် သဏ္ဌာနပညတ်, သန္တတိပညတ်,သဒ္ဒပညတ်စသည် ပညတ်အမျိုးမျိုးတို့ကို ဟုတ်မှန်သောအားဖြင့် ပညတ်အတိုင်း သိခြင်းသည် ဘာမှန်ကို သိပါသနည်း။

ဖြေ ၎င်း ပညတ်အမျိုးမျိုးတို့ကို ဟုတ်မှန်သောအားဖြင့် ပညတ်အတိုင်း သိခြင်းသည် ပညတ်မှန်ကို သိပါသည်။

ဟေတုပစ္စည်း၌ ပညတ်အမျိုးမျိုးတို့ ခွဲပုံကို

အကျဉ်းမျှ လင်းပြခြင်း ပြီး၏။

---

မေး ဤကဲ့သို့ ပရမတ်ကို ပရမတ်အတိုင်း ပညတ်ကို ပညတ်အတိုင်း နှစ်မျိုး နှစ်စား ခွဲခြား၍ သိခြင်းသည် မြန်မာဘာသာလို ဘာစင်ကြယ်၍ ပါဠိဘာသာ လို ဘာဝိသုဒ္ဓိ ဖြစ်ပါသနည်း။

ဖြေ (၈) "အတွင်းရှိခန္ဓာငါးပါး ဟေတုပစ္စည်းပစ္စယုပ္ပန်တရားကား ပရမတ် သား ရှေ့နောက်အစဉ်နှင့် အပေါ်ရုံကြောတွင် ထင်မြင်ရသော ပုံသဏ္ဌာန် အကောင်အထည်ဒြပ်ကား ပညတ်သား နှစ်ပါးဉာဏ်မြင် ဒိဋ္ဌိစင်"ဤသို့ ကျေးဇူး

တော်ရှင် မိုးညှင်းတောရ ဆရာတော်ဘုရားကြီး စီရင်ရေးသားတော် မူအပ် သော လင်္ကာ“၆၂-ဖြာသော မိစ္ဆာဝါဒီ ဝိတဏ္ဍီညစ်ကြေးမှ ကင်းဝေးစင်ဖြူလျက် အယူ၏စင်ကြယ်ခြင်းတည်းဟူသောဒိဋ္ဌိဝိသုဒ္ဓိ”ဟူသောလင်္ကာနှင့်ညီစွာ ဤသည် တို့ကား ပရမတ်တည်း၊ ဤသည်တို့ကား ပညတ်တည်းဟု ပရမတ်နှင့်ပညတ်ကို နှစ်မျိုး နှစ်စား ခွဲခြား၍ ကိုယ်ပိုင်ရှိသောဉာဏ်ဖြင့် ကိုယ်တိုင်သိသဖြင့် ၆၂-ပါး သော မိစ္ဆာဒိဋ္ဌိအဖြစ်မှ လွတ်မြောက်စင်ကြယ်ခြင်းသည် မြန်မာဘာသာလို အမှားစင်ကြယ် ပါဠိဘာသာလို ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်ပါသည်။

မေး ၎င်း ဒိဋ္ဌိဝိသုဒ္ဓိကို ဉာဏ်အားဖြင့်သွင်းရမူ အဘယ်ဉာဏ်နှင့် လျော်ပါ သနည်း။

ဖြေ (၁) “ခန္ဓာငါးပါး၊ ပိုင်းခြားရုပ်နာမ်၊ သိဉာဏ်သဘာဝ၊ ထင်မြင်က၊ နာမရူပ ပရိစ္ဆေဒဉာဏ်”ဟု မိန့်ဆိုတော်မူအပ်သော တို့မြန်မာလင်္ကာနှင့်ညီစွာ ခန္ဓာငါးပါး ရုပ်တရား နာမ်တရားတို့ကို သဘာဝဆိုက်အောင် ခွဲခြမ်း၍သိခြင်း သည် နာမရူပပရိစ္ဆေဒဉာဏ်ဖြစ်၏၊ သို့ဖြစ်၍ ၎င်းဒိဋ္ဌိဝိသုဒ္ဓိသည် နာမရူပပရိစ္ဆေဒ ဉာဏ်နှင့် လျော်ပါသည်။

**အထူးမှာထား တိုက်တွန်းချက်** ဒိဋ္ဌိဝိသုဒ္ဓိ စစ်တမ်းကို ရှေး၌ ငါတို့စီရင်အပ် ပြီးသော ဝိပဿနာ ညွှန့်ဟောစဉ်ကျမ်းကြီး၌ ရေးသားဟောကြားခဲ့ပြီး ဖြစ်ငြားသော်လည်း တကျမ်နှင့်တကျမ်း အဆက်လှမ်း ဝေးနေသဖြင့် အသိ ဉာဏ်နှေးမည်ကို စိုးသောကြောင့်၎င်း၊ စာကြည့်ကြသူ ပညာရှိသဘောဖြူ တို့အား ဆင်းရဲဒုက္ခပေးရာ ကျမည်ကို စိုးသောကြောင့်၎င်း၊ မိမိပင်ပန်း သည့်အမှုကို ပမာနမပြုဘဲ မေတ္တာတော်နှင့် ကရုဏာတော်တရား ကြီးကြီး ထားပြီးလျှင် ဤဟေတုပစ္စည်း ပဋ္ဌာန်းတရားကြီး၌ ထပ်မံ၍ ရေးသား စီရင်လိုက်ရပေသတည်း၊ ဤသို့ ရေးသား ဟော ကြားသည်တို့၌ ပရမတ် နှင့်ပညတ် ထိုနှစ်ရပ်တို့ကို ခွဲဖြတ်စိတ်ဖြာ၍ အသိဉာဏ်ရှိလိုကြသူ ပညာရှိ ယောဂီဖြူတို့သည် လိုသည်ပိုသည်ကို အလေးမပြုမူ၍ မေတ္တာအမှုကြီးကို သာလျှင် ရှေ့ရှုကြပြီး လိုအံ့ထင်မူ ဖြည့်စွက် ပိုအံ့ထင်မူ နုတ်ဖျက်ကြပြီးလျှင် အထပ်ထပ် အခါခါ ဆင်ခြင် ကြည့်ရှုနိုင်ကြပါစေသတည်း၊ ဝါ-ဆင်ခြင်

ကြည့်ရှုကြပါလေ ပညတ်နှင့် ပရမတ်ကို ကွဲလိုကြသူ ပညာရှိ သဘောဖြူ တွေတို့။

ကုသိုလ်ဟိတ်သုံးပါး၌ ပစ္စည်းပစ္စယုပ္ပန်ထိုက်သော သဘာဝတရားတို့ကို ပရမတ်နှင့် ပညတ်ကွဲ၍ ဒိဋ္ဌိဝိသုဒ္ဓိဖြစ်ပုံ နာမရူပပရိစ္ဆေဒဉာဏ် ဖြစ်ပုံတို့ကို အကျဉ်းမျှ လင်းပြခြင်း ပြီး၏။

---

## ကုသိုလ်ဟိတ်သုံးပါး ပဋ္ဌာန်းတရားကြီး၌ ကင်္ခါဝိတရဏဝိသုဒ္ဓိ ဖြစ်ပုံနှင့် တကွ ပစ္စယပရိဂ္ဂဟဉာဏ် ဖြစ်ပုံတို့ကို အကျဉ်းမျှ လင်းပြခြင်း

**မေး** မြတ်သောဘုရား,ပစ္စေကဗုဒ္ဓါ, အရိယာသာဝကတို့ ဉာဏ်၏ကျက်စားရာ အာရုံဖြစ်သော ခန္ဓာငါးပါး ပရမတ္ထသဘာဝအစားစား ဟေတုပစ္စည်း ပစ္စယုပ္ပန် တရားတို့သည် ထာဝရ ဘုရား, သိကြား,ဗြဟ္မာ,ဒေဝါပိဿနိုးစသည် အမျိုးမျိုး သော နတ်တို့သည် ဖန်ဆင်း၍ဖြစ်တာ ဟုတ်ပါမည်လော။

**ဖြေ** ၎င်း ထာဝရဘုရား, သိကြား, ဗြဟ္မာ, ဒေဝါပိဿနိုး အမျိုးမျိုးသော နတ်စသည်တို့သည် ဖန်ဆင်း၍ဖြစ်တာ မဟုတ်ပါဘုရား။

**မေး** ၎င်း အမျိုးမျိုးသောနတ်တို့ ဖန်ဆင်း၍ဖြစ်တာ မဟုတ်ခဲ့လို့ရှိလျှင် ဘာကြောင့်ဖြစ်သည့် ဘာတရား ဖြစ်ပါသနည်း။

**ဖြေ** အကြောင်းကြောင့်ဖြစ်သည့် အကျိုးတရား ဖြစ်ပါသည်။

**မေး** ၎င်း အကျိုးတရားသည် အကြောင်းဘယ်နှစ်ပါး ဖြစ်ပါသနည်း။

**ဖြေ** **အလော, အဒေါ၊ အမော သုံးထွေ၊ ကောင်းမြတ်နေ၊ မှတ်ခလ ဟေတု၊ ကြောင်းရင်းစု—**

ဟူသော မြန်မာလင်္ကာနှင့်အညီ အလောဘဟိတ်, အဒေါသဟိတ်, အမောဟ ဟိတ်အားဖြင့် ပေါင်း အကြောင်းသုံးပါး ရှိပါသည်။

**မေး** ၎င်း မြန်မာလင်္ကာနှင့် အညီ ဘုရားဟောတော်မူအပ်သော အကိုး ပါဠိကား အဘယ်သည်တို့ပါနည်း။

**ဖြေ** ဟေတုပစ္စယောတိ ဟေတူ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။

ပဋ္ဌာန်း ပစ္စယနိဒ္ဒေသ ပါဠိတော်

ဘုရားဟောတော်မူအပ်သော အကိုးပါဠိကား ဤသည်တို့ပါတည်း။

**မေး** ၎င်း ပါဠိတော်ကို မြန်မာဘာသာဖြင့် ဘယ်လို ပြန်ဆိုပါမည်နည်း။

**ဖြေ** ဟေတုပစ္စယောတိ၊ ဟေတုပစ္စည်းဟူသည်ကား။ ဟေတူ၊ အလောဘဟိတ်, အဒေါသဟိတ်, အမောဟဟိတ်ဟု ဆိုအပ်သော ကုသိုလ်ဟိတ်သုံးပါး ပစ္စည်းတရားတို့သည်။ ဟေတုသမ္ပယုတ္တကာနံ၊ အလောဘဟိတ်, အဒေါသဟိတ်, အမောဟဟိတ်ဟု ဆိုအပ်သော ကုသိုလ်ဟိတ်သုံးပါးနှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စိတ်, စေတသိက် တရားတို့အားလည်းကောင်း။ တံ သမုဋ္ဌာနာနံ၊ ထိုကုသိုလ်ဟိတ်သုံးပါးကြောင့် ဖြစ်ကုန်သော။ ရူပါနဉ္စ၊ စိတ္တဇရုပ်, ပဋိသန္ဓေ ကမ္မဇရုပ်တို့အားလည်းကောင်း။ ဟေတုပစ္စယေန၊ အကြောင်းရင်းဖြစ်သော ဟေတုသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ခပ်သိမ်းကိစ္စ ခိုင်မြဲကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ တို့မြန်မာဘာသာဖြင့် ဤလို ပြန်ဆိုပါသည်။

**အထူးမှတ်ချက်** ဉာဏ်နှင့်ယှဉ်သော ကုသိုလ်ကိုရည်၍ ဟိတ်သုံးပါးဟု ပြန်ဆိုလိုက်သည်၊ ဉာဏ်နှင့်မယှဉ်မူ ဟိတ်နှစ်ပါးဟု ပြန်ဆိုရမည်ကို အထူးသတိပြုလေ။

**မေး** မြတ်စွာဘုရားသည် ဟောကြားတော်မူအပ်သော ပဋ္ဌာန်းပါဠိတော်နှင့် တကွ တို့မြန်မာဘာသာလို ပြန်ဆို၍ပြသဖြင့် ဒါနပြုဆဲအခါ၌ ဖြစ်ပေါ်လာသော ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ဟု ဆိုအပ်သော ခန္ဓာငါးပါး အကျိုးပစ္စယုပ္ပန်တရားတို့သည် အလောဘ, အဒေါသ, အမောဟ-ဟု ဆိုအပ်သော ကုသိုလ်ဟိတ်သုံးပါး အကြောင်းပစ္စည်းတရားတို့ကြောင့် ဖြစ်ပေါ်၍လာသော အကျိုးပစ္စယုပ္ပန်တရားတို့သည် ဟုတ်မှ ဟုတ်ပါမည်လောဟု တရုပ်, ကုလား စသည် မည်သည့် ဘာသာကပင် ငြင်းပယ်နိုင်ကြမည်လော။

**ဖြေ** တရုပ်, ကုလားစသည် မည်သည့်ဘာသာကမျှ မငြင်းပယ်နိုင်ကြပါ ဘုရား။

မေး တရုပ်, ကုလားစသည် မည်သည့်ဘာသာတိုင်းကပင် မငြင်းဆန်နိုင်ဘဲ ကျေနပ်လောက်အောင် ယခုဒါနပွဲဆဲ အခါ၌ ဤ ကုသိုလ်ဟိတ် သုံးပါး အကြောင်းပစ္စည်းတရားကြောင့် ခန္ဓာငါးပါး အကျိုးပစ္စယုပ္ပန်တရားတို့သည် သူ့သဘောအတိုင်း သူဖြစ်ပေါ်၍ လာပါတကားဟု ကိုယ်ပိုင်ရှိသောဉာဏ်ဖြင့် ကိုယ်တိုင် သိခြင်းသည် ပါဠိဘာသာလို ဘာဝိသုဒ္ဓိဖြစ်၍ မြန်မာဘာသာလို ဘာကို လွှန်မြောက် စင်ကြယ်ခြင်းဖြစ်ပါသနည်း။

ဖြေ (ဃ) "၁၆-ပါးသော ယုံမှားသက်ာကို ဖြတ်ခွါ လွန်မြောက်နိုင်သော ဉာဏ်၏ စင်ကြယ်ခြင်းတည်းဟူသော ကင်္ခါဝိတရဏဝိသုဒ္ဓိ" ဟူသော တို့မြန်မာ လက်ာနှင့်ညီစွာ ၎င်း သဘာဝတရား ဟေတုပစ္စည်း ပစ္စယုပ္ပန်အစားစားတို့ကို သူတပါးပြောသည်နှင့် မဆိုင် ကိုယ်ပိုင်ရှိသောဉာဏ်ဖြင့် ကိုယ်တိုင်သိခြင်းသည် ပါဠိဘာသာလို ကင်္ခါဝိတရဏဝိသုဒ္ဓိ မြန်မာဘာသာလို ၁၆-ပါးသော ယုံမှားခြင်းကို လွှန်မြောက် စင်ကြယ်ပါသည်။

**အမှာ** ဤ ၁၆-ပါးသော ယုံမှားခြင်းတို့၏ အကျယ်သရုပ်ကို သိလိုကြပါမူ ငါတို့ရေးထုတ်ပြီးသော ညဥ့်ဟောစဥ်ကျမ်းမှာ ကြည့်ရှုကြပါလေ ယောဂီ မြတ်တွေတို့။

မေး ၎င်း ကင်္ခါဝိတရဏဝိသုဒ္ဓိကို ဉာဏ်အားဖြင့်သွင်းရမူ အဘယ်ဉာဏ်နှင့် လျော်ပါသနည်း။

ဖြေ (၂) **ခန္ဓာငါးပါး၊ ရငြားရုပ်နာမ်၊ ဖြစ်ရန်အကြောင်း၊ ရှေးဟောင်းအဝိဇ္ဇာ၊ တဏှာဥပါဒါန်၊ ကံ, စိတ်, ဥတု၊ ဟာရစုနှင့်၊ ဖြစ်မှုကြောင်းပြ၊ ပဋိစ္စတည်း၊ ပဋ္ဌာန်းနည်းဝယ်၊ နှစ်ဆယ့်လေးဖြာ၊ ပစ္စည်းသာဟု၊ ဖြစ်မှုကြောင်းပြ၊ သိမ်းဆည်းရ၊ ပစ္စယပရိဂ္ဂဟဉာဏ်—**

ဟူ၍ မိန့်ဆိုအပ်သော မြန်မာလက်ာနှင့်အညီ ဒါနပွဲဆဲအခါ၌ ဖြစ်ပေါ်လာသော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည် မည်သူတဦးတယောက်မျှ မဖန်ဆင်းမူ၍ ဟေတုပစ္စည်း ပဋ္ဌာန်းနည်းဖြင့် ကုသိုလ်ဟိတ် သုံးပါးကြောင့် ဖြစ်ပေါ်လာသော အကျိုးတရားတို့သာတည်းဟု သဘာဝဆိုက်အောင် အကြောင်းကိုသိမ်းဆည်း၍

သိမှုသည် နာမရူပ ပစ္စယပရိဂ္ဂဟဉာဏ်ဖြစ်၏၊ သို့ဖြစ်၍ ၎င်း ကင်္ခါဝိတရဏဝိသုဒ္ဓိသည် ပစ္စယပရိဂ္ဂဟဉာဏ်နှင့် လျော်ပါသည်။

ကင်္ခါဝိတရဏဝိသုဒ္ဓိ ဖြစ်ပုံနှင့်တကွ ပစ္စယပရိဂ္ဂဟဉာဏ် ဖြစ်ပုံကို အကျဉ်းမျှ လင်းပြခြင်း ပြီး၏။

---

## စူဠသောတာပန် ဖြစ်ပုံကို ပြခြင်း

**မေး** နာမရူပ ပရိစ္ဆေဒဉာဏ်, နာမရူပ ပစ္စယပရိဂ္ဂဟဉာဏ် နှစ်ပါးကို ရရှိပေါက်ရောက်ပြီးသော ယောဂီပုဂ္ဂိုလ်တို့သည် အဘယ်ပုဂ္ဂိုလ်အဖြစ်သို့ ရောက်ပါသနည်း။

**ဖြေ** ၎င်း ပုဂ္ဂိုလ်သည်—

ဣမိနာ ပန ဉာဏေန သမန္နာဂတော ဝိပဿကော ဗုဒ္ဓသာသနေ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော နိယတဂတိကော စူဠသောတာပန္နော နာမ ဟောတိ။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာပါဠိ

**တိုမြန်မာဘာသာလို ပြန်ဆိုရန်ကား—** ဣမိနာ ပန ဉာဏေန၊ ဤ နာမရူပပရိစ္ဆေဒဉာဏ်, ပစ္စယပရိဂ္ဂဟဉာဏ် နှစ်ပါးနှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ ဝိပဿကော၊ ဝိပဿနာအလုပ်ကို အားထုတ်သော ယောဂီပုဂ္ဂိုလ်သည်။ ဗုဒ္ဓသာသနေ၊ မြတ်စွာဘုရား၏ သာသနာတော်မြတ်ကြီး၌။ လဒ္ဓဿာသော၊ ရအပ်သော သက်သာရာရှိသည်ဖြစ်၍။ လဒ္ဓပတိဋ္ဌော၊ ရအပ်သော ထောက်ရာတည်ရာရှိသည်ဖြစ်၍။ နိယတဂတိကော၊ မြဲသောသုဂတိဘဝ ရှိသည်ဖြစ်၍။ စူဠသောတာပန္နော နာမ၊ စူဠသောတာပန် မည်သည်။ ဝါ-သောတာပန် အထွေးမည်သည်။ ဟောတိ၊ ဖြစ်၏။ ဤသို့ မိန့်ဆိုတော်မူအပ်သော ဒေသနာတော်နှင့်အညီ ၎င်း ယောဂီပုဂ္ဂိုလ်သည် စူဠသောတာပန် အဖြစ်သို့ ရောက်ပါသည်။

စူဠသောတာပန် ဖြစ်ပုံကို အကျဉ်းမျှ လင်းပြခြင်း ပြီး၏။

### ကင်္ခါဝိတရဏာဝိသုဒ္ဓိနှင့် ပစ္စယပရိဂ္ဂဟဉာဏ်ကို ရပြီးသော ယောဂီပုဂ္ဂိုလ်တို့အား မဟာသောတာပန် ဖြစ်ကြောင်း မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ သမ္မသနဉာဏ်စသည် ဖြစ်ပုံအမျိုးမျိုးတို့ကို

## အကျဉ်းမျှ လင်းပြခြင်း

**မေး** စူဠသောတာပန် အဖြစ်သို့ ရောက်ပြီးသော ယောဂီပုဂ္ဂိုလ်သည် မဟာသောတာပန် အဖြစ်သို့ ရောက်ခြင်းငှါ အလိုရှိကြပါကုန်၏လော။

**ဖြေ** မဟာသောတာပန် အဖြစ်သို့ ရောက်ခြင်းငှါ အလိုရှိကြပါကုန်သည်။

**မေး** မဟာသောတာပန် အဖြစ်သို့ ရောက်လိုကြကုန်သော ယောဂီအပေါင်း သူတော်ကောင်းတို့သည် မိမိတို့ပြုအပ်ပြီးသော ဒါနကုသိုလ်တို့ကို အာရုံပြုလိုက် ကြစမ်းပါ၊ ဝါ-အာရုံပြုလိုက်သည်ရှိသော် ၎င်း ဒါနပြုဆဲအခါ၌ ဖြင်သော အလောဘဟိတ် မလိုချင်သည့်အကြောင်း၊ အဒေါသဟိတ် မပြစ်မှားသည့် အကြောင်း၊ အမောဟဟိတ် မတွေဝေသည့်အကြောင်းဟု ဆိုအပ်သော ကုသိုလ် ဟိတ် ၃-ပါး ပစ္စည်းတရားတို့ကို ဝိပဿနာဉာဏ်နှင့်ပင် တွေ့မြင်၍လာလိမ့်မည်၊ ၎င်း တွေ့မြင်၍လာသော ကုသိုလ်ဟိတ် ၃-ပါးတို့သည် အဘယ်အကြောင်း ပစ္စည်းတရား ဖြစ်ပါသနည်း။

**ဖြေ** ၎င်း ကုသိုလ်ဟိတ် ၃-ပါးတို့သည် ဟေတုအကြောင်း ပစ္စည်းတရား ဖြစ်ပါသည်။

**မေး** ဒါနပြုဆဲအခါ၌ဖြစ်သော ၎င်းကုသိုလ်ဟိတ် ၃-ပါး ပစ္စည် တရားကြောင့် ဖြစ်ပေါ်၍လာသော ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ဟု ဆိုအပ်သော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည် အဘယ်အကျိုး ပစ္စယုပ္ပန်တရား ဖြစ်ပါ သနည်း။

**ဖြေ** ၎င်း ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည် ဟေတုအကျိုး ပစ္စယုပ္ပန်တရား ဖြစ်ပါသည်။

**မေး** ၎င်း ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့ကို ဝိပဿနာဉာဏ် အမြင်သန်၍ ပစ္စယပရိဂ္ဂဟဉာဏ် ထက်သန်သည်ထက် ထက်သန်၍လာအောင် အဘယ်လို ပွားများရမည်နည်း။

**ဖြေ** မိမိတို့ ဒါနပြုဆဲအခါ၌ဖြစ်သော ကုသိုလ်ဟိတ် ၃-ပါး အကြောင်းပစ္စည်း တရားတို့ကြောင့် ဖြစ်ပေါ်၍လာသော ခန္ဓာငါးပါး ရုပ်နာမ်တရား တည်းဟူသော အကျိုးပစ္စယုပ္ပန်တရားတို့ကို မျက်ဝါးထင်ထင် ပညာမျက်စိနှင့် ကြောင်ကြောင်ကြီး မြင်ရအောင် ကြည့်ပြီးလျှင် ကုသိုလ်ဟိတ် ၃-ပါးကား ဟေတုအကြောင်းပစ္စည်းတရား၊ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကား ဟေတုအကျိုး ပစ္စယုပ္ပန်တရားဟု ပစ္စယပရိဂ္ဂဟဉာဏ် ထက်သန်လာအောင် (ဘာဝိတာ ဗဟုလီကတာ)ဟူသော ပါဠိတော်နှင့်အညီ ဤလို အထပ်ထပ် အကြိမ်ကြိမ် ပွားများရပါသည်။

မဟာသောတာပန်ဖြစ်ကြောင်း ပစ္စယပရိဂ္ဂဟဉာဏ်
ရင့်သန်အောင် ပွားများပုံ ပြီး၏။

---

**မေး** ဤသို့ အထပ်ထပ် အကြိမ်ကြိမ်ပွားများ၍ ထင်မြင် ပေါက်ရောက် ရင့်သန်၍လာသော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့သည် ရွှေပေစာ ရွှေစာအုပ်ကြီးတို့၏ အတွင်းမှာ ဖြစ်တာဟုတ်ပါ၏လော၊ အဘယ်မှာ ဖြစ်ပါသနည်း။

**ဖြေ** ၎င်း ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့သည် ရွှေပေစာ ရွှေစာအုပ်ကြီးတို့၏ အတွင်းမှာ ဖြစ်တာမဟုတ်ပါ၊ သူငါတို့၏ အတွင်းမှာ ဖြစ်ပါသည်။

**မေး** သူငါတို့၏ အတွင်းမှာဖြစ်သော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန် တရားတို့သည် အဘယ်ပဋ္ဌာန်း ဖြစ်ပါသနည်း။

**ဖြေ** ၎င်း ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့သည် ငါပဋ္ဌာန်း ဖြစ်ပါသည်။

**အထူးမှာထားချက်** ၎င်း ဟေတုပစ္စည်းစသည် ပစ္စည်း ပစ္စယုပ္ပန် ထိုက်သော ပဋ္ဌာန်းတရားတို့သည် သူ့အကြောင်း အကျိုးအားလျော်စွာ သတ္တဝါ သူငါတို့၏အတွင်းမှာ ဖြစ်ပေါ်၍နေတာတွေကို စာမတတ်သူနှင့် အဘိုးအို အမယ်အိုတို့ပါ ကိုယ်ပိုင်ရှိသောဉာဏ်ဖြင့် ကိုယ်တိုင်သိကြစေခြင်း အကျိုးငှါ ပါဠိ,

အဋ္ဌကထာ, ဋီကာစသည်တို့မှာ ငါးပဋ္ဌာန်းဟူ၍ တိုက်ရိုက်ပင် မရှိငြားသော်လည်း သူငါတို့၏အတွင်းသားမှာ ကုသိုလ်ဟိတ် ၃-ပါး သဘာဝပဋ္ဌာန်းတရားတွေဟာ ဖြစ်၍နေတာတို့ကို ပေါ်လွင်ထင်ရှားစွာ သိစေလိုသောကြောင့် ငါးပဋ္ဌာန်းဟု ကျေးဇူးရှင် မိုးညှင်းတောရ ဆရာတော်ဘုရားကြီးသည် အသုံးပြုအပ်ပေသတည်း။

**မေး** တနည်း စာတတ်ကြသူ ပညာရှိ သဘောဖြူတို့ပါ ကျေနပ်လောက်အောင် ပြောဆိုရမူ ၎င်း ဒါနပြုဆဲအခါ၌ ဖြစ်ပေါ်လာသော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့သည် သိကြား, ဗြဟ္မာစသည် မည်သူတဦး တယောက်မျှ မဖန်ဆင်းရဘဲ သူ့သဘောအတိုင်း သူဖြစ်ပေါ်၍လာသော တရားသည် အဘယ်ပဋ္ဌာန်းတရား မည်ပါသနည်း။

**ဖြေ** မည်သူတဦးတယောက်မျှ မဖန်ဆင်းရဘဲ သူ့သဘောအတိုင်းသူ ဖြစ်ပေါ်၍လာသော ပဋ္ဌာန်းတရားသည် သဘာဝဓမ္မပဋ္ဌာန်းမည်ပါသည်။

မဟာသောတာပန် ဖြစ်လိုကြသူ ပညာရှိသဘောဖြူတို့အား
ငါးပဋ္ဌာန်းနှင့် သဘာဝဓမ္မပဋ္ဌာန်း မည်ပုံကို
အကျဉ်းမျှ လင်းပြခြင်း ပြီး၏။

---

**မဟာသောတာပန် ဖြစ်လိုသော ယောဂီပုဂ္ဂိုလ်တို့အား ကာလသုံးပါးတို့၌
ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန် တရားတို့ကို
လက္ခဏာယာဉ် သုံးပါးသို့တင်၍**

## သုံးသပ်ပုံကို အကျဉ်းမျှ လင်းပြခြင်း

**မေး** မဟာသောတာပန် ဖြစ်လိုကြသော ယောဂီပုဂ္ဂိုလ်တို့သည် မိမိအတွင်းသို့ ဉာဏ်သွင်း၍ကြည့်စမ်းပါ၊ သူငါတို့၏အတွင်းမှာ မည်သူတဦး တယောက်မျှ မဖန်ဆင်းရဘဲ ဒါနပြုဆဲအခါ၌ သူ့သဘောအတိုင်းသူ ဖြစ်ပေါ်၍လာသော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့သည် တသက်ပတ်လုံး တည်နိုင်ပါမည်လော။

**ဖြေ** ၎င်း တရားတို့သည် တသက်ပတ်လုံး မတည်ပါ ဘုရား။

**မေး** မိမိအတွင်းသို့ ဉာဏ်သွင်း၍ကြည့်ကြရာ ဒါနပြုဆဲအခါ၌ ဖြစ်ပေါ်လာသော ၎င်း ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့သည် တသက်ပတ်လုံး တည်နိုင်မည်ဝေးစွ၊ ၎င်း ဒါနပြုဆဲအခါ၌ဖြစ်သော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့သည် ယခုအခါသို့တိုင်အောင် တည်ရှိပါမည်လော၊ အဘယ် ရောက်သွားပါသနည်း။

**ဖြေ** ဒါနပြုဆဲအခါ၌ဖြစ်သော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့သည် ယခုအခါသို့တိုင်အောင် မတည်ရှိပါ၊ ပျောက်, ပျက်,မရှိ အနိစ္စရောက် သွားပါပြီ ဘုရား။

**မေး** ပျောက်, ပျက်, မရှိ အနိစ္စရောက်သွားသော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့သည် လက္ခဏာယာဥ်သုံးပါးတို့တွင် အဘယ်လက္ခဏာ ဖြစ်ပါသနည်း။

**ဖြေ** ၎င်း ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့သည် လက္ခဏာယာဥ် သုံးပါးတို့တွင် "ဟေတုပစ္စယ၊ ဖြစ်ပျက်ကြ၊ အနိစ္စစု မြင်အောင်ရှု"ဟု ဆိုအပ်သော တို့မြန်မာ ကဗျာနှင့်ညီစွာ အနိစ္စလက္ခဏာ ဖြစ်ပါသည်။

မဟာသောတာပန် ဖြစ်ကြောင်း အနိစ္စလက္ခဏာ ထင်မြင်ပုံကို
အကျဉ်းမျှ လင်းပြခြင်း ပြီး၏။

---

**မေး** ၎င်း ပျောက်မှု, ပျက်မှု, မရှိမှု အနိစ္စအချက်စုတို့ဖြင့် အမြဲ အနှိပ်စက် ခံနေရသော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့သည် ချမ်းသာမှု သဘောရှိမည်လော၊ ဆင်းရဲမှုသဘော ရှိမည်လော။

**ဖြေ** ၎င်း ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့သည် ချမ်းသာ ဟူသည် မှုမျှမရှိပါ၊ ဆင်းရဲမှုသာ ရှိပါသည်။

**မေး** ၎င်း ဆင်းရဲမှု သဘောရှိသော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန် တရားတို့သည် လက္ခဏာယာဥ် သုံးပါးတို့တွင် အဘယ်လက္ခဏာ ဖြစ်ပါသနည်း။

ဖြေ ။ ။ ရင်း ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့သည် လက္ခဏာယာဉ် သုံးပါးတို့တွင် "ဟေတုပစ္စယ၊ ဖြစ်ပျက်ကြ၊ ဒုက္ခအစု မြင်အောင်ရှု" ဟု ဆိုအပ်သော တို့မြန်မာ ကဗျာနှင့်ညီစွာ ဒုက္ခလက္ခဏာ ဖြစ်ပါသည်။

မဟာသောတာပန်ဖြစ်ကြောင်း ဒုက္ခလက္ခဏာ ထင်မြင်ပုံကို
အကျဉ်းမျှ လင်းပြခြင်း ပြီး၏။

---

မေး ။ ။ ရင်း ပျောက်မှု, ပျက်မှု, မရှိမှု အနိစ္စအချက်စုတို့ဖြင့် အမြဲမပြတ် နှိပ်စက်အပ်သောကြောင့် အလွန်အမင်း ဆင်းရဲခြင်းသို့ ရောက်ကြရသော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့သည် သံတုံး သံတိုင်ကဲ့သို့ အနှစ်ရှိသည့်တရားမျိုး, အာဏာထား၍ အစိုးရသည့်တရားမျိုး, ချော့မော့ ဖြောင်းဖြ ပြောဆို၍ အလိုလိုက်သည့်တရားမျိုး ဟုတ်ပါ၏လော၊ အဘယ်လို ဖြစ်တတ်သော တရားမျိုး ဖြစ်ပါသနည်း။

ဖြေ ။ ။ ရင်း ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့သည် သံတုံး သံတိုင်ကဲ့သို့ အနှစ်ရှိသည့်တရားမျိုး,အာဏာထား၍ အစိုးရသည့်တရားမျိုး, ချော့မော့ ဖြောင်းဖြ ပြောဆို၍ အလိုလိုက်သည့်တရားမျိုး မဟုတ်ပါ၊ သူဖြစ်ချင်သလိုဖြစ် သူပျက်ချင်သလိုပျက်သော တရားမျိုး ဖြစ်ပါသည်။

မေး ။ ။ ရင်း အနှစ်မရှိမှု အစိုးမရမှု အလိုသို့မလိုက်မှု သဘောရှိသော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့သည် လက္ခဏာယာဉ် သုံးပါးတို့တွင် အဘယ် လက္ခဏာ ဖြစ်ပါသနည်း။

ဖြေ ။ ။ ရင်း ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့သည် လက္ခဏာယာဉ် သုံးပါးတို့တွင် "ဟေတုပစ္စယ၊ ဖြစ်ပျက်ကြ၊ အနတ္တစု မြင်အောင်ရှု" ဟု ဆိုအပ်သော တို့မြန်မာ ကဗျာနှင့်ညီစွာ အနတ္တလက္ခဏာ ဖြစ်ပါသည်။

မဟာသောတာပန်ဖြစ်ကြောင်း အနတ္တလက္ခဏာ ထင်မြင်ပုံကို
အကျဉ်းမျှ လင်းပြခြင်း ပြီး၏။

မေး မဟာသောတာပန်အဖြစ်သို့ ရောက်လိုကြသူ ပညာရှိ သတော်ဖြူတို့သည် "အရောင်, ပီတိ၊ ပဿဒ္ဓိ နှစ်ဖြာ၊ သဒ္ဓါ, ဝီရိယ၊ သုခ, ဗုဒ္ဓိ၊ နိကန္တိနှင့်၊ သတိ, ဥပေက္ခာ၊ ဤဆယ်ဖြာ၊ မှတ်ပါအန္တရာယ်" ဟူ၍ ကျေးဇူးရှင် လယ်တီတောရ ဆရာတော်ဘုရားကြီး ရေးသား စီရင်တော်မူသော တို့မြန်မာကဗျာနှင့်အညီ ဝိပဿနာအလုပ်ကို အားထုတ်၍ တရဏာပုဂ္ဂိုလ်တို့ အခိုက်အတန့်၌ ဖြစ်ပေါ်၍ လာတတ်သော—

(၁) ဩဘာသ၊ (၂) ပီတိ၊ (၃) ပဿဒ္ဓိ၊ (၄) အဓိမောက္ခ၊ (၅) ပဂ္ဂဟ၊ (၆) သုခ၊ (၇) ဉာဏ၊ (၈) ဥပဋ္ဌာန၊ (၉) ဥပေက္ခာ၊ (၁၀) နိကန္တိ- ဟု ဆိုအပ်သော ဝိပဿနာ ညစ်ညူးကြောင်းတရား ဆယ်ပါးသော ဘေးရန်တို့ကို မဂ်မဟုတ် ဖိုလ်မဟုတ်ဟု ပယ်ဖြုတ် စွန့်ပစ်ပြီးလျှင် ရှေးကထင်မြင်ခဲ့သည့် ဝိပဿနာဉာဏ်အစဉ် လက္ခဏာယာဉ်သုံးပါးတို့ကို သမ္မပ္ပဓာန် ဝီရိယကြီးဖြင့် ထက်သန်စွာ ဦးစီးပြီးလျှင် နေ့ညဉ့်မနား ပွားများ အားထုတ်ခြင်းသည် ဝိသုဒ္ဓိ အားဖြင့် အဘယ်ဝိသုဒ္ဓိ ဖြစ်ပါသနည်း။

ဖြေ (င) "မဂ်ဟုတ်သည် မဟုတ်သည်ကို မြင်နိုင်သောဉာဏ်၏ စင်ကြယ်ခြင်း တည်းဟူသော မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ" ဟူသော တို့မြန်မာကဗျာနှင့် အညီ ရှေးက ထင်မြင်ခဲ့ပြီးသည့်အတိုင်း ဝိပဿနာ ညစ်ညူးကြောင်းတရား ဆယ်ပါးတို့ကို ပယ်ရှားစွန့်ပစ်၍ လက္ခဏာယာဉ်သုံးပါးတို့ကို ပွားများ အားထုတ် ခြင်းသည် မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ ဖြစ်ပါသည်။

မေး ၎င်း မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိကို ဉာဏ်အားဖြင့် သွင်းရမူ အဘယ်ဉာဏ် နှင့်လျော်ပါသနည်း။

ဖြေ (၃) "ရုပ်နာမ်ဓမ္မ ဟူသမျှတို့၌ လက္ခဏာယာဉ်သုံးပါးသို့တင်၍ ကာလ သုံးပါး၌ ပျက်ပြီး ပျက်ဆဲ ပျက်လတ္တံ့ဟု သာမညပျက်ကို ရှုသောဉာဏ်သည် သမ္မသနဉာဏ်" ဟူသော တို့မြန်မာလင်္ကာနှင့်ညီစွာ ကာလသုံးပါး၌ဖြစ်သော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့၏ ပျက်မှုသဘော, ဆင်းရဲမှု သဘော,အနှစ်မရှိ အစိုးမရ အလိုသို့မလိုက်မှု သဘောတို့ကို အာရုံပြု၍ သိသော ဝိပဿနာပညာ ဉာဏ်ဝိဇ္ဇာသည် သမ္မသနဉာဏ်မည်၏၊ သို့ဖြစ်၍ ၎င်း မဂ္ဂါမဂ္ဂ ဉာဏဒဿနဝိသုဒ္ဓိကို ဉာဏ်အားဖြင့် သွင်းရမူ သမ္မသနဉာဏ်နှင့် လျော်ပါသည်။

**အမှာ** သမ္မသနဉာဏ်သည် ကာလသုံးပါးစလုံး၌ ရှေးကလဲ ပျက်ခဲ့လှပြီ၊ ယခုလဲ ပျက်ဆဲ နောင်လဲ ပျက်လတ္တံ့ဟု ရှုသည်ဟု မှတ်လေ။

**မေး** တနည်း ၎င်း မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိကို ဉာဏ်အားဖြင့် သွင်းရမှု အဘယ်ဉာဏ်နှင့် လျော်ပါသေးသနည်း။

**ဖြေ** ဠမဿုပ္ပါဒါ ဠဒံ ဥပ္ပဇ္ဇတိ၊ ဠမဿ နိရောဓာ ဠဒံ နိရုဇ္ဈတိ။

ပဋိစ္စသမုပ္ပါဒ် ပါဠိတော်

**တို့မြန်မာဘာသာလို ပြန်ဆိုရန်ကား—** ဠမဿ၊ ဤကုသိုလ်ဟိတ်သုံးပါး စသည် အကြောင်းတရား၏။ ဥပ္ပါဒါ၊ ထင်ရှား ဖြစ်ပေါ်ခြင်းကြောင့်။ ဠဒံ၊ ဤခန္ဓာငါးပါး အစရှိသော အကျိုးတရားသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏။ ဠမဿ၊ ဤကုသိုလ်ဟိတ်သုံးပါး စသည် အကြောင်းတရား၏။ နိရောဓာ၊ ချုပ်ပျောက်လေသောကြောင့်။ ဠဒံ၊ ဤခန္ဓာငါးပါး အစရှိသော အကျိုးတရားသည်။ နိရုဇ္ဈတိ၊ ချုပ်ပျောက်လေ၏။ ဤသို့ ဟောတော်မူအပ်သော ပါဠိတော်နှင့်အညီ—

(၄) **“အကြောင်းတရား၊ ငါးပါး ကိုယ်စီ၊ အကုန်ချီလျက်၊ ဖြစ်ခြင်း ပျက်ခြင်း၊ ဤနှစ်စင်းကို၊ ထင်လင်းစွာ သုံးသပ်ရှုဆင်ခြင်နိုင်သော ဥဒယဗ္ဗယဉာဏ်”**

ဟူသော တို့မြန်မာ ကဗျာနှင့်ညီစွာ မဟာသောတာပန်အဖြစ်သို့ ရောက်လိုသော ယောဂီပုဂ္ဂိုလ်သူမြတ်သည် ဒါနပြုဆဲအခါ၌ အလောဘဟိတ်, အဒေါသဟိတ်, အမောဟဟိတ်ဟု ဆိုအပ်သော ကုသိုလ်ဟိတ်သုံးပါး အကြောင်းပစ္စည်းတရားတို့သည် ဖြစ်ပေါ်၍လာခြင်းကြောင့် ၎င်း ဒါနပြုဆဲအခါ၌ပင်လျှင် ခန္ဓာငါးပါး အကျိုးပစ္စယုပ္ပန်တရားတို့သည် ဖြစ်ပေါ်၍လာကြကုန်၏၊ ဒါနပြုဆဲအခါ၌ အလောဘ, အဒေါသ, အမောဟဟု ဆိုအပ်သော ကုသိုလ်ဟိတ်သုံးပါး အကြောင်းပစ္စည်းတရားတို့သည် ချုပ်ပျောက်လေသောကြောင့် ၎င်း ဒါနပြုဆဲအခါ၌ပင်လျှင် ခန္ဓာငါးပါး အကျိုးပစ္စယုပ္ပန်တရားတို့သည် ချုပ်ပျောက်ကြလေကုန်၏ဟု ဝိပဿနာပညာ ဉာဏ်ဝိဇ္ဇာဖြင့် ကောင်းစွာမြင်ရလေကုန်၏၊ ဤသို့ ဒါနပြုဆဲအခါ၌ ဖြစ်ပေါ်လာသော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရား

တို့၏ အဖန်ဖန် ဖြစ်မှုသဘော, ပျက်မှုသဘော၊ ဝါ-အဖန်ဖန်ဖြစ်ပျက်မှု သဘော တို့ကို အာရုံပြု၍ ဖြစ်ပျက်, ဖြစ်ပျက်ဟု ရှုသော ဝိပဿနာပညာ ဉာဏ်ဝိဇ္ဇာသည် ဥဒယဗ္ဗယဉာဏ် မည်၏၊ သို့ဖြစ်၍ တနည်းအားဖြင့် မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိကို ဉာဏ်အားဖြင့်သွင်းမှု ဥဒယဗ္ဗယဉာဏ်နှင့် လျော်ပါသေးသည်။

မဟာသောတာပန်ဖြစ်ကြောင်း မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိနှင့်
သမ္မသနဉာဏ်,ဥဒယဗ္ဗယဉာဏ် နှစ်ပါးတို့နှင့်လျော်ပုံကို
အကျဉ်းမျှ လင်းပြခြင်း ပြီး၏။

---

**မဟာသောတာပန် ဖြစ်ကြောင်း မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိနှင့်**
**သမ္မသနဉာဏ်,ဥဒယဗ္ဗယဉာဏ် နှစ်ပါးတို့သည် ထက်မြက်**
**ရင့်သန်အောင် ပွားများပုံကို**

## အကျဉ်းမျှ လင်းပြခြင်း

**မေး** မဟာသောတာပန် အဖြစ်သို့ ရောက်လိုကြသူ ရဟန်းရှင်လူ ပညာရှိ ယောဂီဖြူတို့သည် ယခုပေါက်ရောက် ရရှိပြီးသော မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ သမ္မသနဉာဏ် ဥဒယဗ္ဗယဉာဏ်တို့၏ ရင့်သန်သည်ထက် ရင့်သန်ကြလေအောင် ၎င်း ဒါနပြု၍ဖြစ်သော ပစ္စုပ္ပန်, အတိတ်, အနာဂတ်ဟု ဆိုအပ်သော ကာလ သုံးပါးတို့၌ဖြစ်သော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့ကို ဘယ်လို အာရုံပြု၍ ပွားများရပါမည်နည်း။

**ဖြေ** နိရုဒ္ဓါတီတသင်္ခါရာ၊ ပစ္စုပ္ပန္နာ စ ဘိဇ္ဇရေ။
အနာဂတာ ဘိဇ္ဇိဿန္တိ၊ သဗ္ဗေတေ ဘာယိတဗ္ဗကာ။

**တို့မြန်မာဘာသာလို ပြန်ဆိုရန်ကား—** အတီတသင်္ခါရာ၊ အတိတ်ဖြစ်သော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်ထိုက်သော သင်္ခါရတရားတို့သည်။ နိရုဒ္ဓါ၊ ပျက်စီးချုပ်ပျောက်ကြလေကုန်ပြီ။ ပစ္စုပ္ပန္နာ စ၊ သန္တတိပစ္စုပ္ပန်ဖြစ်သော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်ထိုက်သော သင်္ခါရတရားတို့သည်လည်း။ ဘိဇ္ဇရေ၊ ပျက်စီးချုပ် ပျောက်ကုန်ဆဲ။ အနာဂတာ၊ အနာဂတ်ဖြစ်သော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်ထိုက်သော သင်္ခါရတရားတို့သည်။ ဘိဇ္ဇိဿန္တိ ပျက်စီး ချုပ်ပျောက်ကြကုန်လတ္တံ့။ တေ သဗ္ဗေ၊ ထိုအလုံးစုံသော အတိတ်, အနာဂတ်,

ပစ္စုပ္ပန်ဖြစ်သော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်ထိုက်သော သင်္ခါရတရားတို့သည်။ ဘာယိတဗ္ဗကာ၊ အလွန်အမင်း အချင်းများစွာ ကြောက်မက်ဘွယ်ရာကြီးတို့သာတည်း။

အနိဓာနာဂတာ ဘဂ်ါ၊ ပုဉ္ဇော နတ္ထိ အနာဂတေ။
နိဗ္ဗတ္တာယေဝ တိဋ္ဌန္တိ၊ အာရဂ္ဂေ သာသပူပမာ။

**တို့မြန်မာဘာသာလို ပြန်ဆိုရန်ကား—** ဘဂ်ါ၊ ချုပ်ပြီး ပျက်ပြီးဖြစ်သော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့**ကား**။ အနိဓာနာဂတာ၊ တစုံတခုသော အရပ်၌ သိုမှီးမြှုပ်ထားခြင်းသို့ မရောက်ကုန် ကွယ်ပျောက် ချုပ်ငြိမ်းခြင်းသို့ ရောက်ကုန်၏။ အနာဂတေ၊ နောင်လာလတ္တံ့ အနာဂတ်ကာလ၌။ ပုဉ္ဇော၊ ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်ဟုဆိုအပ်သော ဖြစ်ဘို့ရန် အစုအပုံသည်။ နတ္ထိ၊ တစိုးတစိ စုပုံလျက်မရှိပြီ။ အာရဂ္ဂေ၊ ပွတ်ဆောက်ဖျား၌။ သာသပူပမာ၊ ထင်ရှားသော မုန်ညင်းစေ့လျှင် ဥပမာ ရှိကုန်သည်ဖြစ်၍။ နိဗ္ဗတ္တာယေဝ၊ ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့၏ ဖြစ်ဆဲပစ္စုပ္ပန်ဖြစ်ကုန်၍သာလျှင်။ တိဋ္ဌန္တိ၊ တခဏမျှ တည်ကြလေကုန်၏။

ဤသို့ ရှေးရှေးအကျော် ဆရာတော်သခင် အရှင်သူမြတ်ကြီးတို့သည် မိန့်ဆိုတော်မူအပ်သော ဂါထာလာသည်နှင့် ညီစွာ- ရှေးရှေးနှစ်, ရှေးရှေးလ, ရှေးရှေးရက်ဟု ဆိုအပ်သော အတိတ်ကာလဘို့က ဒါနပြုဆဲ အခါ၌ဖြစ်သော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့သည် ယခုအခါသို့ တိုင်အောင် မပါမရောက်မူ၍ ထိုအတိတ်ကာလက ဒါနပြုဆဲအခါ၌ပင်လျှင် မမြဲပျက်ပျောက် အနိစ္စရောက်ကုန်ကြသည်၏ အဖြစ်ကိုင်း၊ ဆင်းရဲ၍ ဒုက္ခရောက်ကုန်ကြသည်၏ အဖြစ်ကိုင်း၊ အနှစ်မရှိ အစိုးမရ အလိုသို့မလိုက်၍ အနတ္တရောက်ကုန်ကြသည်၏ အဖြစ်ကိုင်း ယခုနေ့ သမယ သန္တတိ ပစ္စုပ္ပန်ကာလတွင် ဒါနပြုကြသည့်အခါ၌ ဖြစ်သော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့သည် ထိုဒါနပြုဆဲ သန္တတိ ပစ္စုပ္ပန်ကာလထည်း၌ပင်လျှင် မမြဲပျက်ပျောက် အနိစ္စရောက်ကုန်ကြသည်၏အဖြစ်ကိုင်း၊ ဆင်းရဲ၍ ဒုက္ခရောက်ကုန်ကြသည်၏ အဖြစ်ကိုင်း၊ အနှစ်မရှိ အစိုးမရ အလိုသို့မလိုက်၍ အနတ္တ ရောက်ကုန်ကြသည်၏ အဖြစ်ကိုင်း၊ နောက်နောက်နှစ်, နောက်နောက်လ, နောက်နောက်ရက်ဟု ဆိုအပ်သော

အနာဂတ်ကာလတွင် ဒါနပြုကြမည့်အခါ၌ ဖြစ်ပေါ်၍လာကြမည့် ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့သည်လည်း ထိုအနာဂတ်ကာလ ဒါနပြုကြမည့် အခါသမယ၌ပင်လျှင် မမြဲပျက်ပျောက် အနိစ္စရောက်ကုန်ကြမည့် အဖြစ်ကိုင်း၊ ဆင်းရဲ၍ ဒုက္ခရောက်ကုန်ကြမည့် အဖြစ်ကိုင်း၊ အနှစ်မရှိ အစိုးမရ အလိုသို့ မလိုက်၍ အနတ္တရောက်ကုန်ကြမည့် အဖြစ်ကိုင်း၊ ဝိပဿနာ ပညာစက္ခုဖြင့် မြင် ရအောင် ရှုစားလိုကြမူ ဒါနပုညာဘိ ကုသိုလ်အမျိုးမျိုးတို့တွင် မိမိပြုထားသည့် ဒါနပုညာဘိကုသိုလ်ကို အာရုံပြုခါမျှ မဟုတ်ဘဲ ၎င်း ဒါန၏အမည်ကို ဥပမာ- ဆွမ်းဒါနကို သင်္ကန်းဒါနကို ကျောင်းဒါနကို ဆေးဒါနကို ပြုဆဲအခါ၌ဖြစ်သော စသည်ဖြင့် အမည်ကိုပါ ဖော်ထုတ်၍ အောက်ပါ ပွားများပုံအတိုင်း ပွားများ ရပါသည်။

## ကာလသုံးပါးကို အာရုံပြု၍ မဟာသောတာပန် ဖြစ်ကြောင်း ဒါနပြုဆဲအခါ၌ ဝိပဿနာတရား ပွားများပုံကို အကျဉ်းမျှ လင်းပြခြင်း

ဒါနပြုဆဲအခါ၌ဖြစ်သော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့သည် ယခုအခါသို့ မရောက်မူ၍ ထိုဒါနပြုဆဲအခါ၌ပင်လျှင် ချုပ်ပျောက် လေသော ကြောင့် အနိစ္စ, အနိစ္စ၊ အနိစ္စ, အနိစ္စ။

ဒါနပြုဆဲအခါ၌ဖြစ်သော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့သည် ယခုအခါသို့ မရောက်မူ၍ ထိုဒါနပြုဆဲအခါ၌ပင်လျှင် ချုပ်ပျောက် သေဆဲ ဆင်းရဲလေသောကြောင့် ဒုက္ခ,ဒုက္ခ၊ ဒုက္ခ,ဒုက္ခ။

ဒါနပြုဆဲအခါ၌ဖြစ်သော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့ သည် ယခုအခါသို့ မရောက်မူ၍ ထိုဒါနပြုဆဲ အခါ၌ပင်လျှင် ချုပ်ပျောက်သေခါ နှစ်ဗလာနှင့် လိုရာမကျ အစိုးမရလေသောကြောင့် အနတ္တ, အနတ္တ၊ အနတ္တ, အနတ္တ။

ဤကား ပစ္စုပ္ပန်ကာလ၌ လက္ခဏာယာဉ်သုံးပါး ပွားများပုံတည်း။

ဒါနပြုဆဲ အခါ၌ဖြစ်သော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့သည် ရှေးကလည်း ဘာတခုမျှ မရှိကြကုန်ပြီဖြစ်၍ ချုပ်ပျောက်လေသောကြောင့် အနိစ္စ,အနိစ္စ၊ အနိစ္စ,အနိစ္စ။

ဒါနပြုဆဲ အခါ၌ဖြစ်သော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့သည် ရှေးကလည်း ဘာတခုမျှ မရှိကြကုန်ပြီဖြစ်၍ ချုပ်ပျောက်သေဆဲ ဆင်းရဲလေသောကြောင့် ဒုက္ခ,ဒုက္ခ၊ ဒုက္ခ,ဒုက္ခ။

ဒါနပြုဆဲ အခါ၌ဖြစ်သော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့သည် ရှေးကလည်း ဘာတခုမျှ မရှိကြကုန်ပြီဖြစ်၍ ချုပ်ပျောက်သေခါ နှစ်ဗလာနှင့် လိုရာမကျ အစိုးမရလေသောကြောင့် အနတ္တ, အနတ္တ၊ အနတ္တ,အနတ္တ။

ဤကား အတိတ်ကာလ၌ လက္ခဏာယာဉ်သုံးပါး ပွားများပုံတည်း။

ဒါနပြုဆဲ အခါ၌ဖြစ်သော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့သည် နောက်နောင်လည်း ဘာတခုမျှ မရှိကြကုန်မည်ဖြစ်၍ ချုပ်ပျောက်လေသောကြောင့် အနိစ္စ,အနိစ္စ၊ အနိစ္စ, အနိစ္စ။

ဒါနပြုဆဲ အခါ၌ဖြစ်သော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့သည် နောက်နောင်လည်း ဘာတခုမျှ မရှိကြကုန်မည်ဖြစ်၍ ချုပ်ပျောက်သေဆဲ ဆင်းရဲလေသောကြောင့် ဒုက္ခ,ဒုက္ခ၊ ဒုက္ခ,ဒုက္ခ။

ဒါနပြုဆဲအခါ၌ဖြစ်သော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့သည် နောက်နောင်လည်း ဘာတခုမျှ မရှိကြကုန်မည်ဖြစ်၍ ချုပ်ပျောက်သေခါ နှစ်ဗလာနှင့် လိုရာမကျ အစိုးမရလေသောကြောင့် အနတ္တ, အနတ္တ၊ အနတ္တ, အနတ္တ။

ဤကား အနာဂတ်ကာလ၌ လက္ခဏာယာဉ်သုံးပါး ပွားများပုံတည်း။

ယခုပြဆိုခဲ့သော ပွားများပုံတို့သည် သင်တန်းသဘောမျှသာ ဖြစ်သည်၊ တကယ်တန်းအလုပ်ပိုင်အောင် အားထုတ်လိုပါမူ ဆွမ်းလှူဆဲ သင်္ကန်းလှူဆဲ ကျောင်းလှူဆဲ ဆေးလှူဆဲ၌ ဖြစ်ပြီး ပျက်သွားသည့် နာမ်နှင့်ရုပ်တို့၏ အဖြစ်

အပျက်ကို မြင်အောင်ကြည့်ပြီးလျှင် ဖြစ်ပျက်, ဖြစ်ပျက်ဟု နှလုံးသွင်း၍ လှူဒါန်းကုန်ရာသည်။

**အထူးမှတ်ချက်** ဒါနပုညကြိယာကုသိုလ် ပြုဆဲအခါ၌ သမ္မသနဉာဏ် စသည် ဝိပဿနာဉာဏ် အတန်တန်တို့ကို ပါရမီ ရင့်သန်၍လာအောင် ယခုရေးသား ဟောကြား၍ ပြအပ်သော ဝိပဿနာတရား ပွားများ အားထုတ်ပုံ စကားအရပ်ရပ်တို့နှင့် နောင်ရေးသား ဟောကြားရမည့် ဒါနမှကြွင်းသော သီလပုညကြိယာ စသည် ပုညကြိယာ အစားစားတို့ကို ပြုဆဲအခါတို့၌ ဝိပဿနာတရား ပွားများ အားထုတ်ပုံ အစားစားတို့နှင့် မထူးခြားလှချေ၊ မိမိတို့ ပြုသော ကုသိုလ်၏ အမည်ကိုထည့်၍ ပွားများ အားထုတ်ခြင်းသည်သာလျှင် ထူးခြားပေ၏၊ သို့ဖြစ်၍ နောင်ရေးသား ဟောကြားလတ္တံ့သော ပွားများ အားထုတ်ကြပုံ စကားအရပ်ရပ်တို့၌ အကျဉ်းအားဖြင့် ထူးခြားလှသည်တို့ကိုသာ ရေးသား ဟောကြားတော့မည်ဖြစ်၍ နောက်အခါ၌ လွယ်ကူကြလေအောင် ယခု ရေးသား ဟောကြားခဲ့ပြီးသော ပွားများ အားထုတ်ပုံ စကားအရပ်ရပ်တို့ကို အထပ်ထပ် အခါခါ ကိုယ့်အသက်ကို မငဲ့ညှာဘဲ မကြာ မကြာ ကြည့်ရှုကြပါလေ ပုညကြိယာဆယ်ပါး ပွားများပုံ ဝိပဿနာတရားတို့၌ ပညဝန္တ ဖြစ်လိုကြကုန်သော ယောဂီအပေါင်း သူတော်ကောင်းတွေတို့။

ကာလသုံးပါးကို အာရုံပြု၍ မဟာသောတာပန်ဖြစ်ကြောင်း ဒါနပြုဆဲ
အခါ၌ ဝိပဿနာတရား ပွားများပုံကို အကျဉ်းမျှ
လင်းပြခြင်း ပြီး၏။

---

## ယောဂီပုဂ္ဂိုလ်တို့ သတိရှိကြရန် အထူးမှာထား တိုက်တွန်းချက်

တရုဏဝိပဿနာဉာဏ် ဖြစ်ပေါ်သောအခါ၌ ၎င်း ဝိပဿနာဉာဏ်၏ အာနုဘော်ကြောင့် ဖြစ်ပေါ်၍လာတတ်သော ဩဘာသ-စသည် ဝိပဿနာ ညစ်ညူးကြောင်းတရား ဆယ်ပါးသော ဘေးအန္တရာယ်များကို မဂ်မဟုတ်, ဖိုလ်မဟုတ်ဟု ဝိဇ္ဇာဉာဏ်အလုပ်နှင့် ပယ်ဖြုတ် စွန့်ပစ်ပြီးလျှင် ဝိပဿနာအလုပ်ကို ပွားများ

အားထုတ်ခြင်းသည် အဘယ်ဝိသုဒ္ဓိ ဖြစ်ပါသနည်းဟု ရှေး၌ အမေးပုစ္ဆာထုတ်ခဲ့သော စကားအရပ်ရပ်တို့တွင် ဩဘာသ-စသည်ဟု ဆိုအပ်သော စကားရပ်သည် ဝိပဿနာ ညစ်ညူးကြောင်းတရား အန္တရာယ်ဆယ်ပါးကို ရ၏၊ သို့ဖြစ်၍ ၎င်း ဝိပဿနာ ညစ်ညူးကြောင်းတရား အန္တရာယ် ဆယ်ပါးတို့တွင်—

(၁) ဩဘာသဆိုသည် အရမှာ မဟာသောတာပန်ဖြစ်လို၍ ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တည်းဟူသော ရုပ်နာမ်တရားတို့၏ ဖြစ်မှု, ပျက်မှုတို့ကို ဝါ-အဖြစ်အပျက်ကို ထက်ထက်သန်သန်ကြီး ရှုစား ပွားများခြင်းကြောင့် တရုဏဝိပဿနာဉာဏ်ကို ရစအခါကာလတွင် အာရဒ္ဓဝိပဿက ပုဂ္ဂိုလ်၏ အဖြစ်သို့ ရောက်သဖြင့် ၎င်း အာရဒ္ဓဝိပဿက ပုဂ္ဂိုလ်၏ ကိုယ်မှထွက်သော စိတ္တပစ္စယ ဥတုဇရုပ်ဟုဆိုအပ်သော အရောင်အလင်း အဆင်းသည် ဩဘာသ ဖြစ်ပါသည်။

(၂) ပီတိဆိုသည်မှာ မဟာသောတာပန် ဖြစ်လို၍ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ ဖြစ်မှု, ပျက်မှုတို့ကို၊ ဝါ-အဖြစ်,အပျက်ကို ထက်သန်စွာ ရှုခြင်းကြောင့် တရုဏဝိပဿနာ ရစအခါ အာရဒ္ဓဝိပဿက ပုဂ္ဂိုလ်တို့၏ သန္တာန်၌ ဝိပဿနာပညာဉာဏ်ဝိဇ္ဇာဖြင့် ကောင်းစွာယှဉ်၍ အစဉ်အတိုင်းဖြစ်သော ခုဒ္ဒကာပီတိ, ခဏိကာပီတိ, ဩက္ကန္တိကာပီတိ, ဥဗ္ဗေဂါပီတိ,ဖရဏာပီတိ အားဖြင့် ငါးပါးသော ပီတိတို့သည် ဆီထိသော ဂွမ်းပမာ ယောဂီပုဂ္ဂိုလ်၏ ကိုယ်သန္တာန်မှာ နှစ်သက်မှု ဖြစ်ပေါ်၍လာခြင်းသည် ပီတိ ဖြစ်ပါသည်။

(၃) ပဿဒ္ဓိ ဆိုသည်မှာ ၎င်း ပုဂ္ဂိုလ်တို့၏ သန္တာန်၌ ဝိပဿနာပညာဉာဏ်ဝိဇ္ဇာဖြင့် ကောင်းစွာယှဉ်၍ ကိုယ်၏အလွန်အေးငြိမ်းချမ်းသာခြင်း, စိတ်၏အလွန်အေးငြိမ်း ချမ်းသာခြင်း ဤချမ်းသာ နှစ်ပါးတို့၏ ဖြစ်ပေါ်၍လာခြင်းသည် ပဿဒ္ဓိ ဖြစ်ပါသည်။

(၄) အဓိမောက္ခဆိုသည်မှာ ၎င်း ပုဂ္ဂိုလ်တို့၏ သန္တာန်၌ ဝိပဿနာပညာဉာဏ်ဝိဇ္ဇာဖြင့် ကောင်းစွာယှဉ်၍ဖြစ်သော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည် ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောကျာ်း, မိန်းမ, အတ္တ, ဇီဝမဟုတ် ပရမတ်သာ ဟုတ်၏ဟု အလွန်အကြူး အထူးအားဖြင့် ယုံကြည်သော သဒ္ဓါတရားသည် အဓိမောက္ခ ဖြစ်ပါသည်။

(၅) ပဂ္ဂဟ ဆိုသည်မှာ ၎င်း ပုဂ္ဂိုလ်တို့၏ သန္တာန်၌ ဝိပဿနာပညာ ဉာဏ်ဝိဇ္ဇာဖြင့် ကောင်းစွာယှဉ်၍ ဖြစ်ပေါ်လာသော အလွန်အမင်း အပြင်းအထန် အားထုတ်ခြင်း သမ္မပ္ပဓာန် ကိစ္စကြီးကို ပြီးစေတတ်သော ဝီရိယစေတသိက်သည် ပဂ္ဂဟ ဖြစ်ပါသည်။

(၆) သုခဆိုသည်မှာ ၎င်း ပုဂ္ဂိုလ်တို့၏ သန္တာန်၌ ဝိပဿနာပညာ ဉာဏ်ဝိဇ္ဇာဖြင့် ကောင်းစွာယှဉ်၍ ဖြစ်ပေါ်လာသော အလွန်အမင်း မြတ်နိုးခြင်းဖြစ်သော အလွန်အထွတ်အမြတ်သို့ ရောက်သော ဝိပဿနာချမ်းသာ သုခဝေဒနာသည် သုခ ဖြစ်ပါသည်။

(၇) ဉာဏ်ဆိုသည်မှာ ၎င်း ပုဂ္ဂိုလ်တို့၏ သန္တာန်၌ဖြစ်သော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ မမြဲမှု အနိစ္စ၊ ဆင်းရဲမှု ဒုက္ခ၊ အနှစ်မရှိ အစိုးမရ အလိုသို့ မလိုက်မှု အနတ္တဟု ဆိုအပ်သော လက္ခဏာယာဉ် သုံးပါးတို့ကို ကောင်းစွာ ထိုးထွင်း၍သိသော ဝိပဿနာပညာ ဉာဏ်ဝိဇ္ဇာသည် ဉာဏ်ဖြစ်ပါသည်။

(၈) ဥပဋ္ဌာနဆိုသည်မှာ ၎င်း ပုဂ္ဂိုလ်တို့၏ သန္တာန်၌ဖြစ်သော ဝိပဿနာပညာ ဉာဏ်ဝိဇ္ဇာဖြင့် ကောင်းစွာယှဉ်၍ အလွန်သင်ရှားသော အနိစ္စ, ဒုက္ခ, အနတ္တဟု ဆိုအပ်သော ဝိပဿနာ၏ အာရုံကို လစ်လပ်ခြင်းမရှိ ကောင်းစွ အောက်မေ့ခြင်းရှိသော သတိသည် ဥပဋ္ဌာန ဖြစ်ပါသည်။

(၉) ဥပေက္ခာဆိုသည်ဆိုမှာ ၎င်း ပုဂ္ဂိုလ်တို့၏ သန္တာန်၌ ဝိပဿနာပညာ ဉာဏ်ဝိဇ္ဇာဖြင့် ကောင်းစွာယှဉ်၍ အနိစ္စ, ဒုက္ခ, အနတ္တဖြစ်သော ခန္ဓာငါးပါး သင်္ခါရတရားတို့ကို ချစ်စရာမရှိ မုန်းစရာမရှိဟု အာရုံပြု၍ လျင်လျူရှုမှုသည် ဥပေက္ခာ ဖြစ်ပါသည်။

(၁၀) နိကန္တိ ဆိုသည်မှာ ၎င်းပုဂ္ဂိုလ်တို့၏ သန္တာန်၌ ဝိပဿနာပညာ ဉာဏ်ဝိဇ္ဇာဖြင့် ကောင်းစွာယှဉ်၍ အာရဒ္ဓဝိပဿကပုဂ္ဂိုလ်၏ အဖြစ်သို့မရောက်မီ ဤသို့သဘောရှိသော အရောင်အလင်း စသည်တို့သည် ရှေးအဘို့၌ မဖြစ်ပေါ်ဘူးကုန်၊ ယခုငါ၏ကိုယ်၌ ဤကိုယ် အရောင်အလင်း စသည်တို့သည် ဖြစ်ပေါ်၍ လာကုန်၏၊ ဤငါ၏ကိုယ်မှ ဖြစ်ပေါ်လာသော ငါ၏ အရောင်အလင်း စသည်

တို့သည် ကောင်းလေကုန်စွ ကောင်းလေကုန်စွဟု လွန်စွာ သိမ်မွေ့သော ဝိပဿနာရောင်စသည် တရားအစားစား၌ မဂ်တရား, ဖိုလ်တရား, နိဗ္ဗာန်တရားဟု အထင်မှားလျက် ဝိပဿနာပျက်ပြားအောင် တွယ်တာငြိကပ် နှစ်သက်တပ်စွန်းသော တဏှာသည် နိကန္တိ ဖြစ်ပါသည်။

ဤသို့ ယခုရေးသား ဟောကြားခဲ့ပြီးသော ဝိပဿနာ ညစ်ညူးကြောင်းတရား အန္တရာယ်ဆယ်ပါးတို့တွင် နိကန္တိမှကြွင်းသော သြဘာသ-အစရှိသော ရှေ့ကိုးပါးသည် ဥဒယဗ္ဗယ ဝိပဿနာအလုပ်ကို အလွန်ပွားများ အားထုတ်သော အာရဒ္ဓဝိပဿကပုဂ္ဂိုလ်ဖြစ်သော ရဟန်းရှင်လူ ပညာရှိယောဂီဖြူတို့၏ သန္တာန်၌သာလျှင် ထင်ရှားစွာဖြစ်ပေါ်၍ လာတတ်ကုန်၏။

တဏှာနိကန္တိမှာမူကား ၎င်း အရောင်အလင်း အဆင်းမာတ်ဟုဆိုအပ်သော သြဘာသ-စသည်တို့ကို တခုစီ တခုစီ အာရုံပြုပြီးလျှင် ငါ့အရောင် ငါ့အလင်း ငါ၏နှစ်သက်ခြင်း ငါ၏အေးငြိမ်း ချမ်းသာခြင်းစသည် အချင်းအရာတို့ဖြင့် ဝိပဿနာ လမ်းစဉ်ပျက်အောင် အလွန်သာယာ နှစ်သက်တွယ်တာ ကပ်ငြိချက်ရှိသောအခါ၌ ဖြစ်ပေါ်၍လာတတ်ကုန်၏၊ ဤသို့သော အရောင်အလင်း အဆင်း အစရှိသော ဝိပဿနာညစ်ညူးကြောင်း တရားတို့သည် ဖြစ်ပေါ်၍ လာခဲ့ကြပါမူ ၎င်း တရားတို့ကို မတွယ်တာ မကပ်ငြိမူ၍ ၎င်း တရားတို့သည် မဂ်မဟုတ်သေး၊ ဖိုလ်မဟုတ်သေး၊ ဝိပဿနာ၏ အာနုဘော်ကြောင့် ဖြစ်ပေါ်လာသော တရားတို့သာတည်းဟု စသည်ဖြင့် နှလုံးသွင်းကြပြီးလျှင် ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည် ဖြစ်ရကုန်စဲ မမြဲမူ အနိစ္စ, အနိစ္စ၊ ဖြစ်ပျက်ညှဉ်းဆဲ၍ ဆင်းရဲမူ ဒုက္ခ, ဒုက္ခ၊ အနှစ်မရှိမူ အစိုးမရမူ အလိုသို့မလိုက်မှုတို့ဖြစ်၍ အနတ္တ, အနတ္တဟု ဝိပဿနာပညာ ဉာဏ်ဝိဇ္ဇာဟုဆိုအပ်သော မျက်စိဖြင့် ထင်မြင်အောင် ကြည့်ပြီးလျှင် အဖန်တလဲလဲ အမြဲရှုစား ပွားများနိုင်ကြပါစေ ကုန်သတည်း၊ ဝါ- ရှုစားပွားများကြပါလေ ပညာရှိအပေါင်း သူတော်ကောင်းတွေတို့။

ယောဂီပုဂ္ဂိုလ်တို့ သတိရှိကြရန် အထူးမှာထား

တိုက်တွန်းချက် ပြီး၏။

## မဟာသောတာပန်ဖြစ်ကြောင်း
## ၎င်း ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိသည် ဘင်္ဂဉာဏ်နှင့် လျှော်ပုံကို
# အကျဉ်းမျှ လင်းပြခြင်း

**မေး** မဟာသောတာပန်ဖြစ်ကြောင်း မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ သမ္မသနဉာဏ် ဥဒယဗ္ဗယဉာဏ်တို့ကို ပေါက်ရောက်ပြီး၍ ရင့်သန်အောင် ဖြစ်ပျက်, ဖြစ်ပျက်ဟု အကြိမ်ကြိမ် ပွားများ အားထုတ်ကြပြီးသော ယောဂီသူမြတ်သည် မဟာသောတာပန်ဖြစ်လို၍ ၎င်း ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့၏ အဖြစ်အပျက်မြန်သည်ကို ထက်ထက်သန်သန်ကြီး မြင်ရအောင် အကြိမ်ကြိမ် အထပ်ထပ် မပြတ်မစဲ ရှုစား ပွားများ အားထုတ်ခြင်းကြောင့် ဤခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့၏ ဖြစ်ပျက်မှု လျင်မြန်သည်ကို ထက်သန်စွာ မြင်ရသဖြင့် အဖြစ်ကို မမြင်ရတော့ဘဲ အပျက်ကိုသာလျှင် မြင်ရလေတော့၏၊ ဤသို့ အပျက်ကိုသာလျှင် သက်သက်မြင်ရသောအခါ မဟာသောတာပန် ဖြစ်ကြောင်း ကောင်းမြတ်သော ဉာဏ်အမြင်၏ စင်ကြယ်ခြင်းသည် အဘယ် ဝိသုဒ္ဓိ ဖြစ်ပါသနည်း။

**ဖြေ** (စ) "မဂ်သို့ရောက်ကြောင်း အကျင့်ကောင်းကို မြင်နိုင်သောဉာဏ်၏ စင်ကြယ်ခြင်းတည်းဟူသော ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ" ဤသို့ ရှေးရှေးသော ဆရာတော်ကြီးတို့သည် မိန့်ဆိုတော်မူအပ်သော တိုမြန်မာလင်္ကာနှင့်ညီစွာ ယခု ပြဆိုအပ်ပြီးသော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ အဖြစ်ကိုမမြင် အပျက် ကိုသာ သက်သက်ထင်သော ဉာဏ်အမြင်၏ စင်ကြယ်ခြင်းသည် ပဋိပဒါဉာဏ ဒဿနဝိသုဒ္ဓိ ဖြစ်ပါသည်။

**မေး** ၎င်း ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိကို ဉာဏ်အားဖြင့် သွင်းရမူ အဘယ်ဉာဏ် နှင့် လျှော်ပါသနည်း။

**ဖြေ** ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့၏ အဖြစ်, အပျက်တို့ကို ထက်ထက်သန်သန် လျင်လျင်မြန်မြန်ကြီး မြင်သော ဉာဏ်သည် ဗလဝ ဥဒယဗ္ဗယ ဉာဏ်မည်၏၊ သို့ဖြစ်၍ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိသည် ၎င်း ဗလဝ ဥဒယဗ္ဗယ ဉာဏ်နှင့်လည်း လျှော်ပါသည်။

**မေး** တနည်း အဘယ်ဉာဏ်နှင့် လျှော်ပါသေးသနည်း။

ဖြေ (၅) "ဖြစ်သည့်ဓမ္မ၊ ဟူသမျှတို့၊ ပျက်ရဘို့ငှါ၊ အပျက်သာလျှင်၊ သက်သက်ထင်သော ဘင်္ဂဉာဏ်" ဟူသော တို့မြန်မာ လင်္ကာနှင့် ညီစွာ ယခု လောကတွင် မျက်မြင်ဥပမာဖြင့် ထင်ရှားစွာ ဖြေဆိုရမူ အလွန်တရာ စည်ကား ပြည့်နက်လှစွာသော မြို့ကြီး ရွာကြီးတို့၌ နေကြသော သူတို့သည် အလွန်တရာ ရန်ငြိုးကြီးလှသော ရန်သူတို့က အရာအထောင်မျှလောက်သော လေယာဉ်ပျံ ကြီးတို့ဖြင့် မိုးသည်းချုန်းသည့်နည်း တဒုံးဒုံးမည်ဟည်းလျက် မီးလောင်ဗုံး ကြီးငယ် တို့ကို မိုးသည်းမိုးသည်းပေါက်တွေ ပမာဏ ကြဲချ ဖျက်ဆီးအပ်သော မြို့ကြီး ရွာကြီး ၌ အိမ်ကျောင်းများစွာ လူစသည် သတ္တဝါတို့ကိုပါ မီးထည်းသို့ပါ၍ မီးတဟုန်း ဟုန်း တောက်လောင်နေကြတာတွေကို တွေ့မြင်ကြရသဖြင့် ၎င်း မြို့ကြီးရွာကြီး တို့၌ အဖြစ်ကိုမမြင် အပျက်ကိုသာ မြင်ရဘိသကဲ့သို့—

ထို့အတူ ဒါနပြုဆဲအခါ၌ဖြစ်သော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန် တရားတို့သည် ဇာတိမီး, ဇရာမီး, မရဏမီး, တဏှာမီး, ကိလေသာမီး စသည် မီးအမျိုးမျိုးတို့ဖြင့် ကမ္ဘာလောကကြီးကို ပျက်စီးအောင် လောင်ကျွမ်းတတ် သော ကမ္ဘာပျက်မီးကြီးတို့ထက် အဆအရာ အဆအထောင်မျှ မကဘဲ သာလွန် ပိုကဲ၍ ခဏမစဲ အမြဲလောင်ကျွမ်းလျက် နေသဖြင့် တဖြုတ်ဖြုတ် တဖွဲ့ဖွဲ့ တသဲသဲနှင့် အမြဲပျက် အမြဲပျောက် အမြဲမရှိ လိုက်နေကြမှု အချက်စုကိုငင်း၊ ဤပျက်မှု ပျောက်မှု မရှိမှု အနိစ္စအချက်စုတို့ဖြင့် အမြဲမပြတ် နှိပ်စက်အပ်သော ကြောင့် အလွန်ဆင်းရဲမှု ဒုက္ခအချက်စုကိုငင်း၊ ထိုမမြဲမှု ဆင်းရဲမှုတို့ကြောင့် အနှစ်မရှိမှု အစိုးမရမှု အလိုသို့မလိုက်မှု သဘောရှိသော အနတ္တအချက်စုကို ငင်း၊ ဝိပဿနာပညာ ဉာဏ်ဝိဇ္ဇာဖြင့် လျင်မြန်စွာ မြင်ကြရသောသူ ပညာရှိ ယောဂီပုဂ္ဂိုလ်တို့သည် ဒါနပြုဆဲအခါ၌ဖြစ်သော ၎င်း ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့၏ ဖြစ်မှုကိုမမြင် ပျက်မှုကိုသာ မြင်ကြရလေကုန်၏၊ ၎င်း ပျက်မှုကိုသာ မြင်ကြရသော ဝိပဿနာပညာ ဉာဏ်ဝိဇ္ဇာသည် ဘင်္ဂဉာဏ်မည်၏၊ သို့ဖြစ်၍ ၎င်း ပဋိပဒါ ဉာဏဒဿန ဝိသုဒ္ဓိသည် ဤဘင်္ဂဉာဏ်နှင့်လည်း လျော်ပါ သေးသည်။

မဟာသောတာပန်ဖြစ်ကြောင်း ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိသည် ဘင်္ဂဉာဏ်နှင့် လျော်ပုံကို အကျဉ်းမျှ လင်းပြခြင်း ပြီး၏။

## မဟာသောတာပန်ဖြစ်ကြောင်း
## ၎င်း ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိနှင့် ဘယဉာဏ်လျော်ပုံကို
# အကျဉ်းမျှ လင်းပြခြင်း

**မေး** တနည်း ၎င်း ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိသည် အဘယ်ဉာဏ်နှင့် လျော်ပါသေးသနည်း။

**ဖြေ** မဟာသောတာပန်ဖြစ်ကြောင်း ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိနှင့် ဘင်ဉာဏ်တို့ကို ပေါက်ရောက် ရရှိပြီး၍ ထက်မြက် ရင့်သန်အောင် အကြိမ်ကြိမ်မနား အထပ်ထပ် ပွားများ အားထုတ်ကြသောသူ ပညာရှိ ယောဂီဖြူတို့သည်—

**(၆) "အပျက်လျင်မြန်၊ အမြင်သန်၍၊ လူ့ဌာန်နတ်ရွာ၊ ဗြဟ္မာအထ၊ ဘုံသုံးစဉ်၌၊ ရှုတိုင်းမျှော်တိုင်း၊ ကြက်သီးလှိုင်း၍၊ ပြိုင်းပြိုင်းထရှိ၊ ကြောက်အားဘိသော ဘယဉာဏ်"**

ဟူသော တို့မြန်မာ လက်ာနှင့် ညီစွာ ယခု လောကတွင် မျက်မြင် ကိုယ်တွေ့ ရှေ့ဥပမာ၌ ဖြည့်စွက်၍ ဖြေဆိုရမူ အလွန်တရာ စည်ကား ပြည့်နှက်လှစွာသော မြို့ကြီး ရွာကြီးတို့၌ နေကြသော သူတို့သည် အလွန်တရာ ရန်ငြိုးကြီးလှသော ရန်သူတို့က အရာ့အထောင်မျှလောက်သော လေယာဉ်ပျံတို့ဖြင့် မိုးသီးချုံးသည့်နည်း တအုံးအုံး မြည်ဟည်းလျက် ကောင်းကင်မှ အုပ်စီးပြီးလျင် ကြီးကြီးငယ်ငယ်သော မီးလောင်ဗုံးတို့ကို မိုးသီး မိုးပေါက်တွေ ပမာဏ ကြဲချဖျက်ဆီးအပ်သော မြို့ကြီး,ရွာကြီး၌ အိမ်,ကျောင်းများစွာ လူစသည် သတ္တဝါတို့ကိုပါ မီးထည်းသို့ ပါသဖြင့် မီးဟုန်းဟုန်း တောက်လောင်၍ နေတာကို တွေ့မြင်ကြရသဖြင့်၎င်း၊ ၎င်း မြို့ကြီး, ရွာကြီး၌ ရှေးနည်းနှင့်မမျှ အဆအရာ, အဆအထောင် မကလွန်အောင် လျင်မြန်ပြီး အကြီးအကျယ် ပျက်စီး၍ လိုက်နေတာတို့ကို တွေ့မြင်ကြရသဖြင့်၎င်း၊ သို့ဖြစ်၍ ဤမြို့ကြီး,ရွာကြီး၌ အူအသည်း ပြောင်းပြန် လန်အောင် ကြောက်ရွံ့ ထိတ်လန့်ဘိသကဲ့သို့၎င်း၊ ထို့အတူ ဒါနပြုဆဲအခါ၌ ဖြစ်သော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန် တရားတို့သည် ဇာတိမီး, ဇရာမီး, မရဏမီး, တေဇောမီး, ကိလေသာမီး စသည် မီးအမျိုးမျိုးတို့ဖြင့် ကမ္ဘာလောကကြီးကို ပျက်စီးအောင် လောင်ကျွမ်းတတ်သော ကမ္ဘာပျက်မီးကြီးတို့ထက်

အဆအရာ, အဆအထောင်မျှမကဘဲ သာလွန်ပိုကဲ၍ ခဏမစဲ အမြဲလောင်ကျွမ်း၍နေသဖြင့် တဖြုတ်ဖြုတ် တဖွဲဖွဲ တသဲသဲနှင့် အမြဲပျက်, အမြဲပျောက်, အမြဲမရှိ လိုက်နေကြမှု အနိစ္စအချက်စုကိုငင်း၊ ဤပျက်မှု, ပျောက်မှု, မရှိမှု, အနိစ္စအချက်စုတို့ဖြင့် အမြဲမပြတ် နှိပ်စက်အပ်သောကြောင့် အလွန်ဆင်းရဲမှု ဒုက္ခအချက်စုကိုငင်း၊ ထိုမမြဲမှု, ဆင်းရဲမှုတို့ကြောင့် အနှစ်မရှိမှု, အစိုးမရမှု, အလိုသို့မလိုက်မှု သဘောရှိသော အနတ္တအချက်စုကိုငင်း၊ ဝိပဿနာပညာဉာဏ်ဝိဇ္ဇာဖြင့် ဒါနပြုဆဲအခါ၌ဖြစ်သော ငင်း ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့ကို အူ, အသည်း ပြောင်းပြန်လန်အောင် ကြောက်စရာ ဘေးအစစ်ကြီးတွေပါတကားဟု အာရုံပြုတိုင်းပင် ဘယဉာဏ်ကို ထင်မြင်၍ လာကြကုန်၏၊ ဤသို့ထင်မြင်လာသော ဝိပဿနာပညာ ဉာဏ်ဝိဇ္ဇာသည် ဘယဉာဏ်မည်၏၊ သို့ဖြစ်၍ ငင်း ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိသည် ဤဘယဉာဏ်နှင့်လည်းလျော်ပါသေးသည်။

မဟာသောတာပန် ဖြစ်ကြောင်း ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိသည် ဘယဉာဏ်နှင့်လျော်ပုံကို အကျဉ်းမျှ လင်းပြခြင်း ပြီး၏။

---

**မဟာသောတာပန်ဖြစ်ကြောင်း**
**ငင်း ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိသည် အာဒီနဝဉာဏ်နှင့် လျော်ပုံကို**

## အကျဉ်းမျှ လင်းပြခြင်း

မေး တနည်းအားဖြင့် ငင်း ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိသည် အဘယ်ဉာဏ်နှင့် လျော်ပါသေးသနည်း။

ဖြေ မဟာသောတာပန် ဖြစ်ကြောင်း ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိနှင့် ဘယဉာဏ်တို့ကို ပေါက်ရောက် ရရှိပြီးဖြစ်၍ ထက်မြက်ရင့်သန်အောင် ဖြစ်ပျက်, ဖြစ်ပျက်ဟု အကြိမ်ကြိမ်မနား အထပ်ထပ် ပွားများ အားထုတ်ကြသောသူ ပညာရှိ ယောဂီဖြူတို့သည်—

(၇) "ကြောက်အားကိုးနှင့်၊ ခိုကိုးစရာ၊ လိုက်၍ရှာလည်း၊ ဆံလွှာမျှမျှ၊ ခိုကိုးစရာ၊ ရှာမရ၍၊ ရှေးကထက်လွန်၊ အကြောက်သွန်သော အာဒီနဝဉာဏ်"

ဟူသော တို့မြန်မာ လင်္ကာနှင့် ညီစွာ ယခုလောကတွင် မျက်မြင်ကိုယ်တွေ့ ရှေးဥပမာ၌ ဖြေ့စွက်၍ဖြေဆိုရမူ အလွန်တရာစည်ကား ပြည့်နှက်လှစွာသော

မြို့ကြီး, ရွာကြီး၌ နေကြသောသူတို့သည် အလွန်တရာ ရန်ငြိုးကြီးလှသော ရန်သူတို့က အရှု,အထောင်မျှလောက်သော လေယာဉ်ပျံတို့ဖြင့် မိုးသည်းချုံးသည့် နည်း တဒုံးဒုံးမြည်ဟည်းလျက် ကောင်းကင်မှ အုပ်စီးပြီးလျှင် ကြီးကြီး, ငယ်ငယ်သော မီးလောင်ဗုံးတို့ကို မိုးသီး, မိုးပေါက်တွေ ပမာဏ ကြဲချ ဖျက်ဆီးအပ်သော မြို့ကြီး, ရွာကြီး၌ အိမ်,ကျောင်းများစွာ လူစသည် သတ္တဝါ တို့ကိုပါ မီးထည်းသို့ပါသဖြင့် မီးဟုန်းဟုန်း တောက်လောင်၍ နေတာတွေကို တွေ့မြင်ကြရသဖြင့်ငှင်း၊ ဤမြို့ကြီး, ရွာကြီး၌ တရက်ထက် တရက် သာလွန် ပိုကဲပြီး ရှေးနည်းမမျှ အဆအရာ, အဆအထောင် မကလွန်အောင် လောင် ကျွမ်းချက်အားကြီး၍ လျှင်မြန်သည်ထက် လျှင်မြန်ပြီး အကြီးအကျယ်ပျက် စီး၍ လိုက်နေတာတို့ကို တွေ့မြင်ကြရသဖြင့်ငှင်း၊ မီးလောင်၍နေသော ဤမြို့ ကြီး, ရွာကြီး၌ အသီးအခြား အားထားမှီခိုရာ ပုန်းအောင်းရာ လိုက်၍ရှာ လည်း အနည်းငယ်မျှ အားကိုးစရာ ပုန်းအောင်းစရာ ရှာမရ၍ ရှေးထက် ပိုမောက် ကြောက်ဘွယ်ရာ အပြစ်တို့ကိုသာ မြင်ကြရဘိသကဲ့သို့ငှင်း—

ထို့အတူ ဒါနပြုဆဲအခါ၌ဖြစ်သော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန် တရားတို့သည် ဇာတိမီး, ဇရာမီး, မရဏမီး, တဏှာမီး, ကိလေသာမီးစသည် မီးအမျိုးမျိုးတို့ဖြင့် ကမ္ဘာလောကကြီးကို ပျက်စီးအောင် လောင်ကျွမ်းတတ် သော ကမ္ဘာပျက် မီးကြီးတို့ထက် အဆအရာ, အဆအထောင်မျှ မကဘဲ သာလွန်ပိုကဲ၍ ခဏမစဲ အမြဲလောင်ကျွမ်း၍ နေသဖြင့် တဖြုတ်ဖြုတ် တဖွဲဖွဲ တသဲသဲနှင့် အမြဲပျက်, အမြဲပျောက်, အမြဲမရှိ လိုက်နေကြမှု အနိစ္စအချက်စုကို ငှင်း၊ ဤပျက်မှု, ပျောက်မှု, မရှိမှု အနိစ္စအချက်စုတို့ဖြင့် အမြဲမပြတ် နှိပ်စက်အပ် သောကြောင့် အလွန်ဆင်းရဲမှု ဒုက္ခအချက်စုကိုငှင်း၊ ထိုမမြဲမှု,ဆင်းရဲမှုတို့ကြောင့် အနှစ်မရှိမှု, အစိုးမရမှု အလိုသို့မလိုက်မှု သဘောရှိသော အနတ္တအချက်စုကို ငှင်း၊ ဝိပဿနာပညာ ဉာဏ်ဝိဇ္ဇာဖြင့် လျှင်မြန်သည်ထက် လျှင်မြန်စွာ အပျက် တွေကိုသာ အထပ်ထပ် အခါခါပင် မြင်ကြရသောသူ ပညာရှိယောဂီဖြူတို့သည် ဒါနပြုဆဲ အခါ၌ဖြစ်၍ ငှင်း ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့ကို ကြောက်စရာအစစ် ကေန်ဖြစ်သော အပြစ်ဒေါသ အာဒီနဝ ကြီးတွေပါတကား ဟု အာရုံပြုတိုင်းပင် ထင်မြင်၍ လာကြကုန်၏၊ ဤသို့ ထင်မြင်၍လာသော

ဝိပဿနာပညာ ဉာဏ်ဝိဇ္ဇာသည် အာဒီနဝဉာဏ်မည်၏၊ သို့ဖြစ်၍ ၎င်း ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိသည် တနည်းအားဖြင့် ဤအာဒီနဝဉာဏ်နှင့်လည်း လျော်ပါသေးသည်။

မဟာသောတာပန် ဖြစ်ကြောင်း ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိသည်
အာဒီနဝဉာဏ်နှင့် လျော်ပုံကို အကျဉ်းမျှ
လင်းပြခြင်း ပြီး၏။

---

**မဟာသောတာပန်ဖြစ်ကြောင်း**
**၎င်း ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိသည် နိဗ္ဗိဒါဉာဏ်နှင့် လျော်ပုံကို**

## အကျဉ်းမျှ လင်းပြခြင်း

**မေး** တနည်းအားဖြင့် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိသည် အဘယ် ဉာဏ်နှင့် လျော်ပါသေးသနည်း။

**ဖြေ** မဟာသောတာပန်ဖြစ်ကြောင်း ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိနှင့် အာဒီနဝဉာဏ်တို့ကို ပေါက်ရောက် ရရှိပြီးဖြစ်၍ ထက်မြက် ရင့်သန်အောင် အကြိမ်ကြိမ် မနား ဖြစ်ပျက်,ဖြစ်ပျက်ဟု အထပ်ထပ် ပွားများ အားထုတ်ကြသောသူ ပညာရှိ ယောဂီပုဂ္ဂိုလ်တို့သည်-

(ဂ) **"ကြောက်ဘွယ် လန့်ဘွယ်၊ ဘုံသုံးသွယ်၌၊ ကိုးကွယ်ရာမဲ့၊ ခိုရာမဲ့လျှင်၊ မြင်ပါတုံ၍၊ မမွေ့မလျော်၊ မပျော်နိုင်ဘဲ၊ စိတ်ထဲရေးရေး၊ တဆွေးပူပူ၊ တယူတတ၊ ငြီးငွေ့လှသော နိဗ္ဗိဒါဉာဏ်"**

ဟူသော တို့မြန်မာလင်္ကာနှင့်ညီစွာ ယခု လောကတွင် မျက်မြင်ကိုယ်တွေ့ ရှေးဥပမာ၌ ဖြည့်စွက်၍ ဖြေဆိုရမူ အလွန်တရာစည်ကား ပြည့်နှက်လှစွာသော မြို့ကြီး ရွာကြီး၌ နေကြသော သူတို့သည် အလွန်ရန်ငြိုးကြီးလှသော ရန်သူတို့က အရာအထောင်မျှလောက်သော လေယာဉ်ပျံတို့ဖြင့် မိုဃ်းချုန်းသည့်နည်း တဒုံးဒုံး မြည်ဟည်းလျက် ကောင်းကင်မှ အုပ်စီးပြီးလျှင် ကြီးကြီးငယ်ငယ်သော မီးလောင်ဗုံးတို့ကို မိုဃ်းသီးမိုဃ်းပေါက်တွေ ပမာဏ ကြဲချ ဖျက်ဆီးအပ်သော မြို့ကြီး ရွာကြီး၌ အိမ် ကျောင်းများစွာ လူစသည် သတ္တဝါတို့ကိုပါ မီးထည်း

သို့ပါသဖြင့် မီးဟုန်းဟုန်း တောက်လောင်၍ နေတာတွေကို မိမိတို့ကိုယ်တိုင်ပင် တွေ့မြင်ကြရသဖြင့်၎င်း၊ ဤ မြို့ကြီး, ရွာကြီး၌ တရက်ထက် တရက် သာလွန် ပိုကဲပြီး ရှေးမြင်ရသည့် နည်းနှင့်မမျှ အဆအရာ အဆအထောင် မကလွန်အောင် လောင်ကျွမ်းချက် အားကြီး၍ လျင်မြန်သည်ထက် လျင်မြန်ပြီး အကြီးအကျယ် ပျက်စီး၍ လိုက်နေတာတို့ကို တွေ့မြင်ကြရသဖြင့်၎င်း၊ ထိုသို့ ပျက်စီး၍လိုက်နေ သော ဤ မြို့ကြီး, ရွာကြီး၌ အသီးအခြား အားထားမှီခိုစရာ လိုက်၍ပင် ရှာပါ သော်လည်း အနည်းငယ်မျှ အားကိုးစရာ ရှာမရ၍ ရှေးထက်ပိုမောက် ကြောက် ကြဘွယ်ရာ အပြစ်တို့ကိုသာ တွေ့မြင်ရပါသဖြင့်၎င်း၊ ဤမြို့ကြီး, ရွာကြီး၌ မနှစ် ခြိုက်နိုင် ညှိုးမှိုင်နွမ်းချိ ပျင်းရိငြီးငွေ့ မပျော်မွေ့ဘိသကဲ့သို့၎င်း—

ထို့အတူ ဒါနပြုဆဲ အခါ၌ဖြစ်သော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန် တရားတို့သည် ဇာတိမီး, ဇရာမီး, မရဏမီး, ဧတဇောမီး, ကိလေသာမီးစသည် မီးအမျိုးမျိုးတို့ဖြင့် ကမ္ဘာလောကကြီးကို ပျက်စီးအောင် လောင်ကျွမ်းစေတတ် သော ကမ္ဘာပျက် မီးကြီးတို့ထက် အဆအရာ အဆအထောင်မျှမကဘဲ သာလွန် ပိုကဲ၍ ခဏမစဲ အမြဲလောင်ကျွမ်း၍နေသဖြင့် တဖြုတ်ဖြုတ် တဖွဲ့ဖွဲ့ တသဲသဲနှင့် အမြဲပျက် အမြဲပျောက် အမြဲမရှိ လိုက်နေကြမှု အနိစ္စအချက်စုကို၎င်း၊ ဤပျက် မှု ပျောက်မှု မရှိမှု အနိစ္စအချက်စုတို့ဖြင့် အမြဲမပြတ် နှိပ်စက်အပ်သည်၏ အဖြစ် ကြောင့် အလွန်ဆင်းရဲမှု ဒုက္ခအချက်စုကို၎င်း၊ အနှစ်မရှိမှု အစိုးမရမှု အလိုသို့ မလိုက်မှုသဘောရှိသော အနတ္တအချက်စုကို၎င်း၊ ဝိပဿနာပညာ ဉာဏ်ဝိဇ္ဇာ ဖြင့် လျင်မြန်သည်ထက် လျင်မြန်စွာ အပျက်တွေကိုသာ အထပ်ထပ် အခါခါပင် မြင်ကြရသောသူ ပညာရှိယောဂီဖြူတို့သည် ဒါနပြုဆဲအခါ၌ ဖြစ်ပျက်၍နေသော ၎င်း ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့ကို ကြောက်စရာအစစ် ဧကန် ဖြစ်သော ဘေးအစစ်ကြီးတွေပါတကားဟု တွေ့မြင်ကြရသဖြင့် ၎င်း ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့၌ တသီးတခြား အားထားစရာ ပုန်းအောင်း စရာ မှီခိုစရာ လိုက်၍ရှာလည်း အနည်းငယ်မျှ အားထားစရာ ပုန်းအောင်းစရာ မှီခိုစရာ ရှာမရ၍ မမွေ့မလျော် မပျော်နိုင်ဘဲ စိတ်ထဲရေးရေး တဆွေးပူပူ တယူ တတ ငြီးငွေ့ရခြင်းတည်းဟူသော ဝိပဿနာပညာ ဉာဏ်ဝိဇ္ဇာတို့သည် ဖြစ်ပေါ် ၍လာ၏၊ ဤသို့ ဖြစ်ပေါ်၍လာသော ဝိပဿနာပညာ ဉာဏ်ဝိဇ္ဇာသည် နိဗ္ဗိဒါ

ဉာဏ်မည်၏၊ သို့ဖြစ်၍ ၎င်း ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိသည် ဤနိဗ္ဗိဒါဉာဏ်နှင့်လည်း လျော်ပါသေးသည်။

မဟာသောတာပန်ဖြစ်ကြောင်း ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိသည်
နိဗ္ဗိဒါဉာဏ်နှင့် လျော်ပုံကို အကျဉ်းမျှ
လင်းပြခြင်း ပြီး၏။

---

**မဟာသောတာပန်ဖြစ်ကြောင်း၊**
**ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိသည် မုဉ္စိတုကမျတာဉာဏ်နှင့် လျော်ပုံကို**

## အကျဉ်းမျှ လင်းပြခြင်း

**မေး** တနည်းအားဖြင့် ပဋိပဒါ ဉာဏဒဿန ဝိသုဒ္ဓိသည် အဘယ် ဉာဏ်နှင့် လျော်ပါသေးသနည်း။

**ဖြေ** မဟာသောတာပန်ဖြစ်ကြောင်း ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိနှင့် နိဗ္ဗိဒါဉာဏ်တို့ကို ပေါက်ရောက် ရရှိပြီး၍ ထက်မြက် ရင့်သန်အောင် အကြိမ်ကြိမ်ဖြစ်ပျက် ဖြစ်ပျက်ဟု အထပ်ထပ် မရပ်မနား ပွားများ အားထုတ်ကြသောသူပညာရှိ ယောဂီဖြူတို့သည်–

(၉) "ကြောက်စရာ လန့်စရာ၊ ဘုံသုံးဖြာတွင်၊ မီးကျီးတွင်းပမာ၊ ထင်မြင်လာသော်၊ မပျော်မမွေ့ လွန်ငြီးငွေ့၍၊ ယနေ့ခုပင်၊ လွတ်ထည့်ချင်သော မုဉ္စိတုကမျတာဉာဏ်"

ဟူသော တို့မြန်မာ လက်ာနှင့် ညီစွာ ယခု လောကတွင် မျက်မြင်ကိုယ်တွေ့ ရှေ့ဥပမာဉ် ဖြည့်စွက်၍ ဖြေဆိုရမူ အလွန်တရာ စည်ကား ပြည့်နှက်လှစွာသော မြို့ကြီး ရွာကြီး၌ နေကြသော သူတို့သည် အလွန်တရာ ရန်ငြိုးကြီးလှသော ရန်သူတို့က အရာ အထောင်မျှလောက်သော လေယာဉ်ပျံတို့ဖြင့် မိုးယံးချုံးသည့်နည်း တအုံးအုံး မြည်ဟည်းလျက် ကောင်းကင်မှ အုပ်စီးပြီးလျှင် ကြီးကြီး ငယ်ငယ်သော မီးလောင်ဗုံးတို့ကို မိုးယံးသီး မိုးယံးပေါက်တွေ ပမာဏ ကြဲချ ဖျက်ဆီးအပ်သော မြို့ကြီး, ရွာကြီးတို့၌ အိမ်,ကျောင်းများစွာ လူစသည် သတ္တဝါတို့ကိုပါ မီးထည်းသို့ ပါသဖြင့် မီးဟုန်းဟုန်း တောက်လောင်၍ နေတာ

တွေ့ကို မိမိတို့ ကိုယ်တိုင်ပင် တွေ့မြင်ကြရသဖြင့်ရှင်း၊ ဤမြို့ကြီး,ရွာကြီး၌ တရက်ထက် တရက် သာလွန်ပိုမိုပြီး ရှေးနည်းနှင့်မမျှ အဆအရာ အဆအထောင်မက လွန်အောင် လောင်ကျွမ်းချက် အားကြီး၍ လျှင်မြန်သည်ထက် လျှင်မြန်ပြီး အကြီးအကျယ် ပျက်စီး၍ လိုက်နေတာတို့ကို တွေ့မြင်ကြရသဖြင့်ရှင်း၊ ထိုသို့ပျက်စီး၍ လိုက်နေသော ဤမြို့ကြီး, ရွာကြီး၌ အသီးအခြား အားထားမှီခိုစရာ လိုက်၍ပင် ရှာသော်လည်း အနည်းငယ်မျှ အားကိုးစရာ ရှာမရ၍ ရှေးထက်ပိုမောက် ကြောက်ကြဘို့ရာ အပြစ်တို့ကိုသာ တွေ့မြင်ရသဖြင့်ရှင်း၊ ဤအပြစ်တို့ကိုသာ တွေ့မြင်ရသော မြို့ကြီး, ရွာကြီး၌ မနှစ်ခြိုက်နိုင် ညှိုးမှိုင်နွမ်းခါ ပျင်းရိငြီးငွေ့ မပျော်မွေ့၍ ယနေ့ခုပင် ပျက်စီး၍ လိုက်နေသော မြို့ကြီး, ရွာကြီးမှ လျှင်မြန်စွာ လွတ်ချင်ကြဘိသကဲ့သို့ရှင်း—

ထို့အတူ ဒါနပြုဆဲအခါ၌ ဖြစ်ပျက်နေသော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့သည် ဇာတိမီး, ဇရာမီး, မရဏမီး, တေဇောမီး, ကိလေသာမီး စသည် မီးအမျိုးမျိုးတို့ဖြင့် ကမ္ဘာလောကကြီးကို ပျက်စီးအောင် လောင်ကျွမ်းစေတတ်သော ကမ္ဘာပျက် မီးကြီးတို့ထက် အဆအရာ, အဆအထောင်မျှမကဘဲ သာလွန်ပိုကဲ၍ ခဏမစဲ တသဲသဲနှင့် အမြဲလောင်ကျွမ်း၍နေသဖြင့် တဖြုတ်ဖြုတ် တဖွဲ့ဖွဲ့ တသဲသဲနှင့် အမြဲပျက်,အမြဲပျောက်,အမြဲမရှိ လိုက်နေကြမှု အနိစ္စအချက်စုကိုရှင်း၊ ဤပျက်မှု, ပျောက်မှု, မရှိမှု အနိစ္စအချက်စုတို့ဖြင့် အမြဲမပြတ် နှိပ်စက်တတ်သည်၏အဖြစ်ကြောင့် အလွန်ဆင်းရဲမှု ဒုက္ခအချက်စုကိုရှင်း၊ ထိုဖြစ်ပျက်မှုတို့ကြောင့် အနှစ်မရှိမှု, အစိုးမရမှု, အလိုသို့မလိုက်မှု သဘောဟုဆိုအပ်သော အနတ္တ အချက်စုကိုရှင်း၊ ဝိပဿနာပညာ ဉာဏ်ဝိဇ္ဇာဖြင့် လျှင်မြန်သည်ထက် လျှင်မြန်စွာ အပျက်တွေကိုသာ အထပ်ထပ် အခါခါပင် တွေ့မြင်ရသောသူ ပညာရှိယောဂီဖြူတို့သည် ဒါနပြုဆဲအခါ၌ ဖြစ်ပျက်၍နေသော ၎င်း ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့ကို ကြောက်စရာအစစ် ဘေးအပြစ်ကြီးတွေပါတကားဟု တွေ့မြင်ကြရသည့်ပြင် ၎င်း ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့၌ တသီးတခြား အားထားစရာ ပုန်းအောင်းစရာ မှီခိုစရာ လိုက်၍ရှာလည်း အနည်းငယ်မျှ အားထားစရာ,ပုန်းအောင်းစရာ, မှီခိုစရာ ရှာမရသဖြင့် မမွေ့မလျော် မပျော်နိုင်ဘဲ စိတ်ထဲရေးရေး တဆွေးပူပူ တယူတတ

ငြိုးငွေ့လှ၍ ယနေ့ခုပင် လွတ်ထည့်ချင်သော ဝိပဿနာပညာ ဉာဏ်ဝိဇ္ဇာသည် ဖြစ်ပေါ်၍လာ၏၊ ဤသို့ဖြစ်ပေါ်၍လာသော ဝိပဿနာပညာ ဉာဏ်ဝိဇ္ဇာသည် မုစ္စိတုကမျတာဉာဏ်မည်၏၊ သို့ဖြစ်၍ ၎င်း ပဋိပဒါ ဉာဏဒဿန ဝိသုဒ္ဓိသည် ဤမုစ္စိတုကမျတာ ဉာဏ်နှင့်လည်း လျော်ပါသေးသည်။

မဟာသောတာပန်ဖြစ်ကြောင်း ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိသည်
မုစ္စိတုကမျတာဉာဏ်နှင့် လျော်ပုံကို အကျဉ်းမျှ
လင်းပြခြင်း ပြီး၏။

---

**မဟာသောတာပန် ဖြစ်ကြောင်း**
**ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိနှင့် ပဋိသင်္ခါဉာဏ် လျော်ပုံကို**

## အကျဉ်းမျှ လင်းပြခြင်း

**မေး** တနည်းအားဖြင့် ပဋိပဒါ ဉာဏဒဿန ဝိသုဒ္ဓိသည် အဘယ်ဉာဏ်နှင့် လျော်ပါသေးသနည်း။

**ဖြေ** မဟာသောတာပန်ဖြစ်ကြောင်း ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိနှင့် မုစ္စိတုကမျတာဉာဏ်ဘို့ကို ပေါက်ရောက်ပြီး၍ ထက်မြက်ရင့်သန်အောင် အကြိမ်ကြိမ် ဖြစ်ပျက်, ဖြစ်ပျက်ဟု အထပ်ထပ် မရပ်မနား ပွားများ အားထုတ်ကြသောသူ ပညာရှိ ယောဂီဖြူတို့သည်—

(၁၀) **“အဆောတလျင်၊ လွတ်ချင်အားကြီး၊ အကြံသည်း၍၊ အနည်းနည်း အနာနာ၊ လွတ်စရာလမ်းတွေကို၊ ရှာဖွေသိမ်းပိုက်၊ အပူတိုက်သော ပဋိသင်္ခါဉာဏ်”**

ဟူသော တိုမြန်မာ လင်္ကာနှင့် ညီစွာ ယခုလောကတွင် မျက်မြင်ကိုယ်တွေ့ ရှေ့ဥပမာ၌ ဖြည့်စွက်၍ ဖြေဆိုရမူ အလွန်တရာ စည်ကားပြည့်နှက်လှစွာသော မြို့ကြီး, ရွာကြီး၌နေကြသော သူတို့သည် အလွန်တရာ ရန်ငြိုးကြီးလှသော ရန်သူတို့က အရာ, အထောင်မျှလောက်သော လေယာဉ်ပျံတို့ဖြင့် မိုးသည်းချိုး သည့်နည်း တဒိုးဒိုးမြည်ဟည်းလျက် ကောင်းကင်မှ အုပ်စီးပြီးလျှင် ကြီးကြီး ငယ်ငယ်သော မီးလောင်ဗုံးတို့ကို မိုးသီး, မိုးပေါက်တွေ ပမာဏ ကြဲချ

ဖျက်ဆီးအပ်သော မြို့ကြီး, ရွာကြီး၌ အိမ်,ကျောင်း များစွာ လူစသည်သတ္တဝါ တို့ကိုပါ မီးထည်းသို့ပါသဖြင့် မီးဟုန်းဟုန်း တောက်လောင်နေတာတွေကို မိမိတို့ ကိုယ်တိုင်ပင် တွေ့မြင်ကြရသဖြင့်ငင်း၊ ဤမြို့ကြီး, ရွာကြီး၌ တရက်ထက်တရက် သာလွန်ပိုကဲပြီး ရှေးနည်းနှင့်မမျှ အဆအရာ, အဆအထောင်မက လွန်အောင် လောင်ကျွမ်းချက် အားသည်း၍ လျင်မြန်သည်ထက် လျင်မြန်ပြီး အကြီး အကျယ်ပျက်စီး၍ လိုက်နေတာတွေကို တွေ့မြင်ကြရသဖြင့်ငင်း၊ ထိုသို့ပျက်စီး၍ လိုက်နေသော မြို့ကြီး, ရွာကြီး၌ အသီးအခြား အားထားစရာ ပုန်းအောင်း စရာ မှီခိုစရာ လိုက်၍ပင် ရှာပါသော်လည်း အနည်းငယ်မျှ အားကိုးစရာ ပုန်းအောင်းစရာ မှီခိုစရာ ရှာမရ၍ ရှေးထက်ပိုမောက် ကြောက်ကြဘိုရာ အပြစ် တွေကိုသာ တိုးတက်၍ တွေ့မြင်ရပါသဖြင့်ငင်း၊ ဤသို့ အပြစ်တွေကိုသာ တွေ့မြင်ရပါသော မြို့ကြီး,ရွာကြီး၌ မနှစ်ခြိုက်နိုင် ညှိုးမှိုင်နွမ်းချိ ပျင်းရိငြီးငွေ့ မပျော်မွေ့၍ ယနေ့ခုပင် ၎င်းပျက်စီး၍လိုက်နေသော မြို့ကြီး,ရွာကြီးမှ လျင်မြန် စွာ လွတ်ခြင်းငှါ အလိုရှိလှသဖြင့် ဘေးကင်းဘို့ရာ လမ်းပေါက်ကို ရှာပြီးလျှင် အနေအနားမရှိ ဖနောင့်နှင့်တင်ပါး တသားတည်းနေအောင် ပြေးဘိသကဲ့သို့—

ထို့အတူ ဒါနပြုဆဲအခါ၌ ဖြစ်ပျက်၍နေသော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့သည် ဇာတိမီး, ဇရာမီး, မရဏမီး, တေဇောမီး, ကိလေသာမီး စသည် မီးအမျိုးမျိုးတို့ဖြင့် ကမ္ဘာလောကကြီးကို ပျက်စီးအောင် လောင်ကျွမ်း စေတတ်သော ကမ္ဘာပျက် မီးကြီးတို့ထက် အဆအရာ, အဆအထောင်မျှမကဘဲ သာလွန်ပိုကဲ၍ ခဏမစဲ အမြဲလောင်ကျွမ်း၍ နေသဖြင့် တဖြုတ်ဖြုတ် တဖွဲဖွဲ တသဲသဲနှင့် အမြဲပျက်, အမြဲပျောက်, အမြဲမရှိလိုက်နေကြမှု အနိစ္စအချက်စုကို ၎င်း၊ ဤပျက်မှု, ပျောက်မှု, မရှိမှု အနိစ္စအချက်စုတို့ဖြင့် အမြဲမပြတ် နှိပ်စက် အပ်သည်၏ အဖြစ်ကြောင့် အလွန်ဆင်းရဲမှု ဒုက္ခအချက်စုကို၎င်း၊ ထိုဖြစ်ပျက် မှုတို့ကြောင့် အနှစ်မရှိမှု, အစိုးမရမှု, အလိုသို့မလိုက်မှု သဘောဟု ဆိုအပ်သော အနတ္တအချက်စုတို့ကို၎င်း၊ ဝိပဿနာပညာ ဉာဏ်ဝိဇ္ဇာဖြင့် လျင်မြန်သည်ထက် လျင်မြန်စွာ အဖြစ်အပျက်တွေကိုသာ အထပ်ထပ် အခါခါပင် တွေ့မြင်ကြရသူ ပညာရှိ ယောဂီပုဂ္ဂိုလ်တို့သည် ဒါနပြုဆဲအခါ၌ ဖြစ်ပျက်နေသော ၎င်း ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့ကို ကြောက်စရာအစစ် ဧကန်ဖြစ်သော ဘေး

အပြစ်ကြီးတွေ့ပါတကားဟု တွေ့မြင်ကြရသည့်ပြင် ဖြစ်ပျက်၍နေသော ၎င်း ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့၌ တသီးတခြား အားထားစရာ ပုန်းအောင်းစရာ မှီခိုစရာ ကိုးကွယ်စရာ ဘာတခုမျှ ရှာမရသဖြင့် မမွေ့မလျော် ပျော်ဘွယ်မရှိ ပျင်းရိငြီးငွေ့လှသဖြင့် ယနေ့ခုပင် လွတ်တည့်ချင်၍ ဒါနပြုစဉ် အခါ၌ ဖြစ်ပျက်၍နေသော ၎င်း ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရား တို့၏ ပျက်မှု ပျောက်မှု မရှိမှု အနိစ္စအချက်စုကိုင်း၊ ထိုပျက်မှု ပျောက်မှု မရှိမှု အနိစ္စအချက်စုတို့ဖြင့် နှိပ်စက်အပ်သောကြောင့် အလွန်ဆင်းရဲမှု ဒုက္ခ အချက်စုတို့ကိုင်း၊ ထိုဖြစ်ပျက်မှုတို့ကြောင့် အနှစ်မရှိ အစိုးမရ အလိုသို့မလိုက်မှု အနတ္တအချက်စုကိုင်း၊ တဖန် ထပ်မံပြီးလျှင် မီးပွတ်သည့် ယောက်ျားကဲ့သို့ မနေမနား အပူတိုက် ပွားများ အားထုတ်၍ ရရှိပေါက်ရောက်သော အနိစ္စ ဝိပဿနာပညာ, ဒုက္ခဝိပဿနာပညာ, အနတ္တဝိပဿနာပညာ ဉာဏ်ဝိဇ္ဇာသည် ပဋိသင်္ခါဉာဏ်မည်၏၊ သို့ဖြစ်၍ ၎င်း ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိသည် ဤပဋိသင်္ခါ ဉာဏ်နှင့် လျော်ပါသည်။

မဟာသောတာပန်ဖြစ်ကြောင်း ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိနှင့် ပဋိသင်္ခါဉာဏ် လျော်ပုံကို အကျဉ်းမျှ လင်းပြခြင်း ပြီး၏။

---

**မဟာသောတာပန်ဖြစ်ကြောင်း**
**ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိသည် သင်္ခါရုပေက္ခာဉာဏ်နှင့် လျော်ပုံကို**

## အကျဉ်းမျှ လင်းပြခြင်း

မေး တနည်းအားဖြင့် ပဋိပဒါ ဉာဏဒဿန ဝိသုဒ္ဓိသည် အဘယ်ဉာဏ်နှင့် လျော်ပါသေးသနည်း။

ဖြေ မဟာသောတာပန်ဖြစ်ကြောင်း ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိနှင့် ပဋိသင်္ခါ ဉာဏ်တို့ကို ပေါက်ရောက်ရရှိပြီး၍ ထက်မြက် ရင့်သန်အောင် အကြိမ်ကြိမ် အဖြစ်အပျက်ကို အထပ်ထပ် မရပ်မနား ပွားများ အားထုတ်ကြသောသူ ပညာရှိ ယောဂီဖြူတို့သည်—

(၁၁) "လမ်းရှိသလောက်၊ အပြီးမြောက်၍၊ အကြောက်လည်းပြေ၊ အနေလည်းမျှ၊ ကြောင့်ကြမပူ၊ လျစ်လျူရှုသော၊ သင်္ခါရုပေက္ခာဉာဏ်"

ဟူသော တို့မြန်မာ လက်ာနှင့် ညီစွာ ယခုလောကတွင် မျက်မြင် ကိုယ်တွေ့ ရှေးဥပမာ၌ ဖြည့်စွက်၍ ဖြေဆိုရမူ အလွန်တရာ စည်ကား ပြည့်နှက်လှစွာသော မြို့ကြီး, ရွာကြီး၌ နေကြသော သူတို့သည် အလွန်တရာ ရန်ငိုးကြီးလှသော ရန်သူတို့က အရာ,အထောင်မျှလောက်သော လေယာဉ်ပျံတို့ဖြင့် မိုးသည်းချုံးသည့် နည်း တအုံးအုံး မြည်ဟည်းလျက် ကောင်းကင်မှ အုပ်စီးပြီးလျှင် ကြီးကြီး ငယ်ငယ် အရွယ်အလတ်သော မီးလောင်ဗုံးတို့ကို မိုးသီး မိုးပေါက်တွေ့ ပမာဏ ကြဲချ၍ ဖျက်ဆီးအပ်သော မြို့ကြီး, ရွာကြီး၌ အိမ်, ကျောင်းများစွာ လူစသည် သတ္တဝါတို့ကိုပါ မီးထည်းသို့ပါသဖြင့် မီးဟုန်းဟုန်းတောက်လောင်၍ နေတာတွေကို မိမိတို့ကိုယ်တိုင်ပင် တွေ့မြင်ကြရသဖြင့်ရင်း၊ ဤမြို့ကြီး,ရွာကြီး၌ တရက်ထက်တရက် သာလွန်ပိုကဲပြီး ရှေးနည်းမမျှ အဆအရာ အဆအထောင် မကလွန်အောင် လောင်ကျွမ်းချက် အားသည်း၍ လျင်မြန်သည်ထက် လျင်မြန် ပြီး အကြီးအကျယ် ပျက်စီး၍ လိုက်နေကြတာတွေကို တွေ့မြင်ရသဖြင့်ရင်း၊ ထိုသို့ ပျက်စီး၍ လိုက်နေသော မြို့ကြီး, ရွာကြီး၌ အသီးအခြား အားထားစရာ ပုန်းအောင်းစရာ ကိုးကွယ်စရာ မှီခိုစရာ အနည်းငယ်မျှ ရှာမရ၍ ရှေးထက် ပိုမောက် ကြောက်ကြဘိုရာ အပြစ်ကြီးတွေကိုသာ တွေ့မြင်ကြရသဖြင့်ရင်း၊ ဤသို့ အပြစ်များစွာ တွေ့မြင်ရပါသော မြို့ကြီး,ရွာကြီး၌ မနှစ်ခြိုက်နိုင် ညှိုးမှိုင် နွမ်းခါ ပျင်းရိငြီးငွေ့ မပျော်မွေ့၍ ယနေ့ခုပင် ၎င်းပျက်စီး၍ လိုက်နေသော မြို့ကြီး, ရွာကြီးမှ လျင်မြန်စွာ လွတ်ခြင်းငှါ အလိုရှိလှသဖြင့် ဘေးကင်းဘို့ရာ လမ်းပေါက်ကိုရှာပြီးလျှင် အနေအနားမရှိ ဖနောင့်နှင့်တင်ပါး တသားတည်း နေအောင် ပြေး၍ ဘေးကင်းရာဌာနသို့ ရောက်ကြသောသူတို့သည် ၎င်းမြို့ကြီး, ရွာကြီး၌ ငါ့မြို့ ငါ့ရွာဟု တွယ်တာ ကပ်ငြိမှု ကြောက်ရွံ့ ထိတ်လန့်မှုတို့ကို စွန့်ပယ်၍ မတွယ်မတာ မကပ်မငြိ မကြောက်မရွံ့ မထိတ်မလန့်သဖြင့် ၎င်း မြို့ကြီး, ရွာကြီး၌ ကြောင့်ကြမပူဘဲ လျစ်လျူရှုကြသကဲ့သို့—

ထို့အတူ ဒါနပြုဆဲအခါ၌ ဖြစ်ပျက်၍နေသော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့သည် ဇာတိမီး, ဇရာမီး, မရဏမီး, တေဇောမီး, ကိလေသာမီး

စသည် မီးအမျိုးမျိုးတို့ဖြင့် ကမ္ဘာလောကကြီးကို ပျက်စီးအောင် လောင်ကျွမ်းစေတတ်သော ကမ္ဘာဖျက်မီးကြီးတို့ထက် အဆအရာ အဆအထောင်မျှ မကဘဲ သာလွန်ပိုကဲ၍ ခဏမစဲ အမြဲလောင်ကျွမ်း၍ နေသဖြင့် တဖြုတ်ဖြုတ် တဖွဲဖွဲ တသဲသဲနှင့် အမြဲပျက် အမြဲပျောက် အမြဲမရှိ လိုက်နေကြမှု အနိစ္စအချက်စုကို ၎င်း၊ ဤပျက်မှု ပျောက်မှု မရှိမှု အနိစ္စအချက်စုတို့ဖြင့် အမြဲမပြတ် နှိပ်စက်အပ်သောကြောင့် အလွန်ဆင်းရဲမှု ဒုက္ခအချက်စုကို၎င်း၊ အနှစ်မရှိမှု အစိုးမရမှု အလိုသို့မလိုက်မှု အနတ္တအချက်စုကို၎င်း၊ ဝိပဿနာပညာ ဉာဏ်ဝိဇ္ဇာဖြင့် လျှင်မြန်သည်ထက် လျှင်မြန်စွာ အပျက်တွေကိုသာ အထပ်ထပ် အခါခါပင် တွေ့မြင်ကြရသူ ပညာရှိ ယောဂီဖြူတို့သည် ဒါနပွဲဆဲအခါ၌ ဖြစ်ပျက်နေသော ၎င်းခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့ကို ကြောက်စရာ အစစ် ကေန်ဖြစ်သော ဘေးအပြစ်ကြီးတွေပါတကားဟု တွေ့မြင်ကြရသည့်ပြင် တသီးတခြား အားထားစရာ ပုန်းအောင်းစရာ ကိုးကွယ်စရာ မှီခိုစရာ ဘာတခုမျှ ရှာမရ၍ မမွေ့မလျော် ပျော်ဘွယ်မရှိ ပျင်းရိငြီးငွေ့ ယခုနေ့ပင် လွတ်တည့်ချင်၍ ဒါနပွဲဆဲအခါ၌ဖြစ်သော ၎င်း ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့၏ ပျက်မှု ပျောက်မှု မရှိမှု အနိစ္စအချက်စုကိုပင် အလွန်ဆင်းရဲလှသည့် ဒုက္ခအချက်စုကိုပင် အနှစ်မရှိ အစိုးမရ အလိုသို့မလိုက်မှု အနတ္တအချက်စုကိုပင် တဖန် ထပ်မံပြီးလျှင် မီးပွတ်သည့် ယောကျ်ားအလားကဲ့သို့ ထို့အတူ မနေမနား အပူတိုက် ပွားများ အားထုတ်၍ အနိစ္စ,ဒုက္ခ,အနတ္တဟု ထင်မြင် ပေါက်ရောက်ပြီးသော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၌ ငါ, ငါ့ဉစ္စာ, ငါ့ကိုယ်ဟု အသုံးပြုစရာ ဘာတခုမျှ ရှာမရသည်၏ အဖြစ်ကြောင့် ချစ်မှု, မုံးမှုကိုပယ်စွန့်၍ မုံးလည်းမမုံး ချစ်လည်းမချစ် လျစ်လျူရှုခြင်းတည်းဟူသော ဝိပဿနာပညာ ဉာဏ်ဝိဇ္ဇာ အရောင်အလင်းသည် သင်္ခါရုပေက္ခာဉာဏ်မည်၏၊ သို့ဖြစ်၍ ၎င်း ပဋိပဒါဉာဏ ဒဿနဝိသုဒ္ဓိသည် ဤသင်္ခါရုပေက္ခာဉာဏ်နှင့် လျော်ပါသေးသည်။

မဟာသောတာပန် ဖြစ်ကြောင်း ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိနှင့်
သင်္ခါရုပေက္ခာဉာဏ်လျော်ပုံကို အကျဉ်းမျှ
လင်ပြခြင်း ပြီး၏။

## မဟာသောတာပန်ဖြစ်ကြောင်း
## ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိနှင့် အနုလောမဉာဏ် လျော်ပုံကို
# အကျဉ်းမျှ လင်းပြခြင်း

မေး တနည်းဖြင့် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိသည် အဘယ်ဉာဏ်နှင့် လျော်ပါသေးသနည်း။

ဖြေ မဟာသောတာပန်ဖြစ်ကြောင်း ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိနှင့် အနိစ္စသင်္ခါရုပေက္ခာဉာဏ်, ဒုက္ခသင်္ခါရုပေက္ခာဉာဏ်, အနတ္တသင်္ခါရုပေက္ခာဉာဏ်တို့ကို ပေါက်ရောက် ရရှိပြီး၍ ထက်မြက် ရင့်သန်အောင် အကြိမ်ကြိမ် ဖြစ်ပျက်, ဖြစ်ပျက်ဟုအထပ်ထပ် မရပ်မနား ပွားများအားထုတ်ကြသဖြင့် သဒ္ဓိန္ဒြေလွန်ကဲသော ယောဂီသူမြတ်သည် အနိစ္စာနုပဿနာဉာဏ် ထက်သန်လှ၍ ခန္ဓာငါးဝ ရုပ်နာမ်ဓမ္မတို့၌ နိစ္စ, ဓုဝ, သုခ, သုဘ, အတ္တနိမိတ်ကို စွန့်ခွါလျက် ရုပ်နာမ်ဓမ္မ သင်္ခါရနိမိတ် ကင်းဆိတ်သော အသင်္ခတနိဗ္ဗာန်သို့ ညွတ်စဉ်ငှင်း၊ သမာဓိန္ဒြေလွန်ကဲထက်သန်သော ယောဂီသူမြတ်သည် ဒုက္ခာနုပဿနာဉာဏ် ထက်သန်လှ၍ ခန္ဓာငါးဝ ရုပ်နာမ်ဓမ္မတို့၌ ခင်မင်သာယာ တွယ်တာကပ်ငြိသော တဏှာပဏိဓိကို စွန့်ခွါလျက် ၎င်း တဏှာတို့၏ အကြွင်းမဲ့ကင်းဆိတ်သော နိဗ္ဗာန်သို့ ညွတ်စဉ်ငှင်း၊ ပညိန္ဒြေလွန်ကဲထက်သန်သော ယောဂီသူမြတ်သည် အနတ္တာနုပဿနာဉာဏ် ထက်သန်လှ၍ အနှစ်မရှိ, အစိုးမရ အလိုသို့မပါသော ခန္ဓာငါးပါး သင်္ခါရတရားတို့၌ ကိုယ်ဟုထင်မှတ်သော အတ္တသညာကို စွန့်ခွါလျက် ၎င်း အတ္တနိမိတ်တို့၏ သုဉ်းဆိတ်သော နိဗ္ဗာန်သို့ ညွတ်စဉ်ငှင်း၊ မဟာသောတာပန်အဖြစ်သို့ ဧကန်ရောက်ကြရမည့် ယောဂီပုဂ္ဂိုလ် သူမြတ်တို့ဖြစ်ကြပါမူ ကံ, ကမ္မနိမိတ်, ဂတိနိမိတ်အားဖြင့် သုံးပါးတို့တွင် တပါးပါးကိုအာရုံပြု၍ ဘဝင်စလန, ဘဝင်ုပစ္ဆေဒဟု ဆိုအပ်သော တိဟိတ်ဘဝင်၊ ၎င်းဘဝင်ပြတ်ပြီးနောက် ခန္ဓာငါးပါး ပဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့၏ အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာ, အနတ္တလက္ခဏာတို့ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်းနှင့်ပရိကံ, ဉပစာ, အနုလုံဟု ဆိုအပ်သော ကာမဇောသုံးကြိမ်၊ ၎င်းနောက် နိဗ္ဗာန်ကိုအာရုံပြု၍ ဂေါတြဘူဟု ဆိုအပ်သော ကာမဇောတကြိမ်၊ ထို့နောင် နိဗ္ဗာန်ကို အာရုံပြု၍ မဂ်ဇော တကြိမ်၊ ထို့နောင် နိဗ္ဗာန်ကို အာရုံပြု၍ မန္ဒပုဂ္ဂိုလ်အား ဖိုလ်ဇောနှစ်ကြိမ်၊

တိက္ခပုဂ္ဂိုလ်အား ဖိုလ်ဇောသုံးကြိမ်၊ ထိုနောင် တိဟိတ်ဘဝင် များစွာဖြစ်၍ ချုပ်၏၊ ဤသို့သော ဝီထိအစဉ် ဉာဏ်အစဉ်အားဖြင့် သွားသည်ဖြစ်အံ့၊ ထိုသို့ သွားသော မဂ္ဂဝီထိအစဉ် ဉာဏ်အစဉ်တို့တွင်—

**(၁၂) "ရှေးဝိပဿနာဉာဏ်၊ နောက်မှာ ဖိုလ်မဂ်၊ အဆက်ပြေညောင်း၊ ဂဟေ ကောင်းနှင့်၊ ရွှေကောင်းပတ္တမြား၊ ဆော်၍ထားသို့၊ အသွားညက်ညော၊ လွန်စွာချောမောသော၊ သစ္စာနုလောမဉာဏ်"**

ဟူသော တို့မြန်မာ လက်ာနှင့် ညီစွာ ရွှေကောင်းနှင့် ပတ္တမြားကောင်းတို့ကို ဂဟေကောင်းတို့ဖြင့် ပေါင်းစပ်ပြီးလျှင် ပုတီး, လက်ကောက်, လက်စွပ်, လက် ကြပ်, နားကပ်, ဆံထိုး စသည်တို့ကို အဘိုးထိုက်တန်စွာ ပြုလုပ်သည်ရှိသော် ရှုမျှော်သူတို့၏ မျက်စိအကြည်ဓာတ်၌ ပတ္တမြားနှင့် ရွှေသား ထိုနှစ်ပါးတို့၏ တင့်တယ်လျှော်ကံမှု ရှိသကဲ့သို့၊ ထို့အတူ သမ္မသနဉာဏ်အစ သင်္ခါရုပေက္ခာဉာဏ် အဆုံးရှိသော ရှေ့ဉာဏ် ကိုးပါးတို့၏ ကိစ္စပြီးခြင်းနှင့် အထက်၌ ရလတ္တံ့သော မဂ်ဉာဏ်, ဖိုလ်ဉာဏ်, သတိပဋ္ဌာန်လေးပါး, သမ္မပ္ပဓာန်လေးပါး, ဣဒ္ဓိပါဒ်လေး ပါး, ဣန္ဒြေငါးပါး, ဗိုလ်ငါးပါး, ဗောဇ္ဈင် ခုနစ်ပါး, မဂ္ဂင်ရှစ်ပါး တည်းဟူသော ဗောဓိပက္ခိယတရား သုံးဆယ့်ရှစ်ပါးတို့နှင့်လျော်သော ဂေါတြဘူဉာဏ် မဖြစ် ပေါ်မီ ရှေးစိတ္တက္ခဏ တချက်က ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရား တို့၏ အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာ, အနတ္တလက္ခဏာတို့ကို ထိုက်သည်အား လျော်စွာ အာရုံပြု၍ဖြစ်သော ကာမာဝစရဝိပဿနာ မဟာကုသိုလ်ဇောဟု ဆိုအပ်သော အနုလုံ စိတ္တက္ခဏနှင့်ယှဉ်၍ဖြစ်သော ဝိပဿနာပညာ ဉာဏ်ဝိဇ္ဇာ အကြည်အလင်းဓာတ်သည် အနုလောမဉာဏ်မည်၏၊ သို့ဖြစ်၍ ၎င်း ပဋိပဒါ ဉာဏဒဿန ဝိသုဒ္ဓိသည် ဤအနုလောမဉာဏ်နှင့် တနည်းအားဖြင့် လျော်ပါ သေးသည်။

မဟာသောတာပန်ဖြစ်ကြောင်း ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိနှင့်
အနုလောမဉာဏ် လျော်ပုံကို အကျဉ်းမျှ
လင်းပြခြင်း ပြီး၏။

## မဟာသောတာပန်ဖြစ်ကြောင်း ပုထုဇန်အနွယ်ကိုဖြတ်လျက် အရိယာအနွယ်ကို ဖြစ်စေတတ်သော ဂေါတြဘုဉာဏ်ကို

## အကျဉ်းမျှ လင်းပြခြင်း

**မေး** မဟာသောတာပန်အဖြစ်သို့ ကေန်မုချ ရောက်ကြလတ္တံ့သော ယောဂီ ပုဂ္ဂိုလ် သူမြတ်တို့၏ မဂ္ဂဝီထိစိတ်အစဉ် ဉာဏ်အစဉ်တို့တွင် ကာမာဝစရ မဟာကုသိုလ်ဇော စိတ္တက္ခဏနှင့် ယှဉ်သော အနုလောမဉာဏ်အစဉ် ဖြစ်ပြီးသည့် နောက်၌ အဘယ်ဉာဏ်အစဉ် ဖြစ်ပါသနည်း။

**ဖြေ** မဟာသောတာပန် ပုဂ္ဂိုလ်အဖြစ်သို့ ကေန်မုချ ရောက်ကြ လတ္တံ့သော ယောဂီပုဂ္ဂိုလ်သူမြတ်တို့၏ မဂ္ဂဝီထိစိတ်အစဉ် ဉာဏ်အစဉ်တို့တွင်—

(၁၃) **“ပုထုဇန်နွယ်၊ ဖြတ်ပယ်၍သာ၊ အရိယာဖြစ်ကြောင်း၊ ကောင်းစွာမဂ်ရှေ့၊ ဝဇ္ဇန်းဖြစ်၍၊ ကြုံတွေ့နိဗ္ဗာန်၊ အာရုံခံ၊ ဖြစ်ဟန် ဂေါတြဘုဉာဏ်”**

ဟူသော တို့မြန်မာလင်္ကာနှင့်ညီစွာ ကာမ,ရူပ, အရူပဟုဆိုအပ်သော ဘဝသုံးရပ် ဘုံသုံးထပ်ဝယ် ဝဋ္ဋ၌လည်လျက်ရှိကြသော ပုထုဇန်နွယ်ကို သုဓ်သင်ပယ်ဖြတ်၍ အရိယာအနွယ်ဇာတ်သို့ ပွားများကပ်ရောက်စေအပ်သော သောတာပတ္တိမဂ္ဂ စိတ္တက္ခဏ၏ရှေ့အဘို့ အနုလောမဉာဏ်၏ နောက်ခဏအခါတွင် အာဝဇ္ဇန်းအရာ၌ တည်၍ နိဗ္ဗာန်ကို အာရုံပြု၍ဖြစ်သော ကာမကုသိုလ်ဇောစိတ်နှင့် ယှဉ်သော ဝိပဿနာပညာ ဉာဏ်ဝိဇ္ဇာသည် ဂေါတြဘုဉာဏ်မည်၏၊ သို့ဖြစ်၍ အနုလောမ ဉာဏ် ဖြစ်ပြီးသည့်နောက်၌ ဂေါတြဘုဉာဏ် ဖြစ်ပါသည်။

မဟာသောတာပန် ဖြစ်ကြောင်း ပုထုဇန်အနွယ်ကိုဖြတ်၍ အရိယာအနွယ်ကို ဖြစ်စေတတ်သော ဂေါတြဘုဉာဏ်ကို အကျဉ်းမျှ လင်းပြခြင်း ပြီး၏။

---

## မဟာသောတာပန် ပုဂ္ဂိုလ်၏ မဂ်စိတ်အစဉ် ဉာဏ်အစဉ်ကို

## အကျဉ်းမျှ လင်းပြခြင်း

**မေး** မဟာသောတာပန်အဖြစ်သို့ ကေန်မုချ ရောက်ကြလတ္တံ့သော ယောဂီ သူမြတ်တို့၏ မဂ္ဂဝီထိစိတ်အစဉ် ဉာဏ်အစဉ်တို့တွင် ကာမာဝစရ မဟာကုသိုလ်

ဇော စိတ္တက္ခဏနှင့် ယှဉ်သော ဂေါတြဘူဉာဏ်အစဉ် ဖြစ်ပြီးသည်နောက်၌ အဘယ်ဉာဏ်အစဉ်သည် ဖြစ်ပါသနည်း။

ဖြေ မဟာသောတာပန် ပုဂ္ဂိုလ်အဖြစ်သို့ ကေန်မုချ ရောက်ကြလတ္တံ့သော ယောဂီသူမြတ်တို့၏ မဂ္ဂဝီထိစိတ်အစဉ် ဉာဏ်အစဉ်တို့တွင်—

(၁၄) **"ပုထုဇန်နွယ်၊ ဖြတ်ပယ်ပြီးခါ၊ သစ္စာလေးချက်၊ ဆဲ့ခြောက်နက်ကို၊ အလိုလိုသိ၊ မဂ်ပေါက်ဘိ၍၊ ရောက်မည့်နိဗ္ဗာန်၊ အာရုံခံ၊ ဖြစ်ဟန် သော မဂ်ဉာဏ်"**

ဟူသော တို့မြန်မာကဗျာနှင့်ညီစွာ လောကသုံးနယ် ဘုံသုံးသွယ်၌ ဝဋ္ဋမြစ်တွယ်၍ နေကြသော ပုထုဇန်တို့၏အနွယ်ကို ဖြတ်ပယ်သုဓ်သင်မှု ပုညကြိယာကုသိုလ် ဇောဟု ဆိုအပ်သော ဂေါတြဘူစိတ်အစဉ် ဉာဏ်အစဉ်ဖြစ်ပြီးသည့်နောက်၌ ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာဟုဆိုအပ်သော သစ္စာလေးတန်ကို တဆဲ့ခြောက်နက်ဝေဘန်၍ ကေန်သိသဖြင့် နိဗ္ဗာန်ကိုအာရုံပြုသော သောတာပတ္တိမဂ်စိတ်နှင့်ယှဉ်သော အသိအလိမ္မာ ဉာဏ်ဝိဇ္ဇာသည် သောတာပတ္တိမဂ်ဉာဏ်မည်၏၊ သို့ဖြစ်၍ ဂေါတြဘူဉာဏ်အစဉ် ဖြစ်ပြီးသည့်နောက်၌ သောတာပတ္တိမဂ်ဉာဏ်အစဉ် ဖြစ်ပါသည်။

မေး သစ္စာလေးပါးကို ပိုင်းခြား၍ သိစွမ်းနိုင်သော ၎င်းမဂ်ဉာဏ်သည် ဝိသုဒ္ဓိ ခုနစ်ပါးတို့တွင် အဘယ်ဝိသုဒ္ဓိနှင့် လျော်ပါသနည်း။

ဖြေ (ဆ) "မဂ်လေးရပ်နှင့် သဟဇာတ် သမ္ပယုတ်ဖြစ်၍ သစ္စာလေးတန်ကို တဆဲ့ခြောက်နက် ဝေဘန်၍ ကေန်သိမြင်နိုင်သော ဉာဏ်၏ စင်ကြယ်ခြင်း တည်းဟူသော ဉာဏဒဿနဝိသုဒ္ဓိ"ဟူ၍ ရှေးရှေးအကျော် ဆရာတော်တို့မိန့်ဆို အပ်သော တို့မြန်မာကဗျာနှင့် ညီစွာ ၎င်း မဂ်ဉာဏ်သည် သစ္စာလေးချက်ကို တဆဲ့ခြောက်နက်ဝေဘန်၍သိမြင်နိုင်သော ဉာဏဒဿနဝိသုဒ္ဓိနှင့်လျော်ပါသည်။

မဟာသောတာပန်ပုဂ္ဂိုလ်၏ မဂ်စိတ်အစဉ် ဉာဏ်အစဉ်ကို အကျဉ်းမျှ လင်းပြခြင်း ပြီး၏။

## မဟာသောတာပန်ပုဂ္ဂိုလ်၏ ဖိုလ်စိတ်အစဉ် ဉာဏ်အစဉ်ကို အကျဉ်းမျှ လင်းပြခြင်း

**မေး** မဟာသောတာပန်အဖြစ်သို့ ကေန်မုချ ရောက်ကြလတ္တံ့သော ယောဂီသူမြတ်တို့၏ မဂ္ဂဝီထိစိတ်အစဉ် ဉာဏ်အစဉ်တို့တွင် သစ္စာလေးပါးကို ထိုးထွင်း၍သိသဖြင့် နိဗ္ဗာန်ကိုအာရုံပြုနိုင်သော သောတာပတ္တိမဂ်စိတ်အစဉ် ဉာဏ်အစဉ်တို့သည် ဖြစ်ပြီးသည့်နောက်၌ အဘယ်စိတ်အစဉ် ဉာဏ်အစဉ်တို့သည် ဖြစ်ပါသနည်း။

**ဖြေ** မဟာသောတာပန် ပုဂ္ဂိုလ်၏အဖြစ်သို့ ကေန်မုချ ရောက်ကြလတ္တံ့သော ယောဂီပုဂ္ဂိုလ်တို့၏ မဂ္ဂဝီထိစိတ်အစဉ် ဉာဏ်အစဉ်တို့တွင်—

(၁၅) **"ဉာဏ်နုဉာဏ်ထက်၊ သောတာမဂ်နောက်၊ ဖိုလ်ရောက်ဒွေတိ၊ ဉာဏ်စဉ်ရှိ၊ မှတ်ဘိသောဖိုလ်ဉာဏ်"**

ဟူသော တို့မြန်မာ ကဗျာနှင့်ညီစွာ သောတာပတ္တိမဂ်စိတ်အစဉ် ဓင်းနှင့်ယှဉ်သော သောတာပတ္တိမဂ်ဉာဏ်အစဉ် ဖြစ်ပြီးသည့်နောက်၌ ဝိပဿနာပွားများသော ယောဂီပုဂ္ဂိုလ်သည် ဉာဏ်နုံ့၍ မန္ဒပုဂ္ဂိုလ်ဖြစ်ခဲ့ပါမူ နိဗ္ဗာန်ကို အာရုံယူသော သောတာပတ္တိဖိုလ်ဇောအစဉ် ဉာဏ်အစဉ်တို့သည် နှစ်ကြိမ်ဖြစ်ပြီးလျှင် တိဟိတ်ဘဝင်များ ဖြစ်ထိုက်သမျှ ဖြစ်၍ ချုပ်၏၊ ဝိပဿနာပွားများသော ယောဂီပုဂ္ဂိုလ်သည် ဉာဏ်ထက်လှ၍ တိက္ခပုဂ္ဂိုလ်ဖြစ်ခဲ့ပါမူ နိဗ္ဗာန်ကို အာရုံယူသော သောတာပတ္တိဖိုလ်ဇောအစဉ် ဉာဏ်အစဉ်တို့သည် သုံးကြိမ်ဖြစ်ပြီးလျှင် တိဟိတ်ဘဝင်များ ဖြစ်ထိုက်သမျှ ဖြစ်၍ ချုပ်၏၊ သို့ဖြစ်၍ သောတာပတ္တိမဂ်စိတ်အစဉ် ဉာဏ်အစဉ် ဖြစ်ပြီးသည့် နောက်၌ သောတာပတ္တိ ဖိုလ်စိတ်အစဉ် ဉာဏ်အစဉ်သည် ဖြစ်ပါသည်။

မဟာသောတာပန်ပုဂ္ဂိုလ်၏ ဖိုလ်စိတ်အစဉ် ဉာဏ်အစဉ် ဖြစ်ပုံကို
အကျဉ်းမျှ လင်းပြခြင်း ပြီး၏။

### မဟာသောတာပန်ပုဂ္ဂိုလ်၏ ပစ္စဝေက္ခဏာဇောအစဉ် ဉာဏ်အစဉ် ဖြစ်ပုံကို

## အကျဉ်းမျှ လင်းပြခြင်း

**မေး** မဟာသောတာပန်ပုဂ္ဂိုလ် အဖြစ်သို့ ရောက်ပြီးသော အရိယာပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်ဉာဏ် ဖိုလ်ဉာဏ်အစဉ် ဖြစ်ပြီးသည့်နောက်၌ အဘယ်ဉာဏ်အစဉ်သည် ဖြစ်ပါသနည်း။

**ဖြေ** မဟာသောတာပန် အဖြစ်သို့ ရောက်ပြီးသော သောတာပတ္တိဖိုလ်ဟုဆိုအပ်သော အရိယာပုဂ္ဂိုလ်သည်—

**(၁၆) "ဖိုလ်ဉာဏ်နောက်မှာ၊ မဂ်ပါဖိုလ်စွက်၊ နိဗ္ဗာန်ဘက်၍၊ ပယ်ဖျက်ကိလေ၊ ကျန်ကိလေပါ၊ ငါးဖြာသဘာဝ၊ ဆင်ခြင်က၊ ပစ္စဝေက္ခဏာဉာဏ်"**

ဟူသော တို့မြန်မာ လင်္ကာနှင့် ညီစွာ မိမိမှာ ရရှိပြီးသော မဂ်၏ သဘာဝကိုငြင်း၊ ဖိုလ်၏ သဘာဝကိုငြင်း၊ နိဗ္ဗာန်၏ သဘာဝကိုငြင်း၊ ပယ်အပ်ပြီးသော ကိလေသာ၏ သဘာဝကိုငြင်း၊ မပယ်အပ်သေးသော ကျန်ကိလေသာ၏ သဘာဝကိုငြင်း၊ အာရုံပြုပြီးလျှင် ဆင်ခြင် ပွားများ၍ ပစ္စဝေက္ခဏာ ဇောစိတ်နှင့် ယှဉ်သော ဉာဏ်၏အရောင် အလင်းသည် ပစ္စဝေက္ခဏာဉာဏ်မည်၏၊ သို့ဖြစ်၍ သောတာပတ္တိဖိုလ်ဉာဏ်၏ နောက်၌ ပစ္စဝေက္ခဏာဉာဏ်အစဉ် ဖြစ်ပါသည်။

မဟာသောတာပန်ပုဂ္ဂိုလ်၏ ပစ္စဝေက္ခဏာဇောအစဉ် ဉာဏ်အစဉ်
ဖြစ်ပုံကို အကျဉ်းမျှ လင်းပြခြင်း ပြီး၏။

---

### ဒါနပြုစဉ်အခါ၌ဖြစ်သော သုဥ္စမနောဒွါရဝီထိ (၁)
### သောတာပတ္တိမဂ္ဂဝီထိ (၁) ပစ္စဝေက္ခဏာဝီထိ (၁) ဖလသမာပတ္တိဝီထိ (၁)
### တို့ကို အသီးသီး ဝေဘန်၍

## ဇယားပုံဖြင့် အကျဉ်းမျှ လင်းပြခြင်း

**မေး** ဆရာကောင်း အထံက နည်းမှန် လမ်းမှန်ကို ခံယူရ၍ ဒါနပြုဆဲအခါ၌ ဖြစ်,ပျက်၍နေသော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့၏ အနိစ္စ

လက္ခဏာ, ဒုက္ခလက္ခဏာ, အနတ္တလက္ခဏာတို့ကို ပေါက်ရောက် ထင်မြင်အောင် ဝိပဿနာပညာ သာသနာအလုပ်ကြီးကို သည်းထန်စွာ အားထုတ် ပွားများသော ယောဂီပုဂ္ဂိုလ်သူမြတ်သည် နာမရူပပရိစ္ဆေဒဉာဏ်အစ ပစ္စဝေက္ခဏာဉာဏ် အဆုံးရှိသော တဆယ့်ခြောက်တန်သော ဝိပဿနာဉာဏ် အစားစားတို့ကို ပေါက်ရောက်ရရှိပြီး၍ မဟာသောတာပန်အဖြစ်သို့ ရောက်လတ္တံ့သော ပုဂ္ဂိုလ်၏ ဒါနပြုစဉ်အခါ၌ဖြစ်သော သုဒ္ဓမနောဒွါရဝီထိ စိတ်အစဉ်, မဂ္ဂဝီထိ စိတ်အစဉ်, ပစ္စဝေက္ခဏာဝီထိ စိတ်အစဉ်, ဖလသမာပတ္တိဝီထိ စိတ်အစဉ်တို့ကို ယခုရေးသား ဟောကြားခဲ့ပြီးသော မြန်မာဘာသာစကားမှတပါး အထူးမှတ်သား၍ လွယ်ကူအောင် ဇယားပုံဖြင့် အဘယ်လို ရေးသား၍ ဟောပြပါသနည်း။

**ဖြေ** မဟာသောတာပန်အဖြစ်သို့ ရောက်လတ္တံ့သော ၎င်းပုဂ္ဂိုလ်၏ ဒါနပြုစဉ်အခါ၌ ဖြစ်သော သုဒ္ဓမနောဒွါရဝီထိ စိတ်အစဉ်, မဂ္ဂဝီထိ စိတ်အစဉ်, ပစ္စဝေက္ခဏာဝီထိ စိတ်အစဉ်, ဖလသမာပတ္တိဝီထိ စိတ်အစဉ်တို့ကို လွယ်ကူစွာ မှတ်သားရအောင် အောက်ပါ ဇယားပုံဖြင့် ရေးသား ဟောပြပါသည်။

## အောက်ပါ ဝိထိဇယားပုံကို ကြည့်ကြသူတို့ လွယ်ကူကြစေရန်

### သင်္ကေတမှတ်ချက်

| | | | | |
|---|---|---|---|---|
| ၀၀၀ | ရင်း လက္ခဏာစိတ္တက္ခဏာ | ဇ | ရင်း လက္ခဏာ ဇောစိတ် | လောကီဇော |
| ဥ | ရင်း လ ဥပါဒ်ခဏ | ပ | ရင်း လ ပရိကံဇောစိတ် | |
| ဌီ | ရင်း လ ဌီခဏ | စာ | ရင်း လ ဥပစာဇောစိတ် | |
| ဘ | ရင်း လ ဘင်ခဏ | လုံ | ရင်း လ အနုလုံဇောစိတ် | |
| ဝင် | ရင်း လ ဘဝင်စိတ် | ဘူ | ရင်း လ ဂေါတြဘူဇောစိတ် | |
| န | ရင်း လ ဘဝင်စလနစိတ် | ဒါန် | ရင်း လ ဝေါဒါန်ဇောစိတ် | |
| ဒ | ရင်း လ ဘဝင်ုပစ္ဆေဒစိတ် | မ | ရင်း လ မဂ်ဇောစိတ် | လောကုတ္တရာဇော |
| မ | ရင်း လ မနောဒွါရာဝဇ္ဇန်းစိတ် | ဖို | ရင်း လ ဖိုလ်ဇောစိတ် | |

သောတာပတ္တိမဂ်ကို ရလတ္တံ့သော တိဟိတ်ပုဂ္ဂိုလ်တို့၏ ဒါနပြုစဉ်အခါ၌ ကျသော

## သုဒ္ဓမနောဒွါရဝီထိ ဇယားပုံ

| | | | |
|---|---|---|---|
| ကာမတိဟိတ်ဘဝင် ၄-ခုတို့တွင် တခုခုသည် ကံ,ကမ္မနိမိတ်,ဂတိနိမိတ် ၃-ပါးတို့တွင် တပါးပါးကို အာရုံပြုကုန်၏။ | ဒါနပြုစဉ်အခါကာလသုံးပါး၌ဖြစ်သော စိတ်,စေတသိက်, ရုပ်, ပညတ် ဤအာရုံ ၄-ပါးတို့တွင် တပါးပါးကို အာရုံပြုကုန်၏။ | | နောက် ကာမတိဟိတ် ဘဝင် ၄-ခုတို့တွင် တခုခုသည် ကံ-စသည် နိမိတ် သုံးပါးတို့တွင် တပါးပါးကို အာရုံပြုကုန်၏။ |
| ဘင် င် င် င် င် ဘင် န ဒ<br>000 000 000 000 000 000 000 000 | မ<br>000 | ဇော ဇ ဇ ဇ ဇ ဇ ဇော<br>000 000 000 000 000 000 000 | ဘင် င် င် င် င် င် ဘင်<br>000 000 000 000 000 000 000 000 |
| ကာမဘုံသားတို့၏ ဝီထိစိတ်အစဉ်ဖြစ်၍ ကာမတိဟိတ်ဘဝင် ၄-ဟု ဆိုသည်။ | မနောဒွါရာဝဇ္ဇန်း ၁ | တိဟိတ်ကာမကုသိုလ် ၄-ခုတို့တွင် တခုခုသည် ဇောကိစ္စ ၇-ကြိမ် ဖြစ်၏။ | ဘဝင်တို့မှာ ရှေးဘဝင်များနှင့် အတူတူပင် မှတ်လေ။ |
| ဘဝင်အစရှိသော ဝီထိစိတ်တို့သည် ရှေးရှေးစိတ်နှင့်အတူ ဥပါဒ်ပြိုင်သော ဟဒယဝတ္ထုရုပ်ကို မှီကုန်၏။ | | | |

သောတာပတ္တိမဂ်ကို ရလတ္တံ့သော တိဟိတ်ပုဂ္ဂိုလ်တို့၏ ဒါနပြုစဉ်အခါ၌ကျသော သုဒ္ဓမနောဒွါရဝီထိ ဇယားပုံ ပြီး၏။

သောတာပတ္တိမဂ္ဂဝီထိ ဇယားပုံ

| | | | | |
|---|---|---|---|---|
| ကာမတိဟိတ် ဘွင် ၄-ခုတို့တွင် တခုခုသော ဘွင်သည် ကံ, ကမ္မနိမိတ်, ဂတိနိမိတ် ၃-ပါး တို့တွင် တပါးပါးကို အာရုံပြုကုန်၏။ | ဒါန ပြုဆဲ အခါ၌ ဖြစ်သော ခန္ဓာငါးပါး ဟောတုပစ္စည်း ပစ္စယုပ္ပန်ဟု ဆိုအပ်သော သင်္ခါရ တရားတို့ကို အာရုံပြုကုန်၏။ | | သုညတ နိဗ္ဗာန်, အနိမိတ္တ နိဗ္ဗာန်, အပ္ပဏိဟိတ နိဗ္ဗာန် သုံးပါးတို့တွင် တပါးပါးကို အာရုံပြုကုန်၏။ | ကာမတိဟိတ် ဘွင် ၄-ခုတို့တွင်တခုခု သည်ကံ, ကမ္မနိမိတ်, ဂတိနိမိတ် ၃-ပါးတို့တွင် တပါးပါးကို အာရုံ ပြုကုန်၏။ |
| ဘွင် ဘွင် ဘွင် ၆ ၆ ဘွင် န ၁ | မ | ပ စာ လုံ ဘူ | မဂ် ဖိုလ် ဖိုလ် ဖိုလ် | ဘွင် ဘွင် ဘွင် |
| ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ | ၀၀၀ | ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ | ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ | ၀၀၀ ၀၀၀ ၀၀၀ |
| ကာမဘုံသား၏ ဝီထိ အစဉ် ဖြစ်၍ကာမတိဟိတ် ဘဝင် ၄-ခုဟု ဆိုသည်။ | မ နော ဒွါရာ ဝဋ္ဋန်း ၁ | မန္ဒပုဂ္ဂိုလ် ကာမ တိဟိတ် ဇော-၄ တိက္ခပုဂ္ဂိုလ် ကာမ တိဟိတ် ဇော-၃ | မဂ်ဇော ၁<br>ဖိုလ်ဇော ၂<br>မဂ်ဇော ၁<br>ဖိုလ်ဇော ၃ | ဘွင်တို့မှာ ရှေး ဘွင်များနှင့် အတူ မှတ်လေ။ |
| ဤဝီထိစိတ်အစဉ်တို့သည် ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုရုပ်ကို မှီကုန်၏။ | | | | |

သောတာပတ္တိမဂ္ဂဝီထိ ဇယားပုံ ပြီး၏။

## သောတာပတ္တိမဂ်ကို ဆင်ခြင်သော ပဋ္ဌမပစ္စဝေက္ခဏာဝီထိ ဇယားပုံ

| | | | |
|---|---|---|---|
| ကာမတိဟိတ်ဘွင် ၄-ခုတို့တွင် တခုခုသည် ကံစသည် ၃-ပါးတို့တွင် တပါးပါးကို အာရုံပြုကုန်၏။ | သောတာပတ္တိမဂ်၏ သဘာဝဓမ္မကို အာရုံပြုကုန်၏။ | | ကာမတိဟိတ်ဘွင် ၄-ခုတို့တွင် တခုခုသည် ကံစသည် နိမိတ် ၃-ပါးတို့တွင် တပါးပါးကို အာရုံပြုကုန်၏။ |
| ဘွင် ဘွင် ဘွင် ဘွင် ဘွင် ဘွင် န ဒ | မ | ဇော ဇော ဇော ဇော ဇော ဇော ဇော | ဘွင် င င င င င င င င ဘွင် |
| ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ | ၀၀၀ | ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ | ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ |
| ကာမဘုံသား၏ ဝီထိအစဉ်ဖြစ်၍ ကာမဘွင် ၄-ခုဟု ဆိုသည်။ | မနောဒွါရာဝဇ္ဇန်း ၁ | ကာမတိဟိတ်ဇော ၄-ခုတို့တွင် တခုခုသည် ပစ္စဝေက္ခဏာဇော ၇-ကြိမ် ဖြစ်၏။ | ဘဝင်တို့မှာ ရှေးဘဝင်များနှင့် အတူတူမှတ်လေ။ |
| ဤပစ္စဝေက္ခဏာဝီထိစိတ်တို့သည် ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုရုပ်ကို မှီကုန်၏။ | | | |

သောတာပတ္တိမဂ်ကို အာရုံပြု၍ ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိ ဇယားပုံ ပြီး၏။

## သောတာပတ္တိမဂ်ကို ဆင်ခြင်သော ဒုတိယပစ္စဝေက္ခဏာဝီထိ ဇယားပုံ

| | | | |
|---|---|---|---|
| ကာမတိဟိတ်ဘွင် ၄-ခုတို့တွင် တခုခု သည် ကံစသည် ၃-ပါးတို့တွင် တပါးပါး ကို အာရုံပြုကုန်၏။ | သောတာပတ္တိဖိုလ်၏ သဘာဝ ဓမ္မကို အာရုံပြုကုန်၏။ | | ကာမတိဟိတ်ဘွင် ၄-တို့တွင်တခုခုသည် ကံစသည်နိမိတ် ၃-ပါးတို့တွင် တပါးပါး ကို အာရုံပြုကုန်၏။ |
| ဘွင် ဘွင် ဘွင် ဘွင် ဘွင် ဘွင် န ဒ<br>000 000 000 000 000 000 000 000 | မ<br>000 | ဇောဇောဇောဇောဇောဇောဇော<br>000 000 000 000 000 000 000 | ဘွင် ဘွင် ဘွင် ဘွင် ဘွင် ဘွင် ဘွင် ဘွင်<br>000 000 000 000 000 000 000 000 |
| ကာမဘုံသား၏ ဝီထိအစဉ်ဖြစ်၍ ကာမ တိဟိတ်ဘဝင် ၄-ခုဟု ဆိုသည်။ | မနော ဒွါရာ ဝဇ္ဇန်း ၁ | ကာမတိဟိတ်ဇော ၄-ခုတို့တွင် တခုခုသည် ပစ္စဝေက္ခဏာဇော ၇-ကြိမ် ဖြစ်၏။ | ဘဝင်တို့မှာ ရှေးဘဝင်များနှင့် အတူတူပင် မှတ်လေ။ |
| ဤပစ္စဝေက္ခဏာဝီထိစိတ်တို့သည် ရှေးရှေးသောစိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထုရုပ်ကို မှီကုန်၏။ | | | |

သောတာပတ္တိဖိုလ်ကို အာရုံပြု၍ ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိ ဇယားပုံ ပြီး၏။

# နိဗ္ဗာန်ကို အာရုံပြု၍ ဆင်ခြင်သော တတိယ ပစ္စဝေက္ခဏာဝီထိ

## ဇယားပုံ

| | | | |
|---|---|---|---|
| ကာမတိဟိတ် ဘင် ၄-ခုတို့တွင် တခုခု သည် ကံ·စသည် သုံးပါးတို့တွင် တပါး ပါးကို အာရုံပြုကုန်၏။ | နိဗ္ဗာန် သုံးပါးတို့တွင် တပါးပါးကို အာရုံပြုကုန်၏။ | | ကာမတိဟိတ်ဘင် ၄-ခုတို့တွင် တခုခု သည် ကံ·စသည် ၃-ပါးတို့တွင် တပါးပါး ကို အာရုံပြုကုန်၏။ |
| ဘင် ဘင် ဘင် ဘင် ဘင် ဘင် န ဒ<br>000 000 000 000 000 000 000 000 | မ<br>000 | ဇော ဇော ဇော ဇော ဇော ဇော ဇော<br>000 000 000 000 000 000 000 | ဘင် ဘင် ဘင် ဘင် ဘင် ဘင် ဘင် ဘင်<br>000 000 000 000 000 000 000 000 |
| ကာမဘုံသား၏ ဝီထိစိတ်အစဉ် ဖြစ်၍ ကာမတိဟိတ် ဘင် ၄-ခုဟု ဆိုသည်။ | မနော ဒွါရာ ဝဇ္ဇန်း ၁ | ကာမ တိဟိတ်ဇော ၄-ခုတို့တွင် တခုခုသည် ပစ္စဝေက္ခ ဏာ ဇော ၇-ကြိမ်ဖြစ်၏။ | ဘဝင်တို့မှာ ရှေးဘဝင်များနှင့် အတူတူ ပင်မှတ်လေ။ |
| ဤပစ္စဝေက္ခဏာဇောဝီထိစိတ်တို့သည် ရှေးရှေးစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုရုပ်ကို မှီကုန်၏။ | | | |

နိဗ္ဗာန်ကို အာရုံပြု၍ ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိ ဇယားပုံ ပြီး၏။

**သောတာပတ္တိမဂ်သည် ပယ်အပ်ပြီးသော ဒိဋ္ဌိ, ဝိစိကိစ္ဆာ ၂-ပါးကို ဆင်ခြင်သော**

**စတုတ္ထ ပစ္စဝေက္ခဏာဝီထိ ဇယားပုံ**

| | | | |
|---|---|---|---|
| ကာမတိဟိတ် ဘင် ၄-ခုတို့တွင် တခုခု သည် ကံ-စသည် ၄-ပါးတို့တွင် တပါး ပါးကို အာရုံပြုကုန်၏။ | သောတာပတ္တိ မဂ်သည် ပယ်အပ်ပြီး သော ဒိဋ္ဌိ, ဝိစိကိစ္ဆာ ကိလေသာနှစ် ပါးကို အာရုံပြုကုန်၏။ | | ကာမတိဟိတ် ဘင် ၄-ခုတို့တွင် တခုခု သည် ကံ-စသည် ၃-ပါးတို့တွင် တပါးပါး ကို အာရုံပြုကုန်၏။ |
| ဘင် င် င် င် င် င် န ဒ<br>000 000 000 000 000 000 000 000 | မ<br>000 | ဇော ဇ ဇ ဇ ဇ ဇ ဇော<br>000 000 000 000 000 000 000 | ဘင် င် င် င် င် င် ဘင်<br>000 000 000 000 000 000 000 000 |
| ကာမ ဘုံသား တို့၏ ဝီထိ စိတ် အစဉ် ဖြစ်၍ ကာမ တိဟိတ် ဘင် ၄-ခုဟု ဆိုသည်။ | မနော ဒွါရာ ဝဇ္ဇနး ၁ | ကာမတိဟိတ်ဇော ၄-ခုတို့တွင် တခုခုသည် ပစ္စဝေက္ခဏာဇော ၇-ကြိမ်ဖြစ်၏။ | ဘဝင်တို့မှာ ရှေးဘဝင်များနှင့် အတူတူ ပင် မှတ်လေ။ |
| ဤပစ္စဝေက္ခဏာဝီထိစိတ်တို့သည် ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုရုပ်ကို မှီကုန်၏။ | | | |

သောတာပတ္တိမဂ်သည် ပယ်အပ်ပြီးသော ဒိဋ္ဌိ, ဝိစိကိစ္ဆာနှစ်ပါးကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိ ဇယားပုံ ပြီး၏။

သောတာပတ္တိမဂ်သည် မပယ်အပ်သေးသော လောဘ, ဒေါသ, မောဟ, မာန, ထိန, ဥဒ္ဓစ္စ, အဟိရိက, အနောတ္တပ္ပ

## ဤကိလေသာ ရှစ်ပါးကို ဆင်ခြင်သော ပဋ္ဌမ ပစ္စဝေက္ခဏာဝီထိ ဇယားပုံ

| | | | |
|---|---|---|---|
| ကာမတိဟိတ် ဘင် ၄-ခုတို့တွင် တခုခုသည် ကံ-စသည် ၃-ပါးတို့တွင် တပါးပါးကို အာရုံပြုကုန်၏။ | သောတာပတ္တိမဂ်သည် မပယ်အပ်သေးသော လော,ဒေါ,မော,မာ,ထိ,ဥ,အ,အ ဤကိလေသာ ၈-ပါးကို အာရုံပြုကုန်၏။ | | ကာမတိဟိတ် ဘင် ၄-ခုတို့တွင် တခုခုသည် ကံ-စသည် ၃-ပါးတို့တွင် တပါးပါးကို အာရုံပြုကုန်၏။ |
| ဘင် င် င် င် င် င် န ဒ<br>000 000 000 000 000 000 000 000 | မ<br>000 | ဇော ဇ ဇ ဇ ဇ ဇ ဇော<br>000 000 000 000 000 000 000 | ဘင် င် င် င် င် င် ဘင်<br>000 000 000 000 000 000 000 |
| ကာမဘုံသား၏ ဝီထိစိတ်အစဉ် ဖြစ်၍ ကာမတိဟိတ်ဘဝင် ၄-ခုဟု ဆိုသည်။ | မနော ဒွါရာ ဝဇ္ဇန်း ၁ | ကာမတိဟိတ်ဇော ၄-ခုတို့တွင် တခုခုသည် ပစ္စဝေက္ခဏာဇော ၇-ကြိမ်ဖြစ်၏။ | ဘဝင်တို့မှာ ရှေးဘဝင်များနှင့် အတူတူပင် မှတ်လေ။ |
| ဤပစ္စဝေက္ခဏာဝီထိစိတ်တို့သည် ရှေးရှေးစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုရုပ်ကို မှီကုန်၏။ | | | |

သောတာပတ္တိမဂ်သည် မပယ်အပ်သေးသော လောဘ, ဒေါသ, မောဟ, မာန, ထိန, ဥဒ္ဒစ္စ, အဟိရိက, အနောတ္တပ္ပ ဤကိလေသာ ရှစ်ပါးကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိ ဇယားပုံ ပြီး၏။

## သောတာပတ္တိမိုလ်ကို ဝင်စားသည့် ဖလသမာပတ္တိဝီထိ ဇယားပုံ

| | | | | |
|---|---|---|---|---|
| ကာမတိဟိတ်ဘဝင် ၄-ခုတို့တွင် တခုခုသည် ကံ-စသည် နိမိတ်သုံးပါးတို့တွင် တပါးပါးကို အာရုံပြုကုန်၏။ | ဒါနပုဗ္ဗဆဲ့ အခါ၌ဖြစ်သော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်ဖြစ်သော သင်္ခါရတရားတို့ကို အာရုံပြုကုန်၏။ | | သုညတ, အနိမိတ္တ, အပ္ပဏိဟိတ ဟု နိဗ္ဗာန် သုံးပါးတို့တွင် တပါးပါးကို အာရုံပြုကုန်၏။ | ကာမတိဟိတ် ဘဝင် ၄-ခုတို့တွင် တခုခုသည် ကံ-စသော နိမိတ်သုံးပါးတို့တွင် တပါးပါးကို အာရုံပြုကုန်၏။ |
| ဘွင် င င င င င န ဒ<br>000 000 000 000 000 000 000 000 | မ<br>000 | လုံ လုံ လုံ လုံ<br>000 000 000 000 | မိုလ် မိုလ် မိုလ် မိုလ် မိုလ်<br>000 000 000 000 000 | ဘွင် င င င င င ဘွင်<br>000 000 000 000 000 000 000 |
| ကာမဘုံသား၏ ဝီထိစိတ်အစဉ် ဖြစ်၍ ကာမတိဟိတ် ဘွင် ၄-ခုဟု ဆိုသည်။ | မနော ဒွါရ ဝဇ္ဇန်း ၁ | မန္ဒပုဂ္ဂိုလ် ကာမတိဟိတ်ဇော ၄<br>တိက္ခပုဂ္ဂိုလ် ကာမတိဟိတ်ဇော ၃ | မိုလ်ဇော အကြိမ်များစွာ ဖြစ်၏။<br>မိုလ်ဇော အကြိမ်များစွာ ဖြစ်၏။ | ဘဝင်တို့မှာ ရှေးဘဝင်များနှင့် အတူတူပင် မှတ်လေ။ |
| ဤ ဖလသမာပတ္တိ ဝီထိစိတ်တို့သည် ရှေးရှေးစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုရုပ်ကို မှီကုန်၏။ | | | | |

သောတာပတ္တိ ဖလသမာပတ္တိဝီထိ ဇယားပုံ ပြီး၏။

သောတာပတ္တိမဂ္ဂဝီထိ, ပစ္စဝေက္ခဏာဝီထိ, ဖလသမာပတ္တိဝီထိ စိတ်အစဉ်တို့ကို အထူးသဖြင့် မှတ်သား လွယ်ကူကြလေအောင် ဇယားပုံဖြင့် ဤလို ရေးသား၍ ဟောကြားပါသည်။

ဒါနပုဗ္ဗစဉ်အခါ၌ဖြစ်သော သုဒ္ဓမနောဒွါရဝီထိ ၁၊ သောတာပတ္တိမဂ္ဂဝီထိ ၁၊ သောတာပတ္တိပစ္စဝေက္ခဏာဝီထိ ၅၊ သောတာပတ္တိ ဖလသမာပတ္တိဝီထိ-၁ တို့ကို အသီးအသီး ဝေဘန်၍ ပြအပ်သော ဇယားပုံသည် အကျဉ်းမျှ လင်းပြခြင်း ပြီး၏။

# အထက်မဂ်သုံးတန် ဖိုလ်သုံးတန်သို့ တက်ဘို့ရန် ကျင့်ကြံပုံကို အကျဉ်းမျှ လင်းပြခြင်း

**မေး** သောတာပတ္တိမဂ်ဉာဏ် ဖိုလ်ဉာဏ်ကိုရ၍ မဟာသောတာပန် အဖြစ်သို့ ရောက်ရှိပြီးသော ယောဂီပုဂ္ဂိုလ်သူမြတ်သည် အထက်မဂ်သုံးပါး အထက်ဖိုလ် သုံးပါးသို့ ပေါက်ရောက်ရရှိအောင် အဘယ်တရားကို ဆက်၍ ပွားများရပါ မည်နည်း။

**ဖြေ** သောတာပတ္တိမဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရပြီး၍ မဟာသောတာပန် အဖြစ် သို့ရောက်ရှိပြီးသော ယောဂီပုဂ္ဂိုလ်သူမြတ်သည် အထက်မဂ်သုံးပါး အထက်ဖိုလ် သုံးပါးတို့သို့ တက်လိုလတ်သော်—

(၁၇) "အထက်သုံးမဂ်၊ ထက်ဖိုလ်တက်လို၊ ယောဂီပျိုမှာ၊ နာမရူပါ၊ စ-ပြာ ဆဲ့ခြောက်၊ ဉာဏ်စဉ်ပေါက်အောင်၊ အောက်မဂ်နည်းပင်၊ ဆက်ပွားလျှင်၊ ထက်ခွင်သုံးတန်၊ မဂ်ဖိုလ်ဉာဏ်"

ဟူသော တို့မြန်မာ ကဗျာနှင့် ညီစွာ သောတာပတ္တိမဂ် သောတာပတ္တိဖိုလ်ကို ပေါက်ရောက် ရရှိလို၍ ဒါနပြုဆဲအခါ၌ ဖြစ်သော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်ဟုဆိုအပ်သော သင်္ခါရတရားတို့၌ နာမရူပပရိစ္ဆေဒဉာဏ် ပစ္စယပရိဂ္ဂဟ ဉာဏ်စသည် ဝိပဿနာဉာဏ် တဆဲ့ခြောက်တန်တို့ကို ကိုယ်ပိုင်ရှိသောဉာဏ်ဖြင့် ကိုယ်တိုင်သိပြီးလျှင် သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာဟု ဆိုအပ်သော ဗိုလ်ငါးပါးတို့ကို ဦးစီးဦးကိုင်ထား၍ ပွားများအားထုတ်ကြသဖြင့် သောတာ ပတ္တိမဂ် သောတာပတ္တိဖိုလ်သို့ ပေါက်ရောက် ရရှိပြီးသော ယောဂီပုဂ္ဂိုလ်တို့၏ ရှေး၌ ရှုစားပွားများပုံနည်းတို့ကို အစဉ်မှီးသဖြင့် ဒါနပြုဆဲအခါ၌ ဖြစ်ပျက်၍နေ သော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့ကို ဆက်လက်၍ နာမရူပ ပရိစ္ဆေဒဉာဏ်, ပစ္စယပရိဂ္ဂဟဉာဏ် စသည် ဝိပဿနာတရား ဉာဏ်ဝိဇ္ဇာအစားစား တဆဲ့ခြောက်ပါးသော တရားတို့ ဖြစ်ပေါ်၍လာအောင် သဒ္ဓါ, ဝီရိယ, သတိ,

သမာဓိ, ပညာဟုဆိုအပ်သော ဗိုလ်ငါးပါးကို ရှေ့ရှုထား၍ ပွားများအားထုတ်ရပါသည်။

အထက်မဂ်သုံးတန် အထက်ဖိုလ်သုံးတန်သို့ တက်ဘို့ရန် ကျင့်ကြံပုံကို အကျဉ်းမျှ လင်းပြခြင်း ပြီး၏။

---

### အထက်မဂ်သုံးပါး အထက်ဖိုလ်သုံးပါးတို့၏ မဂ္ဂဝီထိ ပစ္စဝေက္ခဏာဝီထိ ဖလသမာပတ္တိဝီထိတို့ကို လွယ်ကူစွာမှတ်သားကြဘို့ရန်

## ဇယားပုံကို ပြခြင်း

**မေး** သကဒါဂါမိမဂ်, သကဒါဂါမိဖိုလ်, အနာဂါမိမဂ်, အနာဂါမိဖိုလ်, အရဟတ္တမဂ်, အရဟတ္တဖိုလ် ပုဂ္ဂိုလ်အဖြစ်သို့ ရောက်လိုသော ယောဂီပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်, သောတာပတ္တိဖိုလ်ကို ရအောင် ပွားများကြသော ပုဂ္ဂိုလ်တို့၏နည်းကို ယူ၍ ပွားများအားထုတ်သဖြင့် ဝိပဿနာအလုပ်ကို အဟုတ်ပေါက်ရောက်၍ အထက်မဂ်သုံးပါး, အထက်ဖိုလ်သုံးပါးတို့ကို ရရှိကြပြီးသော သကဒါဂါမ်ပုဂ္ဂိုလ်, အနာဂါမ်ပုဂ္ဂိုလ်, ရဟန္တာပုဂ္ဂိုလ်တို့၏ မဂ္ဂဝီထိစိတ်အစဉ်, ပစ္စဝေက္ခဏာဝီထိ စိတ်အစဉ်, ဖလသမာပတ္တိဝီထိ စိတ်အစဉ်တို့ကို အဘယ်လိုနည်းဖြင့် လွယ်ကူစွာ သိရပါမည်နည်း။

**ဖြေ** ၎င်း သကဒါဂါမ်ပုဂ္ဂိုလ်, အနာဂါမ်ပုဂ္ဂိုလ်, ရဟန္တာပုဂ္ဂိုလ်တို့၏ မဂ္ဂဝီထိစိတ်အစဉ်, ပစ္စဝေက္ခဏာဝီထိစိတ်အစဉ်, ဖလသမာပတ္တိဝီထိစိတ် အစဉ်တို့ကို ရှေး၌ရေးသား ဟောပြလတ္တံ့သော ဇယားပုံနည်းဖြင့် လွယ်ကူစွာသိရပါသည်။

# သကဒါဂါမိမဂ္ဂဝီတိ ဇယားပုံ

| | | | |
|---|---|---|---|
| ရှေးကာမတိဟိတ် ဘင်တို့တွင် တခုခု သည် ကံ, ကမ္မနိမိတ်, ဂတိနိမိတ်အား ဖြင့် သုံးပါးတို့တွင်တပါးပါးကို အာရုံ ပြုကုန်၏။ | ဒါနပွဲဆဲအခါ၌ ဖြစ် သော ခန္ဓာ ငါးပါး ဟောတုပစ္စည်း ပစ္စယုပ္ပန် ဟု ဆိုအပ်သော သင်္ခါရ တရား တို့ကို အာရုံ ပြုကုန်၏။ | သုညတ နိဗ္ဗာန်, အနိ မိတ္တ နိဗ္ဗာန်, အပ္ပဏိဟိတ နိဗ္ဗာန် အားဖြင့် ၃-ပါးတို့တွင် တပါး ပါးကို အာရုံပြုကုန်၏။ | နောက် ကာမတိဟိတ် ဘင် ၄-ခုတို့တွင် တခုခုသည် ကံ, ကမ္မနိမိတ်,ဂတိနိမိတ် ၃-ပါး တို့တွင် တပါးပါးကို အာရုံ ပြုကုန်၏။ |
| ဘင် င် င် င် င် ဘင် န ဒ<br>000 000 000 000 000 000 000 000 | မ │ ပ စာ လုံ<br>000 │ 000 000 000 | ဝေါဒါန် မဂ် ဖိုလ် ဖိုလ် ဖိုလ်<br>000 000 000 000 000 | ဘင် င် င် င် င် ဘင်<br>000 000 000 000 000 000 |
| ကာမဘုံသားတို့၏ ဝီထိစိတ် အစဉ် ဖြစ်၍ကာမတိဟိတ်ဘင် ၄-ခုဆိုသည်။ | မနော ဒွါရာ ဝဇ္ဇန်း ၁ │ မန္ဒပုဂ္ဂိုလ် ကာမ တိဟိတ် ဇော-၄၊ တိက္ခပုဂ္ဂိုလ် ကာမ တိဟိတ်ဇော-၃။ | မဂ်ဇော-၁၊ ဖိုလ်ဇော-၂၊ မဂ်ဇော-၁၊ ဖိုလ်ဇော-၃။ | ဘင်တို့မှာ ရှေးဘင်များနှင့် အတူတူပင် မှတ်လေ။ |
| ဤ သကဒါဂါမိမဂ္ဂဝီထိ စိတ်အစဉ်တို့သည် ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုရုပ်ကို မှီကုန်၏။ | | | |

သကဒါဂါမိမဂ္ဂဝီထိ ဇယားပုံ ပြီး၏။

## သကဒါဂါမိမဂ်ကို ဆင်ခြင်သည့် ပဥ္စမ ပစ္စဝေက္ခဏာဝီထိ ဇယားပုံ

| | | | |
|---|---|---|---|
| ကာမတိဟိတ်ဘွင် ၄-ခုတို့တွင် တခုခုသည် ကံစသည် နိမိတ် ၃-ပါးတို့တွင် တပါးပါးကို အာရုံပြုကုန်၏။ | သကဒါဂါမိ မဂ်၏ သဘာဝမမ္မကို အာရုံပြုကုန်၏။ | | နောက်ကာမ တိဟိတ် ဘွင် တို့သည် ရှေ့ကာမ တိဟိတ် ဘွင် အတူ အာရုံပြုကုန်၏။ |
| ဘွင် ဘွင် ဘွင် ဘွင် ဘွင် ဘွင် န ဒ<br>၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀<br>ဥပါဒ်, ဋ္ဌီ, ဘင် | မ<br>၀၀၀ | ဇော ဇ ဇ ဇ ဇ ဇ ဇော<br>၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ | ဘွင် င် င် င် င် င် ဘွင်<br>၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀<br>ဥပါဒ်, ဋ္ဌီ, ဘင် |
| ကာမဘုံသားတို့၏ ဝီထိစိတ်အစဉ်ဖြစ်၍ ကာမတိဟိတ်ဘွင် ၄-ခုဟု ဆိုသည်။ | မနော ဒွါရ ဝဇ္ဇနီး ၁ | ကာမတိဟိတ်ဇော ၄-ခုတို့တွင် တခုခုသည် ပစ္စဝေက္ခဏာဇော ၇-ကြိမ် ဖြစ်၏။ | ဘဝင်တို့မှာ ရှေးဘွင်များနှင့် အတူတူပင် မှတ်လေ။ |
| ဤပစ္စဝေက္ခဏာဝီထိစိတ်တို့သည် ရှေးရှေးသောစိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထုရုပ်ကို မှီကုန်၏။ | | | |

ပြီး၏။

## သကဒါဂါမိဖိုလ်ကို ဆင်ခြင်သည့် ဒုတိယ ပစ္စဝေက္ခဏာဝိထိ ဇယားပုံ

| | | | |
|---|---|---|---|
| ရှေ့ကာမတိဟိတ်ဘဝင် ၄-ခုတို့တွင် တခုခုသည် ကံ,ကမ္မနိမိတ်,ဂတိနိမိတ် ၃-ပါးတို့တွင် တပါးပါးကို အာရုံပြုကုန်၏။ | သကဒါဂါမိ ဖိုလ်၏ သဘာဝဓမ္မကို အာရုံ ပြုကုန်၏။ | | နောက် ကာမတိဟိတ် ဘဝင် တို့သည် ရှေ့ကာမတိဟိတ် ဘဝင်နှင့်အတူ အာရုံ ပြုကုန်၏။ |
| ဘဝင် ငံ ငံ ငံ ငံ ဘဝင် န ဒ<br>၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀<br>ဥပါဒ်, ဋ္ဌီ, ဘင် | မ<br>၀၀၀ | ဇော ဇ ဇ ဇ ဇ ဇ ဇော<br>၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ | ဘဝင် ငံ ငံ ငံ ငံ ငံ ဘဝင်<br>၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀<br>ဥပါဒ်, ဋ္ဌီ, ဘင် |
| ကာမဘုံသားတို့၏ ဝိထိစိတ်အစဉ်ဖြစ်၍ ကာမတိဟိတ်ဘဝင် ၄-ခုဟု ဆိုသည်။ | မနောဒွါရာဝဇ္ဇန်း ၁ | ကာမ တိဟိတ် ကုသိုလ် ဇော ၄-ခုတို့တွင် တခုခုသည် ပစ္စဝေက္ခဏာဇော ၇-ကြိမ်ဖြစ်၏။ | ဘဝင်တို့မှာ ရှေးဘဝင်များနှင့် အတူတူမှတ်လေ။ |
| ဤ ပစ္စဝေက္ခဏာ ဝိထိစိတ်တို့သည် ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုရုပ်ကို မှီကုန်၏။ | | | |

သကဒါဂါမိဖိုလ်ကို ဆင်ခြင်သည့် ဒုတိယ ပစ္စဝေက္ခဏာဝိထိ ဇယားပုံ ပြီး၏။

## နိဗ္ဗာန်ကို ဆင်ခြင်သည့် တတိယ ပစ္စဝေက္ခဏာဝီထိ ဇယားပုံ

| | | | |
|---|---|---|---|
| ကာမတိဟိတ်ဘွင် ၄-ခုတို့တွင် တခုခုသည် ကံ,စသည်နိမိတ် ၃-ပါးတို့တွင် တပါးပါးကို အာရုံပြုကုန်၏။ | နိဗ္ဗာန် ၃-ပါးတို့တွင် တပါးပါးကို အာရုံပြုကုန်၏။ | | နောက် ကာမတိဟိတ် ဘွင် တို့သည် ရှေး ကာမတိဟိတ် ဘွင်နှင့် အတူ အာရုံ ပြုကုန်၏။ |
| ဘွင် ဘွင် ဘွင် ဘွင် ဘွင် ဘွင် န ဒ | မ | ဇော ဇ ဇ ဇ ဇ ဇ ဇော | ဘွင် င် င် င် င် င် ဘွင် |
| 000 000 000 000 000 000 000 000<br>ဥပါဒ်, ဌီ, ဘင် | 000 | 000 000 000 000 000 000 000 | 000 000 000 000 000 000 000<br>ဥပါဒ်, ဌီ, ဘင် |
| ကာမဘုံသားတို့၏ ဝီထိစိတ်အစဉ်ဖြစ်၍ ကာမတိဟိတ် ဘွင် ၄-ခုဟု ဆိုသည်။ | မနောဒွါရာဝဇ္ဇန်း ၁ | ကာမတိဟိတ် ကုသိုလ်ဇော ၄-ခုတို့တွင် တခုခုသည် ပစ္စဝေက္ခဏာဇော ၇-ကြိမ် ဖြစ်၏။ | ဘွင်တို့မှာ ရှေးဘွင်များနှင့် အတူတူပင် မှတ်လေ။ |
| ဤပစ္စဝေက္ခဏာဇော ဝီထိစိတ်တို့သည် ရှေးရှေးစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုရုပ်ကို မှီကုန်၏။ | | | |

နိဗ္ဗာန်ကို ဆင်ခြင်သည့် တတိယ ပစ္စဝေက္ခဏာဝီထိ ဇယားပုံ ပြီး၏။

သကဒါဂါမိမဂ်သည် ပယ်အပ် ခေါင်းပါးစေအပ်သော ရုံ့ရင်းသော လောဘ, ဒေါသ,
မောဟ ဟု ဆိုအပ်သော ကိလေသာ သုံးပါးတို့ကို အာရုံပြု၍ ဆင်ခြင်သည့်

**စတုတ္ထ ပစ္စဝေက္ခဏာဝီထိ ဇယားပုံ**

| | | | |
|---|---|---|---|
| ကာမတိဟိတ် ဘဝင် ၄-ခုတို့တွင် တခုခု သည် ကံ, စသည်နိမိတ် ၃-ပါး တို့တွင် တပါးပါးကို အာရုံပြုကုန်၏။ | | သကဒါဂါမိမဂ်သည် ခေါင်းပါး စေအပ် သော ရုံ့ရင်းသော လော, ဒေါ, မော ကိလေသာ ၃-ပါးတို့ကို အာရုံပြုကုန်၏။ | နောက် ကာမတိဟိတ် တို့သည် ရှေ့ ကာမတိဟိတ်ဘဝင် အတူ အာရုံ ပြုကုန်၏။ |
| ဘဝ် င် င် င် င် င် န ဒ<br>000 000 000000 000 000 000 000<br>ဥပါဒ်, ဌီ, ဘင် | မ<br>000 | ဇော ဇ ဇ ဇ ဇ ဇ ဇော<br>000 000 000 000 000 000 000 | ဘဝ် င် င် င် င် င် ဘဝ်<br>000 000 000 000 000 000 000<br>ဥပါဒ် ဌီ, ဘင် |
| ကာမဘုံသားတို့၏ ဝီထိစိတ် အစဉ်ဖြစ် ၍ ကာမတိဟိတ်ဘဝင် ၄-ခုဟု ဆိုသည်။ | မနော ဒွါရာ ဝဇ္ဇန်း ၁ | ကာမတိဟိတ် ဇော ၄-ခုတို့တွင် တခုခုသည် ပစ္စဝေက္ခဏာဇော ၇-ကြိမ်ဖြစ်၏။ | ဘဝင်တို့မှာ ရှေးဘဝင်များနှင့် အတူ တူပင် မှတ်လေ။ |
| ဤ ပစ္စဝေက္ခဏာဝီထိ စိတ်တို့သည် ရှေးစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုရုပ်ကို မှီကုန်၏။ | | | |

သကဒါဂါမိမဂ်သည် ပယ်အပ်ခေါင်းပါးစေသော ရုံ့ရင်းသော လော, ဒေါ, မော-ဟု ဆိုအပ်သော ကိလေသာ ၃-ပါးတို့ကို အာရုံပြု၍ ဆင်ခြင်သည့် စတုတ္ထ ပစ္စဝေက္ခဏာဝီထိ ဇယားပုံ ပြီး၏။

သကဒါဂါမိမဂ်သည် မခေါင်းပါးစေအပ်သော သိမ်မွေ့သော လောဘ, ဒေါသ, မောဟ, မာန, ထိန, ဥဒ္ဓစ္စ, အဟိရိက, အနောတ္တပ္ပဟူသော ကိလေသာ ၈-ပါးကိုအာရုံပြု၍ ဆင်ခြင်သည့်

## ပဥ္စမ ပစ္စဝေက္ခဏာဝီထိ ဇယားပုံ

| | | | |
|---|---|---|---|
| ကာမတိဟိတ် ဘင် ၄-ခုတို့တွင် တခုခုသည် ကံ-စသည် နိမိတ်သုံးပါးတို့တွင် တပါးပါးကို အာရုံပြုကုန်၏။ | သကဒါဂါမိမဂ်သည် မခေါင်းပါးစေအပ်သော သိမ်မွေ့သော လော,ဒေါ,မော,မာ, ထိ,ဥ,အ,အ ဟူသော ကိလေသာ ၈-ပါးကို အာရုံပြုကုန်၏။ | | နောက် ကာမတိဟိတ် ဘင်တို့သည် ရှေ့ကာမတိဟိတ် ဘင်အတူ အာရုံပြုကုန်၏။ |
| ဘင် င င င င ဘင် န ဒ<br>000 000 000 000 000 000 000 000<br>ဥပါဒ်,ဋ္ဌီ,ဘင် | မ<br>000 | ဇော ဇ ဇ ဇ ဇ ဇ ဇော<br>000 000 000 000 000 000 000 | ဘင် င င င င င ဘင်<br>000 000 000 000 000 000 000<br>ဥပါဒ်,ဋ္ဌီ,ဘင် |
| ကာမဘုံသားတို့၏ ဝီထိစိတ်အစဉ် ဖြစ်၍ ကာမတိဟိတ် ဘင် ၄-ခုဟု ဆိုသည်။ | မနောဒွါရာဝဇ္ဇန်း ၁ | ကာမတိဟိတ်ဇော၄-ခုတို့တွင် တခုခုသည် ပစ္စဝေက္ခဏာဇော ၇-ကြိမ် ဖြစ်၏။ | ဘဝင်တို့မှာ ရှေးဘဝင်များနှင့် အတူတူပင် မှတ်လေ။ |
| ဤပစ္စဝေက္ခဏာဝီထိ စိတ်တို့သည် ရှေးရှေးစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုရုပ်ကို မှီကုန်၏။ | | | |

သကဒါဂါမိမဂ်သည် မခေါင်းပါးစေအပ်သော သိမ်မွေ့သော လောဘ, ဒေါသ, မောဟ, မာန, ထိန, ဥဒ္ဓစ္စ, အဟိရိက, အနောတ္တပ္ပ ဟူသော ကိလေသာ ၈-ပါးကိုအာရုံပြု၍ ဆင်ခြင်သည့် ပဥ္စမ ပစ္စဝေက္ခဏာဝီထိ ဇယားပုံ ပြီး၏။

## သကဒါဂါမိဖိုလ်ကို ဝင်စားသည့် ဖလသမာပတ္တိဝီထိ ဇယားပုံ

| | | | | |
|---|---|---|---|---|
| ကာမတိဟိတ်ဘဝင် ၄-ခုတို့တွင် တခုခုသည် ကံစသည် နိမိတ်သုံးပါးတို့တွင် တပါးပါးကို အာရုံပြုကုန်၏။ | ဒါနပြုံဆဲအခါ၌ဖြစ်သော ခန္ဓာငါးပါး ဟောတုပစ္စည်း ပစ္စယုပ္ပန်ဖြစ်သော သင်္ခါရတရားတို့ကို အာရုံပြုကုန်၏။ | | သုညတနိဗ္ဗာန်, အနိမိတ္တနိဗ္ဗာန်, အပ္ပဏိဟိတနိဗ္ဗာန် ဤနိဗ္ဗာန်သုံးပါးတို့ ဘဝင် တပါးပါးကို အာရုံပြုကုန်၏။ | နောက် ကာမတိဟိတ် ဘဝင်တို့သည် ရှေ့ကာမတိဟိတ် ဘဝင် အတူ အာရုံပြုကြကုန်၏။ |
| ဘဝင် ဘဝင် ဘဝင် ဘဝင် ဘဝင် ဘဝင် န ဒ | မ | လုံ လုံ လုံ လုံ | ဖိုလ် ဖိုလ် ဖိုလ် ဖိုလ် ဖိုလ် | ဘဝင် ဘဝင် ဘဝင် ဘဝင် ဘဝင် ဘဝင် ဘဝင် |
| 000 000 000 000 000 000 000 000 ဥပါဒ်, ဋ္ဌီ, ဘင် | 000 | 000 000 000 000 | 000 000 000 000 000 | 000 000 000 000 000 000 000 ဥပါဒ်, ဋ္ဌီ, ဘင် |
| ကာမဘုံသားတို့၏ ဝီထိစိတ် အစဉ်ဖြစ်၍ ကာမတိဟိတ်ဘဝင် ၄-ခုဟုဆိုသည်။ | မနောဒွါရာဝဇ္ဇန်း ၁ | မန္ဒပုဂ္ဂိုလ် ကာမကုသိုလ် တိဟိတ်ဇော ၄-ကြိမ်၊ တိက္ခ ပုဂ္ဂိုလ် ၌ တိ ဟိ တ် ဇော ၃-ကြိမ်။ | ဖိုလ်ဇောများစွာ ဖြစ်၏။<br>ဖိုလ်ဇောများစွာ ဖြစ်၏။ | ဘဝင်တို့မှာ ရှေးဘဝင် များနှင့် အတူတူပင်မှတ်လေ။ |
| ဤ ဖလသမာပတ္တိ ဝီထိစိတ်တို့သည် ရှေးရှေးစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုရုပ်ကို မှီကုန်၏။ | | | | |

သကဒါဂါမိ ဖလသမာပတ္တိဝီထိ ဇယားပုံ ပြီး၏။

# အနာဂါမိမဂ္ဂဝီထိ ဇယားပုံ

| | | | | |
|---|---|---|---|---|
| ရွှေ ကာမတိဟိတ် ဘင် ၄-ခုတို့တွင် တခုခုသည် ကံ နိမိတ်, ကမ္မ နိမိတ်, ဂတိနိမိတ် အားဖြင့် ၃-ပါး တို့တွင် တပါးပါးကို အာရုံပြုကုန်၏။ | ဒါန ပြုဆဲအခါ၌ ဖြစ်သော ခန္ဓာ ငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန် ဟုဆိုအပ်သော သင်္ခါရ တရားတို့ကို အာရုံပြုကုန်၏။ | | သုညတ နိဗ္ဗာန်, အနိမိတ္တ နိဗ္ဗာန်, အပ္ပဏိဟိတ နိဗ္ဗာန် အားဖြင့် ၃-ပါးတို့တွင် တပါး ပါးကို အာရုံပြုကုန်၏။ | နောက် ကာမတိဟိတ် ဘင် ၄-ခုတို့တွင် တခုခုသည် ကံ, ကမ္မနိမိတ်,ဂတိနိမိတ် ၃-ပါး တို့တွင် တပါးပါးကို အာရုံ ပြုကုန်၏။ |
| ဘင် င် င် င် င် ဘင် န ဒ<br>၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀<br>ဥပါဒ်, ဋ္ဌီ, ဘင် | မ<br>၀၀၀ | ပ ဥ လုံ<br>၀၀၀ ၀၀၀ ၀၀၀ | ဝေါဒါန် မဂ် ဖိုလ် ဖိုလ် ဖိုလ်<br>၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ | ဘင် င် င် င် ဘင်<br>၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀<br>ဥပါဒ်, ဋ္ဌီ, ဘင် |
| ကာမဘုံသား တို့၏ ဝီထိစိတ် အစဉ် ဖြစ်၍ ကာမတိဟိတ် ဘဝင် ၄-ခုဟု ဆိုသည်။ | မနော ဒွါရာ ဝဇ္ဇန်း ၁ | မနုဿပုဂ္ဂိုလ် ကာမ တိဟိတ်ဇော ၄-ကြိမ်၊ တိက္ခပုဂ္ဂိုလ် ကာမ တိဟိတ် ဇော ၃-ကြိမ်။ | မဂ်ဇော-၁၊ ဖိုလ်ဇော-၂၊ မဂ်ဇော-၁၊ ဖိုလ်ဇော ၃-ကြိမ်။ | ဘင်တို့မှာ ရှေးဘင်များနှင့် အတူတူပင် မှတ်လေ။ |
| ဤ အနာဂါမိမဂ္ဂဝီထိ စိတ်အစဉ်တို့သည် ရှေးရှေးစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုရုပ်ကို မှီကုန်၏။ | | | | |

အနာဂါမိမဂ္ဂဝီထိ ဇယားပုံ ပြီး၏။

# အနာဂါမိမဂ်ကို ဆင်ခြင်သည့် ပဌမ ပစ္စဝေက္ခဏာဝီထိ ဇယားပုံ

| | | | |
|---|---|---|---|
| ကာမတိဟိတ်ဘဝင် ၄-ခုတို့တွင် တခုခုသည် ကံစသည် နိမိတ် ၃-ပါးတို့တွင် တပါးပါးကို အာရုံပြုကုန်၏။ | အနာဂါမိ မဂ်၏ သဘာဝဓမ္မကို အာရုံပြုကုန်၏။ | | နောက် ကာမတိဟိတ် ဘဝင်တို့သည် ရှေ့ ကာမတိဟိတ်ဘဝင်များနှင့် အတူ အာရုံပြုကုန်၏။ |
| ဘင် ဘင် ဘင် ဘင် ဘင် ဘင် န ဒ<br>ooo ooo ooo ooo ooo ooo ooo ooo<br>ဥပါဒ်, ဌီ, ဘင် | မ<br>ooo | ဇော ဇ ဇ ဇ ဇ ဇ ဇော<br>ooo ooo ooo ooo ooo ooo ooo | ဘင် င် င် င် င် င် ဘင်<br>ooo ooo ooo ooo ooo ooo ooo<br>ဥပါဒ်, ဌီ, ဘင် |
| ကာမဘုံသားတို့၏ ဝီထိစိတ်အစဉ်ဖြစ်၍ ကာမတိဟိတ်ဘဝင် ၄-ခုဟု ဆိုသည်။ | မနောဒွါရာဝဇ္ဇန်း ၁ | ကာမကုသိုလ် တိဟိတ်ဇော ၄-ခုတို့တွင် တခုခုသည် ပစ္စဝေက္ခဏာဇော ၇-ကြိမ် ဖြစ်၏။ | ဘဝင်တို့မှာ ရှေးဘဝင်များနှင့် အတူတူပင် မှတ်လေ။ |
| ဤပစ္စဝေက္ခဏာဝီထိစိတ်တို့သည် ရှေးရှေးသောစိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထုရုပ်ကို မှီကုန်၏။ | | | |

အနာဂါမိမဂ်ကို ဆင်ခြင်သည့် ပဌမ ပစ္စဝေက္ခဏာဝီထိ ဇယားပုံ ပြီး၏။

## အနာဂါမိဖိုလ်ကို ဆင်ခြင်သည့် ဒုတိယ ပစ္စဝေက္ခဏာဝီထိ ဇယားပုံ

| | | | |
|---|---|---|---|
| ရှေကာမတိဟိတ် ဘင် ၄-ခုတို့တွင် တခုခုသည် ကံ-စသည် နိမိတ် ၃-ပါးတို့တွင် တပါးပါးကို အာရုံပြုကုန်၏။ | အနာဂါမိဖိုလ်၏ သဘာဝ ဓမ္မကို အာရုံပြုကုန်၏။ | | နောက် ကာမတိဟိတ် ဘင်တို့သည် ရှေးကာမတိဟိတ် ဘင်များအတူ အာရုံပြုကုန်၏။ |
| ဘင် င် င် င် င် င် န ဒ<br>၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀<br>ဥပါဒ်, ဋ္ဌီ, ဘင် | မ<br>၀၀၀ | ဇော ဇ ဇ ဇ ဇ ဇ ဇော<br>၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ | ဘင် င် င် င် င် ဘင်<br>၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀<br>ဥပါဒ်, ဋ္ဌီ, ဘင် |
| ကာမဘုံသားတို့၏ ဝီထိစိတ်အစဉ် ဖြစ်၍ ကာမတိဟိတ်ဘဝင် ၄-ခုဟု ဆိုသည်။ | မနော ဒွါရာ ဝဇ္ဇန်း ၁ | ကာမကုသိုလ် တိဟိတ်ဇော ၄-ခုတို့တွင် တခုခုသည် ပစ္စဝေက္ခဏာဇော ၇-ကြိမ်ဖြစ်၏။ | ဘဝင်တို့မှာ ရှေးဘဝင်များနှင့် အတူတူပင် မှတ်လေ။ |
| ဤပစ္စဝေက္ခဏာဝီထိစိတ်တို့သည် ရှေးရှေးစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုရုပ်ကို မှီကုန်၏။ | | | |

အနာဂါမိဖိုလ်ကို ဆင်ခြင်သည့် ဒုတိယ ပစ္စဝေက္ခဏာဝီထိ ဇယားပုံ ပြီး၏။

# နိဗ္ဗာန်ကို ဆင်ခြင်သည့် တတိယ ပစ္စဝေက္ခဏာဝီထိ ဇယားပုံ

| | | | |
|---|---|---|---|
| ရှေး ကာမတိဟိတ် ဘင် ၄-ခုတို့တွင် တခုခုသည် ကံ-စသည်နိမိတ် ၃-ပါး တို့တွင် တပါးပါးကို အာရုံပြုကုန်၏။ | သညာတနိဗ္ဗာန်, အနိမိတ္တနိဗ္ဗာန်, အပ္ပဏိဟိတနိဗ္ဗာန် အားဖြင့် ၃-ပါးတို့တွင် တပါးပါးကို အာရုံပြုကုန်၏။ | | နောက် ကာမတိဟိတ် ဘင်တို့သည် ရှေး ကာမတိဟိတ် ဘဝင် အတူ အာရုံပြုကုန်၏။ |
| ဘင် င် င် င် င် ဘင် န ဒ<br>000 000 000 000 000 000 000 000<br>ဥပါဒ်, ဌီ, ဘင် | မ<br>000 | ဇော ဇ ဇ ဇ ဇ ဇ ဇော<br>000 000 000 000 000 000 000 | ဘင် င် င် င် င် င် ဘင်<br>000 000 000 000 000 000 000<br>ဥပါဒ်, ဌီ, ဘင် |
| ကာမ ဘုံသား တို့၏ ဝီထိ စိတ် အစဉ် ဖြစ်၍ ကာမ တိဟိတ် ဘဝင် ၄-ခုဟု ဆိုသည်။ | မနော ဒွါရာ ဝဇ္ဇန်း ၁ | ကာမကုသိုလ်တိဟိတ်ဇော ၄-ခု တို့တွင် တခုခုသည် ပစ္စဝေက္ခဏာဇော ၇-ကြိမ်ဖြစ်၏။ | ဘဝင်တို့မှာ ရှေးဘဝင်များနှင့် အတူတူပင် မှတ်လေ။ |
| ဤ ပစ္စဝေက္ခဏာဝီထိ စိတ်တို့သည် ရှေးရှေး စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုရုပ်ကို မှီကုန်၏။ | | | |

နိဗ္ဗာန်ကို ဆင်ခြင်သည့် တတိယ ပစ္စဝေက္ခဏာဝီထိ ဇယားပုံ ပြီး၏။

အနာဂါမိမဂ်သည် ပယ်အပ်သော ကာမရာဂ, ဒေါသဟူသော ကိလေသာနှစ်ပါးကို ဆင်ခြင်သည့်

## စတုတ္ထ ပစ္စဝေက္ခဏာဝီထိ ဇယားပုံ

| | | | |
|---|---|---|---|
| ရှေးကာမတိဟိတ်ဘွင် ၄-ခုတို့တွင်တခုခုသည် ကံ-စသည်နိမိတ် ၃-ပါးတို့တွင် တပါးပါးကို အာရုံပြုကုန်၏။ | အနာဂါမိမဂ်သည် ပယ်အပ်သော ကာမရာဂ, ဒေါသ ဤကိလေသာ ၂-ပါးကို အာရုံပြုကုန်၏။ | | နောက် ကာမတိဟိတ် ဘဝင်တို့သည် ရှေး ကာမတိဟိတ်ဘွင် အတူ အာရုံပြုကုန်၏။ |
| ဘွင် င် င် င် င် ဘွင် န ဒ<br>000 000 000 000 000 000 000 000<br>ဥပါဒ်, ဌီ, ဘင် | မ<br>000 | ဇော ဇ ဇ ဇ ဇ ဇ ဇော<br>000 000 000 000 000 000 000 | ဘွင် င် င် င် င် င် ဘွင်<br>000 000 000 000 000 000 000<br>ဥပါဒ်, ဌီ, ဘင် |
| ကာမဘုံသားတို့၏ ဝီထိစိတ် အစဉ်ဖြစ်၍ ကာမတိဟိတ်ဘွင် ၄-ခုဟု ဆိုသည်။ | မနော ဒွါရာ ဝဇ္ဇန်း ၁ | ကာမကုသိုလ် တိဟိတ်ဇော ၄-ခုတို့တွင် တခုခုသည် ပစ္စဝေက္ခဏာဇော ၇-ကြိမ်ဖြစ်၏။ | ဘဝင်တို့မှာ ရှေး ဘဝင်များနှင့် အတူတူပင် မှတ်လေ။ |
| ဤ ပစ္စဝေက္ခဏာဝီထိ စိတ်တို့သည် ရှေးရှေးစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုရုပ်ကို မှီကုန်၏။ | | | |

အနာဂါမိမဂ်သည် ပယ်အပ်သော ကာမရာဂ, ဒေါသဟူသော ကိလေသာ နှစ်ပါးကို ဆင်ခြင်သည့် စတုတ္ထ ပစ္စဝေက္ခဏာဝီထိ ဇယားပုံ ပြီး၏

အနာဂါမိမဂ်သည် မပယ်အပ်သော ဘဝရာဂ, မောဟ, မာန, ထိန, ဥဒ္ဓစ္စ, အဟိရိက,
အနောတ္တပ္ပ ဟူသော ကိလေသာ ၇-ပါးကို ဆင်ခြင်သည့်
**ပဉ္စမ ပစ္စဝေက္ခဏာဝီထိ ဇယားပုံ**

| | | | |
|---|---|---|---|
| ရှေး ကာမတိဟိတ် ဘွင် ၄-ခုတို့တွင် တခုခုသည် ကံ-စသည် နိမိတ် သုံးပါးတို့တွင် တပါးပါးကို အာရုံပြုကုန်၏။ | မပယ်အပ်သော ဘဝရာဂ, မော, မာ, ထိ, ဥ, အ, အ ဤ ကိလေသာ ၇-ပါးကို အာရုံပြုကုန်၏။ | | နောက် ကာမတိဟိတ် ဘွင်တို့သည် ရှေးကာမတိဟိတ် ဘွင်နှင့်အတူ အာရုံပြုကုန်၏။ |
| ဘွင် င င င င ဘွင် န ဒ<br>000 000 000 000 000 000 000 000<br>ဥပါဒ်,ဋ္ဌီ,ဘင် | မ<br>000 | ဇော ဇ ဇ ဇ ဇ ဇ ဇော<br>000 000 000 000 000 000 000 | ဘွင် င င င င င ဘွင်<br>000 000 000 000 000 000 000<br>ဥပါဒ်,ဋ္ဌီ,ဘင် |
| ကာမဘုံသားတို့၏ ဝီထိစိတ်အစဉ် ဖြစ်၍ ကာမတိဟိတ် ဘွင် ၄-ခုဟု ဆိုသည်။ | မနော ဒွါရာ ဝဇ္ဇန်း ၁ | ကာမကုသိုလ် တိဟိတ်ဇော ၄-ခုတို့တွင် တခုခုသည် ပစ္စဝေက္ခဏာဇော ၇-ကြိမ် ဖြစ်၏။ | ဘဝင်တို့မှာ ရှေးဘဝင်များနှင့် အတူတူပင် မှတ်လေ။ |
| ဤ ပစ္စဝေက္ခဏာဝီထိ စိတ်တို့သည် ရှေးရှေးစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုရုပ်ကို မှီကုန်၏။ | | | |

အနာဂါမိမဂ်သည် မပယ်အပ်သော ဘဝရာဂ, မောဟ, မာန, ထိန, ဥဒ္ဓစ္စ, အဟိရိက, အနောတ္တပ္ပ ဟူသော ကိလေသာ ၇-ပါးကို ဆင်ခြင်သည့် ပဉ္စမ ပစ္စဝေက္ခဏာဝီထိ ဇယားပုံ ပြီး၏။

## အရဟတ္တမဂ်ကို ဆင်ခြင်သည့် ပဌမ ပစ္စဝေက္ခဏာဝီထိ ဇယားပုံ

| | | | |
|---|---|---|---|
| ရှေးကာမတိဟိတ် ဘဝင်၄-ခုတို့တွင် တခုခုသည် ကံ-စသည် နိမိတ် ၃-ပါးတို့တွင် တပါးပါးကို အာရုံပြုကုန်၏။ | အရဟတ္တမဂ်၏ သဘာဝ ဓမ္မကို အာရုံပြုကုန်၏။ | | နောက် ကာမတိဟိတ် ဘဝင်တို့သည် ရှေးကာမ တိဟိတ် ဘဝင်အတူ အာရုံပြုကုန်၏။ |
| ဘဝင် င် င် င် င် င် န ဒ<br>000 000 000 000 000 000 000 00 c<br>ဥပါဒ်, ဌီ, ဘင် | မ<br>000 | ဇော ဇ ဇ ဇ ဇ ဇ ဇော<br>000 000 000 000 000 000 000 | ဘဝင် င် င် င် င် င် ဘဝင်<br>000 000 000 000 000 000 000<br>ဥပါဒ်, ဌီ, ဘင် |
| ကာမဘုံသားတို့၏ ဝီထိစိတ်အစဉ် ဖြစ်၍ ကာမတိဟိတ်ဘဝင် ၄-ခုဟု ဆိုသည်။ | မနော ဒွါရာ ဝဇ္ဇန်း ၁ | ကာမကြိယာဇော ၄-ခုတို့တွင် တခုခုသည် ပစ္စဝေက္ခဏာဇော ၇- ကြိမ်ဖြစ်၏။ | ဘဝင်တို့မှာ ရှေးဘဝင်များနှင့် အတူတူပင် မှတ်လေ။ |
| ဤ ပစ္စဝေက္ခဏာဝီထိစိတ်တို့သည် ရှေးရှေးစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုရုပ်ကို မှီကုန်၏။ | | | |

အရဟတ္တမဂ်ကို ဆင်ခြင်သည့် ပဌမ ပစ္စဝေက္ခဏာဝီထိ ဇယားပုံ ပြီး၏။

## အရဟတ္တဖိုလ်ကို ဆင်ခြင်သည့် ဒုတိယ ပစ္စဝေက္ခဏာဝိထိ ဇယားပုံ

| | | | |
|---|---|---|---|
| ရှေးကာမတိဟိတ်ဘဝင် ၄-ခုတို့တွင် တခုခုသည် ကံ-စသည်နိမိတ် ၃-ပါးတို့တွင် တပါးပါးကို အာရုံပြုကုန်၏။ | အရဟတ္တ ဖိုလ်၏ သဘာဝ ဓမ္မကို အာရုံ ပြုကုန်၏။ | | နောက် ကာမတိဟိတ် ဘဝင် တို့သည် ရှေးကာမတိဟိတ် ဘဝင်အတူ အာရုံ ပြုကုန်၏။ |
| ဘဝင် င် င် င် င် ဘဝင် န ဒ<br>ooo ooo ooo ooo ooo ooo ooo ooo | မ<br>ooo | ဇော ဇ ဇ ဇ ဇ ဇ ဇော<br>ooo ooo ooo ooo ooo ooo ooo | ဘဝင် င် င် င် င် င် ဘဝင်<br>ooo ooo ooo ooo ooo ooo ooo |
| ကာမဘုံသားတို့၏ ဝီထိစိတ်အစဉ်ဖြစ်၍ ကာမတိဟိတ်ဘဝင် ၄-ခုဟု ဆိုသည်။ | မနော ဒွါရာ ဝဇ္ဇန်း ၁ | ကာမကြိယာ ဇော ၄-ခုတို့တွင် တခုခုသည် ပစ္စဝေက္ခဏာ ဇော ၇-ကြိမ်ဖြစ်၏။ | ဘဝင်တို့မှာ ရှေးဘဝင်များနှင့် အတူတူပင် မှတ်လေ။ |
| ဤ ပစ္စဝေက္ခဏာ ဝီထိစိတ်တို့သည် ရှေးရှေး စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုရုပ်ကို မှီကုန်၏။ | | | |

အရဟတ္တဖိုလ်ကို ဆင်ခြင်သည့် ဒုတိယ ပစ္စဝေက္ခဏာဝိထိ ဇယားပုံ ပြီး၏။

## နိဗ္ဗာန်ကို ဆင်ခြင်သည့် တတိယ ပစ္စဝေက္ခဏာဝီထိ ဇယားပုံ

| | | | |
|---|---|---|---|
| ရှေး ကာမတိဟိတ်ဘွင် ၄-ခုတို့တွင် တခု ခုသည် ကံ့စသည်နိမိတ် ၃-ပါးတို့တွင် တပါးပါးကို အာရုံပြုကုန်၏။ | သုညတ နိဗ္ဗာန်စသည် နိဗ္ဗာန် ၃-ပါးတို့ တွင် တပါးပါးကို အာရုံပြုကုန်၏။ | | နောက် ကာမတိဟိတ် ဘွင် တို့သည် ရှေး ကာမတိဟိတ် ဘွင်များ အတူ အာရုံ ပြုကုန်၏။ |
| ဘွင် ဘွင် ဘွင် ဘွင် ဘွင် ဘွင် န ဒ<br>000 000 000 000 000 000 000 000<br>ဥပါဒ်, ဠီ, ဘင် | မ<br>000 | ဇော ဇ ဇ ဇ ဇ ဇ ဇော<br>000 000 000 000 000 000 000 | ဘွင် ၆ ၆ ၆ ၆ ၆ ဘွင်<br>000 000 000 000 000 000 000<br>ဥပါဒ်, ဠီ, ဘင် |
| ကာမဘုံသားတို့၏ ဝီထိစိတ်အစဉ်ဖြစ်၍ ကာမတိဟိတ် ဘွင် ၄-ခုဟု ဆိုသည်။ | မနော ဒွါရာ ဝဇ္ဇန်း ၁ | ကာမကြိယာ တိဟိတ်ဇော ၄-ခု တို့တွင် တခုခုသည် ပစ္စဝေက္ခဏာ ဇော ၇-ကြိမ် ဖြစ်၏။ | ဘဝင်တို့မှာ ရှေးဘဝင်များနှင့် အတူ တူပင် မှတ်လေ။ |
| ဤ ပစ္စဝေက္ခဏာဇော ဝီထိစိတ်တို့သည် ရှေးရှေးစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုရုပ်ကို မှီကုန်၏။ | | | |

နိဗ္ဗာန်ကို ဆင်ခြင်သည့် တတိယ ပစ္စဝေက္ခဏာဝီထိ ဇယားပုံ ပြီး၏။

အရဟတ္တမဂ်သည် ပယ်အပ်သော ဘဝရာဂ, မောဟ, မာန, ထိန, ဥဒ္ဓစ္စ, အဟိရိက,
အနောတ္တပ္ပ-ဟူသော ကိလေသာ ၇-ပါးကို အာရုံပြု၍ ဆင်ခြင်သည့်
**စတုတ္ထ ပစ္စဝေက္ခဏာဝီထိ ဇယားပုံ**

| | | | |
|---|---|---|---|
| ရှေးကာမတိဟိတ်ဘင် ၄-ခုတို့တွင် တခုခုသည် ကံ, စသည်နိမိတ် ၃-ပါး တို့တွင် တပါးပါးကို အာရုံပြုကုန်၏။ | အရဟတ္တမဂ်သည် ပယ်အပ်သော ဘဝရာဂ, မော, မာ, ထိ, ဥ, အ, အ- ဤကိလေသာ ၇-ပါးကို အာရုံပြုကုန်၏။ | | နောက် ကာမတိဟိတ် ဘင်တို့သည် ရှေ့ ကာမတိဟိတ် ဘင်များ အတူ အာရုံပြုကုန်၏။ |
| ဘင် င် င် င် င် ဘင် န ဒ<br>000 000 000 000 000 000 000 000<br>ဥပါဒ်, ဌီ, ဘင် | မ<br>000 | ဇော ဇ ဇ ဇ ဇ ဇ ဇော<br>000 000 000 000 000 000 000 | ဘင် င် င် င် င် င် ဘင်<br>000 000 000 000 000 000 000 000<br>ဥပါဒ်, ဌီ, ဘင် |
| ကာမဘုံသားတို့၏ ဝီထိစိတ် အစဉ်ဖြစ်၍ ကာမတိဟိတ်ဘင် ၄-ခုဟု ဆိုသည်။ | မနောဒွါရာဝဇ္ဇန်း ၁ | မဟာကြိယာ ဇော ၄-ခုတို့တွင် တခုခုသည် ပစ္စဝေက္ခဏာဇော ၇-ကြိမ်ဖြစ်၏။ | ဘဝင်တို့မှာ ရှေးဘဝင်များနှင့် အတူ တူပင် မှတ်လေ။ |
| ဤ ပစ္စဝေက္ခဏာဝီထိ စိတ်တို့သည် ရှေးရှေးစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုရုပ်ကို မှီကုန်၏။ | | | |

အရဟတ္တမဂ်သည် ပယ်အပ်သော ဘဝရာဂ, မောဟ, မာန, ထိန, ဥဒ္ဓစ္စ, အဟိရိက, အနောတ္တပ္ပ ဟူသော ကိလေသာ ၇-ပါးကို အာရုံပြု၍ ဆင်ခြင်သည့် စတုတ္ထ ပစ္စဝေက္ခဏာဝီထိ ဇယားပုံ ပြီး၏။

## အရဟတ္တမဂ်ကို ဝင်စားသည့် အရဟတ္တဖလသမာပတ္တိဝီထိ ဇယားပုံ

| | | | | |
|---|---|---|---|---|
| ရှေး ကာမတိဟိတ်ဘွင် ၄-ခုတို့တွင် တခုခုသည် ကံ-စသည် နိမိတ် ၃-ပါး တို့တွင် တပါးပါးကို အာရုံပြုကုန်၏။ | ဒါနပြုသဲအခါ၌ဖြစ်သော ခန္ဓာ၁ငါးပါး ဟောတုပစ္စည်း ပစ္စယုပ္ပန်ဖြစ်သော သင်္ခါရ တရားတို့ကို အာရုံပြုကုန် ၏။ | | သုညတနိမ္ဗာန်, အနိမိတ္တ နိဗ္ဗာန်, အပ္ပဏိဟိတ နိဗ္ဗာန်အားဖြင့် ၃-ပါးတို့ ဘွင် တပါးပါးကို အာရုံပြု ကုန်၏။ | နောက် ကာမတိဟိတ် ဘွင် ၄-ခု တို့တွင် တခုခုသည် ကံ-စသည့် နိမိတ် ၃-ပါးတို့တွင် တပါးပါးကို အာရုံပြုကုန်၏။ |
| ဘွင် ၎် ၎် ၎် ၎် ဘွင် န ဒ | မ | လုံ လုံ လုံ လုံ | ဖိုလ် ဖိုလ် ဖိုလ် ဖိုလ် ဖိုလ် | ဘွင် ၎် ၎် ၎် ၎် ဘွင် |
| ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀<br>ဥပါဒ်, ဌီ, ဘင် | ၀၀၀ | ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ | ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ | ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀<br>ဥပါဒ်, ဌီ, ဘင် |
| ကာမဘုံသားတို့၏ ဝီထိစိတ် အစဉ် ဖြစ်၍ ကာမတိဟိတ်ဘွင် ၄-ခုဟု ဆိုသည်။ | မနော ဒွါရာ ဝဇ္ဇန်း ၁ | မန္ဒပုဂ္ဂိုလ် တိဟိတ် ကြိယာဇော ၄-ကြိမ်၊ တိက္ခပုဂ္ဂိုလ် တိဟိတ် ကြိယာ ဇော ၃-ကြိမ်။ | ဖိုလ်ဇောများစွာ ဖြစ်၏။<br>ဖိုလ်ဇောများစွာ ဖြစ်၏။ | ဘွင်တို့မှာ ရှေးဘွင် များနှင့် အတူတူပင် မှတ်လေ။ |
| ဤ ဖလသမာပတ္တိ ဝီထိစိတ်တို့သည် ရှေးရှေးစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုရုပ်ကို မှီကုန်၏။ | | | | |

အရဟတ္တဖလ သမာပတ္တိဝီထိ ဇယားပုံ ပြီး၏။

**အထူးမှာထားတိုက်တွန်းချက်** ဝိပဿနာ အလုပ်ကြီးကို အဟုတ်ပြီးစီးပေါက်ရောက် ထမြောက်ရရှိသောသူ ပညာရှိသဘောဖြူ ဖြစ်ကြကုန်သော ဆရာမြတ်ကြီးတို့၏ အထံမှ ဟတ္ထမုဋ္ဌိ လက်ဆုပ်လက်ကိုင် ရရှိသည်အားလျော်စွာ ဟောတုပစ္စည်း ပဋ္ဌာန်းနည်းဖြင့် ဒါနစသည် ပုညကြိယာဆယ်ပါးတို့တွင် ဒါနပြုစဉ်အခါ၌ဖြစ်သော ခန္ဓာငါးပါး ဟောတုပစ္စည်း ပစ္စယုပ္ပန်တရားတို့ကို ဝိသုဒ္ဓိ ၇-ပါးနှင့် တကွ နာမရူပ ပရိစ္ဆေဒဉာဏ်စသည့် တဆဲ့ခြောက်တန်သော ဝိပဿနာပညာ ဉာဏ်ဝိဇ္ဇာတို့ကို ပေါက်ရောက်ရရှိကြခါ မဟာသောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာဟု ဆိုအပ်သော အရိယာပုဂ္ဂိုလ်၏ အဖြစ်သို့ ဧကန်မုချ ရောက်ကြရလတ့်သော ယောဂီပုဂ္ဂိုလ်တို့၏ ကျင့်ကြံရှုစား ပွားများအားထုတ်ကြပုံ အစဉ်တို့ကို သောတာပတ္တိမဂ်, သောတာပတ္တိဖိုလ်မှစ၍ အရဟတ္တမဂ်, အရဟတ္တဖိုလ်သို့တိုင်အောင် ရလတ့်သော ယောဂီပုဂ္ဂိုလ်တို့၏ ဒါနပြုဆဲအခါ၌ဖြစ်သော သဒ္ဒမနောဒွါရဝီထိ,မဂ္ဂဝီထိ,ပစ္စဝေက္ခဏာဝီထိ,ဖလသမာပတ္တိ ဝီထိတို့ကို ဉာဏ်နုသူတို့ပါ လွယ်ကူစွာ နားလည်ကြစေခြင်းအကျိုးငှါ ပေယျာလ မထားဘဲ ဝီထိဇယားပုံနှင့် တကွ အကျယ်အားဖြင့် ရေးသားဟောကြားခဲ့ပြီး ဖြစ်သည်လည်းတကြောင်း, ကျမ်းလေးမည်ကို စိုးသည်လည်းတကြောင်း ထို့ကြောင့် ဒါနမှကြွင်းသော သီလအစ ဒိဋ္ဌိဇုကမ္မအဆုံးရှိသော ပုညကြိယာကိုးပါး ပုညာဘိအစားစားတို့၏ ဝဋ်သုံးပါးမှ လွတ်မြောက်ရန် ကျင့်ကြံရှုစား ပွားများ အားထုတ်ပုံတရားတို့ကို အကျဉ်းအားဖြင့် ရေးသား ဟောကြားပေတော့အံ့သတည်း၊ သို့ဖြစ်၍ ပုညကြိယာဆယ်ပါး ကုသိုလ်တရားတို့ကို သံသရာမှာ တာရှည်စွာ မလည်ကြရဘဲ သံသရာဝဲ ဒုက္ခထဲမှ အမြဲကင်းလွတ်ကြလေအောင် ကျင့်ကြံအားထုတ်တတ်ကြ ပွားများရှုစားတတ်ကြခြင်းကို အလိုရှိကြသူ ပညာရှိသဘောဖြူတို့သည် ယခုငါတို့ရေးသား ဟောကြားခဲ့ပြီးသော ပုညကြိယာဆယ်ပါးတို့တွင် တပါးအဝင်ဖြစ်၍ ဒါနပြုစဉ်အခါ၌ ဖြစ်သော ခန္ဓာငါးပါး ဟောတုပစ္စည်း ပစ္စယုပ္ပန်တရားတို့၌ ဝိပဿနာတရား ကျင့်ကြံရှုစား ပွားများ အားထုတ်ပုံ အစားစားတို့ကို ထင်မြင် ပေါက်ရောက် လာအောင် သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာဟု ဆိုအပ်သော ဗိုလ်ငါးပါးတို့ကို လက်ကိုင်ထားပြီးလျှင် အခေါက်ခေါက် အခါခါ မကြာမကြာ ကြည့်ရှုပွားများ

နိုင်ကြပါစေကုန်သတည်း၊ ဝါ- ကြည့်ရှုပွားများ အားထုတ်ကြပါလေ ပညာ
ကြီးယာ ဆယ်ပါးဖြင့် မဂ်တရား ဖိုလ်တရားသို့ ပေါက်ရောက်အောင်
ကျင့်ကြံပုံနည်းကို အလိုရှိကြသူ ရဟန်းရှင်လူ ပညာရှိသတောဖြူတွေ့တို့။

ဒါန ပြုဆဲအခါ၌ ဖြစ်သော ခန္ဓာငါးပါး ရုပ်နာမ် တရားတို့ကို ဟေတုပစ္စည်း
ပဋ္ဌာန်းနည်းဖြင့် ဝိပဿနာအလုပ်ကို အားထုတ်ကြ၍ မဂ်ဉာဏ်ဖိုလ်ဉာဏ်သို့
အမှန်ထုတ်ချောက် ရောက်ကြလတံ့သော ယောဂီပုဂ္ဂိုလ်တို့၏
ဒါနပြုစဉ်အခါ၌ဖြစ်သော သုဒ္ဓမနောဒွါရဝီထိ
မဂ္ဂဝီထိ ပစ္စဝေက္ခဏာဝီထိ ဖလသမာပတ္တိ
ဝီထိဇယားပုံတို့သည် ဤတွင်တရပ်
အပြီးသတ်လိုက်ပေသတည်း။

---

**မဟာသောတာပန်ဖြစ်ကြောင်း သီလဆောက်တည်ဆဲ အခါ၌ ဖြစ်သော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့၌ နာမရူပ ပရိစ္ဆေဒ ဉာဏ်စသည် ၁၆-တန်သောဝိပဿနာဉာဏ်အစားစား သဘာဝ တရားတို့တွင် နာမရူပပရိစ္ဆေဒ ဉာဏ်ဖြစ်ပုံ**

## ပစ္စယပရိဂ္ဂဟဉာဏ်ဖြစ်ပုံကို အကျဉ်းမျှလင်းပြခြင်း

**မေး** မဟာသောတာန် ဖြစ်ကြောင်း ဒါနပုညာဘိကုသိုလ် ပြုဆဲအခါ၌ ဖြစ်သော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့၌ ဝိပဿနာဉာဏ် အစားစား ၁၆-ပါးသော တရားတို့ကို ပေါက်ရောက်အောင် ရှုစားပွားများ ပြီးသည်မှ အခြားမဲ့၌ သီလပုညာဘိ တရားတို့ကို ပြုဆဲအခါ၌ဖြစ်သော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့၌ နာမရူပပရိစ္ဆေဒဉာဏ်စသည် ဝိပဿနာဉာဏ်အစားစား ၁၆-ပါးသော တရားတို့ကို ပေါက်ရောက်အောင် ဘယ်လို အခါ၌ ရှုစားပွားများရမည်နည်း။

**ဖြေ** ငါးပါးသီလ,အာဇီဝဋ္ဌမကသီလ,ရှစ်ပါးသီလ,ကိုးပါးသီလ,ဆယ်ပါးသီလ စသည် သီလအမျိုးမျိုးတို့ ရှိရာတွင် မိမိဆောက်တည် လိုအပ်သည့် သီလကို ဆောက်တည်ပြီးလျှင် မိမိသည် အလိုရှိအပ်သော သီလကုသိုလ်ကို ဆောက်တည် သည့်အခါ၌ ရှုစားပွားများရပါသည်။

**မေး** မိမိသည် အလိုရှိအပ်သော သီလကုသိုလ်ကို ဆောက်တည်စဉ်အခါ၌ အဘယ်တရားကို အာရုံပြု၍ ရှုစားပွားများရပါမည်နည်း။

**ဖြေ** မိမိသည် အလိုရှိအပ်သော သီလကုသိုလ်ကို ဆောက်တည်စဉ်အခါ၌ ဆင်ခြင်၍ ကြည့်လိုက်သည်ရှိသော် ခန္ဓာကိုယ်အတွင်းမှာ ခန္ဓာငါးပါး ဟေတု ပစ္စည်း ပစ္စယုပ္ပန်တည်းဟူသော ပဋ္ဌာန်းတရားတွေ ဖြစ်ပွားပေါ်ပေါက်၍ နေသည်တို့ကို တွေ့မြင်ရလိမ့်မည်၊ ၎င်းတွေ့မြင်သော ပဋ္ဌာန်းတရားတို့ကို အာရုံပြု၍ ရှုစားပွားများရပါသည်။

**မေး** မိမိသည် သီလဆောက်တည်စဉ်အခါ၌ ဖြစ်သော ခန္ဓာငါးပါး ပစ္စည်း ပစ္စယုပ္ပန်ထိုက်သော ပဋ္ဌာန်းတရားတွေကို တွေ့မြင်ခြင်းငှါ အလိုရှိကြပါကုန်၏လော။

**ဖြေ** ၎င်း ခန္ဓာငါးပါး ပစ္စည်း ပစ္စယုပ္ပန်ထိုက်သော ပဋ္ဌာန်းတရားတွေကို တွေ့မြင်ခြင်းငှါ အလိုရှိကြပါကုန်၏ဘုရား။

**မေး** ၎င်းပဋ္ဌာန်းတရားတွေကို တွေ့မြင်ခြင်းငှါ အလိုရှိကြသော သင်ယောဂီ ပုဂ္ဂိုလ်အပေါင်း သူတော်ကောင်းတို့သည် ငါးပါးသီလစသည် သီလအမျိုးမျိုး တို့တွင် အဘယ်သီလမျိုးမဆို မိမိသည် အလိုရှိအပ်သော စွမ်းဆောင်နိုင်သော သီလကို မကျိုး မပေါက် မပြောက် မကြားရအောင် ယခုအခါ ဆောက်တည်ကြ ပြီးသည် မဟုတ်ပါလော။

**ဖြေ** မိမိသည် အလိုရှိအပ်သော စွမ်းဆောင်နိုင်သော သီလကို မကျိုးမပေါက် မပြောက်မကြားရအောင် ဆောက်တည်ကြပြီး ဖြစ်ပါသည်ဘုရား။

**မေး** ၎င်း ဆောက်တည်ကြပြီးသော ယောဂီပုဂ္ဂိုလ်တို့၌ အဘယ်ဝိသုဒ္ဓိ ဖြစ်ပါ သနည်း။

**ဖြေ** (၁) အာပတ် ၇-ပုံကို လုံခြုံစွာ စောင့်ကြောင်းဖြစ်သော ပါတိမောက္ခ သံဝရသီလ၊ (၂) ဣန္ဒြေခြောက်ပါးကို တားမြစ် ပိတ်ပင်ကြောင်း ဖြစ်သော ဣန္ဒြိယသံဝရသီလ၊ (၃) မိစ္ဆာဇီဝမှ ကြဉ်ခွါလျက် စင်ကြယ်စွာ အသက်မွေး ကြောင်းဖြစ်သော အာဇီဝပါရိသုဒ္ဓိသီလ၊ (၄) ပစ္စဝေက္ခဏာဖြင့် သုံးသပ်ဆင် ခြင် ခြင်းတည်းဟူသော ပစ္စယသန္နိဿိတသီလ ဤလေးဝသော ပါရိသုဒ္ဓိတံခွန်၏

အလွန်ဖြူစင် မှုမတင်ခြင်းတည်းဟူသော သီလဝိသုဒ္ဓိ ဟူသော တို့မြန်မာလကာ နှင့်ညီစွာ မိမိသည် အလိုရှိအပ်သော စွမ်းဆောင်နိုင်သော သီလကို မကျိုး မပေါက် မပြောက်မကြားရအောင် စောင့်ရှောက် ဆောက်တည်သော ယောဂီ ပုဂ္ဂိုလ်၌ သီလဝိသုဒ္ဓိ ဖြစ်ပါသည်။

**မေး** သီလဝိသုဒ္ဓိဖြစ်အောင် မိမိသည် အလိုရှိအပ်သော စွမ်းဆောင်နိုင်သော သီလကုသိုလ်ကို စောင့်ရှောက်ဆောက်တည်သော အခါ၌ ဝဋ္ဋသုံးပါးတို့တွင် ကျင်လည် မျောပါးရာဖြစ်သော လူ့ဘဝ လူ့စည်းစိမ်, နတ်ဘဝ နတ်စည်းစိမ်, ဗြဟ္မာဘဝ ဗြဟ္မာ့စည်းစိမ်တို့ကို အလိုရှိ၍ ၎င်းသီလကုသိုလ်ကို ဆောက်တည် ပါသလော။

**ဖြေ** လူ, နတ်, ဗြဟ္မာတို့၏ လောကီစည်းစိမ်တို့ကို အလိုရှိ၍ သီလကုသိုလ်ကို စောင့်ရှောက် ဆောက်တည်သည် မဟုတ်ပါဘုရား။

**မေး** အဘယ်ချမ်းသာကို အလိုရှိ၍ စောင့်ရှောက် ဆောက်တည်ပါသနည်း။

**ဖြေ** အိုဒုက္ခ, နာဒုက္ခ, သေဒုက္ခ, အပါယ် ဒုက္ခ စသည် ဝဋ္ဋဒုက္ခ အမျိုးမျိုး တို့မှ ကင်းလွတ်ရာဖြစ်သော နိဗ္ဗာန်ချမ်းသာကို အလိုရှိ၍ စောင့်ရှောက် ဆောက်တည်ပါသည်။

**မေး** လူ, နတ်, ဗြဟ္မာတို့၏လောက ဘဝစည်းစိမ်တို့ကို မလိုချင်မှု သဘောစု သည် အဘယ်ဟိတ် ဖြစ်ပါသနည်း။

**ဖြေ** ပါဠိဘာသာလို့နှင့် ဖြေဆိုရမူ အလောဘဟိတ် ဖြစ်ပါသည်၊ မြန်မာ ဘာသာနှင့် ဖြေဆိုရမူ မလိုချင်သည့် အကြောင်း ဖြစ်ပါသည်။

**မေး** ၎င်း သီလကုသိုလ်ကို စောင့်ရှောက် ဆောက်တည်ဆဲအခါမှာ ဤ ကုသိုလ်နှင့် စပ်သမျှ ချမ်းသာကြပါစေ, ချမ်းသာကြပါစေဟု သတ္တဝါကို အာရုံပြု၍ မေတ္တာတရား ပွားများသည် မဟုတ်ပါလော။

**ဖြေ** သတ္တဝါကို အာရုံပြု၍ ပြစ်မှားမှုမရှိဘဲ မေတ္တာတရားကိုသာ ရှုစား ပွားများပါသည်။

မေး  ၎င်းသီလကုသိုလ်ကို စောင့်ရှောက်ဆောက်တည်ဆဲအခါ၌ သတ္တဝါတို့အား မပြစ်မှားမူ၍ ချမ်းသာစေလိုသော သဘာဝတရား မေတ္တာစိတ်ဓာတ်ထားခြင်းသည် အဘယ်ဟိတ် ဖြစ်ပါသနည်း။

ဖြေ  ပါဠိဘာသာနှင့် ဖြေဆိုရမူ အဒေါသဟိတ်ဖြစ်ပါသည်၊ မြန်မာဘာသာနှင့် ဖြေဆိုရမူ မပြစ်မှားသည့်အကြောင်း ဖြစ်ပါသည်။

မေး  ၎င်းသီလကုသိုလ်ကို စောင့်ရှောက် ဆောက်တည်ဆဲအခါ၌ အနည်းဆုံး ငါ့မှာ ကောင်းတဲ့ သဘောဟု ဆိုအပ်သော သီလကုသိုလ်ကံဖြစ်၏၊ ၎င်းသီလကုသိုလ်ကံသည် ကောင်းတဲ့ အကျိုးကို ကေန်မုချ ပေးလတံ့ဟု သိမှုသဘောဖြစ်သည် မဟုတ်ပါလော။

ဖြေ  ၎င်းသီလကုသိုလ်ကံသည် ကောင်းတဲ့အကျိုးကို ကေန်မုချ ပေးလတံ့ဟု သိမှုသဘောဖြစ်ပါသည်။

မေး  ၎င်းသီလကုသိုလ်ကို စောင့်ရှောက် ဆောက်တည်ဆဲအခါ၌ တွေဝေမှု မရှိဘဲ အမိကအားဖြင့် ဝိပဿနာဉာဏ်ဖြစ်ခြင်း အနည်းဆုံးအားဖြင့် ကံ,ကံ၏ အကျိုးကို သိခြင်းသည် ဘာဟိတ် ဖြစ်ပါသနည်း။

ဖြေ  ပါဠိဘာသာလိုနှင့် ဖြေဆိုရမူ အမောဟဟိတ် ဖြစ်ပါသည်၊ မြန်မာဘာသာနှင့် ဖြေဆိုရမူ မတွေဝေတဲ့အကြောင်း ဖြစ်ပါသည်။

မေး  ၎င်း သီလကုသိုလ်ကို စောင့်ရှောက် ဆောက်တည်ဆဲအခါ၌ ဟိတ်ဘယ်နှစ်ပါး ဖြစ်ပေါ်ပါသနည်း။

ဖြေ  ၎င်းသီလဆောက်တည်ဆဲအခါ၌ ဆရာမမိုး၍ အလိမ်မာနည်းပါးပြီးလျှင် ဉာဏ်မယှဉ်သော သူတို့မှာ အလောဘဟိတ်, အဒေါသဟိတ် ဟူသော ဟိတ်နှစ်ပါး ဖြစ်ပေါ်ပါသည်၊ ဆရာမိုး၍ အလိမ်မာကြီးထွားပြီးလျှင် ဉာဏ်ယှဉ်သော သူ ယောဂီဖြူတို့မှာ အလောဘဟိတ်, အဒေါသဟိတ်, အမောဟဟိတ်ဟူ၍ ဟိတ်သုံးပါး ဖြစ်ပါသည်။

မေး  ၎င်း ဟိတ်သုံးပါးသည် ဟေတုပစ္စည်း ပဋ္ဌာန်းနည်း၌ အဘယ်တရား ဖြစ်ပါသနည်း။

ဖြေ ၎င်းဟိတ်သုံးပါးသည် ပါဠိဘာသာဖြင့် ဖြေဆိုရမူ ပစ္စည်းတရား ဖြစ်ပါသည်၊ မြန်မာဘာသာဖြင့် ဖြေဆိုရမူ အကြောင်းတရား ဖြစ်ပါသည်၊ ဝါ-ဟေတုအကြောင်း ပစ္စည်းတရား ဖြစ်ပါသည်။

မေး ၎င်း ဟိတ်သုံးပါးကြောင့် သီလကုသိုလ်ကို စောင့်ရှောက် ဆောက်တည်ဆဲ အခါ၌ အဘယ်တရားတို့သည် ဖြစ်ပေါ်ပါသနည်း။

ဖြေ သီလကုသိုလ်ကို စောင့်ရှောက် ဆောက်တည်ဆဲအခါ၌ ၎င်းသီလကုသိုလ်ကြောင့်ဖြစ်သော စိတ္တဇရုပ်အစုသည် ရူပက္ခန္ဓာ၊ ဝမ်းသာလုံးစသည် အာရုံ၏ အရသာကို ခံစားမှု ဝေဒနာအစုသည် ဝေဒနာက္ခန္ဓာ၊ အာရုံကို မှတ်သားမှု သညာအစုသည် သညာက္ခန္ဓာ၊ သီလကုသိုလ်ကို စောင့်ထိန်းဆောက်တည်ရန် စေ့ဆော်ကြောင့်ကြမှု စေတနာအစုသည် သင်္ခါရက္ခန္ဓာ၊ သီလကုသိုလ်စိတ် အစုသည် ဝိညာဏက္ခန္ဓာဟူ၍ သီလကုသိုလ်ကို စောင့်ရှောက် ဆောက်တည်ဆဲအခါ၌ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည် ဖြစ်ပေါ်၍ လာပါသည်။

မေး ၎င်းခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည် ဟေတုပစ္စည်း ပဋ္ဌာန်းနည်း၌ အဘယ်တရား ဖြစ်ပါသနည်း။

ဖြေ ၎င်းခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည် ဟေတုပစ္စည်း ပဋ္ဌာန်းနည်း၌ ပါဠိဘာသာဖြင့် ဖြေဆိုရမူ ပစ္စယုပ္ပန်တရား ဖြစ်ပါသည်၊ မြန်မာဘာသာဖြင့် ဖြေဆိုရမူ အကျိုးတရား ဖြစ်ပါသည်၊ ဝါ-ဟေတုအကျိုး ပစ္စယုပ္ပန်တရား ဖြစ်ပါသည်။

မေး ၎င်းခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့သည် ပုဂ္ဂိုလ်,သတ္တဝါ, ငါ, သူတပါး, ယောကျ်ား, မိန်းမ, အတ္တ, ဇီဝ ဟုတ်ပါ၏လော။

ဖြေ ၎င်းခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန် တရားတို့သည် ပုဂ္ဂိုလ်,သတ္တဝါ, ငါ, သူတပါး, ယောကျ်ား, မိန်းမ, အတ္တ, ဇီဝ မဟုတ်ပါဘုရား။

မေး ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောကျ်ား, မိန်းမ, အတ္တ, ဇီဝ, မဟုတ်ခဲ့လို့ရှိလျှင် အဘယ်တရားသာ ဟုတ်ပါသနည်း။

ဖြေ ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့သည် ပဥ္စာန်းတရားသာ ဟုတ်ပါသည်။

မေး ၎င်းပဥ္စာန်းတရားတို့သည် ပရမတ်တရား ဖြစ်ပါသလော, ပညတ်တရား ဖြစ်ပါသလော။

ဖြေ ၎င်းတရားတို့သည် ပရမတ်တရား ဖြစ်ပါသည်။

မေး ၎င်း ပဥ္စာန်းတရားတို့ကို ဘာ့ကြောင့် ပရမတ် ခေါ်ပါသနည်း။

ဖြေ ပရမော ဥတ္တမော အဝိပရိတော အတ္ထော ပရမတ္ထော။
ပရမော ဥတ္တမော အဝိပရိတော၊ မဖောက်မပြန်သော။ အတ္ထော၊ အနက်သဘောတည်း။ ပရမတ္ထော၊ မဖောက်မပြန်သော အနက်သဘော။ဤသို့သော ဝစနတ္ထနှင့်အညီ မဖောက်မပြန်သော အနက်သဘောကြောင့် ပရမတ် ခေါ်ပါသည်။

မေး ၎င်း ပဥ္စာန်းတရားတို့သည် ဘယ်လို မဖောက် မပြန်ပါသနည်း။

ဖြေ ဘယ်သတ္တဝါ၏ သန္တာန်မှာဖြစ်ဖြစ် ဟေတုပစ္စည်း ပဥ္စာန်းတရားကြီး ပဥ္စာန်းတရားကြီးပါဘဲ ပုဂ္ဂိုလ်, သတ္တဝါစသည် ဖြစ်ပြီးသကာလ မဖောက်မပြန်ပါ။

မေး ၎င်း ဟေတုပစ္စည်း ပစ္စယုပ္ပန်ထိုက်သော ပရမတ်ဖြစ်သော ပဥ္စာန်းတရားတို့သည် မည်သူတို့ ဉာဏ်၏ ကျက်စားရာ အာရုံဖြစ်ပါသနည်း။

ဖြေ ၎င်း ဟေတုပစ္စည်း ပစ္စယုပ္ပန်ထိုက်သော ပရမတ်ဖြစ်သော ပဥ္စာန်းတရားတို့သည် "ပရမဿ ဥတ္တမဿ ဉာဏဿ အတ္ထော ဂေါစရော ပရမတ္ထော" ပရမဿ ဥတ္တမဿ ဉာဏဿ၊ မြတ်သော ဘုရား, ပစ္စေကဗုဒ္ဓါ, အရိယာသာဝကတို့ဉာဏ်၏။ အတ္ထော ဂေါစရော၊ ကျက်စားရာ အာရုံတည်း။ပရမတ္ထော၊ မြတ်သောဘုရား, ပစ္စေကဗုဒ္ဓါ,အရိယာသာဝကတို့ဉာဏ်၏ ကျက်စားရာအာရုံ။ ဤသို့သော ဝစနတ္ထနှင့်အညီ မြတ်သော ဘုရား,ပစ္စေကဗုဒ္ဓါ, အရိယာသာဝကတို့ ဉာဏ်၏ ကျက်စားရာ အာရုံဖြစ်ပါသည်။

မေး ၎င်း ပရမတ်တွေကို ပရမတ်အတိုင်း သိလိုက်တော့ ဘာမှန်ကို သိပါသနည်း။

ဖြေ ၎င်း ပရမတ်တွေကို ပရမတ်အတိုင်း သိလိုက်တော့ ပရမတ်မှန်ကို သိပါသည်။

မေး ၎င်း ပရမတ်တွေကို ပေါင်းစပ်၍ ဖြစ်ပေါ်လာသော ပုံသဏ္ဌာန် အမျိုးမျိုးတို့သည် အဘယ်တရား ဖြစ်ပါသနည်း။

ဖြေ ၎င်း ပုံသဏ္ဌာန် အမျိုးမျိုးတို့သည် သဏ္ဌာနပညတ်တရား ဖြစ်ပါသည်။

မေး ၎င်း ပညတ်တရားကို ပညတ်တရားအတိုင်း သိလိုက်တော့ ဘာမှန်ကို သိပါသနည်း။

ဖြေ ၎င်း ပညတ်တရားကို ပညတ်တရားအတိုင်း သိလိုက်တော့ ပညတ်မှန်ကို သိပါသည်။

မေး ၎င်း ပညတ်မှန်နှင့် ပရမတ်မှန်ကို သိလိုက်တော့ အဘယ် ဝိသုဒ္ဓိဖြစ်၍ အဘယ်ဉာဏ်ကို ရပါသနည်း။

ဖြေ ၎င်း အတိုင်း သိလိုက်တော့ ဒိဋ္ဌိဝိသုဒ္ဓိဖြစ်၍ နာမရူပပရိစ္ဆေဒဉာဏ်ကို ရပါသည်။

ဤကား သီလအရာ၌ နာမရူပပရိစ္ဆေဒဉာဏ် စခန်းတည်း။

---

မေး မြတ်သောဘုရား,ပစ္စေကဗုဒ္ဓါ, အရိယာသာဝကတို့ဉာဏ်၏ ကျက်စားရာ အာရုံဖြစ်သော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်ထိုက်သော ပဋ္ဌာန်းဟု ဆိုအပ်သော ပရမတ္ထတရားတို့သည် ထာဝရဘုရားစသည် ဖန်ဆင်းလို့ ဖြစ်ထာ ဟုတ်ပါ၏လော။

ဖြေ ၎င်း ပရမတ္ထတရားတို့သည် ထာဝရဘုရားစသည် ဖန်ဆင်း၍ ဖြစ်ထာ မဟုတ်ပါဘုရား။

မေး ထာဝရဘုရားစသည် ဖန်ဆင်း၍ဖြစ်ထာမဟုတ်ခဲ့လို့ရှိလျှင် ဘာကြောင့် ဖြစ်တဲ့ ဘာတရား ဖြစ်ပါသနည်း။

ဖြေ ပါဠိဘာသာဖြင့် ဖြေဆိုရမူ ပစ္စည်းတရားကြောင့် ပစ္စယုပ္ပန်တရား ဖြစ်ပါသည်၊ မြန်မာဘာသာဖြင့် ဖြေဆိုရမူ အကြောင်းကြောင့်ဖြစ်တဲ့ အကျိုး တရား ဖြစ်ပါသည်။

**မေး** ၎င်း ပစ္စည်းဟု ဆိုအပ်သော အကြောင်းတရားတို့သည် အဘယ်နှစ်ပါး အပြားရှိပါသနည်း။

**ဖြေ** ၎င်း ပစ္စည်းဟုဆိုအပ်သော အကြောင်းတရားတို့သည် သီလဆောက်တည်ဆဲအခါတွင် ညာဏ်နှင့်ယှဉ်ကာ ပြုတတ်သော ယောဂီပုဂ္ဂိုလ် ဖြစ်ပါ၍ အလောဘဟိတ်, အဒေါသဟိတ်, အမောဟဟိတ် အားဖြင့် ပစ္စည်းဟု ဆိုအပ်သော အကြောင်းတရား သုံးပါးရှိပါသည်။

**မေး** ၎င်း သီလကုသိုလ်ကို ဆောက်တည်ဆဲအခါ၌ ဖြစ်သော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့သည် တရုပ်, ကုလားစသည် မည်သည့်ဘာသာ ကမျှ မငြင်းဆန်နိုင်လောက်အောင် အကြောင်းကြောင့်ဖြစ်သည့် အကျိုးတရား ဘဲဟု အသိညာဏ်ရှိသော ယောဂီပုဂ္ဂိုလ်၌ အဘယ်ဝိသုဒ္ဓိဖြစ်၍ အဘယ်ညာဏ်ကို ရပါသနည်း။

**ဖြေ** အကြောင်းကြောင့် ဖြစ်သည့် အကျိုးတရားဘဲဟု အသိညာဏ်ရှိသော ယောဂီပုဂ္ဂိုလ်၌ ကင်္ခါဝိတရဏဝိသုဒ္ဓိဖြစ်၍ နာမရူပ, ပစ္စယပရိဂ္ဂဟညာဏ်ကို ရပါသည်။

ဤကား နာမရူပ, ပစ္စယပရိဂ္ဂဟညာဏ် စခန်းတည်း။

---

**မဟာသောတာပန်ဖြစ်ကြောင်း သီလဆောက်တည်ဆဲအခါ၌ သမ္မသနညာဏ် စသည် ဝိပဿနာညာဏ် အစားစားတို့၏ ပွားများပုံကို**

## အကျဉ်းမျှလင်းပြခြင်း

**မေး** သီလကုသိုလ်ကို စောင့်ရှောက် ဆောက်တည်ဆဲ အခါ၌ဖြစ်သော အလောဘဟိတ်, အဒေါသဟိတ်, အမောဟဟိတ်ဟု ဆိုအပ်သော ဟိတ်သုံးပါး ပစ္စည်းတရားတို့သည် အဘယ် အကြောင်းပစ္စည်းတရား ဖြစ်ပါသနည်း။

**ဖြေ** ၎င်း ဟိတ်သုံးပါးတို့သည် ဟေတုအကြောင်း ပစ္စည်းတရားဖြစ်ပါသည်။

**မေး** သီလကုသိုလ်ကို စောင့်ရှောက် ဆောက်တည်ဆဲအခါ၌ ဖြစ်သော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည် အဘယ်အကျိုး ပစ္စယုပ္ပန်တရား ဖြစ်ပါသနည်း။

ဖြေ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည် ဟေတုအကျိုး ပစ္စယုပ္ပန်တရား ဖြစ်ပါသည်။

မေး သီလကုသိုလ်ကို စောင့်ရှောက် ဆောက်တည်ဆဲအခါ၌ ဖြစ်သော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့သည် စာထဲမှာ ဖြစ်ပါသလော, ငါထဲမှာ ဖြစ်ပါသလော။

ဖြေ ၎င်း ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့သည် စာထဲမှာ ဖြစ်ထာ မဟုတ်ပါ၊ သူငါတို့၏ အတွင်းထဲမှာ ဖြစ်ပါသည်။

မေး သူငါတို့၏ အတွင်းထဲမှာ ဖြစ်ခဲ့လို့ရှိရင် ၎င်းခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့ကို အဘယ်ပဋ္ဌာန်းတရားဟူ၍ ခေါ်ဆိုပါသနည်း။

ဖြေ ၎င်း ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့ကို မိမိတို့၏ အတွင်းထဲမှာ ဖြစ်တဲ့ တရားတွေပါ တကားဟု သိမှုလွယ်ကြစေခြင်း အကျိုးငှါ ငါပဋ္ဌာန်းတရားဟု ခေါ်ဆိုပါသည်။

မေး တနည်းအားဖြင့် သီလကုသိုလ်ကို စောင့်ရှောက် ဆောက်တည်ဆဲ အခါ၌ ဖြစ်သော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့သည် ထာဝရ ဘုရားစသည် မည်သူ တဦး တယောက်မျှ မဖန်ဆင်းရဘဲ သူ့သဘောအတိုင်း သူဖြစ်ပေါ်၍ လာကြကုန်၏၊ ၎င်းဖြစ်ပေါ်၍ လာကြကုန်သော သဘာဝတရား တို့ကို အဘယ် တရားဟူ၍ ခေါ်ဆိုရပါသနည်း။

ဖြေ ထာဝရဘုရားစသည် မည်သူ တဦးတယောက်မျှ မဖန်ဆင်းရဘဲ သူ့သဘောအတိုင်း သူဖြစ်ပေါ်၍ လာသော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့ကို သဘာဝဓမ္မ ပဋ္ဌာန်းတရားဟု ခေါ်ဆိုရပါသည်။

မေး သဘာဝဓမ္မ ပဋ္ဌာန်းတရားဟု ဆိုအပ်သော ၎င်းခန္ဓာငါးပါး ဟေတု ပစ္စည်း ပစ္စယုပ္ပန်တရားတို့သည် တသက်ပတ်လုံး တည်နိုင်ပါမည်လော။

ဖြေ ၎င်း ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့သည် တသက်ပတ်လုံး မတည်နိုင်ပါဘုရား။

မေး တသက်ပတ်လုံး တည်နိုင်မည်ဝေးစွ သီလကုသိုလ်ကို စောင့်ရှောက် ဆောက်တည်ဆဲ အခါ၌ဖြစ်သော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့ သည် ယခုအခါသို့ တိုင်အောင် ရှိပါသေး၏လော။

ဖြေ ၎င်း ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့သည် ယခုအခါသို့ တိုင်အောင် မရှိတော့ပါဘုရား။

မေး ယခုအခါသို့ တိုင်အောင် မပါမရှိခဲ့လို့ရှိလျှင် အဘယ် ရောက်သွားပါ သနည်း။

ဖြေ ပျောက်သွားပါသည်၊ ပျက်သွားပါသည်၊ မရှိ သွားပါသည်၊ အနိစ္စ ရောက်သွားပါသည်။

မေး ၎င်းပျောက်ခြင်း, ပျက်ခြင်း, မရှိခြင်း, အနိစ္စရောက်ခြင်းတို့ဖြင့် အမြဲ မပြတ် နှိပ်စက်အပ်သော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန် တရားတို့သည် သုခ ဖြစ်မည်လော, ဒုက္ခဖြစ်မည်လော။

ဖြေ ၎င်းတရားတို့သည် သုခဟူသည် မှုမျှမဖက် သက်သက်ဒုက္ခ ဖြစ်ပါ သည်။

မေး ပျောက်၍ ပျက်၍ မရှိ၍ အမြဲဆင်းရဲခြင်းသို့ ရောက်နေသော ခန္ဓာ ငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့သည် အနှစ်ရှိသည့်တရားမျိုး, အစိုးရ သည့် တရားမျိုး, အလိုလိုက်သည့် တရားမျိုး ဟုတ်ပါ၏လော,အဘယ်တရားမျိုး ဖြစ်ပါသနည်း။

ဖြေ ၎င်း ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့သည် အနှစ်ရှိသည့် တရားမျိုး, အစိုးရသည့်တရားမျိုး, အလိုလိုက်သည့်တရားမျိုး မဟုတ်ပါ၊ အနတ္တ တရားမျိုးသာ ဖြစ်ပါသည်။

မေး သီလကုသိုလ်ကို စောင့်ရှောက် ဆောက်တည်ဆဲအခါ၌ ဖြစ်သော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့သည် ယခုလည်းပျက်ဆဲ နောင် လည်း ပျက်လတ္တံ့, ရှေးကလည်း ပျက်ခဲ့ကြသည်၏ အဖြစ်ကို၎င်း၊ ယခုလည်း ဆင်းရဲဆဲ နောင်လည်းဆင်းရဲလတ္တံ့, ရှေးကလည်း ဆင်းရဲခဲ့ကြသည်၏ အဖြစ်ကို

ငင်း၊ ယခုလည်း အနှစ်မရှိ အစိုးမရ အလိုသို့မလိုက်ဆဲ နောင်လည်း အနှစ်မရှိ အစိုးမရ အလိုမလိုက်လတ္တံ့ ရှေးကလည်း အနှစ်မရှိ အစိုးမရ အလိုသို့မလိုက်ခဲ့ကြသည်၏ အဖြစ်ကိုငင်း မနေဒ္ဒါရတွင် ဝိပဿနာဉာဏ် အစဉ်မှာ ထင်မြင်ပေါက်ရောက်ကြသည်နှင့် လျော်စွာ—

၁။ အနိစ္စသညာ ဘိက္ခဝေ ဘာဝိတာ ဗဟုလီကတာ မဟပ္ဖလာ ဟောတိ မဟာနိသံသာ အမတောဂဓာ အမတပရိယောသာနာ။

၂။ ဒုက္ခသညာ ဘိက္ခဝေ ဘာဝိတာ ဗဟုလီကတာ မဟပ္ဖလာ ဟောတိ မဟာနိသံသာ အမတောဂဓာ အမတပရိယောသာနာ။

၃။ အနတ္တသညာ ဘိက္ခဝေ ဘာဝိတာ ဗဟုလီကတာ မဟပ္ဖလာ ဟောတိ မဟာနိသံသာ အမတောဂဓာ အမတပရိယောသာနာ။

အင်္ဂုတ္တိုရ်ပါဠိတော်

**တို့မြန်မာဘာသာလို ပြန်ဆိုရန်ကား—**၁။ ဘိက္ခဝေ၊ရဟန်းတို့။ ဘာဝိတာ၊ အနုပဿနာ ပညာမျက်စိဖြင့် မှီဝဲအပ်ပြီးသော။ ဗဟုလီကတာ၊ ဝိပဿနာ ဘာဝနာဉာဏ်ဖြင့် အဖန်ဖန် အထပ်ထပ် စီးဖြန်းအပ်ပြီးသော။ အနိစ္စသညာ၊ ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့၏ အဖန်ဖန်ဖြစ်ပျက်ခြင်းကို အမြဲမရှိပါတကားဟု ကောင်းစွာသိမြင် ဆင်ခြင်ပွား‌များခြင်းသည်။ မဟပ္ဖလာ၊ လောကီ, လောကုတ္တရာ ကျိုးနှစ်ဖြာအား များများကြီးရှိသည်။ ဟောတိ၊ ဖြစ်၏။ မဟာနိသံသာ၊ ပစ္စုပ္ပန်, တမလွန်အား များများကြီး အကျိုးရှိသည်။ ဟောတိ၊ ဖြစ်၏။ အမတောဂဓာ၊ သေခြင်းကင်းရာ အေးချမ်းသာကြည် နိဗ္ဗာန်ပြည်သို့ လျင်မြန်စွာ ရောက်စေတတ်၏။ အမတ ပရိယောသာနာ၊ အေးချမ်းသာကြည် နိဗ္ဗာန်ပြည်သို့ရောက်လျှင် အကျိုးပေးဘို့ အလုံးစုံ အကုန်အဆုံးရှိ၏။

၂။ ဘိက္ခဝေ၊ တို့။ ဘာဝိတာ၊ သော။ ဗဟုလီကတာ၊ သော။ ဒုက္ခသညာ၊ ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့သည် ဥပါဒ်, ဌီ, ဘင် အစဉ်မပြတ် အဖန်ဖန် အထပ်ထပ် အမြဲနှိပ်စက်ခြင်းကို အလွန်ဆင်းရဲပါတကားဟု ကောင်းစွာသိမြင် ဆင်ခြင်မှတ်သားခြင်းသည်။ မဟပ္ဖလာ၊ သည်။ ဟောတိ၊ ၏။ မဟာနိသံသာ၊ သည်။ ဟောတိ၊ ၏။ အမတောဂဓာ၊ ၏။ အမတပရိယောသာနာ၊ ၏။

၃။ ဘိက္ခဝေ၊ တို့။ ဘာဝိတာ၊ သော။ ဗဟုလီကတာ၊ သော။ အနတ္တသညာ၊ ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့သည် ပုဂ္ဂိုလ်၏ အလိုသို့ မလိုက်မှု၍ နဂိုရှိသဘောအတိုင်းဖြစ်ခြင်းကို ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောကျ်ား, မိန်းမ မဟုတ်ပါ တကားဟု ကောင်းစွာ သိမြင် ဆင်ခြင်မှတ်သားခြင်းသည်။ မဟပ္ဖလာ၊ သည်။ ဟောတိ၊ ၏။ မဟာနိသံသာ၊ သည်။ ဟောတိ၊ ၏။ အမတောဂဓာ၊ ၏။ အမတပရိယောသာနာ၊ ၏။

ဤသို့ ဟောကြားတော်မူအပ်သော ဒေသနာတော်နှင့်အညီ ဝေဒီဒွါရဖြင့် ဘာဝိတာ ဗဟုလီကတာ ဖြစ်ရလေအောင် နှုတ်ကဆောင်၍ ပွားများအားထုတ်လိုကြပါမူ အဘယ်လို ပွားရပါမည်နည်း။

ဖြေ နှုတ်ကမြွက်၍ ပွားများအားထုတ်လိုကြပါမူ သီလဆောက်တည်ဆဲအခါ၌ဖြစ်သော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့၏ ကာလသုံးပါး၌ အနိစ္စရောက်မှု, ဒုက္ခရောက်မှု, အနတ္တရောက်မှု အချက်စုတို့ကို ကိုယ်ပိုင်ရှိသောဉာဏ်ဖြင့် ကိုယ်တိုင်မြင်ရအောင် ကြည့်ပြီးလျှင် ငါးပါးသီလ အာဇီဝဋ္ဌမက သီလ, ရှစ်ပါးသီလ ကိုးပါးသီလ, ဆယ်ပါးသီလ စသည် သီလအမျိုးမျိုးရှိရာတို့တွင် မိမိဆောက်တည်သည့် သီလ၏ အမည်ကို ဖော်ထုတ်၍ အောက်ပါအတိုင်း ပွားများ အားထုတ်ရပါသည်။

**ကာလသုံးပါးကို အာရုံပြု၍ မဟာသောတာပန်ဖြစ်ကြောင်း**
**သီလကုသိုလ်ပြုဆဲ အခါ၌ ဝိပဿနာတရား ပွားများပုံကို**

## အကျဉ်းမျှလင်းပြခြင်း

၁။ သီလ ဆောက်တည်ဆဲအခါ၌ ဖြစ်သော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့သည် ယခုအခါသို့ မရောက်မှု၍ ထိုသီလ ဆောက်တည်ဆဲအခါ၌ပင်လျှင် ချုပ်ပျောက်လေသောကြောင့် အနိစ္စ, အနိစ္စ၊ အနိစ္စ, အနိစ္စ။

သီလဆောက်တည်ဆဲအခါ၌ ဖြစ်သော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့သည် ယခုအခါသို့ မရောက်မှု၍ ထိုသီလဆောက်တည်ဆဲအခါ၌ပင်လျှင် ချုပ်ပျောက်သေဆဲ ဆင်းရဲလေသောကြောင့် ဒုက္ခ, ဒုက္ခ၊ ဒုက္ခ, ဒုက္ခ။

သီလဆောက်တည်ဆဲအခါ၌ ဖြစ်သော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့သည် ယခုအခါသို့ မရောက်မူ၍ ထိုသီလဆောက်တည်ဆဲအခါ၌ပင်လျှင် ချုပ်ပျောက် သေကာ နှစ်ဘလာနှင့် လိုရာမကျ အစိုးမရလေသောကြောင့် အနတ္တ, အနတ္တ၊ အနတ္တ, အနတ္တ။

ဤကား ပစ္စုပ္ပန်ကာလ၌ လက္ခဏာယာဉ်သုံးပါး ပွားများပုံတည်း။

၂။ သီလဆောက်တည်ဆဲအခါ၌ ဖြစ်သော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန် တရားတို့သည် ရှေးကလည်း ဘာတခုမျှ မရှိကြကုန်ပြီဖြစ်၍ ချုပ်ပျောက်လေသောကြောင့် အနိစ္စ, အနိစ္စ၊ အနိစ္စ, အနိစ္စ။

သီလဆောက်တည်ဆဲအခါ၌ဖြစ်သော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန် တရားတို့သည် ရှေးကလည်း ဘာတခုမျှ မရှိကြကုန်ပြီဖြစ်၍ ချုပ်ပျောက် သေဆဲ ဆင်းရဲလေသောကြောင့် ဒုက္ခ, ဒုက္ခ၊ ဒုက္ခ, ဒုက္ခ။

သီလဆောက်တည်ဆဲအခါ၌ ဖြစ်သော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန် တရားတို့သည် ရှေးကလည်း ဘာတခုမျှ မရှိကြကုန်ပြီဖြစ်၍ ချုပ်ပျောက်သေကာ နှစ်ဘလာနှင့် လိုရာမကျ အစိုးမရလေသောကြောင့် အနတ္တ, အနတ္တ၊ အနတ္တ, အနတ္တ။

ဤကား အတိတ်ကာလ၌ လက္ခဏာယာဉ်သုံးပါး ပွားများပုံတည်း။

၃။ သီလဆောက်တည်ဆဲအခါ၌ ဖြစ်သော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့သည် နောက်နောင်လည်း ဘာတခုမျှ မရှိကြကုန်မည်ဖြစ်၍ ချုပ်ပျောက်လေသောကြောင့် အနိစ္စ, အနိစ္စ၊ အနိစ္စ, အနိစ္စ။

သီလဆောက်တည်ဆဲအခါ၌ ဖြစ်သော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန် တရားတို့သည် နောက်နောင်လည်း ဘာတခုမျှ မရှိကြကုန်မည်ဖြစ်၍ ချုပ်ပျောက်သေဆဲ ဆင်းရဲလေသောကြောင့် ဒုက္ခ, ဒုက္ခ၊ ဒုက္ခ, ဒုက္ခ။

သီလဆောက်တည်ဆဲအခါ၌ ဖြစ်သော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန် တရားတို့သည် နောက်နောင်လည်း ဘာတခုမျှ မရှိကြ ကုန်မည် ဖြစ်၍

ချုပ်ပျောက်သောကာ နှစ်ဘလာနှင့် လိုရာမကျ အစိုးမရလေသောကြောင့် အနတ္တ, အနတ္တ၊ အနတ္တ, အနတ္တ။

ဤကား အနာဂတ်ကာလ၌ လက္ခဏာယာဉ်သုံးပါး ပွားများပုံတည်း။

## အထူးမှာထား တိုက်တွန်းချက်

မဟာသောတာပန် ဖြစ်ကြောင်း ကောင်းမြတ်သည့် သဘာဝအလျောက် သီလဆောက်တည်ဆဲအခါ၌ ဖြစ်သော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန် တရားထိုက်သော အနိစ္စသဘာဝ, ဒုက္ခသဘာဝ, အနတ္တသဘာဝတို့ကို သမ္မသန ဉာဏ်ဖြင့် လျင်မြန်စွာ ထင်မြင်ပေါက်ရောက် ပြီးသောအခါ ဝိပဿနာပညာ ဉာဏ်ဝိဇ္ဇာတို့အား ကြီးပွား ရင့်သန်လာအောင်—

ဝစသာ သဇ္ဈာယော ဟိ မနသာ သဇ္ဈာယဿ ပစ္စယော ဟောတိ၊
မနသာ သဇ္ဈာယော လက္ခဏ ပဋိဝေဓဿ ပစ္စယော ဟောတိ။
ဝိသုဒ္ဓိမဂ် အဋ္ဌကထာပါဠ်

**တို့မြန်မာဘာသာလို ပြန်ဆိုရန်ကား—** ဟိ-သစ္စံ၊ ထိုစကားသည်မှန်၏။ ဝစသာ၊ နှုတ်ဖြင့်။ သဇ္ဈာယော၊ ပွားများသရဇ္ဈာယ်ရခြင်းသည်။ မနသာ၊ စိတ်ဖြင့်။ သဇ္ဈာယဿ၊ ပွားများသရဇ္ဈာယ် ရခြင်း၏။ ပစ္စယော၊ အကြောင်း သည်။ ဟောတိ၊ ဖြစ်၏။ မနသာ၊ စိတ်ဖြင့်။ သဇ္ဈာယော၊ ပွားများသရဇ္ဈာယ် ရခြင်းသည်။ လက္ခဏပဋိဝေဓဿ၊ အနိစ္စ, ဒုက္ခ,အနတ္တဟု ဆိုအပ်သော လက္ခဏာ ယာဉ်သုံးပါးကို ထိုးထွင်း၍ ထင်မြင်ပေါက်ရောက်ခြင်း၏။ပစ္စယော၊ အကြောင်း သည်။ ဟောတိ၊ ဖြစ်၏။

ဤသို့ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ မိန့်ဆိုတော် မူသည်နှင့်ညီစွာ နှုတ်ရေစိတ်ပါ ပွားများပုံ အဖြာဖြာတို့ကို ဒါနခဏ်းဝယ် အကျယ်အားဖြင့် ရေးသားဟော ကြားခဲ့ပြီး ဖြစ်လေသောကြောင့် ယခုဟောပြသည့် သီလခဏ်းမှာ အကျဉ်း အားဖြင့် ရေးသားလိုက်ရပေသတည်း၊ ၎င်းအကျယ်နည်းနှင့်တကွ ဥဒယဗ္ဗယ ဉာဏ် စသည် အထက်ဉာဏ်ကြီးတို့၏ ဉာဏ်စဉ်တက်ပုံ မဂ္ဂဝီထိဇယားပုံတို့ကိုပါ သိနားလည် လိုကြပါမူ ဒါနခဏ်း၌ ပြဆိုခဲ့ပြီးသော နည်းအမျိုးမျိုးတို့ကို

အထပ်ထပ် အခါခါ ဝီရိယသမိပတိ ပဋ္ဌာန်းတရားကြီးကို ရှေ့ရှုထားပြီးလျှင် ကြည့်ရှုဆင်ခြင်ကြပါလေ သီလပညာဘိ ကုသိုလ်ဖြင့် မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကို ရလိုကြကုန်သော ရဟန်းရှင်လူ ပညာရှိသဘောဖြူတွေတို့။

မဟာသောတာပန်ဖြစ်ကြောင်း သီလဆောက်တည်ဆဲအခါ၌ဖြစ်သော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့၌ နာမရူပပရိစ္ဆေဒ ဉာဏ်စသည် ၁၆-တန်သော ဝိပဿနာဉာဏ်တို့ဖြင့် ပွားများပုံ အတန်တန်တို့သည် ဤမှာတရပ် အပြီး သတ်လိုက်ပေသတည်း။

---

**မဟာသောတာပန်ဖြစ်ကြောင်း ဘာဝနာ ပွားဆဲအခါ၌ဖြစ်သော ခန္ဓာပါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့၌ နာမရူပ ပရိစ္ဆေဒဉာဏ်စသည် ၁၆-တန်သော ဝိပဿနာဉာဏ် အစားစား သဘာဝတရားတို့တွင် နာမရူပ ပရိစ္ဆေဒဉာဏ်ဖြစ်ပုံနှင့် ပစ္စယပရိဂ္ဂဟ ဉာဏ်ဖြစ်ပုံတို့ကို**

## အကျဉ်းမျှလင်းပြခြင်း

**မေး** မဟာသောတာပန် ဖြစ်ကြောင်း သီလပညာဘိကုသိုလ် ပြုဆဲအခါ၌ ဖြစ်သော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့ကို ဝိပဿနာဉာဏ် အစားစား ၁၆-ပါးသော တရားတို့ကို ပေါက်ရောက်အောင် ရှုစားပွားများ ပြီးသည်မှ အခြားမဲ့၌ ဘာဝနာပညာဘိ ကုသိုလ်တရားတို့ကို ပွားများဆဲ အခါ၌ ဖြစ်သော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့၌ နာမရူပ ပရိစ္ဆေဒဉာဏ် စသည် ဝိပဿနာဉာဏ် အစားစား ၁၆-ပါးသော တရားတို့ကို ပေါက်ရောက် အောင် အဘယ်လိုအခါ၌ ရှုစားပွားများရပါသနည်း။

**ဖြေ** ကသိုဏ်း ဆယ်ပါးစသည် ဘာဝနာလေးဆယ်ဟု ဆိုအပ်သော သမထ ဘာဝနာ, နာမရူပပရိစ္ဆေဒဉာဏ်စသည် ဝိပဿနာဉာဏ် ၁၆-ပါး ဖြစ်ပွားမှုဟု ဆိုအပ်သော ဝိပဿနာ ဘာဝနာ ဤဘာဝနာ အစားစားတို့တွင် မိမိပွားများ

လိုသည့် ဘာဝနာများကို ပွားများပြီးလျှင် မိမိသည် ဘာဝနာပွားများသည့် အခါ၌ ရှုစားပွားများရပါသည်။

**မေး** မိမိသည် ဘာဝနာပွားများဆဲ အခါ၌ အဘယ်တရားကို အာရုံပြု၍ ရှုစားပွားများရပါသနည်း။

**ဖြေ** မိမိသည် ဘာဝနာပွားများဆဲ အခါ၌ ဆင်ခြင်၍ ကြည့်လိုက်သည် ရှိသော် ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တည်းဟူသော ပဋ္ဌာန်းတရားတွေ ဖြစ်ပွားပေါ်ပေါက်၍ နေသည်တို့ကို တွေ့မြင်ရလိမ့်မည်၊ ၎င်း တွေ့မြင်ရသော ပဋ္ဌာန်းတရားတို့ကို အာရုံပြု၍ ရှုစားပွားများရပါသည်။

**မေး** မိမိကိုယ်မှာ ဘာဝနာ ပွားဆဲအခါ၌ ဖြစ်သော ခန္ဓာငါးပါး ဟေတု ပစ္စည်း ပစ္စယုပ္ပန်ထိုက်သော ပဋ္ဌာန်းတရားတို့ကို တွေ့မြင်ခြင်းငှါ အလိုရှိကြပါ ကုန်၏လော။

**ဖြေ** ၎င်း ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်ထိုက်သော ပဋ္ဌာန်းတရားတို့ကို တွေ့မြင်ခြင်းငှါ အလိုရှိကြပါကုန်သည်ဘုရား။

**မေး** ၎င်း ပဋ္ဌာန်းတရားတို့ကို တွေ့မြင်ခြင်းငှါ အလိုရှိကြကုန်သော ယောဂီ ပုဂ္ဂိုလ်တို့သည် သမထဘာဝနာ, ဝိပဿနာဘာဝနာ နှစ်မျိုးတို့တွင် မိမိသည် အလိုရှိအပ်သော သပ္ပါယဖြစ်သော ဘာဝနာကို မခိုမကပ် အသားပြတ်ပြတ် အရေစုတ်စုတ် နောက်မဆုတ်ဘဲ ဘာဝနာ အလုပ်ကို အားထုတ်ကြသည် မဟုတ်ပါလော။

**ဖြေ** မိမိသည် အလိုရှိအပ်သော သပ္ပါယဖြစ်သော ဘာဝနာကို ပွားများ အားထုတ်ပါသည်ဘုရား။

**မေး** ၎င်း ဘာဝနာကို ပွားများသော ယောဂီပုဂ္ဂိုလ်တို့သည် လောကီ စည်းစိမ် ချမ်းသာကို မလိုချင်မူ၍ သူတပါးကို မပြစ်မှားဘဲ မေတ္တာတရား ရှေ့ရှုထား၍ ကံ, ကံ၏ အကျိုးကို ရုပ်ကို နာမ်ကို သိ၍ ပွားများသော အခါ၌ ဟိတ်ဘယ်နှစ်ပါး ဖြစ်ပေါ်ပါသနည်း၊ ဝါ- အကြောင်း ဘယ်နှစ်ပါး ဖြစ်ပါ သနည်း။

ဖြေ ၎င်း ဘာဝနာကို ပွားများဆဲအခါ၌ အလောဘဟိတ် မလိုချင်သည့် အကြောင်း, အဒေါသဟိတ် မပြစ်မှားသည့် အကြောင်း, အမောဟဟိတ် မတွေဝေသည့် အကြောင်းဟူ၍ ဟိတ်သုံးပါးဖြစ်ပါသည်၊ ဝါ-အကြောင်းသုံးပါး ဖြစ်ပါသည်။

မေး ၎င်း ဟိတ်သုံးပါး, ဝါ-အကြောင်းသုံးပါးကြောင့် ဘာဝနာပွားများဆဲ အခါ၌ အဘယ် တရားတို့သည် ဖြစ်ပေါ်ပါသနည်း။

ဖြေ ၎င်း ဘာဝနာ ပွားများဆဲအခါ၌ စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်အစု သည် ရူပက္ခန္ဓာ၊ခံစားမှု ဝေဒနာအစုသည် ဝေဒနာက္ခန္ဓာ၊မှတ်သားမှု သညာအစု သည် သညာက္ခန္ဓာ၊ စေ့ဆော်ကြောင့်ကြမှု စေတနာ အစုသည် သင်္ခါရက္ခန္ဓာ၊ ဘာဝနာ ကုသိုလ်စိတ် အစုသည် ဝိညာဏက္ခန္ဓာအားဖြင့် ခန္ဓာငါးပါးဟု ဆိုအပ်သော ပစ္စယုပ္ပန်တရားတို့သည်၊ ဝါ-အကျိုးတရားတို့သည် ဖြစ်ပေါ်၍ လာပါသည်။

မေး ဘာဝနာပွားများဆဲ အခါ၌ဖြစ်သော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့သည် ပုဂ္ဂိုလ်, သတ္တဝါ, အတ္တ, ဇီဝ မဟုတ်ကုန်၊ ပဋ္ဌာန်း တရားသာ ဟုတ်ကုန်၏၊ ၎င်း ပဋ္ဌာန်းတရားတို့သည် ပရမတ်တရား ဖြစ်ပါ သလော, ပညတ်တရား ဖြစ်ပါသလော။

ဖြေ ပုဂ္ဂိုလ်, သတ္တဝါ, အတ္တ, ဇီဝ မဟုတ်သော ၎င်း ပဋ္ဌာန်းတရားတို့သည် ပရမတ်တရား ဖြစ်ပါသည်။

မေး အဘယ့်ကြောင့် ပရမတ် ခေါ်ပါသနည်း။

ဖြေ မဘောက်မပြန် မြတ်သောကြောင့် ပရမတ် ခေါ်ပါသည်။

မေး ၎င်း ပရမတ်တရားသည် မည်သူတို့ ဉာဏ်၏ ကျက်စားရာ အာရုံ ဖြစ်ပါသနည်း။

ဖြေ ၎င်း ပရမတ်တရားသည် မြတ်သော ဘုရား, ပစ္စေကဗုဒ္ဓါ, အရိယာ သာဝကတို့ဉာဏ်၏ ကျက်စားရာ အာရုံဖြစ်ပါသည်။

ဤကား ဘာဝနာပွားများဆဲအခါ၌ နာမရူပပရိစ္ဆေဒဉာဏ် ဖြစ်ပုံတည်း။

မေး မြတ်သောဘုရား,ပစ္စေကဗုဒ္ဓါ,အရိယာသာဝကတို့ညာဏ်၏ ကျက်စားရာ အာရုံဖြစ်သော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်ထိုက်သော ပဌာန်းတရား ဟု ဆိုအပ်သော ပရမတ်တရားတို့သည် ထာဝရဘုရားစသည်တို့ ဖန်ဆင်းလို့ ဖြစ်သည် မဟုတ်ကုန်၊ အကြောင်းကြောင့်ဖြစ်သည့် အကျိုးတရားသာ ဟုတ်ကုန်၏၊ ၎င်းအကျိုးတရားတို့သည် အကြောင်းတရား မည်မျှရှိပါသနည်း။

ဖြေ အလောဘဟိတ်, အဒေါသဟိတ်, အမောဟဟိတ် ဟူ၍ အကြောင်း ပစ္စည်းတရား သုံးပါးရှိပါသည်။

ဤကား ဘာဝနာပွားများဆဲအခါ၌ ပစ္စယပရိဂ္ဂဟညာဏ် ဖြစ်ပုံတည်း။

## မဟာသောတာပန် ဖြစ်ကြောင်း ဘာဝနာပွားများဆဲအခါ၌ သမ္မသနညာဏ်စသည် ဝိပဿနာညာဏ်အစားစားတို့၏ ပွားများပုံကို အကျဉ်းမျှလင်းပြခြင်း

မေး ဘာဝနာ ပွားများဆဲ အခါ၌ အလောဘဟိတ်, အဒေါသဟိတ်, အမောဟဟိတ်ဟု ဆိုအပ်သော အကြောင်းတရား သုံးပါးကြောင့် ဖြစ်ပေါ်လာသော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်ထိုက်သော ပဌာန်းတရားတို့သည် စာထဲမှာသာ ရှိတာမဟုတ် သူငါတို့၏ အတွင်းသားထဲမှာ ရှိတဲ့ တရားမျိုးဖြစ်၍ ငါ့ပဌာန်း အစစ်ဖြစ်၏၊ တနည်းအားဖြင့်လည်း ၎င်း ပဌာန်းတရားတို့သည် ထာဝရဘုရား စသည် မည်သူတဦးတယောက်မျှ မဖန်ဆင်းရဘဲ သူ့သဘာဝ အတိုင်း သူဖြစ်ပေါ်သော တရားမျိုးဖြစ်၍ သဘာဝဓမ္မ ပဌာန်းအစစ်ဖြစ်၏၊ သို့ဖြစ်၍ ငါ့ပဌာန်းဟု ဆိုအပ်သော ၎င်း သဘာဝဓမ္မ ပဌာန်းတရားတို့သည် တသက်ပတ်လုံး မတည်နိုင်ရာ၊ တသက်ပတ်လုံး တည်နိုင်မှာဝေးစွ ဘာဝနာ ပုညာဘိကုသိုလ် ပွားများဆဲအခါ၌ ဖြစ်သော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန် တည်းဟူသော သဘာဝတရားတို့သည် ယခုအခါသို့တိုင်အောင် ရှိပါ သေး၏လော၊ ဘယ်ရောက်သွားပါသနည်း။

ဖြေ ၎င်း ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့သည် ယခုအခါသို့ တိုင်အောင် မရှိတော့ပါ၊ ပျောက်,ပျက်မရှိ အနိစ္စရောက်သွားပါသည်။

မေး ၎င်း ပျောက်,ပျက်မရှိ အနိစ္စရောက်သွားကြသော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့သည် ချမ်းသာမရှိ ဒုက္ခအတိသာ ဖြစ်ကုန်၏၊ ၎င်း အနိစ္စအတိ ဒုက္ခအတိသို့ ရောက်ကြပါသော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့သည် အနှစ်မတိုး အစိုးမရ အလိုသို့ မလိုက်ကြ၍ အနတ္တအတိသာ ကေန် ဖြစ်ကြကုန်၏၊ ဤသို့ ဖြစ်ကြ၍ ဘာဝနာ ပွားများစဉ်အခါ မဟာ သောတာပန် ဖြစ်လိုပါ၍ ကာလသုံးပါး၌ဖြစ်သော ဟေတုပစ္စည်း ပစ္စယုပ္ပန် တရားတို့၏ အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာ, အနတ္တလက္ခဏာတို့ကို သမ္မသန ဉာဏ်စသည် ဝိပဿနာဉာဏ် အစားစားတို့ဖြင့် စိတ်ရှေးရှုတ်ပါ ပွားများလိုကြ ပါမူ အဘယ်လို ပွားများရပါမည်နည်း။

ဖြေ ဘာဝနာ ပွားများစဉ်အခါ မဟာသောတာပန် ဖြစ်လိုပါ၍ ကာလ သုံးပါး၌ ဖြစ်သော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့၏ အနိစ္စ အချက်, ဒုက္ခအချက်, အနတ္တအချက်တို့ကို သမ္မသနဉာဏ်စသည် ဝိပဿနာဉာဏ် အစားစားတို့ဖြင့် စိတ်ရှေးရှုတ်ပါ ပွားများလိုကြပါမူ ဝိပဿနာပညာ ဉာဏ် ဝိဇ္ဇာဖြင့် မိမိကိုယ်တွင် သဘာဝဓမ္မကို ထင်မြင်လာအောင် ကြည့်ပြီးလျှင် သမထဘာဝနာ အစားစား ဝိပဿနာဘာဝနာ အစားစားတို့တွင် မိမိအား ထုတ်ထားသည့် ဘာဝနာတရား၏ အမည်နာမကို အောက်၌ ပွားများပုံ စကား ရပ်၏ အတွင်းသို့ ထည့်သွင်း၍ ဥပမာ- ဗုဒ္ဓါနုဿတိဘာဝနာကို အားထုတ်မူ ဗုဒ္ဓါနုဿတိ ဘာဝနာကို ပွားများဆဲအခါ၌ ဖြစ်သော, မေတ္တာဘာဝနာကို အားထုတ်မူ မေတ္တာဘာဝနာကို ပွားများဆဲအခါ၌ဖြစ်သော စသည်ဖြင့် ထည့်၍ ပွားများရပါသည်။

**ကာလသုံးပါးကို အာရုံပြု၍ မဟာသောတာပန်ဖြစ်ကြောင်း ဘာဝနာ ကုသိုလ်ကို ပွားများဆဲအခါ၌ ဝိပဿနာတရား ပွာ များပုံကို**

## အကျဉ်းမျှ လင်းပြခြင်း

၁ ဘာဝနာ ပွားများဆဲအခါ၌ ဖြစ်သော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့သည် ယခုအခါသို့ မရောက်မူ၍ ထိုဘာဝနာ ပွားများဆဲ အခါ၌ပင်လျှင် ချုပ်ပျောက်လေသောကြောင့် အနိစ္စ, အနိစ္စ၊ အနိစ္စ, အနိစ္စ။

ချုပ်ပျောက်သေဆဲ ဆင်းရဲလေသောကြောင့် ဒုက္ခ, ဒုက္ခ၊ ဒုက္ခ, ဒုက္ခ။

ချုပ်ပျောက်သေကာ နှစ်ဘလာနှင့် လိုရာမကျ အစိုးမရလေသောကြောင့် အနတ္တ, အနတ္တ၊ အနတ္တ, အနတ္တ။

ဤကား ပစ္စုပ္ပန်ကာလ၌ လက္ခဏာယာဉ်သုံးပါး ပွားများပုံတည်း။

၂ ဘာဝနာ ပွားများဆဲအခါ၌ ဖြစ်သော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန် တရားတို့သည် ရှေးကလည်း ဘာတခုမျှ မရှိကြကုန်ပြီဖြစ်၍ ချုပ်ပျောက်လေသောကြောင့် အနိစ္စ, အနိစ္စ၊ အနိစ္စ, အနိစ္စ။

ချုပ်ပျောက်သေဆဲ ဆင်းရဲလေသောကြောင့် ဒုက္ခ, ဒုက္ခ၊ ဒုက္ခ, ဒုက္ခ။

ချုပ်ပျောက်သေကာ နှစ်ဘလာနှင့် လိုရာမကျ အစိုးမရလေသောကြောင့် အနတ္တ, အနတ္တ၊ အနတ္တ, အနတ္တ။

ဤကား အတိတ်ကာလ၌ လက္ခဏာယာဉ်သုံးပါး ပွားများပုံတည်း။

၃ ဘာဝနာ ပွားများဆဲအခါ၌ ဖြစ်သော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့သည် နောက်နောင်လည်း ဘာတခုမျှ မရှိကြကုန်မည်ဖြစ်၍ ချုပ်ပျောက်လေသောကြောင့် အနိစ္စ, အနိစ္စ၊ အနိစ္စ, အနိစ္စ။

ချုပ်ပျောက်သေဆဲ ဆင်းရဲလေသောကြောင့် ဒုက္ခ, ဒုက္ခ၊ ဒုက္ခ, ဒုက္ခ။

ချုပ်ပျောက်သေကာ နှစ်ဘလာနှင့် လိုရာမကျ အစိုးမရလေသောကြောင့် အနတ္တ, အနတ္တ၊ အနတ္တ, အနတ္တ။

ဤကား အနာဂတ်ကာလ၌ လက္ခဏာယာဉ်သုံးပါး ပွားများပုံတည်း။

**အထူးမှာထားချက်** ဝိပဿနာပွားများပုံမှာ ဒါနခဏ်း, သီလခဏ်းတို့၌ ပေါ်လွင် ထင်ရှားအောင် ရေးသား ဟောကြားခဲ့ပြီးဖြစ်၍ ဤဘာဝနာခဏ်းမှ နောက်၌ ဝိပဿနာတရား ပွားများပုံ အစားစားတို့ကို လိုရင်းစကား အကျဉ်းအားဖြင့်သာ ရေးသား ဟောကြားတော့မည် ဖြစ်၍ ရှေး၌ ဟောကြားခဲ့ပြီးသော ပွားများပုံ အကျယ်နည်းတို့ကို ဝိပဿနာအစဉ်မှီး၍

မိမိအားထုတ်ခဲ့ပြီးသည့် ဘာဝနာ၏ အမည်ကို ထည့်ပြီးလျှင် ပွားများကြ
ပါလေ ဘာဝနာပုညာဘိကုသိုလ်ဖြင့် မဟာသောတာပန်အဖြစ်သို့ ရောက်
လိုကြကုန်သော ယောဂီဖြူအပေါင်း သူတော်ကောင်းတွေတို့။

ကာလသုံးပါးကို အာရုံပြု၍ မဟာသောတာပန်ဖြစ်ကြောင်း ဘာဝနာ
ကုသိုလ်ကို ပွားများဆဲအခါ၌ ဝိပဿနာတရား ပွားများပုံ
တို့ကို အကျဉ်းမျှ လင်းပြခြင်း ပြီး၏။

---

**မဟာသောတာပန်ဖြစ်ကြောင်း အပစာယန, ဝေယျာဝစ္စ**
**စသည် အကြွင်း ပုညကြိယာ ၇-ပါးတို့ကို ပြုဆဲအခါ၌ဖြစ်သော ခန္ဓာငါးပါး**
**ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့၌ နာမရူပပရိစ္ဆေဒဉာဏ် စသည်**
**၁၆-တန်သော ဝိပဿနာဉာဏ် အစားစားတို့တွင်**
**နာမရူပပရိစ္ဆေဒဉာဏ် သမ္မသနဉာဏ်**

## ဖြစ်ပုံကို အကျဉ်းမျှ လင်းပြခြင်း

**မေး** မဟာသောတာပန်ဖြစ်ကြောင်း ဘာဝနာပုညာဘိ ကုသိုလ်ကို ပြုဆဲ အခါ၌ ဖြစ်ပျက်၍နေသော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့၌ ဖြစ်ပျက်, ဖြစ်ပျက်ဟူ၍ ဝိပဿနာဉာဏ်အစားစား ၁၆-ပါးသော တရားတို့ကို ပေါက်ရောက်အောင် ရှုစားပွားများပြီးသည်မှ အခြားမဲ့၌ အပစာယနပုညာဘိ ကုသိုလ်, ဝေယျာဝစ္စပုညာဘိကုသိုလ်, ပတ္တိဒါနပုညာဘိကုသိုလ်, ပတ္တာနုမောဒနပုညာဘိကုသိုလ်, ဓမ္မသဝနပုညာဘိကုသိုလ်, ဓမ္မဒေသနာပုညာဘိကုသိုလ်, ဒိဋ္ဌိဇုကမ္မတာပုညာဘိကုသိုလ်တို့ကို ပြုဆဲအခါ၌ ဖြစ်ပျက်၍နေသော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့၌ နာမရူပ ပရိစ္ဆေဒ ဉာဏ်စသည် ဝိပဿနာဉာဏ် အစားစား ၁၆ ပါးသော တရားတို့ကို ပေါက်ရောက်အောင် အဘယ်လိုအခါ၌ အဘယ်လိုတရားကို အာရုံပြု၍ ပွားများရပါမည်နည်း။

**ဖြေ** (၁) ရတနာသုံးပါး ဆရာသမား အမိအဘစသည် အသက်ကြီးသောသူ ဂုဏ်ကြီးသော သူတို့ကို လက်အုပ်ချီမိုး ရှိခိုးပူဇော်ခြင်းစသည် ကိုယ်အမှု နှုတ်အမှုတို့ဖြင့် အရိုအသေ အလေးအမြတ်ပြုခြင်းသည် အပစာယန ကုသိုလ်မည်၏။

(၂) ရတနာသုံးပါး ဆရာသမား အမိအဘစသည် အသက်ကြီးသောသူ ဂုဏ်ကြီးသော သူတို့၏ ဌာနၝ တံမြက်လှည်းခြင်း, ပန်းမှုက်သွန်ခြင်း, ခြေဆုပ် လက်နယ်ပြုခြင်း, မျက်သစ်တံပူပေးခြင်း, သပိတ်သင်္ကန်း လှမ်းယူခြင်း, ချေး တွန်းခြင်း, သင်္ကန်းလျှော်ခြင်း, အဝတ်ပုဆိုး, ထမိ, အင်္ကျီ, ပုဝါလျှော်ပေးခြင်း စသည် အမှုကြီးငယ်တို့ကို ပြုခြင်းသည် ဝေယျာဝစ္စ ကုသိုလ်မည်၏။

(၃) မိမိသည် တတ်အားသမျှ ဒါန, သီလ, ဘာဝနာစသည် ပုညာဘိ ကုသိုလ်ဆယ်ပါးတို့တွင် တပါးပါးကို ပြုပြီးသောအခါတို့၌ လူ, နတ် စသည် သတ္တဝါအပေါင်းတို့အား ငါတို့နှင့် ထပ်တူ, ထပ်မျှ ဤကုသိုလ်၏ အဘို့ဘာဂကို အမျှရကြ၍ ချမ်းသာကြသည် ဖြစ်စေသောဝ်ဟု မေတ္တာနှင့်ကရုဏာကို ရှေ့ထား ပြီးလျှင် အမျှဝေခြင်းသည် ပတ္တိဒါန ကုသိုလ်မည်၏။

(၄) သူတပါးသည် ပြုအပ်ပြီးသော ဒါန, သီလ, ဘာဝနာစသည် ပုညာဘိ ကုသိုလ်တရား ဆယ်ပါးတို့၌ မိမိသည် ပြုရဘိသကဲ့သို့ ဝမ်းမြောက်နှမော် သာဓု ခေါ်ခြင်းသည် ပတ္တာနုမောဒန ကုသိုလ်မည်၏။

(၅) သူတပါးသည် တတ်အားသမျှ ဟောပြဆုံးမအပ်သော သုတ်,ဝိနည်း, အဘိဓမ္မာဟု ဆိုအပ်သော တရားတို့ကို ရိုသေလေးမြတ်စွာ နာကြား မှတ်သား ခြင်းသည် ဓမ္မသဝန ကုသိုလ်မည်၏။

(၆) မိမိသည် တတ်အားသမျှ သုတ်, ဝိနည်း, အဘိဓမ္မာဟု ဆိုအပ်သော တရားတော်တို့ကို ဟောကြားပြသ သွန်သင်ဆုံးမခြင်းသည် ဓမ္မဒေသနာကုသိုလ် မည်၏။

(၇) ဒါန, သီလအစ ဓမ္မသဝန, ဓမ္မဒေသနာ အဆုံးရှိသော ပုညကြိယာ ၉-ပါး ကုသိုလ်တရားတို့ကို ဝဋ်မှထွက်မြောက်အောင် မဆုတ်မနစ်သော စိတ် ဓာတ်ဖြင့် ပွားများအားထုတ် လိုက်ကြသည်ရှိသော် ဧကန်မုချ ဝဋ်ဒုက္ခမှ လွတ်မြောက်ကြရလတ္တံ့ဟု ဖြောင့်မတ်စွာ အယူကိုယူ၍ ပြုခြင်းသည် ဒိဋ္ဌိဇုကမ္မ ကုသိုလ်မည်၏။

ဤကုသိုလ်တရား ၇-ပါးတို့ကို လူ, နတ်, ဗြဟ္မာ စသည် လောကီချမ်းသာ တို့၌ မတပ် မနှစ်သက်မူ၍ သူတပါးတို့ကို မပြစ်မှားမူ၍ ကံ, ကံ၏ အကျိုး၌

ခန္ဓာငါးပါး ရုပ်နာမ်တရား၌ မတွေ့မဝေမူ၍ မိမိသည် ပြုစု အားထုတ်ဆဲအခါ၌ ခန္ဓာကိုယ်အတွင်းသို့ ဉာဏ်သွင်း၍ ကြည့်လိုက်သည်ရှိသော် လူ့နတ် စသည် လောကီအာရုံ ကာမဂုဏ်ချမ်းသာတို့ကို မလိုချင်မူ၍ ပြုခြင်းသည် အလောဘ ဟိတ်, မလိုချင်သည့်အကြောင်း ဖြစ်၏၊ သူတပါးတို့ကို မပြစ်မှားဘဲ မေတ္တာ တရားကို ရှေးရှုထား၍ ပြုခြင်းသည် အဒေါသဟိတ်, မပြစ်မှားသည့်အကြောင်း ဖြစ်၏၊ ကံ,ကံ၏ အကျိုးကို ခန္ဓာငါးပါး ရုပ်နာမ်တရားကို မတွေ့မဝေဘဲ အသိဉာဏ်တရား ရှေးရှုထား၍ ပြုခြင်းသည် အမောဟဟိတ်, မတွေ့မဝေသည့် အကြောင်း ဖြစ်၏။

၎င်း ဟိတ်သုံးပါး အကြောင်းပစ္စည်းတရားကြောင့် အပစာယန, ဝေယျာ ဝစ္စ အစရှိသော ပုညကြိယာ ၇-ပါးတို့ကို ပြုစု အားထုတ်ဆဲအခါ၌ စိတ္တဇရုပ် အစုသည် ရူပက္ခန္ဓာမည်၏၊ ခံစားမှု ဝေဒနာအစုသည် ဝေဒနာက္ခန္ဓာ မည်၏၊ မှတ်သားမှု သညာအစုသည် သညာက္ခန္ဓာ မည်၏၊ စေ့ဆော် ကြောင့်ကြမှု စေတနာအစုသည် သင်္ခါရက္ခန္ဓာ မည်၏၊ ၎င်း ပုညကြိယာ ၇-ပါးဟု ဆိုအပ် သော ကုသိုလ်စိတ်အစုသည် ဝိညာဏက္ခန္ဓာ မည်၏၊ ဤခန္ဓာငါးပါး အကျိုး ပစ္စယုပ္ပန်တရားတို့သည် ဖြစ်ပေါ်၍လာကုန်၏၊ ထိုသို့ ဖြစ်ပေါ်၍ လာကြကုန် သော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့သည် ပုဂ္ဂိုလ်, သတ္တဝါ, အတ္တ, ဇီဝ မဟုတ်ကုန်၊ ပဋ္ဌာန်းတရားသာ ဟုတ်ကုန်၏၊ ၎င်း ပဋ္ဌာန်းတရားတို့ သည် ပညတ်နှင့်မစပ် ၎င်းပညတ်မှ အသီးထုတ်အပ်သည့် ဆတ်ဆတ်သော ပရမတ်သာ ဖြစ်ကုန်၏၊ သို့ဖြစ်၍ အပစာယနစသည် ၇-ပါး ပုညကြိယာတရား တို့ကို ပြုဆဲအခါ၌ ဖြစ်ပေါ်လာသော ပရမတ်တရားတွေကိုသာ အာရုံပြုပြီး လျှင် ဖြစ်ပျက်, ဖြစ်ပျက်ဟု ဝိပဿနာတရား ပွားများ၍ ရှုစားရပါသည်။

**မေး** ၎င်း ပရမတ်တရားတွေသည် မည်သူတို့ ဉာဏ်၏ ကျက်စားရာ အာရုံ ဖြစ်ပါသနည်း။

**ဖြေ** ၎င်း ပရမတ်တရားတွေသည် မြတ်သောဘုရား, ပစ္စေကဗုဒ္ဓါ, အရိယာ သာဝကတို့ဉာဏ်၏ ကျက်စားရာ အာရုံဖြစ်ပါသည်။

ဤကား အပစာယန စသည် ပုညာဘိကုသိုလ်တို့ကို ပြုဆဲအခါ၌
နာမရူပ ပရိစ္ဆေဒဉာဏ် ဖြစ်ပုံတည်း။

မေး မြတ်သောဘုရား, ပစ္စေကဗုဒ္ဓါ, အရိယာသာဝကတို့ညာဏ်၏ ကျက်စားရာ အာရုံဖြစ်သော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်ထိုက်သော ပဌာန်းတရားဟု ဆိုအပ်သော ပရမတ္ထတရားတို့သည် ထာဝရဘုရား စသည် တန်ခိုးကြီးသော ပုဂ္ဂိုလ်တို့ ဖန်ဆင်းလို့ ဖြစ်သည်မဟုတ်ကုန်၊ အကြောင်းကြောင့်ဖြစ်သည့် ခန္ဓာငါးပါး အကျိုးပစ္စယုပ္ပန်တရားတို့သာ ဟုတ်ကုန်၏၊ ၎င်း အကျိုးပစ္စယုပ္ပန်တရားတို့သည် အကြောင်းတရား မည်မျှရှိပါသနည်း။

ဖြေ ၁-အလောဘဟိတ် မလိုချင်သည့်အကြောင်း၊ ၂-အဒေါသဟိတ် မပြစ်မှားသည့်အကြောင်း၊ ၃-အမောဟဟိတ် မတွေမဝေသည့်အကြောင်း ဟူ၍ အကြောင်းပစ္စည်းတရား ၃-ပါး ရှိပါသည်။

ဤကား အပစာယနစသည် ပုညာဘိကုသိုလ်ကို ပြုဆဲအခါ၌ ပစ္စယပရိဂ္ဂဟညာဏ် ဖြစ်ပုံပါတည်း။

**မဟာသောတာပန် ဖြစ်ကြောင်း အပစာယနစသည် ပုညကြိယာ ၇-ပါးတို့၌ သမ္မသနညာဏ်စသည် ညာဏ်အစားစားတို့၏ ပွားများပုံကို**

## အကျဉ်းမျှ လင်းပြခြင်း

မေး အပစာယနစသည် ပုညကြိယာ ၇-ပါးတို့ကို ပြုဆဲအခါ၌ အလောဘ, အဒေါသ, အမောဟဟု ဆိုအပ်သော ဟိတ်သုံးပါး အကြောင်းတရားတို့ကြောင့် ဖြစ်ပေါ်လာသော ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ဟု ဆိုအပ်သော ခန္ဓာငါးပါး ဟေတုအကျိုး ပစ္စယုပ္ပန်ထိုက်သော ပဌာန်းတရားတို့သည် သူ, ငါ တို့၏အတွင်းမှာ ဖြစ်ပေါ်လာသည့် တရားမျိုးဖြစ်၍ ငါပဌာန်းအစစ် ကေန် ဖြစ်ကုန်၏၊ တနည်းအားဖြင့်လည်း ၎င်း ပဌာန်းတရားတို့သည် မည်သူ တဦး တယောက်မျှ မဖန်ဆင်းရပါဘဲ သူ့သဘာဝအတိုင်း သူဖြစ်ပေါ်၍ လာသော တရားမျိုးဖြစ်၍ သဘာဝဓမ္မ ပဌာန်းအစစ် ကေန်ဖြစ်၏၊ သို့ဖြစ်၍ ၎င်း ပဌာန်းတရားတို့သည် တသက်ပတ်လုံး မတည်နိုင်ရာ၊ တည်နိုင်မှာဝေးစွ အပစာယနစသည် ပုညကြိယာ ၇-ပါး ကုသိုလ်တရားတို့ကို ပြုစုအားထုတ်ဆဲ အခါ၌ ဖြစ်သော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်ထိုက်သော သဘာဝဓမ္မ ပဌာန်း

တရားတို့သည် ယခုအခါသို့တိုင်အောင် ရှိပါသေး၏လော, အဘယ်ရောက်သွားပါသနည်း။

**ဖြေ** ၎င်း ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်ထိုက်သော သဘာဝဓမ္မပဋ္ဌာန်းတရားတို့သည် ယခုအခါသို့တိုင်အောင် မပါမရှိတော့ပါ၊ ကုသိုလ်ပြုဆဲအခါ၌ပင်လျှင် ပျောက်, ပျက်, မရှိ အနိစ္စရောက်သွားပါသည်။

**မေး** ၎င်း ပျောက်, ပျက်, မရှိ အနိစ္စ ရောက်ကြသော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့သည် ချမ်းသာမရှိ ဒုက္ခအတိသာ ဖြစ်ကြကုန်၏၊ ၎င်း ဒုက္ခအတိ, အနိစ္စအတိသို့ ရောက်ရှိကြပါသော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့သည် အနှစ်မတိုး, အစိုးမရ, အလိုသို့မပါ၍ အနတ္တ အတိသာ ကေန်ဖြစ်ကြကုန်၏၊ သို့ဖြစ်၍ အပစာယနစသည် ပုညကြိယာ ၇-ပါး ကုသိုလ်တရားတို့ကို ပြုသောအခါ၌ မဟာသောတာပန် ဖြစ်လိုပါ၍ ကာလသုံးပါး၌ ဖြစ်ပျက်၍နေသော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့၏ အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာ, အနတ္တလက္ခဏာတို့ကို သမ္မသနဉာဏ်စသည် ဖြစ်ပျက်မှု ဝိပဿနာဉာဏ် အစားစားတို့ဖြင့် တဆင့်ထက်တဆင့် ရင့်သန်အောင် စိတ်ရှေ့နှုတ်ပါ ပွားများလိုကြပါမူ အဘယ်လို ပွားများရပါမည်နည်း။

**ဖြေ** အပစာယနစသည် ပုညကြိယာ ၇-ပါး ကုသိုလ်တရားတို့ကို ပြုကြစဉ်အခါ မဟာသောတာပန် ဖြစ်လိုပါ၍ ကာလ ၃-ပါးတို့၌ ဖြစ်ပျက်၍နေသော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့၏ အနိစ္စအချက်, ဒုက္ခအချက်, အနတ္တအချက်တို့ကို သမ္မသနဉာဏ်စသည် ဖြစ်ပျက်မှု ဝိပဿနာဉာဏ် အစားစားတို့ဖြင့် စိတ်ရှေ့နှုတ်ပါ ထင်မြင်အောင် ပွားများလိုကြပါမူ ဖြစ်ပျက်မှု ဝိပဿနာပညာ, ဉာဏ်ဝိဇ္ဇာဖြင့် မိမိကိုယ်တွင် သဘာဝအချက်ကို ထင်မြင်အောင်ကြည့်ပြီးလျှင် အပစာယနပုညာဘိ ကုသိုလ်အစားစား ဝေယျာဝစ္စ ပုညာဘိကုသိုလ်စသည် ပုညာဘိကုသိုလ် အစားစားတို့တွင် မိမိပြုသည့် ပုညာဘိကုသိုလ်၏ အမည်ကို ဖြည့်စွက်၍ ဥပမာ ရတနာသုံးပါးကို ရှိခိုးသောအခါ၌ တံမြက်လှည်းသောအခါ၌ သာဓုခေါ်သောအခါ၌ တရားနာသောအခါ၌ တရားဟော

သောအခါ၌ စသည် ဖြည့်စွက်၍ အောက်ပါ ရေးသားထားသည့် အတိုင်း ပွားများ အားထုတ်ရပါသည်။

**ကာလသုံးပါးကို အာရုံပြု၍ မဟာသောတာပန်ဖြစ်ကြောင်း အပစာယန ကုသိုလ်ကို ပြုဆဲအခါ၌ ဝိပဿနာတရား ပွားများပုံကို**

## အကျဉ်းမျှ လင်းပြခြင်း

၁ အပစာယနကုသိုလ်ကို ပြုဆဲအခါ၌ ဖြစ်သော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့သည် ယခုအခါသို့ မရောက်မူ၍ ထိုအပစာယနကုသိုလ်ကို ပြုဆဲအခါ၌ပင်လျှင် ချုပ်ပျောက်လေသောကြောင့် အနိစ္စ,အနိစ္စ၊အနိစ္စ,အနိစ္စ။

ချုပ်ပျောက်သေဆဲ ဆင်းရဲလေသောကြောင့် ဒုက္ခ, ဒုက္ခ၊ ဒုက္ခ, ဒုက္ခ။

ချုပ်ပျောက်သေကာ နှစ်ဘလာနှင့် လိုရာမကျ အစိုးမရလေသောကြောင့် အနတ္တ, အနတ္တ၊ အနတ္တ, အနတ္တ။

ဤကား ပစ္စုပ္ပန်ကာလ၌ ဝိပဿနာတရား ပွားများပုံတည်း။

၂ အပစာယနကုသိုလ်ကို ပြုဆဲအခါ၌ဖြစ်သော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့သည် ရှေးကလည်း ဘာတခုမျှ မရှိကြကုန်ပြီဖြစ်၍ ချုပ်, ပျောက်လေသောကြောင့် အနိစ္စ, အနိစ္စ၊ အနိစ္စ, အနိစ္စ။

ချုပ်ပျောက်သေဆဲ ဆင်းရဲလေသောကြောင့် ဒုက္ခ, ဒုက္ခ၊ ဒုက္ခ, ဒုက္ခ။

ချုပ်ပျောက်သေကာ နှစ်ဘလာနှင့် လိုရာမကျ အစိုးမရလေသောကြောင့် အနတ္တ, အနတ္တ၊ အနတ္တ, အနတ္တ။

ဤကား အတိတ်ကာလ၌ ဝိပဿနာတရား ပွားများပုံတည်း။

၃ အပစာယနကုသိုလ်ကို ပြုဆဲအခါ၌ဖြစ်သော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့သည် နောက်နောင်လည်း ဘာတခုမျှ မရှိကြကုန်မည်ဖြစ်၍ ချုပ်ပျောက်လေသောကြောင့် အနိစ္စ, အနိစ္စ၊ အနိစ္စ, အနိစ္စ။

ချုပ်ပျောက်သေဆဲ ဆင်းရဲလေသောကြောင့် ဒုက္ခ, ဒုက္ခ၊ ဒုက္ခ, ဒုက္ခ။

ချုပ်ပျောက်သောကာ နှစ်ဘလာနှင့် လိုရာမကျ အစိုးမရလေသောကြောင့် အနတ္တ, အနတ္တ၊ အနတ္တ, အနတ္တ။

ဤကား အနာဂတ်ကာလ၌ ဝိပဿနာတရား ပွားများပုံတည်း။

**အထူးမှာထား တိုက်တွန်းချက်** အပစာယနကုသိုလ်သည် ဘုရားကို,တရားကို, သံဃာကို စသည်ဖြင့် ကိုယ်အမှု, နှုတ်အမှု, စိတ်အမှု စသည်ဖြင့် ရှိခိုး၍ အရိုအသေပြုခြင်းဟု ဆိုအပ်သော ကုသိုလ်တရားတို့သည် များပြားလှ၏၊ သို့ဖြစ်၍ မိမိအလိုရှိသည့် ကုသိုလ်ကို ပြုပြီးလျှင် မိမိပြုသည့် ကုသိုလ်ကို အာရုံပြုသည်သာမက အမည်ပါ ဖြည့်စွက်၍ ဥပမာ ဘုရားကိုရှိခိုးသောအခါ ၌ဖြစ်သော တရားကို ရှိခိုးသောအခါ၌ဖြစ်သော သံဃာကိုရှိခိုးသောအခါ၌ ဖြစ်သော စသည်ဖြင့် ပြဆိုခဲ့ပြီးသော ပွားများပုံကို ဖြည့်စွက်၍ ဝိပဿနာ တရား ပွားများကြပါလေ အပစာယနကုသိုလ်ဖြင့် မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကို ရလိုကြကုန်သော ယောဂီအပေါင်း သူတော်ကောင်းတွေတို့။

**အမှာ** ဤပွားများပုံကား သင်တန်းသဘောမျှသာတည်း၊ တကယ်လုပ်လိုပါမူ အပစာယန ကုသိုလ်ပြုတိုင်း ရုပ်နာမ်တို့၏ အဖြစ်အပျက်ကို မြင်အောင် ကြည့်၍ ဖြစ်ပျက်, ဖြစ်ပျက်ဟု ရှုလေ။

ကာလသုံးပါး၌ မဟာသောတာပန်ဖြစ်ကြောင်း အပစာယနကုသိုလ်ကို
ပြုဆဲအခါ၌ ဝိပဿနာတရား ပွားများပုံကို
အကျဉ်းမျှ လင်းပြခြင်း ပြီး၏။

---

**ကာလသုံးပါးကိုအာရုံပြု၍ မဟာသောတာပန်ဖြစ်ကြောင်း ဝေယျာဝစ္စ ကုသိုလ်ကို ပြုဆဲအခါ၌ ဝိပဿနာတရား ပွားများပုံကို**

## အကျဉ်းမျှ လင်းပြခြင်း

၁ ဝေယျာဝစ္စကုသိုလ်ကို ပြုဆဲအခါ၌ဖြစ်သော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့သည် ယခုအခါသို့ မရောက်မူ၍ ထိုဝေယျာဝစ္စကုသိုလ်ကို ပြုဆဲ အခါ၌ပင်လျှင် ချုပ်ပျောက်လေသောကြောင့် အနိစ္စ, အနိစ္စ၊ အနိစ္စ, အနိစ္စ။

ချုပ်ပျောက်သေဆဲ ဆင်းရဲလေသောကြောင့် ဒုက္ခ, ဒုက္ခ၊ ဒုက္ခ, ဒုက္ခ။

ချုပ်ပျောက်သေကာ နှစ်ဘလာနှင့် လိုရာမကျ အစိုးမရလေသောကြောင့် အနတ္တ, အနတ္တ၊ အနတ္တ, အနတ္တ။

ဤကား ပစ္စုပ္ပန်ကာလ၌ ဝိပဿနာတရား ပွားများပုံတည်း။

၂ ဝေယျာဝစ္စကုသိုလ်ကို ပြုဆဲအခါ၌ဖြစ်သော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့သည် ရှေးကလည်း ဘာတခုမျှ မရှိကြကုန်ပြီဖြစ်၍ ချုပ်ပျောက်လေသောကြောင့် အနိစ္စ, အနိစ္စ၊ အနိစ္စ, အနိစ္စ။

ချုပ်ပျောက်သေဆဲ ဆင်းရဲလေသောကြောင့် ဒုက္ခ, ဒုက္ခ၊ ဒုက္ခ, ဒုက္ခ။

ချုပ်ပျောက်သေကာ နှစ်ဘလာနှင့် လိုရာမကျ အစိုးမရလေသောကြောင့် အနတ္တ, အနတ္တ၊ အနတ္တ, အနတ္တ။

ဤကား အတိတ်ကာလ၌ ဝိပဿနာတရား ပွားများပုံတည်း။

၃ ဝေယျာဝစ္စကုသိုလ်ကို ပြုဆဲအခါ၌ဖြစ်သော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့သည် နောက်နောင်လည်း ဘာတခုမျှ မရှိကြကုန်မည် ဖြစ်၍ ချုပ်ပျောက်လေသောကြောင့် အနိစ္စ, အနိစ္စ၊ အနိစ္စ, အနိစ္စ။

ချုပ်ပျောက်သေဆဲ ဆင်းရဲလေသောကြောင့် ဒုက္ခ, ဒုက္ခ၊ ဒုက္ခ, ဒုက္ခ။

ချုပ်ပျောက်သေကာ နှစ်ဘလာနှင့် လိုရာမကျ အစိုးမရလေသောကြောင့် အနတ္တ, အနတ္တ၊ အနတ္တ, အနတ္တ။

ဤကား အနာဂတ်ကာလ၌ ဝိပဿနာတရား ပွားများပုံတည်း။

**အထူးမှာထား တိုက်တွန်းချက်** ဝေယျာဝစ္စကုသိုလ်သည် စေတီအိမ်၏ ဗောဓိအိမ်၏ ကျောင်းအာရာမ် ရတနာသုံးပါး ဆရာသမားစသည်တို့၏ ဌာန၌ တံမြက်လှည်းခြင်း, သင်္ကန်းလျှော်ခြင်း အစရှိသော ပြုဘွယ်ကိစ္စဟု ဆိုအပ်သော ဝေယျာဝစ္စကုသိုလ်တို့သည် များပြားလှ၏၊ သို့ဖြစ်၍ မိမိအလိုရှိသည့် ဝေယျာဝစ္စကုသိုလ်ကို ပြုပြီးလျှင် ၎င်းပြုသည့်ကုသိုလ်ကို အာရုံပြုရုံသာ မကဘဲ အမည်ပါ ဖြည့်စွက်၍ ဥပမာ စေတီအိမ်ကို တံမြက်လှည်းသော

အခါ၌ဖြစ်သော ဗောဓိအိမ်ကို တံမြက်လှည်းသော အခါ၌ဖြစ်သော စသည်ဖြင့် ပြဆိုခဲ့ပြီးသော ပွားများပုံတို့၌ ဖြည့်စွက်၍ ဝိပဿနာတရား ပွားများကြပါလေ ဝေယျာဝစ္စကုသိုလ်ဖြင့် မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကို ရလိုကုန်သော ယောဂီအပေါင်း သူတော်ကောင်းတွေတို့—

**အမှာ** ဤ ပွားများပုံတို့ကား သင်တန်းသဘောမျှသာဖြစ်သည်၊ တကယ်တန်းအလုပ် လုပ်လိုကြပါမူ ဝေယျာဝစ္စ ကုသိုလ်ပြုတိုင်း ရုပ်နာမ်တို့၏ အဖြစ်အပျက်ကို မြင်အောင်ကြည့်၍ ဖြစ်ပျက်, ဖြစ်ပျက်ဟု ရှုလေ။

ကာလသုံးပါးကိုအာရုံပြု၍ မဟာသောတာပန်ဖြစ်ကြောင်း ဝေယျာဝစ္စ
ကုသိုလ်ကို ပြုဆဲအခါ၌ ဝိပဿနာတရား ပွားများပုံကို
အကျဉ်းမျှ လင်းပြခြင်း ပြီး၏။

---

**ကာလသုံးပါးကို အာရုံပြု၍ မဟာသောတာပန်ဖြစ်ကြောင်း ပတ္တိဒါန
ကုသိုလ်ကို ပြုဆဲအခါ၌ ဝိပဿနာတရား ပွားများပုံကို**

## အကျဉ်းမျှ လင်းပြခြင်း

၁ ပတ္တိဒါနကုသိုလ်ကို ပြုဆဲအခါ၌ဖြစ်သော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့သည် ယခုအခါသို့ မရောက်မူ၍ ထိုပတ္တိဒါနကုသိုလ်ကို ပြုဆဲအခါ၌ပင်လျှင် ချုပ် ပျောက်လေသောကြောင့် အနိစ္စ, အနိစ္စ၊ အနိစ္စ, အနိစ္စ။

ချုပ်ပျောက်သေဆဲ ဆင်းရဲလေသောကြောင့် ဒုက္ခ, ဒုက္ခ၊ ဒုက္ခ, ဒုက္ခ။

ချုပ်ပျောက်သေကာ နှစ်ဘလာနှင့် လိုရာမကျ အစိုးမရလေသောကြောင့် အနတ္တ, အနတ္တ၊ အနတ္တ, အနတ္တ။

ဤကား ပစ္စုပ္ပန်ကာလ၌ ဝိပဿနာတရား ပွားများပုံတည်း။

၂ ပတ္တိဒါနကုသိုလ်ကို ပြုဆဲအခါ၌ဖြစ်သော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့သည် ရှေးကလည်း ဘာတခုမျှ မရှိကြကုန်ပြီဖြစ်၍ ချုပ်ပျောက်လေသောကြောင့် အနိစ္စ, အနိစ္စ၊ အနိစ္စ, အနိစ္စ။

ချုပ်ပျောက်သေဆဲ ဆင်းရဲလေသောကြောင့် ဒုက္ခ, ဒုက္ခ၊ ဒုက္ခ, ဒုက္ခ။

ချုပ်ပျောက်သေကာ နှစ်ဘလာနှင့် လိုရာမကျ အစိုးမရလေသောကြောင့် အနတ္တ, အနတ္တ၊ အနတ္တ, အနတ္တ။

ဤကား အတိတ်ကာလ၌ ဝိပဿနာတရား ပွားများပုံတည်း။

၃ ပဋ္ဌိဒါနကုသိုလ်ကို ပြုဆဲအခါ၌ဖြစ်သော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့သည် နောက်နောင်လည်း ဘာတခုမျှ မရှိကြကုန်မည်ဖြစ်၍ ချုပ်ပျောက်လေသောကြောင့် အနိစ္စ, အနိစ္စ၊ အနိစ္စ, အနိစ္စ။

ချုပ်ပျောက်သေဆဲ ဆင်းရဲလေသောကြောင့် ဒုက္ခ, ဒုက္ခ၊ ဒုက္ခ, ဒုက္ခ။

ချုပ်ပျောက်သေကာ နှစ်ဘလာနှင့် လိုရာမကျ အစိုးမရလေသောကြောင့် အနတ္တ, အနတ္တ၊ အနတ္တ, အနတ္တ။

ဤကား အနာဂတ်ကာလ၌ ဝိပဿနာတရား ပွားများပုံတည်း။

**အထူးမှတ်သား တိုက်တွန်းချက်** ပဋ္ဌိဒါန ကုသိုလ်သည် မိမိတို့ ပြုပြီးသော ကုသိုလ်၏အဘို့ကို သတ္တဝါအပေါင်းတို့အား အမျှပေးဝေသော ကုသိုလ် တည်း၊ သို့ဖြစ်၍ မိမိအမျှပေးဝေသော ကုသိုလ်ကို အာရုံပြုရုံမျှမကဘဲ အမည်ပါ ဖြည့်စွက်၍ အမျှပေးဝေသော အခါ၌ဖြစ်သောဟု ထုတ်ဖော်၍ ဝိပဿနာတရား ပွားများကြပါလေ၊ ပဋ္ဌိဒါနကုသိုလ်ဖြင့် မဂ်,ဖိုလ်,နိဗ္ဗာန် ကို အလိုရှိကြကုန်သော ယောဂီအပေါင်း သူတော်ကောင်းတွေတို့။

**အမှာ** ဤပွားများပုံကား သင်တန်းသဘောမျှသာ ဖြစ်သည်၊ တကယ်တန်း အလုပ် လုပ်လိုကြပါမူ ပဋ္ဌိဒါန ကုသိုလ်ပြုတိုင်း ရုပ်နာမ်တို့၏ အဖြစ် အပျက်ကို မြင်အောင် ကြည့်၍ ဖြစ်ပျက်, ဖြစ်ပျက်ဟု ရှုလေ။

ကာလသုံးပါး၌ မဟာသောတာပန်ဖြစ်ကြောင်း ပဋ္ဌိဒါန ကုသိုလ်ကို ပြုဆဲအခါ၌ ဝိပဿနာတရား ပွားများပုံကို အကျဉ်းမျှ လင်းပြခြင်း ပြီး၏။

### ကာလသုံးပါးကို အာရုံပြု၍ မဟာသောတာပန်ဖြစ်ကြောင်း ပစ္စာနုမောဒနာကုသိုလ်ကို ပြုဆဲအခါ၌ ဝိပဿနာတရား ပွားများပုံကို

## အကျဉ်းမျှ လင်းပြခြင်း

၁ ပတ္တာနုမောဒနာကုသိုလ်ကို ပြုဆဲအခါ၌ဖြစ်သော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့သည် ယခုအခါသို့ မရောက်မူ၍ ထိုပတ္တာနုမောဒနာကုသိုလ်ကို ပြုဆဲအခါ၌ပင်လျှင် ချုပ်ပျောက်လေသောကြောင့် အနိစ္စ, အနိစ္စ၊ အနိစ္စ, အနိစ္စ။

ချုပ်ပျောက်သေဆဲ ဆင်းရဲလေသောကြောင့် ဒုက္ခ, ဒုက္ခ၊ ဒုက္ခ, ဒုက္ခ။

ချုပ်ပျောက်သေကာ နှစ်ဘလာနှင့် လိုရာမကျ အစိုးမရလေသောကြောင့် အနတ္တ, အနတ္တ၊ အနတ္တ, အနတ္တ။

ဤကား ပစ္စုပ္ပန်ကာလ၌ ဝိပဿနာတရား ပွားများပုံတည်း။

၂ ပတ္တာနုမောဒနာကုသိုလ်ကို ပြုဆဲအခါ၌ဖြစ်သော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့သည် ရှေးကလည်း ဘာတခုမျှ မရှိကြကုန်ပြီဖြစ်၍ ချုပ်ပျောက်လေသောကြောင့် အနိစ္စ, အနိစ္စ၊ အနိစ္စ, အနိစ္စ။

ချုပ်ပျောက်သေဆဲ ဆင်းရဲလေသောကြောင့် ဒုက္ခ, ဒုက္ခ၊ ဒုက္ခ, ဒုက္ခ။

ချုပ်ပျောက်သေကာ နှစ်ဘလာနှင့် လိုရာမကျ အစိုးမရလေသောကြောင့် အနတ္တ, အနတ္တ၊ အနတ္တ, အနတ္တ။

ဤကား အတိတ်ကာလ၌ ဝိပဿနာတရား ပွားများပုံတည်း။

၃ ပတ္တာနုမောဒနာကုသိုလ်ကို ပြုဆဲအခါ၌ဖြစ်သော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့သည် နောက်နောင်လည်း ဘာတခုမျှ မရှိကြကုန်မည်ဖြစ်၍ ချုပ်ပျောက်လေသောကြောင့် အနိစ္စ, အနိစ္စ၊ အနိစ္စ, အနိစ္စ။

ချုပ်ပျောက်သေဆဲ ဆင်းရဲလေသောကြောင့် ဒုက္ခ, ဒုက္ခ၊ ဒုက္ခ, ဒုက္ခ။

ချုပ်ပျောက်သေကာ နှစ်ဘလာနှင့် လိုရာမကျ အစိုးမရလေသောကြောင့် အနတ္တ, အနတ္တ၊ အနတ္တ, အနတ္တ။

ဤကား အနာဂတ်ကာလ၌ ဝိပဿနာတရား ပွားများပုံတည်း။

**အထူးမှာထား တိုက်တွန်းချက်** ပတ္တာနုမောဒနာ ကုသိုလ်သည် သူတပါး ပြုပြီး ပြုဆဲ ပြုလတ္တံ့ ကုသိုလ်ကို အာရုံပြု၍ ဝမ်းမြောက်နုမော် သာဓုခေါ်သော ကုသိုလ်တည်း၊ သို့ဖြစ်၍ သာဓုခေါ်သော ပတ္တာနုမောဒနာကုသိုလ်ကို အာရုံပြုရုံမျှမကဘဲ အမည်ပါ ဖြည့်စွက်၍ သာဓုခေါ်သော အခါ၌ ဖြစ်သောဟု ပြဆိုခဲ့ပြီးသော ပွားများပုံ၌ ထုတ်ဖော်ပြီးလျှင် ဝိပဿနာ တရား ပွားများကြပါလေ၊ ပတ္တာနုမောဒနာကုသိုလ်ဖြင့် မဂ်, ဖိုလ်, နိဗ္ဗာန်ကို အလိုရှိကြကုန်သော ယောဂီအပေါင်း သူတော်ကောင်းတွေတို့။

**အမှာ** ဤရှုပုံကား သင်တန်းသဘောမျှသာဖြစ်သည်၊ တကယ်တန်း အလုပ်လုပ်လိုကြပါမူ ပတ္တာနုမောဒနာ ကုသိုလ်ပြုတိုင်း ရုပ်နာမ်တို့၏ အဖြစ်အပျက်ကို မြင်အောင် ကြည့်၍ ဖြစ်ပျက်, ဖြစ်ပျက်ဟု ရှုလေ။

ကာလသုံးပါးကို အာရုံပြု၍ မဟာသောတာပန်ဖြစ်ကြောင်း
ပတ္တာနုမောဒနာကုသိုလ် ပြုဆဲအခါ၌ ဝိပဿနာတရား
ပွားများပုံကို အကျဉ်းမျှ လင်းပြခြင်း ပြီး၏။

---

**ကာလသုံးပါးကို အာရုံပြု၍ မဟာသောတာပန်ဖြစ်ကြောင်း ဓမ္မသဝန ကုသိုလ်ကို ပြုဆဲအခါ၌ ဝိပဿနာတရား ပွားများပုံကို**

## အကျဉ်းမျှလင်းပြခြင်း

၁ ဓမ္မသဝနကုသိုလ်ကို ပြုဆဲအခါ၌ဖြစ်သော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့သည် ယခုအခါသို့ မရောက်မူ၍ ထိုဓမ္မသဝနကုသိုလ်ကို ပြုဆဲအခါ၌ပင်လျှင် ချုပ်ပျောက်လေသောကြောင့် အနိစ္စ, အနိစ္စ၊ အနိစ္စ, အနိစ္စ။

ချုပ်ပျောက်သေဆဲ ဆင်းရဲလေသောကြောင့် ဒုက္ခ, ဒုက္ခ၊ ဒုက္ခ, ဒုက္ခ။

ချုပ်ပျောက်သေကာ နှစ်ဘလာနှင့် လိုရာမကျ အစိုးမရလေသောကြောင့် အနတ္တ, အနတ္တ၊ အနတ္တ, အနတ္တ။

ဤကား ပစ္စုပ္ပန်ကာလ၌ ဝိပဿနာတရား ပွားများပုံတည်း။

၂ ဓမ္မသဝနကုသိုလ်ကို ပြုဆဲအခါ၌ဖြစ်သော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့သည် ရှေးကလည်း ဘာတခုမျှ မရှိကြကုန်ပြီ ဖြစ်၍ ချုပ်ပျောက်လေသောကြောင့် အနိစ္စ, အနိစ္စ၊ အနိစ္စ, အနိစ္စ။

ချုပ်ပျောက်သေဆဲ ဆင်းရဲလေသောကြောင့် ဒုက္ခ, ဒုက္ခ၊ ဒုက္ခ, ဒုက္ခ။

ချုပ်ပျောက်သေကာ နှစ်ဘလာနှင့် လိုရာမကျ အစိုးမရလေသောကြောင့် အနတ္တ, အနတ္တ၊ အနတ္တ, အနတ္တ။

ဤကား အတိတ်ကာလ၌ ဝိပဿနာတရား ပွားများပုံတည်း။

၃ ဓမ္မသဝနကုသိုလ်ကို ပြုဆဲအခါ၌ဖြစ်သော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့သည် နောက်နောင်လည်း ဘာတခုမျှ မရှိကြကုန်မည်ဖြစ်၍ ချုပ်ပျောက်လေသောကြောင့် အနိစ္စ, အနိစ္စ၊ အနိစ္စ, အနိစ္စ။

ချုပ်ပျောက်သေဆဲ ဆင်းရဲလေသောကြောင့် ဒုက္ခ, ဒုက္ခ၊ ဒုက္ခ, ဒုက္ခ။

ချုပ်ပျောက်သေကာ နှစ်ဘလာနှင့် လိုရာမကျ အစိုးမရလေသောကြောင့် အနတ္တ, အနတ္တ၊ အနတ္တ, အနတ္တ။

ဤကား အနာဂတ်ကာလ၌ ဝိပဿနာတရား ပွားများပုံတည်း။

**အထူးမှာထား တိုက်တွန်းချက်** ဓမ္မသဝနကုသိုလ်သည် မိမိသည် တရားနာသော ကုသိုလ်ပေတည်း၊ သို့ဖြစ်၍ မိမိနာကြားသော ဓမ္မသဝနကုသိုလ်ကို အာရုံပြုရုံမျှမကဘဲ အမည်ပါဖြည့်စွက်၍ တရားနာသော အခါ၌ဖြစ်သော ဟု ပြဆိုခဲ့ပြီးသော ပွားများပုံတို့ကို ထုတ်ဖော်၍ ဝိပဿနာတရား ပွားများကြပါလေ၊ ဓမ္မသဝနကုသိုလ်ဖြင့် မဂ်, ဖိုလ်, နိဗ္ဗာန်ကို အလိုရှိကြကုန်သော ယောဂီအပေါင်း သူတော်ကောင်းတွေတို့။

**အမှာ** ဤ ပွားများပုံကား သင်တန်းသဘောမျှသာတည်း၊ တကယ်တန်း အလုပ်လုပ်လိုကြပါမူ တရားနာတိုင်း ရုပ်နာမ်တို့၏ အဖြစ်အပျက်ကို မြင်အောင်ကြည့်၍ ဖြစ်ပျက်, ဖြစ်ပျက်ဟု ရှုလေ။

ကာလသုံးပါးကို အာရုံပြု၍ မဟာသောတာပန် ဖြစ်ကြောင်း ဓမ္မသဝန
ကုသိုလ်ကို ပြုဆဲအခါ၌ ဝိပဿနာတရား ပွားများပုံကို
အကျဉ်းမျှ လင်းပြခြင်း ပြီး၏။

## ကာလသုံးပါးကိုအာရုံပြု မဟာသောတာပန်ဖြစ်ကြောင်း ဓမ္မဒေသနာ ကုသိုလ်ကို ပြုဆဲအခါ၌ ဝိပဿနာတရား ပွားများပုံကို အကျဉ်းမျှ လင်းပြခြင်း

၁ ဓမ္မဒေသနာကုသိုလ်ကို ပြုဆဲအခါ၌ဖြစ်သော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့သည် ယခုအခါသို့ မရောက်မူ၍ ထိုဓမ္မဒေသနာ ကုသိုလ်ကို ပြုဆဲအခါ၌ပင်လျှင် ချုပ်ပျောက်လေသောကြောင့် အနိစ္စ, အနိစ္စ၊ အနိစ္စ, အနိစ္စ။

ချုပ်ပျောက်သေဆဲ ဆင်းရဲလေသောကြောင့် ဒုက္ခ, ဒုက္ခ၊ ဒုက္ခ, ဒုက္ခ။

ချုပ်ပျောက် သေကာ နှစ်ဘလာနှင့် လိုရာမကျ အစိုးမရလေသောကြောင့် အနတ္တ, အနတ္တ၊ အနတ္တ, အနတ္တ။

ဤကား ပစ္စုပ္ပန်ကာလ၌ ဝိပဿနာတရား ပွားများပုံတည်း။

၂ ဓမ္မဒေသနာကုသိုလ်ကို ပြုဆဲအခါ၌ဖြစ်သော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့သည် ရှေးကလည်း ဘာတခုမျှ မရှိကြကုန်ပြီဖြစ်၍ ချုပ်ပျောက်လေသောကြောင့် အနိစ္စ, အနိစ္စ၊ အနိစ္စ, အနိစ္စ။

ချုပ်ပျောက်သေဆဲ ဆင်းရဲလေသောကြောင့် ဒုက္ခ, ဒုက္ခ၊ ဒုက္ခ, ဒုက္ခ။

ချုပ်ပျောက်သေကာ နှစ်ဗလာနှင့် လိုရာမကျ အစိုးမရလေသောကြောင့် အနတ္တ, အနတ္တ၊ အနတ္တ, အနတ္တ။

ဤကား အတိတ်ကာလ၌ ဝိပဿနာတရား ပွားများပုံတည်း။

၃ ဓမ္မဒေသနာကုသိုလ်ကို ပြုဆဲအခါ၌ဖြစ်သော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့သည် နောက်နောင်လည်း ဘာတခုမျှ မရှိကြကုန်မည်ဖြစ်၍ ချုပ်ပျောက်လေသောကြောင့် အနိစ္စ, အနိစ္စ၊ အနိစ္စ, အနိစ္စ။

ချုပ်ပျောက်သေဆဲ ဆင်းရဲလေသောကြောင့် ဒုက္ခ, ဒုက္ခ၊ ဒုက္ခ, ဒုက္ခ။

ချုပ်ပျောက်သေကာ နှစ်ဘလာနှင့် လိုရာမကျ အစိုးမရလေသောကြောင့် အနတ္တ, အနတ္တ၊ အနတ္တ, အနတ္တ။

ဤကား အနာဂတ်ကာလ၌ ဝိပဿနာတရား ပွားများပုံတည်း။

**အထူးမှာထား တိုက်တွန်းချက်** ဓမ္မဒေသနာကုသိုလ်သည် တရားဟောသော ကုသိုလ်ပေတည်း၊ သို့ဖြစ်၍ မိမိတရားဟောသော ဓမ္မဒေသနာကုသိုလ်ကို အာရုံပြုရုံမျှ မကဘဲ အမည်ပါ ဖြည့်စွက်၍ တရားဟောသော အခါ၌ ဖြစ်သောဟု ပြဆိုခဲ့ပြီးသော ပွားများပုံတို့၌ ထုတ်ဖေါ်၍ ဝိပဿနာတရား ပွားများကြပါလေ၊ဓမ္မဒေသနာကုသိုလ်ဖြင့် မဂ်, ဖိုလ်, နိဗ္ဗာန်ကို အလိုရှိကြကုန်သော ယောဂီအပေါင်း သူတော်ကောင်းတွေတို့။

**အမှာ** ဤရှုပုံကား သင်တန်းသဘောမျှသာတည်း၊ တကယ်တန်း အလုပ် လုပ်လိုကြပါမူ တရားဟောတိုင်း ရုပ်, နာမ်တို့၏ အဖြစ် အပျက်ကို မြင်အောင် ကြည့်၍ ဖြစ်ပျက်, ဖြစ်ပျက်ဟု ရှုလေ။

ကာလသုံးပါး၌ မဟာသောတာပန်ဖြစ်ကြောင်း ဓမ္မဒေသနာ ကုသိုလ်ကို ပြုဆဲအခါ၌ ဝိပဿနာတရား ပွားများပုံကို အကျဉ်းမျှ လင်းပြခြင်း ပြီး၏။

---

### ကာလသုံးပါးကို အာရုံပြု၍ မဟာသောတာပန်ဖြစ်ကြောင်း ဒိဋ္ဌိဇုကမ္မကုသိုလ်ပြုဆဲအခါ၌ ဝိပဿနာတရား ပွားများ ပုံကို အကျဉ်းမျှ လင်းပြခြင်း

၁ ဒိဋ္ဌိဇုကမ္မကုသိုလ်ကို ပြုဆဲအခါ၌ဖြစ်သော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့သည် ယခုအခါသို့ မရောက်မူ၍ ထိုဒိဋ္ဌိဇုကမ္မကုသိုလ်ကို ပြုဆဲ အခါ၌ပင်လျှင် ချုပ်ပျောက်လေသောကြောင့် အနိစ္စ, အနိစ္စ၊ အနိစ္စ, အနိစ္စ။

ချုပ်ပျောက်သေဆဲ ဆင်းရဲလေသောကြောင့် ဒုက္ခ, ဒုက္ခ၊ ဒုက္ခ, ဒုက္ခ။

ချုပ်ပျောက်သေကာ နှစ်ဘလာနှင့် လိုရာမကျ အစိုးမရလေသောကြောင့် အနတ္တ, အနတ္တ၊ အနတ္တ, အနတ္တ။

ဤကား ပစ္စုပ္ပန်ကာလ၌ ဝိပဿနာတရား ပွားများပုံတည်း။

၂ ဒိဋ္ဌိဇုကမ္မကုသိုလ်ကို ပြုဆဲအခါ၌ဖြစ်သော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန် တရားတို့သည် ရှေးကလည်း ဘာတခုမျှ မရှိကြကုန်ပြီ ဖြစ်၍ ချုပ်ပျောက်လေသောကြောင့် အနိစ္စ, အနိစ္စ၊ အနိစ္စ, အနိစ္စ။

ချုပ်ပျောက်သေဆဲ ဆင်းရဲလေသောကြောင့် ဒုက္ခ, ဒုက္ခ၊ ဒုက္ခ, ဒုက္ခ။

ချုပ်ပျောက်သေကာ နှစ်ဘလာနှင့် လိုရာမကျ အစိုးမရလေသောကြောင့် အနတ္တ, အနတ္တ၊ အနတ္တ, အနတ္တ။

ဤကား အတိတ်ကာလ၌ ဝိပဿနာတရား ပွားများပုံတည်း။

၃ ဒိဋ္ဌိဇုကမ္မကုသိုလ်ကို ပြုဆဲအခါ၌ဖြစ်သော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့သည် နောက်နောင်လည်း ဘာတခုမျှ မရှိကြကုန်မည်ဖြစ်၍ ချုပ်ပျောက်လေသောကြောင့် အနိစ္စ, အနိစ္စ၊ အနိစ္စ, အနိစ္စ။

ချုပ်ပျောက်သေဆဲ ဆင်းရဲလေသောကြောင့် ဒုက္ခ, ဒုက္ခ၊ ဒုက္ခ, ဒုက္ခ။

ချုပ်ပျောက်သေကာ နှစ်ဘလာနှင့် လိုရာမကျ အစိုးမရလေသောကြောင့် အနတ္တ, အနတ္တ၊ အနတ္တ, အနတ္တ။

ဤကား အနာဂတ်ကာလ၌ ဝိပဿနာတရား ပွားများပုံတည်း။

**အထူးမှတ်သား တိုက်တွန်းချက်** ဒိဋ္ဌိဇုကမ္မကုသိုလ်သည် ဒါနစသည် ပုညကြိယာ ၉-ပါးတို့ကို ပြုကြစဉ်အခါ၌ ငါတို့ယခုပြုခြင်းသည် ကောင်းမြတ်သည့်အမှုကို ပြုသည်ဖြစ်၍ ကောင်းမြတ်သည့်အကျိုးကို ဧကန်မုချ ပေးလတ္တံ့ဟုသိ၍ ဖြောင့်မတ်သောအယူဖြင့် ပြုခြင်းသည် ဒိဋ္ဌိဇုကမ္မကုသိုလ်မည်၏၊ သို့ဖြစ်၍ မိမိတို့သည် ဒါနစသည် ပုညကြိယာ ၉-ပါးတို့ကို ပြုတိုင်းတို့မှာ ဒိဋ္ဌိဇုကမ္မကုသိုလ်ကို အာရုံပြုရုံမျှ မကဘဲ အမည်ကိုပါ ထုတ်ဖော်ပြီးလျှင် ပြဆိုခဲ့သည့် အတိုင်း ဝိပဿနာတရား ပွားများကြပါလေ၊ ဒိဋ္ဌိဇုကမ္မကုသိုလ်ဖြင့် မဂ်,ဖိုလ်, နိဗ္ဗာန်ကို အလိုရှိကြကုန်သော ယောဂီအပေါင်း သူတော်ကောင်းတွေတို့။

**အမှာ** ဤ ပွားများပုံတို့ကား သင်တန်းသဘောမျှသာတည်း၊ တကယ်တန်း အလုပ် လုပ်လိုကြပါမူ ဒိဋ္ဌိဇုကမ္မကုသိုလ်ပြုတိုင်း ရုပ်နာမ်တို့၏ အဖြစ် အပျက်ကို မြင်အောင်ကြည့်၍ ဖြစ်ပျက်, ဖြစ်ပျက်ဟု ရှုလေ။

ကာလသုံးပါးကို အာရုံပြု၍ မဟာသောတာပန်ဖြစ်ကြောင်း ဒိဋ္ဌိဇုကမ္မ ကုသိုလ်ကို ပြုဆဲအခါ၌ ဝိပဿနာတရား ပွားများပုံကို အကျဉ်းမျှ လင်းပြခြင်း ပြီး၏။

## နိဂုံးအလား မေတ္တာတရား ရှေးရှုထား၍ အထူးမှာထား တိုက်တွန်းချက်

သပ္ပုရိသ သံသေဝ သူတော်ကောင်း ဆရာတို့ကို မှီရ၍ ပုညကြိယာ ၁၀-ပါးဖြင့် မဂ်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန်ချမ်းသာတည်းဟူသော ရွှေမြို့တော်ကြီးကို အလိုရှိကြသူ ပညာရှိသဘောဖြူတို့၏ အကျိုးကို မြော်ကိုး ရည်ရွယ်ပြီးလျှင် ဟေတုပစ္စည်း ပဋ္ဌာန်းနည်းဖြင့် အကြောင်းကိုသိမ်းဆည်းပြီးခါ နာမရူပပရိစ္ဆေဒဉာဏ်စသည် ဝိပဿနာအသီးသီး ဝိဇ္ဇာဉာဏ် အလုပ်တရားတော်ကြီးတို့ကို ပြီးစီးအောင်မြင်ကြလေအောင် "ကုသလာ ဓမ္မာ"ကောင်းသည့်သဘောအရ ပုညကြိယာဆယ်ပါးကို အကျယ်အားဖြင့် ပိုင်းခြားဝေဘန်၍ ရေးသားဟောကြားခဲ့လေပြီ၊ အကျဉ်းအားဖြင့် ပိုင်းခြားဝေဘန်၍ သိကြားနားလည်လိုကြပါမူ အောက်ပါလင်္ကာဖြင့် သိကုန်ရာ၏။

၁ ဒါန, သီလာ၊ ဘာဝနာ၊ သုံးမြာစဉ်၍ခင်း။
၂ စ, လယ်, လယ်, စ၊ နောက်ပဒ၊ နောက်မှနောက်ချင်းသွင်း။
၃ ပတ္တိ, ပတ္တာ၊ နုမောဒါ၊ မှတ်ပါ ဒါနသွင်း။
၄ အပစာယနာ၊ ဝေဝစ္စာ၊ မှတ်ပါ သီလသွင်း။
၅ ဓမ္မသဝနာ၊ဒေသနာ၊ ဒိဋ္ဌိဇာ, ဘာဝနာသွင်း။
၆ ဒိဋ္ဌိဇုမှာ၊ တနည်းမြာ၊ မှတ်ပါ အကုန်သွင်း။
၇ ပုညကြိယာ၊ အကျဉ်းမြာ၊ မှတ်ပါသုံးပါးလင်း။

ဤသို့ ရှေးရှေးအကျော် ဆရာတော်ဘုရားကြီးတို့သည် ရေးသားမိန့်ကြားတော်မူအပ်သော တိုမြန်မာလင်္ကာနှင့်ညီစွာ- ဒါန, သီလ, ဘာဝနာဟု ဆိုအပ်သော ပုညကြိယာ ၃-ပါးတို့ကို ခင်းထားပြီးလျှင် ၎င်းမှကြွင်းသော ပုညကြိယာတို့တွင် အလယ်၌တည်ရှိသော ပတ္တိဒါန, ပတ္တာနုမောဒန ပုညကြိယာ ၂-ပါးကိုအစ၌တည်သော ဒါနသို့သွင်း၍ ဒါနကုသိုလ်နှင့် အတူယူရာ၏၊ အစ၌တည်သောအပစာယန, ဝေယျာဝစ္စ ပုညကြိယာ ၂-ပါးကို အလယ်၌ တည်သော သီလသို့သွင်း၍ သီလကုသိုလ်နှင့် အတူယူရာ၏၊ အဆုံး၌တည်သော ဓမ္မသဝန, ဓမ္မဒေသနာ, ဒိဋ္ဌိဇုကမ္မ ပုညကြိယာ ၃-ပါးကို နောက်၌ တည်သော ဘာဝနာသို့သွင်း၍ ဘာဝနာကုသိုလ်နှင့် အတူယူရာ၏။

တနည်း ဒိဋ္ဌိဇုကမ္မကို ၎င်းမှကြွင်းသော ပုညကြိယာ ၉-ပါးလုံးသို့ သွင်း၍ ယူရာ၏၊ သို့ဖြစ်၍ ပုညကြိယာ ၉-ပါးကို အလျော်အားဖြင့် သွင်းပြီးလျှင် အကျဉ်းချုံးလိုက်သည်ရှိသော် "ကုသလာ ဓမ္မာ" ကောင်းသည့်သဘောအရ ဒါန, သီလ, ဘာဝနာဟူ၍ ပုညကြိယာ ၃-ပါးသည်သာလျှင် ဖြစ်ကုန်၏၊ သို့ဖြစ်၍ ယခုပြဆိုခဲ့ပြီးသော ပုညကြိယာအကျဉ်းနည်း ရှေးကပြဆိုခဲ့ပြီးသော ပုညကြိယာ အကျယ်နည်းတို့ကို သေချာစွာ သိကြား, နားလည်ကြပြီးလျှင် ဟေတုပစ္စည်း ပဋ္ဌာန်းနည်းဖြင့် အကြောင်းကို သိမ်းဆည်း၍ ပုညကြိယာတရား အစားစားတို့၌ အဓိပတိပစ္စည်း ပဋ္ဌာန်းတရားကြီးကို ရှေးရှုထားပြီးလျှင် ဝိပဿနာတရား ပွားများအားထုတ်ကြပါလေ ပုညကြိယာတရား ၁၀ ပါးဖြင့် မဂ်, ဖိုလ်, နိဗ္ဗာန်ကို အမြန်ရောက်လိုကြကုန်သော ယောဂီအပေါင်း သူတော်ကောင်းတွေတို့။

မဟာသောတာပန် ဖြစ်ကြောင်း ကုသလာဓမ္မာ ကောင်းသည့်သဘောအရပုည
ကြိယာတရား ၁၀-ပါးကို ဟေတုပစ္စည်း ပဋ္ဌာန်းနည်းဖြင့် အကြောင်းကို
သိမ်းဆည်း၍ပြအပ်သော ဝိပဿနာ ပွားများပုံ စကား
အရပ်ရပ်တို့သည် ဤမျှာတထပ် အပြီးသတ်
လိုက်ပေသတည်း။

---

**ဆရာမနိုး၏ အလိမ္မာနည်းပါးသူတို့မှာ သမ္မုတိသစ္စာနယ်ဖြစ်သော**
**ဒုစရိုက်ဆယ်ပါး အကုသိုလ်တရားတို့က အစိစိငရဲ စသည့်**
**အပါယ်လေးပါး ဒုက္ခအစားစားတို့၌ ကျရောက် ခံနေ**
**ကြရသည့်တိုင်အောင် အကျိုးပေးကြီးကျယ်ပုံ**

## တို့ကို အကျဉ်းမျှ လင်းပြခြင်း

**မေး** ရှေး၌ ရေးသား ဟောကြားခဲ့ပြီးသော မျက်စိ ပဋ္ဌာန်းပေါက် စသည် ပဋ္ဌာန်းပေါက် ၆-ပေါက်တို့တွင် တပေါက်, တပေါက်၌ဖြစ်သော "ကုသလာ ဓမ္မာ" ကောင်းသည့်သဘော စသည် ပဋ္ဌာန်းသဘော သုံးမျိုးသုံးစားတို့တွင် "အကုသလာ ဓမ္မာ" မကောင်းသည့်သဘောအရ အပုညာဘိသင်္ခါရဖြစ်သော

ပါဏာတိပါတ, အဒိန္နာဒါန, ကာမေသုမိစ္ဆာစာရ, မုသာဝါဒ, ပိသုဏဝါစာ, ဖရုသဝါစာ, သမ္ဖပ္ပလာပ, အဘိဇ္ဈာ, ဗျာပါဒ, မိစ္ဆာဒိဋ္ဌိ တည်းဟူသော ဒုစရိုက် ဆယ်ပါး အကုသိုလ်တရားတို့ကို ရ၏ဆိုသော် ၎င်း ဒုစရိုက်ဆယ်ပါး အကုသိုလ် တရားတို့သည် အဘယ်လက္ခဏာ အဘယ်သဘော ရှိပါသနည်း။

ဖြေ အကုသလာ ဓမ္မာ။ (ဓမ္မသင်္ဂဏီ ပါဠိတော်)

**တို့မြန်မာဘာသာလို ပြန်ဆိုရန်ကား—** အကုသလာ သာဝဇ္ဇ ဒုက္ခဝိပါက လက္ခဏာ၊ အပြစ်နှင့်တကွ ဖြစ်ခြင်း, မကောင်းသော အကျိုးကို ပေးခြင်း လက္ခဏာရှိကုန်သော။ ဓမ္မာ နိသတ္တ နိဇ္ဇီဝ သဘာဝါ၊ သတ္တလည်းမဟုတ်, ဇီဝ လည်း မဟုတ်ကုန်သော သဘောတရားတို့သည်။ သံဝိဇ္ဇန္တိ၊ ရှိကုန်၏။

ဤသို့ ဟောကြားတော်မူအပ်သော ဓမ္မသင်္ဂဏီ ပါဠိတော်နှင့်အညီ ၎င်း ဒုစရိုက်ဆယ်ပါး အကုသိုလ်တရားတို့သည် အပြစ်နှင့်တကွ ဖြစ်ခြင်း, မကောင်း သော အကျိုးကိုပေးခြင်း လက္ခဏာရှိသည်ဖြစ်၍ သတ္တလည်းမဟုတ်, ဇီဝလည်း မဟုတ်ခြင်း သဘောတရား ရှိပါသည်။

**မေး** အပြစ်နှင့်တကွ ဖြစ်ခြင်း,မကောင်းသောအကျိုးကို ပေးခြင်း လက္ခဏာ ရှိသော ပုဂ္ဂိုလ်, သတ္တဝါ, အတ္တ, ဇီဝ မဟုတ်သော ပါဏာတိပါတ, အဒိန္နာဒါန, ကာမေသုမိစ္ဆာစာရ စသည် ဒုစရိုက်ဆယ်ပါး အကုသိုလ်တရားတို့ကို ပြုရာ၌ သမ္မုတိ သစ္စာနယ်, ပရမတ္ထ သစ္စာနယ် နှစ်နယ်တို့တွင် အဘယ် သစ္စာနယ်က ဖြစ်ပါသနည်း။

ဖြေ အပြစ်နှင့်တကွဖြစ်ခြင်း, မကောင်းသော အကျိုးကိုပေးခြင်း လက္ခဏာ ရှိသော ပုဂ္ဂိုလ်, သတ္တဝါ, အတ္တ, ဇီဝ မဟုတ်သော ပါဏာတိပါတ, အဒိန္နာဒါန, ကာမေသုမိစ္ဆာစာရ စသည် ဒုစရိုက် ၁၀-ပါး အကုသိုလ်တရားတို့ကို ပြုကြရာ၌ ၎င်း သစ္စာနယ် နှစ်နယ်တို့တွင် သမ္မုတိသစ္စာနယ်က ဖြစ်ပါသည်။

**မေး** သမ္မုတိသစ္စာနယ်က ဖြစ်ကြသော သူ့အသက်သတ်မှု, သူ့ဥစ္စာခိုးမှု, သူ့သားအိမ်ရာကို ပြစ်မှား ကျူးလွန်မှု စသည် ဒုစရိုက်ဆယ်ပါး အကုသိုလ် တရားတို့သည် အပြစ်နှင့်တကွ ဖြစ်ခြင်း, မကောင်းသော အကျိုးကို ပေးခြင်း

လက္ခဏာရှိကုန်၏ဟု ဆိုသော် ၎င်း ဒုစရိုက် ၁၀-ပါး အကုသိုလ်တရားတို့ကို မိစ္ဆာဒိဋ္ဌိနှင့်ယှဉ်၍ ပြုကျင့်ကြကုန်သော ပုဂ္ဂိုလ်တို့အား အဘယ်မျှလောက် ကြီးလေးသော မကောင်းကျိုးတို့ကို ပေးစွမ်းနိုင်ပါသနည်း။

**ဖြေ** မိစ္ဆာပဋိပန္နာ အပါယပူရကာ ဟောန္တိ၊ ဝေ မဟန္တံ ဟိ သမ္မုတိသစ္စန္တိ။

ပရမတ္ထဒီပနီ ဋီကာပါဠ်

**တို့မြန်မာဘာသာလို ပြန်ဆိုရန်ကား–** မိစ္ဆာပဋိပန္နာ၊ သူ့အသက်ကို သတ်ခြင်း,သူ့ဥစ္စာကိုခိုးခြင်း,သူ့သားအိမ်ရာကို ပြစ်မှားကျူးလွန်ခြင်း စသော ဒုစရိုက် ၁၀-ပါး အကုသိုလ်တရားတို့ကို အယူမိစ္ဆာ ဖေါက်ပြန်စွာ ကျင့်ကြကုန် သော သူတို့သည်။ အပါယပူရကာ၊ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်ဟု ဆိုအပ်သော အပါယ်လေးပါးတို့၌ ပြည့်ကြကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဟိ-သစ္စံ၊ မှန်၏။ သမ္မုတိသစ္စံ၊ ဒုစရိုက် ၁၀-ပါး အကုသိုလ်တရားကို ပြုကျင့် ခြင်းဟု ဆိုအပ်သော သမ္မုတိသစ္စာသည်။ ဝေ မဟန္တံ၊ ဤမျှလောက် ကြီးကျယ် ၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိသင့် သိထိုက် သိအပ်လှ၏။

ဤသို့ ကျေးဇူးတော်ရှင် လယ်တီတောရ ဆရာတော် ဘုရားကြီးသည် ရေးသား စီရင်တော်မူအပ်သော ပရမတ္ထဒီပနီဋီကာ လာသည်နှင့်ညီစွာ ဒုစရိုက် ဆယ်ပါး အကုသိုလ်တရားတို့ကို မိစ္ဆာတရား ဖေါက်ပြန်သော စိတ်ထားဖြင့် ပြုကျင့်ကြကုန်သော ပုဂ္ဂိုလ်တို့အား ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်ဟု ဆိုအပ်သော အပါယ်လေးပါး ဒုက္ခအစားစားတို့သို့ ကျရောက် နစ်မြုပ်ခြင်း တည်းဟူသော ဤမျှလောက် ကြီးလေးသောဒုက္ခ မကောင်းကျိုးတို့ကို ပေးစွမ်း နိုင်ပါသည်။

**မေး** ၎င်း ဒုစရိုက်ဆယ်ပါး အကုသိုလ်တရားတို့ကို မိစ္ဆာတရား ဖေါက်ပြန် သော စိတ်ထားဖြင့် ပြုကျင့်ကြကုန်သော ပုဂ္ဂိုလ်တို့အား အပါယ်လေးပါးတို့ သို့ နစ်မြုပ် ကျရောက်ခြင်းတည်းဟူသော ကြီးလေးလှစွာသော မကောင်းကျိုး ကို ခံနေကြရကုန်၏ဟုဆိုသော် ၎င်း ဒုစရိုက်ဆယ်ပါး အကုသိုလ်တရားတို့ကို အဘယ်အင်္ဂါနှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့သည် ပြုကျင့် လွန်ကျူးတတ်ပါကုန် သနည်း။

**ဖြေ** "**ဆရာမထား၊ တရားမနာ၊ သင့်စွာမပြု၊ ရှက်မှုကင်းဘိ၊ မရှိအကြောက်၊ စောင့်စည်းမပြု၊ ဤခြောက်ခု၊ မိုက်မှု ဖြစ်ကြောင်းတည်း**"

ဟူသော တို့မြန်မာလင်္ကာနှင့် အညီ—

၁ အသပ္ပုရိသသံသေဝ- သူတော်ကောင်းဖြစ်သော ဆရာကို မမှီဝဲ မဆည်းကပ်ရခြင်း။

၂ အသဒ္ဓမ္မသဝန ခါတ်, ပရမတ်တည်းဟူသော သူတော်ကောင်းတရားကို မကြားနာရခြင်း။

၃ အယောနိသော မနသိကာရ- ဓာတ်ဉာဏ်, ပရမတ်ဉာဏ် စသည်ကို ပိုင်အောင် အသင့် အတင့် နှလုံးမသွင်းရခြင်း။

၄ အဟိရိက- ကာယဒုစရိုက် စသည်ကိုပြုက သူတော်ကောင်းတို့ ကြားမည် မြင်မည် သိမည်ကို မရှက်ခြင်း။

၅ အနောတ္တပ္ပ- ကာယဒုစရိုက် စသည်ကိုပြုက အပါယ်လေးပါးသို့ ကျမည်ကို မကြောက်ခြင်း။

၆ အသံဝရ- ကာယဒုစရိုက် စသည် ဒုစရိုက် ၁၀-ပါးတို့၌ ကိုယ်နှုတ်နှလုံး သုံးပါးလုံးကို မစောင့်သုံးခြင်း ၎င်း ဒုစရိုက်ဆယ်ပါး အကုသိုလ်တရားတို့ကို ဤအင်္ဂါ၆-ပါးနှင့်ပြည့်စုံသော အန္ဓဗာလ ပုထုဇန်တို့သည် ပြုကျင့်လွန်ကျူး တတ်ပါသည်။

**မေး** သူတော်ကောင်းဖြစ်သောဆရာကို မမှီဝဲ မဆည်းကပ်ခြင်းစသည် အင်္ဂါ ၆-ပါးတို့နှင့် ညီညွတ်၍ အန္ဓဗာလ ပုထုဇန်တို့၏အဖြစ်သို့ ရောက်သဖြင့် ဒုစရိုက်ဆယ်ပါး အကုသိုလ်တရားတို့ကို ပြစ်မှားကျူးလွန်ခြင်းကြောင့် အလွန်ကြီးလေးသော အဝီစိငရဲစသည် အပါယ်လေးပါး အကျိုးတရားတို့၌ ကျရောက်ခံနေကြရသော ငါတို့မြတ်စွာဘုရား လက်ထက်တော်အခါတွင် အထင်အရှားရှိသော ဝတ္ထုသက်သေတို့ကား အဘယ်ပုဂ္ဂိုလ်များ ဖြစ်ပါသနည်း။

**ဖြေ** မြတ်စွာဘုရား၏ သက်တော်ထင်ရှား ရှိတော်မူစဉ်အခါ သာသနာတော်တွင်းမှာပင် ကြုံကြိုက်သောသူ ဖြစ်လင့်ကစား မြတ်စွာဘုရားတည်းဟူသော

ပညာ ဗဟုသုတနှင့် ပြည့်စုံသော သူတော်ကောင်းဖြစ်သော ဆရာကိုလည်း မမှီဝဲ မဆည်းကပ်ခြင်း, မြတ်စွာဘုရား၏ တရားတော်ကိုလည်း မနာယူခြင်း, အသင့်အတင့် နှလုံးမသွင်းခြင်း, အရှက်မရှိခြင်း, အကြောက်မရှိခြင်း, ကိုယ်အမှု နှုတ်အမှု စိတ်အမှုတို့ကို စောင့်ရှောက်မှုမပြုခြင်း ဤ အင်္ဂါ ၆-ပါးတို့နှင့် ပြည့်စုံ ညီညွတ်၍ အနန္တဗာလ ပုထုဇန်အဖြစ်သို့ ရောက်သဖြင့် မိစ္ဆာတရား ဖောက်ပြန်သောစိတ်ထားဖြင့် ဘုရားကို သွေးစိမ်းတည်အောင် ပြုခြင်း, သံဃာကို သင်းခွဲခြင်း, ဘုရား, တရား, သံဃာဟုဆိုအပ်သော ရတနာ ၃-ပါးတို့ကို နှိမ်နင်းချိုးဖဲ့၍ ပြောဟောခြင်း, အပြစ်မရှိသည်ကို အပြစ်ရှိ၏ဟု ပြောဟောခြင်း, အပြစ်ရှိသည်ကို အပြစ်မရှိဟု ပြောဟောခြင်း အစရှိသော ဒုစရိုက် ၁၀-ပါး အကုသိုလ်တရားတို့ကို ပြစ်မှားကျူးလွန် စော်ကားခြင်းကြောင့် အလွန်ကြီးလေးသော အဝီစိငရဲစသည့် အပါယ်လေးပါး အကျိုးတရားတို့၌ ကျရောက်ခံနေကြရသော ငါတို့မြတ်စွာဘုရား လက်ထက်တော်တွင် ထင်ရှားရှိသော ဝတ္ထုသက်သေတို့ကား ရှင်ဒေဝဒတ်ကြီးနှင့် အဇာတသတ်မင်းကြီး မာခလိဂေါသာလစသည် အပါယ်ဘုံသား ပုဂ္ဂိုလ်အများတို့ ဖြစ်ပါသည်။

**အထူးမှာထား တိုက်တွန်းချက်** ယခုရေးသား ဟောကြားခဲ့ပြီးသော ပညာ ဗဟုသုတနှင့်ပြည့်စုံသော သူတော်ကောင်းအစစ် ဖြစ်ကြီးဖြစ်တော်မူသော မြတ်စွာဘုရားတည်းဟူသော ဆရာကို မမှီဝဲမိခြင်း, မြတ်စွာဘုရား၏တရားကို မကြားနာမိခြင်းစသည် အင်္ဂါ ၆-ပါးတို့နှင့် ပြည့်စုံညီညွတ်သဖြင့် အန္ဓဗာလ ပုထုဇန်တို့၏ အဖြစ်သို့ရောက်၍ သက်တော်ထင်ရှား မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးကို သွေးစိမ်းတည်အောင် ပြုခြင်း, သံဃာတော်ကို သင်းခွဲခြင်း, မိမိကိုယ်တိုင်လည်း ဘုရား, တရား, သံဃာကို အကြည်ညိုကင်းမဲ့၍ ဆဲရေးပုတ်ခပ်ပြောဆိုခြင်း, သူတပါးတို့ကိုလည်း ဘုရား, တရား, သံဃာကို အကြည်ညိုပျက်စေ၍ ဆဲရေးပုတ်ခပ် ပြောဆိုစေခြင်း, အပြစ်မရှိသော အမှုကို အပြစ်ရှိ၏ဟု ပြောဟောခြင်း, အပြစ်ရှိသောအမှုကို အပြစ်မရှိဟု ပြောဟောစေခြင်း, မကိုးကွယ် မပူဇော်ထိုက်သော ပုဂ္ဂိုလ်ကို ကိုးကွယ် ပူဇော်ထိုက်၏ဟု ပြောဟောခြင်း, ကိုးကွယ်ပူဇော်ထိုက်သော ပုဂ္ဂိုလ်ကို မကိုးကွယ် မပူဇော်ထိုက်ဟု ပြောဟောခြင်းစသည့် ကိုယ်အမှု,

နှုတ်အမှု,စိတ်အမှုတို့ဖြင့် ဒုစရိုက် ၁၀-ပါး အကုသိုလ်တရားတို့ကို မိစ္ဆာတရားတို့ဖြင့် ပြစ်မှားကျူးလွန်မိခြင်းကြောင့် အလွန်ကြီးလေးသော အဝီစိငရဲစသည့် အပါယ်လေးပါးတို့သို့ ကျရောက်နစ်မြုပ် ခံနေကြရသော ငါတို့မြတ်စွာဘုရား ရှေ့လက်ထက်တော်အခါက ယခုကျအောင် ခံနေကြရသော ရှင်ဒေဝဒတ်ကြီးနှင့် အဇာတသတ်မင်းကြီး မာခလိဂေါသာလ စသည် အပါယ်ဘုံသား ဝတ္ထုများတို့ကို ထောက်ထား၍ ကြည့်ရှုကြပါသဖြင့် ပညာဗဟုဿုတနှင့် ပြည့်စုံသော သူတော်ကောင်းဖြစ်သော ဆရာကို မကိုးကွယ် မဆည်းကပ်ရခြင်း၊ သူတော်ကောင်းတရားကို မကြားနာရခြင်းစသည့် အင်္ဂါ ၆-ပါးနှင့် ပြည်စုံညီညွတ်၍ အန္ဓဗာလ ပုထုဇန်အဖြစ်သို့ ရောက်သဖြင့် မိစ္ဆာတရား ဖောက်ပြန်သော စိတ်ထားဖြင့် သက်တော်ထင်ရှား ဘုရားပင် မဟုတ်ငြား၍ သစ္စာတရားကို မဟောနိုင်ငြားသော်လည်း မြတ်စွာဘုရား ကိုယ်စား အများသတ္တဝါတို့ ကိုးကွယ်ပူဇော်ကြဘို့ရန် ရွှေ, ငွေ, စိန်, ဖလ်, မြ, မှန်, ပတ္တမြား, ဥဿဖရား, နီလာ, ကျောက်, သန္တာ, အင်္ဂတေ, သံ, ကြေး, မြေ စသည်တို့ဖြင့် ပြုလုပ်စီမံ တည်ထားအပ်သော စေတီ, ဘုရားရုပ်ပွား, ဆင်းတုတည်းဟူသော ဥဒ္ဒိဿစေတီတော်, ပိဋကတ်တည်းဟူသော ဓမ္မစေတီတော် စသည်တို့ကို ချိုးဖဲ့ဖျက်ဆီး နှိမ်နင်း၍ပြောဆိုခြင်း ဂိုဏ်းသံဃာ ကွဲပြားအောင် မပြောဆိုခြင်း ရတနာသုံးပါးတို့၌ အကြည်ညိုပျက်အောင် ပြုကျင့်ပြောဟောခြင်းစသည့် ကိုယ်အမှု နှုတ်အမှု, စိတ်အမှုတို့ဖြင့် ပြုမိမှား, ပြောမိမှား, ကျင့်မိမှား, ကြံမိမှားဟုဆိုအပ်သော ဒုစရိုက်ဆယ်ပါး အကုသိုလ်တရားတို့ကို ကျူးလွန်ပြစ်မှားမိခြင်းကြောင့် အလွန်တရာကြီးလေးလှသော အဝီစိငရဲစသည့် အပါယ်လေးပါးတို့သို့ ကျရောက်နစ်မြုပ် ခံနေရမည်ကို အလွန့်အလွန်ကြီး ကြောက်ရွံ့ထိတ်လန့်ဘွယ် ကောင်းလှသည်တို့ကို နှလုံးသွင်းမိကြသူ ပညာရှိသဘောဖြူတို့ ဖြစ်လိုပါမူ ပညာဗဟုဿုတနှင့်ပြည့်စုံကြသည့် သီလဝန္တ သပ္ပုရိသဖြစ်သောဆရာကို "ပဏ္ဍိတာနဉ္စ သေဝနာ" ဟူသော မင်္ဂလာတရားတော်နှင့်အညီ မရ, ရရာ အမှီရှာ၍ ကိုးကွယ်ဆည်းကပ်ခြင်း, သူတော်ကောင်းတို့၏ တရားကို ကြားနာခြင်းစသည် အင်္ဂါ ၆-ပါးနှင့် ပြည့်စုံညီညွတ်သော ကလျာဏပုထုဇန်အဖြစ်သို့ ရောက်အောင် မိမိကိုယ်ကို မိမိပြုကျင့်ကြပြီးလျှင် မလိမ်မာခင်က လွန်ကျူး

မိသမျှ အကုသလတို့ကိုလည်း ပါယ်ချရန်နှင့် အလွန်ကြီးလေးလှသော အကုသိုလ်အပြစ်ကြီးတို့ကိုလည်း ကြံမိမှား,စီမိမှား,ပြောမိမှား,ဆိုမိမှား,ပြုမိမှား, ကျင့်မိမှား မဖြစ်ကြရလေအောင် အထူးအားသစ်ကြ၍ ၎င်းဒုစရိုက် ၁၀-ပါး အကုသိုလ်တရားတို့ကို ဟေတုပစ္စည်း ပဋ္ဌာန်းနည်းဖြင့် အကြောင်းကို သိမ်းဆည်းပြီးလျှင် ဝိပဿနာအလုပ်ကြီးကို ပွားများအားထုတ်နိုင်ကြပါစေ ကုန်သတည်း၊ ဝါ-ပွားများအားထုတ်ကြပါလေ ယောဂီမြတ်တွေတို့။

ဆရာမမိုး၏ အလိမ်မာနည်းပါးသူတို့မှာ သမ္မုတိသစ္စာနယ်ဖြစ်သော ဒုစရိုက် ၁၀ - ပါး အကုသိုလ်တရားတို့က အဝီစိငရဲစသည့် အပါယ်လေးပါးသို့ ကျရောက်နစ်မြုပ်အောင် အကျိုးပေးကြီးကျယ်ပုံ စကားအရပ်ရပ် တို့သည် ဤတွင်တနည်း အပြီးသတ်လိုက်ပေသတည်း။

---

**ဒုစရိုက်ဆယ်ပါး အကုသိုလ်တရားတို့ကို ပယ်ရှားလို၍ သမ္မသနဉာဏ်စသည် ဝိပဿနာဉာဏ် အစားစားတို့ကို ပွားများအားထုတ်ပုံတွင် အကုသိုလ်ဟိတ်သုံးပါးနှင့် သစ်ပင်၏ အမြစ်နှင့်တူပုံကို ဥပမာဖြင့်**

## အကျဉ်းမျှ လင်းပြခြင်း

**မေး** ဆရာမိုး၏ အလိမ္မာကြီးထွားသောသူတို့မှာ သမ္မုတိသစ္စာနယ်ဖြစ်သော လောကီကုသိုလ်တရား ပုညကြိယာ ၁၀-ပါးတို့ကို ဟေတုပစ္စည်း ပဋ္ဌာန်းနည်းဖြင့် အကြောင်းကို သိမ်းဆည်း၍ ဝဋ္ဋသုံးပါးတို့မှ လွတ်ရာ မဂ်,ဖိုလ်,နိဗ္ဗာန်သို့ ရောက်ကြောင်း ဝိပဿနာအလုပ်ကြီး၌ ပွားများ အားထုတ်ပုံကို ရေးသား ဟောကြားပြီးသည်မှတပါး ဒုစရိုက် ဆယ်ပါး အကုသိုလ်တရားတို့ကိုလည်း ဟေတုပစ္စည်း ပဋ္ဌာန်းနည်းဖြင့် အကြောင်းကို သိမ်းဆည်း၍ ဝိပဿနာအလုပ် ပွားများ အားထုတ်ပုံကို မေးခွန်း စစ်တမ်းထုတ်၍ ရေးသား ဟောကြား လိုရကား—

ဝဋ္ဋသုံးပါးမှ ထွက်မြောက်အောင် ဒုစရိုက် ၁၀-ပါး အကုသိုလ်တရားတို့ကို ဟေတုပစ္စည်း ပဋ္ဌာန်းနည်းဖြင့် အကြောင်းကို သိမ်းဆည်း၍ ဝိပဿနာအလုပ် ကို ပွားများ အားထုတ်ရမည်ဆိုသော် အကုသိုလ်ဟိတ်သုံးပါး ကုသိုလ်ဟိတ်

သုံးပါးတို့တွင် အာဃယ်ဟိတ် သုံးပါးတို့ဖြင့် အကြောင်းကို သိမ်းဆည်း၍ ဝိပဿနာ အလုပ်ကို ပွားများ အားထုတ်ရပါမည်နည်း။

**ဖြေ** ဒုစရိုက် ၁၀-ပါးကို ပြုသည့်အရာဖြစ်၍ လောဘဟိတ် လိုချင်သည့်အကြောင်း, ဒေါသဟိတ် ပြစ်မှားသည့်အကြောင်း, မောဟဟိတ် တွေဝေသည့်အကြောင်းဟု ဆိုအပ်သော အကုသိုလ်ဟိတ် သုံးပါး ပစ္စည်းတရားတို့ဖြင့် အကြောင်းကို သိမ်းဆည်း၍ ဝိပဿနာ အလုပ်တရားကြီးကို ပွားများ အားထုတ်ရပါသည်။

**မေး** ၎င်း အကုသိုလ်ဟိတ် သုံးပါးတို့ဖြင့် အကြောင်းကို သိမ်းဆည်း၍ ဒုစရိုက် ၁၀-ပါး အကုသိုလ်တရားတို့၌ ဝိပဿနာ အလုပ်ကြီးကို ပွားများ အားထုတ်ရမည် ဆိုသော် ၎င်း အကုသိုလ်ဟိတ် သုံးပါး ပစ္စည်းတရားတို့သည် ဘာနှင့် ဥပမာ တူပါကုန်သနည်း။

**ဖြေ** တတ္ထ ယထာ ရုက္ခဿ မူလာနိ သယံ အန္တောပထဝိယံ သုဋ္ဌု ပတိဋ္ဌဟိတွာ ပထဝီရသဉ္စ အာပေါရသဉ္စ ဂဟေတွာ တံ ရုက္ခံ ယာဝ အဂ္ဂါ အဘိဟရန္တိ၊ တေန ရုက္ခော စိရကာလံ ဝဍ္ဎမာနော တိဋ္ဌတိ၊ တထာ လောဘော စ တသ္မိံ တသ္မိံ ဝတ္ထုမှိ ရဇ္ဇနဝသေန သုဋ္ဌု ပတိဋ္ဌဟိတွာ တဿ တဿ ဝတ္ထုဿ ပိယရူပရသဉ္စ သာတရူပရသဉ္စ ဂဟေတွာ သမ္ပယုတ္တဓမ္မေ ယာဝ ကာယဝစီဝိတ္တိက္ကမာ အဘိဟရတိ၊ ကာယဝိတိက္ကမံ ဝါ ဝစီဝိတိက္ကမံ ဝါ ပါပေတိ၊တထာ ဒေါသော စ ဒုဿန ဝသေန အပ္ပိယရူပရသဉ္စ အသာတရူပရသဉ္စ ဂဟေတွာ၊ မောဟော စ မုယှနဝသေန နာနာရမ္မဏေသု နိရုတ္တကစိတ္တာစာရရသံ ဝ ဇှေ တွာတိ ဝတ္တဗ္ဗံ၊ ဧဝံ အဘိဟရန္တာ တယော ဓမ္မာ ရဇ္ဇနီယာဒီသု ဝတ္ထူသု သမ္ပယုတ္တဓမ္မေ မောဒမာနေ ပမောဒမာနေ ကရောန္တောဝိယ စိရကာလံ ပဝတ္တန္တိ၊ သမ္ပယုတ္တဓမ္မေ စ တထာ ပဝတ္တန္တိ၊ သမ္ပယုတ္တဓမ္မေသု စ တထာ ပဝတ္တမာနေသု သဟဇာတရူပကလာပါပိ တထာ ပဝတ္တန္တိယေဝ၊ တတ္ထ သမ္ပယုတ္တဓမ္မေ အဘိဟရတီတိ။ ဒွေ ပိယရူပ သာတရူပရသေ သမ္ပယုတ္တဓမ္မာနံ သန္တိကံ ပါပေတီတိ အတ္ထော။

ပဋ္ဌာနုဒ္ဒေသ ဒီပနီ

**တို့မြန်မာဘာသာလို ပြန်ဆိုရန်ကား—** တတ္ထ၊ ထိုပဟေတုပစ္စည်း၌။ရုက္ခဿ၊ သစ်ပင်၏။ မူလာနိ၊ အမြစ်တို့သည်။ သယံ၊ အလိုလို။ အန္တော ပထဝိယံ၊ မြေ၏အတွင်း၌။ သုဋ္ဌု၊ ကောင်းစွာ။ ပတိဋ္ဌဟိတွာ၊ တည်၍။ ပထဝီရသဉ္စ၊ မြေ၏ အဆီအရသာကိုရင်း။ အာပေါရသဉ္စ၊ ရေ၏ အဆီအရသာကိုရင်း။ ဂဟေတွာ၊ ယူ၍။ တံ ရုက္ခံ၊ ထိုသစ်ပင်ကို။ ယာဝအဂ္ဂါ၊ အဖျားတိုင်အောင်။ အဘိဟရန္တိ ယထာ၊ ဆောင်ကုန်သကဲ့သို့ရင်း။ တေန၊ ထိုသို့ ဆောင်ခြင်းဖြင့်။ ရုက္ခော၊ သစ်ပင်သည်။ စိရကာလံ၊ ရှည်မြင့်စွာသော ကာလပတ်လုံး။ ဝဍ္ဎမာနော၊ကြီးပွားလျက်။ တိဋ္ဌတိ ယထာ၊ တည်သကဲ့သို့ရင်း။ တထာ၊ ထို့အတူ။ လောဘော စ၊ လောဘသည်လည်း။ တသ္မိံ တသ္မိံ ဝတ္ထုမှိ၊ ထိုထိုသို့သော ဝတ္ထုအာရုံ၌။ရဇ္ဇနဝသေန၊ တပ်နှစ်သက်သည်၏ အစွမ်းဖြင့်။သုဋ္ဌု၊ကောင်းစွာ။ ပတိဋ္ဌဟိတွာ၊ အာရုံပြုသောအားဖြင့် တည်၍။ တဿ တဿ ဝတ္ထုဿ၊ ထိုထိုသို့သော ဝတ္ထုအာရုံ၏။ ပိယရူပရသဉ္စ၊ ချစ်အပ်သော သဘောရှိသော အဆီအရသာကိုရင်း။ သာတရူပရသဉ္စ၊ သာယာအပ်သော သဘောရှိသော အဆီအရသာကိုရင်း။ ဂဟေတွာ၊ ယူ၍။ သမ္ပယုတ္တဓမ္မေ၊ သမ္ပယုတ်တရားတို့ကို။ ယာဝ ကာယဝစီ ဝိတိက္ကမာ၊ ကိုယ်ဖြင့် လွန်ကျူးခြင်း,နှုတ်ဖြင့် လွန်ကျူးခြင်းသို့တိုင်အောင်။အဘိဟရတိ၊ ဆောင်၏။ကာယဝိတိက္ကမံ ဝါ၊ ကိုယ်ဖြင့် လွန်ကျူးခြင်းသို့ရင်း။ဝစီဝိတိက္ကမံ ဝါ၊နှုတ်ဖြင့် လွန်ကျူးခြင်းသို့ရင်း။ ပါပေတိ၊ရောက်စေ၏။ တထာ၊ ထို့အတူ။ ဒေါသော စ၊ ဒေါသသည်လည်း။ ဒုဿနဝသေန၊ ပြစ်မှားသည်၏ အစွမ်းဖြင့်။ အပ္ပိယရူပရသဉ္စ၊ မချစ်မနှစ်မြို့အပ်သော အဆီအရသာကိုရင်း။ အသာတရူပရသဉ္စ၊ မသာယာအပ်သော သဘောရှိသော အဆီအရသာကိုရင်း။ ဂဟေတွာ စ၊ ယူ၍ရင်း။ မောဟော စ၊ မောဟသည်လည်း။မုယှနဝသေန၊ တွေဝေသည်၏ အစွမ်းဖြင့်။ နာနာရမ္မဏေသု၊ အထူးထူးသော အာရုံတို့၌။ နိရတ္ထကစိတ္တာစာရ ရသံ၊ အချည်းနှီးသော စိတ်၏ဖြစ်ခြင်းတည်းဟူသော အဆီအရသာကို။ ဝဍ္ဎေတွာ၊ ပွားစေ၍။ ဣတိအာဒိနာ၊ ဤသို့စသည်ဖြင့်။ ဝတ္တဗ္ဗံ၊ ဆိုအပ်၏။ ဧဝံ၊ ဤသို့။ အဘိဟရန္တာ၊ ရှေးရှုဆောင်ကုန်သော။ တယော၊ သုံးပါးကုန်သော။ ဓမ္မာ၊ တရားတို့သည်။ ရဇ္ဇနီယာဒိသု၊ တပ်နှစ်သက်အပ်သည့်သဘော အစရှိကုန်သော။ ဝတ္ထူသု၊ ဝတ္ထုအာရုံတို့၌။ သမ္ပယုတ္တဓမ္မေ၊ သမ္ပယုတ် တရားတို့ကို။ မောဒမာနေ၊ ရွှင်စေသည်တို့ကို။

ပမောဒမာနေ၊ အလွန်ရွှင်စေသည်တို့ကို။ ကရောန္တောဝိယ၊ ပြုသကဲ့သို့။ဟုတွာ၊ ဖြစ်၍။ စိရကာလံ၊ ရှည်မြင့်စွာသော ကာလပတ်လုံး။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။ သမ္ပယုတ္တဓမ္မာ စ၊ သမ္ပယုတ်ဖြစ်သော တရားတို့သည်လည်း။ တထာ၊ ထိုသို့သော အခြင်းအရာအားဖြင့်။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။ သမ္ပယုတ္တဓမ္မေသု စ၊ သမ္ပယုတ်ဖြစ်သော တရားတို့သည်လည်း။ တထာ၊ ထိုသို့သော အခြင်းအရာ အားဖြင့်။ ပဝတ္တမာနေသု၊ ဖြစ်ကုန်သည်ရှိသော်။ သဟဇာတရူပကလာပါပိ၊ သဟဇာတ်ဖြစ်သော ရုပ်ကလာပ်တို့သည်လည်း။ တထာ၊ ထိုသို့သော အခြင်း အရာအားဖြင့်။ ပဝတ္တန္တိယေဝ၊ ဖြစ်ကုန်သည် သာလျှင်တည်း။ တတ္ထ ဝစနေ၊ ထိုစကားရပ်၌။ သမ္ပယုတ္တဓမ္မေ အဘိဟရတီတိ ပဒဿ၊ သမ္ပယုတ္တဓမ္မေ အဘိဟရတိ- ဟူသော ပုဒ်၏။ အတ္တော၊ အနက်ကို။ ဧဝံ၊ ဤသို့။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။ ဒွေ၊ နှစ်ပါးကုန်သော။ ပိယရူပ သာတရူပ ရသော၊ ချစ်အပ် သောသဘော, သာယာအပ်သော သဘောဟု ဆိုအပ်သော အဆီအရသာ တို့ကို။ သမ္ပယုတ္တဓမ္မာနံ၊ သမ္ပယုတ်တရားတို့၏။ သန္တိကံ၊ အထံသို့။ ပါပေတီ ရောက်စေတတ်၏။ဣတိ အတ္တော၊ဤသို့သော အနက်ကို။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။

ဤသို့ ကျေးဇူးတော်ရှင် လယ်တီတောရ ဆရာတော်ဘုရားကြီး ရေးသား စီရင်တော်မူအပ်သော ပဋ္ဌာနုဒ္ဒေသဒီပနီ လာသည်နှင့်အညီ အကုသိုလ် ဟိတ် သုံးပါး ပစ္စည်းတရားတို့သည် သစ်ပင်၏ အမြစ်နှင့် တူပါကုန်သည်။

အကုသိုလ်ဟိတ်သုံးပါးနှင့် သစ်ပင်၏ အမြစ်နှင့် တူပုံကို
အကျဉ်းမျှ လင်းပြခြင်း ပြီး၏။

---

ဇူဠဒွာရ၌ ၆-ပါးကို အာရုံပြု၍ အခါ၌ဖြစ်သော လောဘဟိတ်,မောဟဟိတ်
နှစ်ပါးဖြင့် အကြောင်းကို သိမ်းဆည်း၍ ဝိပဿနာတရား
ပွားများပုံကို

## အကျဉ်းမျှ လင်းပြခြင်း

မေး ဒုစရိုက်ဆယ်ပါး အကုသိုလ် တရားတို့ကို သစ်မြစ်နှင့်တူသော အကုသိုလ် ဟိတ် ၃-ပါးတို့ဖြင့် အကြောင်းကို သိမ်းဆည်းရမည်ဆိုသော စကားအရပ်ရပ်

တို့တွင် ဒုစရိုက်ဆယ်ပါး အကုသိုလ်တရားဟု ဆိုအပ်သော စကားရပ်ကို အကျဉ်းချုံးလိုက်သည်ရှိသော် အကုသိုလ်တရား အဘယ်နှစ်ပါး ဖြစ်ပါသနည်း။

ဖြေ (၁) တေသု ပါဏာတိပါတော ဖရုသဝါစာ ဗျာပါဒေါစ ဒေါသမူလေန ဇာယန္တိ။

(၂) ကာမေသုမိစ္ဆာစာရော အဘိဇ္ဈာ မိစ္ဆာဒိဋ္ဌိ စ လောဘမူလေန။

(၃) သေသာနိ စတ္တာရိပိ ဒွိဟိ မူလေဟိ သမ္ဘဝန္တိ။

လက်သန်း အဋ္ဌကထာပါဠိ

**တို့မြန်မာဘာသာလို ပြန်ဆိုရန်ကား—** (၁) တေသု၊ ထိုအကုသလဓမ္မ ၁၀ ပါးတို့တွင်။ ပါဏာတိပါတော စ၊ သူ၏အသက်ကို လျင်စွာ ချခြင်းသည်၎င်း။ ဖရုသဝါစာ စ၊ လွှကဲ့သို့ ကြမ်းသော အတွေ့ရှိသော စကားသည်၎င်း။ ဗျာပါဒေါ စ၊ စီးပွားချမ်းသာကို ဖျက်ဆီးကြောင်း ဗျာပါဒသည်၎င်း။ ဒေါသမူလေန၊ ဒေါသဟု ဆိုအပ်သော မူလကြောင့်။ ဇာယန္တိ၊ ဖြစ်ကုန်၏။

(၂) ကာမေသု မိစ္ဆာစာရော၊ ကာမဂုဏ်တို့၌ မှားသောအကျင့်သည်၎င်း။ အဘိဇ္ဈာ စ၊ သူတပါး စည်းစိမ်ချမ်းသာကို ရှေ့ရှုတပ်သောအားဖြင့် ကြံခြင်းသည်၎င်း။ မိစ္ဆာဒိဋ္ဌိ စ၊ ဖေါက်ပြန်သောအားဖြင့် မြင်ခြင်းသည်၎င်း။ လောဘမူလေန၊ လောဘဟု ဆိုအပ်သော မူလကြောင့်။ ဇာယန္တိ၊ ဖြစ်ကုန်၏။

(၃) သေသာနိ၊ ဆိုအပ်ခဲ့ပြီးသည်မှ ကြွင်းကုန်သော။ စတ္တာရိပိ၊ လေးပါးလည်း ဖြစ်ကုန်သော သူတပါး ဥစ္စာကို ခိုးယူခြင်း, မဟုတ်သည်ကို ဟုတ်သောအားဖြင့် ပြောဆိုခြင်း, တဦးနှင့် တဦး အချစ်ပျက်အောင် ချောပစ် ဂုံးတိုက်သော စကားကို ပြောဆိုခြင်း, သီတာ မိဖုရား စသည် ဆောင်ယူခြင်း စသော ပြိန်ဖျင်းသော စကားကို ပြောဆိုခြင်းတို့သည်ကား။ ဒွိဟိ၊ နှစ်ပါးကုန်သော။ မူလေဟိ၊ လောဘမူ, ဒေါသမူတို့ကြောင့်။ သမ္ဘဝန္တိ၊ ဖြစ်ကုန်၏။

ဤသို့ မိန့်ဆိုတော်မူအပ်သော အဋ္ဌကထာပါဠိနှင့်အညီ ပြဆိုရမူ လောဘမူ, ဒေါသမူ ဟူ၍နှစ်ပါးသာဖြစ်၏၊ ၎င်း နှစ်ပါးနှင့် ယှဉ်သော လောဘ၏အပြစ်

ဒေါသ၏အပြစ်စသည်ကို မမြင်သော တွေဝေသည့် မောဟကို ထည့်မှု အကျဉ်းအားဖြင့် အကုသိုလ်တရားသည် သုံးပါး ဖြစ်ပါသည်။

ဤကား အကျဉ်းအားဖြင့် အကုသိုလ်တရား သုံးပါး
ဖြစ်ပုံတည်း။

---

**မေး** ၎င်း အကုသိုလ်တရား သုံးပါးတို့တွင် မိမိအလိုရှိသည့် သားချစ်,သမီးချစ်, မြေးချစ်, မြစ်ချစ်, လင်ချစ်, မယားချစ်, ပစ္စည်းချစ်, ဥစ္စာချစ် စသည်တို့၏ အဆင်း, အသံ, အနံ့, အရသာ, အတွေ့, အမှုအရာ, ပုံသဏ္ဌာန်အားဖြင့် ၆-ပါးသော အာရုံတို့နှင့် ၆-ဒွါရတို့မှာ မြင်ရ, ကြားရ, နံရ, လျက်ရ, တွေ့ထိရ, ကြံစီ တွေးတောရသည့်အခါ လူသာမန်တို့မှာ အဘယ်အကုသိုလ်တရားများ ဖြစ်တတ်ပါသနည်း။

**ဖြေ** ၎င်း အာရုံကောင်းကောင်းနှင့် မြင်ရ,ကြားရ, နံရ, လျက်ရ, တွေ့ထိရ, ကြံစီ တွေးတောရသည့်အခါ ဤအာရုံ ကောင်းကောင်းတို့ကို လိုချင်သည့် လောဘဟုဆိုအပ်သော အကုသိုလ်တရားနှင့် တဏှာ ဒုက္ခသ မူလံ၊တဏှာ၊ခင်မင်သာယာတွယ်တာ ကပ်ငြိမှု လောဘဟု ဆိုအပ်သော တဏှာသည်။ဒုက္ခသ၊အိုရ, နာရ, သေရ, အပါယ်လေးပါးသို့ လားကြရသော ဘေးဒုက္ခဟူသမျှ၏။ မူလံ၊ အရင်းအမြစ်ပေတည်း ဟူ၍ ဟောတော်မူသော ပါဠိတော်၏အရဖြင့် လိုချင်မှု တဏှာဟု ဆိုအပ်သော လောဘ၏အပြစ် စသည်ကို မသိမမြင်မှု တွေဝေမှုဟု ဆိုအပ်သော မောဟအကုသိုလ် ဤအကုသိုလ်တရားနှစ်ပါး ဖြစ်တတ်ပါသည်။

**မေး** မိမိသည် အလိုရှိအပ်သော အာရုံကောင်းကောင်း ၆-ပါးတို့နှင့် ၆-ဒွါရမှာ တွေ့ကြုံသော အခါ၌ ဖြစ်ပေါ်လာသော လောဘအကုသိုလ်, မောဟအကုသိုလ်တို့သည် ဟေတုပစ္စည်း ပဋ္ဌာန်းနည်းဖြင့် အကြောင်းကို သိမ်းဆည်းရမှု အဘယ်တရားနှစ်ပါး ဖြစ်ပါသနည်း။

**ဖြေ** ၎င်း အကုသိုလ်တရား နှစ်ပါးတို့သည် ဟေတုပစ္စည်း ပဋ္ဌာန်းနည်းဖြင့် အကြောင်းကို သိမ်းဆည်းရမှု လောဘဟိတ် လိုချင်သည့်အကြောင်း, မောဟဟိတ် တွေဝေသည့်အကြောင်း ဟူ၍ အကုသိုလ်ဟိတ်တရားနှစ်ပါး ဖြစ်ပါသည်။

**မေး** မိမိသည် အလိုရှိအပ်သော ယောကျ်ား, မိန်းမ စသည်တို့၏ အဆင်း, အသံစသော အာရုံ ၆-ပါးနှင့် တွေ့ကြုံရသောအခါ၌ လောဘဟိတ် မောဟဟိတ် နှစ်ပါးကြောင့် အဘယ်တရားများ ဖြစ်ပေါ်ပါသနည်း။

**ဖြေ** ၎င်း ဟိတ်နှစ်ပါးကြောင့် ရှင်လန်းသည့် စိတ္တဇရုပ်, ဝမ်းသာသည့် သောမနဿဝေဒနာ, မှတ်သားသည့် သညာ, စေ့ဆော်သည့် စေတနာ, လိုချင်ခြင်း 'အရင်းခံရှိသည့် လောဘမူစိတ်ဝိညာဏ်ဟု ဆိုအပ်သော ခန္ဓာငါးပါး ပစ္စယုပ္ပန်တရားတို့သည်၊ ဝါ·အကျိုးတရားတို့သည် ဖြစ်ပေါ်၍ လာပါသည်။

**မေး** ၎င်း ပစ္စည်းပစ္စယုပ္ပန်ဟု ဆိုအပ်သော ဤအကြောင်းအကျိုး တရားတို့သည် ပုဂ္ဂိုလ်, သတ္တဝါ, အတ္တ,ဇီဝ မဟုတ်ကုန် ပဋ္ဌာန်းတရားသာ ဟုတ်ကုန်၏၊ ၎င်း ပဋ္ဌာန်းတရားတို့သည် မဘောက်မပြန် မြတ်သောကြောင့် ပရမတ်တရား အစစ်သာ ဖြစ်ကုန်၏၊ ၎င်း ပရမတ် အစစ်ဖြစ်သော တရားတို့သည် မြတ်သော ဘုရား,ပစ္စေကဗုဒ္ဓါ, အရိယာသာဝကတို့ ဉာဏ်၏ ကျက်စားရာ အာရုံဖြစ်ကုန်၏၊ မြတ်သော ဘုရား,ပစ္စေကဗုဒ္ဓါ, အရိယာသာဝကတို့ဉာဏ်၏ ကျက်စားရာ အာရုံ ဖြစ်သော ၎င်း ပရမတ်တရားတို့သည် ထာဝရဘုရားစသည် ဖန်ဆင်းလို့ဖြစ်ပေါ် လာသည်မဟုတ်, အကြောင်းကြောင့် ဖြစ်သည့် ခန္ဓာငါးပါး အကျိုးတရားသာ ဟုတ်ကုန်၏၊ ဤ ခန္ဓာငါးပါး အကျိုးတရားတို့သည် အကြောင်းတရား ဘယ်နှစ် ပါးကြောင့် ဖြစ်ပါသနည်း။

ဟေတုပစ္စယောတိ ဟေတူ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ
တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတု ပစ္စယေန ပစ္စယော။
ပဋ္ဌာန်းပါဠိတော်

**တို့မြန်မာဘာသာလို ပြန်ဆိုရန်ကား—** ဟေတုပစ္စယောတိ၊ ဟေတုပစ္စည်း ဟူသည်ကား။ဟေတူ၊ လောဘဟိတ်, မောဟဟိတ်ဟု ဆိုအပ်သော ဟိတ်နှစ်ပါး ပစ္စည်း တရားတို့သည်။ ဟေတုသမ္ပယုတ္တကာနံ၊ ဟိတ်နှစ်ပါး ပစ္စည်းတရားနှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ တို့အားၣင်း။ တံ သမုဋ္ဌာနာနံ၊ ထိုဟိတ်နှစ်ပါး ကြောင့်ဖြစ်ကုန်သော။ ရူပါနဉ္စ၊ တို့အားၣင်း။ ဟေတုပစ္စယေန၊ ဖြင့်။ပစ္စယော ဥပကာရကော၊ သည်။ ဟောတိ၊ ၏။

ဤသို့ ဟောကြားတော် မူအပ်သော ပဋ္ဌာန်းပါဠိတော်နှင့် အညီ ဤ ခန္ဓာငါးပါး အကျိုးတရားတို့သည် လောဘဟိတ် လိုချင်သည့် အကြောင်း, မောဟဟိတ် တွေဝေသည့် အကြောင်းဟူ၍ ဤ အကြောင်းတရား ၂-ပါးကြောင့် ဖြစ်ပါသည်။

**မေး** ၎င်းပစ္စည်း ပစ္စယုပ္ပန် ထိုက်သော အကြောင်းတရား အကျိုးတရားတို့သည် သူငါတို့၏ အတွင်းမှာဖြစ်တဲ့ တရားမျိုးဖြစ်၍ ငါပဋ္ဌာန်း အစစ်ဖြစ်၏၊ တနည်းအားဖြင့်လည်း မည်သူ တဦးတယောက်မျှ မဖန်ဆင်းရဘဲ သူ့သဘာဝအတိုင်း သူဖြစ်တဲ့ တရားမျိုးဖြစ်၍ သဘာဝဓမ္မ ပဋ္ဌာန်း အစစ်ဖြစ်၏၊၎င်းသဘာဝဓမ္မ ဖြစ်သော ငါပဋ္ဌာန်းတရားတို့သည် တသက်ပတ်လုံး မတည်နိုင်ရာ၊ တသက်ပန် တည်နိုင်မှာဝေးစွ ရူပါရုံကောင်းကောင်းကို အာရုံပြုဆဲအခါ၌ လိုချင်သည့် အကြောင်း တွေဝေသည့် အကြောင်းတရား နှစ်ပါးကြောင့်ဖြစ်သော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန် တရားတို့သည် ယခု အခါသို့ တိုင်အောင် မပါမူ၍ ထိုရူပါရုံ ကောင်းကောင်းကို အာရုံပြုဆဲ အခါ၌ပင်လျှင် မမြဲပျက်ပျောက် အနိစ္စ ရောက်၍ လိုက်ကြကုန်၏၊ ထို့အတူ သဒ္ဒါရုံ ကောင်းကောင်း, ဂန္ဓာရုံ ကောင်းကောင်း, ရသာရုံ ကောင်းကောင်း, ဖောဋ္ဌဗ္ဗာရုံကောင်းကောင်း,ဓမ္မာရုံ ကောင်းကောင်းတို့ကို အာရုံပြုဆဲ အခါ၌ဖြစ်သော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့သည်လည်း ထိုသဒ္ဒါရုံ ကောင်းကောင်း, ဂန္ဓာရုံ ကောင်းကောင်း,ရသာရုံ ကောင်းကောင်း,ဖောဋ္ဌဗ္ဗာရုံ ကောင်းကောင်း, ဓမ္မာရုံကောင်းကောင်းတို့ကို အာရုံပြုဆဲ အခါ၌ပင်လျှင် မမြဲပျက်ပျောက် အနိစ္စရောက်၍ လိုက်ကြကုန်၏။

ထိုသို့ မမြဲပျက်ပျောက် အနိစ္စရောက်ကြကုန်သော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့သည် အလွန်ဆင်းရဲသည့် ဒုက္ခအတိသာ အနှစ်မရှိ အစိုးမရ အလိုသို့ မလိုက်ကြသည့် အနတ္တ အတိသာ ဖြစ်ကြကုန်၏၊ ထိုသို့ အနိစ္စအတိ,ဒုက္ခ အတိ,အနတ္တ အတိသာ ဖြစ်ကြကုန်သော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့ကို မဟာသောတာပန် ဖြစ်ကြောင်း သမ္မသနဉာဏ်စသည့် ဝိပဿနာပညာဉာဏ် ဝိဇ္ဇာတရားကြီးတို့ကို ရင့်သန်လာအောင် ပွားများလိုကြပါမူ အဘယ်လို ပွားများရပါမည်နည်း။

ဖြေ သမ္မသန ဉာဏ်စသည့် ဝိပဿနာ ပညာဉာဏ် ဝိဇ္ဇာတရားကြီးတို့ကို ရင့်သန်လာအောင် ပွားများလိုကြပါမူ ပစ္စုပ္ပန်ကာလ၌ မိမိအလိုရှိသည့်အာရုံကို အာရုံပြုဆဲ အခါ၌ဖြစ်သော ခန္ဓာငါးပါး ဟောတုပစ္စည်း ပစ္စယုပ္ပန်တရားတို့၏ အနိစ္စအချက်စု၊ ဒုက္ခအချက်စု၊ အနတ္တ အချက်စုတို့ကိုရင်း၊ ရှေးအတိတ်ကာလက လည်း ထို့အတူ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ရောက်ခဲ့ကြပြီးသည့် အချက်စုကိုရင်း၊ နောင် အနာဂတ်ကာလ၌လည်း ထို့အတူ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ရောက်လတံ့ သော အချက်စုကိုရင်း ဝိပဿနာ ပညာမျက်စိဖြင့် ပိုင်ပိုင်ကြီး မြင်ရအောင် ကြည့်ပြီးလျှင် အောက်ပါအတိုင်း ပွားများရပါသည်။

### ကာလသုံးပါး၌ဖြစ်သော ဣန္ဒြေရုံ ၆-ပါးကို အာရုံပြု၍ ဝိပဿနာတရား ပွားများပုံကို

## အကျဉ်းမျှ လင်းပြခြင်း

ရူပါရုံ ကောင်းကောင်းကို အာရုံပြုဆဲ အခါ၌ဖြစ်သော ခန္ဓာငါးပါး ဟောတုပစ္စည်း ပစ္စယုပ္ပန်တရားတို့သည် ယခုအခါသို့ မရောက်မူ၍ ထိုရူပါရုံ ကောင်းကောင်းကို အာရုံပြုဆဲ အခါ၌ပင်လျှင် ချုပ်ပျောက်လေသောကြောင့် အနိစ္စ၊ အနိစ္စ၊ အနိစ္စ၊ အနိစ္စ။

ချုပ်ပျောက်သေဆဲ ဆင်းရဲလေသောကြောင့် ဒုက္ခ၊ ဒုက္ခ၊ ဒုက္ခ၊ ဒုက္ခ။

ချုပ်ပျောက်သေကာ နှစ်ဘလာနှင့် လိုရာမကျ အစိုးမရလေသောကြောင့် အနတ္တ၊ အနတ္တ၊ အနတ္တ၊ အနတ္တ။

ဤကား ပစ္စုပ္ပန်ကာလ၌ လက္ခဏာယာဉ်သုံးပါး ပွားများပုံတည်း။

ရူပါရုံ ကောင်းကောင်းကို အာရုံပြုဆဲအခါ၌ဖြစ်သော ခန္ဓာငါးပါး ဟောတု ပစ္စည်း ပစ္စယုပ္ပန်တရားတို့သည် ရှေးကလည်း ဘာတခုမျှ မရှိကြကုန်ပြီဖြစ်၍ ချုပ်ပျောက်လေသောကြောင့် အနိစ္စ၊ အနိစ္စ၊ အနိစ္စ၊ အနိစ္စ။

ချုပ်ပျောက်သေဆဲ ဆင်းရဲလေသောကြောင့် ဒုက္ခ၊ ဒုက္ခ၊ ဒုက္ခ၊ ဒုက္ခ။

ချုပ်ပျောက်သေကာ နှစ်ဘလာနှင့် လိုရာမကျ အစိုးမရလေသောကြောင့် အနတ္တ, အနတ္တ၊ အနတ္တ, အနတ္တ။

ဤကား အတိတ်ကာလ၌ လက္ခဏာယာဉ်သုံးပါး ပွားများပုံတည်း။

ရူပါရုံကောင်းကောင်းကို အာရုံပြုဆဲ အခါ၌ ဖြစ်သော ခန္ဓာငါးပါး ဟေတု ပစ္စည်း ပစ္စယုပ္ပန်တရားတို့သည် နောက်နောင်လည်း ဘာတခုမျှ မရှိကြကုန်မည် ဖြစ်၍ ချုပ်ပျောက်လေသောကြောင့် အနိစ္စ, အနိစ္စ၊ အနိစ္စ, အနိစ္စ။

ချုပ်ပျောက်သေဆဲ ဆင်းရဲလေသောကြောင့် ဒုက္ခ, ဒုက္ခ၊ ဒုက္ခ, ဒုက္ခ။

ချုပ်ပျောက်သေကာ နှစ်ဘလာနှင့် လိုရာမကျ အစိုးမရလေသောကြောင့် အနတ္တ, အနတ္တ၊ အနတ္တ, အနတ္တ။

ဤကား အနာဂတ်ကာလ၌ လက္ခဏာယာဉ်သုံးပါး ပွားများပုံတည်း။

**အမှာ** ဤပွားများပုံကား သင်တန်းသဘောမျှသာတည်း၊တကယ်တန်းအလုပ် လုပ်လိုကြပါမူ ရူပါရုံကို အာရုံပြုဆဲအခါ၌ပင်လျှင် ရုပ်နာမ်တို့၏ ဖြစ်ပျက်မှုကို မြင်ရအောင် ရှု၍ ဖြစ်ပျက်,ဖြစ်ပျက်ဟု ပွားများကုန်ရာ၏၊ဝါ-ပွားများကြလေ။

**အထူးမှာထားချက်** သဒ္ဒါရုံ ကောင်းကောင်း, ဂန္ဓာရုံ ကောင်းကောင်း, ရသာရုံ ကောင်းကောင်း, ဖောဋ္ဌဗ္ဗာရုံ ကောင်းကောင်း, ဓမ္မာရုံ ကောင်းကောင်းတို့ကို အာရုံပြုဆဲအခါ၌လည်း ထိုရူပါရုံ ကောင်းကောင်းကို အာရုံပြုဆဲအခါ၌ ပွားများသည်နှင့်နည်းတူ မိမိပြုသည့် အာရုံ၏ အမည်ကို ထည့်၍ ပွားများကြပါလေ၊ ဆရာကောင်းတပည့် ဖြစ်လင့်ကစား သတိမထားမိ၍ အာရုံနှင့် တွေ့ငြိစဉ်အခါ ပုထုဇန်ဖြစ်သည် အားလျော်စွာ လောဘဟိတ်, မောဟဟိတ်ဟု ဆိုအပ်သော အကုသိုလ် တရားတွေ ပေါ်ပေါက်လာစေကာမူ နောက်တဖန် သတိယူ၍ လောဘမူ, မောဟမူ တရားတို့ကို ပယ်ရှားသောအားဖြင့် ဝိပဿနာတရားကို ပွားများခြင်းငှါ အလိုရှိကြကုန်သော ယောဂီအပေါင်း သူတော်ကောင်းတွေတို့။

**အမှာ** ဤသဒ္ဒါရုံ စသည်တို့ကို ပွားများရာတို့၌လည်း ရူပါရုံ အတူ အာရုံနှင့် တွေ့ဆဲအခါ၌ ရုပ်နာမ်တို့၏ အဖြစ်အပျက်ကိုမြင်အောင် ကြည့်၍ ဖြစ်ပျက်, ဖြစ်ပျက်ဟု ပွားများကြလေ။

ကာလသုံးပါး၌ဖြစ်သော ဣဋ္ဌာရုံ ၆-ပါးတို့ကို အာရုံပြု၍
ဝိပဿနာတရား ပွားများပုံကို အကျဉ်းမျှ
လင်းပြခြင်း ပြီး၏။

---

**အနိဋ္ဌာရုံ ၆-ပါးကို အာရုံပြုဆဲအခါ၌ ဒေါသဟိတ်, မောဟဟိတ် နှစ်ပါးဖြင့် အကြောင်းကို သိမ်းဆည်း၍ နာမရူပပရိစ္ဆေဒဉာဏ် စသည် ဝိပဿနာတရား ပွားများပုံ အစားစားတို့ကို**

## အကျဉ်းမျှ လင်းပြခြင်း

**မေး** မိမိသည် အလိုမရှိအပ်သော သားမုန်း, သမီးမုန်း, မြေးမုန်း, မြစ်မုန်း, လင်မုန်း, မယားမုန်း, ပစ္စည်းမုန်း, ဥစ္စာမုန်း စသည် အမုန်းအမျိုးမျိုးတို့၏ အဆင်း, အသံ, အနံ့, အရသာ, အတွေ့, အမှုအရာ ပုံဟန် သဏ္ဌာန်အားဖြင့် ခြောက်ပါးသော အာရုံတို့နှင့် ခြောက်ပါးသော ဒွါရတို့မှာ မြင်ရ, ကြားရ, နံရ, လျက်ရ, တွေ့ထိရ, ကြံစည် တွေးတောရသည့် လူသာမန်တို့မှာ အဘယ်အကုသိုလ်တရားများ ဖြစ်ပေါ်တတ်ပါသနည်း။

**ဖြေ** အလိုမရှိအပ်သည့် အာရုံဆိုးဆိုးတို့နှင့် ခြောက်ဒွါရတို့မှာ မြင်ရ,ကြားရ, နံရ, လျက်ရ, တွေ့ထိရ, ကြံစည် တွေးတောရသည့်အခါ ၎င်း အာရုံဆိုးဆိုးတို့၌ ပြစ်မှားသည့် ဒေါသဟု ဆိုအပ်သော အကုသိုလ်တရားနှင့် ဒေါသ၏ အပြစ် စသည်ကို မသိမမြင်မှု တွေဝေမှုဟု ဆိုအပ်သော မောဟအကုသိုလ် ဤအကုသိုလ် တရားနှစ်ပါး ဖြစ်တတ်ပါသည်။

**မေး** မိမိသည် အလိုမရှိအပ်သော ယောကျ်ား, မိန်းမ စသည်တို့၏ အာရုံဆိုးဆိုး ၆-ပါးနှင့် တွေ့ကြုံသောအခါ၌ ဖြစ်ပေါ်လာသော ဒေါသအကုသိုလ်, မောဟအကုသိုလ် နှစ်ပါးသည် ဟေတုပစ္စည်း ပဋ္ဌာန်းနည်းဖြင့် အကြောင်းကို သိမ်းဆည်းရမှု အဘယ်ဟိတ်နှစ်ပါး ဖြစ်ပါသနည်း။

ဖြေ ၎င်း အကုသိုလ်တရား နှစ်ပါးတို့သည် ဟေတုပစ္စည်း ပဋ္ဌာန်းနည်းဖြင့် အကြောင်းကို သိမ်းဆည်းရမူ ဒေါသဟိတ် ဖြစ်မှားသည့်အကြောင်း, မောဟ ဟိတ် တွေဝေသည့်အကြောင်း ဟူ၍ ဤအကုသိုလ်ဟိတ်နှစ်ပါး ဖြစ်ပါသည်။

မေး မိမိသည် အလိုမရှိအပ်သော ယောကျ်ား, မိန်းမ စသည်တို့၏ အဆင်း, အသံ အစရှိသော အာရုံဆိုးဆိုး ၆-ပါးတို့နှင့် တွေ့ကြုံသောအခါ၌ ဒေါသဟိတ်, မောဟဟိတ် နှစ်ပါးကြောင့် အဘယ်တရားများ ဖြစ်ပေါ်တတ်ပါသနည်း။

ဖြေ ၎င်း ဟိတ်နှစ်ပါးကြောင့် မဲပုပ် ညှိုးနွမ်းသည့် စိတ္တဇရုပ်, အမျက်ထွက် သည့် ဒေါမနဿ ဝေဒနာ, မှတ်သားသည့် သညာ, စေ့ဆော်သည့် စေတနာ, ဖြစ်မှားသည့် ဒေါသဇောဝိညာဏ်ဟု ဆိုအပ်သော ခန္ဓာငါးပါး ပစ္စယုပ္ပန်တရား တို့သည်၊ ဝ်-အကျိုးတရားတို့သည် ဖြစ်ပေါ်၍ လာပါသည်။

မေး ၎င်း ပစ္စည်း ပစ္စယုပ္ပန်ထိုက်သော ဤအကြောင်းအကျိုးတရားတို့သည် ပုဂ္ဂိုလ်, သတ္တဝါ, အတ္တ, ဇီဝ မဟုတ်ကုန် ပဋ္ဌာန်းတရားသာ ဟုတ်ကုန်၏၊ ၎င်း ပဋ္ဌာန်းတရားတို့သည် မဖေါက်မပြန် မြတ်သောကြောင့် ပရမတ်တရားအစစ်သာ ဖြစ်ကုန်၏၊ ပရမတ် အစစ်ဖြစ်သော ၎င်း ပဋ္ဌာန်းတရားတို့သည် မြတ်သော ဘုရား, ပစ္စေကဗုဒ္ဓါ, အရိယာသာဝကတို့ဉာဏ်၏ ကျက်စားရာ အာရုံဖြစ်ကုန်၏၊ ၎င်း ကျက်စားရာ အာရုံဖြစ်သော ဤပရမတ် တရားတို့သည် ထာဝရဘုရား စသည် ဖန်ဆင်း၍ ဖြစ်သည်မဟုတ်ကုန်၊ အကြောင်းကြောင့်ဖြစ်သည့် အကျိုး တရားသာ ဟုတ်ကုန်၏၊ ၎င်း အကျိုးတရားတို့သည် အကြောင်းတရား ဘယ် နှစ်ပါးကြောင့် ဖြစ်ပါသနည်း။

ဖြေ ဟေတုပစ္စယောတိ ။လ။ ဟေတုပစ္စယေန ပစ္စယော။

ပဋ္ဌာန်း ပါဠိတော်

**တို့မြန်မာဘာသာလို ပြန်ဆိုရန်ကား—** ဟေတုပစ္စယောတိ၊ ကား။ဟေတူ၊ ဒေါသဟိတ်, မောဟဟိတ်ဟု ဆိုအပ်သော ဟိတ်နှစ်ပါး ပစ္စည်းတရားတို့သည်။ (ဤမှ နောက် အနက်တူပြီ အကြောင်းကို ကြည့်၍ အနက်ပေးလေ။)

ဤသို့ ဟောတော်မူအပ်သော ပဋ္ဌာန်းပါဠိတော်နှင့်အညီ ဤအကျိုးတရားသည် ဒေါသဟိတ် ဖြစ်မှားသည့်အကြောင်း, မောဟဟိတ် တွေ့ဝေသည့်အကြောင်း ဟူ၍ အကြောင်းတရား နှစ်ပါးကြောင့် ဖြစ်ပါသည်။

**မေး** ၎င်း ပစ္စည်း ပစ္စယုပ္ပန်ထိုက်သော အကြောင်းတရား အကျိုးတရားတို့သည် သူငါတို့၏ အဟောင်းမှာဖြစ်တဲ့ တရားမျိုးဖြစ်၍ ငါပဋ္ဌာန်းအစစ် ဖြစ်၏၊ တနည်း,မည်သူတဦးတယောက်မျှ မဖန်ဆင်းရဘဲ သူ့ သဘာဝအတိုင်း သူဖြစ်တဲ့ တရားမျိုးဖြစ်၍ သဘာဝဓမ္မ ပဋ္ဌာန်းအစစ် ဖြစ်၏၊ ၎င်း သဘာဝဓမ္မ အစစ်ဖြစ်သော ငါပဋ္ဌာန်းတရားတို့သည် တသက်ပတ်လုံး မတည်နိုင်ရာ၊ တသက်ပတ်လုံး တည်နိုင်မှာဝေးစွ ရူပါရုံဆိုးဆိုးကို အာရုံပြုဆဲအခါ၌ ဖြစ်မှားသည့်အကြောင်း, တွေ့ဝေသည့် အကြောင်းတရား နှစ်ပါးကြောင့် ဖြစ်သော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့သည် ယခုအခါသို့တိုင်အောင် မပါမူ၍ ထိုရူပါရုံဆိုးဆိုးကို အာရုံပြုဆဲအခါ၌ပင်လျှင် မမြဲပျက်ပျောက် အနိစ္စရောက်ကြလေကုန်၏၊ ထို့အတူ သဒ္ဒါရုံဆိုးဆိုး, ဂန္ဓာရုံဆိုးဆိုး,ရသာရုံဆိုးဆိုး, ဖောဋ္ဌဗ္ဗာရုံဆိုးဆိုး, ဓမ္မာရုံဆိုးဆိုးတို့ကို အာရုံပြုဆဲအခါ၌ဖြစ်သော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့သည် ယခုအခါသို့ မရောက်မူ၍ ထိုသဒ္ဒါရုံ ဆိုးဆိုး, ဂန္ဓာရုံဆိုးဆိုး, ရသာရုံဆိုးဆိုး, ဖောဋ္ဌဗ္ဗာရုံဆိုးဆိုး, ဓမ္မာရုံဆိုးဆိုးတို့ကို အာရုံပြုဆဲအခါ၌ပင်လျှင် မမြဲ ပျက်ပျောက် အနိစ္စရောက်၍ လိုက်ကြကုန်၏၊ ထိုသို့ မမြဲပျက်ပျောက် အနိစ္စရောက်၍ လိုက်ကြကုန်သော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့သည် အလွန်ဆင်းရဲသည့် ဒုက္ခအတိသာ, အနှစ်မရှိ အစိုးမရ အလိုသို့ မလိုက်ကြသည့် အနတ္တ အတိသာ ဖြစ်ကြကုန်၏၊ ထိုသို့ အနိစ္စ အတိ, ဒုက္ခအတိ,အနတ္တအတိသာဖြစ်ကြကုန်သော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန် တရားတို့ကို မဟာသောတာပန်ဖြစ်ကြောင်း သမ္မသနဉာဏ် စသည် ဝိပဿနာ ပညာ ဉာဏ်ဝိဇ္ဇာ တရားကြီးတို့ကို ရင့်သန်လာအောင် ပွားများ လိုကြပါမူ အဘယ်လို ပွားများရပါမည်နည်း။

**ဖြေ** သမ္မသနဉာဏ်စသည် ဝိပဿနာပညာ ဉာဏ်ဝိဇ္ဇာတရားကြီးတို့ကို ရင့်သန် လာအောင် ပွားများလိုကြပါမူ ပစ္စုပ္ပန်ကာလ၌ မိမိသည် အလိုမရှိအပ်သော အာရုံဆိုးဆိုးတို့ကို အာရုံပြုဆဲအခါ၌ ဖြစ်သော ခန္ဓာငါးပါး ဟေတုပစ္စည်း

ပစ္စယုပ္ပန်တရားတို့၏ အနိစ္စအချက်, ဒုက္ခအချက်, အနတ္တအချက်တို့ကိုရှင်း၊ ရှေးအတိတ် ကာလကလည်း ထို့အတူ ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့၏ အနိစ္စအချက်, ဒုက္ခအချက်, အနတ္တအချက်တို့ကိုရှင်း၊ နောင်အနာဂတ် ကာလမှာလည်း ထို့အတူ ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့၏ အနိစ္စအချက်, ဒုက္ခအချက်, အနတ္တအချက်တို့ကိုရှင်း ဝိပဿနာ ပညာမျက်စိဖြင့် မြင်ရအောင် ကြည့်ပြီးလျှင် အောက်ပါအတိုင်း ပွားများရပါသည်။

**ကာလသုံးပါး၌ဖြစ်သော အနိဋ္ဌာရုံ ၆-ပါးကို အာရုံပြု၍**
**ဝိပဿနာတရား ပွားများပုံကို**

## အကျဉ်းမျှ လင်းပြခြင်း

ရူပါရုံ ဆိုးဆိုးကို အာရုံပြုဆဲအခါ၌ ဖြစ်ပျက်၍ နေသော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့သည် ယခုအခါသို့ မရောက်မူ၍ ထိုရူပါရုံ ဆိုးဆိုးကို အာရုံပြုဆဲ အခါ၌ပင်လျှင် ချုပ်ပျောက်လေသောကြောင့် အနိစ္စ, အနိစ္စ၊ အနိစ္စ, အနိစ္စ။

ချုပ်ပျောက်သေဆဲ ဆင်းရဲလေသောကြောင့် ဒုက္ခ, ဒုက္ခ၊ ဒုက္ခ, ဒုက္ခ။

ချုပ်ပျောက်သေကာ နှစ်ဘလာနှင့် လိုရာမကျ အစိုးမရလေသောကြောင့် အနတ္တ, အနတ္တ၊ အနတ္တ, အနတ္တ။

ဤကား ပစ္စုပ္ပန်ကာလ၌ လက္ခဏာယာဉ် သုံးပါး ပွားများပုံတည်း။

ရူပါရုံဆိုးဆိုးကို အာရုံပြုဆဲအခါ၌ ဖြစ်ပျက်၍နေသော ခန္ဓာငါးပါး ဟေတုပစ္စည်း ပစ္စယုပ္ပန်တရားတို့သည် ရှေးကလည်း ဘာတခုမျှ မရှိကြကုန်ပြီဖြစ်၍ ချုပ်ပျောက်လေသောကြောင့် အနိစ္စ, အနိစ္စ၊ အနိစ္စ, အနိစ္စ။

ချုပ်ပျောက်သေဆဲ ဆင်းရဲလေသောကြောင့် ဒုက္ခ, ဒုက္ခ၊ ဒုက္ခ, ဒုက္ခ။

ချုပ်ပျောက်သေကာ နှစ်ဘလာနှင့် လိုရာမကျ အစိုးမရလေသောကြောင့် အနတ္တ, အနတ္တ၊ အနတ္တ, အနတ္တ။

ဤကား အတိတ်ကာလ၌ လက္ခဏာယာဉ် သုံးပါး ပွားများပုံတည်း။

ရူပါရုံဆိုးဆိုးကို အာရုံပြုဆဲအခါ၌ ဖြစ်ပျက်၍နေသော ခန္ဓာငါးပါး ဟောတုပစ္စည်း ပစ္စယုပ္ပန်တရားတို့သည် နောက်နောင်လည်း ဘာတခုမျှ မရှိကြကုန်မည်ဖြစ်၍ ချုပ်ပျောက်လေသောကြောင့် အနိစ္စ,' အနိစ္စ၊ အနိစ္စ, အနိစ္စ။

ချုပ်ပျောက်သေဆဲ ဆင်းရဲလေသောကြောင့် ဒုက္ခ, ဒုက္ခ၊ ဒုက္ခ, ဒုက္ခ။

ချုပ်ပျောက်သေကာ နှစ်ဘလာနှင့် လိုရာမကျ အစိုးမရလေသောကြောင့် အနတ္တ, အနတ္တ၊ အနတ္တ, အနတ္တ။

ဤကား အနာဂတ်ကာလ၌ လက္ခဏာယာဉ် သုံးပါး ပွားများပုံတည်း။

**အထူးမှတ်သားချက်** သဒ္ဒါရုံဆိုးဆိုး, ဂန္ဓာရုံဆိုးဆိုး,ရသာရုံဆိုးဆိုး,ဖောဋ္ဌဗ္ဗာရုံဆိုးဆိုး, ဓမ္မာရုံဆိုးဆိုးတို့ကို အာရုံပြုသောအခါ၌လည်း ထိုရူပါရုံဆိုးဆိုးကို အာရုံပြုသောအခါ၌ ပွားများသည့်နည်းတူ မိမိပြုသည့်အာရုံ၏ အမည်ကိုထည့်၍ ပွားများကြပါလေ၊ သတိမထားမိ၍ ပြုမိမှားသည့် အကုသိုလ်တရားတို့ကို ပယ်ရှားလိုသော ယောဂီအပေါင်း သူတော်ကောင်းတွေတို့။

**အမှာ** ဤပွားများပုံတို့ကား သင်တန်းသဘောမျှသာတည်း၊ တကယ်တန်းအလုပ် လုပ်လိုကြပါမူ အာရုံနှင့်တွေ့တိုင်း ရုပ်နာမ်တို့၏ အဖြစ်အပျက်ကို မြင်အောင်ကြည့်၍ ဖြစ်ပျက်,ဖြစ်ပျက်ဟု ပွားများကြလေ။

အနိဋ္ဌာရုံ ၆-ပါးကို အာရုံပြုဆဲအခါ၌ ဒေါသဟိတ်,မောဟဟိတ်
နှစ်ပါးဖြင့် အကြောင်းကို သိမ်းဆည်း၍ နာမရူပ
ပရိစ္ဆေဒဉာဏ် အစားစား ပွားများပုံတို့ကို
အကျဉ်းမျှ လင်းပြခြင်း ပြီး၏။

---

**မောဟမူသက်သက်ဖြင့် အကြောင်းကို သိမ်းဆည်း၍ ဝိပဿနာတရား**

## ပွားများပုံကို အကျဉ်းမျှ လင်းပြခြင်း

**မေး** ဒေါသမူ အကုသိုလ်မှတပါး, မောဟမူ အကုသိုလ်တရားတို့၌လည်း ဟောတုပစ္စည်း ပဋ္ဌာန်းနည်းဖြင့် အကြောင်းကို သိမ်းဆည်း၍ ဝိပဿနာတရားကို အဘယ်လို ပွားများရပါမည်နည်း။

ဖြေ မိမိတို့သည် အလိုရှိအပ်သည်လည်း မဟုတ်, အလိုမရှိအပ်သည်လည်း မဟုတ်သော ယောကျ်ား, မိန်းမ အစရှိသည်တို့၏ ကောင်းလွန်းသည် ဆိုးလွန်းသည်လည်း မဟုတ်သော အဆင်း, အသံ, အနံ့ စသည် အာရုံ ၆-ပါးတို့နှင့် ဒွါရ ၆-ပါးတို့မှာ တွေ့ကြုံကြသောအခါ လူသာမန်တို့မှာ သိရှိကာမတ္တ အာရုံမျှဖြစ်၍ စိတ်၏ မငြိမ်သက်ခြင်း ပျံ့လွင့်ခြင်း ဥဒ္ဓစ္စ, သို့လော သို့လော တွေးတော ယုံမှားခြင်း ဝိစိကိစ္ဆာတရား အစားစားတို့ ဖြစ်ပွား ပေါ်ပေါက်ခြင်းတို့သည် မောဟဟိတ် သက်သက်ဟု ဆိုအပ်သော တွေ့ဝေသည့် အကြောင်းတပါးသာ ဖြစ်၏၊ ၎င်း တွေ့ဝေသည့် မောဟဟိတ်သက်သက် အကြောင်းတပါးကြောင့် တွေဝေ မိန်းမောသည့် အမူအရာနှင့် တကွဖြစ်သော စိတ္တဇရုပ် ကောင်းတာလည်း မဟုတ်, မကောင်းတာလည်း မဟုတ် သာမညအားဖြင့် ခံစားသည့် ဥပေက္ခာဝေဒနာ, မှတ်သားသည့် သညာ, စေ့ဆော်သည့် စေတနာ, တွေဝေသည့် မောဟဇောဝိညာဏ်ဟု ဆိုအပ်သော ခန္ဓာငါးပါး အကျိုးပစ္စယုပ္ပန်ထိုက်သော ငါပဋ္ဌာန်းတရားတို့သည်၊ ဝါ-သဘာဝဓမ္မ ပဋ္ဌာန်းတရားတို့သည် ဖြစ်ပေါ်၍ လာကြကုန်၏၊ ၎င်း ဖြစ်ပေါ်၍လာကြသော ပဋ္ဌာန်းတရားတို့ကို ဝိပဿနာတရား ရှုစားလိုကြပါမူ အထက်က ဟောပြခဲ့ပြီးသော လောဘမူ ဒေါသမူတို့၏ နည်းကို ယူ၍ ပွားများရပါသည်။

မောဟဟိတ်သက်သက်ဖြင့် အကြောင်းကို သိမ်းဆည်း၍ ဝိပဿနာတရား ပွားများပုံကို အကျဉ်းမျှ လင်းပြခြင်း ပြီး၏။

---

**အထူးမှာထား တိုက်တွန်းချက်** မောဟဟိတ် သက်သက်ဖြင့် အကြောင်းကို သိမ်းဆည်း၍ ဝိပဿနာ ပွားများရာ၌ ဣဋ္ဌမဇ္ဈတ္တာရုံဖြစ်၍ အာရုံတွေ့ မထင်ရှားသည်လည်းတကြောင်း၊ လောဘဟိတ်, ဒေါသဟိတ်တို့ကို ဟောပြသဖြင့် မောဟဟိတ်လည်း ဟောပြီး ဖြစ်လေသောကြောင့်၎င်း၊ အကျဉ်းအားဖြင့် ရေးသားလိုက်ရပေ၏၊ ၎င်း၏ အကျယ်နည်းကို သိလိုပါမူ ယခုရေးသားခဲ့ပြီးသော ဣဋ္ဌာရုံ၌ ဖြစ်သော လောဘဟိတ်, မောဟဟိတ်, အနိဋ္ဌာရုံ၌ ဖြစ်သော ဒေါသဟိတ်, မောဟဟိတ်တို့ဖြင့် အကြောင်းကို သိမ်းဆည်း၍ ဝိပဿနာတရား ပွားများပုံ အစားစားတို့ကို အနားမရှိ

မပျင်းရိဘဲ အထပ်ထပ် အခါခါ ကြည့်ရှုကြပါလေ၊ သတိမထားမိ၍ ဖြစ်ပွားသည့် အကုသိုလ် တရားကို ပယ်ရှားခြင်း အကျိုးငှါ ဝိပဿနာတရားကို ပွားများလိုကြသော ယောဂီအပေါင်း သူတော်ကောင်းတွေတို့။

အကုသလာ ဓမ္မာ မကောင်းသည့် သဘောအရ ဟေတုပစ္စည်း ပဋ္ဌာန်းနည်းဖြင့် အကြောင်းကို သိမ်းဆည်း၍ ရေးသားအပ်သော စကားအရပ်ရပ်တို့သည် ဤမျှာတနည်း အပြီးသတ်ပါပြီ။

---

မေတ္တာတော်နှင့် ကရုဏာတော်တရား လက်ကိုင်ထား၍ နိဂုံးအလား သတိပေးစကား ရေးသားအပ်သည်မှာ—

"ကုသလာ ဓမ္မာ" ကောင်းသည့် သဘောအရ ဒါန စသည် ပုညကြိယာ ၁၀-ပါးကို အကျယ်အားဖြင့် ဝေဘန်၍ ရေးသားခဲ့လေပြီ၊ "အကုသလာ ဓမ္မာ" မကောင်းသည့် သဘောအရ ဒုစရိုက် ဆယ်ပါးကို အကျယ်အားဖြင့် ဝေဘန်၍ ရေးသားခဲ့လေပြီ၊ "အဗျာကတာ ဓမ္မာ" ကောင်းမကောင်း မဆိုအပ်သည့် သဘော အရမှာမူကား—

ဘုရား, ပစ္စေကဗုဒ္ဓါ,ရဟန္တာ အရှင်မြတ်ကြီးတို့၏ အရာဖြစ်သဖြင့် ဝိပဿနာ ပွားဘို့ရာ မလိုတော့ပြီဖြစ်၍ ဝိပဿနာတရား ပွားများပုံကို မရေးသားတော့ဘဲ ဘုရား,ပစ္စေကဗုဒ္ဓါ,ရဟန္တာအရှင်မြတ်ကြီးတို့သည် ဣဋ္ဌာရုံ,အနိဋ္ဌာရုံ ဣဋ္ဌမဇ္ဈတ္တာရုံ, အတိဣဋ္ဌာရုံ ဖြစ်သော ထိုထိုအာရုံ ၆-ပါးတို့တွင် ဘယ်အာရုံနှင့်မဆို ၆-ဒွါရတို့မှာ တွေ့ကြုံကြသောအခါ ၎င်းဒွါရတို့၌ ဖြစ်ပေါ်လာကြသော သဘာဝတရားတို့မှာမူကား ယောနိသောမနသိကာရနှင့် စောင့်စည်းခြင်း သံဝရတရား စသည်တို့သည် အမြဲထာဝရ တည်ရှိကြပြီ ဖြစ်လေသောကြောင့် ကြိယာ အဗျာကတ ဇောစိတ်တို့ချည်းသာ ဖြစ်ကြကုန်၍ ၎င်းကြိယာ ဇောစိတ်တို့သည် ကုသိုလ်ဇောကဲ့သို့ ကောင်းကျိုးလည်းမပေး၊ အကုသိုလ် ဇောကဲ့သို့ မကောင်းကျိုးလည်းမပေးမူ၍ပြုကာမတ္တ ကြိယာအမူအရာမျှသာဖြစ်၏၊ထိုသို့ဖြစ်ကြသည့် အခါ ဉာဏသမ္ပယုတ် ဖြစ်ပါမူ အလောဘဟိတ် မလိုချင်သည့်အကြောင်း,အဒေါ

သဟိတ် မပြစ်မှားအကြောင်း, အမောဟဟိတ် မတွေဝေသည့် အကြောင်း ဟူ၍ ဟေတုပစ္စည်း အကြောင်းတရား သုံးပါးဖြစ်၏၊ ဉာဏဝိပ္ပယုတ်ဖြစ်မူ အလောဘဟိတ် မလိုချင်သည့်အကြောင်း, အဒေါသဟိတ် မပြစ်မှားသည့် အကြောင်း ဟူ၍ ဟေတုပစ္စည်း အကြောင်းတရား နှစ်ပါး ဖြစ်၏၊ ၎င်း အကြောင်း ပစ္စည်းတရား သုံးပါး, ၂-ပါးတို့ကြောင့် ထိုထို အာရုံတို့ကို အာရုံ ပြုဆဲအခါ၌ ၆-ဒွါရတို့မှာ ထိုက်သည်အားလျော်စွာ ရုပ်,ဝေဒနာ,သညာ,သင်္ခါရ, ကြိယာဇောဝိညာဏ်ဟု ဆိုအပ်သော ခန္ဓာငါးပါး ဟေတုအကျိုး ပစ္စယုပ္ပန်ဟု ဆိုအပ်သော ငါပဋ္ဌာန်းတရားတို့သည်၊ ဝါ- သဘာဝဓမ္မ ပဋ္ဌာန်းတရားတို့သည် ဖြစ်ပေါ်၍ လာကြကုန်၏၊ ဤသို့ ဖြစ်ပေါ်၍ လာကြသော ဟေတုပစ္စည်း ပစ္စယုပ္ပန်ထိုက်သော တရားမျှကိုသာ ယောဂီအများတို့အား မှတ်သားကြစေရန် အကျဉ်းအားဖြင့် ရေးသားလိုက်ရပေသတည်း၊ ထိုသို့ ဟေတုပစ္စည်း ပဋ္ဌာန်း နည်းဖြင့် အကြောင်းကို သိမ်းဆည်း၍ ရေးသားခဲ့ပြီးသော အကျယ်နည်း အကျဉ်းနည်းတို့ကို ပိုင်နိုင်သည်ထက် ပိုင်နိုင်အောင် အဓိပတိလေးပါး အကြီး အမှူး ထား၍ ထပ်မနား အခါခါ ကြည့်ရှု၍ သွားကြပါမူ နောင်ရေးသား ဟောကြားလတံ့သော အာရမ္မဏပစ္စည်း, အဓိပတိပစ္စည်း စသည် ကြွင်းသော ပစ္စည်းတရားတို့၌ အာသေဝနသတ္တိကို ရသဖြင့် သာမည ကြည့်ရှု ကြားနာရ ကာမျှဖြင့် ဝိပဿနာတရား ပွားများပုံ အစားစားတို့ကို လွယ်ကူစွာနှင့် သိကြား နားလည်၍ လာလတံ့၊ သို့ဖြစ်၍ ယခုရေးသားပြီးသော ဟေတုပစ္စည်း ပဋ္ဌာန်း တရားတော်ကြီးကို ကျောက်ထီးတန်တူ အလေးတမူ အရေးယူ၍ ကြည့်ရှုနိုင်ကြ ပါစေသော၊ ဝါ-ကြည့်ရှုကြပါလေ ဟေတုပစ္စည်း ပဋ္ဌာန်းနည်းဖြင့် မဂ်, ဖိုလ်, နိဗ္ဗာန်တည်းဟူသော ရွှေမြို့တော်ကြီးကို အလိုရှိကြကုန်သော ယောဂီအပေါင်း သူတော်ကောင်းတွေတို့။

ဟေတုပစ္စည်း ပဋ္ဌာန်းနည်းဖြင့် အကြောင်းကို သိမ်းဆည်း၍
ဝိပဿနာတရား ပွားများပုံ အစားစားတို့ကို ရေးသား
ဟောကြားအပ်သော စကားအရပ်ရပ်တို့သည်
ဤမှာတနည်း အပြီးသတ်လိုက်ပေ
သတည်း။

ဟောပြခဲ့ပြီးသော ဟေတုပစ္စည်းကို နည်းယူပြီးလျှင် ကြွင်းကျန်သော အာရမ္မဏ, အဓိပတိ အစရှိသော ပစ္စည်းတို့ကိုလည်း အကျယ်ဝေဘန် နှလုံးသွင်း၍ ဝိပဿနာ ရှုတတ်ကြရန်အတွက် ထို ဟေတု,အာရမ္မဏ,အဓိပတိပစ္စည်းတို့၏ ပစ္စယနိဒ္ဒေသပါဠိ အနက် လင်္ကာတို့ကို နောက်ဆက်တွဲအဖြစ် ထည့်သွင်းလိုက်ရပေသတည်း။

## မိုးညှင်း ပဋ္ဌာန်းဆောင်ပုဒ် အကျဉ်းချုပ်

## ပဋ္ဌာန်းပစ္စည်း ပဏ္ဏာမကြီး

ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊ အဓိပတိပစ္စယော၊ အနန္တရပစ္စယော၊ သမနန္တရပစ္စယော၊ သဟဇာတပစ္စယော၊ အညမညပစ္စယော၊ နိဿယပစ္စယော၊ ဥပနိဿယပစ္စယော၊ ပုရေဇာတပစ္စယော၊ ပစ္ဆာဇာတပစ္စယော၊ အာသေဝနပစ္စယော၊ ကမ္မပစ္စယော၊ ဝိပါကပစ္စယော၊ အာဟာရပစ္စယော၊ ဣန္ဒြိယပစ္စယော၊ ဈာနပစ္စယော၊ မဂ္ဂပစ္စယော၊ သမ္ပယုတ္တပစ္စယော၊ ဝိပ္ပယုတ္တပစ္စယော၊ အတ္ထိပစ္စယော၊ နတ္ထိပစ္စယော၊ ဝိဂတပစ္စယော၊ အဝိဂတပစ္စယောတိ၊ ဣမံ ပဋ္ဌာနတ္ထံ ဒေသိတံ ဗုဒ္ဓံ အဟံ ဝန္ဒာမိ။

ဟေတုပစ္စယော၊ ဟိတ်ခြောက်ပါးဖြစ်၍ ကျေးဇူးပြုတတ်သော တရားရင်း။ အာရမ္မဏပစ္စယော၊ အာရုံခြောက်ပါးဖြစ်၍ ကျေးဇူးပြုတတ်သော တရားရင်း။ အဓိပတိပစ္စယော၊ အကြီးအမှူးဖြစ်၍ ကျေးဇူးပြုတတ်သော တရားရင်း။ အနန္တရပစ္စယော၊ နာမ်တရားတို့ကိုသာ အခြားမဲ့ဖြစ်၍ ကျေးဇူးပြုတတ်သော တရားရင်း။ သမနန္တရပစ္စယော၊ နာမ်တရားတို့ကိုသာ ကောင်းစွာ အခြားမဲ့ဖြစ်၍ ကျေးဇူးပြုတတ်သော တရားရင်း။ သဟဇာတပစ္စယော၊ ရုပ်, နာမ် တရားတို့က တကွဖြစ်ကြ၍ ကျေးဇူးပြုတတ်သော တရားရင်း။ အညမညပစ္စယော၊ ရုပ်,နာမ် အချင်းချင်း ဖြစ်၍ ကျေးဇူးပြုတတ်သော တရားရင်း။ နိဿယပစ္စယော၊ မှီရာဖြစ်၍ ကျေးဇူးပြုတတ်သော တရားရင်း။ ဥပနိဿယပစ္စယော၊ အားကြီးသော အကြောင်းဖြစ်၍ ကျေးဇူးပြုတတ်သော တရားရင်း။ ပုရေဇာတပစ္စယော၊ ရှေး၌ဖြစ်၍ ကျေးဇူးပြုတတ်သော တရားရင်း။ပစ္ဆာဇာတပစ္စယော၊ နောက်မှဖြစ်၍ ကျေးဇူးပြုတတ်သော တရားရင်း။ အာသေဝနပစ္စယော၊ အဖန်တလဲလဲ မှီဝဲ ထုံအပ်သည်ဖြစ်၍၊ ဝါ-မှီဝဲ ထုံတတ်သည် ဖြစ်၍

ကျေးဇူးပြုတတ်သော တရားရင်း။ ကမ္မပစ္စယော၊ မျိုးစေ့ဖြစ်၍ ကျေးဇူးပြုတတ်သော တရားရင်း။ ဝိပါကပစ္စယော၊ အကျိုးဖြစ်၍ ကျေးဇူးပြုတတ်သော တရားရင်း။ အာဟာရပစ္စယော၊ ထောက်ပံ့ ခိုင်စေတတ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားရင်း။ဣန္ဒြိယပစ္စယော၊ အစိုးရသည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားရင်း။ ဈာနပစ္စယော၊ ကပ်၍ ရှုတတ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားရင်း။မဂ္ဂပစ္စယော၊ အကြောင်းဖြစ်၍ ကျေးဇူးပြုတတ်သော တရားရင်း။ ဝါ-ထွက်မြောက်ကြောင်းဖြစ်၍ ကျေးဇူးပြုတတ်သော တရားရင်း။ သမ္ပယုတ္တပစ္စယော၊ ယှဉ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားရင်း။ဝိပ္ပယုတ္တပစ္စယော၊ မယှဉ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားရင်း။ အတ္ထိပစ္စယော၊ ရှိသည်ဖြစ်၍ ကျေးဇူး ပြုတတ်သော တရားရင်း။ နတ္ထိပစ္စယော၊ မရှိသည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားရင်း။ ဝိဂတပစ္စယော၊ ကင်းသည် ဖြစ်၍ ကျေးဇူးပြုတတ်သော တရားရင်း။ အဝိဂတပစ္စယော၊ မကင်းသည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားရင်း။ ဣတိ၊ ဤသို့။ စတု ဝီသတိ ပစ္စယာ၊ နှစ်ဆဲ့လေး ပစ္စည်းတို့သည်။ ဝါ-နှစ်ဆဲ့လေးပါး အကြောင်းတရားတို့သည်။ မဟာပကရဏေ၊ အနန္တနယဖြစ်သော သမန္တပဋ္ဌာန်း ကျမ်းကြီး၌။ ဋ္ဌိတာ၊ တည်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣမံ ပဋ္ဌာနတ္ထံ၊ သတ္တဝါတွေနှင့်တကွ အနန္တလောကကြီး အတွင်းမှာ တင်းကြမ်းပြည့် တည်ရှိ၍ နေကြပါသော ပဋ္ဌာန်းအနက် ပစ္စည်းတွေ အဆက်ဆက်ကို။ ဒေသိတံ၊ ဝေနေယျများ နားလည်သွားအောင် ဟောကြားတော်မူတတ်လှပါပေသော။ ဗုဒ္ဓံ၊ ကိုယ်တော်မြတ်အစား ရုပ်ပွားစေတီတော်များနှင့်တကွ သက်တော်ထင်ရှား သဗ္ဗညု မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးကို။ အဟံ၊ သံသရာ ဝဋ္ဋဆိုး ပဋ္ဌာန်း အကြောင်းအကျိုး အမျိုးမျိုးတို့က နှိပ်စက်သမျှ ခံနေရသော အကျွန်ုပ်သည်။ ဝန္ဒာမိ၊ ပဋ္ဌာန်းပစ္စည်း ဆင်းရဲကြောင်း အနည်းနည်းတို့ အထဲမှ အပြီး လွတ်ကင်းလိုငြား ရှိးညွတ်တွားခါ ရှိခိုးပါ၏ အရှင်ဘုရား။

## ဟေတုပါဠိအနက်

ဟေတုပစ္စယောတိ ဟေတူ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။

ဟေတု ပစ္စယောတိ၊ ဟေတု ပစ္စည်းဟူသည်ကား။ ဟေတူ၊ ဟိတ်ခြောက်ပါး ပစ္စည်းတရားတို့သည်။ ဟေတုသမ္ပယုတ္တကာနံ၊ ဟိတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စိတ်,စေတသိက် တရားတို့အားရင်း။ တံ သမုဋ္ဌာနာနံ၊ ထိုဟိတ်ကြောင့် ဖြစ်ကုန်သော။ ရူပါနဉ္စ၊ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့အားရင်း။ ဟေတု ပစ္စယေန၊ အကြောင်းရင်းဖြစ်သော ဟေတု သတ္တိဖြင့်။ ပစ္စယော-ဥပကာရကော၊ ခပ်သိမ်းကိစ္စ ခိုင်မြဲကြံ့မှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

## ဆောင်ပုဒ်

၁။ လော, ဒေါ, မောဟော၊ မိုက်မှားနေ၊ မှတ်လေ ဟေတု ကြောင်းရင်းစု။

၂။ အလော, အဒေါ၊ အမော သုံးထွေ၊ ကောင်းမြတ်နေ၊ မှတ်လေ ဟေတု ကြောင်းရင်းစု။

၃။ ဟေတု ပစ္စယ၊ ဖြစ်ပျက်ကြ၊ အနိစ္စစု မြင်အောင်ရှု။

လောဘဟိတ်, ဒေါသဟိတ်, မောဟဟိတ်, အလောဘဟိတ်,အဒေါသဟိတ်, အမောဟဟိတ် ပေါင်းဟိတ်ခြောက်ပါးတည်း၊ ဝါ-လိုချင်သည့် အကြောင်း, ပြစ်မှားသည့်အကြောင်း, တွေဝေသည့်အကြောင်း, မလိုချင်သည့်အကြောင်း, မပြစ်မှားသည့် အကြောင်း, မတွေဝေသည့် အကြောင်း ပေါင်း ခြောက်ပါး တို့တည်း။

## အာရမ္မဏပါဠိ အနက်

အာရမ္မဏပစ္စယောတိ ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော၊ သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော၊ ဂန္ဓာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏ ပစ္စယေန ပစ္စယော၊ ရသာယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တ ကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော၊ ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏ ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော၊ ရူပါ ယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော၊ သဗ္ဗေ ဓမ္မာ မနော

ဝိညာဏ ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော၊ ယံ ယံ ဓမ္မံ အာရဗ္ဘ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ၊ တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

အာရမ္မဏပစ္စယောတိ၊ အာရမ္မဏ ပစ္စည်း ဟူသည်ကား။ ရူပါယတနံ၊ အဆင်းဝဏ္ဏ ရှိသမျှဥဿုံ ရူပါရုံသည်။ စက္ခု ဝိညာဏဓာတုယာ စ၊ မြင်-သိ သဘာဝ စက္ခု ဝိညာဏ ဓာတ်အားရင်း။ တံသမ္ပယုတ္တကာနံ၊ ထိုစက္ခုဝိညာဏ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက် တရားတို့အားရင်း။ အာရမ္မဏပစ္စယေန၊ ဆွဲကိုင်ရာ ပမာဏ အာရမ္မဏ သတ္တိဖြင့်။ ပစ္စယောဥပကာရကော၊ ဆွဲဆောင်ကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ သဒ္ဒါယတနံ၊ အသံသဒ္ဒ ရှိသမျှ ဥဿုံ သဒ္ဒါရုံသည်။ သောတဝိညာဏဓာတုယာ စ၊ ကြား သိ-သဘာဝ သောတဝိညာဏဓာတ်အားရင်း။ တံသမ္ပယုတ္တကာနံ၊ ထိုသောတဝိညာဏ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အားရင်း။ အာရမ္မဏပစ္စယေန၊ ဆွဲကိုင်ရာ ပမာဏ အာရမ္မဏ သတ္တိဖြင့်။ ပစ္စယောဥပကာရကော၊ ဆွဲကိုင်ကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ဂန္ဓာယတနံ၊ အနံ့ဂန္ဓ ရှိသမျှဥဿုံ ဂန္ဓာရုံသည်။ ဃာနဝိညာဏဓာတုယာ စ၊ နံ-သိ-သဘာဝ ဃာနဝိညာဏ ဓာတ်အားရင်း။ တံ သမ္ပယုတ္တကာနံ၊ ထိုဃာနဝိညာဏ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အားရင်း။အာရမ္မဏပစ္စယေန၊ ဆွဲကိုင်ရာ ပမာဏ အာရမ္မဏ သတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ဆွဲကိုင်ကြမှု ကျေးဇူးပြုသည်။ဟောတိ၊ ဖြစ်၏။ ရသာယတနံ၊ ခြောက်ပါးရသ ရှိသမျှဥဿုံ ရသာရုံသည်။ ဇိဝှါဝိညာဏ ဓာတုယာ စ၊ စားသိ သဘာဝ ဇိဝှါဝိညာဏဓာတ်အားရင်း။ တံသမ္ပယုတ္တကာနံ၊ ထိုဇိဝှါဝိညာဏ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အားရင်း။ အာရမ္မဏပစ္စယေန၊ ဆွဲကိုင်ရာ ပမာဏ အာရမ္မဏသတ္တိဖြင့်။ ပစ္စယော ဥပကာ ရကော၊ ဆွဲဆောင်ကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ဖောဋ္ဌဗ္ဗာ ယတနံ၊ တွေ့ထိအပ်လှ ရှိသမျှဥဿုံ ဖောဋ္ဌဗ္ဗာရုံသည်။ ကာယဝိညာဏ ဓာတု ယာ စ၊ တွေ့သိ သဘာဝ ကာယဝိညာဏ ဓာတ်အားရင်း။ တံသမ္ပယုတ္တကာနံ၊ ထိုကာယဝိညာဏ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အားရင်း။ အာရမ္မဏပစ္စယေန၊ ဆွဲကိုင်ရာ ပမာဏ အာရမ္မဏသတ္တိဖြင့်။ ပစ္စယော ဥပကာ

ရကော၊ ဆွဲဆောင်ကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ရူပါယတနံ၊ ရူပါရုံသည်ငှင်း။ သဒ္ဒါယတနံ၊ သဒ္ဒါရုံသည်ငှင်း။ ဂန္ဓာယတနံ၊ ဂန္ဓာရုံသည် ငှင်း။ ရသာယတနံ၊ ရသာရုံသည်ငှင်း။ ဖောဋ္ဌဗ္ဗာယတနံ၊ ဖောဋ္ဌဗ္ဗာရုံသည် ငှင်း။ မနောဓာတုယာ စ၊ မနောဓာတ်အားငှင်း။ တံ သမ္ပယုတ္တကာနံ၊ ထို မနောဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက် တရားတို့အားငှင်း။ အာရမ္မဏပစ္စယေန၊ ဆွဲကိုင်ရာ သဘာဝ အာရမ္မဏ သတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ဆွဲဆောင်ကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဓမ္မာ၊ အာရုံခြောက်ပါး ပစ္စည်းတရားတို့သည်။ မနော ဝိညာဏ ဓာတုယာ စ၊ ကြံသိ သဘာဝ မနောဝိညာဏ ဓာတ်အားငှင်း။ တံ သမ္ပယုတ္တကာနံ၊ ထို မနောဝိညာဏ ဓာတ်တို့နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက် တရားတို့အားငှင်း။ အာရမ္မဏပစ္စယေန၊ ဆွဲကိုင်ရာ သဘာဝ အာရမ္မဏသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ဆွဲဆောင်ကြမှု ကျေးဇူးပြု သည်။ ဟောတိ၊ ဖြစ်၏။ ယံ ယံ ဓမ္မံ၊ အကြင် အကြင် အာရုံခြောက်ပါး ပစ္စည်းတရားကို။ အာရဗ္ဘ၊ အာရုံပြု၍။စိတ္တစေတသိကာ ဓမ္မာ၊ စိတ်,စေတသိက် တရားဖြစ်ကုန်သော။ ယေ ယေ ဓမ္မာ၊ အကြင် အကြင် အာရုံပြုငြား ပစ္စယုပ္ပန် တရားတို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ တေ တေ ဓမ္မာ၊ ထိုထို အာရုံခြောက်ပါး ပစ္စည်းတရားတို့သည်။ တေသံ တေသံ ဓမ္မာနံ၊ ထိုထို အာရုံပြုငြား စိတ်, စေတသိက် ပစ္စယုပ္ပန်တရားတို့အား။ အာရမ္မဏပစ္စယေန၊ ဆွဲကိုင်ရာ သဘာဝ အာရမ္မဏသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ဆွဲဆောင်ကြမှု ကျေးဇူးပြု သည်။ ဟောတိ၊ ဖြစ်၏။

## ဆောင်ပုဒ်

၁ အာရုံငါးထွေ၊ ငါးဝိညာ၊ မှတ်လေ အာရမ္မဏ ကြောင်းကျိုးရ။

၂ အာရုံငါးရပ်၊ မနောဓာတ်၊ စွဲမှတ် အာရမ္မဏ ကြောင်းကျိုးရ။

၃ အာရုံခြောက်ရပ်၊ ဝိညာဏ်ဓာတ်၊ စွဲမှတ် အာရမ္မဏ ကြောင်းကျိုးရ။

၄ အာရုံရှိသမျှ၊ ကျိုးဖလမှာ စိတ်စေသာ၊ မှတ်ပါ အာရမ္မဏ အချုပ်ပြ။

၅ အာရုံ အာရမ္မဏ်၊ ပြောင်းလေဘိ၊ မှတ်သိ အနိစ္စ ရူပါကြ။

(က) အဆင်းကြောင့် မြင်သိဖြစ်၊
(ခ) အသံကြောင့် ကြားသိဖြစ်၊
(ဂ) အနံ့ကြောင့် နံသိဖြစ်၊
(ဃ) အရသာကြောင့် စားသိဖြစ်၊
(င) အတွေ့ကြောင့် တွေ့သိဖြစ်၊
(စ) အာရုံ ခြောက်ပါးကြောင့် ကြံသိဖြစ်။
ပေါင်း အာရမ္မဏပစ္စည်းခြောက်မျိုးတည်း။

## အဓိပတိပါဠိအနက်

အဓိပတိ ပစ္စယောတိ ဆန္ဒာဓိပတိ ဆန္ဒသမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။ ။ဝီရိယာဓိပတိ ဝီရိယသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။ ။စိတ္တာဓိပတိ စိတ္တသမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။ ။ဝီမံသာဓိပတိ ဝီမံသသမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။ ။ယံ ယံ ဓမ္မံ ဂရုံ ကတွာ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ၊ တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ အဓိပတိ ပစ္စယေန ပစ္စယော။

အဓိပတိ ပစ္စယောတိ၊ အဓိပတိပစ္စည်း ဟူသည်ကား။ ဆန္ဒာဓိပတိ၊ အကြီးအမှူးဖြစ်သော ဆန္ဒသည်။ ဆန္ဒသမ္ပယုတ္တကာနံ၊ ဆန္ဒနှင့်ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စိတ် စေတသိက်တရားတို့အားရင်း။ တံ သမုဋ္ဌာနာနံ၊ ထိုအကြီးအမှူး ဆန္ဒကြောင့် ဖြစ်ကုန်သော။ ရူပါနဉ္စ၊ စိတ္တဇရုပ်တို့အားရင်း။ အဓိပတိပစ္စယေန၊ အကြီးအမှူးဖြစ်သော အကြောင်းသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ထိုထိုကိစ္စပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ။ဝီရိယာဓိပတိ၊ အကြီးအမှူးဖြစ်သော ဝီရိယသည်။ ဝီရိယသမ္ပယုတ္တကာနံ၊ ဝီရိယနှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စိတ်, စေတသိက်တရားတို့အားရင်း။ တံ သမုဋ္ဌာနာနံ၊ ထိုအကြီးအမှူး ဝီရိယကြောင့် ဖြစ်ကုန်သော။ ရူပါနဉ္စ၊ စိတ္တဇရုပ်တို့အားရင်း။အဓိပတိပစ္စယေန၊

အကြီးအမှူးဖြစ်သော အကြောင်းသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ထိုထိုကိစ္စ ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ။စိတ္တာဓိပတိ၊ အကြီးအမှူးဖြစ်သော စိတ်သည်။ စိတ္တသမ္ပယုတ္တကာနံ၊ စိတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက် တရားတို့အားရင်း။ တံ သမုဋ္ဌာနာနံ၊ ထိုအကြီးအမှူးစိတ်ကြောင့် ဖြစ်ကုန်သော။ ရူပါနဉ္စ၊ စိတ္တဇရုပ်တို့အားရင်း။ အဓိပတိပစ္စယေန၊ အကြီးအမှူးဖြစ်သော အကြောင်းသတ္တိဖြင့်။ပစ္စယော ဥပကာရကော၊ထိုထိုကိစ္စ ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ။ဝီမံသာဓိပတိ၊ အကြီးအမှူး ဖြစ်သော ပညာသည်။ ဝီမံသ သမ္ပယုတ္တကာနံ၊ ပညာနှင့်ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စိတ်,စေတသိက် တရားတို့အားရင်း။တံ သမုဋ္ဌာနာနံ၊ ထိုအကြီးအမှူး ပညာကြောင့် ဖြစ်ကုန်သော။ ရူပါနဉ္စ၊ စိတ္တဇရုပ်တို့အားရင်း။ အဓိပတိပစ္စယေန၊ အကြီးအမှူးဖြစ်သော အကြောင်းသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ထိုထိုကိစ္စ ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ယံ ယံ ဓမ္မံ၊ အကြင် အကြင် အလေးအမြတ် ပြုအပ်သော အာရုံခြောက်ပါး ပစ္စည်းတရားကို။ ဂရုံ ကတွာ၊ အလေးအမြတ်ပြု၍။ စိတ္တစေတသိကာ ဓမ္မာ၊ စိတ်,စေတသိက်တရား ဖြစ်ကုန်သော။ ယေ ယေ ဓမ္မာ၊ အကြင် အကြင် အာရမ္မဏိက ပစ္စယုပ္ပန်တရားတို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ တေ တေ ဓမ္မာ၊ ထိုထို အာရုံခြောက်ပါး အလေးအမြတ် ပြုအပ်သော ပစ္စည်းတရားတို့သည်။ တေသံ တေသံ ဓမ္မာနံ၊ ထိုထို အလေးအမြတ် ပြုတတ်သော စိတ်,စေတသိက် ပစ္စယုပ္ပန်တရားတို့အား။ အဓိပတိ ပစ္စယေန၊ အလေးအမြတ် ပြုအပ်သော အာရုံသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ အလေးပြုအောင် ကျေးဇူးဆောင်သည်။ ဟောတိ၊ ဖြစ်၏။

## သဟဇာတာဓိပတိ ဆောင်ပုဒ်

၁ ဆန္ဒကြီးခါ၊ အားထုတ်ရာ၊ ဆန္ဒာဓိပတိ ကြောင်းကျိုးသိ။

၂ ဝီရိယကြီးခါ၊ အားထုတ်ရာ၊ ဝီရိယာဓိပတိ ကြောင်းကျိုးသိ။

၃ စိတ်စွဲကြီးခါ၊ အားထုတ်ရာ၊ စိတ္တာဓိပတိ ကြောင်းကျိုးသိ။

၄ ပညာကြီးခါ၊ အားထုတ်ရာ၊ ဝီမံသာဓိပတိ ကြောင်းကျိုးသိ။

(က) ဆန္ဒာဓိပတိ၊ ဆန္ဒကို အကြီးအမှူးပြု၍ ရှက်ဆောင်ခြင်း၊
(ခ) ဝီရိယာဓိပတိ၊ ဝီရိယကို အကြီးအမှူးပြု၍ ရှက်ဆောင်ခြင်း၊
(ဂ) စိတ္တာဓိပတိ၊ စိတ်ကို အကြီးအမှူးပြု၍ ရှက်ဆောင်ခြင်း၊
(ဃ) ဝီမံသာဓိပတိ၊ ပညာကို အကြီးအမှူးပြု၍ ရှက်ဆောင်ခြင်း၊
ပေါင်း သဟဇာတာဓိပတိ လေးမျိုးတည်း။

## အာရမ္မဏာဓိပတိ ဆောင်ပုဒ်

၁ အလေးပြုအပ်၊ အာရုံခုတ်၊ မှတ်လေဓိပတိ အကြောင်းသိ။
၂ အလေးပြုတတ်၊ စိတ်စေတပ်၊ မှတ်လေဓိပတိ အကျိုးသိ။
၃ အားထုတ်တိုင်းမှာ၊ ပျက်လိုက်ထာ၊ ရူပါနိစ္စ ပွားများကြ။
၄ အလေးပြုပြီး၊ ချုပ်ပျက်စီး၊ ရှုနည်းအနိစ္စ ပွားများကြ။

(က) ရူပါရုံ-ကောင်းကောင်း၊
(ခ) သဒ္ဒါရုံ-ကောင်းကောင်း၊
(ဂ) ဂန္ဓာရုံ-ကောင်းကောင်း၊
(ဃ) ရသာရုံ-ကောင်းကောင်း၊
(င) ဖောဋ္ဌဗ္ဗာရုံ-ကောင်းကောင်း၊
(စ) ဓမ္မာရုံ ကောင်းကောင်း၊
ပေါင်း အာရမ္မဏာဓိပတိ ခြောက်မျိုးတည်း။

## အနန္တရပစ္စည်း အနက်

အနန္တရပစ္စယောတိ စက္ခုဝိညာဏဓာတု တံ သမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော၊ မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော၊ သောတဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော၊

မနောဓာတု တံ သမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော၊ ဃာနဝိညာဏဓာတု တံ သမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော၊ မနောဓာတု တံ သမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော၊ ဇိဝှါဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော၊ မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော၊ ကာယဝိညာဏဓာတု တံ သမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော၊ မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော၊ ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော၊ ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော၊ ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော၊ ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော၊ ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော၊ ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော၊ ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော၊ ယေသံ ယေသံ ဓမ္မာနံ အနန္တရာ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ၊ တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

အနန္တရပစ္စယောတိ၊ အနန္တရ ပစ္စည်း ဟူသည်ကား။ စက္ခုဝိညာဏဓာတု၊ စက္ခုဝိညာဏဓာတ် သည်၎င်း။ တံ သမ္ပယုတ္တကာ၊ ထိုစက္ခုဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာ စ၊ စေတသိက်တရားတို့သည်၎င်း။ မနောဓာတုယာ စ၊ သမ္ပဋိစ္ဆိုင်းဟု ဆိုအပ်သော မနောဓာတ်အား၎င်း။ တံ သမ္ပယုတ္တကာနံ၊ ထိုသမ္ပဋိစ္ဆိုင်းဟု ဆိုအပ်သော မနောဓာတ်နှင့်ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊

စေတသိက် တရားတို့အားရင်း။ အနန္တရပစ္စယေန၊ အခြားမဲ့စု ကျေးဇူးပြုသည့် အနန္တရပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ နောက်နောက်တရား ဖြစ်ပွားလေအောင် ကျေးဇူးဆောင်သည်။ဟောတိ၊ ဖြစ်၏။ မနောဓာတု စ၊ သမ္ပဋိစ္ဆိုင်းဟု ဆိုအပ်သော မနောဓာတ်သည်ရင်း။ တံ သမ္ပယုတ္တကာ၊ ထို သမ္ပဋိစ္ဆိုင်းဟု ဆိုအပ်သော မနောဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာ စ၊ စေတသိက် တရားတို့သည်ရင်း။မနောဝိညာဏဓာတုယာ စ၊ သန္တီရဏဟု ဆိုအပ်သော မနောဝိညာဏ ဓာတ်အားရင်း။ တံ သမ္ပယုတ္တကာနံ၊ ထိုသန္တီရဏဟု ဆိုအပ်သော မနော ဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက် တရားတို့အားရင်း။ အနန္တရပစ္စယေန၊ အခြားမဲ့စု ကျေးဇူးပြုသည့် အနန္တရပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ နောက်နောက်တရားဖြစ်ပွားလေအောင် ကျေးဇူးဆောင်သည်။ ဟောတိ၊ ဖြစ်၏။

သောတဝိညာဏဓာတု စ၊ သောတဝိညာဏ ဓာတ်သည်ရင်း။ တံ သမ္ပယုတ္တကာ၊ ထိုသောတဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာ စ၊ စေတသိက် တရားတို့သည်ရင်း။ မနောဓာတုယာ စ၊ သမ္ပဋိစ္ဆိုင်းဟု ဆိုအပ်သော မနော ဓာတ်အားရင်း။ တံ သမ္ပယုတ္တကာနံ၊ ထိုသမ္ပဋိစ္ဆိုင်းဟု ဆိုအပ်သော မနော ဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက် တရားတို့အားရင်း။ အနန္တရ ပစ္စယေန၊ အခြားမဲ့စု ကျေးဇူးပြုသည့် အနန္တရ ပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ နောက်နောက်တရား ဖြစ်ပွားလေအောင် ကျေးဇူးဆောင် သည်။ ဟောတိ၊ ဖြစ်၏။ မနောဓာတု စ၊ သမ္ပဋိစ္ဆိုင်းဟု ဆိုအပ်သော မနော ဓာတ်သည်ရင်း။တံသမ္ပယုတ္တကာ၊ ထိုသမ္ပဋိစ္ဆိုင်းဟု ဆိုအပ်သော မနောဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာ စ၊ စေတသိက် တရားတို့သည်ရင်း။ မနောဝိညာဏ ဓာတုယာ စ၊ သန္တီရဏဟု ဆိုအပ်သော မနောဝိညာဏ ဓာတ်အားရင်း။ တံ သမ္ပယုတ္တကာနံ၊ ထိုသန္တီရဏဟု ဆိုအပ်သော မနောဝိညာဏ ဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက် တရားတို့အားရင်း။ အနန္တရပစ္စယေန၊ အခြားမဲ့စု ကျေးဇူးပြုသည့် အနန္တရပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ နောက်နောက်တရား ဖြစ်ပွားလေအောင် ကျေးဇူးဆောင်သည်။ ဟောတိ၊ ဖြစ်၏။

ဃာနဝိညာဏဓာတု စ၊ ဃာနဝိညာဏ ဓာတ်သည်၎င်း။ တံ သမ္ပယုတ္တကာ၊ ထိုဃာနဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာ စ၊ စေတသိက် တရားတို့သည်၎င်း။ မနောဓာတုယာ စ၊ သမ္ပဋိစ္ဆိုင်းဟု ဆိုအပ်သော မနောဓာတ်အား၎င်း။ တံသမ္ပယုတ္တကာနံ၊ ထိုသမ္ပဋိစ္ဆိုင်းဟု ဆိုအပ်သော မနောဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက် တရားတို့အား၎င်း။ အနန္တရပစ္စယေန၊ အခြားမဲ့စု ကျေးဇူးပြုသည့် အနန္တရ ပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ နောက်နောက်တရား ဖြစ်ပွားလေအောင် ကျေးဇူးဆောင်သည်။ ဟောတိ၊ ဖြစ်၏။ မနောဓာတု စ၊ သမ္ပဋိစ္ဆိုင်းဟု ဆိုအပ်သော မနောဓာတ်သည်၎င်း။ တံသမ္ပယုတ္တကာ၊ ထိုသမ္ပဋိစ္ဆိုင်းဟု ဆိုအပ်သော မနောဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာ စ၊ စေတသိက် တရားတို့သည်၎င်း။မနောဝိညာဏဓာတုယာ စ၊ သန္တီရဏဟု ဆိုအပ်သော မနောဝိညာဏ ဓာတ်အား၎င်း။ တံ သမ္ပယုတ္တကာနံ၊ ထိုသန္တီရဏဟု ဆိုအပ်သော မနောဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက် တရားတို့အား၎င်း။ အနန္တရပစ္စယေန၊ အခြားမဲ့စု ကျေးဇူးပြုသည့် အနန္တရ ပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ နောက်နောက်တရား ဖြစ်ပွားလေအောင် ကျေးဇူးဆောင်သည်။ ဟောတိ၊ ဖြစ်၏။

ဇိဝှါဝိညာဏဓာတု စ၊ ဇိဝှါဝိညာဏဓာတ်သည်၎င်း။ တံ သမ္ပယုတ္တကာ၊ ထိုဇိဝှါဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ဓမ္မာ စ၊ စေတသိက်တရားတို့သည်၎င်း။ မနောဓာတုယာ စ၊ သမ္ပဋိစ္ဆိုင်းဟု ဆိုအပ်သော မနောဓာတ်အား၎င်း။ တံ သမ္ပယုတ္တကာနံ၊ ထိုသမ္ပဋိစ္ဆိုင်းဟု ဆိုအပ်သော မနောဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက် တရားတို့အား၎င်း။ အနန္တရပစ္စယေန အခြားမဲ့စု ကျေးဇူးပြုသည့် အနန္တရ ပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ နောက်နောက်တရား ဖြစ်ပွားလေအောင် ကျေးဇူးဆောင်သည်။ ဟောတိ၊ ဖြစ်၏။ မနောဓာတု စ၊ သမ္ပဋိစ္ဆိုင်းဟု ဆိုအပ်သော မနောဓာတ်သည်၎င်း။ တံ သမ္ပယုတ္တကာ၊ ထိုသမ္ပဋိစ္ဆိုင်းဟု ဆိုအပ်သော မနောဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာ စ၊ စေတသိက် တရားတို့သည်၎င်း။ မနောဝိညာဏဓာတုယာ စ၊ သန္တီရဏဟု ဆိုအပ်သော မနောဝိညာဏဓာတ်အား၎င်း။ တံ သမ္ပယုတ္တကာနံ၊ ထိုသန္တီရဏဟု ဆိုအပ်သော မနောဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊

စေတသိက် တရားတို့အား၎င်း။ အနန္တရပစ္စယေန၊ အခြားမဲ့စု ကျေးဇူးပြုသည့် အနန္တရပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ နောက်နောက်တရား ဖြစ်ပွားလေအောင် ကျေးဇူးဆောင်သည်။ ဟောတိ၊ ဖြစ်၏။

ကာယဝိညာဏဓာတု စ၊ ကာယဝိညာဏ ဓာတ်သည်၎င်း။ တံသမ္ပယုတ္တကာ၊ ထိုကာယဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာ စ၊ စေတသိက် တရားတို့သည်၎င်း။ မနောဓာတုယာ စ၊ သမ္ပဋိစ္ဆိုင်းဟု ဆိုအပ်သော မနောဓာတ်အား၎င်း။ တံသမ္ပယုတ္တကာနံ၊ ထိုသမ္ပဋိစ္ဆိုင်းဟုဆိုအပ်သော မနောဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက် တရားတို့အား၎င်း။ အနန္တရပစ္စယေန၊ အခြားမဲ့စု ကျေးဇူးပြုသည့် အနန္တရ ပစ္စယ သတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ နောက်နောက်တရား ဖြစ်ပွားလေအောင် ကျေးဇူးဆောင်သည်။ ဟောတိ၊ ဖြစ်၏။ မနောဓာတု စ၊ သမ္ပဋိစ္ဆိုင်းဟု ဆိုအပ်သော မနောဓာတ်သည်၎င်း။ တံသမ္ပယုတ္တကာ၊ ထိုသမ္ပဋိစ္ဆိုင်းဟု ဆိုအပ်သော မနောဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာ စ၊ စေတသိက် တရားတို့သည်၎င်း။ မနောဝိညာဏဓာတုယာ စ၊ သန္တီရဏဟု ဆိုအပ်သော မနောဝိညာဏ ဓာတ်အား၎င်း။ တံသမ္ပယုတ္တကာနံ၊ ထိုသန္တီရဏဟု ဆိုအပ်သော မနောဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက် တရားတို့အား၎င်း။ အနန္တရပစ္စယေန၊ အခြားမဲ့စု ကျေးဇူးပြုသည့် အနန္တရ ပစ္စယ သတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ နောက်နောက်တရား ဖြစ်ပွားလေအောင် ကျေးဇူးဆောင်သည်။ ဟောတိ၊ ဖြစ်၏။

ပုရိမာ ပုရိမာ၊ ရှေးရှေး၌ ဖြစ်ကုန်သော။ ကုသလာ ဓမ္မာ၊ ကုသိုလ်တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်၌ ဖြစ်ကုန်သော။ ကုသလာနံ ဓမ္မာနံ၊ ကုသိုလ်တရားတို့အား။ အနန္တရပစ္စယေန၊ အခြားမဲ့စု ကျေးဇူးပြုသည့် အနန္တရ ပစ္စယ သတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ နောက်နောက်တရား ဖြစ်ပွားလေလေအောင် ကျေးဇူးဆောင်သည်။ ဟောတိ၊ ဖြစ်၏။

ပုရိမာ ပုရိမာ၊ ရှေးရှေး၌ ဖြစ်ကုန်သော။ ကုသလာ ဓမ္မာ၊ ကုသိုလ်တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်၌ ဖြစ်ကုန်သော။ အဗျာကတာနံ ဓမ္မာနံ၊ အဗျာကတ တရားတို့အား။ အနန္တရပစ္စယေန၊ အခြားမဲ့စု ကျေးဇူးပြု

သည့် အနန္တရပစ္စယ သတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ နောက်နောက်တရား ဖြစ်ပွားလေအောင် ကျေးဇူးဆောင်သည်။ ဟောတိ၊ ဖြစ်၏။

ပုရိမာ ပုရိမာ၊ ရှေးရှေး၌ ဖြစ်ကုန်သော။ အကုသလာ ဓမ္မာ၊ အကုသိုလ်တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်၌ ဖြစ်ကုန်သော။ အကုသလာနံ ဓမ္မာနံ၊ အကုသိုလ်တရားတို့အား။ အနန္တရပစ္စယေန၊ အခြားမဲ့စု ကျေးဇူးပြုသည့် အနန္တရ ပစ္စယ သတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ နောက်နောက်တရား ဖြစ်ပွားလေအောင် ကျေးဇူးဆောင်သည်။ ဟောတိ၊ ဖြစ်၏။

ပုရိမာ ပုရိမာ၊ ရှေးရှေး၌ဖြစ်ကုန်သော။အကုသလာ ဓမ္မာ၊အကုသိုလ် တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်၌ ဖြစ်ကုန်သော။ အဗျာကတာနံ ဓမ္မာနံ၊ အဗျာကတ တရားတို့အား။ အနန္တရပစ္စယေန၊ အခြားမဲ့စု ကျေးဇူးပြုသည့် အနန္တရပစ္စယ သတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ နောက်နောက်တရား ဖြစ်ပွားလေအောင် ကျေးဇူးဆောင်သည်။ ဟောတိ၊ ဖြစ်၏။

ပုရိမာ ပုရိမာ၊ ရှေးရှေး၌ ဖြစ်ကုန်သော။ အဗျာကတာ ဓမ္မာ၊ အဗျာကတ တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်၌ ဖြစ်ကုန်သော။ အဗျာကတာနံ ဓမ္မာနံ၊ အဗျာကတ တရားတို့အား။ အနန္တရပစ္စယေန၊ အခြားမဲ့စု ကျေးဇူးပြုသည့် အနန္တရပစ္စယ သတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ နောက်နောက်တရား ဖြစ်ပွားလေအောင် ကျေးဇူးဆောင်သည်။ ဟောတိ၊ ဖြစ်၏။

ပုရိမာ ပုရိမာ၊ ရှေးရှေး၌ ဖြစ်ကုန်သော။ အဗျာကတာ ဓမ္မာ၊ အဗျာကတ တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်၌ ဖြစ်ကုန်သော။ ကုသလာနံ ဓမ္မာနံ၊ ကုသိုလ်တရားတို့အား။ အနန္တရပစ္စယေန၊ အခြားမဲ့စု ကျေးဇူးပြုသည့် အနန္တရ ပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ နောက်နောက်တရား ဖြစ်ပွားလေအောင် ကျေးဇူးဆောင်သည်။ ဟောတိ၊ ဖြစ်၏။

ပုရိမာ ပုရိမာ၊ ရှေးရှေး၌ ဖြစ်ကုန်သော။ အဗျာကတာ ဓမ္မာ၊ အဗျာကတ တရားတို့သည်။ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်၌ဖြစ်ကုန်သော။အကုသလာနံ ဓမ္မာနံ၊ အကုသိုလ်တရားတို့အား။ အနန္တရပစ္စယေန၊ အခြားမဲ့စု ကျေးဇူး

ပြုသည့် အနန္တရပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ နောက်နောက်တရား ဖြစ်ပွားလေအောင် ကျေးဇူးဆောင်သည်။ ဟောတိ၊ ဖြစ်၏။

ယေသံ ယေသံ၊ အကြင် အကြင် ရှေးရှေး၌ ဖြစ်ကုန်သော။ ဓမ္မာနံ၊ စိတ်,စေတသိက် တရားတို့၏။ အနန္တရာ၊ အခြားမဲ့၌ ဖြစ်ကုန်သော။ ယေ ယေ ဓမ္မာ၊ အကြင် အကြင် နောက်နောက်၌ ဖြစ်ကုန်သော။ စိတ္တစေတသိကာ ဓမ္မာ၊ စိတ်,စေတသိက် တရားတို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ တေ တေ ဓမ္မာ၊ ထိုထို ရှေးရှေး၌ ဖြစ်ကုန်သော တရားတို့သည်။ တေသံ တေသံ ဓမ္မာနံ၊ ထိုထို နောက်နောက်၌ ဖြစ်ကုန်သော စိတ်,စေတသိက် တရားတို့အား။ အနန္တရပစ္စယေန၊ အခြားမဲ့စု ကျေးဇူးပြုသည့် အနန္တရ ပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ နောက်နောက်တရား ဖြစ်ပွားလေအောင် ကျေးဇူးဆောင်သည်။ ဟောတိ၊ ဖြစ်၏။

## ဆောင်ပုဒ်

၁ နာမ်ခန္ဓာများ၊ ဖြစ်လေငြား၊ လေးပါး ဆုံ၍သာ။
၂ စိတ္တက္ခဏချင်း၊ ဖြစ်တုံလျှင်း၊ ပူခြင်း မရှိပါ။
၃ ပုတီးကုံးသွင်၊ စီ၍ပင်၊ ဖြစ်အင် ဓမ္မတာ။
၄ ရှေးခန္ဓာများ၊ ပစ္စည်းထား၊ နောက်ကား ပစ္စယုပ်သာ။
၅ စကြာမင်းသေ၊ နန်းရခဲ၊ အမွေ သားကြီးသာ။
၆ ဤပမာရ၊ ချုပ်သမျှ၊ ပြုကြ ကျေးဇူးသာ။
၇ ရှေးချုပ်သမျှ၊ အနိစ္စ၊ ရှုကြ ဝိပဿနာ။

(က) ရှေးရှေး ကုသိုလ်က နောက်နောက် အခြားမဲ့ကုသိုလ်, အဗျာကတတို့အား အနန္တရသတ္တိဖြင့် ကျေးဇူးပြုသည်။

(ခ) ရှေးရှေး အကုသိုလ်က နောက်နောက် အခြားမဲ့ အကုသိုလ်, အဗျာကတတို့အား အနန္တရသတ္တိဖြင့် ကျေးဇူးပြု၏။

(ဂ) ရှေးရှေး အဗျာကတက နောက်နောက် အခြားမဲ့ အဗျာကတ, ကုသိုလ်, အကုသိုလ်တို့အား အနန္တရသတ္တိဖြင့် ကျေးဇူးပြု၏။

# သမနန္တရ ပါဠိအနက်

သမနန္တရပစ္စယောတိ စက္ခုဝိညာဏဓာတု တံ သမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော၊ မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော၊ သောတဝိညာဏဓာတု တံ သမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော၊ မနောဓာတု တံ သမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော၊ ဃာနဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော၊ မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော၊ ဇိဝှါ ဝိညာဏဓာတု တံ သမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော၊ မနောဓာတု တံ သမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော၊ ကာယဝိညာဏဓာတု တံ သမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော၊ မနောဓာတု တံ သမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော၊ ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော၊ ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော၊ ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော၊ ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော၊ ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော၊ ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော၊ ပုရိမာ ပုရိမာ အဗျာကတာ

ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော၊ ယေသံ ယေသံ ဓမ္မာနံ သမနန္တရာ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ၊ တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

သမနန္တရပစ္စယောတိ၊ သမနန္တရ ပစ္စည်း ဟူသည်ကား။ စက္ခုဝိညာဏ ဓာတု စ၊ စက္ခုဝိညာဏ ဓာတ်သည်၎င်း။ တံသမ္ပယုတ္တကာ၊ ထိုစက္ခုဝိညာဏ ဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာ စ၊ စေတသိက် တရားတို့သည်၎င်း။မနော ဓာတု ယာ စ၊ သမ္ပဋိစ္ဆိုင်းဟု ဆိုအပ်သော မနောဓာတ်အား၎င်း။ တံသမ္ပယုတ္တကာနံ၊ ထိုသမ္ပဋိစ္ဆိုင်းဟု ဆိုအပ်သော မနောဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဥ္စ၊ စေတသိက် တရားတို့အား၎င်း။ သမနန္တရပစ္စယေန၊ ကောင်းစွာ အခြားမဲ့စု ကျေးဇူးပြုသည့် သမနန္တရ ပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ နောက် နောက်တရား ဖြစ်ပွားလေအောင် ကျေးဇူးဆောင်သည်။ ဟောတိ၊ ဖြစ်၏။

(ကြွင်းအချက်စု အနန္တရပစ္စည်းနှင့် အနက်တူ၏။)

သမနန္တရပစ္စည်း ပြီး၏။

---

## သဟဇာတပါဠိအနက်

သဟဇာတပစ္စယောတိ စတ္တာရော ခန္ဓာ အရူပိနော အညမညံ သဟဇာတ ပစ္စယေန ပစ္စယော၊ စတ္တာရော မဟာဘူတာ အညမညံ သဟဇာတပစ္စယေန ပစ္စယော၊ ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ သဟဇာတပစ္စယေန ပစ္စယော၊ စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော၊ မဟာဘူတာ ဥပါဒါရူပါနံ သဟဇာတပစ္စယေန ပစ္စယော၊ ရူပိနော ဓမ္မာ အရူပိနံ ဓမ္မာနံ ကိဉ္စိ ကာလေ သဟဇာတပစ္စယေန ပစ္စယော၊ ကိဉ္စိ ကာလေ န သဟဇာတပစ္စယေန ပစ္စယော။

သဟဇာတပစ္စယောတိ၊ သဟဇာတ ပစ္စည်း ဟူသည်ကား။ စတ္တာရော၊ လေးပါးကုန်သော။ အရူပိနော၊ နာမ်ဖြစ်ကုန်သော။ ခန္ဓာ၊ ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာတို့သည်။ အညမညံ၊ အချင်းချင်း။ သဟဇာတပစ္စယေန၊ အတူတကွ ဖြစ်ကြသည့် သဟဇာတသတ္တိဖြင့်။ ပစ္စယော

ဥပကာရကော၊ တက္ကဖြစ်မှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ စတ္တာရော၊ လေးပါးကုန်သော။ မဟာဘူတာ၊ ပထဝီ, အာပေါ, တေဇော, ဝါယောဟု ဆိုအပ်သော မဟာဘုတ်တို့သည်။ အညမညံ၊ အချင်းချင်း။ သဟဇာတ ပစ္စယေန၊ အတူတကွ ဖြစ်ကြသည့် သဟဇာတသတ္တိဖြင့်။ ပစ္စယော ဥပကာရ ကော၊ တက္ကဖြစ်မှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ဩက္ကန္တိက္ခဏေ၊ ပဋိသန္ဓေခဏ၌။ နာမရူပံ၊ ပဋိသန္ဓေ နာမ်ခန္ဓာနှင့် ဟဒယဝတ္ထုရုပ် သည်။ အညမညံ၊ အချင်းချင်း။ သဟဇာတပစ္စယေန၊ အတူတကွ ဖြစ်ကြသည့် သဟဇာတသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ တက္ကဖြစ်မှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ စိတ္တစေတသိကာ၊ စိတ်, စေတသိက်ဖြစ်ကုန်သော။ ဓမ္မာ၊ နာမက္ခန္ဓာတရား လေးပါးတို့သည်။ စိတ္တသမုဋ္ဌာနာနံ၊ စိတ်လျှင် ဖြစ်ကြောင်း ရှိကုန်သော။ရူပါနံ၊ စိတ္တဇရုပ်,ပဋိသန္ဓေ ကမ္မဇရုပ်တို့အား။ သဟဇာတပစ္စယေန၊ အတူတကွ ဖြစ်ကြသည့် သဟဇာတ သတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ တက္ကဖြစ်မှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ မဟာဘူတာ၊ ပထဝီ,အာပေါ, တေဇော, ဝါယောဟု ဆိုအပ်သော မဟာဘုတ်တို့သည်။ ဥပါဒါရူပါနံ၊ အတူ တကွ ဖြစ်ကြသော ဥပါဒါရုပ်တို့အား။ သဟဇာတပစ္စယေန၊ အတူတကွ ဖြစ်ကြ သည့် သဟဇာတသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ တက္ကဖြစ်မှု ကျေးဇူးပြု သည်။ ဟောတိ၊ ဖြစ်၏။ ရူပိနော၊ ရုပ်ဖြစ်ကုန်သော။ ဓမ္မာ၊ ဟဒယဝတ္ထု တို့သည်။အရူပီနံ၊ နာမ်ဖြစ်ကုန်သော။ဓမ္မာနံ၊ ပဋိသန္ဓေကာရပဋိသန္ဓေ နာမက္ခန္ဓာ တို့အား။ ကိဉ္စိကာလေ၊ ပဋိသန္ဓေကာလ၌။ သဟဇာတပစ္စယေန၊ အတူတကွ ဖြစ်ကြသည့် သဟဇာတ သတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ တက္ကဖြစ်မှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ကိဉ္စိကာလေ၊ ပဝတ္တိကာလ၌။ သဟဇာတ ပစ္စယေန၊ အတူတကွ ဖြစ်ကြသည့် သဟဇာတသတ္တိဖြင့်။ ပစ္စယော ဥပကာရ ကော၊ တက္ကဖြစ်မှု ကျေးဇူးပြုသည်။ န ဟောတိ၊ မဖြစ်။

## ဆောင်ပုဒ်

၁ နာမ်ခန္ဓာများ၊ ဘုတ်လေးပါး၊ ဖြစ်ငြား သဟ ပစ္စည်းရ။

၂ ပဋိသန္ဓေ၊ ဟဒယေ၊ မှတ်လေ သဟ ပစ္စည်းရ။

၃ နာမ် ခန္ဓာကား၊ ရုပ်တရား၊ ဖြစ်ငြား သဟ ပစ္စည်းရ။

**၄ မဟာဘူတံ၊ ဥပါဒါန်၊ မှတ်ရန် သဟ ပစ္စည်းရ။**
**၅ တက္ကဖြစ်ပြီး၊ ချုပ်ပျက်စီး၊ ရှုနည်း အနိစ္စ ပွားမျှားကြ။**

(က) တက္ကဖြစ်သည့် နာမ်ခန္ဓာချင်းချင်းနှင့် စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ် အား သဟဇာတသတ္တိဖြင့် ကျေးဇူးပြု၏။

(ခ) ရုပ်, မဟာဘုတ်ချင်းချင်းနှင့် ဥပါဒါရုပ်အား သဟဇာတသတ္တိဖြင့် ကျေးဇူးပြု၏။

(ဂ) ပဋိသန္ဓေနှင့် ဟဒယဝတ္ထုချင်းချင်း သဟဇာတသတ္တိဖြင့် ကျေးဇူး ပြု၏။

## အညမည ပါဠိအနက်

အညမညပစ္စယောတိ စတ္တာရော ခန္ဓာ အရူပိနော အညမညပစ္စယေန ပစ္စယော၊ စတ္တာရော မဟာဘူတာ အညမညပစ္စယေန ပစ္စယော၊ ဩက္ကန္တိက္ခဏေ နာမရူပံ အညမညပစ္စယေန ပစ္စယော။

အညမည ပစ္စယောတိ၊ အညမည ပစ္စည်းဟူသည်ကား။ စတ္တာရော၊လေးပါး ကုန်သော။အရူပိနော၊ နာမ်ဖြစ်ကုန်သော။ ခန္ဓာ၊ ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာတို့သည်။အညမညပစ္စယေန၊ အချင်းချင်း ကျေးဇူး ပြုသည့် အညမညပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ အချင်းချင်း ဖြစ်မှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

(ကြွင်းသမျှ အနက်စု သဟဇာတပစ္စည်း အနက်နှင့်တူ၏။)
အညမညပစ္စည်း ပြီး၏။

## နိဿယ ပါဠိအနက်

နိဿယပစ္စယောတိ စတ္တာရော ခန္ဓာ အရူပိနော အညမညံ နိဿယပစ္စယေန ပစ္စယော၊ စတ္တာရော မဟာဘူတာ အညမညံ နိဿယပစ္စယေန ပစ္စယော၊ ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ နိဿယပစ္စယေန ပစ္စယော၊ စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ နိဿယပစ္စယေန ပစ္စယော၊ မဟာဘူတာ ဥပါဒါ ရူပါနံ နိဿယပစ္စယေန ပစ္စယော၊ စက္ခာယတနံ စက္ခု ဝိညာဏဓာတုယာ

တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော၊သောတာယတနံ သောတ ဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော၊ ဃာနာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယ ပစ္စယေန ပစ္စယော၊ ဇိဝှါယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော၊ ကာယာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော၊ယံ ရူပံ နိဿာယ မနော ဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ စ မနော ဝိညာဏဓာတုယာ စ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။

နိဿယပစ္စယောတိ၊ နိဿယ ပစ္စည်းဟူသည်ကား။ စတ္တာရော၊ လေးပါး ကုန်သော။ အရူပိနော၊ နာမ်ဖြစ်ကုန်သော။ခန္ဓာ၊ ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ,ဝိညာဏက္ခန္ဓာတို့သည်။အညမညံ၊ အချင်းချင်း။ နိဿယပစ္စယေန၊ တည်မှီရာ နိဿယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ တည်နေနိုင်အောင် ကျေးဇူးဆောင်သည်။ ဟောတိ ဖြစ်၏။ (ကြွင်း သဟဇာတနိဿယ အနက်တို့ သဟဇာတ အနက်နှင့် တူ၏။) စက္ခာယတနံ၊ ရှေးအဘို့က ဖြစ်နေကြသည့် စက္ခုပသာဒ ရုပ်အကြည်သည်။ စက္ခုဝိညာဏဓာတုယာ စ၊ မိမိအပေါ်မှာ မှီ၍ ဖြစ်ပေါ်လာသည့် စက္ခုဝိညာဏ ဓာတ်အားရင်း။ တံသမ္ပယုတ္တကာနံ၊ ထိုစက္ခုဝိညာဏ ဓာတ်နှင့်ယှဉ်၍ ဖြစ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့ အားရင်း။ နိဿယပစ္စယေန၊ တည်မှီရာ နိဿယသတ္တိဖြင့်။ ပစ္စယော ဥပကာရ ကော၊ တည်နေနိုင်အောင် ကျေးဇူးဆောင်သည်။ ဟောတိ၊ ဖြစ်၏။ သောတာ ယတနံ၊ ရှေးအဘို့က ဖြစ်နေကြသည့် သောတပသာဒ ရုပ်အကြည်သည်။ သောတဝိညာဏဓာတုယာ စ၊ မိမိအပေါ်မှာ မှီ၍ဖြစ်ပေါ်လာသည့် သောတ ဝိညာဏဓာတ်အားရင်း။ တံသမ္ပယုတ္တကာနံ၊ ထိုသောတဝိညာဏ ဓာတ်နှင့် ယှဉ်၍ဖြစ်ကုန်သော။ဓမ္မာနဉ္စ၊ စေတသိက် တရားတို့အားရင်း။နိဿယပစ္စယေန၊ တည်မှီရာ နိဿယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ တည်နေနိုင်အောင် ကျေးဇူးဆောင်သည်။ ဟောတိ၊ ဖြစ်၏။ ဃာနာယတနံ၊ ရှေးအဘို့က ဖြစ်နေ ကြသည့် ဃာနပသာဒ ရုပ်အကြည်သည်။ ဃာနဝိညာဏဓာတုယာ စ၊ မိမိ အပေါ်မှာမှီ၍ ဖြစ်ပေါ်လာသည့် ဃာနဝိညာဏ ဓာတ်အားရင်း။ တံသမ္ပယုတ္တ

ကာနံ၊ ထိုဃာနဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အားရင်း။ နိဿယပစ္စယေန၊ တည်မှီရာ နိဿယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ တည်နေနိုင်အောင် ကျေးဇူးဆောင်သည်။ ဟောတိ၊ ဖြစ်၏။ ဇိဝှါယတနံ၊ ရှေးအဘို့က ဖြစ်နေကြသည့် ဇိဝှါပသာဒ ရုပ်အကြည်သည်။ ဇိဝှါဝိညာဏဓာတုယာ စ၊ မိမိအပေါ်မှာမှီ၍ ဖြစ်ပေါ်လာသည့် ဇိဝှါဝိညာဏဓာတ်အားရင်း။ တံသမ္ပယုတ္တကာနံ၊ ထိုဇိဝှါဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက် တရားတို့အားရင်း။ နိဿယပစ္စယေန၊ တည်မှီရာ နိဿယသတ္တိဖြင့်။ပစ္စယော ဥပကာရကော၊ တည်နေနိုင်အောင် ကျေးဇူးဆောင်သည်။ ဟောတိ၊ ဖြစ်၏။ ကာယာယတနံ၊ ရှေးအဘို့က ဖြစ်နေကြသည့် ကာယပသာဒ ရုပ်အကြည်သည်။ ကာယဝိညာဏဓာတုယာ စ၊ မိမိအပေါ်မှာမှီ၍ ဖြစ်ပေါ်လာသည့် ကာယဝိညာဏ ဓာတ်အားရင်း။ တံသမ္ပယုတ္တကာနံ၊ ထိုကာယဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက် တရားတို့အားရင်း။ နိဿယပစ္စယေန၊ တည်မှီရာ နိဿယ သတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ တည်နေနိုင်အောင် ကျေးဇူးဆောင်သည်။ ဟောတိ၊ ဖြစ်၏။ ယံ ရူပံ၊ အကြင် ရှေးအဘို့က ဖြစ်နေကြသည့် ဟဒယဝတ္ထုရုပ်ကို။ နိဿာယ၊ အမှီပြု၍။ မနောဓာတု စ၊ မနောဓာတ်သည်ရင်း။ မနောဝိညာဏဓာတု စ၊ မနောဝိညာဏဓာတ်သည်ရင်း။ ဝတ္တန္တိ၊ ဖြစ်ကုန်၏။ တံ ရူပံ၊ ထိုရှေးအဘို့က ဖြစ်နေကြသည့် ဟဒယဝတ္ထုရုပ်သည်။ မနောဓာတုယာ စ၊ မနောဓာတ်အားရင်း။ မနောဝိညာဏဓာတုယာ စ၊ မနောဝိညာဏ ဓာတ်အားရင်း။ တံသမ္ပယုတ္တကာနံ၊ ထိုမနောဓာတ်, မနောဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက် တရားတို့အားရင်း။ နိဿယပစ္စယေန၊ တည်မှီရာ နိဿယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ တည်နေနိုင်အောင် ကျေးဇူးဆောင်သည်။ ဟောတိ၊ ဖြစ်၏။

## ဆောင်ပုဒ်

၁ တကွဖြစ်မြန်၊ ရုပ်နှင့်နာမ်၊ မှတ်ရန် သဟ နိဿယ။
၂ မျက်စိ, နား, နှာ၊ လျှာ, ကိုယ်, ဟဒယံ၊ ဤခြောက်တန်၊ မှတ်ရန် နိဿယ ပစ္စည်းရ။
၃ မြင်, ကြား, နံ,လျက်၊ တွေ့, သိချက်၊ ဆက္ကနိဿယ အကျိုးရ။
၄ မှီအပ်, မှီတတ်၊ ထိုနှစ်ရပ်၊ ပျက်လတ် အနိစ္စ ရှုပါကြ။

(က) မျက်စိအကြည်ကို မှီ၍ မြင်သိဖြစ်၊
(ခ) နားအကြည်ကို မှီ၍ ကြားသိဖြစ်၊
(ဂ) နှာခေါင်းအကြည်ကို မှီ၍ နံသိဖြစ်၊
(ဃ) လျှာအကြည်ကို မှီ၍ စားသိဖြစ်၊
(င) ကိုယ်အကြည်ကို မှီ၍ တွေ့သိဖြစ်၊
(စ) ဟဒယဝတ္ထုကို မှီ၍ ကြံသိဖြစ်။

## ဥပနိဿယ ပါဠိအနက်

ဥပနိဿယပစ္စယောတိ ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော၊ ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ကေသဉ္စိ ဥပနိဿယပစ္စယေန ပစ္စယော၊ ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော၊ ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော၊ ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ကေသဉ္စိ ဥပနိဿယပစ္စယေန ပစ္စယော၊ ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော၊ ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော၊ ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော၊ ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော၊ ဥတုဘောဇနမ္ပိ ဥပနိဿယပစ္စယေန ပစ္စယော၊ ပုဂ္ဂလောပိ ဥပနိဿယပစ္စယေန ပစ္စယော၊ သေနာသနမ္ပိ ဥပနိဿယပစ္စယေန ပစ္စယော။

ဥပနိဿယပစ္စယောတိ၊ ဥပနိဿယ ပစ္စည်းဟူသည်ကား။ ပုရိမာ ပုရိမာ၊ ရှေးရှေး၌ ဖြစ်ကုန်သော။ ကုသလာ ဓမ္မာ၊ ကုသိုလ်တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်၌ ဖြစ်ကုန်သော။ ကုသလာနံ ဓမ္မာနံ၊ ကုသိုလ်တရား

တို့အား။ ဥပနိဿယပစ္စယေန၊ အားကြီးသောအကြောင်း သတ္တိဖြင့်။ပစ္စယော ဥပကာရကော၊ ထိုထိုကုသလ ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ပုရိမာ ပုရိမာ၊ ရှေးရှေး၌ ဖြစ်ကုန်သော။ ကုသလာ ဓမ္မာ၊ ကုသိုလ်တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်၌ ဖြစ်ကုန်သော။ ကေသဉ္စိ၊ အချို့ကုန်သော။ အကုသလာနံ ဓမ္မာနံ၊ အကုသိုလ်တရားတို့အား။ ဥပနိဿယပစ္စယေန၊ အားကြီးသော အကြောင်းသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ထိုထို အကုသလ ပြီးစီးကြမှု ကျေးဇူးပြုသည်။ဟောတိ၊ ဖြစ်၏။ ပုရိမာ ပုရိမာ၊ ရှေးရှေး၌ ဖြစ်ကုန်သော။ ကုသလာ ဓမ္မာ၊ ကုသိုလ်တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်၌ ဖြစ်ကုန်သော။ အဗျာကတာနံ ဓမ္မာနံ၊ အဗျာကတ တရားတို့အား။ ဥပနိဿယပစ္စယေန၊ အားကြီးသော အကြောင်းသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ထိုထို အဗျာကတ ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ပုရိမာ ပုရိမာ၊ ရှေးရှေး၌ ဖြစ်ကုန်သော။ အကုသလာ ဓမ္မာ၊ အကုသိုလ်တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်၌ ဖြစ်ကြကုန်သော။ အကုသလာနံ ဓမ္မာနံ၊ အကုသိုလ်တရားတို့အား။ ဥပနိဿယပစ္စယေန၊ အားကြီးသော အကြောင်းသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ထိုထို အကုသလ ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ပုရိမာ ပုရိမာ၊ ရှေးရှေး၌ ဖြစ်ကုန်သော။ အကုသလာ ဓမ္မာ၊ အကုသိုလ်တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်၌ ဖြစ်ကုန်သော။ ကေသဉ္စိ၊ အချို့ကုန်သော။ ကုသလာနံ ဓမ္မာနံ၊ ကုသိုလ်တရားတို့အား။ ဥပနိဿယပစ္စယေန၊ အားကြီးသော အကြောင်းသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ထိုထို ကုသလ ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ပုရိမာ ပုရိမာ၊ ရှေးရှေး၌ ဖြစ်ကုန်သော။အကုသလာ ဓမ္မာ၊ အကုသိုလ်တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်၌ ဖြစ်ကုန်သော။ အဗျာကတာနံ ဓမ္မာနံ၊ အဗျာကတ တရားတို့အား။ ဥပနိဿယပစ္စယေန၊ အားကြီးသော အကြောင်းသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ထိုထို အဗျာကတ ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ပုရိမာ ပုရိမာ၊ ရှေးရှေး၌ ဖြစ်ကုန်သော။အဗျာကတာ ဓမ္မာ၊အဗျာကတ တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်၌ ဖြစ်ကုန်သော။ အဗျာကတာနံ ဓမ္မာနံ၊ အဗျာကတ တရားတို့အား။ ဥပနိဿယပစ္စယေန၊

အားကြီးသော အကြောင်းသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ထိုထို အဗျာကတ ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ပုရိမာ ပုရိမာ၊ ရှေးရှေးဖြစ်ကုန်သော။အဗျာကတာ ဓမ္မာ၊အဗျာကတ တရားတို့သည်။ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်၌ ဖြစ်ကုန်သော။ ကုသလာနံ ဓမ္မာနံ၊ ကုသိုလ်တရား တို့အား။ ဥပနိဿယပစ္စယေန၊အားကြီးသော အကြောင်းသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ထိုထိုကုသလ ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ပုရိမာ ပုရိမာ၊ ရှေးရှေး၌ဖြစ်ကုန်သော။ အဗျာကတာ ဓမ္မာ၊ အဗျာကတ တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်၌ ဖြစ်ကုန်သော။ အကုသလာနံ ဓမ္မာနံ၊ အကုသိုလ် တရားတို့အား။ ဥပနိဿယပစ္စယေန၊ အားကြီးသော အကြောင်းသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ထိုထိုအကုသလ ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ဥတုဘောဇနမ္ပိ၊ ဥတုနှင့် ဘောဇဉ်ကလည်း။ ဥပနိဿယပစ္စယေန၊ အားကြီးသော အကြောင်းသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ပုဂ္ဂလောပိ၊ ပုဂ္ဂိုလ်ကလည်း။ ဥပနိဿယပစ္စယေန၊ အားကြီးသော အကြောင်းသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ သေနာသနမ္ပိ၊ အိမ်ရာ, နေရာ, ကျောင်းသည်လည်း။ ဥပနိဿယပစ္စယေန၊ အားကြီးသော အကြောင်းသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

## ဆောင်ပုဒ်

၁ တွင်းပ ကုက၊ အကြောင်းပြု၊ ကု, အကု,ဗျာ အကျိုးသာ။

၂ တွင်းပ အကု၊ အကြောင်းပြု၊ အကု, ကု,ဗျာ အကျိုးသာ။

၃ တွင်းပ အဗျာ၊ အကြောင်းသာ၊ အဗျာ,ကု,ကု အကျိုးစု။

၄ ဥတု,အစာ၊ ပုဂ္ဂလာ၊ သေနာ အကြောင်းစု။

၅ ကု,ကု,အဗျာ၊ ဖြစ်ပေါ်လာ၊ မှတ်ပါ အကျိုးစု။

၆ ဖြစ်သိပေါ်ပေါက်၊ ရှေ့ဖြစ်ပျောက်၊ မှတ်လောက်အစုစု ဝိပဿ်ရှု။

(ကု, ကုကို ကု. အကု-ဟု ပုဒ်ဖြတ်ပါ)

(က) ကုသိုလ်ကြောင့် ကုသိုလ်ဖြစ်၊
(ခ) ကုသိုလ်ကြောင့် အကုသိုလ်ဖြစ်၊
(ဂ) ကုသိုလ်ကြောင့် အဗျာကတဖြစ်၊
(ဃ) အကုသိုလ်ကြောင့် အကုသိုလ်ဖြစ်၊
(င) အကုသိုလ်ကြောင့် ကုသိုလ်ဖြစ်၊
(စ) အကုသိုလ်ကြောင့် အဗျာကတဖြစ်၊
(ဆ) အဗျာကတကြောင့် အဗျာကတဖြစ်၊
(ဇ) အဗျာကတကြောင့် ကုသိုလ်ဖြစ်၊
(ဈ) အဗျာကတကြောင့် အကုသိုလ်ဖြစ်၊

ပေါင်း ပကတူပနိဿယပစ္စည်း ၉-မျိုးတည်း။

**တနည်း** ဥတု, ဘောဇဉ်ကြောင့်ရှင်း၊ ပုဂ္ဂိုလ်နှင့် အိပ်ရာ နေရာ စသည်တို့ကြောင့်ရှင်း ကုသိုလ်,အကုသိုလ်, အဗျာကတတို့ ဖြစ်ကြကုန်၏။

## ပုရေဇာတ ပါဠိအနက်

ပုရေဇာတပစ္စယောတိ စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော၊ သောတာယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော၊ ဃာနာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော၊ ဇိဝှါယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော၊ ကာယာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော၊ ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော၊ သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော၊ ဂန္ဓာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော၊ ရသာယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော၊ ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတ

ပစ္စယေန ပစ္စယော၊ ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော၊ ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော၊ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ကိဉ္စိကာလေ ပုရေဇာတပစ္စယေန ပစ္စယော၊ ကိဉ္စိကာလေ န ပုရေဇာတပစ္စယေန ပစ္စယော။

ပုရေဇာတပစ္စယောတိ၊ ပုရေဇာတ ပစ္စည်းဟူသည်ကား။ စက္ခာယတနံ၊ ရှေးအဘို့က ဖြစ်နေကြသည့် စက္ခုပသာဒရုပ် အကြည်သည်။ စက္ခုဝိညာဏဓာတုယာ စ၊ မိမိအပေါ်မှာ မှီ၍ ဖြစ်ပေါ်လာသည့် စက္ခုဝိညာဏဓာတ်အားငင်း။ တံသမ္ပယုတ္တကာနံ၊ ထိုစက္ခုဝိညာဏဓာတ်နှင့် ယှဉ်၍ ဖြစ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အားငင်း။ ပုရေဇာတပစ္စယေန၊ တည်မှီရာဌာန ရှေးဖြစ်ကြသည့် ပုရေဇာတ ပစ္စယ သတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ရှေးဖြစ်ကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

(ကြွင်း ဝတ္ထုပုရေဇာတအနက်တို့ ဝတ္ထုပုရေဇာတနိဿယအနက်နှင့်တူ၏။)

ရူပါယတနံ၊ အဆင်းဝဏ္ဏ ရှိသမျှဉဿုံ ရူပါရုံသည်။ စက္ခုဝိညာဏဓာတုယာ စ၊မြင်,သိသဘာဝ စက္ခုဝိညာဏ ဓာတ်အားငင်း။တံသမ္ပယုတ္တကာနံ၊ ထိုစက္ခုဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက် တရားတို့အားငင်း။ ပုရေဇာတပစ္စယေန၊ ဆွဲကိုင်ရာပမာဏ ရှေးဖြစ်ကြသည့် အာရမ္မဏ ပုရေဇာတသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ရှေး၌ဖြစ်မှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ သဒ္ဒါယတနံ၊ အသံသဒ္ဒ ရှိသမျှဉဿုံ သဒ္ဒါရုံသည်။ သောတဝိညာဏဓာတုယာ စ၊ ကြား,သိသဘာဝ သောတဝိညာဏ ဓာတ်အားငင်း။ တံသမ္ပယုတ္တကာနံ၊ ထိုသောတဝိညာဏ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အားငင်း။ ပုရေဇာတပစ္စယေန၊ ဆွဲကိုင်ရာပမာဏ ရှေးဖြစ်ကြသည့် အာရမ္မဏ ပုရေဇာတသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ရှေး၌ဖြစ်မှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ဂန္ဓာယတနံ၊ အနံ့ဂန္ဓ ရှိသမျှဉဿုံ ဂန္ဓာရုံသည်။ ဃာနဝိညာဏဓာတုယာ စ၊ နံ့, သိ သဘာဝ ဃာနဝိညာဏ ဓာတ်အားငင်း။ တံသမ္ပယုတ္တကာနံ၊ ထိုဃာနဝိညာဏ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်

တရားတို့အားငြင်း။ ပုရေဇာတပစ္စယေန၊ ဆွဲကိုင်ရာပမာဏ ရှေးဖြစ်ကြသည့် အာရမ္မဏ ပုရေဇာတသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ရှေး၌ဖြစ်မှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ရသာယတနံ၊ ခြောက်ပါးရသ ရှိသမျှဉဿုံ ရသာရုံသည်။ ဇိဝှါဝိညာဏဓာတုယာ စ၊ စား, သိ သဘာဝ ဇိဝှါဝိညာဏဓာတ် အားငြင်း။ တံသမ္ပယုတ္တကာနံ၊ ထိုဇိဝှါဝိညာဏ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဥ္စ၊ စေတသိက် တရားတို့အားငြင်း။ ပုရေဇာတပစ္စယေန၊ ဆွဲကိုင်ရာပမာဏ ရှေးဖြစ်ကြသည့် အာရမ္မဏ ပုရေဇာတသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ရှေး၌ ဖြစ်မှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ဖောဋ္ဌဗ္ဗာယတနံ၊ တွေ့ထိအပ်လှ ရှိသမျှဉဿုံ ဖောဋ္ဌဗ္ဗာရုံသည်။ ကာယဝိညာဏဓာတုယာ စ၊ တွေ့, သိ သဘာဝ ကာယဝိညာဏ ဓာတ်အားငြင်း။ တံသမ္ပယုတ္တကာနံ၊ ထိုကာယဝိညာဏ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဥ္စ၊ စေတသိက် တရားတို့အားငြင်း။ ပုရေဇာတပစ္စယေန၊ ဆွဲကိုင်ရာပမာဏ ရှေးဖြစ်ကြသည့် အာရမ္မဏ ပုရေဇာတသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ရှေး၌ဖြစ်မှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ရူပါယတနံ၊ ရူပါရုံသည်ငြင်း။ သဒ္ဒါယတနံ၊ သဒ္ဒါရုံသည်ငြင်း။ ဂန္ဓာယတနံ၊ ဂန္ဓာရုံသည်ငြင်း။ ရသာယတနံ၊ ရသာရုံသည်ငြင်း။ ဖောဋ္ဌဗ္ဗာယတနံ၊ ဖောဋ္ဌဗ္ဗာရုံသည်ငြင်း။ မနောဓာတုယာ စ၊ မနောဓာတ်အားငြင်း။ တံသမ္ပယုတ္တကာနံ၊ ထိုမနော ဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဥ္စ၊ စေတသိက် တရားတို့အားငြင်း။ ပုရေဇာတ ပစ္စယေန၊ ဆွဲကိုင်ရာပမာဏ ရှေးဖြစ်ကြသည့် အာရမ္မဏ ပုရေဇာတသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ရှေး၌ဖြစ်မှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ယံ ရူပံ၊ အကြင်ပစ္စုပ္ပန်ဖြစ်သော နိပ္ဖန္နရုပ် အဋ္ဌာရသကို။ နိဿာယ၊ အာရုံ သဘာဝ အမှီရ၍။ မနောဓာတု စ၊ မနောဓာတ်သည်ငြင်း။ မနောဝိညာဏ ဓာတု စ၊ မနောဝိညာဏ ဓာတ်သည်ငြင်း။ ဝတ္တန္တိ၊ ဖြစ်ကုန်၏။တံ ရူပံ၊ ထိုပစ္စုပ္ပန် ဖြစ်သော နိပ္ဖန္နရုပ် အဋ္ဌာရသသည်။ မနောဓာတုယာ စ၊ မနောဓာတ်အားငြင်း။ တံသမ္ပယုတ္တကာနံ၊ ထိုမနောဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဥ္စ၊ စေတသိက် တရားတို့အားငြင်း။ ပုရေဇာတပစ္စယေန၊ ဆွဲကိုင်ရာပမာဏ ရှေးဖြစ်ကြသည့် အာရမ္မဏ ပုရေဇာတ သတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ရှေး၌ဖြစ်မှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ မနောဝိညာဏဓာတုယာ စ၊ မနော ဝိညာဏဓာတ်အားငြင်း။ တံသမ္ပယုတ္တကာနံ၊ ထိုမနောဝိညာဏ ဓာတ်နှင့်

ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက် တရားတို့အားရင်း။ ကိစ္စကာလေ၊ အချို့သော ပဝတ္တိကာလ၌။ ပုရေဇာတပစ္စယေန၊ ဆဲ့ကိုင်ရာပမာဏ ရှေးဖြစ်ကြသည့် ပုရေဇာတသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ရှေး၌ဖြစ်မှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ကိစ္စကာလေ၊ အချို့သော ပဋိသန္ဓေကာလ၌။ ပုရေဇာတပစ္စယေန၊ ဆဲ့ကိုင်ရာပမာဏ ရှေးဖြစ်ကြသည့် ပုရေဇာတသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ရှေး၌ဖြစ်မှု ကျေးဇူးပြုသည်။ န ဟောတိ၊ မဖြစ်။

## ဆောင်ပုဒ်

၁ ပစ္စုပ္ပန္နေ၊ နိပ္ဖန္နေ၊ ပုရေဇာတ ပစ္စည်းရ။

၂ အာရုံငါးထွေ၊ ငါးဝိညာ၊ မှတ်လေ အာရမ္မဏ ပုဇာတ။

၃ အာရုံငါးရပ်၊ မနောဓာတ်၊ စွဲမှတ် အာရမ္မဏ ပုဇာတ။

၄ အာရုံခြောက်ရပ်၊ ဝိညာဏ်ဓာတ်၊ စွဲမှတ် အာရမ္မဏ ပုဇာတ။

၅ အာရုံ အာရမ္မဏ်၊ ပြောင်းလေဘိ၊ မှတ်သိ အနိစ္စ ရှုပါကြ။

(က) ရှေးပစ္စုပ္ပန် အဆင်းကြောင့် မြင်, သိဖြစ်၊

(ခ) ရှေးပစ္စုပ္ပန် အသံကြောင့် ကြား, သိဖြစ်၊

(ဂ) ရှေးပစ္စုပ္ပန် အနံ့ကြောင့် နံ, သိဖြစ်၊

(ဃ) ရှေးပစ္စုပ္ပန် အရသာကြောင့် စား, သိဖြစ်၊

(င) ရှေးပစ္စုပ္ပန် အတွေ့ကြောင့် တွေ့, သိဖြစ်၊

(စ) ရှေးပစ္စုပ္ပန် အာရုံငါးရပ်ကြောင့် မနောဓာတ် ကြံ, သိဖြစ်၊

(ဆ) ရှေးပစ္စုပ္ပန် အာရုံ ခြောက်ပါးကြောင့် မနောဝိညာဏဓာတ် ကြံ, သိဖြစ်။

## ပစ္ဆာဇာတပါဠိအနက်

ပစ္ဆာဇာတပစ္စယောတိ ပစ္ဆာဇာတာ စိတ္တစေတသိကာ ဓမ္မာ ပုရေဇာတဿ ဣမဿ ကာယဿ ပစ္ဆာဇာတပစ္စယေန ပစ္စယော။

ပစ္ဆာဇာတပစ္စယောတိ၊ ပစ္ဆာဇာတ ပစ္စည်းဟူသည်ကား။ ပစ္ဆာဇာတာ၊ ပဉ္စဝေါကာရ ပဋိသန္ဓေ၏ နောက်နောက်၌ ဖြစ်ကုန်သော။ စိတ္တစေတသိကာ

ဓမ္မာ၊ စိတ်, စေတသိက် တရားတို့သည်။ ပုရေဇာတဿ၊ ရှေးရှေးစိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ဌီသို့ရောက်သော။ဣမဿ ကာယဿ၊ ဤကေဇကာယ, ဒွိဇကာယ, တိဇကာယ, စတုဇကာယအား။ ပစ္ဆာဇာတပစ္စယေန၊ နောက်မှဖြစ်၍ ကျေးဇူး ပြုသည့် ပစ္ဆာဇာတသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ရှေးဖြစ်ပြီးသမျှ အကျိုးရအောင် ကျေးဇူးဆောင်သည်။ ဟောတိ၊ ဖြစ်၏။

## ဆောင်ပုဒ်

၁ ပဋ္ဌေဝါကာရာ၊ ဘုံ၌သာ၊ ပစ္ဆာဇာတ ပစ္စည်းရ။

၂ ကံ,စိတ်,ဥ,ဟာ၊ ဌီရောက်လာ၊ ပစ္ဆာဇာတ အကျိုးရ။

၃ ပဋ္ဌေဝါကာရ၊ တဘဝချင်းမှာ၊ ရှေးရုပ်သာ၊ နောက်လာနာမ်က ပစ္စည်းရ။

၄ နာမ်ခန္ဓာကား၊ အကြောင်းထား၊ ရုပ်ကားပစ္ဆာ အကျိုးရ။

၅ ရုပ်နာမ် နှစ်ဖြာ၊ ဖြစ်လေရာ၊ ပစ္ဆာဇာတ ကြောင်းကျိုးရ။

၆ ရုပ် နာမ် နှစ်ဖြာ၊ ပျက်တိုင်းမှာ၊ ပစ္ဆာ အနိစ္စ ရှုပါကြ။

တနည်းဆောင်ပုဒ် တဘဝတွင်းမှာ ရှေးစိတ်နှင့်အတူ ဥပါဒ်သော ရုပ်တို့အား နောက်နောက် စိတ်တို့က ပစ္ဆာဇာတသတ္တိဖြင့် ကျေးဇူး ပြုကြကုန်၏။

## အာသေဝနပါဠိအနက်

အာသေဝနပစ္စယောတိ ပုရိမာ ပုရိမာ 'ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယော၊ ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယော၊ ပုရိမာ ပုရိမာ ကိရိယာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကိရိယာ အဗျာကတာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ၊ ရှေးရှေး၌ ဖြစ်ကုန်သော။ ကုသလာ ဓမ္မာ၊ ကုသိုလ်တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်၌ ဖြစ်ကုန်သော။ ကုသလာနံ ဓမ္မာနံ၊ ကုသိုလ်တရားတို့အား။ အာသေဝနပစ္စယေန၊ အဖန်တလဲလဲ မှီဝဲထုံအပ်သည့် အာသေဝနသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ အထုံရအောင် ကျေးဇူး ဆောင်သည်။ဟောတိ၊ဖြစ်၏။ ပုရိမာ ပုရိမာ၊ ရှေးရှေး၌ဖြစ်ကုန်သော။အကုသလာဓမ္မာ၊အကုသိုလ်တရားတို့သည်။ပစ္ဆိမာနံ ပစ္ဆိမာနံ၊နောက်နောက်၌ ဖြစ်ကုန်

သော။ အကုသလာနံ ဓမ္မာနံ၊ အကုသိုလ်တရားတို့အား။ အာသေဝနပစ္စယေန၊ အဖန်တလဲလဲ မှီဝဲထုံအပ်သည့် အာသေဝနသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ အထုံရအောင် ကျေးဇူးဆောင်သည်။ ဟောတိ၊ ဖြစ်၏။ ပုရိမာ ပုရိမာ၊ ရှေးရှေး၌ ဖြစ်ကုန်သော။ ကိရိယာ အဗျာကတာ ဓမ္မာ၊ ကိရိယာ အဗျာကတ တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်၌ ဖြစ်ကုန်သော။ ကိရိယာ အဗျာကတာနံ၊ ကိရိယာ အဗျာကတ ဖြစ်ကုန်သော။ ဓမ္မာနံ၊ တရားတို့အား။ အာသေဝနပစ္စယေန၊ အဖန်တလဲလဲ မှီဝဲထုံအပ်သည့် အာသေဝနသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ အထုံရအောင် ကျေးဇူးဆောင်သည်။ ဟောတိ၊ ဖြစ်၏။

## ဆောင်ပုဒ်

၁ ကု၊ အကု၊ ဗျာ၊ ဇောတို့သာ၊ မှတ်ပါ သေဝန ကြောင်းကျိုးရ။

၂ ဇာတ်တူဇောသာ၊ ကြောင်းကျိုးဖြာ၊ မှတ်ပါ သေဝန ပစ္စည်းရ။

၃ သိလုံး ဇောတွေ၊ ချုပ်ပျက်စေ၊ ရှုလေ အနိစ္စ ပွားများကြ။

(က) ရှေးရှေး ကုသိုလ်ဇောက နောက်နောက် အခြားမဲ့ ကုသိုလ်ဇောအား အာသေဝနသတ္တိဖြင့် ကျေးဇူးပြု၏။

(ခ) ရှေးရှေး အကုသိုလ်ဇောက နောက်နောက် အခြားမဲ့ အကုသိုလ်ဇောအား အာသေဝနသတ္တိဖြင့် ကျေးဇူးပြု၏။

(ဂ) ရှေးရှေး ကြိယာဇောက နောက်နောက် အခြားမဲ့ ကြိယာဇောအား အာသေဝနသတ္တိဖြင့် ကျေးဇူးပြု၏။

## ကမ္မပါဠိအနက်

ကမ္မပစ္စယောတိ ကုသလာကုသလံ ကမ္မံ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော၊ စေတနာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။

ကမ္မပစ္စယောတိ၊ ကမ္မပစ္စည်းဟူသည်ကား။ ကုသလာကုသလံ၊ ကုသိုလ်၊ အကုသိုလ်ဖြစ်သော။ ကမ္မံ၊ နာနက္ခဏိက စေတနာကံသည်။ ဝိပါကာနံ၊ အကျိုး

ဝိပါက် ဖြစ်ကုန်သော။ ခန္ဓာနဉ္စ၊ နာမက္ခန္ဓာတို့အားရင်း။ ကဋတ္တာ ရူပါနဉ္စ၊ ကမ္မဇရုပ်တို့အားရင်း။ ကမ္မပစ္စယေန၊ မျိုးစေ့သဘာဝ သမ္ပယုတ်ဖြင့်။ ပစ္စယော ဥပကာရကော၊ ဖြစ်ပေါ်လာအောင် ကျေးဇူးဆောင်သည်။ ဟောတိ၊ ဖြစ်၏။ စေတနာ၊ စိတ်တခုယုတ် ကိုးဆယ်ဥ္စရှိသော စေတနာတခုယုတ် ကိုးဆယ်သည်။ သမ္ပယုတ္တကာနံ၊ ယှဉ်၍ဖြစ်ကုန်သော။ ဓမ္မာနဉ္စ၊ စိတ်, စေတသိက် တရားတို့အားရင်း။ တံ သမုဋ္ဌာနာနံ၊ ထိုစေတနာကြောင့် ဖြစ်ကုန်သော။ ရူပါနဉ္စ၊ စိတ္တဇရုပ်, ပဋိသန္ဓေ ကမ္မဇရုပ်တို့အားရင်း။ ကမ္မပစ္စယေန၊ မျိုးစေ့သဘာဝ ကမ္မသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ဖြစ်ပေါ်လာအောင် ကျေးဇူးဆောင်သည်။ ဟောတိ၊ ဖြစ်၏။

## ဆောင်ပုဒ်

၁ ကုသလာကုသလ၊ ကမ္မစေတနာ၊ ခြားမဲ့ခါ၊ ဖြစ်လာအကျိုးရ။

၂ စေတနာကုန်မူ၊ ကံဟုယူ၊ ဖြစ်တူသဟ အကျိုးရ။

၃ မျက်စိသိ ၂-ခု၊ နားသိ ၂-ခု၊ နှာခေါင်းသိ ၂-ခု၊ လျှာသိ ၂-ခု၊ ကိုယ်သိ ၂-ခု၊ ပဋိသန္ဓေ ဘဝင်စုတိ အစုစု။

၄ ပဋိသန္ဓိ ပဝတ္တိ၊ နှစ်မျိုးရှိ၊ ဝိပါက် ကဋတ္တာ။

၅ ဖြစ်ပွားစေမူ၊ ကျေးဇူးပြု၊ ကု, ကု ဇနကာ။

၆ ထောက်ပံ့သမူ၊ ကျေးဇူးပြု၊ ဥပထမ္ဘကာ။

၇ နှိပ်စက်ညှဥ်းပန်း၊ ညှိုးနွမ်းစေမူ၊ ဖိစီးပြု၊ ဥပပီဠကာ။

၈ ပြတ်ဆုံးစေမူ၊ အတင်းပြု၊ ဥပဃာတကာ။

၉ ကံတပါးတို့၊ မတားနိုင်ရာ၊ အားကြီးစွာ သညာ ဂရုက။

၁၀ သေဆုံးလုမှု၊ ပြုသော်ရင်း၊ အဟောင်းပေါ်လာ၊ကံနှစ်ဖြာ၊ သညာ အာသန္န။

၁၁ နေ့ရှည်လေ့ကျက်၊ ရက်ရှည်စွဲမြဲ၊ အထုံသဲ၊ ခေါ်မြဲ အာစိဏ္ဏ။

၁၂ သုံးပါးမှလျှင်၊ အလွတ်ထင်၊ သညာ ကဋတ္တာ။

၁၃ ဒိဋ္ဌဓမ္မ၊ ဥပပဇ္ဇ၊ ပရာပရိ၊ အဟောသိ၊ ရှိသည် ကံလေးဖြာ။

၁၄ မျက်မှောက်ဘဝ၊ အကျိုးရ၊ ဒိဋ္ဌ ဦးဇောသာ။

၁၅ အခြားမဲ့ဘဝ၊ အကျိုးရ၊ ဥပ ဆုံး ဇောသာ။

၁၆ ပရံပရ၊ အနုမတင်၊ အဆက်ဆက်ဝယ်၊ အကျိုးကြွယ်၊ အလယ် ဇောငါးသာ။

၁၇ ကံအဟောသိ၊ ကျိုးမရှိ၊ တြိ စေတနာ။
၁၈ အကျိုးဖြစ်ပြီး၊ ချုပ်ပျက်စီး၊ ရှုနည်းအနိစ္စ ပွားများကြ။

ကုသိုလ် အကုသိုလ် စေတနာကံကြောင့် မိမိအခြားမဲ့ကာလ၌ ဝိပါက် ကဋတ္တာရုပ်ကို ဖြစ်စေနိုင်သော နာနက္ခဏိက ကမ္မပစ္စည်းလည်းဖြစ် တကွ ဖြစ်သော စိတ်, စေတသိက် စိတ္တဇရုပ်တို့အား ကျေးဇူးပြုသော သဟဇာတ ကမ္မပစ္စည်းလည်း ဖြစ်ကြကုန်၏၊ ဝိပါက်ကြိယာ စေတနာကံကြောင့်ကား တကွ ဖြစ်သော စိတ်, စေတသိက် စိတ္တဇရုပ်, ပဋိသန္ဓေ ကမ္မဇရုပ်တို့အား ထိုက်သည် အားလျော်စွာ သဟဇာတပစ္စည်းများသာ ဖြစ်ကြကုန်၏။

## ဝိပါကပစ္စည်းအနက်

ဝိပါကပစ္စယောတိ ဝိပါကာ စတ္တာရော ခန္ဓာ အရူပိနော အညမညံ ဝိပါက ပစ္စယေန ပစ္စယော။

ဝိပါကပစ္စယောတိ၊ ဝိပါကပစ္စည်းဟူသည်ကား။ ဝိပါကာ၊ အကျိုးဝိပါက် ဖြစ်ကုန်သော။ စတ္တာရော၊ လေးပါးကုန်သော။ အရူပိနော၊ နာမ်ဖြစ်ကုန် သော။ ခန္ဓာ၊ ပဝတ္တိ,ပဋိသန္ဓေ ခန္ဓာတို့သည်။ အညမညံ၊ အချင်းချင်း။ ဝိပါက ပစ္စယေန၊ အကျိုးဖလ ဝိပါကသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ အကျိုး ဖြစ်မှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

## ဆောင်ပုဒ်

၁ ပဋိသန္ဓိ၊ ပဝတ္တိနှင့်၊ ရှိရှိသမျှ၊ ဝိပါက၊ ပြုကြ ချင်းချင်းသာ။
၂ သာဝဒသသ၊ ဟောထုတ်ပြ၊ ရ၏ ရုပ်တို့ပါ။
၃ မြင်, ကြား, နံ, လျက်၊ တွေ့သိချက်၊ ဝိပါက် အကုန်သာ။
၄ ထိုဝိပါက်များ၊ ချုပ်ပျက်ငြား၊ ရှုစား ဝိပဿနာ။

ရှိရှိသမျှသော ဝိပါက်နာမက္ခန္ဓာ အချင်းချင်းနှင့် စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇ ရုပ်တို့အား ဝိပါကသတ္တိဖြင့် ကျေးဇူးပြုကြကုန်၏။

## အာဟာရပစ္စည်းအနက်

အာဟာရပစ္စယောတိ ကဗဠီကာရော အာဟာရော ဣမဿ ကာယဿ အာဟာရပစ္စယေန ပစ္စယော၊ အရူပိနော အာဟာရာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အာဟာရပစ္စယေန ပစ္စယော။

အာဟာရပစ္စယောတိ၊ အာဟာရပစ္စည်း ဟူသည်ကား။ ကဗဠီကာရော၊ အလုပ်အလွေ့ကို မပြုတတ်သော်လည်း ပြုတတ်သကဲ့သို့သော။ အာဟာရော၊ အာဟာရသည်။ ဣမဿ၊ ဤသို့သဘောရှိသော။ ကာယဿ၊ ရူပကာယအား။ အာဟာရပစ္စယေန၊ အိမ်, ကျား ပမာဏ မြဲမြံစေပါသော အာဟာရသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ထောက်ပံ့ကြီးမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ အရူပိနော၊ နာမ်ဖြစ်ကုန်သော။ အာဟာရာ၊ ဖဿ,စေတနာ,ဝိညာဏ်ဟု ဆိုအပ်သော အာဟာရတို့သည်။ သမ္ပယုတ္တကာနံ၊ ယှဉ်၍ဖြစ်ကုန်သော။ ဓမ္မာနဉ္စ၊ စိတ်, စေတသိက် တရားတို့အားရင်း။ တံသမုဋ္ဌာနာနံ၊ ထိုအာဟာရကြောင့် ဖြစ်ကုန်သော။ ရူပါနဉ္စ၊ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့အားရင်း။ အာဟာရပစ္စယေန၊ အိမ်, ကျား ပမာဏ မြဲမြံစေပါသော အာဟာရသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ထောက်ပံ့ကြီးမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

## ဆောင်ပုဒ်

၁ တွင်း ပြင်ဩဇာ၊ ပစ္စည်းသာ၊ လေးဖြာအဇ္ဈ အကျိုးရ။
၂ ဖဿ,စေတနာ၊ ဝိညာဏ်ပါ၊ သုံးဖြာဟာရ ပစ္စည်းရ။
၃ စိတ္တဇနှင့်၊ ကမ္မပဋိ၊ နာမ်ကုန်ညီ၊ ရ၏ ကျိုးဖလ။
၄ ဆာ, ဝ နှစ်ဖြာ၊ အနိစ္စာ၊ တဖြာပျက်မှ တဖြာရ။
၅ သိလုံး ပျက်ကြေ၊ နာမ်ဟာရေ၊ ရှုလေ အနိစ္စ ပွားများကြ။

အဇ္ဈတ္တဗဟိဒ္ဓဩဇာက ကလာပ်တူ ကလာပ်ပြား စတုဇရုပ်တို့အား အာဟာရသတ္တိဖြင့် ကျေးဇူးပြုကြကုန်၏၊ ဖဿ,စေတနာ,ဝိညာဏ် နာမ်အာဟာရတို့က တကွဖြစ်သည့် စိတ်, စေတသိက်,စိတ္တဇရုပ်,ပဋိသန္ဓေကမ္မဇရုပ်တို့အား အာဟာရသတ္တိဖြင့် ကျေးဇူးပြုကြကုန်၏။

# ဣန္ဒြိယပါဠိအနက်

ဣန္ဒြိယပစ္စယောတိ စက္ခုန္ဒြိယံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော၊ သောတိန္ဒြိယံ သောတဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော၊ ဃာနိန္ဒြိယံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော၊ ဇိဝှိန္ဒြိယံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော၊ ကာယိန္ဒြိယံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော၊ ရူပဇီဝိတိန္ဒြိယံ ကဋတ္တာရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော၊ အရူပိနော ဣန္ဒြိယာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

ဣန္ဒြိယပစ္စယောတိ၊ ဣန္ဒြိယပစ္စည်းဟူသည်ကား။ စက္ခုန္ဒြိယံ၊ ရှေးအဘို့က ဖြစ်နေကြသည့် စက္ခုပသာဒရုပ် အကြည်သည်။ စက္ခုဝိညာဏဓာတုယာ စ၊ မိမိအပေါ်မှာမှီ၍ ဖြစ်ပေါ်လာသည့် စက္ခုဝိညာဏ ဓာတ်အားရင်း။ တံ သမ္ပယုတ္တကာနံ၊ ထိုစက္ခုဝိညာဏဓာတ်နှင့် ယှဉ်၍ ဖြစ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက် တရားတို့အားရင်း။ ဣန္ဒြိယပစ္စယေန၊ အသီးအသီး အစိုးရကြသည့် ဣန္ဒြိယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ စိုးအုပ်ကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ သောတိန္ဒြိယံ၊ ရှေးအဘို့က ဖြစ်နေကြသည့် သောတပသာဒရုပ်အကြည်သည်။သောတဝိညာဏဓာတုယာစ၊ မိမိအပေါ်မှာမှီ၍ ဖြစ်ပေါ်လာသည့် သောတဝိညာဏ ဓာတ်အားရင်း။ တံ သမ္ပယုတ္တကာနံ၊ ထိုသောတဝိညာဏဓာတ်နှင့်ယှဉ်၍ ဖြစ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက် တရားတို့အားရင်း။ဣန္ဒြိယပစ္စယေန၊ အသီးအသီး အစိုးရကြသည့် ဣန္ဒြိယသတ္တိဖြင့်။ပစ္စယော ဥပကာရကော၊ စိုးအုပ်ကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ဃာနိန္ဒြိယံ၊ ရှေးအဘို့က ဖြစ်နေကြသည့် ဃာနပသာဒရုပ် အကြည်သည်။ ဃာနဝိညာဏဓာတုယာ စ၊ မိမိအပေါ်မှာမှီ၍ ဖြစ်ပေါ်လာသည့် ဃာနဝိညာဏ ဓာတ်အားရင်း။ တံသမ္ပယုတ္တကာနံ၊ ထိုဃာနဝိညာဏဓာတ်နှင့် ယှဉ်၍ ဖြစ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက် တရားတို့အားရင်း။ ဣန္ဒြိယပစ္စယေန၊ အသီးအသီး အစိုးရကြသည့် ဣန္ဒြိယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ စိုးအုပ်ကြမှု

ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ဇိဝှိန္ဒြိယံ၊ ရှေးအဘို့က ဖြစ်နေကြသည့် ဇိဝှါပသာဒရုပ် အကြည်သည်။ ဇိဝှါဝိညာဏဓာတုယာ စ၊ မိမိအပေါ်မှာမှီ၍ ဖြစ်ပေါ်လာသည့် ဇိဝှါဝိညာဏ ဓာတ်အားရင်း။ တံသမ္ပယုတ္တကာနံ၊ ထိုဇိဝှါ ဝိညာဏဓာတ်နှင့်ယှဉ်၍ ဖြစ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက် တရားတို့အား ၎င်း။ ဣန္ဒြိယပစ္စယေန၊ အသီးအသီး အစိုးရကြသည့် ဣန္ဒြိယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ စိုးအုပ်ကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ကာယိန္ဒြိယံ၊ ရှေးအဘို့က ဖြစ်နေကြသည့် ကာယပသာဒရုပ် အကြည်သည်။ ကာယဝိညာဏဓာတုယာ စ၊ မိမိအပေါ်မှာမှီ၍ ဖြစ်ပေါ်လာသည့် ကာယ ဝိညာဏ ဓာတ်အားရင်း။ တံသမ္ပယုတ္တကာနံ၊ ထိုကာယဝိညာဏဓာတ်နှင့် ယှဉ်၍ ဖြစ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက် တရားတို့အား၎င်း။ ဣန္ဒြိယ ပစ္စယေန၊ အသီးအသီး အစိုးရကြသည့် ဣန္ဒြိယသတ္တိဖြင့်။ ပစ္စယော ဥပ ကာရကော၊ စိုးအုပ်ကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ရူပဇီဝိတိန္ဒြိယံ၊ ရုပ်ဇီဝိတိန္ဒြေသည်။ ကဋတ္တာရူပါနံ၊ ကဋတ္တာဖြစ်ကြသည့် ကမ္မဇရုပ်တို့အား။ ဣန္ဒြိယပစ္စယေန၊ အသီးအသီး အစိုးရကြသည့် ဣန္ဒြိယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ စိုးအုပ်ကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ အရူပိနော၊ နာမ်ဖြစ်ကုန်သော။ ဣန္ဒြိယာ၊ နာမ်ဇီဝိတ, စိတ်, ဝေဒနာ, သဒ္ဓါ, ဝီရိယ, သတိ, ဧကဂ္ဂတာ, ပညာဟုဆိုအပ်သော ဣန္ဒြေတို့သည်။ သမ္ပယုတ္တကာနံ၊ ယှဉ်၍ ဖြစ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက် တရားတို့အား၎င်း။ တံသမုဋ္ဌာနာနံ၊ ထို ဣန္ဒြေတို့ကြောင့် ဖြစ်ကုန်သော။ ရူပါနဉ္စ၊ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်တို့အား ၎င်း။ဣန္ဒြိယပစ္စယေန၊ အသီးအသီး အစိုးရကြသည့် ဣန္ဒြိယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ စိုးအုပ်ကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

## ဆောင်ပုဒ်

၁ ပြည့်ရွာအပေါင်း၊ ကောင်း, မကောင်း၊ အကြောင်းအစိုးရ ပမာပြ။

၂ နာမ်, ရုပ် အပေါင်း၊ ကောင်း, မကောင်း၊ အကြောင်း ဣန္ဒြိယ ပမေယျ။

၃ ပဉ္စိန္ဒြိယ၊ ထက်သန်က၊ ပဉ္စဝိည ထက်သန်ရ။

၄ ရုပ်ဇီဝိတ၊ ထက်သန်က၊ ကမ္မဇရူပ ထက်သန်ရ။

၅ ဇီဝိတနှင့်၊ စိတ္တဝေဒနာ၊ သဒ္ဓါ, ဝီရိ၊ သတိ,ဧကဂ္ဂတာ၊ မြတ်ပညာ၊ ရှစ်ဖြာ နာမ်က ပစ္စည်းရ။

၆ စိတ္တဇနှင့်၊ ကမ္မပဋိ၊ နာမ်ကုန်ညီ၊ ရ၏ ကျိုးဖလ။

၇ ရုပ်နာမ်မူရာ၊ ဖြစ်, ပျက်လာ၊ ရူပါအနိစ္စ ဣန္ဒြိယ။

(က) စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ ပစ္စုပ္ပန်အကြည်ရုပ် ငါးပါး တို့က ပဉ္စဝိညာဏ်တို့အား ပုရေဇာတိန္ဒြိယ သတ္တိဖြင့် ကျေးဇူးပြု ကုန်၏။

(ခ) ရုပ် ဇီဝိတိန္ဒြေက ကလာပ်တူ ကမ္မဇရုပ် ကိုးစည်းတို့အား ရူပဇီဝိ တိန္ဒြိယသတ္တိဖြင့် ကျေးဇူးပြုကုန်၏။

(ဂ) ဇီဝိတ,စိတ်,ဝေဒနာ,သဒ္ဓါ,ဝီရိယ,သတိ,ဧကဂ္ဂတာ,ပညာ ဤနာမ်ဣန္ဒြေ တို့က တတ္ထဖြစ်သော စိတ်, စေတသိက်, စိတ္တဇရုပ်, ပဋိသန္ဓေ ကမ္မဇ ရုပ်တို့အား သဟဇာတိန္ဒြိယ သတ္တိဖြင့် ထိုက်သည်အားလျော်စွာ ကျေးဇူးပြုကုန်၏။

## ဈာနပစ္စည်းအနက်

ဈာနပစ္စယောတိ ဈာနင်္ဂါနိ ဈာနသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဈာနပစ္စယေန ပစ္စယော။

ဈာနပစ္စယောတိ၊ ဈာနပစ္စည်း ဟူသည်ကား။ ဈာနင်္ဂါနိ၊ ဒွေပဉ္စဝိညာဏ် ၁၀-ကြဉ်သော စိတ် တခုယုတ် ဂ၀-၌ရှိသော ဝိတက်, ဝိစာရ, ပီတိ, ဝေဒနာ, ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ ငါးပါးတို့သည်။ ဈာနသမ္ပယုတ္တကာနံ၊ ဈာန်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စိတ်, စေတသိက် တရားတို့အားရင်း။ တံသမုဋ္ဌာနာနံ၊ ထိုဈာန်ကြောင့် ဖြစ်ကုန်သော။ ရူပါနဉ္စ၊ စိတ္တဇရုပ်, ပဋိသန္ဓေ ကမ္မဇရုပ်တို့အားရင်း။ ဈာနပစ္စယေန၊ ကပ်၍ရှုငြား ဈာနပစ္စည်းတရားဖြင့်။ ပစ္စယော ဥပကာရကော၊ အာရုံအစားစား ထင်ရှားလာအောင် ကျေးဇူး ဆောင်သည်။ ဟောတိ၊ ဖြစ်၏။

## ဆောင်ပုဒ်

၁ ဈာနပစ္စည်း၊ ဈာန်ကြီးကိုရ၊ ဤနှစ်ဝ၊ ခွဲခြား သိကုန်ကြ။
၂ သမာပတ်ဈာန်၊ ရှစ်သန်တို့မှာ၊ မဟဂ္ဂုတ်သာ၊ ရရာ ဈာန ထူးခြားကြ။
၃ ဝိတက်, ဝိစာ၊ ကဂ္ဂတာပီတိ၊ ဝေဒနာထည့်၊ မှတ်သိဈာန ပစ္စည်းရ။
၄ ပဉ္စဝိညာဏ်နှုတ်၊ ကြွင်းနာမ်ရုပ်၊ အဟုတ်ဈာန ကျိုးဖလ။
၅ ပဉ္စဝိညာဏ၊ ပယ်ချရုပ်နာမ်၊ ဖြစ်ပျက်ပြန်၊ ရှုရန်အနိစ္စ ပွားများကြ။

ဒွေပဉ္စဝိညာဏ် ၁၀-ကြဉ်သော စိတ်တခုယုတ် ၈၀-၌ ထိုက်သည့်အား လျော်စွာ ယှဉ်ကြသည့် ဝိတက်, ဝိစာရ, ပီတိ, ဝေဒနာ, ဧကဂ္ဂတာ ဤဈာန် အင်္ဂါ ငါးပါးတို့က မိမိနှင့်ယှဉ်ကြသည့် စိတ်, စေတသိက်နှင့် စိတ္တဇရုပ်, ပဋိ သန္ဓေကမ္မဇရုပ်တို့အား ဈာနသတ္တိဖြင့် ကျေးဇူးပြုကြကုန်၏။

## မဂ္ဂပါဠိအနက်

မဂ္ဂပစ္စယောတိ မဂ္ဂင်္ဂါနိ မဂ္ဂသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ မဂ္ဂပစ္စယေန ပစ္စယော။

မဂ္ဂပစ္စယောတိ၊ မဂ္ဂပစ္စည်းဟူသည်ကား။ မဂ္ဂင်္ဂါနိ၊ သဟိတ်စိတ်၌ရှိသော ပညာ, ဝိတက်, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, ဝီရိယ, သတိ, ဧကဂ္ဂ တာ, မိစ္ဆာဒိဋ္ဌိဟု ဆိုအပ်သော မဂ္ဂင်တရား ကိုးပါးတို့သည်။မဂ္ဂသမ္ပယုတ္တကာနံ၊ မဂ်နှင့်ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စိတ်,စေတသိက် တရားတို့အားရင်း။ တံသမုဋ္ဌာ နာနံ၊ ထိုမဂ္ဂင်ကြောင့် ဖြစ်ကုန်သော။ ရူပါနဉ္စ၊ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇ ရုပ်တို့အားရင်း။ မဂ္ဂပစ္စယေန၊ ထွက်မြောက်ကြောင်းဟု ဆိုအပ်သော မဂ္ဂပစ္စယ သတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ထွက်မြောက်လေအောင် ကျေးဇူးဆောင် သည်။ ဟောတိ၊ ဖြစ်၏။

## ဆောင်ပုဒ်

၁ မဂ္ဂပစ္စည်း၊ မဂ်ကြီးကိုရ၊ ဤနှစ်ဝ၊ ခွဲခြားသိကုန်ကြ။
၂ မဂ်စိတ်လေးထွေ၊ မဂ်အင်္ဂေ၊ ရလေမဂ္ဂ အရိယ။

၃ ဝိတက်,ပညာ၊ ဝါစာ, ကမ္မန္တ၊ အာဇီဝနှင့်၊ ဝီရိယ,သတိ၊ သမာဓိ၊ ဒိဋ္ဌိမဂ္ဂ ကိုးပါးရ။

၄ ရင်းတိုင်၊ သ ဟိတ် ယှဉ်၊ ဖြစ်လျှင်မဂ္ဂ အကြောင်းရ။

၅ စိတ္တဇနှင့်၊ ကမ္မပဋိ၊ သဟိတ်ရှိ၊ ရ၏ကျိုးဖလ။

၆ အဟိတ်ကြဉ်ဖယ်၊ နှစ်သွယ်ရုပ်နာမ်၊ ဖြစ်, ပျက်ပြန်၊ ရှုရန် အနိစ္စ ပွားများကြ။

သဟိတ်စိတ် ကေသတ္တတိဋ္ဌ ထိုက်သည့်အားလျော်စွာ ယှဉ်ကြသည့် ပညာ,ဝိတက်, သမ္မာဝါစာ, သမ္မာကမ္မန္တ,သမ္မာအာဇီဝ, ဝီရိယ,သတိ, ဧကဂ္ဂတာ, မိစ္ဆာဒိဋ္ဌိ ဤမဂ္ဂင်တရား ကိုးပါတို့က မိမိနှင့်ယှဉ်ကြသည့် စိတ် စေတသိက်နှင့် စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့အား မဂ္ဂသတ္တိဖြင့် ကျေးဇူးပြုကုန်၏။

## သမ္ပယုတ္တပါဠိအနက်

သမ္ပယုတ္တပစ္စယောတိ စတ္တာရော ခန္ဓာ အရူပိနော အညမညံ သမ္ပယုတ္တ ပစ္စယေန ပစ္စယော။

သမ္ပယုတ္တပစ္စယောတိ၊ သမ္ပယုတ္တ ပစ္စည်းဟူသည်ကား။ စတ္တာရော၊ လေးပါး ကုန်သော။ အရူပိနော၊ စိတ်, စေတသိက် ရှိသမျှအကုန်လုံး နာမ်ဖြစ်ကြကုန် သော။ ခန္ဓာ၊ အတွဲလိုက်, အတွဲလိုက် ဖြစ်ကြကုန်သည့် ဝေဒနာက္ခန္ဓာ, သညာ က္ခန္ဓာ,သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာတို့သည်။အညမညံ၊ အချင်းချင်း။ သမ္ပယုတ္တ ပစ္စယေန၊ စပ်ယှဉ်ခြင်းဟု ဆိုအပ်သော သမ္ပယုတ္တ သတ္တိဖြင့်။ ပစ္စယော ဥပ ကာရကော၊ ယှဉ်စပ်ကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

## ဆောင်ပုဒ်

၁ ကုသလာကုသလ၊ ဗျာကတစု၊ ဖြစ်ပေါ်မှု၊ လေးခုနာမ ခန္ဓာရ။

၂ ခန္ဓာလေးဝ၊ ဖြစ်သမျှ၊ ရ၏ပစ္စယ သမ္ပယုတ္တ။

၃ ကု, ကု, အဗျာ၊ သမ္ပယုတ္တာ၊ ရှုပါအနိစ္စ ပွားများကြ။

စိတ်တခုယုတ် ၉၀, စေတသိက် ဒွေပညာသ, ဘယ်စိတ်, စေတသိက်မဆို အချင်းချင်း သမ္ပယုတ်ပစ္စည်း ဖြစ်ကုန်၏။

## ဝိပ္ပယုတ္တပါဠိအနက်

ဝိပ္ပယုတ္တပစ္စယောတိ ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော၊ အရူပိနော ဓမ္မာ ရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။

ဝိပ္ပယုတ္တပစ္စယောတိ၊ ဝိပ္ပယုတ္တပစ္စည်း ဟူသည်ကား။ ရူပိနော၊ရုပ်ဖြစ်ကုန်သော။ ဓမ္မာ၊ ဝတ္ထုရုပ် ခြောက်ပါးတို့သည်။ အရူပီနံ၊ နာမ်ဖြစ်ကုန်သော။ ဓမ္မာနံ၊ နောက်နောက်၌ ဖြစ်သော ပဋ္ဌဝေါကာရ ပဝတ္တိနာမက္ခန္ဓာ, တက္ခ ဖြစ်သော ပဋ္ဌဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာတို့အား။ ဝိပ္ပယုတ္တပစ္စယေန၊ မစပ်ယှဉ်ခြင်းဟု ဆိုအပ်သော ဝိပ္ပယုတ္တသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ အကျိုးဖြစ်အောင် ကျေးဇူးဆောင်သည်။ ဟောတိ၊ ဖြစ်၏။ အရူပိနော၊ နာမ်ဖြစ်ကုန်သော။ ဓမ္မာ၊ တက္ခဖြစ်ကြသည့် ပစ္စဝေါကာရ ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ, နောက်နောက်၌ ဖြစ်ကြသည့် ပဋ္ဌဝေါကာရ ပဝတ္တိနာမက္ခန္ဓာတို့ သည်။ ရူပီနံ၊ ရုပ်ဖြစ်ကုန်သော။ ဓမ္မာနံ၊ တက္ခဖြစ်ကြသည့် စိတ္တဇရုပ်, ပဋိသန္ဓေ ကမ္မဇရုပ် ရှေ့စိတ္တက္ခဏ တချက်နှင့်အတူ ဥပါဒ်ပြိုင်သော ကေဇကာယ, ဒွိဇ ကာယ,တိဇကာယ, စတုဇကာယတို့အား။ ဝိပ္ပယုတ္တပစ္စယေန၊ မစပ်ယှဉ်ခြင်းဟု ဆိုအပ်သော ဝိပ္ပယုတ္တသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ အကျိုးဖြစ်အောင် ကျေးဇူးဆောင်သည်။ ဟောတိ၊ ဖြစ်၏။

## ဆောင်ပုဒ်

၁ ရုပ်ကြောင်း နာမ်ကျိုး၊ နာမ်ကြောင်း ရုပ်ကျိုး၊ ထိုနှစ်မျိုး၊ ကြောင်း ကျိုးဝိပ္ပယုတ္တ ပစ္စည်းရ။

၂ သဟ ပုရေ၊ ပစ္ဆာဇေ၊ သုံးထွေ ဝိပ္ပယုတ္တ ပစ္စည်းရ။

၃ ၎င်းသုံးဖြာ၊ အနိစ္စာ၊ ရှုရာနည်းက ရှေးတိုင်းပြ။

၄ ရသာခြောက်ပါး၊ မယှဉ်ငြား၊ မှတ်သား ဝိပ္ပယုတ္တ ပစ္စည်းရ။

(က) ရှေးဝတ္ထုရုပ် ခြောက်ပါးက မှီ၍ဖြစ်သော နောက်ဝိညာဏ် ခုနစ်စား နာမက္ခန္ဓာအား ပုရေဇာတ ဝိပ္ပယုတ္တ သတ္တိဖြင့် ကျေးဇူးပြု၏။

(ခ) နောက်ဝိညာဏ် နာမက္ခန္ဓာ အစားစားက ရှေးစိတ်နှင့်အတူဥပါဒ် သောစတုဇကာယအားပစ္ဆာဇာတဝိပ္ပယုတ္တ သတ္တိဖြင့်ကျေးဇူးပြု၏။

(ဂ) နာမက္ခန္ဓာ လေးပါးက စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇ ရုပ်တို့အားရှင်း ဟဒယဝတ္ထုရုပ်တို့က ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာတို့အားရှင်း သဟဇာတ ဝိပ္ပယုတ္တ သတ္တိဖြင့် ကျေးဇူးပြု၏။

## အတ္ထိပါဋ္ဌိအနက်

အတ္ထိပစ္စယောတိ စတ္တာရော ခန္ဓာ အရူပိနော အညမညံ အတ္ထိပစ္စယေန ပစ္စယော၊ စတ္တာရော မဟာဘူတာ အညမညံ အတ္ထိပစ္စယေန ပစ္စယော၊ ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ အတ္ထိပစ္စယေန ပစ္စယော၊ စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ အတ္ထိပစ္စယေန ပစ္စယော၊ မဟာဘူတာ ဥပါဒါရူပါနံ အတ္ထိပစ္စယေန ပစ္စယော၊ စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော၊ သောတာယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော၊ ဃာနာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော၊ ဇိဝှါယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော၊ ကာယာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော၊ ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော၊ သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော၊ ဂန္ဓာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော၊ ရသာယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော၊ ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော၊ ရူပါယတနံ, သဒ္ဒါယတနံ, ဂန္ဓာယတနံ, ရသာယတနံ, ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော၊ ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ စ မနောဝိညာဏဓာတုယာ စ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

အတ္ထိပစ္စယောတိ၊ အတ္ထိပစ္စည်း ဟူသည်ကား။ စတ္တာရော၊ လေးပါးကုန်သော။ အရူပိနော၊ နာမ်ဖြစ်ကုန်သော။ ခန္ဓာ၊ ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ,

သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာတို့သည်။ အညမညံ၊ အချင်းချင်း။ အတ္ထိပစ္စယေန၊ ထင်ရှားရှိကြ အတ္ထိပစ္စယ သတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ထင်ရှားရှိအောင် ကျေးဇူးဆောင်သည်။ ဟောတိ၊ ဖြစ်၏။

ကြွင်းသော သဟဇာတတ္ထိ ပစ္စည်းသည် သဟဇာတနှင့် တူ၏၊ ပုရေဇာတတ္ထိ ပစ္စည်းသည် ပုရေဇာတပစ္စည်းနှင့် တူ၏။

ထိုမှတပါးသော ပစ္ဆာဇာတတ္ထိ, အာဟာရတ္ထိ, ဣန္ဒြိယတ္ထိ သုံးပစ္စည်းတို့သည် ဤပစ္စယနိဒ္ဒေသ ပါဠိတော်မှာ မပါသော်လည်း ပဋ္ဌာဝါရပါဠိတော်မှာ ပါသောကြောင့် ရှေးကပါသော ၎င်းပါဠိတော် သုံးမျိုးအတိုင်း ထုတ်ဖေါ်၍ (အတ္ထိပစ္စယေန ပစ္စယော)ဟူ၍သာ ပစ္စည်း၌ ပြင်ဆင်၍ ရွတ်ဘတ်သိရှိနိုင်၏။

## နတ္ထိပါဠိအနက်

နတ္ထိပစ္စယောတိ သမနန္တရနိရုဒ္ဓါ စိတ္တစေတသိကာ ဓမ္မာ ပဋုပ္ပန္နာနံ စိတ္တစေတသိကာနံ ဓမ္မာနံ နတ္ထိပစ္စယေန ပစ္စယော။

နတ္ထိပစ္စယောတိ၊ နတ္ထိပစ္စည်း ဟူသည်ကား။ သမနန္တရနိရုဒ္ဓါ၊ မိမိအခြားမဲ့၌ ကောင်းစွာ ချုပ်ကုန်ပြီးသော။ စိတ္တစေတသိကာ၊ စိတ်, စေတသိက် ဖြစ်ကုန်သော။ ဓမ္မာ၊ ရဟန္တာတို့၏ စုတိကြဉ်သော နာမက္ခန္ဓာ တရားတို့သည်။ ပဋုပ္ပန္နာနံ၊ မိမိအတုဖြစ်ကုန်သော။ ဝါ- နောက်ဆက်တဖန် ဖြစ်ကြပြန်ကုန်သော။ စိတ္တစေတသိကာနံ၊ စိတ်, စေတသိက် ဖြစ်ကုန်သော။ ဓမ္မာနံ၊ ရဟန္တာတို့၏ စုတိစိတ်နှင့်တကွ နာမက္ခန္ဓာတို့အား။ နတ္ထိပစ္စယေန၊ မိမိတို့ချုပ်ငြား မရှိသောအားဖြင့်။ ပစ္စယော ဥပကာရကော၊ နောက်နာမ်ဖြစ်အောင် ကျေးဇူးဆောင်သည်။ ဟောတိ၊ ဖြစ်၏။

## ဆောင်ပုဒ်

၁ အလင်းမရှိ၊ မိုက်ရောက်ဘိ၊ ဖြစ်သည့်ပမာ နတ္ထိမှာ။

၂ ချုပ်ပြီး နာမ်ကား၊ အကြောင်းထား၊ ဖြစ်ပွားနောက်မှာ အကျိုးသာ။

၃ ဝိပဿနာမူ၊ နန္တရတူ၊ နည်းယူအားထုတ်ပါ။

ရှေးရှေး နာမက္ခန္ဓာက နောက်နောက်အခြားမဲ့ နာမက္ခန္ဓာအား နတ္ထိပစ္စယ သတ္တိဖြင့် ကျေးဇူးပြု၏။

## ဝိဂတပါဠိအနက်

ဝိဂတပစ္စယောတိ သမနန္တရဝိဂတာ စိတ္တစေတသိကာ ဓမ္မာ ပဋုပ္ပန္နာနံ စိတ္တစေတသိကာနံ ဓမ္မာနံ ဝိဂတပစ္စယေန ပစ္စယော။

ဝိဂတပစ္စယောတိ၊ ဝိဂတပစ္စည်းဟူသည်ကား။ သမနန္တရဝိဂတာ၊ မိမိအခြားမဲ့၌ ကောင်းစွာ ကင်းကုန်ပြီးသော။ စိတ္တစေတသိကာ၊ စိတ်, စေတသိက် ဖြစ်ကုန်သော။ ဓမ္မာ၊ ရဟန္တာတို့၏ စုတိကြဉ်သော နာမက္ခန္ဓာ တရားတို့သည်။ ပဋုပ္ပန္နာနံ၊ မိမိအာတု ဖြစ်ကုန်သော။ ဝါ- နောက်ဆက်တဖန် ဖြစ်ကြပြန်ကုန်သော။ စိတ္တစေတသိကာနံ၊ စိတ်, စေတသိက် ဖြစ်ကုန်သော။ ဓမ္မာနံ၊ ရဟန္တာတို့၏ စုတိစိတ်နှင့်တကွ နာမက္ခန္ဓာတို့အား။ ဝိဂတပစ္စယေန၊ မိမိတို့ချုပ်ငြိမ်းကင်းသောအားဖြင့်။ ပစ္စယော ဥပကာရကော၊ နောက်နာမ် ဖြစ်အောင် ကျေးဇူးဆောင်သည်။ ဟောတိ၊ ဖြစ်၏။

## အဝိဂတပါဠိအနက်

အဝိဂတပစ္စယောတိ စတ္တာရော ခန္ဓာ အရူပိနော အညမညံ အဝိဂတပစ္စယေန ပစ္စယော၊ စတ္တာရော မဟာဘူတာ အညမညံ အဝိဂတပစ္စယေန ပစ္စယော၊ ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ အဝိဂတပစ္စယေန ပစ္စယော၊ စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ အဝိဂတပစ္စယေန ပစ္စယော၊ မဟာဘူတာ ဥပါဒါရူပါနံ အဝိဂတပစ္စယေန ပစ္စယော၊ စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော၊ သောတာယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော၊ ဃာနာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော၊ ဇိဝှါယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော၊ ကာယာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန

ပစ္စယော၊ ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော၊ သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော၊ ဂန္ဓာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော၊ ရသာယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော၊ ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော၊ ရူပါယတနံ, သဒ္ဒါယတနံ, ဂန္ဓာယတနံ, ရသာယတနံ, ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော၊ ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ စ မနောဝိညာဏဓာတုယာ စ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

အဝိဂတပစ္စယောတိ၊ အဝိဂတ ပစ္စည်းဟူသည်ကား။ စတ္တာရော၊ လေးပါးကုန်သော။ အရူပိနော၊ နာမ်ဖြစ်ကုန်သော။ ခန္ဓာ၊ ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာတို့သည်။ အညမညံ၊ အချင်းချင်း။ အဝိဂတပစ္စယေန၊ မကင်းကုန်ကြ အဝိဂတပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ မကင်းကြအောင် ကျေးဇူးဆောင်သည်။ ဟောတိ၊ ဖြစ်၏။

ကြွင်းသဟဇာတ အဝိဂတသည် သဟဇာတနှင့် တူ၏၊ ပုရေဇာတ အဝိဂတသည် ပုရေဇာတနှင့် တူ၏။

ထိုမှတပါးသော ပစ္ဆာဇာတ အဝိဂတ, ရုပ်အာဟာရ အဝိဂတ, ရူပဇီဝိတ အဝိဂတ သုံးပစ္စည်းတို့သည် ဤပစ္စယနိဒ္ဒေသ ပါဠိတော်မှာ မပါသော်လည်း ပဉှာဝါရ ပါဠိတော်မှာ ပါသောကြောင့် ရှေးကပါသော ပါဠိသုံးမျိုးအတိုင်း ထုတ်ဖော်၍ (**အဝိဂတပစ္စယေန ပစ္စယော**) ဟူ၍သာ ပစ္စည်း၌ ပြင်ဆင်၍ ရှတ်ဘာသ်သိရှိနိုင်၏။

အဝိဂတပစ္စည်း ပြီး၏။

မိုးညှင်း ပဋ္ဌာန်းဆောင်ပုဒ် အကျဉ်းချုပ် ပြီး၏။

# ကျမ်းပြီးနိဂုံးနှင့် ဆုတောင်းကြီးများ

ဝေါဟာရဝတာ စ—

(၁) နိဋ္ဌိတာယာနာယာသေန၊ ပဌာနဒေသနက္ကမော။
ဧဝံ ကလျာဏာသက်ပ္ပါ၊ သီဃံ သိဇ္ဈန္တု ပါဏိနံ။

ပဌမ မဟာရ ပဋ္ဌာဝတ္ထဂါထာ

(၂) ပဌာနံ သမသန္တဿ၊ ဆဗ္ဗဏ္ဏာရံသိ နိက္ခန္တံ။
ယထာ အတ္တပရေသာနံ၊ ဉာဏာလောကာ ပဝဓုန္တု။

ဝတ္ထဂါထာ

(၃) ဣမေဝ ဇနာ ဗုဇ္ဈန္တု၊ သန္တာ သမ္မောဓိဘာဂိနော။
ဣဒ္ဓဥညဥ္စ ပုညာဟံ၊ ဇဲဟေယျံ ဣမ ဇာတိယံ။

ပဌမ မဟာရ ပဋ္ဌာဝတ္ထဂါထာ

(၄) ဒေါဝေါ ဝဿတု ကာလေန၊ ရာဇာ ရက္ခတု ဘူမိကံ။
သဗ္ဗေ ပူရေန္တု သက်ပ္ပါ၊ သိဒ္ဓန္တု ဇယမင်္ဂလံ။

ပဋ္ဌာဝတ္ထ ါထာ

(၁) စ - နိဂုံးကမ္ပတ် အဆုံးသတ်ဦးအံ့။ ဝေါဟာဝတာ-ဝေါဟာဝန္တေန ဝစနက္ကမေန၊ ဤမျှအတိုင်းအရှည်ရှိသော သဒ္ဒါအစဉ် အနက်အစဉ်ဖြင့်။ မယာ၊ ငါသည်။ ရစိတော၊ စီရင်အပ်သော။ အယံ ပဌာနဒေသနက္ကမော၊ ဤပဌာန်းပေါင်းချုပ် ဝိပဿနာအလုပ်ပေး ကျင့်စဉ်ကျမ်းသည်။ အနာယာသေန၊ မငြိုမငြင် မပင်မပန်းသဖြင့်။ နိဋ္ဌိတော ယထာ၊ ၁၃၂၇-ခု သီတင်းကျွတ်လပြည့် တနင်္ဂနွေနေ့၌ ပြီးဆုံးသကဲ့သို့။ ဧဝံ၊ ဤအတူ။ ပါဏိနံ၊ သတ္တဝါတို့၏။ ကလျာဏာသက်ပ္ပါ၊ ကောင်းသော အကြံအစည်တို့သည်။ သီဃံ၊ လျင်မြန်စွာ။ သိဇ္ဈန္တု၊ ပြီးပြည့်စုံကြပါစေကုန်သတည်း။

(၂) ပဌာနံ၊ ပဌာန်းကျမ်းကို။ သမသန္တဿ၊ သုံးသပ်တော်မူသော။ တထာဂတဿ၊ ရှေးဘုရားတို့ကဲ့သို့လာခြင်းကောင်းတော်မူသော မြတ်စွာဘုရား

အား။ ဆဗ္ဗဏ္ဏရံသိနိက္ခန္တံ၊ ခြောက်ပါးသော ရောင်ခြည်တော်တို့၏ ထွက်တော်မူခြင်းသည်။ ဟောတိ ယထာ၊ ဖြစ်တော်မူသကဲ့သို့။ ဧဝံ၊ ဤအတူ။ အတ္တပရေသာနံ မိမိသူတပါး နှစ်မျိုးနှစ်စားသော ပုဂ္ဂိုလ်တို့အား။ ဉာဏာလောကာ၊ ဉာဏ်တည်းဟူသော အရောင်အလင်းတို့သည်။ ပဝဍ္ဎန္တု၊ တနေ့တခြား တိုးပွားကြပါစေကုန်သတည်း။

(၃) ဣမိနာ ပုညေန၊ ကျမ်းသစ်ပြုစု ဤကောင်းမှုကြောင့်ရင်း။ အညေန ပုညေန၊ ဤကုသိုလ်မှတပါး အခြားသော ကုသိုလ်ကြောင့်ရင်း။ သန္တာ၊ သဒ္ဓါလူလူ စိတ်ကြည်ဖြူ၍ သူတော်ကောင်းအစစ် အမှန်ဖြစ်ကြကုန်သော။ ဇနာ၊ လူရှင်အပေါင်း သူတော်ကောင်းတို့သည်။ ဣဓေဝ၊ ရှင်ချစ်ဂေါတမ ဘုရားရိုက်ရာ ဤသာသနာ၌ပင်လျှင်။ သမ္ဗောဓိဘာဂိနော၊ သမ္မာဒိဋ္ဌိ အမှန်သိဘို့ကုသိုလ်တို့နှင့် မချိုကုန်ငြ ပြည့်စုံကြကုန်သည်ဖြစ်၍။ ဗုဇ္ဈန္တု၊ ဘုံစဉ်စံညောင်း မောဓိနှောင်းနှင့် အကြောင်းသင့်၍ ပွင့်တော်မူကြပါစေကုန်သတည်း။ အဟံ စ၊ ငါသည်လည်း။ ဣဒ္ဓ ပုညံ၊ ပဋ္ဌာန်းပေါင်းချုပ် ဝိပဿနာအလုပ်ပေး ကျင့်စဉ်ကျမ်းကို ရေးသားပြုရ ဤကုသလကိုရင်း။ အညဉ္စ ပုညံ၊ ပဋ္ဌာန်းပေါင်းချုပ် ဝိပဿနာအလုပ်ပေး ကျင့်စဉ်ကျမ်းကို ရေးသားပြုရ ကုသလမှ တပါးသော ကုသိုလ်ကိုရင်း။ ဣခ ဇာတိယံ ဧဝ၊ ဤပစ္စုပ္ပန်ဘဝ၌ ပင်လျှင်။ ဇဟေယျံ၊ စွန့်ရပါလို၏။

(၄) ဒေဝေါ၊ မိုဃ်းသည်။ ကာလေန၊ သင့်လျော်လျောက်ပတ် ကောင်းမြတ်သော အခါကာလ၌။ ဝဿတု၊ ရွာပါစေသတည်း။ ရာဇာ၊ နိုင်ငံစိုးအုပ်မင်းလုပ်သူသည်။ ဘူမိကံ၊ မြေ၌တည်ငြား သတ္တဝါအများကို။ ရက္ခတု၊ ရင်ဝယ်မွေးဖွား သားအလားသို့ စောင့်ငြားပါစေသတည်း။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သက်ပ္ပါ၊ ကောင်းသော အကြံအစည်တို့သည်။ ပူရေန္တု၊ ပြည့်စုံကြပါစေကုန်သတည်း။ ဇယမင်္ဂလာ၊ အောင်ဆုချမ်းသာ အောင်မင်္ဂလာတို့သည်။ သိဒ္ဓန္တု၊ ပြည့်စုံကြပါစေကုန်သတည်း။

**ပဋ္ဌာန်းပေါင်းချုပ် ဝိပဿနာအလုပ်ပေး**
**ကျင့်စဉ်ကျမ်းကြီး ပြီးပြီ။**

109. 30. [illegible]